ဗုဒ္ဓဘာသာဝင်အများစု၏

အသိဉာဏ်ကိုအဖြေပေးမည့်

ဝါဒန္တရ-ရှင်းတန်း

ခေါ်

# ဓမ္မမဏ္ဍိုင်

ပထမတွဲ

ချောင်းဦးဆရာတော်များ

ရေးသားပြုစုကြသည်။

၁၀၃၅၉

# မုဒ္ဒဘာသာဝင်အများစု၏

အသိဥာဏ်ကိုအပြေပေးမည့်

# ဝါဒဘွဲ့ရရှင်းတမ်း

ခေါ်

# မမ္မမလ္လို ၊ င်

ပထမတွဲ

ချောင်းဦးဆရာတော်များ

ရေးသားပြုစုကြသည်။

ထုတ်ဝေသူ

ဦးပဏ္ဍိတ၊ ကင်းလွတ်ခွင့်အမှတ် ၀၁၅၁၉၊
အလယ်တောရ၊ ဘောင်ဒရီလမ်း၊ ရန်ကုန်မြို့။
ဘာသာရေးဆိုင်ရာ ထုတ်ဝေခွင့်အမှတ်၊ ၄၀၂၁
ဒုတိယအကြိမ် စာအုပ်ရေ ၃၀၀၀ ရိုက်နှိပ်သည်။
၁၉၇၁-ခု၊ ဇွန်လ-၂၅ ရက်၊ ၁၃၃၃-ခု၊ ဝါဆိုလဆန်း ၃ ရက်၊
မူပိုင် သာသနာပြု ဓမ္မကထိကအဖွဲ့ ချောင်းဦးမြို့။

ပုံနှိပ်သူ

ဦးခစာလွင် (မြဲ-၀၁၅၇၄)
ဗမာအမျိုးသမီးပုံနှိပ်တိုက်၊
အမှတ် ၉၉၊ မန္တလေးလမ်း၊ ရန်ကုန်မြို့။

# တည်းဖြတ်သည့် ဆရာတော်များ

၁။ မဟာမေဃဝန် ဆရာတော်၊ (သံဃ မဟာနာယက)၊ ချောင်းဦးမြို့။

၂။ သီရိမင်္ဂလာ ဆည်ကြီးဆရာတော်၊ ချောင်းဦးမြို့။

၃။ ရွာသင်ဆရာတော်၊ (နိုင်ငံတော်ဝိနည်းဓိုရ်၊) ချောင်းဦးမြို့။

၄။ မဟာဓမ္မာရုံ နာယကဆရာတော်၊ ချောင်းဦးမြို့။

၅။ တိုက်အုပ် ဆရာတော်၊ မဟာဓမ္မာရုံ ပါဠိတက္ကသိုလ်၊ ချောင်းဦးမြို့။

၆။ ကမ္မဋ္ဌာနာစရိယ ဆရာတော်၊ (သာသနဓဇ သီရိပဝရ ဓမ္မာစရိယ) မဂ္ဂဖလ ဓမ္မရိပ်သာ၊ ချောင်းဦးမြို့။

# နိဒါန်း

ထိုထိုဗုဒ္ဓပါဝစန ပါဠိ ပဒေသတို့၌ မဟာပဒေသ လေးပါး ဟူ၍ရှိရာ ပဌမ ဗုဒ္ဓမဟာပဒေသတွင် ရှင်တော်ဘုရားဟောကြား မြွက်ဖော်ကြီးအမိန့်တော်ရှိခဲ့သည်ကား ဝါဒတခု (ဝါ) ဓမ္မဒေသနာ ဓမ္မက္ခန္ဓာတခု ရှင်တော်ဘုရား ဟောကြားတော်မူပုံကို ဤ ကဲ့သို့ ဖြစ်ကြောင်း ဓမ္မပဋိဂ္ဂါဟက သုတ္တန္တဖြစ်သော ရဟန်း တပါးက သူကိုယ်တိုင် ဗုဒ္ဓအထံတော်မှာ ကြားနာခဲ့ရသော အဖြစ်ကို တင်ပြလာရင် သူပြောတိုင်းလဲ ယုံကြည်မှုမထားသေး ဘဲ ငါဘုရားရှင်၏ စာပေဖြစ်တဲ့ သုတ်ဝိနည်း အဘိဓမ္မာတို့နှင့် တိုက်ဆိုင်ညှိနှိုင်းကြည့်ပါ၊ မှန်ကန်ရင်တော့ လက်ခံပါ၊ မှန်ကန် မှုမရှိရင်တော့ လက်မခံဘဲ တော်လှန်စွန့်ပစ်ဘို့ အမိန့်တော်ရှိခဲ့ ပါတယ်။

ဒီနေရာမှာ စဉ်းစားစရာ တခုကတော့ ဘုရားဟောမှုကို သူ ကိုယ်တိုင်ကြားနာခဲ့ရပါသည်ဟု တင်ပြခြင်းကိုတောင်ယုံကြည်မှု မထားသေးဘဲ သုတ်စသည်တို့ဖြင့် တိုက်ဆိုင်ညှိနှိုင်းကြည့်၍ မှန် ကန်မှ လက်ခံပါဟု မှာကြားတော်မူခဲ့ခြင်းဟာ ရှင်တော်ဘုရား သည် အမှားကို ဟောကြားမိမည်ကို စိုးရိမ်းမကင်း ရှိသော ကြောင့် မှာကြားခြင်းလား။ ဒီလိုမဟုတ်ပါ၊ နာယူကြသူပုဂ္ဂိုလ် များဟာ ဘုရားရှင် ဟောတော်မူသည့်အတိုင်း မှတ်မှတ် သား သားနာယူမိကြသော ပုဂ္ဂိုလ်အမျိုးအစားလဲရှိမယ်။ ဟောကြား တော်မူတဲ့အတိုင်း မှတ်မှတ်သားသား နာယူခြင်းမရှိဘဲ။ မိမိတို့၏ အတွေးအခေါ် အယူအဆများကို ဒါဟာ ဘုရားဟောပါဟုတင်

ပြတဲ့ပုဂ္ဂိုလ်အမျိုးအစားများလဲရှိမယ်။ သို့အတွက် သုတ်ဝိနည်း စသည်တို့ဖြင့် ညှိနှိုင်း၍ မှန်ကန်မှသာ လက်ခံကျင့်သုံးဘို့ အမိန့်တော်ရှိခဲ့ခြင်းပါ။

မိမိတို့၏ အတွေးအခေါ် အယူအဆများကို ဘုရားဟောပါဟု ဝါဒတခု တည်ထွင်ပြီး ပြည်ခွင်မှာ ဟောကြား ပြသနေကြခြင်းကား ရှေးအခါကလဲ ရှိခဲ့ပြီ၊ ယခု မျက်မှောက်ခေတ်မှာလဲ ရှိဆဲ၊ နောင်လဲ ရှိဦးမည်သာ၊ ရှေးအခါကရှိခဲ့ပုံတခုကို ဥပရိပဏ္ဏာသသာမဂါမသုတ် အဋ္ဌကထာစကားဖြင့် ပမာထား၍ ကြည့်ကြပါစို့။ ကာယဂတာ သတိကမ္မဋ္ဌာန်းကို ပွားများအားထုတ်ရင် အမြိုက်နိဗ္ဗာန်ကို ခံစားရလိမ့်မည်ဟု ရှင်တော်ဘုရားဟာ ဟောကြားတော်မူခဲ့ပါတယ်။ အားထုတ်ပုံ အားထုတ်နည်းများဟာလဲ ထိုထိုပါဠိအဋ္ဌကထာစသည်တို့မှာ အပြည့်အစုံ ရှိလျက်ပါဘဲ၊ သို့ပါဠိအဋ္ဌကထာရှိသည့်အတိုင်း ယူဆအားထုတ်မည် ဆိုရင်လဲ မမှန်ကန်သော ဝါဒဟု ပေါ်လာနိုင်စရာမရှိဘူး ဆိုကြပါစို့။ အခုတော့ ဒီလိုမဟုတ်တော့ဘဲ မထေရ်ကြီးတပါးဟာ ကာယဂတာသတိ ပွားများနည်းကို အဆန်းထွင်လိုက်ပုံကတော့ "စိတ္တေနေဝ မဟာစာဋိံ ဝဋ္ဋပေတွာ" အိုးစရည်းကြီးတခု စိတ်ဖြင့်ဖန်ဆင်းပေးပြုပေး လုပ်ပေး၍၊ စိတ္တေနေဝ အတ္တနော ဒွတ္တိံသာကာရံ ဥဂ္ဂါဋ္ဌေတွာ" ကေသာလောမာစတဲ့ (ဝါ)ဆံပင်မွေးညှင်းစတဲ့ သုံးဆဲ့နှစ်ကောဋ္ဌာသများကို စိတ်ဖြင့်ပင်ခွာ၍ "တတ္ထပက္ခိပိတွာပတ္ထုံ သြတာရေတွာ မန္ထိတဗ္ဗံ" ၎င်းစိတ်က လုပ်ပေးထားတဲ့ အိုးစရည်းကြီးထဲစိတ်ဖြင့်ထည့်၍ရက်တက်ရေဖြင့်လောင်းပြီးစိတ်ဖြင့်မွှေပေးပါ "မထိယမာနံ ဝိလီယတိ ဝိလီနေ ဥပရိ ဖေဏော ဥဂ္ဂစ္ဆတိ"

ယင်းကောင္ဌာသတော့ ကြေမွ၍ အမြုပ်တော့ထလာသည်ဟု စိတ်က ပြုပေးလုပ်ပေးပါ။ "သောဖေကော ပရိဘုဥ္စိတဗ္ဗော" ၎င်းထလာတဲ့အမြုပ်တော့ကိုမှ စိတ်နဲ့ စားသုံးပါ "တ္တောဝတာ ဝေါအမတံပရိဘုတ္တံနာမ" ယင်းစိတ်ကပြုလုပ်ပေးတဲ့အမြုပ်တော့ကို စိတ်နဲ့ စားသုံးရမှုဟာ အမြိုက်နိဗ္ဗာန်ကြီးကို စားသောက် သုံးဆောင်ခြင်းဘဲဟု ယူဆစွဲလမ်းထားသည်။ ယူစွဲထားသည့်အတိုင်း အဲဒီအတတ်ပညာကို သင်ထား အလေ့အကျက်လုပ်ပေးထားသည်။ အဲဒီအတိုင်းဘဲ ကျင့်လဲကျင့်သည်။

ထိုသည့်အချိန်အခါ ကြည်ညိုကြသူ ရှင်လူအများကလဲ ဒီအကျင့်ဖြင့် ဒို့ရဲ့ဆရာမဟထေရ်ကြီးဟာ ရဟန္တာပုဂ္ဂိုလ်ကြီး ဖြစ်နေပြီဟု လေးစားကြ အားထားကြ သက်ဝင်ယုံကြည်ကြ ကိုးကွယ်ဆည်းကပ်ကြတယ်၊ တနေ့သောအခါ ရဟန်းတော်များဟာ ဒီမထေရ်ကြီးကို ဖူးမြင်ရန် လာကြပြီးလျှင်။ မထေရ်ကြီးကိုမမြင်သည့် အတွက် မေးမြန်းကြသောအခါ အဖြေပေးကြပုံများကတော့မထေရ်ကြီးဟာ ပရိနိဗ္ဗာန်စံယူသွားတဲ့အကြောင်းလျှောက်ထားကြပါတယ်။ ကြားသိကြရသော ရဟန်းတော်များကလဲဝမ်းသာအားရနဲ့ မည်သို့ကျင့်၍ ရဟန္တာဖြစ်ပုံကို သိလိုကြသည့်အတွက် ၎င်းမထေရ်ကြီး၏ အကျင့်လမ်းစဥ် ရဟန်းတော်များကိုဆက်လက်မေးမြန်းကြရာ (အောက်နားကပြခဲ့တဲ့ အိုးစရည်းကြီးတခုကို စိတ်ဖြင့် ဖန်ဆင်းပြုလုပ်ပြီးစတဲ့) အကျင့်များကို အဆုံးတိုင် ပြောကြား လျှောက်ထားကြပါတယ်။ ကြားနာကြရတဲ့ရဟန်းတော်များကလဲ စိတ်မချမ်းမသာ ဖြစ်ကြပြီး ပြန်လည်ပြောဆိုမိန့်ကြားကြပုံများကတော့....

# နိဒါန်း

"ဧဝံ ဝါဒီနံ သတံ ဝါ ဟောတု သဟဿံ ဝါ၊
ယာဝ တံလဒ္ဓိံ နပ္ပဇဟန္တိ သဂ္ဂေါပိ မဂ္ဂေါပိ
ဝါရိတောယေဝ။"

ဒီလိုအမှားဖြစ်တဲ့ အယူကို ယူဆကျင့်သူများဟာ တရာဖြစ်စေ၊ တထောင်ဖြစ်စေ၊ ပရိနိဗ္ဗာန်ပြုဘို့ ဝေးစွ၊ ဒီအယူ အကျင့် မပယ်စွန့်သမျှ နတ်ရွာသုဂတိတောင် ရောက်ဘို့လားဘို့မဖြစ်နိုင်တဲ့ အကြောင်း မိန့်ကြားတော်မူကြပါသည်။

ဤကဲ့သို့ ရဟန်းတော်များက ပြောဆို မိန့်ကြား ဆုံးဖြတ်တော်မူကြခြင်းဟာလဲ ဒီမထေရ်ကြီး၏ အကျင့်ဟာဘုရားဟောမူ အတိုင်း မဟုတ်ပါဘဲ မိမိသဘောအတိုင်း တွေးခေါ် ယူဆထားသော ပုဂ္ဂိုလ်ဖြစ်ခြင်းကြောင့် ယခုကဲ့သို့ ဆုံးဖြတ်ရန်မှ တပါးတခြား တစုံတခုသော အကြောင်းမရှိတော့ပါ။ ဒီမထေရ်ကြီးရဲ့ ပုံစံဟာဖြင့် သတင်းကြီးမှုနှင့် အထင်ဟာ အထင်မျှသာဖြစ်တယ် အကျင့်လမ်းစဉ် မမှန်ကန်ရင်တော့ အခြားသူများ ထင်ကြသလို မဖြစ်နိုင်တဲ့အကြောင်း သိကောင်းစရာ မှတ်သားစရာသင်ခန်းစာကလေးတခုပါဘဲ။

ဤကဲ့သို့ ရှေးမထေရ်ကြီးတပါး၏ အယူအဆ မှားများကို ရှေးကတာဝန်ရှိ သာသနာ့ဝန်ဆောင် ရဟန်းတော် များဟာ မပယ်ဖျက်ခြင်း အမှုပြု၍ ဆောင်ရွက်တော်မူခဲ့ကြလေပြီ။

(သြော်) သာသနာ့သားကောင်းရတနာ သာသနာ့အာဇာနည်မဟာထေရ်မြတ်ကြီးတွေပါတကားဟု ချီးကျူးဂုဏ်ပြုကြရပေမည်။

ယင်းသည့်နည်းတူ ယခုမျက်မှောက်ခေတ်မှာလဲ "အတ္ထိ ဘိက္ခဝေ အဇာတံ" စတဲ့ပါဠိတော် "ဝိသင်္ခါရဂတံ စိတ္တံ" စသော ဒေသနာတော် များစွာတို့ကို ဘုရားရှင်၏ အလိုတော်အတိုင်း မယူဆ၊ အဋ္ဌကထာ ဋီကာများနှင့်လဲ မညှိနှိုင်းကြတော့ဘဲမိမိတို့သဘောအတိုင်း လွတ်လွတ်လပ်လပ် တွေးခေါ် ယူဆပြီး ဒီအယူအဆများဟာ ဘုရားဟောနှင့် ကိုက်ညီတဲ့အကြောင်း တင်ပြနေကြလေပြီ၊ ဗုဒ္ဓဘာသာဝင် အများစုများဟာလဲ ပဉ္စမ ဗုဒ္ဓမဟာပဒေသတွင် ဘုရားဟောပါဟု ပြောရုံမျှနှင့် ယုံကြည်လက်ခံမှု မထားဘဲ သုတ်ဝိနည်းစသည်တို့ဖြင့် တိုက်ဆိုင် ညှိနှိုင်း ကြည့်ပြီး ဟုတ်မှန်မှ လက်ခံပါဟု ရှင်တော်ဘုရား မှာကြားသွားခဲ့သော်လဲ မိမိတို့မှာ ဗုဒ္ဓ၏စာပေခေါ် သဘာဝရေးရာ ဓမ္မရေးရာ (ဝါ) ဗုဒ္ဓသိပ္ပံပညာရပ်များကို သင်ယူဆည်းပူးမှု၊ ကျွမ်းကျင်လိမ္မာမှု၊ မရှိကြသည့်အတွက် တိုက်ဆိုင်မကြည့်နိုင်တော့ဘဲ၊ သူတကာပြောတိုင်းယုံရသောဘဝသို့ ကျရောက်သွားကြတဲ့သူများလဲ အတော်များ နေပေပြီ၊ လေ့လာ၍ ရသလောက် တင်ပြရလျှင် အချို့လဲ ဘုရားဟောနှင့် ညီညွတ် မှန်ကန်သည်ဟု အထင်ရှိ၍ ယူဆကြသည်။ အချို့ကြတော့လဲ လူမှုရေး စီးပွားရေး စသည်တို့ဖြင့် မကင်းကွာနိုင်ကြသည့်အတွက် အားနာပြီး ၎င်းတို့နောက်မှလိုက်၍ အကြိုက်ပြော အလိုက်ရောနေကြရသည်။ ဒီလိုဖြစ်ရသော အချက်များကို မျက်ဝါးထင်ထင်တွေ့သိမြင်ရသောအခါ ဒီလိုအယူအဆများဟာဖြင့် ဗုဒ္ဓ၏စာပေ အယူအဆများနှင့် ကိုက်မကိုက် ညှိနှိုင်းကြည့်ရန် စာပေကို မကျွမ်းကျင်လို့ အယူမှားတဲ့ ဘေးဒုက္ခရောက်နေကြသောပုဂ္ဂိုလ်များအတွက် စာပေကိုကျွမ်းကျင်

လိမ္မာတော်မူကြတဲ့ ဘုရားရှင်၏ သားတော်များ ဖြစ်ကြသော တာဝန်ရှိ သာသနာ့ဝန်ဆောင် ရဟန်းများဟာ လက်ပိုက်ကြည့် နေလို့ မဖြစ်တော့သော အခြေအနေများသို့ ရောက်ရှိလာပါ သဖြင့် ချောင်းဦးမြို့ မြို့လုံးကျွတ် မဟာဓမ္မကထိက အဖွဲ့ကြီး ဖွဲ့စည်းပြီး ပါဠိအဋ္ဌကထာ ဋီကာ ဂန္ထန္တရအဝဝများနှင့်ညှိနှိုင်း ၍ အမှားအမှန်များကို စီစစ်ညှိနှိုင်းဝေဘန် ဟောပြောပြသရာ။

ထိုထိုရောက်ရာ ဒေသနယ်ပယ် မြို့ရွာ ခရိုင်များမှ တရားနာ ကြရသူ ရှင်လူအများဟာ နာကြားရလောက်မှုတွင် အားရတင်း တိမ်မှု မရကြတော့ဘဲ“ အရှင်ဘုရားတို့၊ အရှင်ဘုရားတို့ ဟော ပြောတော်မူကြတဲ့ တရားတော်များမှတစိတ်တဒေသများကို စာ အုပ်အဖြစ်သို့ ရောက်အောင် ပို့ဆောင်တော်မူကြ၍၊ ပေးသနား တော်မူကြပါရန်” အကြိမ်ကြိမ် အဖန်ဖန် အတန်တန် လျှောက် ထား တောင်းပန်ချက်များအရ ဤသည့် ကပ္ပါလောကကြီး၏ ကပ္ပါဦးပိုင်းက လူသားစုံအံများတွေ့ဟာ နေလ နက္ခတ် တာရာ တို့မပေါ်မထွက်သေးမီ အမိုက်မှောင်ထုကြီး၏အတွင်း အလင်း ရောင်ကိုမရကြဘဲရှိကြရာ“ဩဘာင်္ဂါတို့မှာ ယခုအချိန် အမိုက် မှောင်ဖုံးခွင်း၍ အလင်းရောင်ပေးစွမ်းနိုင်သော အရာဝတ္ထု တခု ကိုရပေမူ ကောင်းပါပေစွ ကောင်းလေစွ”ဟု မြွော်လင့်တမ်းတ နေချိန်တွင် အရှေ့လောကဓာတ်မှ ရောင်ခြည်တထောင်အံလင်း ဆောင်သည့် ဘာဏုမရာဇာ နေဖက်ဝန်းကြီးသည် ဥဒည်တောင် စွန်းမှ ပေါ်ထွန်းထွက်ပေါ်လာသည့်အခါ အမှောင်ခွင်း၍ အ လင်းပေးမှုအတွက် ကမ္ဘာ့လူသား အများထုကြီးသည် ကျောက် ရွံ့သောစိတ်ဓာတ်များပျောက်ကင်းပြီး ရဲတင်းသောစိတ်ဓာတ်

အပြည့်အဝ ရရှိမှုအတွက်"သူရိယဟု"အမည်နာမ မှည့်ခေါ်ကြ သည့်ပမာ၊ မိစ္ဆာရောင် အမှောင်သန်းလာကာစဖြစ်သော ယခု အခါတွင် အများစုကြီးသည် မိစ္ဆာရောင် အမှောင်လွှမ်းသွား မည်ကို စိုးရိမ်ကြောင့်ကျ ဗျာပါဒများနေကြသော အချိန်တွင်း မှာ မိစ္ဆာရောင် အမှောင်ကို ဖြိုခွင်း၍ သမ္မာရောင် အလင်းကို ပေးစွမ်းမည့် ဗုဒ္ဓဝါဒလမ်းစဉ်များကို မယိုင်မလဲ ခိုင်မြဲစွာ ရပ် တည်နိုင်မည့် ဓမ္မမဏ္ဍိုင် ကြံ့ခိုင်မြဲစွာဤကျမ်းစာသည် ပေါ် ထွက်ရောက်လာ ယခုအခါ၌ ဘာတ်ရှုရသူ အများပြည်သူတို့သည် မိစ္ဆာရောင် အမှောင်ပျောက်၍ သမ္မာရောင် အလင်းဆောင်စေ မည်ဖြစ်သောကြောင့် ရဲတင်းသော စိတ်ဓာတ် အသိဉာဏ်ဖြင့် တိမှန်စွာ ယူဆနိုင်မည်ဖြစ်ကြောင်း နိဒါန်းစကား၊ ပျိုးလိုက်ရ ပေသတည်း။

**မဟာဓမ္မကထိကအဖွဲ့ဝင်**

ဓမ္မာစရိယတဦး

ချောင်းဦးမြို့။

၃၂-ခု၊ နတ်တော်-ဆန်း-၅-ရက်။

# မာတိကာ

## အပိုင်း (၁) ဝေဘန်ခဏ်း


| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း .... .... .... .... | ၅ |
| ၂ | ပဏာမဒါဒိ .... .... .... .... | ၁၇ |
| ၃ | ဓမ္မမိတ်ဆွေအား တိုက်တွန်းခဏ်း .... .... | ၁၉ |
| ၄ | ဝေဘန်းခဏ်း(၁)အာရုံနှင့်စိတ်အကြောင်း .... | ၃၁ |
| ၅ | ဝေဘန်းခဏ်း(၂)ပကတိစိတ်အကြောင်း .... | ၃၈ |
| ၆ | ဝေဘန်းခဏ်း(၃) လုပ်သမျှတိုင်းဒုက္ခမဖြစ်ပုံ.... | ၄၇ |
| ၇ | ဝေဘန်းခဏ်း(၄)ရှုမှတ်အပ်သောသစ္စာနှင့် .... မရှုမှတ်အပ်သော သစ္စာအကြောင်း .... | ၅၀ |
| ၈ | ဝေဘန်းခဏ်း(၅)အနုသယကိလေသာရှိနေပုံ.... | ၆၀ |
| | အနိုတ္တိဂန္ဓမင်းသား၀တ္ထု .... | ၆၅ |
| ၉ | ဝေဘန်ခဏ်း(၆) မချုပ်သောစိတ်မရှိပုံ .... | ၇၇ |
| ၁၀ | ဝေဘန်ခဏ်း(၇)လောကီအာရုံနှင့်စိတ်နဲ့ .... မထိဘဲ နေလို့ရပါသလား .... .... | ၈၇ |
| ၁၁ | ဝေဘန်ခဏ်း(၈)ရုပ်တရားများ ရှုမှတ်သဖြင့်.... နိဗ္ဗာန်ရနိုင်ပုံ .... .... .... | ၉၀ |
| ၁၂ | ဝေဘန်ခဏ်း(၉)အလိုတိုင်းသမုဒယမဟုတ်ပုံ.... | ၉၉ |
| ၁၃ | ဝေဘန်ခဏ်း(၁၀)အတိုင်းတိုင်းထား ဆရာတို့.... ရှေ့တမျိုးနောက်တမျိုး ဖြစ်နေပုံများ .... | ၁၀၆ |
| ၁၄ | ဆရာစစ်ဆရာမှန် .... .... ... | ၁၁၃ |

| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅ | တမဂ်တဖိုလ်ရအောင် လုပ်မည့်လမ်းစဉ် | ....၁၁၈ |
| ၁၆ | သင်္ဂဇာဆရာတော်၏ ပမာစကားဖြင့် မှတ်ထားချက် .... .... | ....၁၃၆ |
| | မာတိကာ အပိုင်း (၂) | |
| ၁ | သာသနာသုံးရပ် .... .... | ....၁၄၀ |
| ၂ | သီလလုံခြုံ ဝိဇ္ဇာဂုဏ် .... .... | ....၁၄၂ |
| ၃ | သမာဓိခြံရံ ဆဋ္ဌာဘိညံ .... | ....၁၄၃ |
| ၄ | ပညာကျိုးမှာ ပဋိသမ္ဘိဒါ .... | ....၁၄၅ |
| ၅ | မှတ်ချက် .... .... .... | ...၁၄၆ |
| ၆ | မျက်မှောက်ခေတ်ကြီး .... .... | ....၁၄၆ |
| ၇ | သာသနာ၏ရည်ညွှန်းချက် .... | ....၁၄၇ |
| ၈ | ကိုယ်သိဒါကို အမှန်ထင်ကြ .... | ....၁၄၇ |
| ၉ | အမှန်ကတော့ .... .... | ....၁၄၈ |
| ၁၀ | အကြောင်းမသိရင် .... .... | ....၁၄၉ |
| ၁၁ | အကြောင်းမှန်တွေ့ပါစေ .... | ....၁၄၉ |
| ၁၂ | ချမ်းသာမှုအမှန်ကား အဘယ်နည်း | ....၁၅၀ |
| ၁၃ | နိဗ္ဗာန်ရောက်ကြောင်း လမ်းကြောင်းကြီး | ....၁၅၅ |
| ၁၄ | အင်္ဂုတ္တိုရ်ကျမ်းလာတယော-ဓမ္မသုတ္တန် | ..၁၅၉ |
| ၁၅ | မဂ်ပေါက်ဖိုလ်ဝင်မှ ... .... | ....၁၆၂ |
| ၁၆ | ဝေဘန်ပါ .... .... | ....၁၆၃ |
| ၁၇ | ဆက်ဝေဘန်ပါ .... .... | ....၁၆၄ |
| ၁၈ | တနည်းလှည့်ကြည့်ပါဦး.... .... | ....၁၆၇ |

| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉ | မဂ္ဂင်အကျင့်ဒုက္ခနိရောဓဂါမိနီပဋိပဒါ | ....၁၆၉ |
| ၂၀ | အယူမမှား အပြုမမှားတဲ့ .... | ....၁၇၀ |
| ၂၁ | ဓမ္မစကြာ မှားသလား .... .... | ....၁၇၂ |
| ၂၂ | သစ္စာဉာဏ်နှစ်မျိုး .... .... | ....၁၇၃ |
| ၂၃ | စတုသစ္စကမ္မဋ္ဌာန်း .... .... | ....၁၇၅ |
| ၂၄ | ဒုက္ခသစ္စာသိဘို့အရေးကြီး၏ .... | ....၁၇၈ |
| ၂၅ | ဥပါဒါနက္ခန္ဓာနှင့် အနုပါဒါနက္ခန္ဓာအခွဲ | ....၁၇၉ |
| ၂၆ | တရားဆွေးနွေးခဏ်း .... .... | ....၁၈၂ |
| ၂၇ | ဘုရားဟော ကြောမခိုင်းသင့် .... | ....၁၈၃ |
| ၂၈ | လုပ်သမျှ ဒုက္ခမဟုတ်ပုံ .... | ....၁၈၆ |
| ၂၉ | ဒုက္ခရှိလျှင် ဒုက္ခဖြစ်မြဲ .... .... | ....၁၈၇ |
| ၃၀ | အမြင်မှန်က ကြုံချင်ရာကြုံ .... | ....၁၉၀ |
| ၃၁ | နိဗ္ဗာန်ဟူသည် .... .... | ....၁၉၂ |
| ၃၂ | ထိုနိဗ္ဗာန်ဘယ်မှာလဲ .... .... | ....၁၉၄ |
| ၃၃ | ဝါဒရှင်အချို့တို့၏နိဗ္ဗာန် .... | ....၁၉၅ |
| ၃၄ | သတ္တဝါတိုင်း သတ္တဝါတိုင်းမှာ နိဗ္ဗာန်မရှိ | ....၂၀၂ |
| ၃၅ | ဒုက္ခမစင် အပြစ်ထင်.... .... | ....၂၀၄ |
| ၃၆ | ဘုရားဟောနိဗ္ဗာန်များ .... .... | ....၂၁၁ |
| ၃၇ | စိတ်သာရှင်စေဘုရားဟော .... | ....၂၂၂ |
| ၃၈ | အဝတ်ဥပမာ မြတ်ဒေသနာ .... | ....၂၂၂ |
| ၃၉ | စိတ်စင်ကြယ်အောင်ကျင့်ပါ .... | ....၂၂၂ |
| ၄၀ | ဘယ်ပုဂ္ဂိုလ်မှ စိတ်စင်ကြယ်ပါသလဲ | ....၂၂၈ |

| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၁ | နဂိုစိတ် .... .... .... | ....၂၃၁ |
| ၄၂ | ကွက်လပ်နိဗ္ဗာန် .... .... | ....၂၃၂ |
| ၄၃ | စင်ကြယ်ဒါ ဘယ်စိတ်လဲ .... | ....၂၃၄ |
| ၄၄ | ဘဝင်စိတ်သည် နိဗ္ဗာန်လော .... | ....၂၃၉ |
| ၄၅ | စိတ်နဲ့ပတ်သက်လို့ ဘုရားဟော.... | ....၂၄၀ |
| ၄၆ | နခသိခါသုတ် .... .... | ....၂၄၂ |
| ၄၇ | ဝါသိဇဋ္ဌသုတ် .... .... | ....၂၄၃ |
| ၄၈ | စိတ်ကိုစိတ်အတိုင်းတိုင်းထားလျှင် မိစ္ဆာဒိဋ္ဌိ | ....၂၄၃ |
| ၄၉ | ဝိညာဏာအညာဏာသုတ် .... | ....၂၄၄ |
| ၅၀ | စိတ်ကိုစိတ်အတိုင်းတိုင်းမထား နိဗ္ဗာန်သွား | ....၂၄၄ |
| ၅၁ | ဥပါဒါန ပရိဝတ္တသုတ် .... .... | ....၂၄၅ |
| ၅၂ | ရုပ်နာမ်ဒုက္ခ .... .... .... | ....၂၄၆ |
| ၅၃ | ဇာတိပိဒုက္ခ .... .... .... | ....၂၄၇ |
| ၅၄ | ကိလေသာ .... .... .... | ....၂၄၈ |
| ၅၅ | နဂိုငြိမ်း .... .... .... | ....၂၅၁ |
| ၅၆ | ဆုံးအောင်ကြည့် .... .... | ....၂၅၂ |
| ၅၇ | သဗ္ဗေသင်္ခါရာဒုက္ခာအဖြင့် .... | ....၂၅၃ |
| | **မာတိကာ အပိုင်း (၃)** | |
| ၁ | မဟာပဒေသာ လေးပါး .... .... မြန်မာပြန်ရခြင်းအကြောင်း | ....၂၅၇ |
| ၂ | မဟာပဒေသာ လေးပါး မြန်မာပြန် | ....၂၆၁ |
| ၃ | ချောင်းဦးမှူးနှင့် သစ်ဆန်းဝါဒ .... | ....၂၇၁ |

| ပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄ | ဗုဒ္ဓ၏ မဇ္ဈိမပဋိပဒါလမ်းစဉ်နှင့် .... ဝါဒရှင်တို့၏ သုခပဋိပဒါလမ်းစဉ် | ....၂၇၉ |
| ၅ | သူတို့၏ "စိတ်ကူးယဉ်" တရား .... .... အတ္တနောမတိ....စသည်ဖြစ်ပုံ | ၂၈၃ |
| ၆ | အတ္တနောမတိ ဟူသောအတင် .... .... ဝါဒရှင်တို့ပင် ဝန်ခံခြင်း | ၂၈၆ |
| ၇ | အဓမ္မ ...ဝါဒဖြစ်ပုံ .... .... .... အင်္ဂုတ္တရပါဠိ အဓမ္မသုတ် | ၂၉၃ |
| ၈ | သာသနာတော်၏ အနာဂါတ်ဘေးရန် .... အင်္ဂုတ္တရပါဠိ အနာဂတဘယသုတ် | ၂၉၆ |
| ၉ | မိစ္ဆာဝါဒ .... .... .... .... အင်္ဂုတ္တရပါဠိ မိစ္ဆာဒိဋ္ဌိသုတ် | ၂၉၇ |
| ၁၀ | တရားတုတရားယောင် နိဒါနဝဂ္ဂ .... .... ကဿပသံယုတ် သဒ္ဓမ္မပဋိရူပကသုတ် | ၂၉၉ |
| ၁၁ | စိတ်ကိုအသုံးချ နိဗ္ဗာန်ရ .... .... မဟာဝဂ္ဂသံယုတ် ဥတ္တိယသုတ် | ၃၀၁ |
| ၁၂ | တိုက်တွန်းခြင်း ဥယျောဇဉ် .... | ....၃၀၅ |
| ၁၃ | အဖွဲ့ကြီး၏ စေတနာ နိဂုမ်းချုပ် .... | ....၃၂၄ |
| ၁၄ | ၎င်းတို့၏ နိဂုမ်းမှာတမ်းအလွန်ဆန်း | ....၃၂၅ |
| ၁၅ | ချောင်းဦးမြို့ သာသနာပြု .... .... မဟာဓမ္မကထိကအဖွဲ့ကြီး ပထမကျမ်းစာ သဘောထား။ | ၃၂၆ |

## အပိုင်း ၁

### နမော တဿ ဘဂဝတော အရဟတော
### သမ္မာ သမ္ဗုဒ္ဓဿ

# ပဏာမဂါထာ

သုဒေသကံ သုသမ္ဗုဒ္ဓံ၊ သုဓမ္မဉ္စ သုဒေသိတံ။
သုသာဝကံ သုသံဃဉ္စ၊ မယံ ဝန္ဒာမ သာဒရံ။

သုဒေသကံ၊ နိဗ္ဗာန်ရောက်ကြောင်း, မြတ်လမ်းကောင်းမှန်, သုံးတန်သိက္ခာ, ကျင့်အာစာကို, ကေန်တိတိ, သိရှိကြစေ, ကျင့်နိုင်စေဟု, ဝေနေယျများ, လွန်သနား၍, ထင်ရှားမသွေ ကောင်းစွာ ဟောကြားတော်မူပေသော။ သုသမ္ဗုဒ္ဓဉ္စ၊ သစ္စာဉာဏ်ရောင် ထိန်ဝင်းပြောင်သဖြင့် မိုက်မှောင်အတွင်း သတ္တဝါခပင်းဝယ် ထွန်းလင်းမသွေတင့်တယ်စမ္ပာယ်စွာ ပွင့်တော်မူပေသော စိန္တေထွဋ်တင် ထိုဘုရားရှင်ကို၎င်း။ သုဒေသိတံ၊ စ လယ် အဆုံး သုံးပါးလုံးစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားတော်မူအပ်သော။ သုဓမ္မဉ္စ၊ ပရိယတ် ပဋိပတ် ပဋိဝေဓဟု သုံးဝသဒ္ဓမ္မာ ထူးမြတ်သည့်တရား ရတနာကို၎င်း။ သုသာဝကံ၊ မြတ်ဗုဒ္ဓ ဒေသနာ, ဟောမိန့်ချက် အဖြာဖြာကို, အသေအချာ နာကြား, ဘိုးမပြတ် ရတနာ အလားသို့ လေးစားစွာ ပူဇော်၍ သင့်လျော်အောင် ကျင့်ကြံတတ်ပေသော။ သုသံဃဉ္စ၊ သာသနာရောင် ထွန်းလင်းပြောင်ဘို့ မချို့ပုံသေ ဆောင်ရွက်တော်မူကြပေသည့် သမုတိဝင်အပါ အရိယာ

မြတ် ထေရ်သံဃာအပေါင်းကိုရင်း။ မယံ၊ ဘုရားဟော သုဓမ္မက္ခန်ကို အဖန်ဖန်ရှုစား ဇောသဒ္ဓါပွားများလျက် နှစ်သက်မဆုံး တပြုံးပြုံးဖြစ်၍ နေကြကုန်သော တပည့်တော်တို့သည်။ သာဒရံ၊ ဘယလာဘ ကုသာစာရ ကင်းငင်ပသျက်, မဟာဂ္ဃရတနာ, ဂုဏ်ပေါင်းထုရှိန် တေဇာကို, ဖန်ခါခါ စိတ်မှာ သွင်းပြီး, ဝပ်စင်းကြည်သာ အထူးသဖြင့်ရှိသေစွာ,။ ဝန္ဒာမ၊ ဘေးရန်ကင်းပျောက်ကျမ်းပြီးမြောက်၍ ထွန်းတောက်သာယာပြည် ခေမာသို့ မှန်စွာရောက်ရန် ဝိဝဋ္ဋစိတ်ရည်သန်လျက် ဆယ်လက်စုံဦးမှာယှက်ပြီး ထက်မြက်သဒ္ဓါ ရှိခိုးကန်တော့ကြပါကုန်၏ဘုရား။

သုဝိဘတ္တံ သုစိတ္တေန၊ သုဇနေဟိ သုမာနိတံ။
သုဋ္ဌုစိတ္တံ ဘာဝိတာယ၊ သုကရိယံ သုလက္ခိတံ။

သုစိတ္တေန၊ ဇော ဗုဒ္ဓါသာသနာ, မှန်မြတ်သည့်ဒေသနာကို, သေအချာ မှတ်သားကောင်းမြတ်သည့် စိတ်သဘောထားဖြင့်။ သုဝိဘတ္တံ၊ ဟုတ်မဟုတ်, မှန်မမှန်, ဓမ္မက္ခန်ရွှေမျဉ်းဖြင့် ဖြောင့်စင်းစွာ ယှူဆွဲ၍ ကောင်းမွန်စွာ ဝေခွဲအပ်ထသော။ သုဇနေဟိ၊ ကလျာဏပါဝင်သူတော်စင်သူတော်ကောင်းတို့သည်။ သုမာနိတံ၊ ကမ္ဘာဦးသူ့များဗိုလ်လူတို့သည်ကြောက်ဘွယ်တသင်းမိုက်မှောင်ခွင်းနိုင်မည့် ရောင်အလင်းကို, လွန်စွာတမ်းတ ပမာဏသို့ တူမျှမကွာ လွန်စွာမြတ်နိုးတောင့်တအပ်ထသော။ သုလက္ခိတံ၊ ဘုရားအလိုတော်ကျ ဒေသနာသဘာဝတို့ဖြင့် တိကျပြတ်သား ထင်ရှားအောင်ရေးသားလျက် ဖတ်ကြားသူစိတ်နှလုံးကို ယူကြုံးနှစ်သက်၍ မလွှတ်ရက်နိုင်စရာ တန်းဆာဆင်မြန်း လမ်းမှန် ညွှန်းသည့်

ဤကျမ်းစာကို။ သာဓုနုံ။ နှလုံးပြေ့ပျောင်း စိတ်ကောင်းရှိသူ ဗိုလ်လူအပေါင်း သူတော်ကောင်းတို့အား။ သဒ္ဓါ၊ ယထာဘူတ သဘာဝဖြင့် ကျနသေချာ ကောင်းမွန်စွာ။ စိတ္တံ၊ နိက္ခမဓာတ် ယှဉ်မို့ကပ်သည့် စိတ်ကောင်းစိတ်မွန် စိတ်မြတ်လွန်ကို။ ဘာဝိတာ ယ-သုဘာဝိတာယ၊ ဝီရိယကို အပိုမမှတ်ကြလေနှင့် အားထုတ် ကြိုးစားပွားများကြစေခြင်းအကျိုးငှါ။ (၀ါ) အတိုင်းတိုင်းထား လို့ အသာနေကြရင်ဖြင့်, ကမ္ဘာကြေတောင် အမှားမဆုံးမှာမို့, တအားကြိုး၍ ရှုမှတ်ပွားများ နိုင်ကြစေခြင်းငှါ။ မယံ၊ သာသ နာဂုဏ်ချိန်အဝါ ထူးပေသည့်, မြို့ရွှေဦးဌာနေမှာ ဘဂဝါပရမေ စောဗုဒ္ဓ၏ ဟောထုတ်ပြသည့် ဓုရနှစ်လီကို ဖြည့်မို့ကြိုးစား အ များသဲဿာ တို့သူငါတို့သည်။ သုကရိယာံ-သုကရိယာမ၊ လွဲ့ကွက် မပါ သာယာဖြောင့်ဖြူး ဥာဏ်ရည်စုံ ကွန့်မြူးလျက် အထူးပင် ရေးသားပြုစုကြပေကုန်တော့အံ့သတည်း။

## (ဓမ္မမိတ်ဆွေအား တိုက်တွန်းခဏ်း)

ဓမ္မ မိတ်ဆွေ-ဆွေးနွေးခဏ်း (သို့မဟုတ်) ဝေဘန်ခဏ်း။ အောက်ပါစာပေများကိုမကြည့်ရှုခင် ဓမ္မမိတ်ဆွေသိသင့်သိထိုက် သော အချက်အလက်လေးတွေ သိထားနိုင့်ရအောင် အောက်ပါ စာပေများကို စိတ်ဝင်စားစွာဖြင့် ကြည့်ရှု မှတ်သား ဘတ်ထား ခေါလိုသည်။

## (မြတ်စွာဘုရားသခင်အား မာရ်နတ်လျှောက်ခဏ်း)

ဗုဒ္ဓမြတ်စွာအား ဘုရားဖြစ်တော်မူပြီး မကြာမြင့်မီ မာရ် နတ်လာ၍ လျှောက်ထားပုံကတော့ "သဗ္ဗညုတဉာဏ်ကို ရဘို့ရန်

ရည်မှန်း၍ ပါရမီဖြည့်လာခဲ့သောအရှင်ဘုရားမှာ ယခုအခါ ရည်မှန်းချက်အထမြောက်ပါပြီ။ လောက လှည့်လည်နေဘို့ မလိုတော့ပါ။ပရိနိဗ္ဗာန်စံတော်မူပါတော့'' တဲ့၊ကိုင်းဓမ္မမိတ်ဆွေ၊အထက်ပါ စကားကိုလျှောက်ထားသော မာရ်နတ်၏ သဘောထားကို ဓမ္မမိတ်ဆွေ သိပြီးပါပြီလား?၊မသိသေးရင်ဒီလိုဖြစ်ပါလိမ့်မယ်။မာရ်နတ်၏ သဘောထားက သူဟာ(၃၁) ဘုံအတွင်းက မလွတ်ကင်းသေးကြသော ပရိသတ်တွေဟာ သူပိုင်တယ်။ သူ၏အဖွဲ့တော်သားများဖြစ်တယ်။ ဒီတော့ ဘုရားရှင်လှည့်လည်ပြီး တရားဟောပြသဖြင့်(၃၁)ဘုံမှ အလွတ်ဖြစ်သော နိဗ္ဗာန်သို့ ရောက်ကုန်ကြရင် အဖွဲ့တော်သား အားနည်းသွားမည်ကို ကြောက်ရွံ့စိုးရိမ်သည့် သဘောထားဖြင့် လျှောက်ထားခြင်းပါဘဲ။ ဘယ်နှယ့်လဲဓမ္မမိတ်ဆွေ၊ ကိုယ့်အကြံနှင့်ကိုယ်တော့ မာရ်နတ်ကြီးက အဟန်သွားဘဲ။ သူကြံသည့်အတိုင်း ဘုရားကတော့ လက်ခံ၊ မခံ ဆက်လက်ဘတ်ကြည့်သေးဒါပေါ့။

(မြတ်စွာဘုရားသခင်က မာရ်နတ်အား မိန့်မြွက်တော်မူပုံ)

အိုမာရ်နတ်၊ ငါဘုရား၏ တပည့်သာဝက၊ သာဝကာ ဖြစ်ကြကုန်သော-

၁။ ရဟန်းယောကျ်ား

၂။ ရဟန်းမိန်းမ ဘိက္ခုနီ

၃။ ဥပါသကာ လူဝတ်ကြောင်ယောကျ်ား

၄။ ဥပါသိကာ လူဝတ်ကြောင် မိန်းမတို့သည် ယဥ်ကျေးမှုမရှိကြသေးသမျှ၊ တရားအရာတွင် အကြားအမြင် ဗဟုသုတများ

၍ ထိုတရားအတိုင်း ကျင့်နေသူတွေမများသေးသမျှ၊ ငါဘုရား၏ အယူဝါဒကို သင်ယူတတ်မြောက်၍ သူတပါးတို့အား မပို့ချ နိုင်သေးသမျှ၊ ဖြစ်ပေါ်လာသော ဆန့်ကျင်ဘက် တရားတို့ကို တရားသဖြင့် နှိမ်နင်း၍ အကြောင်းပြလျက် တရားဓမ္မများကို မဟောပြနိုင်သေးသမျှ၊ ငါဘုရားပရိနိဗ္ဗာန်စံဘို့ မဖြစ်နိုင်သေး ဘူး မာရ်နတ်ဟု မိန့်မြွက်တော်မူသည်။

အထက်ပါ ဘုရားရှင်၏ အလိုတော်ဟာဖြင့် အလွန်ထင် ရှားနေသည့်အတွက် ရေးရန်သင့်မည်မဟုတ်တော့ပါ။

အလိုတော် အတိုင်းလည်း ဖြစ်မြောက် လာရေး အတွက် (၄၅)ဝါ ကာလပတ်လုံး မနေမနား တရားဓမ္မတွေ ဟောပြော ပြသဆုံးမတော်မူပုံ။ ဆုံးမတော်မူသည့် အတိုင်းလဲ ပရိသတ် လေးပါးဟာဖြင့် (၃၁)ဘုံမှ လွတ်မြောက်ပြီး နိဗ္ဗာန်သို့ရောက် ကြကုန်သည်ကလဲ များပြားကြပေကုန်ပြီ။

ရှင်တော်ဘုရားသည် မိမိပရိသတ် လေးပါးဟာဖြင့် စိတ် ချရလောက်သည့်အတွက်ပရိသတ်လက်သို့ သာသနာလွှဲအပ်သည့် သဘောထားဖြင့် ပရိနိဗ္ဗာန်စံယူတော်မူသွားသည်ကား နှစ်ပေါင်း (၂၅၀၀)ကျော်သွားခဲ့ပါပြီ။

ဓမ္မမိတ်ဆွေ၊ လွှဲအပ်ခဲ့သည့် အတိုင်းဘဲ သာသနာ တည် တံ့အောင် မခိုမကပ်တော်မူကြဘဲ ပရိသတ်လေးပါး အနက်—

၁။ ရဟန်းယောကျ်ားများဘက်မှ အရှင်မဟာကဿပ စသော ရဟန္တာ အရှင်မြတ်ကြီးများ

၁ဝ၄၅၉

၂။ ရဟန်းမိန်းမများဘက်မှ မိထွေးတော်ဂေါတမီစသော ရဟန္တာမများ၊
၃။ ဥပသကာများဘက်မှ အနာထပိဏ်, စိတ္တသူကြွယ် စသော ပုဂ္ဂိုလ်များ၊
၄။ ဥပသိကာမများဘက်မှ ဝိသာခါစသော ပုဂ္ဂိုလ်များဟာဖြင့် ဘုရားရှင်၏အလိုတော်ကျ ဩဝါဒများပေးခြင်း၊ ဆန့်ကျင်ဘက် အယူဝါဒများကို အေးဆေးချိုသာစွာပယ်ရှားခြင်းတို့ဖြင့် ဘခင်ဘုရား၏ သာသနာတော်ကြီး ထွန်းကားရှိ သတ္တဝါတို့အကျိုးများအောင်ဆောင်ရွက်တော် မူခဲ့ကြခြင်းတို့ကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်သည် ယခုအချိန်အထိ ဝင့်ကြွားနိုင်ခဲ့သည်မဟုတ်ပါလား။?

ဒါဖြင့်စာကြည့်သူဓမ္မမိတ်ဆွေဟာ ရှေ့ဆက်ပြီးဘုရားရှင်သာသနာ(၅၀၀၀)အထိ တည်တန့်ရေးအတွက် ဓမ္မမိတ်ဆွေ တာဝန်ယူပြီး ဆောင်ရွက်ရမဲ့ကိစ္စကိုတော့ သိလောက်ပါပြီ။ စာကြည့်သူဟာ ရဟန်းတော်များဖြစ်နေရင်လဲ အရှင်မဟာကဿပ တို့ထုံး နှလုံးသွင်းပြီးသား ဖြစ်မှာမို့ အထူးတိုက်တွန်းစရာ လိုမည်မထင်ပါ။

တကယ်လို့ စာကြည့်သူဓမ္မမိတ်ဆွေဟာ လူပရိသတ်ဖြစ်ခဲ့ရင် ရှင်တော်ဘုရားရဲ့ နောက်ဆုံးရည်မှန်းတော်မူချက်ကို သတိထားစေချင်တယ်။

(ဖြစ်ပေါ်လာသော ဆန့်ကျင်ဘက် အယူဝါဒကို တရားသဖြင့် နှိမ်နင်း၍အကြောင်းပြလျက် တရားဓမ္မကိုမဟောနိုင်သမျှကာလပတ်လုံး ပရိနိဗ္ဗာန်စံဘို့ မဖြစ်သေးဘူး)

အဲဒီ ဘုရားရှင်ရဲ့ ရည်မှန်းချက်ကို အသက်နဲ့ ထပ်တူ လေးစားသင့်တယ်။ လေးစားထိုက်တယ်။

ဓမ္မမိတ်ဆွေ၊ ဒီနေရာမှာ ပြင်းပြင်းထန်ထန် သာသနာပြု လိုတဲ့ စိတ်ဓာတ်ဖြစ်ပေါ်လာအောင် စိတ္တသုကြွယ် သာသနာပြု သွားပုံကလေးကို အနည်းငယ်လောက်တင်ပြလိုပါတယ်၊ ဂရုတစိုက်ဘတ်ရှုပါ။

စိတ္တသုကြွယ်ဟာ အဟောကောင်း အပြောကောင်း ဓမ္မကထိကဖြစ်တာမို့ သူနောက်ပါးမှာ ဥပသကာ ငါးရာအမြဲ တန်းလိုက်ပါလျက်ရှိတယ်။ တိတ္ထိတို့နဲ့ တရားဆွေးနွေးမေးမြန်း တဲ့အခါမှာလဲ တိတ္ထိတို့ရဲ့အယူဝါဒကိုအကြောင်းပြပြီး နှိမ့်ချ ဖျက်ဆီးနိုင်တယ်။ ဒါကြောင့်လဲ လူဝတ်ကြောင် ဓမ္မကထိက တွေမှာ ထိပ်တန်းအကျဆုံး ဓမ္မကထိကအဖြစ် ဗုဒ္ဓမြတ်စွာက တေဒဂ်ပေးတော်မူခြင်းကို ခံယူရတယ်။

မျက်မှောက်ခေတ်ကြီးမှာ ဓမ္မမိတ်ဆွေကော စိတ္တသုကြွယ် အတုယူပြီး သူနဲ့အလားတူ သာသနာမပြုသင့်ပေဘူးလား။

ဒီမယ် ဓမ္မမိတ်ဆွေ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက “ငါမရှိ တဲ့နောက် ငါဘုရားဟောတော်မူခဲ့တဲ့ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဒေသနာစာပေပရိယတ်တွေဟာသင်တို့ရဲ့ဆရာဖြစ်ရစ်လိမ့်မယ်” လို့မှာတော်မူခဲ့ပါတယ်။

ဒီတော့ ခုဖြစ်နေရပုံက အချို့သောဝါဒရှင်များရဲ့ အရေး အသားတွေဟာ ကိုယ်တိုင်ဘဲဘတ်ဘတ်, ဒီပြင်လူတွေကဘဲပြော ပြော ဘုရားဟောနဲ့မကိုက်မှန်းတော့သိတယ်။ ဒါပေမဲ့ ဘုရား

ဟောဒေသနာစာပေကို မိမိကပိုင်ပိုင်နိုင်နိုင် ထိထိရောက်ရောက် မသင်ဘူးသေးလေတော့ ဘယ်နေရာဘယ်အချက်တွေမှာ ဘုရားဟောနဲ့ ဘယ်လိုလွဲနေတယ်၊ ချော်နေတယ်၊ မှားနေတယ်၊ မကိုက်ညီဘူးလို့ မပြောတတ်သေးတော့ စိတ္တသူကြွယ်ကိုအတုယူပြီး ဘယ်လိုလုပ် ဘယ်နည်း ဘယ်ဟန်နဲ့ သာသနာပြုနိုင်ပါမလဲလို့ တွေးတော မောဟိုက် အကြံအိုက်နေပါသလား?။

မအိုက်လိုက်ပါနဲ့၊ အိုက်စရာမလိုတော့ပါဘူး။ စိတ္တသူကြွယ်ကိုအတုယူ, ဖြူစင်တဲ့စိတ်ထားနဲ့ ဘုရားသာသနာကိုရှည်ကြာအောင် တကယ်ပြုတော့မယ်ဆိုရင် ဓမ္မမိတ်ဆွေရဲ့ အဇ္ဈတ္တသန္တာန်မှာ ဝါဒမှားတွေကို ချေဖျက်ပြီး သာသနာရောင် မညိုးမှိန်ဘို့ တတ်သမျှ စွမ်းအားနဲ့ သာသနာပြုတော့မယ်ဆိုတဲ့ စိတ်တွေ တဖွားဖွားဖြစ်နေတော့ပြီ ဆိုရင်....

ခု-ဓမ္မမိတ်ဆွေဘတ်နေတဲ့ (ချောင်းဦးမြို့ ဓမ္မာစရိယဆွေးနွေးရေး သံဃာတော်များ ရေးသားထားတဲ့စာအုပ်)ဟာ (အတ္တနော မတိဝါဒရှင်တို့ရဲ့) ဘုရားဟောဒေသနာနဲ့ မကိုက်ညီတဲ့ အချက်ပေါင်းများစွာကို ပါဠိအဋ္ဌကထာ ဋီကာတွေနဲ့ ကိုက်မကိုက်, ညီမညီ, ဟုတ်, မဟုတ်, မှန်, မမှန်, ဝေဘန်လို့ ထားပါတယ်။

ဒီစာအုပ်ကို ဓမ္မမိတ်ဆွေရဲ့လက်ထဲမှာ မုချပိုင်ပိုင်ဘတ်ရှုနိုင်ပြီမဟုတ်ပါလား?။

ဒီတော့ (ကျမ်းဂန်မစပ်-စာမတတ်) လို့ဆိုတဲ့ ရှေးကျကျ အတွေးအခေါ်တွေကိုဖျောက်။

ဆန့်ကျင်ဘက် အယူဝါဒများကို တရားသဖြင့် မနှိမ်နင်းရသေးသမျှ ဆိုတဲ့ ဘုရားရှင်ရဲ့ ရည်မှန်းချက်ကို ဓမ္မမိတ်ဆွေရဲ့ အသက်လောက် (ဒါမှမဟုတ်) အသက်ထက် မြတ်နိုးပြီးတော့ လိုက်နာဆောင်ရွက်ဘို့ ဒီစာအုပ်ကို ရရှိနေပြီမဟုတ်လား?။

သာသနာ ပြုလိုတဲ့စိတ်ထားဖြစ်လာပြီး သာသနာပြုတော့မယ်ဆိုပြန်တော့ ဘုရားဟောနဲ့ မညီတဲ့ဝါဒဖြစ်ခဲ့ရင်၊ ယင်းဝါဒမှုကိုသာ မှန်းစရာလိုတယ်။ လူကိုမမုန်းမိအောင် မမုန်းအောင် သတိရှိဘို့လိုအပ်ပါတယ်။

နောက်တချက် သတိထားရမှာက ဒါတွေက စာပေတွေပါ၊ အလုပ်အမြင်နဲ့ တခြားစီပါ စသည်ဖြင့်ပြောတဲ့လူတွေလဲ တွေ့ချင်တွေ့မယ်၊ ဒီလူတွေကိုတော့ သနားစရာလူတွေဘဲဟုမှတ်ပါ၊ ဘာပြုလို့လဲဆိုရင် မိမိကိုယ်တိုင် မိမိတော့ ဝိပဿနာတရားကို လိုက်စားဟောပြောပြီး သာသနာပြုနေသူလို့ထင်မှာဘဲ၊ အမှန်ကတော့ သာသနာပြုသူမဟုတ်ဘဲ ပရိယတ်ကို ပုန်ကန်တဲ့ သာသနာ့သူပုန်သာဖြစ်နေပါတယ်။

ဒါကြောင့် သဒ္ဓမ္မပတိရူပကသုတ်အဖွင့်မှာ "ပရိယတ္တိယာ ဟိ အန္တရဟိတာယ ပဋိပတ္တိအန္တရဓာယတိ" လို့ဆိုထားပါတယ်။

ဆိုလိုရင်းကတော့ ပရိယတ္တိစာပေကွယ်လျှင် ပဋိပတ္တိခေါ် အကျင့်လဲကွယ်မယ်လို့ဆိုလိုပါတယ်။

ဒီတော့ပရိယတ္တိစာပေ မလေးစားဘဲစာပေကို ကလေကဝ ဖြစ်အောင် ပြောသူများဟာ သာသနာတော်ကြီးရဲ့ သူပုန်မှ

တပါး တခြားမဖြစ်နိုင်တော့ပါ၊ တိကျမှန်ကန်တဲ့မြေပုံကိုကိုင်ပြီး မြေပုံညွှန်ပြတဲ့အတိုင်း လိုရာခရီးကို သွားနေသူကိုကြည့်ပါ။

သူဟာ မြေပုံကလဲမှန် ညွှန်ပြတဲ့အတိုင်းလဲ သွားနေတော့ လိုရာခရီးရောက်ဖို့ စိတ်မပူရပါ၊ ဘုရားဟောဒေသနာ စာပေ ပရိယတ္တိဟာ မြေပုံနဲ့တူတယ်။

ဒါကြောင့် မှန်ကန်တဲ့ မြေပုံနဲ့တူတဲ့ စာပေက ညွှန်ပြတဲ့ အတိုင်း ဝိပဿနာခရီးကို သွားကြရင်တော့ လိုချင်ကြတဲ့နိဗ္ဗာန် ကိုရောက်ဖို့ ရဖို့ မခဲမတင်းရပါဘူး။

ဒီဥပမာကို ပြောင်းပြန်လှန်လိုက်ပါ၊ မမှန်ကန်တဲ့မြေပုံကိုကိုင် ထားပြီး အဲဒီမြေပုံ မှားကြီးရဲ့ ညွှန်ပြတဲ့အတိုင်း သွားလို့က တော့ လိုရာမရောက် ချောက်ကမ္ဘား အောက်နရက်ကို မှောက် ရက်ကြီးကျဖို့ သေချာပါတယ်။

ဘာပြုလို့လဲ၊ ? မြေပုံမှားနေလို့။

မြေပုံမှားနဲ့ တူတဲ့ စာပေမဟုတ်တာတွေကို လက်ကိုင်ပြု၊ ဒီမြေပုံမှားကိုင် ခရီးဆက်ရင်တော့ လိုချင် ရောက်ချင်တဲ့ နိဗ္ဗာန် ကို မရောက်ဘဲ အောက်ငရဲကိုကျဖို့ သေချာနေပါတယ်။

ဗေဒင်မေးဖို့ မလိုပါဘူး။

ဘာပြုလို့လဲ၊ ? ဗုဒ္ဓစာပေနှင့် မကိုက်လို့၊ လက်ကိုင်ထားတဲ့ စာပေကလဲ အမှားတွေမို့။

ဒါဖြင့် မိမိရည်မှန်းတဲ့ ပန်းတိုင်းကိုရောက်ဖို့ အရင်းမူလ ပဓာနကျတဲ့ စာပေမှန်ကန်မှုရှိမရှိ ဆန်းစစ်ဖို့ အရေးကြီးတယ်

ဆိုတာ ဓမ္မမိတ်ဆွေ သဘောပေါက်ပါရဲ့လား။? နားရှင်းပါရဲ့လား။? ထပ်ဆင့် ဥပမာဆိုကြပါစို့၊ ဓမ္မမိတ်ဆွေဟာ မိမိအသုံးပြုဘို့ ပစ္စည်းတခုခုကို ဝယ်ယူသောအခါ ကောင်းမကောင်း မှန်မမှန် တန်မတန် ဝေဖန်စဉ်းစား စိစစ်ပြီးမှ ဝယ်ယူတယ်မဟုတ်ပါလား။?

တကယ်လို့ အမျိုးမမှန် စျေးမမှန်**နဲ့** အဝယ်မှားပြီ ဆိုပါတော့ ဓမ္မမိတ်ဆွေ**ဟာ** ဝယ်ယူခဲ့တဲ့ ပစ္စည်းအတွက် နစ်နာမှုကို ခံယူရတော့မယ်။ အဲဒီလိုမနစ်နာရလေအောင် ဘာမှတန်ဘိုးသိပ်မရှိတဲ့ ပစ္စည်းကလေးကိုတောင်မှ စိစစ်သင့် စိစစ်ထိုက်တယ်ဆိုရင် သံသရာနဲ့ချီပြီး နစ်နာဆုံးရှုံးရမှာ ဖြစ်တဲ့ ဝါဒ လမ်းစဉ်ကို စိစစ်ပြီး ဝေဘန်ပြီး လက်ခံကျင့်သုံးသင့်တယ်မဟုတ်လား။?

အဲ(ငါ့မြင်း-ငါ့စိုင်း စစ်ကိုင်းရောက်ရောက်၊ ငါ့လှေ-ငါ့ထိုး ပဲခူးရောက်ရောက်) ဆိုတဲ့ သဘောနဲ့ တဇွတ်ထိုး လက်ခံမိကြမယ်ဆိုရင်တော့လဲ မှန်ရင်တော်ပါရဲ့၊ မှားခဲ့လျှင် သံသရာ ဘဝ**နဲ့**ချီပြီး နစ်နာဆုံးရှုံးမှာမို့ စိစိစစ်စစ် ဝေဝေဘန်ဘန် နှိုင်းနှိုင်းချိန်ချိန် လက်ခံဘို့ တိုက်တွန်းလိုက်ပါတယ်။

များသောအားဖြင့် သတ္တဝါတို့ ထုံးစံက (ငါနှင့်-ငါသာ နိုင်းစရာ) ဆိုသလို မိမိဝါဒမှသာ မှန်တယ်၊ တခြားဝါဒဟာ အမှားတွေဘဲလို့ အထင်ရှိတတ်ကြတယ်၊ ဒါဟာ နိယာမ ဖြစ်ပါတယ်။

နောက်တချက်က သတ္တဝါတိုင်းဟာ မိမိကိုယ်ကို မကောင်းတဲ့ အရပ်ကိုရောက်အောင် နစ်မြုပ်အောင် ဆင်းရဲအောင် မလုပ်လိုကြပါဘူး။

မိမိကိုယ်ကို ကောင်းအောင် လုပ်နေကြသူတွေချည်းပါဘဲ၊ သို့ပေမဲ့ ကောင်းလိမ့်မယ်ထင်ပြီးလုပ်ကြတဲ့အခါ "အေးစေလို့လို့ တရားနာ ပူဇော်စနဲ့ သွား၊" "ပေါ်စေလိုလို့ ကြောင်ရုပ်ထိုး ဆေး အတွက်လေး" ဆိုတာလို ထင်သလိုကောင်းမလာဘဲ ပိုဆိုးတတ် ကြပါတယ်။

ကြည့်လေ တိတ္တိတွေဟာ ကောင်းမယ်ထင်ပြီး လုပ်ကြတာ ဘဲ၊ ဘာကြောင့် အပါယ်ကြကုန်ကြသလဲ၊? မိမိတို့ကောင်းတယ် လို့ လက်ခံထားတဲ့ မူဝါဒ အယူအဆရဲ့ မှားယွင်းမှု တိမ်း စောင်းမှုကို ခံကြရတာဘဲ မဟုတ်လား။?

အို-ဓမ္မမိတ်ဆွေ၊ သာသနပ အချိန်တွေမှာ အယူဝါဒ ရေး ရာနဲ့ ပတ်သက်ပြီး အမှားအမှန် စီစစ်ဘို့ လမ်းစဥ်မရှိလို့ တဇွတ် ထိုးယူမိယူရာ ယူခဲ့ကြတာကို အပြစ်မပြောလိုပါ၊ ခု—သာသနာ တွင်း အချိန်ဟာ အမှားအမှန်ကို စိစစ်နိုင်တဲ့အချိန်၊ သာသနာ ရောင် ထိန်ထိန်ပြောင်နေတဲ့အချိန်၊ ခု—ချိန်မှာ သံသရာအဆက် ဆက်က ပါလာခဲ့ကြတဲ့ ပြောတိုင်း ယုံတတ်တဲ့ အကျင့်ဆိုးကို ဖျက်ချိုးဘို့ အချိန်တန်နေပြီ။

ဘုရားဟောနှင့် မကိုက်ရင် အရေးအသား အဟောအပြော ဘယ်လိုကောင်းကောင်း မမှန်ဘူးဆိုတာကို တထစ်ချ မှတ်ထား ပါ။ တခုတော့ ချင်းချက်ထားရမယ်။ စာရေးသူဖြစ်ဖြစ် တရား ဟောသူဖြစ်ဖြစ် အနည်းနှင့် အများဆိုသလို မှားသင့်သလောက် တော့ မှားကြသည်ချည်း၊ ပမာဒ, လေခ, သတိမေ့လျော့လို့ မှားကြတာကတော့ ရှိကြစမြဲပါ။ အကျင့်စခဏ်းကို မထိခိုက်

ဘဲ နည်းနည်းကျဉ်းကျဉ်း မှားယွင်းမှုလေးကို(ရှောမွေး ဗာရဏ သိခဲ့)သလို ပုံကြီးချဲ့ကြရင်တော့လဲ ပုံကြီးချဲ့သူရဲ့ အပြစ်ရှာလို မှုသာ ဖြစ်လိမ့်မယ်လို့ ယူဆပါတယ်။

ခု-ဒီဝေဘန်ခဏ်းတွေကို ရေးရခြင်းကတော့ ဘုရားဟော တွေကို ဘယ်လောက်ထိ စော်ကားဖျက်ဆီးနေသလဲ ဆိုတာကို တင်ပြချင်လို့ပါဘဲ။

ဝေဘန်ထားတဲ့ အချက်အလက်များကိုတော့ ဓမ္မမိတ်ဆွေ ကိုယ်တိုင် တွေ့မြင်ဘတ်ရှု ရပါတော့မယ်။

ဝါဒမှားတခုကို လက်ခံကျင့်သုံးနေသူတွေကို ဒီဝါဒမှားကို ပယ်စွန့်ဘို့ ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင် (မောဃပုရိသ)လို့ခေါ် တော်မူတယ်၊ မြန်မာလိုဆိုရင်တော့ မဂ်ဖိုလ်မှ အချည်းနှီးဖြစ် တဲ့ယောကျ်ား (သို့မဟုတ်) အလကားလူလို့ ဆိုရပါမယ်။

သာဓကတခုဆိုရရင် မဟာတဏှာ သင်္ခယသုတ်မှာ ရဟန်း တပါးဟာ ဘုရားဟောတဲ့အတိုင်း မယူဘဲ အမှားအယူကို ယူ ထားလို့ ဗုဒ္ဓကိုယ်တော်တိုင် (မောဃပုရိသ)လို့ ခေါ်တော်မူ ပါတယ်။

အကျယ်(မဟာတဏှာ သင်္ခယသုတ် ရှု့) တခါက မြန်မာ ပြည်မှာ နေလိုလလိုထင်ရှားပြီး အရှည်ဆုံး ကဗျာကျမ်းဖြစ်တဲ့ (မဃဒေဝ)လင်္ကာသစ်ကိုရေးသားစီရင်တော်မူခဲ့သည့်(မန်လည် ဆရာတော်ဘုရားကြီး)တောင်မှ အယူလွဲသူ ရဟန်းတပါးဖြစ်တဲ့ ဦးပဒုမအား (ပဒုမ တုပခါနင်မယောင်နဲ့)စသည်ဖြင့် နှိပ်ကွပ်

တော်မူခဲ့ပါတယ်။ စာပေ ဝါသနာရှင်တိုင်း အသိဖြစ်ပြီးမို့ အကျယ်ရေးစရာမလိုတော့ပါ။

မန်လည်ဆရာတော်နှင့်အတူ ကျောင်ကြားတော်မူ၍ သာသနာတော်တွင် နေလို လလိုထင်ရှားပြီး မြန်မာသာမက ကမ္ဘာပါ ကျော်ခဲ့သည့်(လယ်တီဆရာတော်ဘုရားကြီး)ဟာလဲဘဲ အယူဝါဒရေးရာများနှင့် ပတ်သက်ပြီး (သာသနဝိသောဓနီ) ကျမ်းမှာ (ငှက်တွင်းစာအုပ်များ၌ မလိမ္မာသူတို့ကိုနားယောင်၍ ပါလေအောင် မဟုတ်တယုတ်လုပ်ကြ၍ ဟိတ်ကြီး၊ ဟန်ကြီး၊ အသံကြီးပေးသောစကားမျိုးသည် အလွန်များလှ၏။ သဘောထားကြလေကုန်)ဟု သတိပေးတော်မူခဲ့တယ်။

နောက်ဆုံးဆိုပါရစေ၊ ဤစာအုပ်ဟာ မူကိုသာ ဝေဘန်ပါတယ်။ လူကို မဝေဘန်လိုပါ၊ လူကိုမမုံးသင့်၊ မူကိုသာ မုံးသင့်ပါတယ်။ ဒီသဘောတရားကို ခွဲမိတ်ဆွေ သဘောပေါက်လောက်ပြီထင်ပါတယ်"

ဒီတော့....အတ္တနော၀မတိ ဝါဒရှင်အချို့ရဲ့ ဘုရားဟောနှင့်မညီပုံကို သမာဓိကောင်းကောင်းနဲ့ ဆက်လက် ဘတ်ရှုပါလို့ တိုက်တွန်းရင်း နောက်ဆုံးရဲ့-နောက်ဆုံး နိဒါန်းစကားကို ဆိုပါရစေ၊ စာပေသည် အဓိက၊ စာပေသည်ပဓာန၊ စာပေ မှားရင် "တခုးလက်လွတ် ငှက်တောင်ကျွတ်ဖြစ်မယ်...."ဟူ၍။

## ဝေဒနာခဏ်း (၁)

အချို့သော ဝါဒရှင်တို့၏ ရေးသားချက် (မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်မြင်)မှ

"ထင်ရှားအောင်ကတော့ မိမိတို့စိတ်က အာရုံပြုမှ အာရုံဆိုတာ ရှိတယ်။ မိမိတို့စိတ်က အာရုံမပြုလျှင် အာရုံဆိုတာ လုံးဝမရှိ၊ ဘိတ်မရှိ၊ စင်းစင်းကြီးကင်းနေ၏။"

အထက်ပါရေးသားချက်ရဲ့ ဆိုလိုချက်က အာရုံဆိုတာ စိတ်က အာရုံပြုမှဖြစ်တယ်။ စိတ်ကသာ အာရုံမပြုရင် အာရုံဆိုတာ မရှိဘူးလို့ ဆိုထားတယ်။ ဓမ္မမိတ်ဆွေ၊ စဉ်းစားပြီး စစ်တမ်းထုတ်ကြပါစို့။

အာရုံဆိုတာစိတ်က အာရုံပြုမှ ဖြစ်တယ်ဆိုတာဟာ စိတ်ကြောင့်အာရုံဖြစ်တယ်ဟု သူတို့ကအယူရှိနေကြပါတယ်။

ဒီတော့ သူတို့ထင်သလို စိတ်ကြောင့်ဘဲ အာရုံဖြစ်သလား?။ သို့မဟုတ် သူတို့အထင်နှင့်တခြားအာရုံကြောင့်ဘဲစိတ်ဖြစ်သလား ဟူသောအဖြေကိုသာ ဒေသနာအထောက်အထားနှင့် စဉ်းစားကြပါစို့။

သူသူငါငါသတ္တဝါတွေရဲ့ အဇ္ဈတ္တသန္တာန်မှာ ဖြစ်ပေါ်နေတဲ့စိတ်ကို အကျဉ်း ချုံးလိုက်ရင်-

၁။ စက္ခုဝိညာဏ်စိတ် (မြင်စိတ်)
၂။ သောတဝိညာဏ်စိတ် (ကြားစိတ်)

၃။ ဃာနဝိညာဏ်စိတ်(နံစိတ်)

၄။ ဇိဝှာဝိညာဏ်စိတ်(စားစိတ်)

၅။ ကာယဝိညာဏ်စိတ်(တွေ့စိတ်)

၆။ မနောဝိညာဏ်စိတ်(သိစိတ်)

ရယ်လို့ (၆)မျိုးဘဲရှိတယ်။ ဒီစိတ်(၆)မျိုးဟာ အာရုံကြောင့် သာဖြစ်လာရပြီး ဒီစိတ်ခြောက်မျိုးကြောင့် ဘယ်အာရုံမှ မဖြစ် ဘူးဆိုတာကို ပါဠိတော်၊ အဋ္ဌကထာ ဋီကာ အထောက်အထား တွေ များစွာရှိတယ်။ အဲဒီပါဠိတော်အဋ္ဌကထာ ဋီကာအထောက် အထားတွေထဲက လိုအပ်တဲ့အထောက်အထားတွေကို ဖေါ်ပြပါ မယ်။

ဓမ္မမိတ်ဆွေ(စဉ်းစားသာဖတ်ပေတော့)

မူလပဏ္ဏာသ မဟာ တဏှာသင်္ခယသုတ်မှာ(စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ ဝိညာဏံ၊ စက္ခုဝိညာဏံတွေဝ သင်္ချံ ဂစ္ဆ တိ)စသည်ဖြင့် ဟောတော်မူတယ်။ ဒီပါဠိတော်ရဲ့ အဓိပ္ပါယ် က တော့ စက္ခုပသာဒနဲ့ ရူပါရုံကိုအစွဲပြုပြီး (တနည်း)ဆိုရင် စက္ခု ပသာဒနှင့် ရူပါရုံကြောင့် စက္ခုဝိညာဏ်စိတ်ဖြစ်လာရတယ်လို့ ဆိုလိုပါတယ်။

အရပ်စကားနှင့်ပြောရရင်တော့ စက္ခုပသာဒနဲ့ ရူပါရုံ အ ကြောင်းဆုံလို့ ထိခိုက်မှသာလျှင် စက္ခုဝိညာဏ်ခေါ်(မြင်စိတ်) ဟာဖြစ်လာရတယ်လို့ ဆိုပါတယ်။

ကဲ-ဓမ္မမိတ်ဆွေ၊ စက္ခုဝိညာဏ်စိတ်ဟာ ရူပါရုံကြောင့်သာ ဖြစ်လာရတယ်ဆိုတာ သေချာနေပြီမဟုတ်လား၊? ထိုနည်းအတူဘဲ သောတဝိညာဏ်စိတ်စတဲ့ ကျန်တဲ့ စိတ်တွေဟာလဲ အာရုံကြောင့်သာ ဖြစ်ပေါ်လာရတယ်၊ ဒီစိတ်တွေကြောင့် သူတို့ထင်သလို အာရုံတွေ ဖြစ်မလာပါဘူး။

တနည်းအားဖြင့်....

အကြောင်းအကျိုး ခွဲကြည့်ကြမယ်ဆိုရင် ရူပါရုံဟာ စက္ခုဝိညာဏ်စိတ်ဖြစ်ဘို့ရာအကြောင်းတရားဖြစ်ပြီး၊ စက္ခုဝိညာဏ်စိတ်ဟာ အကျိုးတရားမဟုတ်ပါလား? အကြောင်းကြောင့်သာ အကျိုးဖြစ်လာရပြီး အကျိုးကြောင့် အကြောင်းဖြစ်လာရတယ်လို့ ဘယ်ဘုရားမှ မဟောခဲ့ပါဘူး။

ဒါဖြင့်ရင် သူသူငါငါ သတ္တဝါတွေရဲ့ အဇ္ဈတ္တသန္တာန်မှာ အကျဉ်းအားဖြင့် ဖြစ်ပေါ်နေတဲ့ စိတ်ခြောက်မျိုးဟာ အာရုံကြောင့်သာ ဖြစ်လာရတယ်၊ သူတို့ထင်သလို စိတ်ကြောင့် အာရုံမဖြစ်ဘူးဆိုတာ ဓမ္မမိတ်ဆွေလက်ခံနိုင်ပြီလား။?

ဒါလောက်နဲ့ အားမရသေးဘူးဆိုရင် ပဋ္ဌာန်း ပါဠိတော် ထုတ်ပြအုံးမယ်။ ပဋ္ဌာန်းပါဠိတော်အာရမ္မဏပစ္စည်းမှာ (ယံ ယံ ဓမ္မံ အာရဗ္ဘ၊ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မဏ-ပစ္စယေန ပစ္စယော)လို့ ဗုဒ္ဓမြတ်စွာ မိန့်မြွက်ဘော်မူခဲ့ပါတယ်။

မြန်မာလိုကတော့ အာရုံခြောက်ပါးကြောင့် ဝိညာဏခြောက် (၇)ပါးဖြစ်ရတယ်။ ဒါဘဲ။ ပဋ္ဌာန်းဒေသနာတော်အရ ဆိုရင်လဲ

စိတ်ဆိုတာ အာရုံကြောင့်သာ ဖြစ်လာရတယ်။ တချို့သော အတ္တနောမတိဝါဒရှင်တွေ ရေးသလို စိတ်ကြောင့်တော့ အာရုံမဖြစ်ပါဘူး။

နိဒါနသံယုတ်, မဟာဝဂ္ဂ, အသုတဝါသုတ်အဖွင့်မှာလဲ (အာရမ္မဏပသေန ဝိစရန္တံ စိတ္တမ္ပိ ကေါံဩဠာရမ္မဏံ အလဘိတွာ ဥပ္ပဇ္ဇိတုံ နဝဋ္ဋတိ)လို့ ဆိုထားပြန်တယ်။

**အနက်။** ။အာရမ္မဏဝသေန၊အာရုံ၏အစွမ်းအားဖြင့်။ဝိစရန္တံ၊ လှည့်လည်သော။ စိတ္တမ္ပိ။ စိတ်သည်လည်း။ ကေါံဩဠာရမ္မဏံ၊ တခုသော အာရုံကို။အလဘိတွာ၊ မရမူ၍။ဥပ္ပဇ္ဇိတုံ၊ဖြစ်၏ဟူ၍။ နဝဋ္ဋတိ၊မဆိုအပ်။

မြန်မာပြန် အနေကတော့ အာရုံရဲ့ အစွမ်းအားဖြင့် ကျင်လည်နေတဲ့ စိတ်ဟာ အာရုံကိုမရဘဲ ဖြစ်တယ်လို့ မဆိုအပ်, မဆိုသင့်, မဆိုထိုက်ဘူးတဲ့။

ဒီတော့ စိတ်ဆိုတာ အာရုံနှင့်ကင်းပြီး မဖြစ်နိုင်ဘူး ဆိုတာ ထင်ရှားတယ်။ ဒါကြောင့် အာရုံကြောင့်သာ စိတ်ဖြစ်ရတယ်။

စိတ်ကြောင့် အာရုံဖြစ်ရတယ်ဆိုတဲ့ တချို့သော ဝါဒရှင်များရဲ့ ရေးသားချက်ဟာ အတ္တနောမတိ ထင်ရာကိုရေး, ထင်ရာကိုပြော, ဒေသနာနဲ့ မကိုက်ဘူးဆိုတာ ထင်ရှားနေတယ်။

ခု-ကိုးကားပြခဲ့တာ အဋ္ဌကထာ စကားဆိုတော့ အဋ္ဌကထာဆိုတာက ဘုရားဟောမှ မဟုတ်ဘဲလို့ စောဒက တက်ကောင်း တက်ကြပေလိမ့်မယ်။ (တက်လဲတက်ဘူးခဲ့တယ်) "စိတ်ကြောင့်

အာရုံဖြစ်ရတယ်" စတဲ့ တရားတော်ကို ဖွင့်ဖြူးရေးသား ဟော ပြောနေသူတွေကကော အဋ္ဌကထာကိုအထင်သေးရအောင် အဋ္ဌ ကထာရဲ့ ဉာဏ်ကို ဘယ်လောက်များ မှီကြသလဲလို့ မေးစရာ မကောင်းဘူးလား။?

ဗုဒ္ဓမတည၊ ဖြစ်တော်မူတဲ့ အဋ္ဌကထာ ဆရာနဲ့ အတ္တနောမတိ ဝါဒရှင် ဆရာတွေကို နှိုင်းကြမယ်ဆိုရင် "ပိုးစုံးကြူးနှင့် ရွှေလပမာ" ကွာခြားကြပါလိမ့်မယ်။

ဓမ္မမိတ်ဆွေ။

ဒေသနာဉာဏ် နည်းပါးတဲ့ သူအဘို့မှာတော့ "စိန္တေတီတိ စိတ္တံ"ဆိုတဲ့ မတောက်တခေါက် ပါဠိ အတိုအစ လေးတွေကို ကြိုက်သလို အနက်ပေး, ထင်သလို အဓိပ္ပါယ်ကောက်,ကမောက် ကမ,ပြောတာတွေကို ယုံနေတတ်ကြပါတယ်။

ဒီ"စိန္တေတီတိစိတ္တံ" ဆိုတဲ့ ဝိဂြိုဟ်က အာရုံကို ကြံတတ် လို့ စိတ်ခေါ်ပါတယ်တဲ့။

အာရုံကို ကြံတတ်လို့ စိတ်ခေါ်တယ်ဆိုတဲ့ အပိုဒ်လေးကိုယူ ပြီး၊ စိတ်ကကြံလို့သာ အာရုံဖြစ်လာရတယ်လို့ ဟောပြောရေး သားတဲ့အယူဝါဒတွေကို ဆင်ကန်းတောတိုး မျက်စိမှိတ်ယုံကြည် နေသူတွေကလဲ ဒုနဲ့ဒေးဘဲ။

ဒီနေရာမှာ ဝိဂြိုဟ်ရဲ့ ဆိုလိုချက်က စိတ်ရဲ့ သဘော သက် သက်၊ စိတ်ရဲ့လက္ခဏာကိုပြတဲ့ အဓိပ္ပါယ်ဘဲ။ စိတ်ကြောင့်အာရုံ ဖြစ်တယ်လို့ ဆိုတာမှ မဟုတ်ဘဲ။ ဝိဂြိုဟ်ကိုဖွင့်ပြတဲ့ (ဋီကာ

ကျော်)ဆရာက သူ့အထောက်အထား ခိုင်လုံအောင်ဘုရားဟော ဖြစ်တဲ့။

(ယထာဟ ဝိသယဝိဇာနနလက္ခဏံ စိတ္တန္တိ) ပါဠိကို ကိုးကားပြပါတယ်။ ယထာဟ၊ ဘုရားဘယ်လိုဟောသလဲ။စိတ္တံ၊ စိတ်သည်။ ဝိသယဝိဇာနနလက္ခဏံ၊ အာရုံကိုသိခြင်းလက္ခဏာ ရှိ၏။ အဓိပ္ပါယ်က စိတ်ဟာ အာရုံကိုသိခြင်း လက္ခဏာရှိတယ် လို့ဆိုတာဘဲပေါ့။

ဋီကာကျော်ဆရာဟာ ဘာကြောင့် ဒီဘုရားဟော ပါဠိကို ထုတ်ပြရသလဲဆိုရင်။

(ဧတေန နိရာရမ္မဏဝါဒိမတံ ပဋိက္ခိတ္တံဟောတိ) ဧတေန၊ထိုဘုရားဟောကိုသာဓကပြုရသဖြင့်။နိရာရမ္မဏဝါဒိမတံ၊ အာရုံနှင့်ကင်းပြီး စိတ်ဖြစ်၏ ဟူသောဝါဒကို။ပဋိက္ခိတ္တံ၊ ပယ် အပ်သည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကတော့ အာရုံနဲ့ ကင်းပြီး စိတ်ဖြစ်တယ်ဆိုတဲ့ ဝါဒကို နှစ်စေလို့ တားမြစ်လိုလို့ဘဲ။ ဒီတော့ အချို့သော အတ္တနောမတိ ဝါဒရှင်တို့ရဲ့ စိတ်ကြောင့် အာရုံဖြစ်တယ်ဆိုတဲ့ ယူဆချက်များဟာ ဂဂ်ါဝါဠု သဲစုမက ပွင့်တော်မူခဲ့ကြတဲ့ ဘုရားအဆူဆူထဲက ဘယ်ဘုရား ကိုယ်တော်မြတ်ကမှဟောကြား မိန့်မြွက်တော်မမူခဲ့ဘူးဆိုတာ ဓမ္မမိတ်ဆွေ သေသေချာချာ, စွဲစွဲ မြဲမြဲ,မှတ်ထားပေတော့။

တကယ်တော့ အတ္တနောမတိ ဝါဒရှင်တို့ရဲ့ အရေးအသား တွေဟာ မတည်မြဲဘူး၊ မှုမမှန်ဘူးလို့ ဆိုရရင် မှားမယ်မဟုတ်

ပါဘူး။ ဘာပြုလို့လဲဆိုတော့ သူတို့စကားတွေ အသုံးအနှုန်း တွေကိုက ရှေ့တမျိုးနောက်တမျိုး ဖြစ်နေလို့ဘဲ။

ဒီတော့ သူတို့စကားတွေရဲ့ ရှေ့နောက်မညီညွတ်ပုံကို ကြည့်ကြရအောင်။

အတ္တနောမတိ ဝါဒရှင်တို့၏ ရေးသားချက် တနေရာမှာ ရေးသားထားပုံက....

"ထင်ရှားအောင်ကတော့ မိမိတို့စိတ်က အာရုံပြုမှ အာရုံဆို တာရှိတယ်။ မိမိစိတ်က အာရုံမပြုရင် အာရုံဆိုတာ လုံးဝမရှိ၊ စင်စင်ကြီးကင်းနေ၏" လို့ဆိုတယ်။

ဒီစကားရဲ့ အဓိပ္ပါယ်ကတော့ အာရုံဆိုတာ စိတ်က အာရုံ ပြုမှဖြစ်ရတယ်၊ စိတ်က အာရုံမပြုတဲ့အခါ အာရုံမရှိဘူး။ စိတ် ဟာ အာရုံနှင့်ကင်းနေတယ်လို့ ဆိုတဲ့သဘောဘဲ။

တခါ နောက်တနေရာကျပြန်တော့တမျိုးရေးသားထားပုံက။

"စိတ်ဆိုတာ အာရုံနှင့်မကင်းကောင်းပါဘူး"လို့ ဆိုထား ပြန်ရော။

ဒီစကားနှစ်ရပ်ဟာ ဘယ်လိုမှ ဆက်စပ်မရအောင် ထိပ်တိုက် ကြီး လွဲချော်နေပါတယ်။ မြင်ပါရဲ့လား? သဘောပေါက်ပါရဲ့ လား? ဓမ္မမိတ်ဆွေ။

အတ္တနောမတိ ဝါဒရှင်တို့ရဲ့ ရေးသားချက် ဟောပြောချက် တွေမှာဒီလိုအလွဲအချော် အဆီအငေါ်မတဲ့တာတွေကို အများ

ကြီးတွေ့ရတယ်။ အခုတမျိုး, အတော်ကြာတမျိုး, ရှေ့ကဖုံး, နောက်ကပေါ်ဆိုတာလို ဖြစ်နေတော့တာပေါ့။ ဒီတော့ရှေ့ကိုလဲ ယင်းဝါဒရှင်တွေရဲ့ အမှားတွေကို ဆက်လက်ရေးရအုံးမှာဘဲ။ စေ့စေ့စပ်စပ် သေသေချာချာ ဂရုစိုက်လို့သာ ဘတ်ပေတော့ ဓမ္မမိတ်ဆွေ။

(ဤအခဏ်း၏ ဆိုလိုရင်း အကျဉ်းချုပ်)

အတိုင်းတိုင်းထား ဝါဒရှင်များက စိတ်ကြောင့် အာရုံ ဖြစ်သည်ဟု အယူရှိသည်။

ကျမ်းစာရေးသူ၏ အမြင် (သို့မဟုတ်) အယူအရပ်ရပ်သော ပါဠိသာဓကများကို ထောက်ထား၍ အာရုံကြောင့်သာ စိတ်ဖြစ်သည်ဟူ၍။

## ဝေဘန်ခဏ်း(၂)

(ယောဂီလက်စွဲ သုံးဆောင်တွဲမှ)

အချို့သော ဝါဒရှင်တို့၏ ရေးသားချက်။ "စင်စစ်တော့ ပကတိစိတ်ကို လောဘ၊ ဒေါသလာယှဉ်လျှင် လောဘ ဒေါသ တရားနဲ့နေရမှာဘဲ။ လောဘ ဒေါသတရားတွေ ဖြစ်မနေရင်၊ ၎င်းလောဘ ဒေါသ တရားတွေရဲ့ ကုန်ရာငြိမ်းရာ နိဗ္ဗာန်တရားနဲ့ နေပြီးသားဆိုတာ ထင်ရှားနေတယ်မဟုတ်လား။?"

ဒီနေရာမှာတော့(ပကတိစိတ်)ဆိုတဲ့ စကားလုံးကိုဘဲ ဦးတည် ဝေဘန်လိုပါတယ်။

၁။ ပကတိစိတ်ဆိုတာ ဘာကိုခေါ်သလဲ?

၂။ ပကတိစိတ်ဆိုတာလောဘ ဒေါသတွေနဲ့ယှဉ်ပါသလား?

ဒီပြဿနာနှစ်ရပ်ကို ဖြေရှင်းလိုက်ရင်ဘဲ အတ္တနော မတိ၊ ဝါဒရှင်တို့ရဲ့ လိမ်ကွက်၊ လှည့်ကွက်တွေဟာ အကွင်းလိုက်၊ အကွင်းလိုက် ဖုံးမရ၊ ဖိမရအောင် ပေါ်လာပါလိမ့်မယ်။

ပကတိစိတ်ဆိုတာ ဘာကိုခေါ်သလဲ?

အချို့သောဝါဒရှင်တို့က ပကတိ စိတ်အရ၊ စေတသိက်နဲ့ ကင်းနေတဲ့စိတ်ကိုကောက်ယူပြီး၊ အဲဒီစိတ်မှာ လောဘ ဒေါသ ဆိုတဲ့ စေတသိက်တွေယှဉ်လာရင်၊ ဒီလောဘ ဒေါသတွေနဲ့ နေရမှာဘဲလို့ ရေးထားတယ်။ ဖြစ်နိုင်၊ မဖြစ်နိုင်၊ ဟုတ်နိုင်၊ မဟုတ်နိုင် စဉ်းစားကြ၊ ဝေဘန်ကြပါစို့။

စိတ်ဆိုတာ စေတသိက်နဲ့ကင်းပြီး ဖြစ်ရိုးထုံးစံမရှိပါဘူး။ သင်္ဂဟမှာ (ဧကုပ္ပါဒ ဧကနိရောဓ)လို့ ဆိုတယ်။ စေတသိက်ဟာ စိတ်နဲ့အတူဖြစ်တယ်။ အတူချုပ်တယ်။ ဒီတော့ သူတို့ယူဆတဲ့ စေတသိက်နဲ့ကင်းနေတဲ့ (ပကတိစိတ်)ဆိုတာ ဖြစ်နိုင်ပါ့မလား? ဒါဖြင့် ပကတိစိတ်ဆိုတာ ဘာလဲ?၊ ဘယ်စိတ်ကို ပကတိစိတ်အရ ကောက်ယူရမှာလဲ?

မူလပဏ္ဏာသ အဋ္ဌကထာမှာ

(သဗ္ဗသတ္တာ ဟိ ပကတိစိတ္တေန ဘဝင်္ဂစိတ္တေနေဝ ကာလံ ကရောန္တိ)

ဟိ သစ္စံ၊ မှန်၏။ သဗ္ဗသတ္တာ၊ ခပ်သိမ်းကုန်သော သတ္တဝါတို့သည်။ ပကတိစိတ္တေန၊ ပကတိ စိတ်ဖြစ်သော။ ဘဝင်္ဂစိတ္တေနေ

ဝ၊ ဘဝင်စိတ်ဖြင့်သာလျှင်။ ကာလံ၊ သေခြင်းကို။ ကရောန္တိ၊ ပြုကုန်၏။

မြန်မာလိုကတော့ ခပ်သိမ်းသောသတ္တဝါတို့ဟာ ပကတိ စိတ်ဖြစ်တဲ့ ဘဝင်စိတ်နဲ့သာ သေကြရပါတယ်။ ဒါကတချက်။

ဓမ္မပဒ အဋ္ဌကထာမှာလဲ။

(ပကတိမနော ဟိ ဘဝင်္ဂစိတ္တံ)လို့ဆိုတယ်။ ပကတိမနော (သို့မဟုတ်)ပကတိ စိတ်ဆိုတာ ဘဝင်စိတ်ပါဘဲတဲ့။ ဒါက တချက်။ ဒီနှစ်ချက်ကို ထောက်ထားပြီးတော့ ပကတိ စိတ်ဆိုတာ (ဘဝင်စိတ်)ဘဲလို့ ဓမ္မမိတ်ဆွေ သေသေချာချာ မှတ်ခဲ့ပါ။ ပကတိစိတ်ဟာ လောဘ ဒေါသတွေနဲ့ ယှဉ်ပါသလား?

ခုနက ကောက်ပြခဲ့တဲ့ ပကတိစိတ်ခေါ်တဲ့ ဘဝင်စိတ်ဟာ အချို့သော ဝါဒရှင်ဆရာကြီးများရေးသလို လောဘ၊ ဒေါသတွေနဲ့ ယှဉ်ပါသလား?။

ဓမ္မမိတ်ဆွေဟာ သင်္ဂြိုဟ်သင်ဘူးသူတယောက်ဆိုရင် ဒီပြဿနာဟာပြီးနေပြီ၊ ပြောနေစရာတောင် မလိုတော့ဘူး၊ သင်္ဂြိုဟ်မသင်ဘူးတဲ့ ဓမ္မမိတ်ဆွေများကတော့ ယောင်လည်လည် ဖြစ်နိုင်တယ်။ ဖြစ်လဲ ဖြစ်နေကြတယ်။ တကယ်တော့ ပကတိစိတ်ဆိုတဲ့ဘဝင်စိတ်မှာ လောသ၊ ဒေါသစတဲ့ အကုသိုလ် စေတသိက်တွေ မယှဉ်ပါဘူး။ ဘဝင်စိတ်ဟာ အဗျာကတ တရားဖြစ်တယ်။ လောဘ ဒေါသစေတသိက်တွေက အကုသိုလ်စိတ်မှာသာ ယှဉ်နိုင် ကြတယ်။ အဗျာကတဖြစ်တဲ့ ဘဝင်စိတ်မှာ မယှဉ်နိုင် ကြဘူး။ ရှင်းပြီလား ဓမ္မမိတ်ဆွေ?

အဲဒီတော့ အတ္တနောမတိ ဝါဒရှင်ဆရာကြီးတွေဟာ ပကတိ

စိတ်အရ ဘာစိတ်ကိုကောက်ရမှန်းမသိတော့ နောက်စကားတွေလဲ ကမောက်ကမဖြစ်ကုန်တော့တာဘဲ။ အစမှားရင် နောင်လဲ မီးခိုးကြွက်လျှောက်မှားတတ်တာဟာ နိယာမတရားဘဲ။ ပကတိစိတ်ဟာ လောဘ ဒေါသနဲ့ မယှဉ်တာကိုတော့ ဓမ္မ မိတ်ဆွေ သဘော ပေါက် လောက်ပြီ။ ဒါဖြင့်ရင် ("လောဘ ဒေါသနဲ့ မယှဉ်တဲ့အခါ နိဗ္ဗာန်တရားနဲ့ နေပြီးသား")လို့ ပြောကြတဲ့ အချို့သောဝါဒရှင်တို့ရဲ့တရားဟာ မှန်တော့မလိုလို ဖြစ်နေပြန်ရော။ မှန်ကော မှန်ပါရဲ့လား?၊ မှန်လိမ့်မယ်လို့ကော ထင်ပါသလား?၊ ပကတိစိတ်ဟာ နိဗ္ဗာန်ကို အာရုံ ပြုနိုင်ပါသလား?၊ ပကတိစိတ်ဟာ လောဘ-ဒေါသတွေနဲ့ မယှဉ်သလို့ နိဗ္ဗာန်ကိုလဲ အာရုံမပြုနိုင်ပါဘူး။

ဒါဖြင့် ပကတိစိတ်ဟာ ဘယ်အာရုံကို အာရုံ ပြုပါသလဲ? ပကတိစိတ်ဟာ ကံ ကမ္မနိမိတ်၊ ဂတိနိမိတ်၊ သုံးမျိုးမှာ တမျိုးမျိုးကို အာရုံပြုတယ်ဆိုတာကို သင်္ဂဟမှာ....

"ဒွါရဝိမုတ္တာနဉ္စ ပဋိသန္ဓိ ဘဝင်္ဂ စုတိသင်္ခါတာနံ ဆဗ္ဗိဓမ္ပိ ယထာသမ္ဘဝံ ယေဘုယျေန ဘဝန္တရေ ဆဒွါရဂ္ဂဟိတံ ပစ္စုပ္ပန္နမတီတံ ပညတ္တိဘူတံဝါ ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တ သမ္မတံ အာရမ္မဏံ ဟောတိ"လို့ ဆိုထားပါတယ်။သင်္ဂဟပါဠိက သိပ်ထင်ရှားနေတဲ့အတွက် မြန်မာပြန်စရာလိုမယ်မထင်ဘူး။ ဒီဘဝင်စိတ်ဖြစ်နေတာကိုသာ ငြိမ်းနေတယ်၊ အေးနေတယ်၊ နိဗ္ဗာန်နဲ့နေတယ်လို့ ဆိုကြစတမ်းဆိုရင်၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ပါရမီ ဖြည့်စရာမလိုတော့ဘူး၊ ပွင့်တော်မူစရာ မလိုတော့ဘူး၊ (၄၅)ဝါ

ပတ်လုံး တရားဟောနေစရာ မလိုတော့ဘူး၊ ဘာကြောင့်လဲဆို ရင် အိပ်ပျော်နေသူတိုင်းဟာ ''ဘဝင်စိတ်နဲ့ အိပ်နေကြလို့ပါ ဘဲ''။

အိပ်ပျော်နေသူတွေရဲ့ သန္တာန်မှာ ဘဝင်စိတ်ခေါ်တဲ့ ပက တိစိတ်တွေဖြစ်နေတယ်၊ လောဘဒေါသနဲ့လဲ မယှဉ်ဘူး။ သူတို့ ဟာ နိဗ္ဗာန် အာရုံနဲ့နေကြတာလား?

သတိထားပြီး စဉ်းစားပါ ဓမ္မမိတ်ဆွေ။

ကဲ၊ နိဗ္ဗာန် ရောက်ချင်ရင်၊ ငြိမ်းချင်ရင်၊ အိပ်လို့သာ နေပေ တော့။ ငြိမ်းရာ အေးရာဖြစ်တဲ့ နိဗ္ဗာန် တရားနဲ့တော့၊ အတ္တနော မတိ ဝါဒရှင်ကြီးတွေ ပြောသလို နေရမှာ မဟုတ်ဘူး၊ အအိပ် ကြီးတယ်ဆိုပြီး အိမ်သူသက်ထားက အဆူခံရမှာတော့ သေချာ ပါတယ်။

ဒါဖြင့် အထက်ကဆိုခဲ့တဲ့စကားအတိုင်း ဘဝင်စိတ်ဟာအိပ် ပျော်နေသူရဲ့သန္တာန်မှာသာ ဖြစ်သလားလို့မေးစရာရှိပါတယ်။ ဒီလိုလဲ မဟုတ်ပါဘူး?။ ဘဝင်စိတ်ဆိုတာ အိပ်ပျော်နေသူတွေရဲ့ သန္တာန်မှာသာမဟုတ်၊ ဝီထိတခုနဲ့တခုအကြား အကြား၊အကူး အပြောင်းမှာလဲဖြစ်ပါသေးတယ်။များသောအားဖြင့် ဖြစ်တာကို သာ ရည်ရွယ်ပြီး အိပ်ပျော်နေသူတွေရဲ့သန္တာန်မှာ ဘဝင်စိတ် တွေဖြစ်နေတယ်လို့ ရေးလိုက်တာဖြစ်ပါတယ်။

နိရောဓ သမာပတ်ဝင်စားတဲ့ အချိန်ကိုချန်လှပ်ပြီးတော့ စိတ် တရားတို့ရဲ့ မဖြစ်တဲ့ကွက်လပ်ဆိုတာမရှိပါဘူး။

သတ္တဝါတဦးရဲ့ သန္တာန်မှာ ဘဝင်စိတ်နဲ့ ဝီထိစိတ် နှစ်မျိုးဟာ ပဋိသန္ဓေနေတဲ့အချိန်ကစပြီးတော့ သေတဲ့အချိန်ထိ မပြတ်အောင်ဖြစ်နေပါတယ်။ ပဋိသန္ဓေနဲ့ စုတိအကြားမှာ ဝီထိစိတ်နဲ့ ဘဝင်စိတ်ပြတ်နေမှုဆိုတဲ့ ကွက်လပ်မရှိဘူးဆိုတာ သတိရှိစေချင်ပါတယ်။

သာဓကဆိုပါစို့၊သင်္ဂဟမှာ....

"အသတိ ဝီထိစိတ္တုပ္ပါဒေ ဘဝဿ အင်္ဂဘာဝေန ဘဝင်္ဂသန္တတိ သင်္ခါတံ မာနသံ အဗ္ဗောစ္ဆိန္နံ နဒီသောတောဝိယ ပဝတ္တတိ"လို့ ဆိုထားတာရှိပါတယ်။

ဝီထိစိတ္တုပ္ပါဒေ၊ ဝီထိစိတ်တို့၏ ဖြစ်ခြင်းသည်။ အသတိ၊ မရှိသော်။ ဘဝဿ၊ ဘဝ၏။ အင်္ဂဘာဝေန၊ အကြောင်း၏ အဖြစ်ဖြင့်။ ဘဝင်္ဂသန္တတိ သင်္ခါတံ၊ ဘဝင်အစဉ်ဟုဆိုအပ်သော။ မာနသံ၊ စိတ်သည်။ အဗ္ဗောစ္ဆိန္နံ၊ မပြတ်။ နဒီသောတောဝိယ၊ မြစ်ရေအယဉ်ကဲ့သို့။ ပဝတ္တတိ၊ ဖြစ်၏။ ဆိုလိုချက်ကဝီထိစိတ်ဖြစ်ရင်ဖြစ်၊ မဖြစ်ရင် ဘဝင်စိတ်ဖြစ်တယ်။ ဝီထိစိတ်သာ မဖြစ်ရင် ဘဝင်စိတ်တွေဟာ မြစ်ရေအယဉ်လို အဆက်မပြတ်ဖြစ်နေတယ်လို့ ဆိုတယ်။ ဒီတော့ ဝီထိစိတ်ရော ဘဝင်စိတ်ပါ မဖြစ်တဲ့(ကွက်လပ်)ဆိုတာ မရှိဘူးလို့ ပုံသေကားချ မှတ်ထားပါ၊ ဒါက စပ်မိလို့ ရေးတဲ့ စကားချပ် ဆိုကြပါစို့။

ဒေသနာလာအတိုင်း ပကတိစိတ်အရ ဘဝင်စိတ်ကိုကောက်ယူပြီး ဝေဘန်ခဲ့ပြီ၊ ဒေသနာမှာ လာတဲ့ ဘဝင်စိတ်ဟာဖြင့်

သူတို့ရေးသလို လောဘ-ဒေါသနဲ့ယှဉ်ရင်, လောဘ-ဒေါသနဲ့နေလိုက်၊ လောဘ—ဒေါသနဲ့မယှဉ်ရင် နိဗ္ဗာန်နဲ့ နေတယ် ဆိုတဲ့ ယူဆချက်ဟာ မဖြစ်နိုင်ပုံ၊ ဒေသနာနဲ့မကိုက်ပုံ၊ လွဲနေပုံ၊ ချော်နေပုံ ကိုတော့ ဓမ္မမိတ်ဆွေ သဘောပေါက်ပါပြီ။

ဒါပေမဲ့ အတ္တနောမတိ ဝါဒရှင်ဖြစ်တဲ့ သူတို့တတွေဟာ ယုံကြည်အပ်တဲ့ သူတွေမဟုတ်ဘူး။ ခုတမျိုး-ခုတမျိုး လုပ်တတ်တဲ့ အလေ့ရှိတယ်။ ဒီတော့ အထက်က ရေးခဲ့တာတွေထဲက ပကတိစိတ်ခေါ်ပုံ သာဓကပြတဲ့ ပါဠိတွေဟာ အဋ္ဌကထာဖြစ်နေတော့ မလေးနက်ဘူး။ လက်မခံနိုင်ဘူး ဆိုပြီး တွေ့ကရာ စာတွေကို ပါဠိတော် အမည်တပ်၊ ပကတိစိတ်အရ တခုခုကိုကောက်ပြပြီး၊ မလိမ့်တပတ် လုပ်ကောင်းလုပ်လိမ့်မယ်။

ဒီလိုမလုပ်နိုင်အောင် ပကတိစိတ်ဟာ သူတို့ကောက်ချင်တဲ့စိတ်ကိုကောက်၊ သူတို့ရေးတဲ့အတိုင်းတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးဆိုတာ ကာကွယ်နိုင်အောင်, ဆက်ပြီးဆန်းစစ်ကြအုံးစို့။ စဉ်းစားဖတ်,ဓမ္မမိတ်ဆွေ။

စိတ်ကိုမကျဉ်းမကျယ် သရုပ်ခွဲလိုက်ရင်, အကုသိုလ်စိတ်, ကုသိုလ်စိတ်, အဗျာကတစိတ်ရယ်လို့ သုံးမျိုးရှိတယ်၊ဒီသုံးမျိုးထဲက သူတို့က ပကတိစိတ်ဟာ (အကုသိုလ် စိတ်) ပါလို့ ပြောခဲ့ရင် ဒီအကုသိုလ်စိတ်ဟာ လောဘ,ဒေါသ,တွေနဲ့ ယှဉ်တာကတော့ မှန်တယ်။မယှဉ်တဲ့အခါ ငြိမ်းနေသလား?။ နိဗ္ဗာန်တရားနဲ့နေပါသလား လို့ပြန်မေးရပါလိမ့်မယ်။ မိုးနဲ့မြေကြီး လင်းကွင်းတီး

တာကမှ ဖြစ်ကောင်းဖြစ်လိမ့်အုံးမယ်။ အကုသိုလ်စိတ်ကနိဗ္ဗာန်ကိုအာရုံပြုနိုင်တယ် ဆိုတာဟာ လုံးဝမဖြစ်နိုင်တာဘဲ။

နောက်တခါ ပကတိစိတ်အရ ကုသိုလ်စိတ်ကို ကောက်ယူရပါတယ် လို့ဆိုခဲ့ရင်၊ မှန်တယ်။ တချို့သောကုသိုလ်စိတ်နဲ့၊ မဂ်ကုသိုလ်စိတ်ဟာ နိဗ္ဗာန်ကို အာရုံပြုနိုင်တယ်၊ သူတို့ပြောသလို နိဗ္ဗာန်နဲ့နေနိုင်တယ်။ သို့သော် နိဗ္ဗာန်တရားနဲ့ မနေတဲ့အခါ လောဘ,ဒေါသ တွေနဲ့မနေနိုင်ပါ။

ရှင်းပါရဲ့လား ဓမ္မမိတ်ဆွေ?

သူတို့ဝါဒရဲ့ပကတိစိတ်ဟာ—

၁။ လောဘ,ဒေါသနဲ့ယှဉ်ရင် လောဘ,ဒေါသ နဲ့နေရမယ်။

၂။ လောဘ, ဒေါသနဲ့မယှဉ်ရင် နိဗ္ဗာန်နဲ့နေရမယ်။ ဒီအင်္ဂါနှစ်ချက်နဲ့ပြည့်စုံမှ သူတို့လိုချင်တဲ့ ပကတိစိတ်နဲ့ ကိုက်မှာကိုး။

တခါ,ပကတိစိတ်ဟာ ကြိယာစိတ်ပါလို့ ဆိုလာပြန်ပြီ ဆိုပါတော့၊ တချို့ကြိယာဇောစိတ်တွေဟာ နိဗ္ဗာန်တရားနဲ့နေနိုင်တယ်။ ဒါပေမဲ့ နိဗ္ဗာန်တရားနဲ့ မနေတဲ့အခါ သူတို့ရေးသလို လောဘ,ဒေါသတွေနှင့်တော့မနေနိုင်ပါဘူး။

ကျန်တဲ့ကြိယာစိတ်တွေကျတော့ လောဘ,ဒေါသတွေနဲ့လဲ မယှဉ်ဘူး။ နိဗ္ဗာန်ကိုလဲ အာရုံမပြုနိုင်ဘူး။

နောက်ဆုံး ဝိပါက်စိတ်တွေထဲကဖိုလ်စိတ်ကို ပကတိစိတ်အရ ဖိုလ်စိတ်ကို ကောက်ယူပါတယ်လို့ ပြောခဲ့သော် တချို့သော ကြိယာစိတ်နည်းတူ လောဘ၊ ဒေါသနဲ့ မယှဉ်တာကြောင့် သူတို့ ရေးသလို(ပကတိစိတ်)မဖြစ်နိုင်ပါဘူး။

ကဲ-ဓမ္မမိတ်ဆွေ၊ စိတ်တွေတော့ ကုန်သွားပြီ၊ သူတို့တင်ပြ ယူဆရေးသားတဲ့ပကတိစိတ်မျိုး၊ လောဘ၊ ဒေါသတွေယှဉ်လာ ရင်လောဘ၊ ဒေါသတွေနဲ့ နေရမှာဘဲ၊ လောဘ၊ ဒေါသတရား ဖြစ်မနေရင်၊ ၎င်း လောဘ၊ ဒေါသ တရားတွေရဲ့ ကုန်ရာ၊ ငြိမ်းရာ၊ နိဗ္ဗာန်တရားနဲ့ နေပြီးသားဆိုတဲ့ ပကတိစိတ်မျိုး ရှာတွေ့ပြီလား ဓမ္မမိတ်ဆွေ?

ကောက်ချင်တဲ့ စိတ်ကိုကောက်၊ သူတို့ရေးသလိုတော့ ဖြစ် မလာဘူး၊ သူတို့ရေးတဲ့အာဂံါနဲ့ ကိုက်ညီတဲ့ ပကတိစိတ်မျိုးဟာ ဒေသနာမှာမရှိဘူးလို့သာ မှတ်ချက်ချလိုက် မိပေတော့တယ်။

(ဤအခဏ်း၏ ဆိုလိုရင်း အကျဉ်းချုပ်)

တချို့သော ဝါဒရှင်များက ပကတိစိတ်ခေါ်တဲ့ ဘဝင်စိတ် ဟာ လောဘဒေါသနဲ့ ယှဉ်တဲ့အခါယှဉ်၊ မယှဉ်တဲ့အခါနိဗ္ဗာန် နှင့်နေသည်ဟုယူဆသည်။

ကျမ်းစာရေးသူ၏အမြင် (သို့မဟုတ်) အယူ အရပ်ရပ်သော ပါဠိသာဓကများ ထောက်ထား၍၊ ပကတိစိတ်ခေါ်တဲ့ ဘဝင် စိတ်ဟာ လောဘဒေါသတွေနဲ့လဲမယှဉ်၊ နိဗ္ဗာန်ကိုလဲ အာရုံ မပြုနိုင်ဟု အယူရှိသည်။

## ဝေဘန်ခဏ်း ( ၃ )

ကျောက်သဘော် (ထေရုပ္ပတ္တိ)မှ သူတို့၏ ရေးသားချက်။

"လုပ်ရင်တော့ ဘာစိတ်နဲ့ လုပ်တယ်ဆိုတာ ရှင်းအောင်မေး လိုက်အုံးမယ်၊ လောကီစိတ်နဲ့ လုပ်မှာလား? လောကုတ္တရာ စိတ်နဲ့ လုပ်မှာလား။? လောကုတ္တရာစိတ်မျိုးဆိုတာ လုပ်ရတာ မဟုတ်ဘူး။ ငြိမ်းချမ်းရေးဆိုတဲ့ နိဗ္ဗာန်ကို အောက်မေ့လို့ မို့ မျက်မှောက်ပြုနေလို့, နားနေလို့ မို့, ငြိမ်းသော စိတ်သာလျှင် ဖြစ်၍နေတာ၊ အလုပ်လုပ်တဲ့ စိတ်မျိုးမဟုတ်ဘူး"

"ခင်ဗျားတို့အလုပ်လုပ်တယ် ဆိုတာကတော့ လောကီစိတ်နဲ့ လုပ်တာ၊ လောကီစိတ်ဆိုလို့ ရှိရင် ဒုက္ခမဖြစ်ဘူးလား၊? ဖြစ်သ လား၊? ခင်ဗျားတို့ စာလေး,ဘာလေးသင်ဘူးကြမှာပေါ့၊လော ကီစိတ်ဖြစ်လို့ရှိရင်, ဒုက္ခသစ္စာ ဖြစ်မှာ အမှန်လို့ ဟောခဲ့တာရှိ ပါတယ်" တောဘူမကံ ဝဠ္ဍ ဒုက္ခံလို့ ဘုရားဟောခဲ့ပါတယ်။

အဲဒါကို ဘုန်းကြီးကတော့ အများနားလည်အောင် လွယ် လွယ်ဘဲ ဖြေလိုက်တာ၊ လုပ်သမျှ ဒုက္ခဘဲလို့ ဟောခဲ့ပါတယ်"

အထက်က စကားနှစ်ရပ်ရဲ့ လိုရင်းချက်ကို ကောက်ချက်ချ လိုက်ရင်း....

၁။ အလုပ်လုပ်သော စိတ်သည် လောကီစိတ်သာဖြစ်တယ်။

၂။ လောကီစိတ်နဲ့ လုပ်ရင် ဒုက္ခဖြစ်တယ်၊ လုပ်သမျှဒုက္ခဖြစ် တယ်လို့ သဘောရတယ်။

တမဂ်,တဖိုလ်ကိုရဘို့ အလုပ်လုပ်ရမဲ့ စိတ်ဟာ လောကီစိတ်

ဖြစ်တယ်။ လောကုတ္တရာစိတ်က အလုပ်လုပ်ရမဲ့ စိတ်မဟုတ်ဘူး လို့ဆိုတယ်၊ မှန်ကန်သော စကားရပ်လို့ဆိုသင့်ပါတယ်။

ဒီတမင်္ဂတဖိုလ်ကိုရဘို့ လောကီစိတ်နဲ့ လုပ်ရမယ်လို့ အထက်ကဆိုခဲ့ပြီးတော့ နောက်နားကျပြန်တော့ လုပ်သမျှ ဒုက္ခလို့ ဆိုထားပြန်တယ်။ ရှေ့နောက်စကားနှစ်ရပ်ဟာ မျဉ်းဖြောင့် တခုပေါ်မှာ ကျောပေးသွားနေကြတဲ့ လူနှစ်ယောက်လို ဆက်စပ်လို့မရဘဲ တမျိုးစီဖြစ်နေကြတယ်။

ဒီတော့ သူတို့ပြောတဲ့အတိုင်း လောကီစိတ်နဲ့ လုပ်သမျှ ဒုက္ခသာဖြစ်ပြီး၊ ဒုက္ခကင်းရာ မဂ်ဉာဏ် ဖိုလ်ဉာဏ် စသည်ကိုမရတော့ဘူးလားလို့ ဆန်းစစ်ရလိမ့်မယ်၊ ဝေဘန်ရလိမ့်မယ်၊ ကြံရလိမ့်မယ်၊တွေးရလိမ့်မယ်။

လောကီစိတ်နဲ့လုပ်လို့ လုပ်သမျှ ဒုက္ခသာ ဖြစ်မယ်ဆိုရင်တော့ အရိယာအဖြစ်ကို ရအောင် ကြိုးစားကြ, ကျင့်ကြံပွားများကြတဲ့ ပုထုဇဉ်တွေဟာ အရိယာဖြစ်တော့မယ်မဟုတ်ဘူး။ ဘာကြောင့်လဲ? သူတို့ဟာ လောကီစိတ်နဲ့ လုပ်နေကြလို့ဘဲ၊ ဒါကြောင့် လုပ်သမျှ ဒုက္ခမဖြစ်ပါ၊

မလုပ်တတ်ရင် ဒုက္ခဖြစ်မယ်၊ မလုပ်ဘဲနေရင် ဒုက္ခဖြစ်မယ်၊ လုပ်မယ်၊ လုပ်တတ်မယ်ဆိုရင် ဒုက္ခမဖြစ်ဘူးဆိုတာ စွဲစွဲမြဲမြဲမှတ်ပါ။

ဥပမာ–ဆိုကြပါစို့။ ဝဋ္ဋနိဿိတနဲ့ ဝိဝဋ္ဋနိဿိတလို့ဘဲ။ ဝဋ္ဋကိုတောင့်တပြီးလုပ်ရင် ဒုက္ခဖြစ်မယ်။

ဝဋ်ရဲ့ချုပ်ငြိမ်းရာကို တောင့်တ ရည်မှန်းပြီးလုပ်ရင် ဒုက္ခ မဖြစ်နိုင်ပါဘူး။

လုပ်သမျှတိုင်း ဒုက္ခမဖြစ်ပုံ, ဒုက္ခက လွတ်ပုံကိုဘော့ သတိ ပဋ္ဌာနသုတ် အဋ္ဌကထာမှာ "ဉာယဿ အဓိဂမာယ" ကို "အယံ ဟိ ပုဗ္ဗဘာဂေ လောကိယော သတိပဋ္ဌာနမဂ္ဂေါ ဘာဝိတော လောကုတ္တရဿ မဂ္ဂဿ အဓိဂမာယ သံဝတ္တတိ" လို့ ဖွင့်ဆိုထား ပါတယ်။

ဟိ-သစ္စံ၊ မှန်၏။ ပုဗ္ဗဘာဂေ၊ လောကုတ္တရာမဂ်၏ ရှေ့အဘို့ ၌။ လောကိယော၊ လောကီဖြစ်သော။အယံ-သတိ ပဋ္ဌာနမဂ္ဂေါ၊ ဤသတိပဋ္ဌာန် တည်းဟူသော မဂ်ကို။ ဘာဝိတော၊ ပွားများ အပ်သည်ရှိသော်။ လောကုတ္တရဿ၊ လောကုတ္တရာ ဖြစ်သော။ မဂ္ဂဿ၊ အရိယာမဂ်ကို။ အဓိဂမာယ၊ ရခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။

ဒုက္ခသစ္စာဖြစ်တဲ့ လောကီမဂ်ကို အားထုတ်ခြင်းဟာ, လော ကုတ္တရာမဂ်ကိုရဘို့ဘဲလို့ ဆိုလိုတယ်။

ဒီနေရာမှာ ပုဗ္ဗဘာဂ မဂ်ခေါ်တဲ့ လောကီမဂ်ကို အားထုတ် လို့, လုပ်လို့, ဘာကြောင့် ဒုက္ခမဖြစ်ဘဲ မဂ္ဂသစ္စာဖြစ်ရတာလဲ? သူတို့ရေးသလို ဒုက္ခဖြစ်ပါတော့လား။?

ဒါကြောင့်-လောကီစိတ်နဲ့ လုပ်တိုင်းလဲ ဒုက္ခမဖြစ်ပါဘူး။ မဖြစ်တာလဲ ထင်ရှားတယ်။

အကျဉ်းချုံးလိုက်ရင် သူတို့ရေးသားချက်ဟာ-

၁။ ရှေ့နောက်ဆန့်ကျင်တယ်။

၂။ လုပ်သမျှတိုင်း ဒုက္ခမဟုတ်ဘူးဆိုတဲ့ အဖြစ်ကိုသာ ဓမ္မမိတ်ဆွေ ဝေဘန်ပါ၊ ဆန်းစစ်ပါလို့ လေးလေးနက်နက် တိုက်တွန်းပါရစေ။

---

## ဝေဘန်ခဏ်း(၄)

(မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်မှ) သူတို့၏ ရေးသားချက်။

၁။ ဝဋ်ထဲလည်ချင်လျှင် ဒုက္ခနှင့် သမုဒယသစ္စာနှစ်ပါးကို ကြိုးစားအားထုတ်လေ။

၂။ ဝဋ်အတွင်းကလွတ်ကင်းလိုလျှင်, နိရောဓနဲ့ မဂ္ဂသစ္စာ နှစ်ပါးကို ကြိုးစားအားထုတ်လေ။

သူတို့ရဲ့ ရေးသားချက်ဟာ သမ္မောဟ ဝိနောဒနီအဋ္ဌကထာ ဆရာရဲ့စကားနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတာကို တွေ့ရတယ်။

မှန်တယ်၊ သမ္မောဟ ဝိနောဒနီအဋ္ဌကထာ ဆရာက သစ္စဝိဘင်းမှာ

''တတ္ထ ပုရိမာနိ ဒွေသစ္စာနိ ဝဋ္ဋံ၊ ပစ္ဆိမာနိ ဝိဝဋ္ဋံ၊

တေသု ဘိက္ခုနော ဝဋ္ဋေ ကမ္မဋ္ဌာနာဘိနိဝေသော

ပဟောတိ၊ ဝိဝဋ္ဋေ နတ္ထိ အဘိနိဝေသော” လို့ ဆိုထား ပါတယ်။

တတ္ထ၊ ထိုသစ္စာလေးပါးတို့တွင်။ ပုရိမာနိ-ဒွေသစ္စာနိ၊ ရှေး သစ္စာ နှစ်ပါးတို့သည်။ ဝဋ္ဋံ၊ ဝဋ်သစ္စာမည်၏။ ပစ္ဆိမာနိ၊ နောက်သစ္စာနှစ်ပါးတို့သည်။ ဝိဝဋ္ဋံ၊ ဝဋ်ဆင်းရဲ ကင်းစေသော သစ္စာ မည်၏။ တေသု၊ ထိုဝဋ္ဋသစ္စာ ဝိဝဋ္ဋသစ္စာတို့တွင်။ ဝဋ္ဋေ၊ ဝဋ်သစ္စာ နှစ်ပါး၌။ ဘိက္ခုနော၊ ရဟန်း၏။ ကမ္မဋ္ဌာနာဘိနိဝေသော၊ ကမ္မဋ္ဌာန်းကို ဝင်ခြင်း, နှလုံးသွင်းခြင်းသည်။ ပဟောတိ၊ ဖြစ်၏။ ဝိဝဋ္ဋေ၊ ဝိဝဋ္ဋသစ္စာ၌။ အဘိနိဝေသော၊ နှလုံးသွင်းခြင်းသည်။ နတ္ထိ၊ မရှိ။

အဋ္ဌကထာဆိုလိုရင်းက နိရောဓနဲ့ မဂ္ဂသစ္စာနှစ်ပါးဟာ အား ထုတ်ရတဲ့သစ္စာမဟုတ်ဘူး၊ ဒုက္ခနဲ့ သမုဒယသစ္စာနှစ်ပါးကို အား ထုတ်လို့ ဝင်မလည်ဘူး၊ ဝင်ဘဲမလည်ချင်ရင်, ဒီသစ္စာနှစ်ပါးကို အားထုတ်ပါလို့ ဆိုလိုတယ်။ ဘယ်နှယ်လဲ ဓမ္မမိတ်ဆွေ?၊ ဒီအဆို နှစ်ခုဟာ အရှေ့နဲ့ အနောက်လို ဖြောင့်ဖြောင့်ကြီး ဆန့်ကျင် မနေပေဘူးလား။?

ဒါတင်မဟုတ်သေးဘူး။ သူတို့ရေးထားတဲ့နံပါတ်(၂)အချက် ကိုသုံးသပ်ကြအုံးစို့၊ သူတို့က “ဝဋ်အတွင်းက လွတ်ကင်းလိုချင်၊ နိရောဓနဲ့ မဂ္ဂသစ္စာနှစ်ပါးကိုအားထုတ်ရမယ်လို့” ဆိုတယ်။

အဋ္ဌကထာဆရာက ဒီသစ္စာနှစ်ပါးဟာ အားထုတ်ရမဲ့ သစ္စာ မဟုတ်ဘူးလို့ ဆိုထားတယ်၊ ဒီအချက်မှာလဲ “ကောင်းကင်နဲ့ မြေကြီး”လို တသီးတခြား ကွဲပြားနေပြန်တယ်။

ဒီတော့ သူတို့ဝါဒနဲ့ အဋ္ဌကထာဆရာရဲ့ ဝါဒဟာ၊ ဘယ်သူက မှန်သလဲဆိုတာကို ပါဠိတော်ကိုးကားပြီးစစ်တမ်းထုတ်ကြစို့။

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ သီလဝန္တသုတ်မှာ အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာကောဋ္ဌိက တို့အမေး အဖြေခဏ်းကို အကျဉ်းချုပ်ရေးပြပါမယ်။

အရှင်ကောဋ္ဌိက။ ။ငါ့ရှင် သာရိပုတ္တရာ၊ သီလနဲ့ပြည့်စုံတဲ့ ရဟန်းဟာ ဘယ်တရားကို နှလုံးသွင်းကြိုးစားအားထုတ်ရပါသလဲ။?

အရှင်သာရိပုတ္တရာ။ ။ငါ့ရှင် ကောဋ္ဌိက၊ သီလနဲ့ ပြည့်စုံတဲ့ ရဟန်းဟာ ပဉ္စုပါဒါနက္ခန္ဓာ ကွန္ဓာ ငါးပါးကို အနိစ္စ စသည်ဖြင့် နှလုံးသွင်း အားထုတ် ရမယ်။ အဲဒီလို နှလုံးသွင်းအားထုတ်ရင်၊ သောတာပတ္တိဖိုလ်ကို မျက်မှောက် ပြုရပါတယ်။ ဆက်ခါ၊ဆက်ခါ ဒီပဉ္စုပါဒါနက္ခန္ဓာကို အနိစ္စ စသည်ဖြင့် နှလုံးသွင်း အားထုတ်ရင်၊ အရဟတ္တဖိုလ်ရပြီး ရဟန္တာအထိဖြစ်နိုင်တယ်၊ ငါ့ရှင်ကောဋ္ဌိက။

ဓမ္မမိတ်ဆွေ၊ ဒီသီလဝန္တသုတ်ကို ထောက်ချင့်စဉ်းစားကြမယ်ဆိုရင် ပဉ္စုပါဒါနက္ခန္ဓာ ငါးပါးကို အနိစ္စ စသည်ဖြင့် အားထုတ်ရင် အရဟတ္တဖိုလ်တိုင်အောင် ရောက်နိုင်တယ်လို့ ဆိုပါတယ်။ အရဟတ္တဖိုလ်တိုင်အောင် ရောက်နိုင် တာနဲ့၊ ပဋိသန္ဓေ

နေခြင်းစသော ဝင့်ဆင်းရဲက အကြွင်းမဲ့ လွတ်မြောက်တာဟာ အတူတူဘဲမဟုတ်လား။?

ဒီလိုဆိုတော့ ဓမ္မမိတ်ဆွေ နားရှင်းအုံးမယ်မဟုတ်ဘူး။ နားရှင်းသွားအောင်၊ မျက်စိလည် ပြေသွားအောင် ပဋိစ္စသမုပ္ပါဒ်ကို သစ္စာဖွဲ့ပြဘို့လိုလိမ့်မယ်။ ဂရုစိုက် ဘတ်ပါ-ဓမ္မမိတ်ဆွေ။

ပဋ္ဌပါဒါနက္ခန္ဓာကို တရားကိုယ်ကောက်လိုက်ရင်၊ လောကီစိတ်"၈၁"ခု၊ စေတသိက် "၅၂"၊ ရုပ်"၂၈"ခု ရတယ်။ အဲဒီ ပဋ္ဌပါဒါနက္ခန္ဓာအရဖြစ်တဲ့ လောကီစိတ်၊ စေတသိက်၊ ရုပ်တွေကို သစ္စာဖွဲ့လိုက်ရင် လောကီစိတ်"၈၁"ခု၊ စေတသိက်"၅၂"ခုထဲက လောဘကိုချန်ထားပြီး၊ ကျန်တဲ့စေတသိက်"၅၁"ခု၊ ရုပ် "၂၈"ခုက ဒုက္ခသစ္စာဖြစ်လာတယ်။ စေတသိက်"၅၂"ခုထဲက "လောဘ"က သမုဒယသစ္စာဖြစ်လာတယ်။ ဒီတော့ (ပဋ္ဌပါဒါနက္ခန္ဓာ=လောကီစိတ်+စေတသိက်+ရုပ်=ဒုက္ခ၊သမုဒယသစ္စာ) လို့ ဖြစ်လာတယ်။ ရှင်းရှင်းကတော့ အမည်ကွဲပေမဲ့၊တရားကိုယ် အတူတူဘဲလို့ ဆိုချင်ပါတယ်။ဒီလောက်ကိုတော့ အဘိဓမ္မာ အပါးဝသူတိုင်း သိပြီးသား ဖြစ်ကြပါလိမ့်မယ်။

ဒီတော့ သီလဝန္တသုတ်ရဲ့ ဆိုလိုရင်းကို ဖြောင့်ဖြောင့် အဓိပ္ပါယ် ပြန်ယူလိုက်ရင် ပဋ္ဌပါဒါနက္ခန္ဓာခေါ်တဲ့ ဒုက္ခနဲ့ သမုဒယ သစ္စာနှစ်ပါးကို အားထုတ်ရင် အရဟတ္တဖိုလ် တိုင်အောင် ရောက်နိုင်တယ်၊ (ဝါ) ဝင့်ဆင်းရဲက ထွက်မြောက်တယ်လို့ အဓိပ္ပါယ်မရဘူးလား။?

ဒါဖြင့် ဝဋ်က ထွက်ချင်ရင် ဒုက္ခနှင့် သမုဒယ သစ္စာနှစ်ပါးကို အားထုတ်ရမယ်ဆိုတဲ့ အဋ္ဌကထာဆရာရဲ့ စကားဟာ၊ ခိုင်မာ မှန်ကန်ပြီးတော့ ဝဋ်ထဲ လည်ချင်ရင် ဒုက္ခနှင့် သမုဒယ သစ္စာနှစ်ပါးကို အားထုတ်ပါဆိုတဲ့ အချို့သော အတ္တနောမတိ ဝါဒရှင်တို့ရဲ့ စကားဟာ သွက်သွက်ခါအောင် မှားမနေဘူးလား။?

မှားနေတယ်။ သုံးမရအောင်မှားနေတယ်။ သဘောပေါက်ပါရဲ့လား မမ္မမိတ်ဆွေ၊? သဘောပေါက်ခဲ့ရင် ဝဋ်ကထွက်မြောက်ဘို့ ဒုက္ခနဲ့ သမုဒယ သစ္စာနှစ်ပါးကို ပွားများအားထုတ်ရမယ်ဆိုတဲ့ အဋ္ဌကထာဆရာရဲ့ ဝါဒနဲ့ ကိုက်ညီတဲ့ အမြင်မှန်ကို ဓမ္မမိတ်ဆွေ ရလောက်ပါပြီ။

ဒုတိယ အချက်ဖြစ်တဲ့ နိရောဓနှင့် မဂ္ဂသစ္စာနှစ်ပါးကို အားယုတ်ရမယ်ဆိုတဲ့ သူတို့ရေးသားချက်ကို ရှင်းဘို့ဘဲ ကျန်တော့တယ်။

အဋ္ဌကထာ ဆရာကလဲ ဒီသစ္စာနှစ်ပါးဟာ အားထုတ်ရမဲ့ သစ္စာမဟုတ်ဘူးလို့ အတိအလင်းဆိုထားတယ်၊ သီလဝန္တသုတ်ကလဲ တမဂ်တဖိုလ်ကိုရဘို့ ပဉ္စုပါဒါနက္ခန္ဓာ ခေါ်တဲ့ ဒုက္ခနဲ့ သမုဒယ သစ္စာနှစ်ပါးကိုသာ အားထုတ်ရမယ်လို့ ဆိုထားတယ်၊ ဒီတော့ နိရောဓနှင့် မဂ္ဂသစ္စာနှစ်ပါးဟာ အားထုတ်ရမဲ့ သစ္စာ မဟုတ်ဘူးဆိုတာ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေပါတယ်။

ကဲ–ဓမ္မမိတ်ဆွေ၊ ဝင်္ဂအတွင်းက လွှတ်ကင်းလိုလျှင် နိရောဓနှင့် မဂ္ဂသစ္စာနှစ်ပါးကို အားထုတ်ရမယ်ဆိုဘဲ့ အချို့သောဝါဒရှင်တို့၏ မဟာ အမှားတော်ကို မြင်ပြီ မဟုတ်လား။?

ဒီလို အဋ္ဌကထာ နည်းနဲ့ စာပေဟန်ကျကျ ဝေဘန်ပြလိုက်တော့ ...

နိရောဓနဲ့ မဂ္ဂသစ္စာနှစ်ပါးဟာ ဓမ္မစကြာနည်းနှင့်တော့အားထုတ်ဖြစ်တဲ့အကြောင်း တင်ပြနေကြပြန်တယ်။ တင်ပြသည့်အတိုင်း နိရောဓနှင့် မဂ္ဂသစ္စာနှစ်ပါးကို ဓမ္မစကြာနည်းဖြင့် အားထုတ်၍ ဖြစ်မဖြစ် ရှင်းတမ်းထုတ်ကြအုံးစို့။

နိရောဓ သစ္စာခေါ်တဲ့ နိဗ္ဗာန်ဆိုတာကတော့ လုပ်ရတဲ့တရားမျိုးမဟုတ်ဘူးလို့ဆိုတာ လေ့လာဘူးသူတိုင်း သိပြီးသားဖြစ်ပါလိမ့်မယ်၊ အထူးရေးစရာ မလိုပါဘူး။

မဂ္ဂသစ္စာအတွက် ဓမ္မစက္က ပဝတ္တနသုတ်မှာ "ဣဒံခေါပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ္စံ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ" ဟု ဟောတော်မူတယ်။

အဓိပ္ပါယ်က ဒုက္ခချုပ်ရာ နိဗ္ဗာန်ရောက်ဘို့အကျင့်ဟာ မဂ္ဂင်ရှစ်ပါးဘဲလို့ ဆိုပါတယ်၊ ဒီနေရာမှာ ဒေသနာမကျွမ်းကျင်ရင် နိဗ္ဗာန်ကိုရောက်ဘို့ မဂ္ဂသစ္စာကို ကျင့်ရမယ်၊ အားထုတ်ရမယ်လို့ အတွေးချော်ပြီး အယူအဆ လွဲတတ်ပါတယ်။

မဂ္ဂသစ္စာရဲ့ သဘောကို ဓမ္မမိတ်ဆွေ အကျဉ်းချုပ်နားလည်ထားစေချင်တာကတော့....

"မဂ္ဂသာ ဧကစိတ္တက္ခဏိကာ"အရ မဂ်ဆိုတာ တကြိမ်သာဖြစ်တယ်၊ ရှင်းရှင်းရေးရရင် ပုဂ္ဂိုလ်တဦးမှာ တကြိမ်သာ ဖြစ်ပြီးနောက်ထပ် ဘယ်တော့မှ မဖြစ်တော့ဘူးဆိုဒါ မှတ်ထားပါ။

ဒီထက် ရှင်းအောင်ရေးရရင် သောတာပတ္တိမဂ်စိတ်စသည်ဖြင့်ရှိတဲ့ မဂ်လေးခုလုံးဟာ၊ တကြိမ်စီသာ ဖြစ်တယ်လို့ ဆိုလိုပါတယ်၊ တကြိမ်စီသာဖြစ်ပြီး နိဗ္ဗာန်ရောက်သည်အထိ နောက်ထပ် ဘယ်တော့မှ ဖြစ်ရိုးထုံးစံမရှိဘူး၊အဲဒီမဂ်စိတ် တကြိမ်ဖြစ်တဲ့အခိုက်အတံ့မှာ ပါတဲ့ အတူဖြစ်တဲ့ မဂ္ဂင်တရားကိုယ် ရှစ်ပါးကိုဘဲ မဂ္ဂသစ္စာလို့ ဘုရားဟောတော်မူခဲ့တယ်။

အဲဒီလို စိတ္တက္ခဏ တချက်လောက်သာ အသက်ရှိတဲ့ အလွန်တိုတောင်းတဲ့ မဂ္ဂသစ္စာ အခိုက်အတံ့ကို၊ ကျင့်လို့ မဖြစ်ဘူး။ အားထုတ်လို့မရဘူး၊ မဖြစ်ဘူးဆိုတာ အကြမ်းဖျင်း စဉ်းစားရုံနဲ့ဘဲ နားလည်လောက်ပါတယ်၊ မဂ္ဂသစ္စာ ထိုက်တဲ့ မဂ္ဂင်ကိုလောကုတ္တရာ မဂ္ဂင်ခေါ်တယ်၊ ဒီလောကုတ္တရာမဂ္ဂင်က အားထုတ်လို့မရတာ သေချာတယ်၊ အဲ-အားထုတ်လို့ရတဲ့ မဂ္ဂင်တော့ရှိတယ်၊ ဒါပေမဲ့ အဲဒါက မဂ္ဂသစ္စာထိုက်တဲ့လောကုတ္တရာမဂ္ဂင်မဟုတ်ဘူး၊ ဒုက္ခသစ္စာထိုက်တဲ့ လောကီပုဗ္ဗဘာဂ မဂ်ခေါ်တယ်။

"ဒုက္ခနိရောဓဂါမိနိပဋိပဒါ" အရ ဒုက္ခသစ္စာ ထိုက်တဲ့ဒီလောကီ ပုဗ္ဗဘာဂ မဂ်ကိုပါ ယူသင့်တဲ့အကြောင်း။

သမ္မော အဋ္ဌကထာမှာ။

“သေ လောကုတ္တရော အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ယော သဟ လောကိယေန မဂ္ဂေန ဒုက္ခနိရောဓဂါမိနိပဋိပဒါတိ သင်္ချံ ဂတော”လို့ ဆိုပါတယ်။

သေ-သော၊ ဤသည်ကား။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါး ရှိသော။ လောကုတ္တရော၊ လောကုတ္တရာဖြစ်သော။ အရိယော မဂ္ဂေါ၊ အရိယာမဂ်တည်း။ ယော၊ ယင်းအရိယာ မဂ်သည်။ သဟ လောကိယေန မဂ္ဂေန၊ လောကီ ဝိပဿနာမဂ်နှင့် တကွ။ ဒုက္ခနိရောဓဂါမိနိပဋိပဒါတိသင်္ချံ၊ ဆင်းရဲငြိမ်းရာသို့ဆိုက်ရောက် သော အကျင့်ဟု ရေတွက်ခြင်းသို့။ ဂတော။ ရောက်၏။ လို့ဆို ထားပါတယ်။

ဒီနေရာမှာ လောကီမဂ္ဂင်နှင့် လောကုတ္တရာမဂ္ဂင် မကွဲရင် တော့ လောကုတ္တရာ မဂ္ဂင်များကို အားထုတ်လို့ဖြစ်တယ်။ အား ထုတ်ရမယ်လို့ ယူဆစရာပါဘဲ။ ယူလဲယူဆနေကြတယ်။ တကယ် ကတော့ မဂ္ဂသစ္စာထိုက်တဲ့ လောကုတ္တရာ မဂ္ဂင်များဟာ အား ထုတ်လို့ မဖြစ်ပါ၊ ဒုက္ခသစ္စာထိုက်တဲ့ ပုဗ္ဗဘာဂ မဂ်ခေါ်တဲ့ လောကီမဂ္ဂင် များကသာလျှင် အားထုတ်လို့ ရပါတယ်။ သို့အ တွက် ဝိသုဒ္ဓိမဂ်မှာ သောတာပတ္တိလို့ခေါ်တဲ့ မဂ္ဂသစ္စာကို ရဘို့ ဘာကိုအားထုတ်ရမလဲဆိုရင်....

“တတ္ထ ပဌမမဂ္ဂဉာဏံ တာဝ သမ္ပာဒေတု-ကာမေန အညံ ကိဉ္စိ ကာတဗ္ဗံ နာမ နတ္ထိ၊ ယဉှိ အနေန ကာတဗ္ဗံ၊ တံ အနုလောမာ-ဝသာနံ ဝိပဿနံ ဥပ္ပါဒေန္တေန ကတမေဝ။”

တတ္ထ၊ ထိုမဂ်ဉာဏ်လေးပါးတို့တွင်။ တာဝ၊ ရှေးဦးစွာ။ ပဌ

မ မဂ္ဂဉာဏံ-သမ္ပာဒေတု ကာမေန၊ ပဌမမဂ်ဉာဏ်ကို ပြီးစီးစေလိုသောသူသည်။ အညံ၊ ဝိပဿနာ ရှုမှတ်မှုမှတပါးသော။ ကိဉ္စိ ကာတဗ္ဗံ နာမ၊ တစုံတခုသော ပြုဘွယ်မည်သည်။ နတ္ထိ၊ မရှိချေ။ ဟိ၊ အကြောင်းကား။ အနေန၊ ဤဝိပဿနာယောဂီသည်။ ယံ၊ အကြင်မဂ်ဉာဏ်ဖြစ်ကြောင်းအမှုကို။ ကာတဗ္ဗံ-သိယာ၊ ပြုထိုက်သည်ဖြစ်ရာ၏။ တံ၊ ထိုပြုထိုက်သော မဂ်ဉာဏ်ဖြစ်ကြောင်းဟူသမျှကို။ အနုလောမာဝသာနံ ဝိပဿနံ ဥပ္ပါဒေန္တေန၊ အနုလောမဉာဏ် အဆုံးရှိသော ဝိပဿနာကို ဖြစ်စေလျက်။ ကတမေဝ၊ ပြုအပ်ပြီးသည်သာတည်း။ လို့ ဆိုတယ်။

ဆိုလိုတာက သောတာပတ္တိမဂ်ဉာဏ်ကို လိုချင်ရင်, ဒီ့ပြင်လုပ်စရာမရှိဘူး။ ပုဗ္ဗဘာဂမဂ်ခေါ်တဲ့, အနုလောမဉာဏ် အဆုံးရှိတဲ့ ဝိပဿနာကို အားထုတ်ရမယ်လို့ ဆိုတယ်။

အဲဒီ အနုလောမဉာဏ်ဖြစ်တဲ့, ပုဗ္ဗဘာဂမဂ်ကို သစ္စာဖွဲ့လိုက်ရင် ဒုက္ခသစ္စာရတယ် အဲဒီ ပုဗ္ဗဘာဂမဂ် ခေါ်တဲ့ ဒုက္ခသစ္စာကို အားထုတ်လို့ မဂ္ဂသစ္စာဟာ အလိုလို ဖြစ်လာရတယ်။ တနည်းအားဖြင့် ဝင်္ကလှတ်တယ်။

အဲဒီတော့ အဘ္ဘနေ့ာမတိ ဝါဒရှင်တွေရေးသလို ပုဗ္ဗဘာဂမဂ်ခေါ်တဲ့ ဒုက္ခသစ္စာကို အားထုတ်လို့ ဝင်္ဂမလည်ဘဲ၊ ဝင်္ဂကင်းရာ မဂ္ဂသစ္စာကို အလိုလိုရလာတာဟာ ထင်ရှားနေပြီ။

သူတို့ရေးတဲ့ အတိုင်း မဂ္ဂသစ္စာဆိုတာ အားထုတ်လို့ မဖြစ်ပုံ။ ပုဗ္ဗဘာဂမဂ်ခေါ်တဲ့ ဒုက္ခသစ္စာကိုအားထုတ်သဖြင့် ဝင်္ဂထဲမလည်ဘဲ၊ ဝင်္ဂကင်းသွားတာကို ဓမ္မမိတ်ဆွေ သဘောပေါက်ရင်, အတ္တ

နောမတိ ဝါဒရှင်ဆရာတို့ရဲ့ အရေး အသား, အဟော အပြော တွေဟာ ဓမ္မမိတ်ဆွေရဲ့ အသိဉာဏ်ကိုမလှည့်စားနိုင်တော့ပါဘူး။

သူတို့ရေးသားတဲ့စာပေတွေကိုက ရှေ့တမျိုး၊ နောက်တမျိုး၊ ဟိုနေရာတမျိုး၊ ဒီနေရာတမျိုး ဖြစ်နေပါတယ်။ သူတို့ရေးသား ထားတဲ့ တနေရာမှာ၊ နိရောဓနဲ့ မဂ္ဂသစ္စာနှစ်ပါးကို အားထုတ် ရမယ်လို့ ဆိုထားတယ်။ နောက်တနေရာ ကျပြန်တော့၊ လော ကုတ္တရာစိတ်ဆိုတာ လုပ်ရတာမျိုး မဟုတ်ဘူး။ ငြိမ်းချမ်းရာခေါ် တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနေလို့၊ နားနေလို့မို့ ငြိမ်းချမ်း သောစိတ်သာလျှင် ဖြစ်ရှိနေတာ၊ အလုပ်လုပ်တဲ့ စိတ်မျိုးမဟုတ် ဘူးလို့ ဆိုထားပြန်တယ်။

ဒီနှစ်ပိုဒ်ကို တိုက်ဆိုင်ကြည့်မယ်ဆိုရင်၊နိရောဓနဲ့ မဂ္ဂသစ္စာဟာ လောကီ-လောကုတ္တရာခွဲလိုက်တော့၊ လောကုတ္တရာဖြစ်တယ်။

အထက်ကအပိုဒ်မှာ လောကုတ္တရာကိုအားထုတ်ရမယ်လို့ ဆို ထားတယ်။ အောက်အပိုဒ်ကျပြန်တော့ အားမထုတ်ရဘူးလို့ ဆို ထားပြန်ရော။ ရှေ့နောက် မညီကြပါလား?။ သူတို့တင်ပြတဲ့ ပြဿနာကို သူတို့ဘဲ ပြန်လည်ချေပသလို ဖြစ်နေတယ်။ ဒီ့ပြင် နေ ရာတွေမှာလဲ အလားတူ ရှေ့နောက်မညီတာတွေကို အများကြီး တွေ့ရပါသေးတယ်။

နောက်စပ်မိမှ ရေးသားတင်ပြပါမယ်။ ခုပြဿနာကိုတော့ ဓမ္မမိတ်ဆွေ သဘောပေါက်လောက်ပြီ ထင်ပါတယ်။ ဒီလောက် နဲ့ဘဲ ဒီအခဏ်းကို နိဂုံးချုပ်ကြပါစို့။ ။

## ဝေဘန်ခဏ်း(၅)

(မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်မှ) သူတို့၏ရေးသားချက်။

"ကိလေသာဆိုတာ ပင်ကိုယ်က မရှိတော့ မရှိ့မရှိတဲ့ အတိုင်း တိုင်းနေတတ်တာကို မဂ်အကျင့်လို့ ခေါ်တယ်။"

အထက်ပါစကားရပ်ကို မဝေဘန်မီ ကိလေသာအကြောင်း ကို သိသင့်သလောက် သိဘို့လိုလိမ့်မယ်။

ကိလေသာဆိုတာ အကြမ်းစားခွဲလိုက်တော့....

၁။ အနုသယ ကိလေသာ၊
၂။ ပရိယုဋ္ဌာန ကိလေသာ၊
၃။ ဝီတိက္ကမ ကိလေသာ ရယ်လို့ သုံးမျိုးရှိတယ်။

ဒီသုံးပါးမှာ (အနုသယ)ဟာ အရင်းအကျဆုံးဘဲ၊ အနုသယကြောင့် ပရိယုဋ္ဌာန ဖြစ်တယ်။ ပရိယုဋ္ဌာနကြောင့် ဝီတိက္ကမ ဖြစ်လာရတယ်။

ဒါ့ကြောင့် အရင်းမူလ ပဓာနဖြစ်တဲ့ အနုသယရဲ့ သဘောကို နားလည်အောင် ပထမရေးပြဘို့လိုမယ်။ အနုသယဆိုတာ ဥပါဒ်၊ ဌီ၊ ဘင်၊ အနေနဲ့လဲ ရှိတာမဟုတ်ဘူး၊ ရှင်းရှင်းရေးရရင် ကာယ၊ ဝစီ၊ မနော၊ ဆိုတဲ့ ဒွါရသုံးပါးမှာလဲ မဖြစ်သေးဘူး၊ ကိန်းနေတယ်။ နားလည်အောင် ရေးရရင် အိပ်နေတယ်ပေါ့။ ငုတ်နေတယ်၊ ရှိနေတယ် လို့လဲ ဆိုနိုင်တယ်။

ဒါပေမဲ့အကြောင်း တိုက်ဆိုင်တဲ့အခါ၊ မနောမှာ ကိလေသာတွေဖြစ်တယ်။ အဲဒီအနုသယသတ္တိကြောင့် မနောဒွါရမှာ ကိ

လေသာတွေဖြစ်လာတဲ့အခါမှ၊ အဲဒီကိလေသာကို ပရိယုဋ္ဌာန ကိလေသာလို့ခေါ်တယ်။

မနောဒွါရမှာဖြစ်တဲ့ ပရိယုဋ္ဌာနကိလေသာကို အေးအောင် ငြိမ်းအောင် မလုပ်နိုင်လို့ ကာယကံမြောက်၊ ဝစီကံမြောက်၊ ကျူးလွန်လာတာဟာ ဝီတိက္ကမကိလေသာဘဲ။

ဥပမာတခုရေးကြရအောင်၊ သစ်သားမီးခြစ်တခုဆိုပါစို့၊ မီးခြစ်ဆံမှာ ချစ်လိုက်ရင် မီးဖြစ်လာမဲ့သတ္တိရှိတယ်၊ ဒီသတ္တိဟာ မီးဖြစ်ဘို့ သတ္တိဘဲ ရှိသေးတယ်နော်၊ မီးမဖြစ်သေးဘူး၊ မီးကို ဖြစ်စေနိုင်တဲ့ သတ္တိရှိတယ်ဆိုတာ သေချာတယ် မဟုတ်လား?၊ အဲဒါက အနုသယသဘော၊ ဟော-မီးခြစ်ဘေးက ရှိတဲ့ ယမ်း စက္ကူပြားနဲ့ထိလိုက်ပြီ၊ ခြစ်လိုက်ပြီ၊ မီးဖြစ်မလာဘူးလား?၊ အဲဒါ ပရိယုဋ္ဌာနသဘော၊ အဲဒီမီးခြစ်ဆံမှာ တောက်နေတဲ့မီးကို ငြိမ်းအောင်မလုပ်ဘဲ တနေရာရာကို လွှင့်ပြစ်လိုက်လို့ရှိရင်၊ အခြားပစ္စည်းတွေကို ကူးစက်လောင်ကျွမ်းကုန်ပြီ၊ အဲဒါ ဝီတိက္ကမ သဘော။

ကောက်ချက်ချလိုက်တော့-

၁။ မီးခြစ်ဆံမှာရှိနေတဲ့၊ မီးကိုဖြစ်စေတဲ့ သတ္တိဟာ အနုသယနဲ့တူတယ်၊

၂။ ယမ်းစက္ကူနဲ့ တိုက်ဆိုင်လို့ မီးဖြစ်လာတာဟာ၊ ပရိယုဋ္ဌာနနဲ့တူတယ်။

၃။ အခြားပစ္စည်းတွေ လောင်ကျွမ်းကုန်တာဟာ ဝီတိက္ကမနဲ့ တူတယ်လို့ သေသေချာချာမှတ်ပါ။

ကျမ်းဂန်မှာလာတဲ့ ဥပမာတခုရေးပါအုံးမယ်။ အသီးသီး စေတတ်တဲ့အဆိပ်ပင်တပင် ဆိုကြပါစို့၊ အဲဒီအပင်မှာ အသီးကို သီးစေတတ်တဲ့သတ္တိရှိတယ်၊ ဒါပေမဲ့ အချိန်မကျလို့, ရာသီဥတုစတဲ့ အကြောင်းတွေ မညီညွတ်ရင် မသီးသေးဘူး၊ မိုး, ရေ, မြေ, ရာသီဥတုညီညွတ်လာရင် သီးမှာသေချာတယ်။ အဲဒီသီးလာတဲ့အသီးကို မဖျောက်ဖျက်နိုင်ရင် အခြားအပင်တွေ အများကြီး ပေါက်လာမယ်။

ဥပမေယျဟပ်လိုက်တော့-

၁။ အသီးကိုသီးစေတတ်တဲ့သတ္တိက, အနုသယနဲ့တူတယ်။

၂။ အကြောင်းညီညွတ်လို့ သီးလာတာက, ပရိယုဋ္ဌာနနဲ့ တူတယ်။

၃။ အဲဒီအသီးက မျိုးစေ့ကျပြီးတော့ အခြားအပင်တွေများ စွာပေါက်လာတာက ဝီတိက္ကမနဲ့ တူတယ်။

အနုသယကိလေသာကို (၇)ပါးရှိတယ်လို့ ယမက ဒေသနာမှာ ဟောတော်မူတယ်။ ဒီအနုသယ (၇)ပါးကို ပုဂ္ဂိုလ်အမျိုးအစားလိုက်, ဘယ်နှစ်ပါးစီ ကိန်းနေတယ်ဆိုတာ ယှဉ်တွဲဖော်ပြပါမယ်။

၁။ ပုထုဇဉ်=ကာမရာဂါနုသယ, ပဋိဃာနုသယ, မာနာ

နုသယ, ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယ, ဘဝရာဂါနုသယ, အဝိဇ္ဇာနုသယ, ပေါင်း (၇)ပါးကိန်းတယ်။

၂။ သောတာပန်, သကဒါဂါမိ=ကာမရာဂါ နုသယ,ပဋိဃာနုသယ, မာနာနုသယ, ဘဝရာဂါနုသယ, အဝိဇ္ဇာနုသယ, ပေါင်း(၅)ပါး။

၃။ အနာဂါမိ=မာနာနုသယ, ဘဝရာဂါနုသယ, အဝိဇ္ဇာနုသယ, ပေါင်း(၃)ပါး။

အနုသယ ယမိုက်မှာ ဘုရားသခင် ဒီအတိုင်း ဟောတော်မူခဲ့ပါတယ်၊ ဒီနေရာမှာ "ကိန်းနေတယ်" ဆိုတာ ဒေသနာစကား, စာစကားပါ။ အရပ်စကားနဲ့ ပြောရရင် "ရှိတယ်" လို့ဘဲ ဆိုရပါမယ်။

အနုသယ ယမိုက် ပါဠိတော်လာ စကားဖြစ်တဲ့ (သာနုသယော)ကိုကြည့်ပြီး ရှိတယ်လို့ သုံးလိုက်ပါတယ်။ (အနုသေတိ) ကို ကြည့်ပြောရင် ကိန်းတယ်လို့ သုံးရပါမယ်။ သဘောကတော့ အတူတူပါဘဲ။

ဒါကြောင့် အနုသယကိလေသာဆိုတာ စိတ်အစဉ်မှာကိန်းပြီးတော့၊ ပရိယုဋ္ဌာနဖြစ်ဘို့မျိုးစေ့အဖြစ် တည်နေပါတယ်။ ဒါဟာ အနုသယကိလေသာရှိတယ် ဆိုတဲ့စကားကို ထောက်ခံတဲ့ စကားရပ်ဘဲဖြစ်ပါတယ်။

သာဓကဆိုကြရရင်....

"စိတ္တသန္တာနနုသယိတွာ ဟုတွာ ပရိယုဋ္ဌာနာနုပ္ပတ္တိယာ

ဗိဇ္ဇာဘာဝေန တိဋ္ဌန္တိ”လို့ စာပေမှာရှိပါတယ်။ စိတ္တသန္တာန နုသယိတာ၊ စိတ်အစဉ်၌ ကိန်းဝပ် ကပ်နေသည်။ ဟုတွာ၊ ဖြစ်၍။ ပရိယုဋ္ဌာနာနုပ္ပတ္တိယာ၊ ပရိယုဋ္ဌာန ကိလေသာဖြစ်ခြင်း၏။ (ဝါ) မနောဒွါရ၌ သောင်းကြမ်းမှုဖြစ်ခြင်း၏။ ဗီဇဘာဝေန၊ မျိုးစေ့၏ အဖြစ်ဖြင့်။ တိဋ္ဌန္တိ၊တည်ကုန်၏။

မင်္ဂနဲ့ အကြွင်းမဲ့ မပယ်ရသေးသမျှ ကာလပတ်လုံး၊ပရိယုဋ္ဌာန ကိလေသာဖြစ်ဘို့ မျိုးစေ့အဖြစ်နဲ့ တည်ရှိနေပါတယ်တဲ့။

ဒီစကားအတိုင်းဘဲ လယ်တီဆရာတော်ရဲ့ “ပရမတ္ထ ဒီပနီ အနုသယကထာ”မှာ....

“ယာဝ မဂ္ဂံ နလဘတိ၊ တာဝ အန္တရာ အပရိက္ခိယမာနာ ဟုတွာ ကာရဏလာဘေ သတိ ပုနပ္ပုနံ ဥပ္ပဇ္ဇန္တိတိ အတ္ထော”လို့။ မိန့်ဆိုတော်မူပါတယ်။

ယာဝ၊ အကြင်မျှလောက်။ မဂ္ဂံ၊ မင်္ဂကို။ နလဘတိ၊ မရသေး။ တာဝ၊ ထိုမျှလောက်။ အန္တရာ၊ အကြား၌။ အပရိက္ခိယမာနာ၊ အနုသယဓာတ် သတ္တိမကုန်သေးသည်။ ဟုတွာ၊ဖြစ်၍။ ကာရဏ လာဘေ။ အကြောင်းကိုရသည်။ သတိ၊ ရှိသော်။ ပုနပ္ပုနံ၊ အကြိမ်ကြိမ် အထပ်ထပ်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဣတိ အယံ အတ္ထော၊ ဤသို့သော အနက်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

ဒီတော့ ဒီနေရာမှာ အနုသယ သတ္တိရှိနေပုံ, ကိန်းဓနပုံ, ဒါပေမဲ့, အကြောင်းတိုက်ဆိုင်မှ ပရိယုဋ္ဌာန, ဝီတိက္ကမဖြစ်လာပုံကိုသက်သေပြတဲ့အနေနဲ့ (အနိတ္တိဂန္ဓ) မင်းသားရဲ့အကြောင်းကို တစေ့တစောင်း တင်ပြပါရစေ။

အနိုတ္တိဂန္ဓ မင်းသားဟာ ပြဟ္မာ့ပြည်က စုတေပြီး လာခဲ့သူ ဖြစ်တယ်။ မွေးကထဲက မိန်းမ ဆိုရင်သိပ်မုန်းတယ်၊ ဘယ်လောက် အထိ မုန်းသလဲဆိုရင် မိန်းမအထိန်းတော် အချီတော်တွေ ကိုင် လိုက်၊ ချီလိုက်၊ ပွေ့လိုက်ရင် ငိုတော့တာဘဲ၊ ဒါကြောင့် သူ့ ပတ်ဝန်းကျင်မှာ မိန်းမဆိုတာ မရှိစေဘဲ၊ ယောကျ်ား အထိန်း တော်တွေနဲ့ ထားရတယ်။

ဒီလိုနဲ့ လူလားမြောက်လာတဲ့မင်းသားလေးကို ဘခမည်း တော်က ကြင်ယာတော်ရှာပြီး စုလျားရစ်ပတ် လက်ထပ်ဘို့၊ အိမ်ရှေ့ ဥပရာဇာ အပ်နှင်းဘို့ ကြံစည်တော်မူတယ်၊ ဒါပေမဲ့ ဘခမည်းတော် ဖြစ်သူဟာ မိန်းမကို မုန်းလှတဲ့ မင်းသားလေးကို ဘယ်လိုမှ ဖြောင်းဖျနားချလို့မရခဲ့ဘူး။ နောက်ဆုံး ဘုရင်ကြီး ဟာ လက်မှိုင်ချရမလို ဖြစ်နေတယ်။

အဲဒီအခြေအနေမှာ ဘုရင်ကြီးရဲ့ ခိုင်းစေချက်အရ ကချေ သည်မလေး တယောက်ဟာ မင်းသားလေးရဲ့ စံနန်းဘော်နဲ့ မနီးမဝေးက နေပြီး အလှအပ၊ အနုအယဉ်၊ ပုထုဇဉ်အကြိုက်၊ ဘဝင်ခိုက်လောက်ဘဲ့ သိင်္ဂါရ ရသမြောက် တေးသီချင်းတွေကို သီဆိုပေးပါလေရော၊ သီချင်းသံကို ကြားရဖန်များတော့ မင်း သားလေးဟာ စိတ်ဝင်စားလာတယ်။ နောက် ဒီသီချင်းသံထဲမှာ သူ့စိတ်တွေ နစ်မြုပ်လာတယ်၊ ကချေသည်မကလေးရဲ့ သီချင်း တွေဟာ မင်းသားလေးကို အောင်နိုင်သွားပါပြီ။ တိုတိုရေးကြ စို့။ နောက်ဆုံးမှာတော့ ကချေသည်မလေးဟာ အနိုတ္တိဂန္ဓမင်း

သားလေးရဲ့ စံနန်းဆောင်ကို ရောက်သွားပြီးတဲ့နောက်, ကချေသည်မလေးရဲ့ မာယာ တသိန်း ပလိန်း, အနန္တ ပရိယာယ်မာယာကွန်ယက်ထဲမှာ မင်းသားလေးဟာ မလှုပ်ရှားနိုင်အောင် မိနေပါတော့တယ်။ အဲဒီနောက်တော့ မင်းသားလေးဟာ သူ့အလွန်စက်ဆုတ်လှပါတယ်ဆိုတဲ့ (ကာမဂုဏ် စည်းစိမ်ကို တင်းတိမ်အောင် ခံစားပြစ်လိုက်တော့တယ်။ ဒီလိုကာမဂုဏ် အရသာကို မင်းသားလေး သိသွားပြီးတဲ့နောက်၊ ကမ္ဘာပေါ်မှာရှိတဲ့ မိန်းမမှန်သမျှဟာ ငါ့ကြင်ယာတော်တွေချည်း ဖြစ်ရမယ်လို့ ဒါးဆွဲပြီး ကြိမ်းဝါးတော့တာပါဘဲ။

ကြိမ်းဝါးတဲ့ အတိုင်း သတ်လို့မို့လဲ မင်းသားလေးဟာ တိုင်းပြည်မှ နှင်ထုတ်ခံရတဲ့ ပြည်နှင်ဒဏ်ကို ခံယူရရှာပါတယ်။

ကဲ-ဒီသာဓကကို ကောက်ချက်ချကြည့်ကြရအောင်။ အနိတ္ထိဂန္ဓ မင်းသားလေးဟာ ဗြဟ္မာပြည်မှာ ကထဲက ကာမဂုဏ်ကို ပယ်ခဲ့တဲ့ ဝိက္ခမ္ဘန အရှိန်ကြောင့်၊ ကချေသည်မရဲ့ သီချင်းသံကို မကြားရတဲ့ အချိန်အထိ, သူ့ရဲ့ အဇ္ဈတ္တသန္တာန်မှာ ကိန်းအောင်းနေတဲ့ အနုသယ ကိလေသာ သတ္တိဟာ ပရိယုဋ္ဌာန်ဖြစ်ဘို့ အခွင့်မရဘူး၊ ငြိမ်းနေတယ်၊ ဒီလိုအေးနေတာ, ငြိမ်းနေတာကို နိဗ္ဗာန်လို့ခေါ်မလား။? မခေါ်နိုင်ပါဘူး၊ ဘာပြုလဲလို့ဆိုတော့ အနုသယ ကိလေသာ တန်းလန်းကြီး ရှိနေလို့ပါဘဲ၊ ဒီလိုဝိက္ခမ္ဘနအနေနဲ့ ငြိမ်းနေတာတောင်မှ နိဗ္ဗာန်လို့မခေါ်နိုင်ရင်, အတိုင်းတိုင်းဆရာတို့ရဲ့ "အခုချိန်မှာ လောဘတွေ ဖြစ်နေသလား၊?ဒေါသတွေဖြစ်နေသလား၊? အဖြင့်တို့မှ အေးမနေဘူးလား၊? အေး

ရာကြီးက နိဗ္ဗာန်၊ သိတာက မဂ်ဉာဏ်”လို့ အမည်ပေးပြီးခေတ္တ အေးမှုဖြင့် လှည့်စားနေသော အဖြစ်ကို ဓမ္မမိတ်ဆွေ သဘော ပေါက်သင့်ပါပြီ။

ဟော-ကချေသည်လေးရဲ့ သီချင်းသံကိုလဲ ကြားလိုက်ရော၊ မင်းသားလေးရဲ့ မနောမှာ သာယာမှု နှစ်သက်မှုဆိုတဲ့ ကာမ ဂုဏ် ပရိယုဋ္ဌာနတွေ ဖြစ်ကုန်ပြီ၊ တောင်တောင်အီအီကြံကုန်ပြီ၊ ဘာကြောင့် ဒီလို ထကြွလာရတာလဲ? အနုသယ မကုန်သေး မပြတ်သေးလို့ပါ။ အနုသယသာကုန်ရင်၊ ပြတ်ရင်၊ ဘယ်လို အာရုံနဲ့တွေ့တွေ့၊ ထစရာ ကြွစရာ မလိုဘူး၊ ထကြွမှာ မဟုတ် ဘူး၊ ကြံလဲကြံမှာ မဟုတ်ဘူး၊ဒါ့ကြောင့် အနုသယရှိလို့၊ဒီအ နုသယ သတ္တိကြောင့် ပရိယုဋ္ဌာန ဖြစ်လာရတယ်ဆိုတာ သေ သေချာချာမှတ်ပါ။

အဲဒီ မနောမှာဖြစ်တဲ့ သောင်းကျန်းမှု ပရိယုဋ္ဌာနကို မတား ဆီးနိုင်တော့ ကိုယ်ထိလက်ရောက် ကျူးလွန်မှုဆိုတဲ့ ဝီတိက္ကမ။

လောကမှာရှိတဲ့ မိန်းမတွေဟာ ငါ့ကြင်ယာတော်တွေချည်း ဘဲ ဖြစ်ရမယ်လို့ ကြုံးဝါးတဲ့ ဝစီကံ ဝီတိက္ကမ၊ ယောကျ်ားမှန် သမျှကို လိုက်သတ်တဲ့ ကာယကံ ဝီတိက္ကမတွေ ဖြစ်ကုန်ပါတယ်။

ဘာကြောင့် ဒီလို ဖြစ်ရတာလဲ? အနုသယ မကုန်လို့၊အနု သယ မကုန်လေတော့၊ အာရုံနဲ့ မတွေ့ခင်၊မထိခင်၊မတိုက်ခင် တော့၊ ငြိမ်းနေတာ မှန်ပါရဲ့။ အဲ-အာရုံနဲ့လဲ ထိလိုက်၊ တွေ့လိုက်ရော၊ ပရိယုဋ္ဌာန၊ ဝီတိက္ကမတွေဖြစ်ပြီး ငါးပါး မှောက် ကုန်ရောမဟုတ်လား?။ ဒီတော့ အာရုံနဲ့ မထိခိုက်ခင်၊ မထိခင်၊

ငြိမ်းနေတာကို အေးလှပြီ၊ ငြိမ်းလှပြီလို့ အမှတ်မှားသူတွေ၊ နိဗ္ဗာန်ထင်နေသူတွေ သတိချပ်သင့်တယ်။

ဥပမာဆိုကြပါစို့၊ မြှုံနေတဲ့အနာ၊ မန်းငုတ်နေတဲ့ အနာကို ကြည့်ပါ၊ ဒီအနာမှာ ပွက်ထမဲ့မန်းတွေရှိတယ်။ ဆေးနဲ့ မတွေ့ သေးခင်တော့ ပွက်မထသေးဘူး၊ ဆေးနဲ့ လဲတွေ့ရော၊ ပွက်ထ တော့တာဘဲ။

၁။ မြှုံနေတဲ့မန်းဟာ အနုသယနဲ့ တူတယ်။

၂။ ဆေးက အာရုံနဲ့ တူတယ်။

၃။ အနာပွက်ထတာက ပရိယုဋ္ဌာနနဲ့ တူတယ်။

၄။ အနာပွက်ထလို့ နာရ၊ အော်ရတာတွေ၊ ဒုက္ခခံစားရတာ တွေဟာ ဝီတိက္ကမနဲ့ တူတယ်။

ဒါကြောင့် အနုသယဆိုတာ မဂ်နဲ့ မပယ်သတ်သေးသမျှ ကာလပတ်လုံး ရှိနေတယ်၊ ကိန်းနေတယ် အကြောင်းတိုက်ဆိုင် ရင် ပရိယုဋ္ဌာနဖြစ်ဘို့အသင့်၊ အာရုံနဲ့ မထိခင် ပရိယုဋ္ဌာန မဖြစ် ဘဲ အနုသယတန်းလန်းနဲ့ ငြိမ်းနေတာကို အေးရာ၊ ငြိမ်းရာ၊ နိဗ္ဗာန် လို့ ထင်နေသူတွေ ကြပ်ကြပ်သတိထားကြပါ။

သတ္တဝါတွေရဲ့ အဇ္ဈတ္တသန္တာန်ခေါ်တဲ့ ဟဒယဝတ္ထုမှာ၊ ဒွေ ပဉ္စဝိညာဏ်တဆယ်ကြဉ်တဲ့ ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ စိတ် တွေဟာ သူ့ဆင်း၊ ကိုယ်တက် ဆိုသလို တလှည့်စီဖြစ်နေတယ်၊ အ ကုသိုလ်ဖြစ်ခိုက်၊ ကုသိုလ်မဖြစ်ဘူး၊ ကုသိုလ်ပြင်ခိုက်၊ အကုသိုလ်

မဖြစ်ဘူး၊ အဗျာကတလဲ ထိုနည်းတူဘဲ၊ တခုဖြစ်ခိုက်, ကျန်တဲ့စိတ်တွေ မဖြစ်ဘူးလို့ သိထားပါ။

ဒီတော့ ကုသိုလ်ထဲက လောကုတ္တရာကုသိုလ်က အရိယာတွေရဲ့ သန္တာန်မှာသာဖြစ်တယ်၊ ကြိယာ ဇောစိတ်တွေက ရဟန္တာသန္တာန်မှာသာဖြစ်တာမို့ ဘေးချိတ်ထားခဲ့ပြီး၊ ပုထုဇဉ်တွေရဲ့ သန္တာန်မှာ စိတ်အစဉ်ဖြစ်ပုံကို ရေးပြပါမယ်။

ဥပမာ ။ လူတယောက်ဟာ သားသမီးဆွေမျိုး မိတ်သင်္ဂဟအတွက်, ပူပန်ဆင်းရဲ, ဝမ်းနည်း ငိုရှိုက်ခြင်းစတဲ့ ဒုက္ခတွေ ရောက်နေတဲ့ အခါ, သူရဲ့ အဇ္ဈတ္တသန္တာန်မှာ အကုသိုလ် စိတ်တွေဖြစ်နေတယ်။ ပူမှု, ဆွေးမှုဆိုတဲ့ ဒေါသဇောတွေဖြစ်နေတယ်။

အဲဒီလို ပူပန်နေတဲ့ အချိန်မှာ ဘုရားကိုအာရုံပြုပြီး, ဘုရားရဲ့ ဂုဏ်တော်တွေကို ပွားများမယ်၊ ဗုဒ္ဓါနုဿတိ ပွားများလိုက်မယ်ဆိုပါတော့၊ ခုနက ဒေါသဇောတွေ ချုပ်ပြီး လောကီကုသိုလ်ဇောတွေဖြစ်လာမယ်။ ဒီတော့ ပူဆွေးမှုတွေက တဒင်္ဂငြိမ်းမသွားဘူးလား?၊ အကုသိုလ်စိတ်တွေချုပ်တဲ့အတွက် အေးနေတာ ငြိမ်းနေတာမှန်တယ်။ ဒါပေမဲ့ ဒါဟာ နိဗ္ဗာန်မဟုတ်ဘူး။ ကုသိုလ်စိတ်ဆိုတဲ့ သမာဓိတံခိုးကြောင့် တဒင်္ဂ ငြိမ်းအေးမှုသာဖြစ်တယ်။

အဲဒီလောကငြိမ်းအေးမှုကိုဘဲ တခါမှ မတွေ့ဘူး, မခံစားဘူးသေးတော့ "မမြင်ဘူး-မူးမြစ်ထင်" ဆိုတာလို ဟုတ်လှပြီ, ဟန်လှပြီ အောက်မေ့ပြီး နိဗ္ဗာန်ကိုဘဲ မျက်မှောက် ပြုရသယောင်ယောင်။

အေးနေပါတယ်၊ ငြိမ်းနေပါတယ်ဆိုတဲ့ ဝါဒရှင်များဟာ သနားစရာ ဝါဒရှင်များသာ ဖြစ်နေပါတယ်။

ခုပြောတဲ့ဥပမာကလဲ ဘုရားအာရုံမှသာလို့ တထစ်ချဆိုလိုတာမဟုတ်ဘူး၊ ဒီပုမ္ပ ဆေးမှုဆိုတဲ့ အာရုံတွေမှတပါး ဒီ့ပြင်ကုသိုလ်အာရုံတခုခုကိုပြောင်းလဲလိုက်ရင် တဒင်္ဂတော့ ငြိမ်းမှာ သေချာပါတယ်။

ဒါမှမဟုတ်၊ ဒီသားသမီး ဆွေမျိုးတွေအတွက် ပူရ ဆွေးရတာတွေဟာ နိယာမဘဲလို့ သဘောထား ပြောင်းပြီးတော့ ဖြေသိမ့်နိုင်ရင်လဲ၊ တဒင်္ဂတော့ငြိမ်းနေတာ အေးနေတာဘဲ၊ ဒီလို အေးတာမျိုး၊ ငြိမ်းတာမျိုးတွေတောင် တခါမှမကြုံဘူး သူတွေဟာ ကိုယ်ကိုယ်ကို အထင်ကြီးလာတယ်၊ မိမိကိုယ်ကို အရိယာ တယောက်လို့ အထင်ကြီးတလုံးနဲ့ ဖြစ်ကုန်ရော၊ မိမိကိုယ်ကိုအထင်ကြီးလာတာနဲ့ အမျှ၊ သူတပါးအပေါ် အထင်သေးတဲ့ စိတ်တွေပါထက်ချပ်ပါလာတော့တယ်။

၁။ မိမိကိုယ်ကို အထင်ကြီးတယ်၊

၂။ သူတပါးကို ကိုယ်လောက်မဟုတ်ဘူးလို့ အထင်သေးတယ်။

ဒီလို ပုဂ္ဂိုလ်တွေကို ဥပမာ ပေးရရင်ဖြင့်....

ရှေးက အညာရွာတရွာမှာ တနေ့လုပ်မှ တနေ့စားရတဲ့ ဆင်းရဲသား သားအဖသုံးယောက်ရှိတယ်။ သူတို့ဟာ လုပ်ရင်း ကိုင်ရင်း စားရင်း သောက်ရင်းနဲ့ စီးပွါးမဖြစ်ထွန်းလှဘဲ ဆင်းဆင်း

ရဲရဲ,ချို့ချို့တွဲတွဲနဲ့ နေကြရရှာတယ်။ ရပ်ထဲရွာထဲ ကျောင်း,ပွဲ ဘုရားပွဲရှိတဲ့အချိန်ကျမှသာ ဆန်ထမင်းကို စားကြပြီး၊ ကျန်တဲ့ အချိန်တွေမှာတော့ ပြောင်းထမင်းကိုဘဲ နတ်သုဒ္ဓါ အမှတ်နဲ့ စားကြရှာပါတယ်။ တနေ့ကျတော့ သားနှစ်ယောက်က "တရွာ မပြောင်း သူကောင်းမဖြစ်"ဆိုတာလို၊ အောက်ပြည် အောက် ရွာကို စီးပွါးရှာသွားဖို့ ဖခင်ကြီးထံမှာ ခွင့်တောင်းကြတယ်။

ဖခင်ဖြစ်သူကလဲသားနှစ်ယောက်နဲ့ ဥမကွဲသိုက်မပျက်နေချင် ပေမဲ့ သားတွေရဲ့ဆန္ဒကိုတားမရတာမို့ ခွင့်ပြုလိုက်ပါသတဲ့။

သားဖြစ်သူ နှစ်ယောက်ဟာ အောက်ပြည်အောက်ရွာကို ရောက်ပြီး ခြစ်ခြစ်ချုပ်ချုပ်နဲ့ စီးပွားရှာလိုက်ကြတာဟာ၊ နှစ် အတော်ကြာတဲ့အခါ ဆန်စက်ပိုင်တွေ ဖြစ်ကုန်ကြတယ်။ သူ့ သားနှစ်ယောက် စက်ပိုင်တွေဖြစ်ပြီး ချမ်းသာနေတာကို မသိရှာ တဲ့ အညာမြေကဘခင်ကြီးကတော့ ရပ်ရွာမှာ ဘုရားပွဲ ကျောင်းပွဲ ရှိလို့ ဆန်ထမင်းလေးကိုချက်စားတဲ့အခါတိုင်း "အင်း-ငါ့သား တွေ ငါ့လို့ဆန်ထမင်း စားရပါလေစ"လို့ မိဘ မေတ္တာနဲ့ အောက်မေ့မိသတဲ့။

ဒီစကားပုံကို မင်းတုံးမင်းတရားကြီး လက်ထက် သင်္ဂဇာ ဆရာတော် မိန့်တော်မူခဲ့ခြင်း ဖြစ်တယ်။ ဒီစကားပုံကို သင်္ဂဇာ ဆရာတော် မိန့်တော်မူရတာ ကာလအကြောင်းရှိပါတယ်။

မင်းတုံးမင်းကြီးဟာ ညဘည စက်တော်မူတဲ့ အချိန်မှာ ထီးနန်းစည်းစိမ်ကို ငြီးငွေ့တဲ့စိတ်တွေ, ထီးနန်းစည်းစိမ်ကိုစွန့်ပြီး တောထွက်ချင်တဲ့ နိက္ခမစိတ်တွေ ဖြစ်လာပါတယ်။ ဒါကြောင့်

နောက်တနေ့မှာ လေးပြင်လေးရပ်က တံဆိပ်တော်ရ ဆရာတော်တွေကို နန်းတော်သို့ ပင့်ပြီး ဆွမ်းကပ်တော်မူတယ်၊ ဆွမ်းကိစ္စပြီးတဲ့အခါကျမှ ...

"ပြီးခဲ့တဲ့ညက ဘုရားတပည့်တော်ဟာ စက်တော်ခေါ်မပျော်ဘဲ ထီးနန်းစည်းစိမ်ကို ငြီးငွေ့တဲ့စိတ်တွေ ထီးနန်းကိုစွန့်ပြီး နိက္ခမစေလို့ တောထွက်ချင်တဲ့စိတ်တွေ ဖြစ်ပေါ်နေပါတယ်ဘုရား၊ အရှင်ဘုရားတို့ကော ဒီလိုစိတ်မျိုး ဖြစ်ဘူးကြပါရဲ့လား၊" လို့ ဆရာတော်တွေကို လျှောက်ထားပါလေရော။

အဲဒီအခါ ဘယ်ဆရာတော်ကမှ နှုတ်တုံ့မပြေ ဆိတ်ဆိတ်နေတော်မူကြလို့, သင်္ဂဇာ ဆရာတော်က အထက်က ရေးခဲ့တဲ့ "အညာသား-သားအဖ" ဥပမာနဲ့ ပြန်လည် ချေပလိုက်တာဖြစ်ပါတယ်။ မင်းတုံးမင်းကြီးဟာ သူ့သန္တာန်မှာ တခါတရံဖြစ်တဲ့ နိက္ခမစိတ်ကို အသားယူပြီး၊ ဆရာတော်တွေကို အထင်သေးသယောင် လျှောက်ထားသလို။ အခါတရံမှ ဆန်ထမင်းစားရတဲ့ ဖခင်ကြီးက သူဌေးဖြစ်နေတဲ့ သားတော့ကို ဆန်ထမင်းမှားရပါမလားလို့ အထင်သေး,အမြင်သေး,ကရုဏာတွေဖွေးနေအောင် သဘောထားသလို။

တခါတရံမှ တဒင်္ဂဆိုဘဲ့ ငြိမ်းချမ်းမှုလေးကို ရသူတွေက၊ မပြောပ လောက်သော ငြိမ်းချမ်းမှုကို နိဗ္ဗာန်လို့ အမှန်းတင်ပြီး, သူတို့ကို သူတို့အထင်ကြီး၊ အများသူတွေကိုတော့သူတို့လောက် မအေးဘူး, မငြိမ်းဘူးထင်၊ အထင်တော် တွဲသားနဲ့ လွဲမှားနေတဲ့အမြင်ကို မြင်နေကြတာဟာဖြင့်။

(၁) ဆင်စီးလို့ အထီးမှန်း အမမှန်းမသိ ဆိုတာလို။
(၂) မမြင်ဘူး မူးမြစ်ထင် ဆိုတာလို။
(၃) ဝိဒေဟရာဇ် မင်းကြီးရဲ့ ပုတ်သင်ငယ်လို ဖြစ်နေပါပေါ့ကလားလို့။

သတိရနိုင်ကြပါစေ၊ စဉ်းစားဝေဘန်နိုင်ကြပါစေ၊ အမှန်ကိုအမှား, အမှားကိုအမှန်, တယူသန်ရင် အပူလျှံရတတ်ပါတယ်။

အထက်ပါ ရေးသားချက်တွေကို ထောက်ထားပြီးတော့၊ အနုသယ ကိလေသာ, ပရိယုဋ္ဌာန ကိလေသာ နှစ်မျိုးအနက်က ပရိယုဋ္ဌာန ကိလေသာလောက်သာ နားလည်ပြီး၊ အနုသယ ကိလေသာ ရှိနေတာကို နားမလည်တဲ့အတွက် အတ္တနောမတိ ဝါဒရှင်တွေဟာ။

"ကိလေသာဆိုတာ ပင်ကိုကမရှိတော့, မရှိ, မရှိတဲ့အတိုင်း တိုင်းနေတတ်တာကို မဂ်အကျင့်လို့ ခေါ်တယ်"လို့ အလွဲလွဲ အချော်ချော် ရေးကုန်ကြ, ပြောကုန်ကြ, ဟောကုန် ကြပါတယ်။

သူတို့ရေးတဲ့အတိုင်းဆိုရင် အနုသယဆိုတာ မဂ်နဲ့ အကြွင်းမဲ့မပယ်သမျှ ရှိနေတာမို့ အနုသယ ကိလေသာကို မရှိဘူးလို့ ယူရင် မဂ်နဲ့ ပယ်စရာတောင် မလိုတော့ဘူး။

ဒီတော့ သူတို့မဂ်အကျင့်ဟာ အနုသယ ကိလေသာတန်းလန်းနဲ့ ဖြစ်နေတဲ့ မဂ်တု,မဂ်ယောင်သာ ဖြစ်တယ်လို့ ဆိုတာ သေသေချာချာမှတ်ပါ။

အနုသယ သတ္တိဆိုတာကို ရှေ့ကလဲ ရေးခဲ့ပြီ၊ ရှင်းသွားအောင် ထပ်ရေးပြအုံးမယ်။ ဘာနဲ့ တူသလဲဆိုရင် ကုသိုလ်ကောင်းမှုတခုခုကို လုပ်တဲ့အခါ ဖြစ်ပေါ်တဲ့ ကုသိုလ်စေတနာကံတွေဟာ ဖြစ်ပြီး ချုပ်သွားတယ်၊ ဒါပေမဲ့ အကျိုးပေးတာက်တဲ့ ကမ္မသတ္တိကတော့ ကျန်နေရစ်ခဲ့တယ်၊ ရှိနေရစ်ခဲ့တယ်၊ ဥပါဒ်ဋ္ဌီ,ဘင်အနေနဲ့ ဖြစ်နေတာတော့ မဟုတ်ဘူး၊ အနုသယဆိုတာအဲဒီသဘောမျိုးဘဲ၊ စဉ်းစားပါ, ဝေဘန်ဆန်းစစ်ပါ, ဆင်ခြင်ပါ။ ဒီလိုအနုသယ ကိလေသာကို နားမလည်ကြတော့ အနုသယမရှိဘူး။ ပင်ကိုယ်က မရှိဘူးလို့ ရေးကြ,ပြောကြ, ဟောကြတာတွေဟာ စကားရှည်ပေမဲ့ အမှားတွေသာ ဖြစ်ကုန်တယ်။

ဒီအနုသယ ကိလေသာမရှိကြောင်းကိုလဲသူဘို့ရေးသားချက်တနေရာဖြစ်တဲ့ (ထေရုပ္ပတ္တိ)မှာ "ကိလေသာ ဆိုတာ ရှိတယ်၊ ပရိယုဋ္ဌာနအားဖြင့် မရှိပြားသော်လဲဘဲ အနုသယအားဖြင့် ရှိနေသေးတယ်" လို့ ပြောင်ရေးထားတာကို တွေ့ရသေးတယ်။

ဒီလိုဘုရားဟောဒေသနာကို အံကိုက်အောင် မယူဆတတ်တော့ ရှုပ်ပွေကုန်ရော၊ ရှုပ်ပွေကုန်တော့ ဘာဖြစ်သလဲ။?

ဗုဒ္ဓကို စော်ကားရာကျတယ်၊ ဓမ္မကို စော်ကားရာကျတယ်၊ ဗုဒ္ဓရဲ့စကားတော်တွေကို ထင်ယောင်ထင်မှားဖြစ်အောင် လုပ်တဲ့အတွက် ကြီးမားတဲ့ ပြစ်ချက်ကြီးကိုလဲ ကျူးလွန်ရာကျတယ်။ မညှာတမ်းရေးကြရင်တော့ သူတို့စာအုပ်မှာ ရေးသားချက်တွေဟာ....

စကားရယ်ရှေ (ရှည်)၊ အမှားတွေ ဗလပွေနဲ့၊

မသေချာ စကား။

တအုပ်လုံးမှာလ၊ ရုပ်လုံးမပေါ်ပြင်ဘူး၊

တည်ထွင်ခါ သူတို့ရေးတဲ့၊ တွေးချက်ကများ။ ။
လို့သာ ဆိုချင်ပါတော့တယ်။

နောက်တခါ သူတို့ရေးသားချက် တနေရာမှာလဲ "တရား ဟောရင်လဲ ဟောတဲ့အတိုင်း မသိကြဘူး၊ ပိုပိုပြီးတော့ လာ လိုက်တာတွေက နဲတာ မဟုတ်ဘူး၊ ဘုရားက "သဗ္ဗေ သင်္ခါရာ အနိစ္စာ" လို့ ဟောတယ်။ သူတို့က ရှိနေတယ်လို့ ယူတယ်၊ တဲ့ပါမလား၊? မတဲ့ပါဘူး၊ကိလေသာ အမြဲရှိနေတယ်လို့ ယူတဲ့ အယူဟာ နိဗ္ဗာန်နဲ့ဝေးသွားပြီ၊ တော်တော်ကြီး ခက်သွားပြီ" လို့ဆိုပြန်တယ် (ထေရုပ္ပတ္တိ)။

ဒီစာပိုဒ်မှာမသိသူတွေအထင်ကြီးအောင် "သဗ္ဗေ သင်္ခါရာ အနိစ္စာ" လို့ ဘုရားဟောကို ကိုးကားပြလိုက်သေးတယ်၊ ဒီနေရာမှာ (သင်္ခါရ) ဆိုတာ ကတော့ ဥပါဒ်၊ ဌီ၊ ဘင်၊ အနေနဲ့ မရှိတဲ့ အနုသယ ကိလေသာကို သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ အနုသယ ကိလေသာမရှိဘူးလို့ ရေးလိုက်တာဟာဖြင့်၊ အနုသယ ယမိုက် လောက်မှ မသင်ဘူးလို့ ဒီစကားမျိုး သုံးတယ်ဆိုတာ ထင်ရှား နေတယ်။

သဗ္ဗေ သင်္ခါရအရ ဘာယူရမှန်းမသိဘဲနဲ့၊ ကိုယ်ဟာကိုမှား နေတာကိုဘဲ, အနုသယ ကိလေသာရှိတယ်လို့ ယူထားတဲ့ မှန် ကန်သူတွေကို၊ နိဗ္ဗာန်နဲ့ ဝေးသွားပြီလို့ ပြောနေပြန်ပါသေး

တယ်။ ရှိစေတော့၊ ဘုရားစကားတောင် တော်လှန်ခဲ့တဲ့သူတွေဟာ ဒီ့ပြင်လူတွေကိုတော့ သိပ်ဂရုစိုက်မှာ မဟုတ်ဘူး။

ဒီနေရာမှာ အနုသယ ကိလေသာကို ရှိတယ်လို့ ယူဆ ကောကို သဿတဒိဋ္ဌိလို့ များ မလိမ်တတ် လုပ်ချင်ပါသေး လား၊? အမှန်ကတော့ ဘုရားဟောအတိုင်း ကမ္ဘာပေါင်းဘ လောက်ကြာကြာ၊ ဆိုင်ရာ မဂ်နဲ့ အကြွင်းမဲ့ မပယ်သတ်ရသေ သမျှ အနုသယ ရှိနေသေးတယ်လို့ ဗုဒ္ဓမြတ်စွာ ဟောခဲ့တာ ဘုရားဟောအတိုင်းသာ ခံယူခြင်းဖြစ်တယ်။

ကိလေသာတွေ မဖြစ်သေးခင်က မဖြစ်သေးတဲ့အတိုင်းတို ထားသို့ ရေးသားတဲ့ အယူအဆ၊ အရေးအသား၊ အကျင့်ဒ ကြံတွေကို လက်တွေ့မကျတဲ့၊ ဗုဒ္ဓစာပေနဲ့ မကိုက်တဲ့ စိတ်ကူးယ အတ္တနော်မတိ အယူအဆ အကျင့်အကြံတွေလို့ ဓမ္မမိတ်ဆွေ သဘောပေါက်ပြီလား၊? သဘောလဲ ပေါက်သင့်ပါပြီ။

နောက်ဆုံးတော့....

ဗုဒ္ဓစာပေ ပေဘံကို ဓမ္မမိတ်ဆွေ အသုံးချတတ်ပါစေလို တိုက်တွန်းသတိပေးရင်း ဒီအခဏ်းအတွက်။

အတ္တနော်မတိ ဝါဒရှင်များက အနုသယ ကိလေသာမရှိပ ယူဆသည်။

ကျမ်းရေးသူအမြင်။

အရပ်ရပ် ပါဠိသာဓကများ ထောက်ထား၍၊ မဂ်ဖြင့်မပယ် ရသေးသမျှ အနုသယ ကိလေသာရှိနေသည်ဟု ယူဆသည်။

## ဝေဘန်ခဏ်း (၆)

(ယောဂီလက်စွဲ သုံးစောင်တွဲမှ) အတိုင်းတိုင်းထား ဆရာတို့၏ ရေးသားချက်။

"ချစ်တယ် ချစ်တယ် ဆိုတာဟာ ဘာချစ်တာလဲလို့ မေးတော့၊ ယခုရေးပြတဲ့ စိတ်မှောင်လို့ ခေါ်တဲ့ လောဘ-ဒေါသ-မောဟဆိုတဲ့ ကိလေသာစိတ်တွေကသာ ချစ်တာ ယောဂီ၊စိတ်အတိုင်းတိုင်းက ချစ်တာ မဟုတ်ဘူး"

အထက်ပါ ရေးသားချက်အရ။

စိတ်အဘိုင်းဆိုဘာ ဘယ်စိတ်ကို ယူမှာလဲ၊? မချစ်တဲ့ စိတ်ရယ်လို့ ရှိပါသလား၊?ဒါဟာစောဒကတက်စရာ့မေးစရာစကားတွေဖြစ်ပါတယ်။

ဘာဘဲ ဖြစ်ဖြစ်, အထက်က ရေးသားချက်အတိုင်းဆိုရင်၊ "မချစ်တဲ့စိတ်"ရှိစာယ်လို့ အဓိပ္ပါယ်သက်ရောက်တယ်၊ မချစ်တဲ့စိတ် မရှိတာကိုတော့ ဗုဒ္ဓဘာသာဝင်တိုင်းလိုလို သိနေကြတာပါဘဲ။

"အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ်"။

ဆိုတဲ့ပါဠိတွေဟာ ဗုဒ္ဓဘာသာဝင်တိုင်းလိုလိုရနေကြတာ မဟုတ်လား။?

ဘာစိတ်ဖြစ်ဖြစ်၊ ဖြစ်ရင်ချုပ်မယ်၊ ဖြစ်ပြီး မချုပ်တဲ့စိတ်မရှိဘူး၊ အရှင်းကြီးပါ။

ဒီတော့ ဒီခေတ် ဒီအခါမှာ ပေါ်ပေါက်လာတဲ့ "စိတ်မချုပ်ဘူး" ဆိုတဲ့ ဝါဒဟာ ဘုရားသခင် သက်တော်ထင်ရှားရှိစဉ်ကလဲ ပေါ်ပေါက်ခဲ့ဘူးတယ်ဆိုတာ တင်ပြပါရစေ။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ သာဝတ္ထိပြည်မှန်၊ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူချိန်၊ တံငါသည်ရဲ့ သားဖြစ်တဲ့ (သာတိ)အမည်ရှိ ရဟန်းတပါးဟာလဲ၊ ဇေတဝန်ကျောင်းမှာဘဲ သီတင်းသုံးလျက်ရှိတယ်။

သာတိ ရဟန်းရဲ့ အားနည်းချက်ကတော့ ဗဟုသုတမရှိဘူး၊ စာပေမပြည့်စုံဘူး၊ ပိဋကတ် မကျွမ်းကျင်ဘူး၊ ပိဋကတ် အယူအဆ၊ ဘုရားသခင် ဟောတော်မူတဲ့ ဒေသနာကို ယူဆရာမှာ မမှန်ကန်ဘူး၊ မှန်ကန်အောင် မယူဆနိုင်ဘူး။

တခုတော့ရှိတယ်၊ သာတိ ရဟန်းဟာ ဇာတကဆိုတဲ့ ဇာတ်တော်လောက်သာ အသင်များတယ်။

ဒီလို ဒေသနာပါး မဝ၊ ဒေသနာဉာဏ်နည်းပါးတော့ အယူအဆမှားလာတယ်။ ဘုရားဟော ဒေသနာကို သွေဖီလာတယ်။ သာတိ ရဟန်း ယူဆချက်က …

"ငါဘုရားဟာ တခါတုံးက ဝေဿန္တရာမင်းဖြစ်ဘူးတယ်။ တခါတုံးက မဟောသဓာ ပညာရှိဖြစ်ဘူးတယ်။ တခါတုံးက ဝိဓူရပညာရှိဖြစ်ဘူးတယ်။ တခါတုံးက မဟာဇနကမင်း ဖြစ်ဘူးတယ်" လို့ မြတ်စွာဘုရားကဟောတယ်။

"တကယ်တော့ ခန္ဓာငါးပါးထဲက ရုပ် ဝေဒနာ၊ သညာ၊ သင်္ခါရတို့ကသာချုပ်တာပါကလား။ ဝိညာဏ် ဆိုတဲ့နာမ်တရားကတော့ ဟိုဘဝကနေ့ ဒီဘဝ၊ ဒီဘဝကနေ့ ဟိုဘဝ အဖန်တလဲလဲ ပြေးသွား ကူးပြောင်းနေတာပါကလား၊ ဟုတ်တယ်၊ မြတ်စွာဘုရားသခင် ဝေဿန္တရာမင်း ဖြစ်တုန်းကလဲ ဒီဝိညာဏ်ဘဲ၊ မဟောသဓာ ဖြစ်တုန်းကလဲ ဒီဝိညာဏ်ဘဲ၊ မဟာဇနကမင်း ဖြစ်တုန်းကလဲ ဒီဝိညာဏ်ဘဲ၊ ဒီဝိညာဏ်လေးကတော့ မချုပ်ဘူး။ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရတွေကသာ ချုပ်၊ချုပ်သွားကြတာ"ဘဲလို့ (ဝိညာဏ်မချုပ်ဘူး) ဆိုတဲ့ ယူဆချက် အမှားကို လက်ခံနေတယ်။

ဒီဝိညာဏ်တခုထဲ တဘဝပြီး တဘဝ ကူးပြောင်းနေတယ်။ ပြေးသွားနေတယ်၊ ဒီဝိညာဏ်ကလွဲပြီး ဒီပြင် ဝိညာဏ်မရှိတော့ဘူး။ ဒါဟာ သာတိ ရဟန်းရဲ့ ယူဆချက်(ဝါ) အယူမှားပုံ့၊ လိုရင်း အဓိပ္ပါယ်ပါဘဲ။

မြတ်စွာဘုရားက ဝိညာဏ်ဆိုတာ အကြောင်းရှိရင်ဖြစ်တယ်၊ ဖြစ်ပြီးရင် ချုပ်တယ်လို့ ဟောတော်မူတယ်။

သာတိ ရဟန်းက ဒီလိုမဟုတ်ဘူး၊ ဝိညာဏ်ဆိုတာ မချုပ်တော့ဘူးလို့ ယူဆထားတယ်။ အယူအဆ မှားတယ်၊ သာတိ ရဟန်း ဒီလို အယူအဆ မှားနေတာကို၊ အတူနေ သီတင်းသုံးဘော်တွေကသိတော့၊ ဒီအယူမှားကို စွန့်ဘို့ ဖြောင်းဖျကြတယ်။ ဆွဲဆောင်ကြတယ်။ ဝိုင်းဝန်းပြီး ပြောကြ၊ဟောကြတယ်။

"ငါ့ရှင်သာတိ၊ ဝိညာဏ်ဆိုတာ အကြောင်းတိုက်ဆိုင်လာရင် ဖြစ်လာတယ်။ ဖြစ်ပြီးရင် ပျက်ရတယ်။ ငါ့ရှင်ယူဆသလို တဘဝ ပြီးတဘဝ ပြေးသွားကျင်လည်နေတာမဟုတ်ဘူး" ဒီလိုဟောကြ ပြောကြတယ်။

နောက်ပြီးတော့—

"ငါ့ရှင့်သာတိ"၊ ငါ့ရှင်ဟာ ဒီလိုမှားတဲ့အယူကို မယူပါနဲ့၊ စွန့်လွှတ်ပစ်လိုက်ပါ၊ ဒီမှားတဲ့အယူကို ယူနေမယ်ဆိုရင်ဖြင့် ဘုရားသားတော်ဖြစ်ရက်နဲ့ ဘုရားစကားကို နားမထောင်ရာကျမယ်။ ဘုရားကို စွပ်စွဲရာကျမယ်။ ဘုရားစကားကို နားမထောင်တာ၊ ဘုရားကိုစွပ်စွဲတာဟာ မကောင်းပါဘူး"လို့ အကြောင်း အကျိုးနဲ့ သတိပေးကြပါတယ်။

ဟုတ်ပါတယ်၊ ဝိုင်းဝန်းပြီး သတိပေးကြရမှာဖြစ်တယ်၊ ဘာ ပြုလို့လဲဆိုတော့ "တပည့်မကောင်း ဆရာခေါင်း" ဆိုတာလို ဘုရားသားတော် တယောက်ဖြစ်နေပြီး ဘုရားဟောတဲ့အတိုင်း မကျင့်သုံး မလိုက်နာဘဲ အယူလွဲ အယူမှားနေရင်၊ ပုရာဏ ကဿပ၊ မက္ခလိဂေါသာလစတဲ့ အခြားတိတ္ထိဂိုဏ်းဂဏတွေက ကဲ့ရဲ့စရာ၊ အပြစ်တင်စရာ၊ ရှုတ်ချစရာ ဖြစ်လာမယ်၊ နောက်ပြီး ကိုယ့်အယူအမှားကြီးကိုဘဲ ဒီဝါဒဟာ ဘုရားဟောပါလို့ လက် ညှိုးထိုးပြလိမ့်ဦးမယ်။ ဒီလိုလုပ်တာဟာ ဘုရားကို စွပ်စွဲတာနဲ့ အတူတူပါဘဲ၊ ဘုရားကိုပါ (သဿဝါဒီ) အဖြစ် စွပ်စွဲလိုက်သလို ပါဘဲ။ ဒါတွေကို မြော်မြင်ပြီးတော့ သီတင်းသုံးဖော် ရဟန်း

တွေက သာတိရဟန်းကို ဒီအယူက လွတ်ပါစေတော့၊ ကျွတ်ပါစေတော့လို့ စေတနာမှန်နဲ့ တိုက်တွန်းနေကြတယ်။ အမြင်မှန်ရအောင် သတိပေးနေကြတာဖြစ်တယ်။

ဒါပေမဲ့ ရဟန်းတော်တွေရဲ့ စေတနာဟာ အရာမထင်ဘဲ သဲထဲရေသွန်ဖြစ်သွားပါတယ်။ ဘာပြုလို့လဲဆိုတော့ သာတိရဟန်းဟာ အယူအဆမှားကြီးကိုသာ တရားသေ လက်ကိုင်ထားပြီးတော့ ရဟန်းတော်တွေရဲ့ စကားကို လက်မခံလို့ ပါဘဲ။

ဒီတော့ ရဟန်းတော်တွေဟာ ဒုတိယခြေလှမ်းကိုစတင်အသုံးပြုကြရတော့တယ်။ ရဟန်းတော်တွေရဲ့ စိတ်တွင်းမှာလဲ ဒီသဿတဝါဒပျံ့ပွားသွားရင် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး အရှက်တကွဲအကျိုးနဲ့ဖြစ်သွားမှာကို စိုးရိမ်တော်မူကြတယ်။

သာတိရဟန်းရဲ့ သံသရာရေး အတွက်လဲ သနားကရုဏာသက်တော်မူရှာကြတယ်။

ရဟန်းတော်တွေရဲ့ စိတ်ထဲမှာလဲ သာတိရဟန်းဟာ ဘုရား မဟောတာကို ဘုရားဟောလုပ်တယ်။ မြတ်စွာဘုရားရဲ့ အာဏာစက်ကို ဖျက်ဆီးတယ်။ မြတ်စွာဘုရားရဲ့ ဝေသာရဇ္ဇ ဉာဏ်တော်ကို တားမြစ်တယ်။ တရားနာတဲ့သူတွေကို ယုံမှားစေတယ်။ သံသယဖြစ်စေတယ်။ အရိယာတွေရဲ့ သွားရာလမ်းမှာ ကန့်လန့်အိပ်ပြီးတော့ အစီးအပွားမဲ့ဘို့၊ ဆင်းရဲဘို့ကျင့်တယ်။ တိုင်းပြည် တပြည်မှာ သူပုန်ထတဲ့အခါ ပြည်သူလူထု ဆင်းရဲဒုက္ခရောက်သလို၊ ဗုဒ္ဓ

မြတ်ဗုဒ္ဓ သာသနာတော်မှာလဲ သာသနာတွင်းသူပုန်ထရင်၊ လူတွေအစီးအပွါးမဲ့ကုန်တော့မယ်။ ဆင်းရဲကုန်တော့မယ်။

ဒီတော့ သာတိရဟန်းဟာ ခုဆိုရင် ပရိသတ်မရှိသေးဘူး၊ တကယ်လို့ နောက်လိုက်နောက်ပါတွေနဲ့ အင်အားတောင့်တင်းခဲ့ရင်၊ သာသနာတော်ကြီးကို အန္တရာယ်ပြုတော့မယ်၊ သာသနာတော်ကို ဖျက်တော့မယ်လို့ ပူပန်တော်မူကြပါတယ်။

ဒါကြောင့် ဝိုင်းဝန်းပြောမရတဲ့အဆုံး သာတိရဟန်းကို မြတ်စွာဘုရားထံ ခေါ်သွားကြပါတော့တယ်။
တိုတိုရေးကြစို့ -

မြတ်စွာဘုရားထံရောက်တော့လဲ မြတ်စွာဘုရား စစ်မေးတော်မူတဲ့အခါ သာတိရဟန်းဟာ သူ့အယူအမှားကိုမစွန့်လွှတ်ပါဘူး၊ "ဘုရားချွတ်လို့မကျွတ်တဲ့သူ" ဆိုတာ သာတိရဟန်းလိုလူမျိုးကို ခေါ်ကြတာဖြစ်ပါလိမ့်မယ်။

နောက်ဆုံးဘုရားက "မောဃပုရိသ" လို့ ခေါ်တော်မူတယ်။ မြန်မာလိုကတော့ သာသနာတော်မှာ အကျိုးမရှိတဲ့သူ၊ မဂ်ဖိုလ်မှ အချည်းနှီးဖြစ်တဲ့သူလို့ ဆိုလိုပါတယ်။

ဒါဟာ ဘုရားသက်တော်ထင်ရှားရှိစဉ်က ကြုံတွေ့ရတဲ့ သာဓကဖြစ်ပါတယ်။သာတိရဟန်းဟာ "စိတ်မချုပ်ဘူး" ဆိုတဲ့ သဿတဝါဒရှင်ဖြစ်တယ်။ ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ်က ကျွတ်တန်းမဝင်လိုက်ရတဲ့ သာတိရဟန်းဟာ၊ သံသရာမှာ လည်နေခဲ့ပြီး မြန်မာပြည်မှာ လူလာဖြစ်လို့ သူရဲ့မူဟောင်း၊ အယူဟောင်းဖြစ်

တဲ့ "စိတ်အဘိုင်းက မချုပ်ဘူး" ဆိုတဲ့ ဝါဒကို တီထွင်ခါ ပြည် ခွင်မှာ ဒုက္ခများပေးနေရော့သလားလို့ စဉ်းစားမိပါတယ်။

ဒါမှမဟုတ်ရင်လဲ ခု "စိတ်အတိုင်းတိုင်းကမချုပ်ဘူး" ဆိုတဲ့ ဝါဒရှင်ဟာ သာသနာရေးဝန်ကြီးနောက်လိုက်ဖြစ်တဲ့ "ခေတ်သစ် သာသနာ" ဆိုရင် မှားမှာမဟုတ်ဘူး။

သာသနာရေးကိုတော့ ဘုရားကိုယ်တော်တိုင် ချုတ်သော်လဲ မကျွတ်ခဲ့ဘူး၊ စိတ်မချုပ်ဘူးဆိုတဲ့ (ခေတ်သစ်သာသနာလက်သစ်) ကို တော့ ဘယ်သူတွေ ချုတ်ကြပါမလဲ?၊ ချုတ်နိုင်မဲ့သူ ပေါ်လာ ကောင်း၂ ါရဲ့ လို့ မျှော်လင့်ရပါတော့တယ်။

ဟုတ်တယ်၊ ဘာကြောင့်လဲဆိုရင် စိတ်အတိုင်းတိုင်းက မချုပ် ဘူး (ဝါ) စိတ်မချုပ်ဘူး ဆိုတဲ့ဝါဒဟာ ဘုရားဟောတဲ့ ဝါဒ မဟုတ်ဘူး။ ကိုယ့်ဘာသာကိုယ်တီထွင်တဲ့ အတ္တနောမတိဝါဒ ပါလို့ ဝန်ခံချင်လဲ ဘာမှပြောစရာမရှိဘူးပေါ့။

ခုတော့ ဒီလိုမဟုတ်ခြဲဘူး။ ကိုယ်ဟာကိုယ် ရေးချင်သလို ရေး၊ ဟောချင်သလိုဟော၊ ယူချင်သလိုယူပြီးတော့၊ ဒါတွေဟာ ဘုရားဟောပါလို့ ဘုရားကိုရှေ့နေအလိုက်ခိုင်းတယ်။ ဘုရားကို ကာဘာယူပြီး မလိမ္မာတဲ့သူတွေကို ဖြားဖြန်းညာဝါးကြတယ်။

ဒါ့ကြောင့် စိတ်မချုပ်ဘူးလို့ ယူဆတဲ့ဝါဒရှင်ကိုတော့ သာ သနာ (၂၅၀၀) ကျော်မှာ ပေါ်ပေါက်လာတဲ့ (သာသနာ့သူပုန်) လို့ ဆိုချင်ပါတယ်၊ ဆိုလဲဆိုရပါမယ်။

ဘာကြောင့်လဲ?၊ အဋ္ဌကထာဆရာကိုယ်တိုင်က "ဗုဒ္ဓေန အက-

တိတံ ကထေတိ” ဘုရားဟောမဟုတ်တာကို ဘုရားဟော လုပ်တယ်။

“သောတုကာမံ ဇနံ ဝိသံဝါဒေတိ” ကြားနာရတဲ့ သူတွေကို ယုံမှားသံသယဖြစ်စေတယ်၊ နားယောင်စေတယ်။

“အရိယပထေ တိရိယံ နိပတိတွာ မဟာဇနဿ အဟိတာယ ဒုက္ခာယ ပဋိပဇ္ဇန္တာ” အရိယာတို့ သွားမဲ့လမ်းမှာ ကန့်လန့်အိပ်ပြီးတော့ သတ္တဝါတွေကို ဆင်းရဲအောင်လုပ်နေတယ်။

“ယထာ ရညော ရဋ္ဌေ မဟာစောရော ဥပဒ္ဒဝမာနေ” တိုင်းပြည်တပြည်မှာ သူပုန်ထရင် လူတွေဆင်းရဲသလို၊ ခုလဲ သာသနာတွင်းကနေပြီး သတ္တဝါတွေကို ဆင်းရဲအောင် လုပ်နေတဲ့ အတွက်“သာသနာ့သူပုန်”လို့ သုံးနှုန်း ရေးသားထားပါတယ်။

ဒါကြောင့် အဋ္ဌကထာဆရာရဲ့စကားအတိုင်း ဒီလို သာသနာတွင်းကနေ ဘုရားရဲ့တရားမဟုတ်တာကို အဟုတ် လုပ်ပြီး သတ္တဝါတွေ ဆင်းရဲအောင် လုပ်နေသူတွေကို(သာသနာ့သူပုန်) လို့ ရေးရတာဟာ လွန်မယ်မဟုတ်ဘူးလို့ ယူဆပါတယ်။

မန်လည် ဆရာတော်ဘုရားကြီးကလဲ “မြို့ရွာ ဇနပိုဒ်၊ နယ်တိုက်တိုက်ကို၊ လိုက်၍ဖျက်ဆီး၊ ခိုးသူကြီးသို့၊ ရှိသီးများစွာ၊ ပရိဝါနှင့်၊ မလိမ္မာသူ၊ ရှင်လူဗာလ၊ အပ္ပသုတ၊ မိန်းမ ယောကျ်ား၊ သူတို့အားလျှင်၊ လှည့်စားသမှု၊ သက်မွေးပြုလျက်၊ရှင်တု ရှင်ဝါ၊ မဟာစောရ၊ ရှင်ဓါးမြတို့”လို့ မာဃဒေဝ လင်္ကာသစ်မှာ စပ်ဆိုတော်မူခဲ့ပါတယ်။

ဒီသာသနာ့သူပုန်ကို သာသနာတော်ရဲ့အကျိုးစီးပွါးကို လိုလားတောင့်တသူတိုင်းက ပိုင်းဝန်းနှိမ်နင်းဘို့ ထာဝန်ရှိပါတယ်။

ရှင်မဟာ ကဿပ ရှင်မဟာ ယသစတဲ့ မဟာထေရ်ကြီးတွေဟာလဲ သာသနာတော်မှာဖြစ်ပေါ်လာတဲ့ ဝါဒများတွေ သာသနာ့သူပုန်တွေကို သင်္ဂါယနာတင်ခြင်းဖြင့် နှိမ်နင်းတော်မူခဲ့ကြပါတယ်။

သာသနာ(၂၅၀၀) ဒီမှာဘက်မှာ ပေါ်ပေါက်လာတဲ့ ဝါဒများများကို နှိမ်နင်းဘို့ သာသနာကိုမြတ်နိုးသူတိုင်း တာဝန်ရှိပြီ၊ မှားယွင်းတဲ့အယူဝါဒကို မှန်ကန်တဲ့ ဗုဒ္ဓလမ်းစဉ်နဲ့ နှိမ်နင်းပစ်ရပါမယ်။

ဘုရားမဒေဟာတာကို ဘုရားဟောလုပ်ပြီး (လံကြုပ်ဒီပနီ)ဖွင့်နေကြတဲ့ (ခေတ်သစ်သာသတိ)ဟာလဲဘဲ လယ်တီ ဆရာတော်ဘုရား ရေးသားသတိပေးခဲ့သလို–

(သဘောသကန်, မိမိဉာဏ်နှင့်, မတန်မရာ, နက်နဲစွာကို, အရာမသိ, မရှိပ်မိဘဲ, ဟုတ်လိမ့်နိုးနိုး, ဆင်ကန်းတိုးသို့, ကြိုးကြိုးပမ်းပမ်း, အကြံဆန်းမူ, ဗရမ်းဗတာ, စိတ်သညာဖြင့်, ထင်ရာထင်မိ, မှားခေါင်ထိရှိ, ဒိဋ္ဌိဒိမြစ်, စုံးစုံးနစ်သည့်, လူဖြစ်ဤဘွင် ဆုံးသတည်း။) ဖြစ်နေကြမှာကိုလဲ သတိပြုသင့်ကြတယ်။

နောက်ဆုံးဓမ္မမိတ်ဆွေ သဘောပေါက်ရမှာက ခေတ်သစ်သာတိက စိတ်မချုပ်ဘူးလို့ယူတယ်၊ ဗုဒ္ဓက စိတ်ဟာအကြောင်း

တိုက်ဆိုင်ရှင်ဖြင့်တယ်၊ ဖြစ်ပြီးရင် ချုပ်တော်လို့ ပြောတယ်ဆိုတာ သိထားဘို့ဘဲ။

သာတိရဟန်းကို သိတင်းသုံးဘော်တွေ ဝိုင်းဝန်းသတိပေးသလို ခေတ်သစ်သာတိကိုလဲ သတိပေးကြပါတယ်။ ဒီဝါဒ မမှန်ကြောင်း၊ လွဲကြောင်း၊ စာပေနဲ့ မကိုက်ကြောင်းတွေကို စာပေနည်းကျကျ ဒေသနာယုတ္တိ၊ သဘာဝယုတ္တိတွေနဲ့ ပြောကြပြောကြ၊ နားချကြပေမဲ့ -

"တကဲ့စာယဉ်၊ ပညာရှိကြိုက်၊ မင်းထိုက်စိုးတန်၊ ကေန္တမှန်စေဦး၊ နားတပီသာကို၊ စာအခွက်တဆယ်၊ နားကငယ်သောအခါ၊ ပင်လယ်နှံ့ ပိန်းကော၊ သဘောနှံ့ လှော်တက်၊ ဂုဏ်မဖက်သည့်နှယ်၊ စာနက်နှံ့ နားတိမ်ကို၊ အလိမ်မသင့်၊ ကျေးဇူးဖင့်၍၊ အခွင့်မတော်ဘူးတည့်" ဆိုတဲ့ ငွေတောင်ရကန်စာသွားလို ဖြစ်နေပါဘော့တယ်။

ဒါကြောင့် စိတ်မချုပ်ဘူးလို့ ဟိတ်လုပ်နေကြတဲ့ ခေတ်သစ်သာတိရဲ့ ယူဆချက်ဟာ၊ ပါဠိတော်နဲ့ ကွာ၊ အဋ္ဌကထ နဲ့ မညီ၊ ဋီကာနဲ့ လွဲ၊ ထင်ရှားကြနေကြတာကို၊ ဗုဒ္ဓရှင်တော်မြတ် မြင်တော်မူပါလှည့်လို့ တမ်းတမှန်းဆရင်းနဲ့ ဝေဘန်ခဏ်း (၆) အပြီးသပ်ကြပါစို့။

## ဝေဘန်ခဏ်း (၇)

(မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်မှ) သူတို့၏ ရေးသားချက်။

“သို့အတွက် လောကီအာရုံတွေနဲ့ စိတ်နဲ့ မထိစေနဲ့၊ စိတ်, စိတ်အတိုင်းထား”

ဓမ္မမိတ်ဆွေ။

အာရုံကို အကျဉ်းဆုံး သရုပ်ခွဲလိုက်ရင် လောကီအာရုံ, လောကုတ္တရာ အာရုံရယ်လို့ နှစ်မျိုးရှိတယ်။ စိတ်ကို လောကီအာရုံနဲ့ မထိရင်ဘယ်အာရုံနဲ့ ထိနေရမလဲ၊ လောကုတ္တရာ အာရုံနဲ့ နေပါတဲ့။

သတိထား, စဉ်းစားဘတ်ပါ ဓမ္မမိတ်ဆွေ။ လောကုတ္တရာကို အာရုံပြုနိုင်တာက အရိယာပုဂ္ဂိုလ်တွေသာ ဖြစ်နိုင်ပါတယ်။

ပုထုဇဉ်တွေကတော့ လောကုတ္တရာကို ဘယ်နည်းနဲ့မှ အာရုံ မပြုနိုင်ပါဘူး။

ဒီနေရာမှာ ပစ္စက္ခမျက်မှောက် ပြုခြင်းမျိုးကို ဆိုလိုပါတယ်၊ နောက်ပြီး ပုထုဇဉ်သန္တာန်မှာ ဖြစ်တဲ့ သောတာပတ္တိမဂ်မဖြစ်မီ ဂေါတြဘူစိတ်ဟာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်မဟုတ်လား လို့ စောဒကတက်စရာ ရှိပါတယ်။ ဂေါတြဘူစိတ်ဟာ နိဗ္ဗာန်ကို ရှေးဦးစွာ အာရုံပြုသော်လဲ အဋ္ဌကထာ ဆရာကိုယ်တိုင်က ဒဿနအရ သောတာပတ္တိမဂ်ကိုသာ ယူရမယ်လို့ ဆိုထားပါတယ်. အကျယ်သိချင်ရင် အဋ္ဌသာလိနီ အဋ္ဌကထာ, ဒဿနတိက် အဖွင့်မှာ ကြည့်ပါ။

ဒီတော့ လောကီအာရုံတွေနဲ့၊ မတိစေနဲ့၊ လောကုတ္တရာကို အာရုံပြုနေဆိုတဲ့ သူတို့ဝါဒဟာ အရိယာတွေနဲ့သာ ဆိုင်ပြီး....

ပုထုဇဉ်ပုဂ္ဂိုလ်တွေ ကျင့်လို့ မဖြစ်သော ဝါဒဆိုတာ ဓမ္မမိတ်ဆွေ သိထားနိုင်ပါ။

ပိုပြီးခိုင်လုံသွားအောင် အတိုင်းတိုင်းဆရာတို့ရေးတဲ့ (နိဗ္ဗာန်မြင်သိဝိမုတ္တိ)မှာ....

"အခုတော့ ရှုမပွားရဘူးရယ်လို့ သိမ်းကျုံးပြီး ထင်နေကြပါတယ်။ ပြောလဲပြောနေကြပါတယ်။ ပွားများ နည်းများကိုတော့ ခွဲခြားပြီး မသိကြခြင်းကြောင့် အလွဲအမှားသာ ထင်ပြီး ပြောကြခြင်းနဲ့ စွပ်စွဲခြင်းသာဖြစ်ပါတယ်။

ပွားများနည်း။

(၁) ရုပ်နာမ်ကို မျက်မှောက်ပြုပြီး ပွားများနည်း။

(၂) နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး ပွားများနည်းရယ်လို့ နှစ်မျိုးရှိရာမှာ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး ပွားများကြပါလို့ ဟောလဲဟောခဲ့ပါတယ်။ တိုက်လဲတိုက်တွန်းပါတယ်။ ရုပ်နာမ်ကိုတော့ ပိုင်းခြားသိဘို့ဘဲ ဟောပါတယ်။ ပွားများဘို့ကတော့ မဟောပါဘူး"

ဓမ္မမိတ်ဆွေ၊ ဒီရေးသားချက်နှစ်ခု ထောက်ရှုပြီးတော့ သူတို့ဝါဒဟာ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး ပွားများရမဲ့ နည်းဖြစ်တဲ့ အကြောင်း ထင်ရှားပြီမဟုတ်လား။?

ဒါဖြင့် နိဗ္ဗာန်မျက်မှောက်ပြုနိုင်သော ပုဂ္ဂိုလ်တွေဟာ မည်ကဲ့သို့ ပုဂ္ဂိုလ်တွေလဲဆိုဒါ ဓမ္မမိတ်ဆွေ မှတ်မိပါသလား။?

နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သော ပုဂ္ဂိုလ်များကတော့ အရိယာပုဂ္ဂိုလ်များသာ ဖြစ်ပါတယ်။

ဒီတော့ ဒိဝါဒကို ကြိုက်နှစ်သက်နေကြတဲ့ ပုဂ္ဂိုလ်များအား ဒီလိုတခု မေးပါရစေ။

ပုထုဇဉ်အဖြစ်နဲ့ ဒိဝါဒကို ကြိုက်နှစ်သက် နေခြင်းလား။? (သို့မဟုတ်) အရိယာဖြစ်ပြီးမှ နှစ်သက်ခြင်းလား။?

ပုထုဇဉ်ဘဝနဲ့ နှစ်သက်ခြင်းဖြစ်ခဲ့သော်, ဒိဝါဒကို ကြိုက်နှစ်သက်နေသမျှ ကာလပတ်လုံး, အရိယာအဖြစ်သို့ ရောက်နိုင်တော့မယ်မဟုတ်တော့ပါ။ အကြောင်းကတော့ ပုထုဇဉ်များ ကျင့်မဖြစ်တဲ့ ဝါဒဖြစ်တယ်မဟုတ်ပါလား။?

အရိယာဖြစ်ပြီးတဲ့နောက်မှ ဒိဝါဒကို ကြိုက်နှစ်သက်ခြင်းပါဆိုရင်လဲ။

အရိယာဖြစ်ပြီးတဲ့နောက်မှတော့ ဘာပြုလို့ သူများကိုဆရာတင်လိုရပါသေးသလဲ။?

အမှန်ကတော့ လောကီအာရုံနှင့် စိတ်နဲ့မထိစေနဲ့လို့ရေးနေသောဝါဒဟာ၊ အရိယာ ပုဂ္ဂိုလ်များလဲ လိုက်နာမဖြစ်တဲ့အကြောင်း, ရေးနေရင် များသွားမှာ စိုးရိမ်လို့ နောက်အခါကိုဆက်ကြပါစို့။

# ဝေဘန်ခဏ်း(၈)

(ထေရပ္ပတ္တိ)မှ အတိုင်းတိုင်းဆရာတို့ရေးသားချက်။

"အဲဒီခြေအစ ခေါင်းအဆုံးဖြစ်တဲ့ ပဥ္စက္ခန္ဓာ၊(ဝါ) အနုပါဒါနက္ခန္ဓာကို ကြည့်ရမှာ မဟုတ်ဘူး၊ မြင်တာတို့, ကြားတာတို့, နံတာတို့, စားတာတို့, ဒီလိုကြည့်နေလို့ မဂ်မဖြင်ဘူး၊ နိဗ္ဗာန်ရောက်မှာ မဟုတ်ဘူး၊(ပ) ဥပါဒါနက္ခန္ဓာဆိုတာ အစွဲအလန်း နှင့်တာကြောဖြစ်တဲ့ စိတ်ကို ပြောတာ၊ လောဘစိတ်, ဒေါသစိတ်, သောကစိတ်,ပရိဒေဝစိတ်, သူထင် ငါထင် လူထင် နတ်ထင်ပုဂ္ဂိုလ်ထင် အစရှိသဖြင့် ဖြစ်နေကြတဲ့ စိတ်မျိုးတွေကို ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်"

ဒီစကားပိုဒ်တွေဆိုရင် "စကထဲက ယဉ်သက်"ဆိုသလိုအမှားနဲ့စပြီး အမှားနဲ့ဆုံးနေတာကိုတွေ့ရတယ်၊ ဒေါင်ချာစိုင်းနေတဲ့ အတ္တနောမတိဝါဒရှင်တွေရဲ့ ရေးသားချက်တွေဟာ....

ဒေသနာဗဟုသုတနည်းရှိကြတဲ့ အပ္ပသုတပုဂ္ဂိုလ်မျိုး၊ စိတ်စေတသိက်, ရုပ်,နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထသရုပ်ကိုမှ ပီပီပြင်ပြင် နားမလည်ကြတဲ့ အယူသီးသမားတွေကို မျက်စိလည် လမ်းမှားပြီးစမ်းတဝါးဝါးဖြစ်အောင် လုပ်နိုင်တာဟာ မဆန်းပါဘူး။

ဒီပုဂ္ဂိုလ်တွေ အတွက်ကြောင့်ဘဲ ဒီချေပချက်တွေကို မမှားတန်တာ, မမှားကြစေဘို့ စေတနာသန့်သန့်နဲ့ ရေးနေတာ ဖြစ်တယ်။

မှားလိုက်ပုံက....

"ခြေအစခေါင်းအဆုံး ပဉ္စက္ခန္ဓာ (ဝါ) အနုပါဒါနက္ခန္ဓာ" ဆိုတဲ့စကားဘဲ။

ခြေအစခေါင်းအဆုံးဖြစ်တဲ့ ရုပ်တရားကြီးဟာ သူတို့ရေးသလို အနုပါဒါ နက္ခန္ဓာ မဟုတ်ဘူး၊ ဥပါဒါနက္ခန္ဓာ စစ်စစ်ကြီး၊ ရေမရောဘူး။ အဲဒီ ခြေအစခေါင်းအဆုံး ရုပ်တရားကြီးကို အနုပါဒါ နက္ခန္ဓာလို့ သိတာ၊ မြင်တာ၊ ရေးတာဟာ မှားလိုက်တဲ့ ပထမ အမှားတော်ပုံကြီးဘဲ။

ခြေအစခေါင်းအဆုံး ရုပ်တရားကြီးကို ဥပါဒါနက္ခန္ဓာ ဆိုတာက ဒေသနာ နဲ့နဲ့ပါးပါး တီးမိခေါက်မိရင် မသိစရာ မမြင်စရာ မရှိဘူး။

ဥပါဒါနက္ခန္ဓာ ဆိုတာက ဥပါဒါန်၊ အာသဝေါတရားတို့ရဲ့ အာရုံဖြစ်တဲ့ တရားကို ခေါ်တယ်လို့ သေသေချာချာမှတ်ခဲ့ပါ။

ဥပါဒါန်၊ အာသဝေါတရားတို့ရဲ့ အာရုံဖြစ်တဲ့ တရားမှန် သမျှ ဥပါဒါနက္ခန္ဓာ ချည်းပါဘဲ။

"ဥပါဒါနက္ခန္ဓာတိ ဧတ္ထ ဥပါဒါန-ဂေါစရာ ခန္ဓာ" အရ မာတိကာလောက်သင်ဘူးရင် ဒီစကားကို သူတို့သုံးမယ်မဟုတ်ဘူး။

စ၊ဗောဒနာဘာသယ် စကားရပ်ကိုဆက်၍ပြအံ့။ ဧတ္ထ၊ ဤအရာ၌။ ဥပါဒါနက္ခန္ဓာတိ၊ဟူသည်ကား။ဥပါဒါနာနံ၊ ဥပါဒါန် လေးပါးတို့၏။ ဂေါစရာ၊ အာရုံဖြစ်ကုန်သော။ ခန္ဓာ၊ခန္ဓာတို့ပင်တည်း။

မာတိကာမှာ ဥပါဒါန်၏ အာရုံဖြစ်တဲ့ ဥပါဒါနက္ခန္ဓာ အရ

လောကီစိတ် (၈၁)ခု၊ စေတသိတ် (၅၂) ခု၊ ရုပ် (၂၈) ခုကို ကောက်ထားတယ်။

အဆက်က ရေးသားချက်ဟာ မာတိကာလောက်မှ မသင်ကြား မလေ့လာဘူးတောင် သင်္ဂြိုဟ်လောက် သင်ဘူးရင် အဲထက်က ရေးပြတာတွေကို ဥပါဒါနက္ခန္ဓာအရ ကောက်ရမှာဘဲဆိုတာ သိနိုင်ပါတယ်။

သင်္ဂဟမှာ...

"ပဉ္စုပါဒါနက္ခန္ဓာတိ၊ တထာ တေဘူမကာ မတာ" လို့ဆိုတယ်။ တေဘူမကာ၊ ဘုံသုံးပါး၌ ဖြစ်ကုန်သော။ တေ၊ ထိုသဘောတရားတို့ကို။ ပဉ္စုပါဒါ နက္ခန္ဓာတိ၊ ငါးပါးသော ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာတို့ဟူ၍။ မတာ၊ သိအပ်ကုန်၏။ မြန်မာလိုကတော့ ငါးပါးသော ပဉ္စုပါဒါနက္ခန္ဓာအရ ဘုံသုံးပါး၌ ဖြစ်တဲ့ လောကီစိတ် (၈၁)ခု၊ စေတသိက် (၅၂)ခု၊ ရုပ် (၂၈)ခုတို့ကို ကောက်ယူပါတယ်။

ဒီနေရာမှာ ရုပ်တရားကြီးဟာ သူတို့ရေးသလို အနုပါဒါနက္ခန္ဓာ မဟုတ်ဘဲ ဥပါဒါနက္ခန္ဓာ မည်တဲ့အကြောင်း သာဓကပြဘို့ လိုလာတယ်။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ....

"ယထာ ဝေဒနာဒယော အနာသဝါပိ အတ္ထိ၊ န ဧဝံ ရူပံ"။အနာသဝါပိ၊ အာသဝေါ တရားတို့၏ အာရုံမဟုတ် ကုန်သည်လည်း ဖြစ်ကုန်သော။ ဝေဒနာဒယော၊ ဝေဒနာ အစရှိ

သော နာမက္ခန္ဓာတို့သည်။ အတ္ထိယထာ၊ ရှိကုန်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ရူပံ၊ ရုပ်တရားသည်။ နအတ္ထိ၊မရှိ။

အာသဝေါတရားတို့ရဲ့ အာရုံမဟုတ်တဲ့ ရုပ်တရားမရှိဘူးလို့ ဆိုလိုတယ်။

အာသဝေါတရားတို့ရဲ့ အာရုံဖြစ်တဲ့ တရားဟာ ဥပါဒါနက္ခန္ဓာ မည်တယ်ဆိုတာ သတိပြုမိပါစေ။

နောက်တချက်က အဘိဓမ္မတ္ထ ဝိဘာဝိနီမှာ....

"ယထာ ပနေတ္ထ ဝေဒနာဒယောသာသဝါ အနာသဝါပိ၊ န ဧဝံ ရူပံ, ကေန္တကာမာဝစရတ္တာ" လို့ဆိုဘယ်။

ပန၊ထူးခြားချက်ကို ဆိုဦးအံ့။ ဧတ္ထ၊ ဤအရာ၌။သာသဝါပိ၊ အာသဝေါတရားတို့၏ အာရုံလည်းဖြစ်ကုန်သော။ အနာသဝါပိ၊ အာသဝေါတရားတို့၏ အာရုံလည်း မဟုတ်ကုန်သော။ ဝေဒနာဒယော၊ ဝေဒနာ အစရှိသော နာမက္ခန္ဓာ လေးပါးတို့သည်။ ဟောန္တိယထာ၊ နှစ်ပါးအာရုံ ဖြစ်ကုန်သကဲ့သို့။ ကေန္တ ကာမာဝစရတ္တာ၊စင်စစ် ကာမာဝစရ ဖြစ်သောကြောင့်။ ဧဝံ၊ ဤဝေဒနာစသည်အတူ။ ရူပံ၊ရုပ်တရားသည်။နဟောတိ၊ အာရုံနှစ်ပါး မဖြစ်။

သင်္ဂဟာရုပ်ပိုင်း ရူပဝိဘာဂမှာလဲ။

"သဗ္ဗဉ္စ ပနေတံ ရူပံ အဟေတုကံ သပ္ပစ္စယံ သာသဝံ သင်္ခတံ"။ ပန၊ ရုပ်ကို ဝေဘန်ပုံ ဝေဘန်နည်းကိုဆိုဦးအံ့။ သဗ္ဗဉ္စ သဗ္ဗံဧဝ၊ အလုံးစုံသာလျှင် ဖြစ်သော။ ဧတံရူပံ၊ ထိုရုပ်သည်။

အဟေတုကံ၊ အလောဘ အစရှိသော အကြောင်းတရား မရှိသောကြောင့် အဟေတုကလည်းမည်၏။ သပ္ပစ္စယံ၊ကံ,စိတ်,ဥတု, အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့နှင့်တကွ ဖြစ်သောကြောင့် သပ္ပစ္စယလည်းမည်၏။ သာသဝံ၊ အာသဝေါ တရားလေးပါး တို့၏ အာရုံ ဖြစ်သောကြောင့် သာသဝလည်း မည်၏။

ဒီသာမကတွေက ရူပက္ခန္ဓာ (ရုပ်ခန္ဓာ) ဟာ ဥပါဒါနက္ခန္ဓာဖြစ်ကြောင်း၊ ဝေဒနာစတဲ့ နာမ်ခန္ဓာတွေကတော့ တချို့ ဥပါဒါနက္ခန္ဓာ, တချို့ အနုပါဒါနက္ခန္ဓာ ဖြစ်တာကို ပြတာဘဲ။

နာမ်ခန္ဓာတွေမှာတော့ ဥပါဒါနက္ခန္ဓာအရ လောကီ နာမ်တရားတွေကို ကောက်ယူထားတဲ့အတွက် လောကီ နာမက္ခန္ဓာတွေဟာ ဥပါဒါနက္ခန္ဓာဖြစ်ပြီး လောကုတ္တရာနာမက္ခန္ဓာတွေဟာ အနုပါဒါ နက္ခန္ဓာတွေပါဘဲ။

ကဲ-ဓမ္မမိတ်ဆွေ ဥပါဒါနက္ခန္ဓာနဲ့ အနုပါဒါနက္ခန္ဓာကို ခွဲခြားသိပြီ မဟုတ်လား။?

ဒီတော့ သူတို့က လောဘစိတ်၊ ဒေါသစိတ်ဆိုတဲ့ အကုသိုလ်လောက်သာ ဥပါဒါနက္ခန္ဓာလို့ ရေးနေတာဟာ အလယ်အလွဲ တော်ပုံဘဲ။

ရုပ်တရားတွေကို ဥပါဒါနက္ခန္ဓာဆိုတာ သူတို့ သိပုံမရဘူး။ ရူပက္ခန္ဓာကို အနုပါဒါက္ခန္ဓာ ထင်ပုံရတယ်၊ ဒီလိုထင်တော့ ရုပ်တရားအားထုတ်ရင် နိဗ္ဗာန်မရဘူးလို့ ရေးလိုက်တာဟာ ဘုရား

ကိုစော်ကားပြီး သာသနာ ပျက်စီးအောင် လုပ်လိုက်ခြင်းဘဲ။

ရုပ်တရားကို အားထုတ်လို့ မဂ်ဖိုလ်နိဗ္ဗာန်ကိုရသွားတဲ့ သာဓကတွေဟာ ဗုဒ္ဓရဲ့ ပိဋကစာပေမှာ အများကြီး ရှိပါတယ်၊ ကျယ်မှာစိုးလို့ အများကြီးမရေးတော့ဘူး။

အထောက်အထားလိုရင် ရအောင် တခုလောက်ရေးပြမယ်။

သဠာယတန သံယုတ်, ကိံသုကောပမသုတ်မှာ ရဟန္တာ အရှင်မြတ်ကြီးရဲ့ ဖွင့်ဟဝန်ခံချက်ကို ကြည့်ပါ။

(ယတော ခေါ အာဝုသော စတုန္နံ မဟာဘူတာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ၊ ဧတ္တာဝတာခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိသုဒ္ဓံ ဟောတီတိ) အာဝုသော၊ ငါ့ရှင်။ ယတောခေါ၊ အကြင်အခါ၌။ စတုန္နံ မဟာ ဘူတာနံ၊ မဟာဘုတ်လေးပါးတို့၏။ သမုဒယဉ္စ၊ ဖြစ်ခြင်းကိုရင်း။ အတ္ထင်္ဂမဉ္စ၊ ပျက်ခြင်းကိုရင်း။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ၊ သိ၏။ အာဝုသော၊ ငါ့ရှင်။ ဧတ္တာဝတာခေါ၊ ဤမျှလောက် သိလျှင်။ ဘိက္ခုနော၊ ရဟန်း၏။ ဒဿနံ၊ ဉာဏ်အမြင်သည်။ သုဝိသုဒ္ဓံ၊ ကောင်းစွာစင်ကြယ်သည်။ ဟောတိ၊ ဖြစ်၏။

မြန်မာလိုကတော့ ငါ့ရှင်, အကြင်အခါ၌ မဟာဘုတ် လေးပါးတို့ရဲ့ အဖြစ်အပျက်ကို မှန်စွာသိတယ်၊ အဲဒီလောက် သိရင် ရဟန်းရဲ့ဉာဏ်အမြင်ဟာ ကောင်းကောင်းကြီးစင်ကြယ်ပါတယ် လို့ ဆိုလိုပါတယ်။

ဒါဟာ- ရူပက္ခန္ဓာခေါ်တဲ့ ဥပါဒါနက္ခန္ဓာကို ရှုမှတ်လို့,သိမြင်

အောင်အားထုတ်လို့ ဉာဏ်အမြင်ရှင်းခဲ့ပုံ (ရဟန္တာ) ဖြစ်ပုံကို သွယ်ဝိုက်ပြောလိုက်တဲ့ ဝန်ခံချက်စကားပါဘဲ။

မူလပဏ္ဏာသ ပရိယာယသုတ်အဖွင့်မှာတော့ (သာဝကာ ဟိစတုန္နံ မဟာဘူတာနံ ကေဒေသမေဝ သမ္မသိတွာ နိဗ္ဗာနံ ပါပုဏန္တိ)လို့ ဆိုထားတယ်။သာဝကာ၊ သာဝကတို့သည်။စတုန္နံ မဟာဘူတာနံ။ ပထဝီ အာပေါ တေဇော ဝါယော ဟူသော မဟာဘုတ်လေးပါးတို့တွင်။ ကေဒေသမေဝ၊ တချို့တစိတ်မျှကို သာလျှင်။ သမ္မသိတွာ၊ သုံးသပ်၍။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပါပုဏန္တိ၊ ရောက်ကုန်၏။'

မဟာဘုတ် လေးပါးလုံး ရှုမှသာမဟုတ်၊ တစိတ်တဒေသ ဖြစ်တဲ့ တပါးပါးကိုရှုရင် နိဗ္ဗာန်ကို ရောက်နိုင်တယ်လို့ ဖွင့်ပြ ထားပါတယ်။

ကိုင်းဓမ္မမိတ်ဆွေ-

ခြေအစ ခေါင်းအဆုံး ရုပ်တရားကြီးကို ဥပါဒါနက္ခန္ဓာမှန်း မသိတော့ အနုပါဒါနက္ခန္ဓာလို့ အမည်ပေးပြီး ၎င်းကိုရှုရင် မဂ်ဖိုလ်နိဗ္ဗာန်မရဘူးလို့ ရေးလိုက်တာဟာ၊ဗုဒ္ဓရဲ့ရုပ်လောကကို ရှုမှတ်ပြီး နိဗ္ဗာန်ရသွားမှုကို တော်လှန်ထားတဲ့ အရေးအသား ဖြစ်တယ်။

ဒါကြောင့် သူတို့ရဲ့ဝါဒဟာ ဗုဒ္ဓဝါဒနဲ့ ဆန့်ကျင်နေပုံကို ဓမ္မမိတ်ဆွေ သိနိုင်လောက်ပြီထင်ပါတယ်။

နောက်တချက်ရေးလိုတာကတော့ သူတို့ရဲ့ ရေးသားချက် တနေရာမှာ-

(ယခုတော့ လိုလားတာက မဖြစ်ရာမပျက်ရာ အနိမိတ္တနိဗ္ဗာန်

ပြုလုပ်အားထုတ် ရှာနေကြ ကြည့်နေကြတာက မြင်နေကြတာတွေက ဖြစ်ပြီး ပျက်တဲ့ နိမိတ္တရုပ်နာမ်)လို့ ရေးထားပြန်ပါရော။

အတိုင်းတိုင်းဆရာတို့ ဆိုလိုတာက နိမိတ္တရုပ်နာမ်ကို ရှုနေ့၊ ကြည့်နေ့၊ မြင်နေလို့ ရုပ်နာမ်တရားတို့ရဲ့ မဖြစ်ရာ၊ မပျက်ရာ နိဗ္ဗာန်ကို မရနိုင်ဘူးလို့ ဆိုလိုတယ်။

ဒီစကားဟာဖြင့် ဗုဒ္ဓရဲ့ ဝိပဿနာလမ်းစဉ်ကို ပြောင်းကျကျ ဆန့်ကျင်နေတဲ့ စကားလုံးပါဘဲ။ ဘာကြောင့်လဲဆိုရင် ရုပ်နာမ်တို့ရဲ့ ဖြစ်ပျက်ငြိမ်းရာ နိဗ္ဗာန်ကိုလိုချင်ရင်၊ ဒီရုပ်၊ နာမ်တို့ရဲ့ အဖြစ်အပျက်ကို ရှုရ၊ ပွားရ၊ မြင်အောင် ကြည့်ရလို့ပါဘဲ။

ရုပ် နာမ်တို့ရဲ့ အဖြစ်အပျက်ကိုမှ မမြင်ရင်၊ ဘယ်တော့မှ ရုပ် နာမ်ကင်းရာ နိဗ္ဗာန်ကို မရဘူးဆိုတာ သေသေချာချာ မှတ်ပါ။ ဒီရုပ် နာမ်တို့ရဲ့ အဖြစ်၊အပျက်၊ ရှုတို့၊ပွားတို့၊ မြင်အောင် ကြည့်ဘို့ကိုလဲ ဗုဒ္ဓကိုယ်တော်တိုင် ဟောတော်မူခဲ့ပါတယ်။ ရုပ်၊ နာမ်တို့ရဲ့ အဖြစ်အပျက်ကို ရှုတာ၊ ပွားတာကိုဘဲ (ဝိပဿနာ) လို့ ဘုရားဟောတော်မူခဲ့ပါတယ်။

ဒါကြောင့် ရုပ် နာမ်တို့ရဲ့ အဖြစ်အပျက်ကို ရှုလို့၊ပွားလို့၊ ကြည့်လို့၊ မြင်လို့ နိဗ္ဗာန်ကို မျက်မှောက် ပြုသွားတာတွေဟာ ဘုရားဟော ပါဠိတော်တွေမှာ ကိုးကားလို့မကုန်နိုင်အောင် ရှိပါတယ်။

ဘုရားရှင်က ရုပ်နာမ်တို့ရဲ့ အဖြစ်အပျက်ကို ပွားပါ၊ ရှုပါ၊

ကြည့်ပါ၊ ဒီလို ပွားမှ၊ ရှုမှ ရုပ်နာမ်တို့ရဲ့ ဖြစ်ပျက်ကင်းရာ နိဗ္ဗာန်ကို ရမယ်လို့ ဟောတယ်၊

သူတို့က ဒီလိုမဟုတ်ဘူး-

"မှတ်တော့ ပွားများတော့ အားထုတ်တော့ အားထုတ်မှတ်သား ပွားများတဲ့စိတ်တွေဖြစ်ကြရော၊ ဖြစ်ကြတော့ ဖြစ်တိုင်းဖြစ်တိုင်း ပျက်ကုန်ရော၊ ကဲ ကဲ ရှာကြံမှတ်သား ပွားများတဲ့ စိတ်တွေ ဖြစ်သမျှ ပျက်မဲ့အတူတူ မရှာတော့ဘူး၊ မကြံတော့ဘူး၊ မအောင့်မေ့တော့ဘူးဆိုပြီး အလျှော့ပေး၊ အရှုံးပေး၊ စွန့်ရေး၊ လွှတ်ရေး လုပ်လိုက်ပါက လွှတ်ရေး ကျွတ်ရေး မရပေဘူးလား" လို့ ဟောကြ ပြောကြ ရေးကြပါတယ်။ ဘုရားဟောနဲ့ အရှေ့အနောက် ဆန့်ကျင်မနေပေဘူးလား?။

ဘုရားက ရုပ်နာမ်ကို ရှုမှ မှတ်မှ နိဗ္ဗာန်ကို ရမယ်လို့ ဟောတယ်။

အတိုင်းတိုင်းဆရာတို့က မရှုမှ မကြံမှ မကြံရင် မအောက်မေ့ရင် လွှတ်ရော ကျွတ်ရောတဲ့ ဓမ္မမိတ်ဆွေ။

ဒီလို မရှုဘဲ မမှတ်ဘဲ နေလိုက်တော့ ပကတိအေးရာ နိဗ္ဗာန်ကြီးနဲ့ နေပြီးသားဖြစ်နေတာဘဲလို့ မလိမ့်တပတ်လုပ်ချင် လုပ်လိမ့်အုံးမယ်။ သူတို့ရဲ့ အေးရာကြီးဟာ ဘုရားဟော နိဗ္ဗာန် မဟုတ်ပါဘူး။ ဘာပြုလို့လဲဆိုရင် သူတို့မှာ ဝိပဿနာနဲ့ တူတဲ့ ဝိပဿနာ မရှိလို့ဘဲ။ ရှိပြန်တော့လဲ ဘုရားဟော ဝိပဿနာမှ မဟုတ်ဘဲ။

ကိုယ့်ဟာကို ထင်ရာယူဆထားတဲ့ "ငါ့ဝိပဿနာ" ဖြစ်နေပါတယ်။

ကိုင်း ဓမ္မမိတ်ဆွေ၊ အတိုင်းတိုင်းထားဆရာတို့၏ ဝိပဿနာ (ယောဂီလက်စွဲ)မှာ " မဖြစ်သေးတာ, သိနေတာ, ဝိပဿနာဉာဏ်" တဲ့။ ဒါဟာ ဘုရားဟောမရှိတဲ့ သူတို့ရဲ့ ဝိပဿနာပါဘဲ။

ဒါကြောင့် ဥပါဒါနက္ခန္ဓာနဲ့ အနုပါဒါနက္ခန္ဓာမှာ မကွဲဘဲနဲ့, မရှုရ၊ မမှတ်ရ၊ ရုပ်ကို ရှုလို့ နိဗ္ဗာန်မရဘူးဆိုတဲ့ ရေးသားချက်, ဟောပြောချက်များဟာဖြင့် မတော်လွန်းပါဘူးလို့ သတိပေးရင်း တခဏ်းရပ်ကြပါစို့။ ။

---

## ဝေဘန်ခဏ်း (၉)

### အချို့သော ဝါဒရှင်တို့၏ ရေးသားချက် (မရှုမပွားမှု)

"အလိုကို ရှေ့ထားလို့၊ တရားကိုတဲ့ ဖွေရှာ။ ဒုက္ခသာအမှန်တွေ့မယ်၊ မေ့နဲ့သေချာ"

ဒီအရေးအသား အနှုံးအဖွဲ့မျိုး ဟာ စာပေမတတ်, ပရမတ် ဇယောင်ယောင်, ဆရာယောင် ဟိတ်တလုံးနဲ့, မနိပ်ဆုံး အရေးအသားတွေ ဖြစ်တယ်လို့ ဆိုချင်ပါတယ်။

သာမည အပေါ်ယံတွင် ရှုပ်ပြီး စဉ်းစားရင်တော့, အလိုဆိုတာက သမုဒယ၊ တရားအားထုတ်မှုက ဒုက္ခ၊ သစ္စာနည်းနဲ့ ကြည့်ရင်လဲ ဒုက္ခသစ္စာဖြစ်ခြင်းရဲ့ အကြောင်းက သမုဒယသစ္စာဆိုတော့, အလိုသမုဒယကြောင့် အားထုတ်မှု ဒုက္ခကလွဲလို့ ဘာမှ

မဖြစ်နိုင်။ ဆိုလိုရင်းက တရားအားထုတ်လိုမှုဟာ အလိုသမုဒယ, အားထုတ်တာက ဒုက္ခ၊ ဒီတော့ အားထုတ်ရင် ဒုက္ခသာ တွေ့မယ်၊ နိဗ္ဗာန်မရဘူးလို့ ဆိုလိုပါတယ်၊ အမှတ်မဲ့ဆိုရင် ဒီအယူအဆဟာ ဟုတ်သလိုလို ရှိနေပါတယ်။

ဒါတင်မကသေးဘူး၊တနေရာမှာ "(မရှုမပွားမှ)ပြောရှုံဟော ရှုံနာကြားရှုံချနှင့် ကိုယ်တွေ့ဒိဋ္ဌ မဖြစ်နိုင်ဘူးဟု ထင်မြင်ယူဆပြီး ပြောကြပါသည်။ ထိုအပြောသည် မှန်ပေ၏။ အားထုတ်မှုကိုယ်တိုင်ဒိဋ္ဌ တွေ့နိုင်ပါသည်ဟု ပြောခြင်းသည် ဒုက္ခကိုသာတွေ့တာကတော့ မှန်ပါသည်။ ဒုက္ခငြိမ်းရာ နိဗ္ဗာန်တရားကိုတော့ မတွေ့ရပါ။ အဘယ့်ကြောင့်ဆိုလျှင် စိတ်နှင့် အားထုတ်နေခိုက်မှာ အားထုတ်နေတဲ့ ဒုက္ခမှတပါး အခြားမရှိပါ။ ဒုက္ခသာဖြစ်နေလို့ ဒုက္ခဘဲ တွေ့နိုင်ပါသည်။ ဤကား-အားထုတ်သူ ယောဂီတို့၏ ကိုယ်တိုင် တွေ့သော တရားပေတည်း" လို့ ရေးထားပြန်တယ်။

ဒီရေးသားချက်ကလဲ အထက်ကရေးခဲ့တဲ့ သူတို့ရဲ့ စကားကို ထောက်ခံထားတယ်၊ လုပ်ရင် ဒုက္ခသာတွေ့မယ်၊ နိဗ္ဗာန်ကိုမရဘူး၊ ရှင်းရှင်းက ဒီလိုဆိုလိုတာဘဲဖြစ်တယ်။

နောက်တခါ တနေရာမှာ (သစ္စာကိုမြင် ဉာဏ်လေယဉ်မှ)
"လုပ်ချင်ရာလုပ်ကြတော့၊ ဒုက္ခနဲ့တွေ့မယ်။
မုချဖြင့်လည်မည်၊ မမေ့ဘဲယမ်မိန့်ဟော။
လုပ်ချင်မှု သမုဒယမကုန်လျှင်၊ ရှုကြရှုံ ခွင့်ပြုတဲ့သဘော"
လို့ ရေးထားပြန်တယ်။

ဒီစာပိုဒ်ရဲ့ ဆိုလိုချက်ကလဲ အထက်က စာပိုဒ်တွေနည်းတူ

ဘဲ၊ လုပ်ချင်ရာလုပ် ဒုက္ခနှင့်တွေ့မယ်၊ နိဗ္ဗာန်ကို မရဘူးလို့ ဆို ထားတာဘဲ။

တခုတိုးလာတာက (ရှုတယ့်ပွားတယ်)ဆိုတာဟာ လုပ်ချင်မှု ဆိုတဲ့ သမုဒယ မကုန်သေးရင် ရှုဘို့ပွားဘို့ ဘုရားက ခွင့်ပြုပြီး ဟောပြောတော်မူခဲ့သယောင်ယောင် ဖြစ်ဖြန်းထားခြင်းဘဲ။

ကဲ-ဓမ္မမိတ်ဆွေ၊ သူတို့ရဲ့ အဆို့ အမိန့်အဖြစ်းအဖျန်းတွေကို အမိပ္ပါယ်တိုတိုပေါင်းလိုက်ရင်....

(၁) လုပ်ချင်မှု အားထုတ်ချင်မှုဟာ သမုဒယ။

(၂) အားထုတ်တာက ဒုက္ခလို့ သူတို့ ယူဆထားတယ် ဆို တာ ထင်ရှားနေပြီ မဟုတ်လား။?

ဟုတ်ကော ဟုတ်ပါရဲ့လား၊?ဟုတ်နိုင်ပါရဲ့လား၊? ကဲ့စိစစ် ကြရအောင်....

တရားအားထုတ်ချင်မှုအလိုကို သမုဒယလို့ ရေးသားချက် ဟာ သူတို့ရဲ့ နံပါတ်(၁) အမှားဘဲဖြစ်တယ်။

နောက်ပြီး တရားအားထုတ်ရင် ဒုက္ခသာ အမှန်တွေ့မယ်ဆို တာ ဒုတိယ အမှားဘဲဖြစ်တယ်။

'ဘာကြောင့်လဲ'?

တရားအားထုတ်လိုမှုဟာသူတို့ရေးသလို(ဝါ)သူတို့ထင်သလို့ လိုချင်တောင့်တ မက်မောမှုပါတဲ့ လောဘခေါ် သမုဒယမဟုတ် ပါလေ။

ဒုက္ခသစ္စာကို ပိုင်းခြားထင်ထင် သိမြင်ချင်တဲ့ (ဆန္ဒ)သာ ဖြစ်ပါတယ်။

အလိုကိုရှေ့ထား၍၊ တရားကိုတွဲဖွေရှာ စသည်ကိုရေးသား သော ပုဂ္ဂိုလ်**ဟာ**ဖြင့် (ဆန္ဒ**နဲ့**လောဘ)ကိုမှ ခွဲခြားပြီးမသိကြ ပါတကား။ ဆန္ဒ**နဲ့** လောဘကိုမှ ခွဲခြားမသိဘဲ၊ ဆန္ဒကို လောဘလုပ်၊ သမုဒယ အမည်မှည့်ပြီး စိတ်ထင်ရာ ရေးနေကြ တာဖြင့် အံ့ဘွယ်ရှိပါပေစွ။

တရားအားထုတ်လိုမှုဟာ ဆန္ဒသာ ဖြစ်ကြောင်းကို သတိ ပဋ္ဌာန် ပါဠိတော်မှာ။

"အနုပ္ပန္နာနံ ဓမ္မာနံ ဥပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ" အနုပ္ပန္နာနံ၊ မဖြစ်ပေါ်ကုန်သေးသော။ ဓမ္မာနံ၊ သမထ,ဝိပဿ နာ,မဂ်ကုသိုလ်တို့ကို။ဥပ္ပါဒါယ၊ ဖြစ်စေခြင်းငှါ။ ဆန္ဒံ၊ ဆန္ဒကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယမတိ၊ အားထုတ်၏။

မဖြစ်သေးတဲ့ တရားတွေ ဖြစ်အောင် ဆန္ဒကို ဖြစ်စေရမယ်။ ဝီရိယနဲ့ အားထုတ်ရမယ်လို့ ဆိုပါတယ်။ ဆိုလိုရင်းကတော့ မိမိသန္တာန်မှာ မဖြစ်ကုန်သေးတဲ့ ကုသိုလ်တရားတွေကို ဖြစ်စေမှု ဟာဆန္ဒသာဖြစ်တယ်၊ သမုဒယဖြင့် မဟုတ်ပါလေ။

ဒါဖြင့် မိမိတို့သန္တာန်မှာ မဖြစ်ကုန်သေးတဲ့ ကုသိုလ်က ဘယ် လိုကုသိုလ်မျိုးတွေလဲလို့ စိစစ်ရလိမ့်အုံးမယ်။

"ဣဓ အနုပ္ပန္နာ ကုသလာဓမ္မာတိ သမထ-ဝိပဿနာစေဝ မဂ္ဂေါစ" စ၊စောဒနာဘွယ်ကို ဆက်၍ ဆိုအံ့။ ဣဓ၊ ဤသမ္မပ္ပ

ဓာန်အရာ၌။ အနုပဿနာ ကုသလာ ဓမ္မာတိ၊ အနုပဿနာ ကုသလာ ဓမ္မာဟူသည်ကား။ သမထ ဝိပဿနာစော၊ သမထ ကုသိုလ်, ဝိပဿနာ ကုသိုလ်သည်၎င်း။ မဂ္ဂေါစ၊ မဂ်ကုသိုလ်သည်၎င်း။ ဟောတိ၊ ဖြစ်၏။ လို့ အဋ္ဌကထာ ဆရာက ဖွင့်ပြတော်မူတယ်။

မဖြစ်သေးတဲ့ ကုသိုလ်ဆိုတာ သမထ, ဝိပဿနာ,မဂ်ကုသိုလ် များဖြစ်ပါတယ်တဲ့။ အဲဒီမဖြစ်သေးတဲ့ သမထကုသိုလ်, ဝိပဿနာ ကုသိုလ်, မဂ်ကုသိုလ်များကို ဖြစ်အောင် အားထုတ်ချင်တာ က သူတို့ရေးသလို (လောဘ-သမုဒယ) မဟုတ်ဘဲ (ဆန္ဒ)သာ ဖြစ်တယ်ဆိုတာ သဘောပေါက်ပါ။

အဲဒီလို တရားအားထုတ်လိုမှုဟာ(လောဘ-သမုဒယ)မဟုတ်ဘဲ(ဆန္ဒ)ဖြစ်တယ်ဆိုတာသိပြီး,သဘောပေါက်ပြီးတဲ့နောက်၊ဆန္ဒဆိုတာကလဲ ကုသိုလ်ဆန္ဒ,အကုသိုလ် ဆန္ဒရယ်လို့ နှစ်မျိုးနှစ်စား ရှိနေပြန်တော့၊ အကုသိုလ် ဆန္ဒများ ဖြစ်နေမလားရယ်လို့ စိတ်ကူး မလွဲလိုက်ပါနဲ့၊ သာမည အမြော်အမြင်နဲ့ စဉ်းစားရင် တောင်မှ....

တရားအားထုတ်ချင်တဲ့ ဆန္ဒဟာ အကုသိုလ် မဟုတ်ဘူးလို့ ဆိုတာ သိနိုင်ပါတယ်။

ပိုသေချာတာက “ဣမသ္မိံ ဌာနေ ကတ္တုကမျတာ၊ ကုသလ ဓမ္မစ္ဆန္ဒော အဓိပ္ပေတော”။

ဣမသ္မိံ ဌာနေ၊ဤအရာ၌။ကတ္တုကမျတာကုသလဓမ္မစ္ဆန္ဒော၊ ပြုလို ကာမျဖြစ်သော ကုသိုလ် ဆန္ဒကို။ အဓိပ္ပေတော ၊အလို ရှိအပ်၏။

လို့ အဋ္ဌကထာ ဆရာက ဆက်လက် ဖွင့်ဆိုထားချက်ပါဘဲ။ ဒီသမထ ကုသိုလ်၊ ဝိပဿနာ ကုသိုလ်၊ မဂ်ကုသိုလ်ရအောင်အား ထုတ်လိုမှု ဆန္ဒဟာ ကုသိုလ်ဆန္ဒ ဖြစ်ပါတယ်လို့ အဋ္ဌကထာ ဆရာက သေချာအောင် ဆိုထားပြန်ပါတယ်။

လယ်တီ ဆရာတော် ဘုရားကြီးရဲ့ ဗောဓိပက္ခိယဒီပနီစာမျက်နှာ(၆၂)မှာလဲ (ဆန္ဒဆိုသည်ကား လိုချင်မှု၊ ရချင်မှု၊ ပေါက်ချင်မှု၊ ပြည့်စုံချင်မှု၊ ပြီးစီးချင်မှုတည်း၊အလွန်အကျူး ထက်သန်သော ဆန္ဒကိုဆိုသည်။)

အလွန်အကျူး ထက်သန်သော ဆန္ဒဆိုသည်ကား ထိုဆန္ဒကို မိမိအဇ္ဈတ္တ သန္တာန်၌လည်း နှောက်ယှက်နိုင်သူမရှိ၊ဗဟိဒ္ဓသန္တာန်၌လည်း နှောက်ယှက်နိုင်သောသူမရှိ၊ ထိုဆိုက္ခဒ္ဓိကို ယခုဘဝတွင် မရလျှင် မနေနိုင်၊ မရလျှင် သေရသည်ကပင် ကောင်းသေး၏ဟုမရဘဲ နေရသည်ထက် အသေကို အမြတ်ထားနိုင်သောဆန္ဒ တည်း။

ကဿပ မြတ်စွာဘုရား၏ တပဒ်တဂါထာသော တရားကိုမျှ မကြားနာရလျှင် ဗာရာဏသီပြည်ကြီးမှာ မင်းလုပ်၍နေရမှုသည် အဘယ်အကျိုးရှိမည်နည်းဟု ထီးနန်းကိုစွန့်၍၊ ကဿပ မြတ်စွာ ဘုရား၏ တရားကို ဟောနိုင်သူကို အရှာခြင်းငှါ တိုင်းပြည်မှ ထွက်သော (ဓမ္မသောဏ္ဍာ)မင်းကြီး၏ ဆန္ဒမျိုးတည်းလို့ မိန့်ဆိုတော်မူခဲ့ပါတယ်။

ဒီလောက် တင်ပြရင် တရားအားထုတ်လိုမှု၊ ပွားလိုမှု၊ ရှုလိုမှု

ဟာ သူတို့ရေးသလို သမုဒယ မဟုတ်ဘဲ ဆန္ဒဘဲဆိုတာ ရှင်းလောက်ပြီ ထင်ပါတယ်။

နောက်တချက် အမှားဖြစ်တဲ့ "ဒုက္ခသာ အမှန်တွေ့မယ် မေ့နဲ့ သေချာ" လို့ ရေးသားထားတာကို နဲနဲလောက် စဉ်းစားကြည့် ရအောင်။

ဗုဒ္ဓဘာသာ အသိုင်းအဝိုင်းမှာ မသိသလောက်မရှိတဲ့ ညီတော် မင်းနန်းဟာ၊ နတ်သမီးကို တောင့်တတဲ့အလို သမုဒယ တဏှာနဲ့ အားထုတ်တာ ဟုတ်တယ်။ မူလက ရည်ရွယ်ချက် မှားခဲ့ပေမဲ့ အားထုတ်ရင်း လမ်းမှန်ပေါက်ရောက်သွားပြီး ဒုက္ခသစ္စာကို ပိုင်းပိုင်းခြားခြားသိတယ်၊ ရဟန္တာ ဖြစ်သွားတယ်။

သူတို့ရေးသလို ဆိုရင်တော့ ညီတော်မင်းနန်းဟာ နတ်သမီးလို ချင်မှု သမုဒယ တဏှာအကြောင်းခံပြီး အားထုတ်ခြင်းဖြစ်သော ကြောင့်, ဒုက္ခသာတွေ့နေရမယ်။ နိဗ္ဗာန်ကိုတော့ မရနိုင်တော့ဘူး ဟုယူဆရမယ်ပေါ့။

အခုတော့ သူတို့ထင်ကဲ့ယူဆတဲ့အတိုင်းမဟုတ်ရှာဘဲ ရဟန္တာ ဖြစ်၍ နိဗ္ဗာန်ရသွားမှုဟာ အလွန်ထင်ရှားနေတာကြောင့်။

"အလိုကို ရှေ့ထား၍၊ တရားကိုတွဲဖွေရှာ။ ဒုက္ခသာ အမှန် တွေ့မယ်၊ မေ့နဲ့ သေချာ" လို့ ရေးဖွဲ့ခြင်းဟာဖြင့်အတော်လေး ဝန်လေးစရာကောင်းတဲ့ အလုပ်ကို လုပ်ခြင်းပါဘဲ။

နောက်ဆုံး သတိထားရမှာကတော့ အားထုတ်ရင် ဒုက္ခတွေ့ သာဖြစ်မနေဘူးဆိုတာဘဲ။

ဒါကြောင့် စာမကိုက် ပေမကိုက် ရေးထားကြတဲ့ အရေးအသားတွေမို့ အမှားကို အမှားမှန်းသိပါစေလို့ သတိပေးလိုက်ရပါတယ်။

လောဘနဲ့ ဆန္ဒ မကဲ့ပြားကြတဲ့ အတ္တနောမတိ ဝါဒရှင်များကိုလဲဘဲ။

"လိုတဏှာလောဘနဲ့၊ ဆန္ဒထိုနှစ်ထွေ။
တရားကိုယ်မှန်မကဲ့ရင်၊ လွဲလိမ့်မသွေ။
မှန်အပြေ၊ ဥာဏ်ဖေလို့ ရှုစမ်း။
ပိဋကံ၊ တိပဋ္ဌာန် ထိုအဖွင့်ကို၊
ထောက်ချင့်လို့မှန်း"လို့ သတိပေးလိုက်ပါရစေ။

---

## စောဒနာခဏ်း (၁၀)

အချို့သော ဝါဒရှင်တို့၏(အကိုင်းတိုင်းထား လို့ ရေးသားပြောပြောချက်များနဲ့ ပတ်သက်ပြီးတော့ အတိုင်းတိုင်းထားလို့ မဖြစ်နိုင်တဲ့ အကြောင်းကို။

(၁) ကသာခရိုင် ကျောင်းထိုင်ဆရာတော်များအဖွဲ့။
(၂) နမ္မားမြို့။
(၃) အရာတော်မြို့နယ် မြေနက်ရွာ ဦးသုမင်္ဂလ။
(၄) မြန်မာ့အား ဦးအေးမောင် ရန်ကုန်တို့က စောဒနာစီစစ်ထားတဲ့ စာအုပ်စာတန်းတွေ ထွက်ပေါ်လာခဲ့ပြီး ဖြစ်ပါတယ်။

ဒီလောက် ဝေဘန်ရအောင် (အတိုင်းတိုင်းထား)ဆိုတဲ့ ရေးသားချက်တွေဟာ ဘယ်လောက် မှားနေလို့လဲ၊ လွဲနေလို့လဲ ဆိုတာ ဓမ္မမိတ်ဆွေ သိစရာလိုလိမ့်မယ်။ (အတိုင်းတိုင်းထား)အရေးအသား အယူအဆနဲ့ ပတ်သက်ပြီး ဟောပြော နေကြတဲ့ ပုဂ္ဂိုလ်တွေဟာ မိမိတို့ကိုယ်တိုင်က ကိုယ့်အရေးအသား အဟော အပြောတွေဟာ ဘယ်ကိုရောက်လို့ ရောက်နေမှန်းမသိဘဲ။

ရေးသားချက်တနေရာနဲ့ တနေရာဟာ (ဝိရောဓိ) ဖြစ်နေပါတယ်။ (ဝါ) ဟိုစ အုပ်မှာတမျိုး၊ ဒီစာအုပ်ကြတော့တဖုံ၊ မျိုးစုံလို့ပါဘဲ၊

နောက်တချက်ကတော့....

ဘုရားဟော ပါဠိတော်တွေထဲမှ လူသိများတဲ့ ပါဠိ ပါဌ်သားတွေကို (အတိုင်းတိုင်းထား)ဆိုတဲ့ ဘောင်ထဲ ရောက် အောင် အဘင်းအဓမ္မရိုက်သွင်းနေကြပါတယ်။

ဒါတွေဒါတွေကြောင့် အရပ်ရပ် အနယ်နယ် အမြို့မြို့က ဝေဘန်မှုကို ခံနေကြရခြင်းဘဲ ဖြစ်တယ်။

ကဲ-သူတို့ရဲ့ (အချင်းချင်း ဆန့်ကျင်နေတဲ့) အရေးအသား တွေကို စီစစ်ဆုတ်ပြပြီး လေ့လာကြရအောင်။

ပေါဇ္ဈင်တည်ကြောင်းမှတ်(၉၉)မှ အတိုင်းတိုင်း ဆရာတို့၏ ရေးသားချက်။

(၁) (စိတ်အတိုင်းတိုင်းဆိုသည်မှာ မနောအကြည်တပါးကို ဆို၏။မနောအကြည်တပါးဖြစ်၏။ မနောအကြည် အတိုင်းတိုင်း

နေသည်ကို(စိတ်အတိုင်းတိုင်း)ဆို၏။ စိတ်အတိုင်းတိုင်း ဆိုလျှင် ကြည်လင်အောင်ကတော့ မလုပ်ရပါဘူး။ ကြည်လင်ပြီးသား ပါဘဲ။

ကော်ဂုတ္တရ ပါဠိတော်မှာလဲ ပကတိစိတ်သည် ကြည်လင်ပြီးသားဟု တိုက်ရိုက်ဟောထားပါသည်။ ဟောထားပုံမှာ-

"ပကတိ ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ၊ တဉ္စ ခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပကိလိဋ္ဌံ"

ဒီရေးသားချက်ဟာ သူတို့ရဲ့ (စိတ်အတိုင်းတိုင်း)နဲ့ ပတ်သက်ပြီး သူတို့ယူဆထားတဲ့ ယူဆချက်ဘဲ။

သူတို့ရေးသားချက်ရဲ့ အဓိက ဆိုလိုချက်က (ပကတိစိတ်)ဟာ (စိတ်အတိုင်းတိုင်း)ပါဘဲတဲ့။ ဒီတော့ ပကတိစိတ်အရ ဘဝင်စိတ်ကိုကောက်ရတယ်။

ပကတိစိတ်(သို့မဟုတ်)ဘဝင်စိတ်ဟာ (စိတ်အတိုင်းတိုင်း) အရ ကောက်ယူရမဲ့ တရားဖြစ်နေတယ်။ ပကတိစိတ်(သို့မဟုတ်) ဘဝင်စိတ်ဖြစ်နေခြင်းဟာ စိတ်အတိုင်းတိုင်းထားခြင်းပါလို့ သူတို့က ရည်ရွယ်တယ်၊ ယူဆတယ်။ ဘဝင်စိတ် ဖြစ်နေတာကိုဘဲ စိတ်အတိုင်းတိုင်းထားတာလို့ သဘောပေါက်နေကြတယ်။ ဘဝင်စိတ်ဟာ အောက်တန်းဖြစ်နေပြန်တော့ ဘဝင်စိတ်ဖြစ်နေမှုကို စိတ်အတိုင်းတိုင်းထားခြင်းမျိုး မဟုတ်ပါဘူးလို့ ငြင်းလိုလဲ ငြင်းကြအုံးမယ်။ ဒါပေမဲ့ သူတို့ရေးသားချက်နှင့် သာဓကပြတဲ့ ပါဠိတော်ဟာ ဘဝင်စိတ်ကိုသာ မှုချအားဖြင့် ရနေတဲ့အတွက် ငြင်းရဲမယ်တော့ မထင်ပါ။

ဒီပဌမရေးသားချက်အရ ဘဝင်စိတ် ဖြစ်နေမှုကို(စိတ်အတိုင်းတိုင်းထား)လို့ ယူဆခြင်းကို ဓမ္မမိတ်ဆွေ သေသေချာချာမှတ်ခဲ့ပါ။

နောက် အတိုင်းတိုင်းဆရာတို့ရဲ့ မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်မှု ရေးသားချက်ကျပြန်တော့-

(၂) (လောကီအာရုံတွေနဲ့ စိတ်နဲ့ မထိစေနှင့်၊ စိတ်၊ စိတ်အတိုင်းထား) စကားတရပ်။

အတိုင်းတိုင်း ဆရာတို့ရဲ့ (ထေရုပ္ပတ္တိ)မှာဘဲ (စိတ် အတိုင်းတိုင်းဆိုတာ စိတ်အလုပ်မရှိဘူးပေါ့၊ အလုပ်မရှိတော့ စိတ်ငြိမ်းနေတာ၊ စိတ်ငြိမ်းနေတာ-ဆိုလိုရင်းတော့ ဖိုလ်စိတ်ဗျ) (စကားတရပ်။)

ခုရေးသားတင်ပြခဲ့တဲ့ နံပါတ် ၂ ရေးသားချက် အလိုဆိုရင် (လောကုတ္တရာ စိတ်)ဖြစ်နေခြင်းဟာ(စိတ် စိတ်အတိုင်းထားခြင်းဖြစ်တယ်)လို့ သူတို့ ဆိုလိုတယ်။ ယူဆတယ်။ ဒါကိုလဲ သေသေချာချာ မှတ်ခဲ့ပါ။

နောက်(ဖြစ်ပျက် မရှု၊ ငြိမ်းမှုဆင်ခြင်၊ နှစ်ပါးပင်ဗောဓိဇ္ဈင်တည်ကြောင်းမှတ်)စာအုပ်မှာ အတိုင်းတိုင်းဆရာတို့ရဲ့ တတိယရေးသားချက်ကတော့-

(၃)ဆန့်ကျင်ချင်သူတွေကတော့ဘယ်လို ပါဠိ ဘယ်ဒေသနာပြပေမဲ့လဲ ဆန့်ကျင်မြဲ ဆန့်ကျင်မှာဘဲ။ ဗုဒ္ဓဝစန ဥဒါန်းကျူးတဲ့ အနေကဇာတိမှာ ပါသွားတဲ့ "ဝိသင်္ခါရဂတံ စိတ္တံ" တဏှာနံ

ခယ-မဇ္ဈဂါ''တဲ့၊ သခ်ါရတွေမပြုဘဲ စိတ်သည် ကပ်ငြိမှု ကုန်ရာ ရပြီ၊ ရောက်ပြီ၊(ကပ်ငြိမှု ကုန်ရာရောက်နေတဲ့စိတ်ဟာ ဘယ်သခ်ါ ရနဲ့ နေအုံးမှာလဲ စိတ်စိတ်အတိုင်းပါဘဲ)တဲ့။

ဒီရေးသားချက်အရ ဝိသခ်ါရဂတံ စိတ္တံစသော ဥဒါန်း စကားများတွင်-

(တဏှာနံ ခယ မဇ္ဈဂါ)ဟူသော ပါဠိရဲ့လိုရင်းမှာ-

ငါဘုရားသည် တဏှာတို့၏ ကုန်ရာကုန်ကြောင်း ဖြစ်တဲ့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရတော်မူပြီလို့ ဥဒါန်း ကျူးတော်မူ ရင်းဘဲ။ ဒီသာဓကနဲ့ သူတို့အတိုင်းတိုင်းထားနဲ့ အတူပါဘဲလို့ ဆွဲယူပြီး အရဟတ္တမဂ်စိတ်၊ အရဟတ္တဖိုလ်စိတ် ဖြစ်နေမှုကို(ဝါ) ဖြစ်နေခြင်းကို အတိုင်းတိုင်းထားခြင်းပါလို့ အဆင့်မြင့်မြင့် ယူ ဆလိုက်ပြန်ပြီ။

တခုတော့ သတိပေးချင်ပါတယ်။ အရဟတ္တမဂ်စိတ်၊ အရဟတ္တ ဖိုလ်စိတ်ဖြစ်ရင် ရဟန္တာဖြစ်နေပြီဆိုတဲ့ အဖြစ်ကိုတော့ သိထား ကြပါ။

ကဲ ဓမ္မမိတ်ဆွေ၊ လိုရင်းဆက်ကြရအောင်၊ သူတို့ ရေးသား ချက် သုံးခုကို တခုစီ အမိပ္ပါယ်နှုတ်လိုက်ရင်-

(၁)နံပါတ်ရေးသားချက်က ဘဝင်စိတ်ကို စိတ်အတိုင်းတိုင်း ထားလို့ ဆိုလိုတယ်။

(၂)နံပါတ် ရေးသားချက် ကျပြန်တော့ လောကုတ္တရာစိတ် ဖိုလ်စိတ်ကို စိတ်အတိုင်းတိုင်းထားပါလို့ ဆိုတယ်။

(၃) နံပါတ်ရေးသားချက်ကျပြန်တော့အရဟတ္တမဂ်စိတ်အရဟတ္တဖိုလ်စိတ်ကို စိတ်အတိုင်းတိုင်းထားတာလို့ ဆိုပြန်တယ်။

ဘယ်နှယ်လဲ ဓမ္မမိတ်ဆွေ?၊ သူတို့ရေးတာနဲ့ သူတို့ပြန်ပြီးလွဲနေတယ်။

နောက်, သူတို့အတိုင်းတိုင်းထားပုံတွေဟာ တအုပ်တမျိုး, တအုပ်တမျိုးနဲ့ အများကြီး ရှိပါသေးတယ်။ စာဘတ်သူ ဓမ္မမိတ်ဆွေ ဝန်လေးနေမဲ့အရေးကြောင့် ထုတ်မပြတော့ပါ။

တခုတော့ သတိပေးချင်ပါသေးရဲ၊နံပါတ်(၃)ရေးသားချက်အရ အတိုင်းတိုင်းထားနိုင်ကြရင် ရဟန္တာ ပုဂ္ဂိုလ်တွေဖြစ်လို့မို့ ဝတ်ကြောင်နဲ့ များဖြစ်နေရင် ရဟန်းမြန်မြန်ပြုပါလို့။

ဘာပြုလို့လဲဆိုတော့ လူဝတ်ကြောင်နဲ့ရဟန္တာဖြစ်ရင်,ယုတ်ညံ့တဲ့ လူဝတ်ကြောင်အသွင်ဟာ အလွန်မွန်မြတ်တဲ့ ရဟန္တာပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူးဖြစ်တဲ့ အရဟတ္တမဂ် အရဟတ္တဖိုလ်များကို မရွက်ဆောင်နိုင်တာမို့ ရဟန္တာ ဖြစ်တဲ့နေ့မှာဘဲ (ဝါ)အတိုင်းတိုင်းထားလို့ရတဲ့ နေ့မှာဘဲ ရဟန်းပြုရင်ပြု၊ မပြုချင်ရင်ပရိနိဗ္ဗာန်စံရပါဘယ်၊ (သုဒ္ဓေါဒနမင်းကြီးရှု) အကျယ်သိလိုမူ [မဏိဒီပ ပဏ္ဏာသ အဋ္ဌကထာ] ပါးစပ်က အဘိုင်းတိုင်းထားနိုင်တယ်လို့ အော်ပြီး ရဟန်းမပြု၊ ပရိနိဗ္ဗာန်လဲ မစံသေးရင်တော့ အပြောသမား [သို့မဟုတ်] အဘိုင်းတိုင်းထားဆိုတဲ့ ဝါဒကိုက မှုမမှန်ဘူးဆိုတာ လက်ရှိ အခြေအနေက သက်သေခံနေပါလိမ့်မယ်။

တခါ,သူတို့ ထင်ရာယူပြီး ဘာသာပြန်တာကို အကာအကွယ်

ယူလိုတဲ့အတွက် သူတို့ဘာသာပြန်နည်းကို ပဋိဝေဓ ဘာသာပြန် (သို့မဟုတ်) တဲ့တဲ့ဘာသာပြန်နည်းပါတဲ့။

ဓမ္မမိတ်ဆွေ၊ စိတ်ပျက်မနေပါနဲ့တော့၊ ကြုံတဲ့အခါ သူတို့ရဲ့ ပဋိဝေဓ ဘာသာပြန်နည်းနဲ့ ပြန်ထားတဲ့တနေရာကို ကြည့်ရအောင်၊ ပါဠိက (ဗောဇ္ဈင်တည်ကြောင်းမှတ် စာအုပ်မှ)

"ကုသလ သုပ သမ္ဘိဒါ"တဲ့၊ အတိုင်းတိုင်းဆရာတို့ ပြန်ဆိုပုံက "သမ္ဘိဒါ၊ တရားပြည့်စုံတဲ့ကုသိုလ် မဂ် ကုသိုလ်, ဖိုလ်ကုသိုလ်ဖြစ်အောင် ဘယ်လိုကျင့်မလဲ"တဲ့။

ဝိပါက်ဖိုလ် တရားတောင်ကုသိုလ် ဖြစ်သွားရပြန်ပြီ၊ မြတ်စွာဘုရားသာသနာတော်မှာ ဗုဒ္ဓ ဝစနတွေကို ပေထက် အက္ခရာတင်လာပြီးတဲ့နောက် (ပဋိဝေဓ ဘာသာပြန်) ရယ်လို့ ရှိလဲမရှိခဲ့ဘူး။ ခုမှ ထူးထူးဆန်းဆန်း ပဋိဝေဓ ဘာသာပြန် ပေါ်ပေါက်လာတာကို တွေ့ရတော့တယ်။ ပရိယတ္တိ ဘာသာပြန်၊ ပဋိပတ္တိ ဘာသာပြန်၊ ပဋိဝေဓ ဘာသာပြန်လို့ ကြိုက်သလို နာမည်ပေးပြီး ပြန်ချင်သလိုပြန်၊ အဋ္ဌကထာ ဋီကာ ဆရာတို့ရဲ့ အဖွင့်အယူအဆနဲ့ မကိုက်ရင် လက်ခံကြမယ်မဟုတ်ပါ။

နောက်ဆုံး ရေးချင်တာကတော့ (အတိုင်းတိုင်းထား) ဆိုတဲ့ ဝါဒဟာ ဘုရားဟော ဒေသနာနဲ့ ညီညွတ်ပါတယ်ဆိုတဲ့ အကြောင်း ဖြေရှင်းရရင် မြန်မာပြည်မှာ နေလိုလသို ထင်ရှားတော်မူကြတဲ့ရဋ္ဌဂုရု, အဂ္ဂမဟာ ပဏ္ဍိတ, တိ ပိဋကဓရ, ဂန္ထဝိဒူ ပိဋကဝိဒူ၊ ဆရာတော်များရဲ့ ရှေ့မှောက်မှာ ပြေပြေလည်လည် ဆွေးနွေးအဆုံးဖြတ်ခံ လုပ်ကြပါလို့ ဘိတ်ခေါ်ပါတယ်။

အဲဒီလို တွေ့ဆုံဆွေးနွေးခြင်းဟာဖြင့် သာသနာ့ လမ်းစဉ်လဲ ကျ၊ ဗုဒ္ဓဘာသာ ဟူသမျှမှာလဲ မှန်မမှန် ရှင်းရှင်းကြီး သိရမဲ့ နည်းလမ်းဖြစ်တာကြောင့် နည်းအမျိုးမျိုးပြုပြီး ရှောင်တိမ်းမ နေလိုကြပါနှင့်၊ သက်ဆိုင်ရာ အာဏာစက်ပိုင်ရှင်များကလဲ သာ သနာရေးအတွက် ဖြစ်မြောက်အောင် ကူညီဆောင်ရွက်ပေးကြ ပါရန် မေတ္တာရပ်ခံရင်းဖြင့်....

ဝေဘန်ခဏ်း (၁၀) ရပ်နားကြပါစို့။

---

## ဆရာစစ် ဆရာမှန်

မြတ်စွာဘုရားသခင်ပရိနိဗ္ဗာန် စံဝင်ခါနီးတော့ ရှင်အာနန္ဒာ က "အရှင်ဘုရား၊ အရှင်ဘုရား ပရိနိဗ္ဗာန် စံတော်မူခဲ့ရင် တပည့် တော်တို့ဟာ ဘယ်သူ့ကို အားကိုးရမလဲဘုရား" လို့ လျှောက် တယ်။

ဒီတော့ မြတ်စွာဘုရားက "ယော ခေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ ဘဝိဿတိ" လို့မိန့်တော်မူတယ်။

ဓမ္မမိတ်ဆွေ၊ ဒီသာဓကကိုတော့ အနက်ပေးစရာလိုမယ်မထင် ပေ။ မြန်မာပြန်နှင့်ပင် သိနိုင်လောက်ပါပြီ။

## မြန်မာလိုကတော့

အာနန္ဒာ၊ ငါဘုရားကိုယ်တိုင် (၄၅)ဝါ ကာလပတ်လုံးမနား မနေ ဟောကြားတော်မူခဲ့တဲ့ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဒေသနာ တော်တွေဟာ ငါဘုရားမရှိတဲ့ နောက်ပိုင်းမှာ သင်တို့ရဲ့ ဆရာ ဖြစ်လိမ့်မယ် လို့ ဆိုလိုတယ်။

ဒီသာဓကကို ထောက်ထားပြီးတော့ ခုအချိန်မှာ ဓမ္မမိတ်ဆွေ တို့ရဲ့ ဆရာစစ် ဆရာမှန်ဟာ မြတ်ဘုရားသခင် ဟောကြား တော်မူခဲ့တဲ့ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဒေသနာတော်တွေဆိုဒါ ကိုသတိပြုပါ။

သုတ်၊ ဝိနည်း အဘိဓမ္မာ ဒေသနာက ညွှန်ကြားတဲ့ အတိုင်း အားထုတ်ပွားများ လိုက်နာရင် မြတ်စွာဘုရားရဲ့ စကားကိုလိုက် နာရာကျတယ်၊ မြတ်စွာဘုရားကို ယုံကြည်ရာကျတယ်ဆိုတာ စဉ်း စားဘို့မမေ့ပါနှင့်။

ဒီသုတ်၊ ဝိနည်း၊ အဘိဓမ္မာဆိုတဲ့ ဒေသနာတော် (သို့မဟုတ်) ဂန္ထဓူရဟာ လမ်းပြတဲ့ မီးရှူးတန်ဆောင်နဲ့ တူပါတယ်၊ ဒေသနာ က လမ်းပြတဲ့အတိုင်း သွားမှ ရည်မှန်းတဲ့ မဂ်ဖိုလ် နိဗ္ဗာန် ချမ်း သာကို ရောက်နိုင်၊ ရနိုင်မယ်။

ဒေသနာ မီးရှူးတန်ဆောင်ကို ပြစ်ပယ်ပြီးတော့ ဆင်ကန်း တောတိုးသွားကြမယ်ဆိုရင်တော့လဲ၊ လိုရာခရီးကို မရောက်ဘဲနဲ့ အမှောင်ထု လမ်းမှားမှာ စမ်းတဝါးဝါးနဲ့ ဝဲလယ် နေကြပါ လိမ့်မယ်။

အချို့အချို့သော ပုဂ္ဂိုလ်တွေက ဂန္ထဓုရနဲ့ ဝိပဿနာဓုရ ဟာ ကွာခြားချက်လေးတွေရှိတယ်လို့ ပြောကြဆိုကြပါတယ်။

ဒီလို အပြောအဆို များဟာဖြင့် အင်မတန် ဝန်လေးစရာ ကောင်းတဲ့ အပြောအဆိုမျိုးလို့သာ ယူမှတ်ရပါမယ်၊ အမှန်က တော့ ဂန္ထဓုရခေါ်တဲ့ ဒေသနာနဲ့ ဝိပဿနာဓုရဟာ နှံနဲ့လေးမှ မကင်းကွာကောင်းဘူး၊ မကွာပကောင်းပါဘူး၊ ဒေသနာကို စနစ်တကျ မယူဆတတ်လို့သာ ကွဲပြားခြားနား နေတယ်လို့ ထင်နေခြင်း ဖြစ်ပါလိမ့်မယ်။

ဒေသနာ မကျွမ်းကျင်ရင် ဝိပဿနာဂူရ ကို ဟောတဲ့ပြောတဲ့ အားထုတ်တဲ့ နေရာမှာလဲ အလွဲလွဲ အချော်ချော် မတော်တာတွေ ဖြစ်တတ်ပါတယ်။ ဒါဟာ သဘာဝဘဲ။

ဒေသနာ အယူမမှန်ရင် တယူသန်ဖြစ်တတ်ပါတယ်၊ ဒေသ နာကို ဗုဒ္ဓအလိုတော်ကျ နားမလည် မယူဆတတ်တော့လဲဘဲ၊ အ လွဲလွဲအချော်ချော်ဖြစ်ပြီး တယူသန်ဖြစ်တတ်ကြပါတယ်။

## သာဓက ပြရမယ်ဆိုရင်

တရားဆိုတာ အားထုတ်နေစရာမလိုဘူး၊ နာရုံ ကြားရုံနဲ့ တမဂ်တဖိုလ်ရနိုင်ဘယ်၊ သိရင်တချက်ထဲဘဲလို့ ပြောကြဟောကြ တာနဲ့ ပတ်သက်ပြီးတော့ စဉ်းစားစရာလေးတွေ ထုတ်ပြပါမယ်။

တရားအားမထုတ်ရဘဲနဲ့ သန္တတိအမတ်၊ အင်္ဂုလိမာလစတဲ့ ပုဂ္ဂိုလ်တွေဟာ တခါတည်း ရဟန္တာဖြစ်သွားတယ်၊ ဒီလိုဆိုတော့ လဲ အားထုတ်စရာ မလိုတော့ဘူးလို့ ဆိုတဲ့စကားတွေဟာ မှန်နေ ပြန်တယ်။

သန္တတိတို့ အင်္ဂါလိမာလတို့ အားမထုတ်ရဘဲ ရဟန္တာဖြစ်တာတွေဟာလဲ ဒေသနာမှာ အထင်အရှားရှိနေတာကိုး။

နောက်တခါ တမင် တဖိုလ် နိဗ္ဗာန်ရဘို့ ကျင့်စရာ ကြံစရာ အားထုတ်စရာ ဝိသုဒ္ဓိ (၇) ပါး၊ ဉာဏ်စဉ် (၁၀)ပါးစတဲ့လမ်းစဉ်ကြီးကိုလဲဘဲ မြတ်စွာဘုရားသခင် ဟောတော် မူခဲ့ပြန်တယ်၊ ဟောတော်မူခဲ့တဲ့အတိုင်းဘဲ တချို့များ အနှစ် "၂၀-၃၀" မအိပ်မနေ အားထုတ်ပြီးမှ ရဟန္တာ ဖြစ်ကြတဲ့ သာဓကတွေဟာလဲ ဒေသနာမှာ ရှိနေပြန်တယ်။

ဘယ့်နှယ်လဲ ဓမ္မမိတ်ဆွေ၊? ရှေ့တမျိုး နောက်တမျိုး ဖြစ်မနေဘူးလား။?

မြတ်စွာဘုရားသခင်ဟာ ခုတမျိုး ခုတမျိုး ဘာကြောင့်ဟောတော်မူတာလဲ။? စဉ်းစားပါ။

ဒီနှစ်ခုမှာ အားမထုတ်ရဘူး၊ သိရင်ပြီးတာဘဲဆိုတာကို ကြိုက်တဲ့သူတွေက ကြိုက်တဲ့ဟာလေးကို ဆုပ်ကိုင်ထားပြီးတော့ တယူသန်ရေးကြပြောကြတယ်၊ အားထုတ်ရမှုကြိုက်တဲ့သူတွေက အားထုတ်မှုရမယ်လို့ တယူသန်ပြောကြပြန်တယ်၊ ဒီနှစ်ချက်မှာ တချက်ချက်ကို တဘက်သတ် ယူထားသူဘိုင်းဟာ ဒေသနာအရေမဝခြင်းကြောင့်သာ ဖြစ်ပါတယ်။

နှစ်ဦးစလုံး ဘယ်သူမှ အကုန်မမှန်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ အားမထုတ်ဘဲနဲ့ တမင် တဖိုလ် နိဗ္ဗာန်ရမယ် ဆိုတာကို ဥဂ္ဃဋိတညူနှင့် ဝိပဉ္စိတညူပုဂ္ဂိုလ်တွေအတွက် ရည်ရွယ်ပြီး

ဟောခဲ့တယ်၊ အားထုတ်ရမယ်ဆိုတာက နေယျ ပုဂ္ဂိုလ်တွေကို ရည်ရွယ်ပြီး ဟောခဲ့တယ်၊ အဲဒီတော့ ကောက်ချက်ချလိုက်ရင်။

(၁) အားမထုတ်ဘဲ တမဂ် တဖိုလ်ရတဲ့ဟာကဥဂ္ဃဋိတညူ နှင့် ဝိပဉ္စိတညူ ပုဂ္ဂိုလ်နှစ်မျိုး။

(၂) အားထုတ်မှ တမဂ် တဖိုလ် ရတာက နေယျပုဂ္ဂိုလ် တမျိုးဖြစ်တယ်။

ဒီတော့ မိမိတို့ဟာ ဥဂ္ဃဋိတညူနဲ့ ဝိပဉ္စိတညူ ပုဂ္ဂိုလ်တွေ ဆိုရင်တော့လဲ အားမထုတ်ဘဲနဲ့ တမဂ် တဖိုလ်ကိုရနိုင်ပါတယ်။

ဒါပေမဲ့ ပဋိသမ္ဘိဒါ ခေတ်က ကုန်သွားပြီ၊ ပဋိသမ္ဘိဒါ ခေတ်အတွင်းမှာသာ အားမထုတ်ဘဲနဲ့ တမဂ် တဖိုလ်ကိုရနိုင်ပါ တယ်၊ ပဋိသမ္ဘိဒါ ခေတ်ဆိုတာ သာသနာတော်နှစ်(၁၀၀၀) အတွင်းကိုပြောတာ၊ သာသနာတော်နှစ် (၁၀၀၀) အတွင်းမှာ သာ ဥဂ္ဃဋိတညူနှင့် ဝိပဉ္စိတညူ ပုဂ္ဂိုလ်နှစ်မျိုးရှိတယ်။

ဒီမှာ ဘက်မှာတော့ နေယျနဲ့ ပဒ ပရမ ပုဂ္ဂိုလ် နှစ်မျိုးဘဲ ရှိတော့တယ်၊ နေယျ ပုဂ္ဂိုလ်ဆိုတာ အားထုတ်နိုင်ပါမှ တမဂ် တဖိုလ်ကိုရနိုင်တယ်၊ ပဒ ပရမ ပုဂ္ဂိုလ် ဆိုတာကတော့ ဘယ် လောက်အားထုတ် အားထုတ်၊ ဒီဘဝမှာတော့ တမဂ် တဖိုလ်မရ တော့ဘူး၊ နောက်ဘဝမှာတော့ အရမြန်နိုင်ပါတယ်။

(အကျယ်သိချင်ရင် လယ်တီဆရာတော် ဘုရားကြီး ရေးတဲ့ ဗောဓိပက္ခိယ ဒီပနီမှာကြည့်ပါ။)

ဒီတော့ သန္တတိတို့ အင်္ဂုလိမာလတို့ တထိုင်ထဲနဲ့ ရဟန္တာဖြစ်သွားတာဟာ ဥဋ္ဌဂ္ဃဋိတည္ဟူ ပုဂ္ဂိုလ်တွေဆိုတာ သိထားပါ။ ဗိမိတို့က အမြင့်ဆုံး ဖြစ်နိုင်ပါမှ နေယျ အတန်းမှာစားလောက်ပြတာ....။

ဒါကြောင့် သာသနာတထောင် ဒီမှာ ဘက်မှာရှိကြတဲ့နေယျ ပုဂ္ဂိုလ်တွေကိုရည်ရွယ်ပြီး ကျင့်စဉ်တွေကို ဗုဒ္ဓဟောတော်မူခဲ့တယ် ဆိုတာ မြဲမြဲမှတ်ပါ။

ဒေသနာကို တစထဲဆွဲပြီး တဖက်သတ်အယူသန်ကြရင် ဗုဒ္ဓရဲ့ အလိုတော်နဲ့ လွဲချော် နေတတ်ပါတယ်၊ ဒေသနာတော်ကို သဘာဝကျအောင် မယူတတ်ရင် လယ်တီဆရာတော်ဘုရားကြီး ဆုံးမတော်မူတာလို....

"တပိုင်းကြောင် ကျက်စာရရှိနဲ့၊ ခက်ပါလှသဘောဥာဏ်။

တက်မာန အပြောသန်တယ်၊ ဒေါသမာန် ထူပွား။

စောဒက တုဘက်လာလျှင်၊ သူ့ထက်ငါ ငြင်းတဲ့လူစား"

ဖြစ်တတ်ပါတယ်။

ဒီတော့ အားထုတ်မှ တမဂ် တဖိုလ်ကိုရမဲ့ ပုဂ္ဂိုလ်တွေအတွက် ဘယ်လိုကျင့်ရမယ်၊ ဘယ်လိုအားထုတ်ရမယ်၊ ဘယ်လို ပွားများရမယ်ဆိုတဲ့ လုပ်နည်းလုပ်ဟန်ကို ရေးကြစို့။

## ဘယ်လိုလုပ်ကြမလဲ။?

တမဂ် တဖိုလ်ကို ရောက်ချင် ရချင်တဲ့သူဟာ အနုလောမဥာဏ် အဆုံးရှိတဲ့ ဝိပဿနာဉာဏ်ကိုရအောင် လုပ်ရမယ်၊ ဒီ့ပြင် လုပ်စရာမရှိဘူးဆိုတဲ့အကြောင်းကို....။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ...။

"တတ္ထ ပဌမဉာဏံ တာဝ သမ္မာဒေတု ကာမေန အညံ ကိဉ္စိ ကာတဗ္ဗံ နာမ နတ္ထိ၊ ယဉ္စိ အနေန ကာတဗ္ဗံ၊ တံ အနုလောမာဝသာနံ ဝိပဿနံ ဥပ္ပါဒေန္တေန ကတမေဝ" လို့ ဆိုရတယ်။ တတ္ထ၊ ထိုမဂ်ဉာဏ်လေးပါးတို့တွင်။ တာဝ၊ ရှေးဦးစွာ။ ပဌမ မဂ္ဂဉာဏံသမ္မာဒေတုကာမေန၊ ပဌမ မဂ်ဉာဏ်ကိုပြီးစေလိုသောသူသည်။ အညံ၊ ဝိပဿနာ ရှုခြင်းမှတပါးသော။ ကိဉ္စိ ကာတဗ္ဗံ နာမ၊ တစုံတခုသော ပြုဘွယ်မည်သည်။ နတ္ထိ၊ မရှိချေ။ ဟိ၊ အကြောင်းကား။ အနေန၊ ဤဝိပဿနာ ယောဂီသည်။ ယံ၊ အကြင် မဂ်ဉာဏ် ဖြစ်ကြောင်းအမှုကို။ ကာတဗ္ဗံ သိယာ၊ ပြုထိုက်သည်ဖြစ်ရာ၏။ တံ၊ ထိုပြုထိုက်သော မဂ်ဉာဏ် ဖြစ်ကြောင်း ဟူသမျှကို။ အနုလောမာဝသာနံ ဝိပဿနံ ဥပ္ပါဒေန္တေန၊ အနုလောမဉာဏ် အဆုံးရှိသော ဝိပဿနာကို ဖြစ်စေလျက်။ ကတမေဝ၊ ပြုအပ်ပြီးသည်သာတည်း။

ဒီစကားကို ပြောင်းပြန် ပြန်လိုက်ရင် ဝိပဿနာ ဉာဏ်ကို မရဘဲနဲ့ သောတာပန် မဖြစ်နိုင်ဘူးလို့ ဆိုလိုတယ်။

ဒီတော့ အနုလောမ ဉာဏ်ကို မရောက်ခင် အကြားမှာ ရရှိရမဲ့ ဉာဏ်တွေကို ဒေသနာနည်းအတိုင်းထုတ်ပြပါမယ်။

(၁) နာမ ရူပ ပရိစ္ဆေဒဉာဏ်။
(၂) ပစ္စယပရိဂ္ဂဟာဉာဏ်။
(၃) သမ္မသနဉာဏ်။
(၄) ဥဒယဗ္ဗယဉာဏ်။
(၅) ဘင်္ဂဉာဏ်။
(၆) ဘယဉာဏ်။
(၇) အာဒီနဝဉာဏ်။
(၈) နိဗ္ဗိန္ဒာဉာဏ်။

(၉)မုဒိတာ ကမ္ပတာဉာဏ်။ (၁၀)ပဋိသင်္ခါဉာဏ်။ (၁၁)သင်္ခါရုပေက္ခာဉာဏ်တို့ဖြစ်တယ်။

ဒီဉာဏ်(၁၁)ပါး ဖြစ်ပေါ်ပြီးမှ အနုလောမဉာဏ် ဖြစ်ရရိုးထုံးစံရှိတယ်။ အနုလောမဉာဏ်ကို ကျော်သွားပြီးတော့လဲ မဂ်ဉာဏ် မဖြစ်နိုင်ဘူး၊ မဂ် မရဘူး၊ ဒါကို တထစ်ချမှတ်ပါ။

ကောင်းပြီ, ဒီဉာဏ်တွေ ဖြစ်အောင် ဘယ်လိုရှုရ ပွားရတယ်ဆိုတာ ဆက်ရေးကြစို့။

ပထမဆုံး ရအောင် ရှုရမှာက နာမ်နဲ့ရုပ်ကို ပိုင်းခြားသိတဲ့ နာမ ရူပ ပရိစ္ဆေဒ ဉာဏ်ပါဘဲ၊ ဒီနေရာမှာ နာမ်တရားဟာ သရုပ်ကောနဲ့ပြောရင် စိတ်အကျဉ်း (၈၉)၊ အကျယ် (၁၂၁) ပါး၊ စေတသိက် (၅၂)ပါးလို့ သဘာဝလက္ခဏာအားဖြင့် အသီးသီးရှိပေမဲ့ အာရုံကိုသိတတ် ညွတ်တတ်တဲ့ သာမည လက္ခဏာအားဖြင့် တပါးသာရှိတယ်၊ ရုပ်တရားဟာ (၂၈)ပါး ရှိပေမဲ့ "အရင်းလဲရင် အဖျားထင်း" ဆိုတာလို မဟာဘုတ်လေးပါးရဲ့ လက္ခဏာကိုပိုင်ပိုင်နိုင်နိုင်သိရင်ကြွင်းတဲ့ရုပ်တရားတွေဟာအကျုံး ဝင်သွားတာပါဘဲ။ဒီမဟာဘုတ်လေးပါးမှာလဲသဘာဝလက္ခဏာ အားဖြင့် အသီးသီးရှိကြပေမဲ့ ဖေါက်ပြန်တတ်တဲ့(ရုပ္ပန) လက္ခဏာအားဖြင့် တပါးသာ ရှိတယ်ဆိုတာ မြဲမြဲမှတ်ပါ။

ရုပ္ပန လက္ခဏာဆိုတဲ့နေရာမှာ ဖေါက်ပြန်ပြောင်းလဲတဲ့အမူအရာသက်သက်ကိုသာ ဆိုလိုပါတယ်။

အဲဒီတော့ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ား မိန်းမ အဟုတ်မရှိ၊ ရုပ်နာမ်ဓမ္မသာ ရှိတယ်ဆိုတာ ဟုတ်,မဟုတ် သိရ

အောင် မိမိတို့ ခန္ဓာကိုယ်မှာ ထင်ရှားတဲ့ အစိတ်အပိုင်းတခု ဖြစ်တဲ့ နှာသီးဖျား, နှာဝကနေ ပိုင်းခြားကြည့်ကြရအောင်။

နှာဝ နှာသီးဖျားမှာရှိတဲ့ ကာယ ပသာဒ အကြည်ဓာတ်နဲ့ ထွက်လေဝင်လေဆိုတဲ့ ဝါယောဓါတ် ဖောဋ္ဌဗ္ဗာရုံဟာအမြဲတန်း ထိခိုက်နေတယ်။

ဒီလိုထိခိုက်နေတဲ့ ဌာနကို ဉာဏ်နဲ့ စူးစိုက်ပြီး ကြည့်စမ်းပါ၊ ထိခိုက်တဲ့ဝါယောဓါတ် ဖောဋ္ဌဗ္ဗာရုံနဲ့ အထိခံ ကာယ ပသာဒက ရုပ်တရား၊ ထိတာကို သိတာက နာမ်တရား၊ ရုပ်တရားနဲ့ နာမ် တရားနှစ်ပါးသာ တွေ့ရလိမ့်မယ်။

အဲဒီလို ထိခိုက်လာတဲ့အခါ ရုပ်နာမ်တရားရှိတယ်လို့ နာမ်နဲ့ ရုပ်ကို ပိုင်းခြားသိလိုက်တော့ အတ္တဆိုတဲ့ အညစ်အကြေးမှကင်း စင်ပြီး, အမြင်စင်ကြယ်ခြင်း အကျိုးရှိတယ်။ ပါဠိလို ဒိဋ္ဌိဝိသုဒ္ဓိ ခေါ်တယ်။ တဒင်္ဂအားဖြင့် သက္ကာယ ဒိဋ္ဌိကိုပယ်သတ်နိုင်တယ်။

ဒီနေရာမှာ စကားညှပ်ပြီး သက္ကာယဒိဋ္ဌိရဲ့ အဓိပ္ပါယ်ကိုရေး ဘိုလိုလိမ့်မယ်။ သက္ကာယ ဒိဋ္ဌိကို ပုဒ်ခွဲလိုက်ရင် (သ) တပုဒ်၊ (ကာယ) တပုဒ်၊ (ဒိဋ္ဌိ)တပုဒ်၊ သုံးပုဒ်ဖြစ်တယ်။ (သ)က ထင် ရှားရှိတာ၊ (ကာယ)က ရုပ်အပေါင်း နာမ်အပေါင်း၊ (ဒိဋ္ဌိ)က အမြင်မှားတာ။

အဓိပ္ပါယ် ဖြောင့်ဖြောင့်ပြန်လိုက်တော့ ထင်ရှားရှိတဲ့ ရုပ်အ ပေါင်း နာမ်အပေါင်းကို ငါသူတပါး, ယောကျ်ား မိန်းမလို့ အယူမှား အမြင်မှားနေတာဟာ သက္ကာယ ဒိဋ္ဌိဘဲလို့ သိပါ။

နာမ်ရုပ်ကို ပိုင်းခြားသိတဲ့ (နာမရူပ ပရိစ္ဆေဒ) ဉာဏ်ကို ရရင် သက္ကာယဒိဋ္ဌိဆိုတဲ့ အမြင်မှားမှုတွေ ချုပ်ပြီး, သက္ကာယ ဒိဋ္ဌိတွေ ပြုတ်တယ်လို့ ဆိုလိုတယ်။ အမြင်မှန်တဲ့ သမ္မာဒိဋ္ဌိ ဖြစ်ပေါ်လာတယ်။

အဲဒီ သမ္မာဒိဋ္ဌိကိုဘဲ ဝိဇ္ဇာဉာဏ် ခေါ်တယ်။ အဲဒီဉာဏ်ကိုဘဲ နာမ်ရုပ်ကို ပိုင်းခြားသိတဲ့ ဉာဏ်မို့ (နာမရူပ ပရိစ္ဆေဒ) ဉာဏ် လို့ခေါ်တယ်။

နာမ ရူပ ပရိစ္ဆေဒ ဉာဏ်က သက္ကာယဒိဋ္ဌိကိုပယ်နိုင်တယ်။ ဒါပေမဲ့ မဂ်ဉာဏ် မဟုတ်တဲ့အတွက် သမုစ္ဆေဒ အကြွင်းမဲ့မဟုတ်ဘဲ, တဒင်္ဂသာ ပယ်နိုင်တယ်ဆိုတာကိုလဲ သတိထားပါ။

နောက်ဆုံးမှတ်ရမှာက နာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်ပေါ်လာရင် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်တော့တယ်ဆိုတာပါဘဲ။

## ပစ္စယ ပရိဂ္ဂဟဉာဏ်

အဲဒီလို နာမ်ရုပ်ကို ပိုင်းခြားသိပြီးတဲ့ နောက်ပိုင်းမှာ ဒီနာမ်တရား ရုပ်တရားတို့ဟာ အလိုလိုဖြစ်ပေါ်လာတာလား၊? တစုံတယောက်က ဖန်ဆင်းလို့ ဖြစ်ပေါ်လာတာလား၊? ဘာကြောင့် ဖြစ်ပေါ်လာတာလဲလို့ ယုံမှားတွေးတောတဲ့ ဝိစိကိစ္ဆာဖြစ်ပေါ် လာတယ်။ သံသယတွေ ဖြစ်ပေါ်လာတယ်။

ဒီတော့နာမ် ရုပ်တရားတွေဟာ ဘယ်သူကြောင့်,ဘာကြောင့် ဖြစ်လာရတာလဲဆိုတာ စဉ်းစားလာတယ်၊ သတိထားလာတယ်၊ စူးစိုက်ပြီး ဉာဏ်နဲ့ကြည့်လာတယ်။

စူးစိုက်ကြည့်လိုက်တော့ "ကာယဥ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ" လို့ ဆိုတဲ့အတိုင်း ကာယဝိညာဏ်နာမ်ပရမတ်ဟာအကြောင်းမဲ့ဖြစ်လာတာ မဟုတ်ဘူး၊ ကာယ ပသာဒ (ဝါ)ကာယအကြည်နဲ့ ဝါယောဓါတ် ဖောဋ္ဌဗ္ဗာရုံတို့ ထိခိုက်ပေါင်းဆုံမှုကြောင့် ဖြစ်လာရတာ ပါကလားလို့ ကာယဝိညာဏ် နာမ်တရားရဲ့ အကြောင်းတရားကို ပိုင်းခြားပြီး မြင်လာတယ်၊ သိလာတယ်။

လိုရင်းကတော့ ဖောဋ္ဌဗ္ဗာရုံနဲ့ ကာယ ပသာဒတို့က အကြောင်းတရား၊ ကာယ ဝိညာဏ် နာမ်ပရမတ်က အကျိုးတရား ပါဘဲ၊ (တနည်း) ထိခိုက်မှုက အာရုံအကြောင်းတရား၊ သိမှုက အာရမ္မဏိက ပစ္စုပ္ပန် အကျိုးတရားပါ။

**မှတ်ချက်။** ။နာမ ရူပ ပရိစ္ဆေဒဉာဏ်ကို ဦးတည်ခဲ့စဉ်တုံးက ကာယ ပသာဒနဲ့ ဖောဋ္ဌဗ္ဗာရုံလို့ ရေးခဲ့တာဖြစ်တယ်။ နှာသီး ဖျားမှတပါးကြွင်းတဲ့ ကာယ အကြည်ရှိတဲ့နေရာမှန်သမျှ ဒီနည်းအတိုင်းမှတ်ပါ၊ ဝါယောဓါတ် ဖောဋ္ဌဗ္ဗာရုံသာမဟုတ်၊ မာမှု နူးညံ့မှု ပူမှု အေးမှုဖြစ်တဲ့ပထဝီ၊ တေဇော ဖောဋ္ဌဗ္ဗာရုံတို့မှာလဲနည်းတူ သိပါ။

နောက်ဆုံး သိထားဘို့ကတော့ ဒွါရ ခြောက်ပါးနဲ့ အာရုံ ခြောက်ပါးတို့ တိုက်ဆိုင်တိုင်း၊ တိုက်ဆိုင်တိုင်း ဖြစ်ပေါ်လာတဲ့ ဝိညာဏ ခတ်(၇)ပါးဟာ အကျိုးတရား၊ ဒွါရခြောက်ပါးက အကြောင်းတရားလို့ မြင်ရမှာဖြစ်တယ်။ ကျယ်မှာ စိုး၍ အကျဉ်းဘဲ ပြလိုက်တယ်။ နာမ်တရားတို့ရဲ့ အကြောင်းကို ရှာပြီး

တဲ့နောက် ရုပ်တရားရဲ့အကြောင်းကိုရှာတော့ ရုပ်ကိုဖြစ်စေတတ်တဲ့အကြောင်းတွေက....

(က) ဘဝမှာ တွေ့ရမဲ့ ဆင်းရဲဒုက္ခ အဖုံဖုံရဲ့ ဖြစ်ချက်ကို မသိအောင် ဖုံးကွယ်ထားတဲ့ (အဝိဇ္ဇာ)

(ခ) မသိမှုကြောင့် လိုချင်တဲ့ (တဏှာ)

(ဂ) မရနေနိုင်အောင် စွဲလမ်းတဲ့ (ဥပါဒါန်)

(ဃ) ဒီစွဲလမ်းမှုကြောင့် ပြုလုပ်တဲ့ (ကံ-သင်္ခါရ)

(င) ကံ-သင်္ခါရတို့က ပြုပြင်လို့ ရလာတဲ့ ရုပ်တရားကို ထောက်ပံ့ထားတဲ့ အာဟာရတို့ဖြစ်တယ်။

ဒီတရားငါးပါးဟာ ရုပ်တရားကို ဖြစ်စေတတ်တဲ့အကြောင်းတွေဘဲ။ ဒီအကြောင်းတရားငါးပါးဟာ ရုပ်အားလုံးနဲ့ သက်ဆိုင်တဲ့ ပဋိစ္စသမုပ္ပါဒ်လာ အကြောင်းများဖြစ်တယ်။

နောက်တခု အဘိဓမ္မာ ဒေသနာတော်လာ ရုပ်ကိုဖြစ်စေတတ်တဲ့အကြောင်းတွေကတော့....။

ကံ၊စိတ်၊ဥတု၊ အာဟာရဆိုတဲ့ အကြောင်းလေးပါးဖြစ်တယ်။

"ကမ္မံ စိတ္တံ ဥတု အာဟာရောစေတိ စတ္တာရိ ရူပသမုဋ္ဌာနာနိနာမ"လို့ သင်္ဂဟမှာ ဆိုပါတယ်။

ကမ္မဥ္စ၊ကာမကုသိုလ်၊အကုသိုလ်၊ရူပကုသိုလ်ကံနှစ်ဆယ့်ငါးခုရင်း။ စိတ္တဥ္စ၊ အရူပဝိပါက်လေးခု၊ ဒွေပဉ္စဝိညာဏ် တဆယ်၊ ရဟန္တာတို့၏ စုတိစိတ်သည် ကြဉ်အပ်သော၊ ခုနစ်ဆဲ့ငါးပါးသောစိတ်ရင်း။ ဥတုစ၊ ဥတုရင်း။ အာဟာရောစ၊အာဟာရရင်း။

ဉ္စတိ၊ ဤသို့။ စတ္တာရိ၊ လေးပါးကုန်သော အကြောင်းတို့သည်။ ရူပသမုဋ္ဌာနာနိနာမ။ ရုပ်ကို ဖြစ်စေတတ်သောအကြောင်းမည်ကုန်၏။

ဒီနေရာမှာတော့ ဝါယောဓာတ်ခေါ်တဲ့ ဖောဋ္ဌဗ္ဗာရုံရဲ့ အကြောင်းကို ရှာနေတာဖြစ်လို့ နှာသီးဖျားမှာ ထိခိုက်လာတဲ့ ဖောဋ္ဌဗ္ဗာရုံဟာ ဘာကြောင့် ဖြစ်လာတယ်ဆိုတာကို ကြည့်လိုက်တော့အဿာသ ပဿာသ(သို့မဟုတ်)ဝါယောဓာတ်ဖောဋ္ဌဗ္ဗာရုံဟာ စိတ်ရှိကြသူ ပုဂ္ဂိုလ်များရဲ့ သန္တာန်၌သာ ဖြစ်ခြင်းကြောင့် စိတ်ကြောင့်ဖြစ်လာတဲ့ တရားဆိုတာ ထင်ရှားလာတယ်၊ စိတ်က အကြောင်း၊ ဝါယောဓာတ်က အကျိုးလို့သိပါ။

မှတ်ချက်။ ။ဖောဋ္ဌဗ္ဗာရုံခေါ်တဲ့ ဝါယောဓာတ်ဟာ ဒီ့ပြင် အကြောင်းတွေ ရှိပေမဲ့ ထင်ရှားတဲ့ သဟဇာတ အကြောင်းကို ရည်ရွယ်ပြီး စိတ်ကြောင့်ဖြစ်တယ်လို့ ရေးလိုက်တယ်၊ သတိရှိပါစေ။

အဲဒီနှာသီးဖျားမှာ အကြောင်း တိုက်ဆိုင်လို့ ဖြစ်လာတဲ့ ကာယဝိညာဏ်နာမ်တရားနဲ့ အဿာသ ပဿာသ (ဝါ)ဖောဋ္ဌဗ္ဗာရုံရုပ်တရားတို့ရဲ့ အကြောင်းတရားကိုသိတဲ့ မြင်တဲ့ ဉာဏ်ကို ပစ္စယပရိဂ္ဂဟဉာဏ်လို့ ခေါ်တယ်။ (ပစ္စယ)က အကြောင်း။ (ပရိ)က ထက်ဝန်းကျင် ပိုင်းခြား၊ (ဂဟ)က ယူတာ၊ မြန်မာလိုအကြောင်းကို ပိုင်းခြားပြီး ဉာဏ်နဲ့ ယူနိုင်တယ်။ ဒီပစ္စယ ပရိဂ္ဂဟဉာဏ်ဖြစ်ပေါ်လာရင် ယုံမှားခြင်းဆိုတဲ့ ဝိစိကိစ္ဆာကင်းပျောက်သွားတယ်

ယုံမှားခြင်းကင်းသွားရင် ယုံမှားခြင်းကင်းပြီး ဉာဏ်အမြင် စင်ကြယ်သွားတဲ့အတွက် (ကင်္ခါဝိတရဏ ဝိသုဒ္ဓိ)ဖြစ်လာတယ်။

ပစ္စယပရိဂ္ဂဟ ဉာဏ်ကိုဘဲ ကင်္ခါဝိတရဏ ဝိသုဒ္ဓိလို့ ခေါ်တယ်ဆိုတာမှတ်ပါ။

မှတ်ချက်။ ။ဝိစိကိစ္ဆာ ၁၆ မျိုးရှိပေမဲ့ သာမညသာ ရေးလိုက်တယ်။

## (စူဠ သောတာပန် ဖြစ်ပြီ)

ရေးခဲ့ပြီးတာတွေကို ကောက်ချက်ချလိုက်ရင်။

(၁) နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် ဒိဋ္ဌိကို တဒင်္ဂပယ်တယ်။
(၂) ပစ္စယ ပရိဂ္ဂဟဉာဏ်ဖြင့် ဝိစိကိစ္ဆာကိုတဒင်္ဂပယ်တယ်။

ပစ္စယ ပရိဂ္ဂယဉာဏ် ဖြစ်ပေါ်လာရင် ပစ္စယ ပရိဂ္ဂဟဉာဏ်နဲ့ ပြည့်စုံလာခဲ့ရင်, စူဠ သောတာပန် ဖြစ်ပြီလို့ ဝိသုဒ္ဓိ မဂ်အဋ္ဌကထာမှာ .. ။

"ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ''လို့ဆိုတယ်။

ပန၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၏ အကျိုးကား။ ဣမိနာ,ဉာဏေန၊ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်သော ဤဉာဏ်နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ ဝိပဿနာ ရှုမှတ်သောသူသည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား၏ အဆုံးအမ သာသနာ

တော်၌။ လဒ္ဓသာသော၊ ရအပ်ပြီးသော သက်သာရာရှိသည်ဖြစ်ရ၍။ လဒ္ဓပတိဋ္ဌော၊ ရအပ်ပြီးသော ထောက်တည်ရာရှိသည်ဖြစ်၍။ နိယတ ဂတိကော၊ ကိန်းသေမြဲသော သုဂတိရှိသော။ စူဠသောတာပန္နော နာမ၊ စူဠသောတာပန် မည်သည်။ ဟောတိ၊ ဖြစ်၏။

မြန်မာလိုကတော့ ပစ္စယ ပရိဂ္ဂဟဉာဏ်နဲ့ ပြည့်စုံရင် (ဝါ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ မြတ်စွာဘုရားရဲ့ သာသနာတော်မှာ သက်သာရာရတယ်၊ ထောက်တည်ရာရတယ်၊ သုဂတိဘုံမှာမြဲတဲ့ ဂတိရှိတယ်၊ ဒုတိယဘဝမှာ အပါယ်လေးပါးက လွတ်ကင်းတယ်လို့ ဆိုတယ်။

(စူဠသောတာပန် ပုဂ္ဂိုလ်၏ ဂတိ မြဲပုံ မမြဲပုံ အကျယ်သိလိုက ဝိသုဒ္ဓိမဂ် မဟာဋီကာမှာ ကြည့်ပါ)

## (သမ္မသနဉာဏ်)

ရုပ်, နာမ်, တရားတို့ရဲ့ အကြောင်းကို သိပြီးတဲ့နောက် ဒီရုပ်, နာမ်, တရားတို့ဟာ မြဲသလား၊? မမြဲဘူးလား၊? ချမ်းသာသလား၊? မချမ်းသာဘူးလား၊? အစိုးမရဘူးလားလို့ ဆင်ခြင် သုံးသပ်မှုများလိုလိမ့်မယ်။

ဒီလိုသုံးသပ်တဲ့ နေရာမှာလဲ ဘာနဲ့ သုံးသပ်မလဲ၊? အနိစ္စ, ဒုက္ခ, အနတ္တ, ဆိုတဲ့ လက္ခဏာရေးကို သမ္မသနဉာဏ်နဲ့ သုံးသပ်ရမယ်၊ လက္ခဏာရေးသုံးပါးက အာရုံ၊ သုံးသပ်တဲ့ဉာဏ်က အာရမ္မဏိက ဖြစ်တယ်။

ဒီတော့ လက္ခဏာရေးသုံးပါးကို ဘယ်ပေါ် တင်ရမလဲ၊? တေဘူမက သင်္ခါရခေါ်တဲ့ ရုပ်၊နာမ်၊တရားတွေအပေါ်မှာဉာဏ်နဲ့တင်ပြီး သုံးသပ်ရလိမ့်မယ်၊ တေဘူမက တရားတွေရဲ့အပေါ်မှာသာ လက္ခဏာရေးသုံးပါးကို ပေါ်လွင်အောင် သုံးသပ်ရမယ်၊ မသုံးသပ်ခင် လက္ခဏာယာဉ်သုံးခုရဲ့ သဘောကို နားလည်ဘို့လိုလိမ့်မယ်။

(လက္ခဏာရေး သုံးပါး၏ အဓိပ္ပါယ်)

(က) အနိစ္စဆိုတာ ဖြစ်ပြီး ချုပ်ပျောက်သွားခြင်းသဘော လို့ဆိုလိုတယ်။

(ခ) ချုပ်ပျောက်သွားခြင်း၊ ကုန်ဆုံးသွားခြင်း သဘော သည်ပင် ကြောက်လန့်ထိတ်လန့်ဘွယ် ဖြစ်လို့ ဒုက္ခ လို့ဆိုလိုတယ်။

(ဂ) ချုပ်ပျောက် ကုန်ဆုံးသွားတဲ့ သဘောဟာ အနှစ် သာရကင်းမဲ့နေလို့ အနတ္တလို့ဆိုလိုတယ်။

ဖေါ်ပြပါ လက္ခဏာသုံးပါးကို ဉာဏ်ဖြင့် သုံးသပ်တဲ့ နေရာမှာ နည်းလေးမျိုးရှိသော်လဲ ဒီနေရာမှာ သန္တတိနည်းနဲ့ သုံးသပ်ကြည့်ကြစို့။

လက္ခဏာရေးသုံးပါးရဲ့ သဘောကို ဖတ်နေရတဲ့အတွက်၊ပင်ရင်းအလုပ်များ ပျောက်သွားပြီလား ဓမ္မမိတ်ဆွေ၊?

နှာသီးဝကို မှတ်ရေးခဲ့တာမို့ ဓမ္မမိတ်ဆွေရဲ့ နှာသီးဝမှာ ဖြစ်နေကြတဲ့ တရားအစုရဲ့ သဘာဝကို တိကျမှန်ကန်စွာ သိရ

အောင် သတိထား၊ ဝီရိယစိုက်၊ ပညာဖြင့် ရှုကြည့်ပေးပါ၊ဘယ်လိုတွေ့မလဲ။

ဓမ္မမိတ်ဆွေရဲ့ နှာသီးဖျား နှာသီးဝမှာ ဖောဋ္ဌဗ္ဗာရုံခေါ်တဲ့ ဝါယောဓာတ်နဲ့၊ ကာယ ပသာဒ, အကြည်ဓာတ်တို့ မပြတ်မလပ် တလစပ်ထိခိုက်နေမှုကို တွေ့ပါလိမ့်မယ်၊ ဒီနေရာမှာ အကျဉ်းချုပ် မှတ်ဘို့ကတော့ ထိခိုက်နေတဲ့ အမှုအရာ,အာရုံအစဉ်ဟာဖြင့် ရုပ်တရား၊ ၎င်းကိုသိမှု စိတ်အစဉ်က နာမ်လို့မှတ်ပါ။

အများသုံးအနေကတော့ အာရုံနဲ့မှတ် စိတ်ပါဘဲ၊ ဒီနှစ်ပါးမှာ၊ ထိခိုက်မှုအာရုံကို သိတဲ့စိတ် အစဉ်ဟာ တသိပြီးတသိ၊ အစဉ်မပြတ်ဖြစ်နေမှုကိုတွေ့ရလိမ့်မယ်၊ ရှေးဦးစွာသိတဲ့စိတ်ဟာ သိပြီးတာနဲ့ တပြိုင်နက် ကုန်ဆုံးပျောက်ပျက်သွားတဲ့ အမှုအရာကို ဓမ္မမိတ်ဆွေရဲ့ ဉာဏ်နဲ့တွေ့ပါလိမ့်မယ်။

ရှေးကသိမှုအစဉ် ပျောက်ပျက်ပြီး နောက်ထပ်အသစ်အသစ်ဖြစ်ပေါ်လာမဲ့ သိမှုသဘော အစဉ်အဆက်ကိုလဲ ဒီနည်းအတိုင်းသိပါ။

ဒါက, သိမှု နာမ် ပရမတ်ရဲ့ အနိစ္စအချက်၊ နှာသီးဖျား ကာယ ပသာဒ အကြည်နဲ့ ဝါယောဓာတ် ဖောဋ္ဌဗ္ဗာရုံ ရုပ်အမှုအရာတို့ ထိခိုက်နေကြမှု အစဉ်ဟာလဲဘဲ ထိမှုအဆင့်ဆင့်ပြောင်းလဲနေပုံကို ဓမ္မမိတ်ဆွေရဲ့ ဉာဏ်ဝမှာ တပ်အပ်သေချာ တွေ့ပါလိမ့်မယ်။

အဲဒီလို ရုပ်,အမှုအရာ အစဉ်တွေ တဖြုတ်ဖြုတ် ပြောင်းလဲမှုဟာ ရုပ်,ပရမတ်ရဲ့ အနိစ္စအချက်ပါဘဲ။

(မှာထားချက်)

နာ့သီးဝမှာ ထိခိုက်မှု ရုပ်အစဉ် ပြောင်းလဲ ဖြစ်ပျက်နေတဲ့ ရုပ်ပရမတ်ရဲ့ အနိစ္စအချက်ကို မြင်ရာမှာ ရှုမှတ်နေတဲ့ တစိတ်တဒေသသာမဟုတ်ဘဲ ကိုယ်ကာယတခုလုံးရဲ့ ဖြစ်ပျက်မှုပြောင်းလဲမှုကို ဒြပ်, သဏ္ဌာန်, ကြီး, ငယ်, အရိပ်,နိမိတ်လွတ်အောင်,ကင်းအောင်ရှုမှတ်နိုင်တဲ့ ဉာဏ်အမြင်ကသာ မဂ်ရကြောင်း အချက်ပိုင်တဲ့ အနိစ္စဝိပဿနာ စစ်စစ်လို့ မှတ်ပါ။

အဲဒီလို အနိစ္စအချက်ကို ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းသင်းလင်းမြင်လာလျှင်, မြင်ခဲ့လျှင်, ဒုက္ခအချက်၊ အနတ္တအချက်တို့ကိုလဲ သိပြီလို့ မှတ်ပါ။ ထိုသို့ ရုပ်,နာမ်,ခန္ဓာတို့ရဲ့ အနိစ္စ,ဒုက္ခ,အနတ္တအချက်တို့ကို အချက်ကျကျ သဏ္ဌာန်လွတ် နိမိတ်လွတ် အရိပ်လွတ် မြင်ခဲ့သိခဲ့လျှင် မဂ်ဉာဏ်ကိုရရန် မြေကြီးလက်ခတ်မလွဲပြီ၊ မဂ်ကိုရဘို့ သေချာပြီ၊ မဂ်ဉာဏ်ဟာ အလိုလိုဖြစ်ပေါ်လာတော့မယ်လို့ တထစ်ချမှတ်ပါတော့။

အဲဒီမဂ်ဉာဏ်ကသာ အနုသယကို အကြွင်းမဲ့ ပယ်သတ်နိုင်တဲ့ ဉာဏ်စစ်ဉာဏ်မှန်, မဂ်စစ် မဂ်မှန်ဆိုတာကို သတိရှိပါ။

အဲဒီမဂ်ဉာဏ်ဟာလဲ ဝိပဿနာကို အခြေမရှိဘဲ ဖြစ်ရိုး,ရရိုး,ပေါ်ရိုးထုံးစံမရှိဘူး၊ ဒါကြောင့် ဝိပဿနာအခြေခံမှ ဖြစ်ပေါ်လာတဲ့ မဂ်ဉာဏ်ကသာ မဂ်စစ် မဂ်မှန်ဆိုတာကို သတိပြုကြစေချင်တယ်။

ဖေါ်ပြပါ အချက်တွေဟာဆိုရင် ဗုဒ္ဓရဲ့အလိုကျဒေသနာနဲ့ ကိုက်ညီတဲ့ ဝိပဿနာစစ် မဂ်စစ်ဖြစ်တယ်။

(၁) ရုပ်နာမ်ခန္ဓာတို့ရဲ့ အဖြစ်အပျက်မမြဲတာကိုမြင်တဲ့ အနိစ္စာနုပဿနာ။

(၂) ဖြစ်ပျက်နေတဲ့ အတွက် ဆင်းရဲတာကို မြင်တဲ့ ဒုက္ခာနုပဿနာ။

(၃) အဖြစ်နဲ့အပျက်ဟာ တားဆီးမရဘဲ သူ့သဘောနဲ့ သူဖြစ်နေတာကိုမြင်တဲ့ အနတ္တာနုပဿနာ။

ဒီအနုပဿနာတွေသာလျှင် ဗုဒ္ဓအလိုကျ ဝိပဿနာဖြစ်တယ်။ အတိုင်းတိုင်းထား ဝါဒရှင်များကတော့....

"မဖြစ်သေးတာ သိနေတာ ဝိပဿနာဉာဏ်"လို့ ရေးကြတယ်၊ ဗုဒ္ဓစာပေမှာတော့ ဒီဝိပဿနာမျိုးမရှိပါ။

ဗုဒ္ဓကဖြစ်ပြီး ပျက်တာကို ရှုရမယ်လို့ ဟောတော်မူတယ်၊ သူတို့က မဖြစ်မီ သိတာကို ဝိပဿနာဉာဏ်လို့ရေးကြ, ပြောကြတယ်။ ဝေဘန်ကြည့်ပါတော့။

ဝိပဿနာအတုကို အစစ်ထင်နေကြတဲ့ ဝါဒရှင်တို့ရဲ့ အေးရာငြိမ်းရာ ဆိုတဲ့ မဂ်ဉာဏ် နိဗ္ဗာန်ဆိုတာတွေဟာလဲ အတုအယောင်တွေသာ ဖြစ်မယ်ဆိုတာ သတိပြုကြပါ။

ဝိပဿနာစစ်မှ ဉာဏ်စစ် ဉာဏ်မှန် မဂ်စစ် မဂ်မှန်ကိုရမယ်၊ ဝိပဿနာက အတုဖြစ်ရင် ဉာဏ်တု ဉာဏ်ယောင်တွေ, မဂ်တု

မဂ်ယောင်သာဖြစ်မယ်ဆိုတဲ့ အဖြစ်ကိုလဲ စဉ်းစားပါ၊ ဝေဘန်ပါ လို့ သတိပေးစကား ရေးသားရပေသတည်း။

## အထူးမှာထားချက်

တောဘုမက သင်္ခါရတရားတို့အပေါ်မှာ လက္ခဏာရေး သုံးပါး ပေါ်လွင်ထင်ရှားအောင် ဝိပဿနာဉာဏ်နဲ့ အဖန်ဖန်ရှုပါ၊ မှတ်ပါ၊ ပွားများပါ။

ရှုမှတ်ပွားများ ဖန်များရင် ရုပ်နာမ်တို့ရဲ့ ပုံသဏ္ဍာန်၊ အရိပ်၊ နိမိတ်၊ ကင်းပျောက်နေတဲ့ အဖြစ်ကို မိမိကိုယ်ပိုင်ဉာဏ်နဲ့ သိမြင်သဘောကျလာ ပါလိမ့်မယ်။

အနုသယ ကိလေသာဟာလဲ ရုပ်အစဉ်၊ နာမ်အစဉ်ပေါ်မှာ ကိန်းဝပ်တည် ရှိနေတယ်၊ ဓမ္မမိတ်ဆွေရဲ့ ဉာဏ်အမြင်ကလဲ ရုပ်အစဉ်သဏ္ဍာန်၊ နာမ်အစဉ်သဏ္ဍာန် ကင်းပျောက် အောင်မြင်နေတဲ့အခါ၊ အနုသယ ကိလေသာဟာ မှီခိုစရာမရှိတော့ဘူး။

အဲဒီလို မှီခိုရာ လွတ်နေတဲ့ အနုသယ ကိလေသာသတ္တိကို အကြွင်းမဲ့ ပယ်သတ်နိုင်တဲ့သက်ဆိုင်ရာ မဂ်စိတ်ဟာ နိဗ္ဗာန်ကိုအာရုံပြုပြီး ဖြစ်ပေါ်လာပါလိမ့်မယ်။

အဲဒီလို မဂ်စစ်နဲ့ နိဗ္ဗာန်ကို တကြိမ် အာရုံပြုပြီးတဲ့ အရိယာ ပုဂ္ဂိုလ်ဟာ....

"ယဿ ဥပ္ပတ္တိတော ပဘုတိ ပါဏ်၊ ဿာတေဿာမာတိ အရိယာ ပုဂ္ဂလာနံ စိတ္တမ္ပိ န ဥပ္ပဇ္ဇတိ"

ယသ္မိံ၊ အကြင်ပုဂ္ဂိုလ်အား။ ဥပ္ပတ္တိတော၊ အရိယာမဂ် ဖြစ်သည်မှ။ ပဘုတိ၊ အစပြု၍။ ပါဏော ၊ သူ၏အသက်ကို။ ဃာတေတဿာ မာတိ၊ သတ်အံ့ဟူသော။ စိတ္တမ္ပိ၊ စိတ်သည်လည်း။ အရိယာ ပုဂ္ဂလာနံ၊ အရိယာ ပုဂ္ဂိုလ်တို့အား။ န-ဥပ္ပဇ္ဇတိ၊ မဖြစ်။

သူတပါးရဲ့ အသက်ကို သတ်ဘို့ဆိုရင်, ငယ်စွအဆုံး ပိုးရွခြပုန်းကိုမျှ သတ်လိုတဲ့စိတ် ပေါ်မလာတော့ပါဘူး။ ပေါ်တော့ လာသေးတယ်။ မသတ်ဖြစ်အောင် ထိန်းသိမ်း ထားလိုက်တာ, ထိန်းသိမ်းထားနိုင်တာလောက်ဟာ မဂ်အစစ် မဟုတ်ဘူးဆိုတာ သတိရှိပါ။

ပိုးရွခြပုန်းကို မသတ်ရင် မိမိအသက်ကို သတ်မယ်လို့ ခြိမ်းချောက်ပေမဲ့ မသတ်မှသာ မဂ်အစစ်လို့မှတ်ပါ။ ဒီလို မဟုတ်သေးရင်တော့ စစ်မှန်တဲ့ မဂ်စိတ် မိမိသန္တာန်မှာ မဖြစ်သေးဘူး၊ မဂ်စိတ်မဟုတ်သေးဘူးလို့ တထစ်ချယူဆပါ။ မဖြစ်သေးရင် ဖြစ်အောင် ဆက်လက်ကြိုးစားပါ။

ဒီလို သီလနဲ့ပတ်သက်ပြီး အသက်နဲ့လဲပြီး ကာကွယ်နိုင်တဲ့ မဂ်စစ်ကိုရဘို့ အားထုတ်ချိန်နည်းလို့ဖြစ်ဖြစ်၊ ပါရမီမပြည့်သေးလို့ဖြစ်ဖြစ်၊ အထမမြောက်ဘဲ မရရှိခဲ့ရင်, သူတို့ရေးသလို့,ဟောသလို့, ပြောသလို့, "ငါမှာဖြင့် လုပ်သမျှ ဒုက္ခပါဘဲလား" လို့ အတွေးမမှားသင့်၊ မမှားထိုက်, မမှားလိုက်ပါနဲ့။

ဒီဘဝမှာ အားထုတ်သော်လဲ အကြောင်းအမျိုးမျိုးကြောင့် မရခဲ့ရင် အားမငယ်ပါနဲ့။ အားမငယ်ဘို့ အင်္ဂုတ္တရပါဠိတော်မှာ

ဘုရားရှင် ဟောထားတာကို တင်ပြပါမယ်။ အားရှိဘို့ အလွန်ကောင်းပါတယ်။

## ဟောတော်မူတာက

(၁) နတ်ပြည်ရောက်ခဲ့တဲ့အခါ လူ့ပြည်က အားထုတ်ခဲ့တဲ့ တရားများဟာ အားထုတ်ခဲ့သူရဲ့ ဉာဏ်မှာ ထင်ထင်ရှားရှား ပေါ်ပေါက်လာပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကိုရနိုင်ပါတယ်....တဲ့။

(၂) ဒီလိုမှ မိမိဉာဏ်မှာ မထင်ပေါ်လာခဲ့ရင် အပေါင်းအဘော် နတ်အရိယာပုဂ္ဂိုလ်တွေရဲ့ သတိပေးချက်ကြောင့် မဂ်ဉာဏ်၊ဖိုလ်ဉာဏ်များကို ရနိုင်ပါတယ်....တဲ့။

(၃) ယုတ်စွအဆုံး၊ သုဓမ္မာစရပ်မှာ တရားနာရတဲ့အခါ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်များကို လွယ်လင့်တကူ ရနိုင်ပါတယ်....တဲ့။

ဒါဟာဘုရားဟောတော်မူတဲ့တရားတော်ပါဘဲ၊ ဘယ်လောက်အားရှိစရာ ကောင်းပါသလဲ။?

လူ့ပြည်မှာ ကြိုးကြိုးစားစား အားထုတ်လို့ မရရှိပေမဲ့ နတ်ပြည်ရောက်တဲ့အခါ လွယ်လင့်တကူရနိုင်တဲ့အကြောင်း ဘုရားဟောတော်မူခြင်းကို ဗုဒ္ဓဘာသာဝင် တယောက်အဘို့ သံသယဖြစ်စရာမလိုပါဘူး ဓမ္မမိတ်ဆွေ။

နတ်နဲ့လူနဲ့ ကွာခြားချက်တခုက, ပညာရဲ့မှီရာဖြစ်တဲ့ လူ့ရဲ့ ဟဒယဝတ္ထု (နှလုံး)ဟာ သွေး,သည်းခြေ, သလိပ် အညစ်အကြေးတို့ ဖုံးလွှမ်းနေတာကြောင့် လူတွေရဲ့ ပညာဉာဏ်ဟာ အားနည်းရပါတယ်။ ဒါ့ကြောင့် လွယ်လွယ်ကူကူမရတာပါဘဲ၊ နတ်ဇတွေရဲ့ ဟဒယဝတ္ထု (နှလုံးသား) ကျတော့ ဆိုခဲ့တဲ့ အပြစ်တွေက ကင်းစင်တာမို့ ပညာဉာဏ် အားကောင်းပြီး မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို လျင်လျင်မြန်မြန် ရနိုင်ခြင်းပါဘဲ။

ဒါက ယခုဘဝမှာ အားထုတ်သော်လဲ အဆင်မပြေလို့ နတ်ပြည်ရောက်တဲ့အခါ ရနိုင်တဲ့ အကျိုးတရားတွေကိုဘုရားရှင်ဟောဘော်မူပုံပါဘဲ။ “အတိုင်းတိုင်းထား သမားတွေနဲ့ မဆိုင်ပါဘူး။”

သို့အတွက် ယခုဘဝမှာ တမဂ်, တဖိုလ်ကို ရမှု, မရမှုဟာ အားထုတ်သူ ဓမ္မမိတ်ဆွေရဲ့ တာဝန်မဟုတ်ဘဲ၊ အားထုတ်မှုဟာသာ ဓမ္မမိတ်ဆွေရဲ့ တာဝန်ဖြစ်တာမို့, ဘုရားဟောနဲ့ ကိုက်ညီပြီး, လမ်းမှန်တဲ့ ဝိပဿနာတရားများကို ကြိုးစားအားထုတ်ပါလို့ သတိပေး,တိုက်တွန်းပါရစေ။

(မှတ်ချက်) ပဌမအကြိမ် ရိုက်စဉ်က နောက်ပိုင်းတွင် စာမျက်နှာရှေ့နောက်ပြန်နေပါသည်။ ဒုတိယအကြိမ်ရိုက်နှင့် ညှိနှိုင်း ဖတ်ရှုပါရန်။ အကြောင်း ညီညွတ်လျှင် နောက်ဆက်တွဲ ထွက်လာပါဦးမည်။

(လုပ်သမျှ ဒုက္ခနဲ့ ပတ်သက်ပြီး သတိပေးချက်)

မမှုမိတ်ဆွေ၊ အပိုင်း(၁)ကိုရေးသားခဲ့တာ တော်တော်များသွားပြီ။ ခု-နိဂုံးအနေနဲ့ သင်္ဂဇာဆရာတော်ရဲ့ ပုံဘခုကိုပြောလိုပါတယ်။

တောကျောင်းနေ ဘုန်းတော်ကြီးတပါးဟာ သစ်ပင်ရင်းမှာ ပုတီးစိတ်ရင်း အမှတ်မထင် ကျားကြီးတကောင်ကို မြင်လိုက်ရတယ်။ တကာဝစံ ဆိုတဲ့သူ ကျောင်းကိုရောက်လာတော့ "လာလိုက်တဲ့ကျားကြီးနှယ့်မငယ်ပါဘူး" လို့ ဘုန်းတော်ကြီးကပြောပါသတဲ့။

ဒီတော့ တကာ စံက "ဘယ်လောက်ကြီးမယ် ထင်ပါသလဲ ဘုရား" လို့ လျှောက်တယ်။

ဘုန်းတော်ကြီး။ ။ကိုးတောင်လောက်ရှိလိမ့်မယ် ထင်တာဘဲ။

တကာဝစံ။ ။(လိမ်လည်သာဝါးချင်လို့ လက်ခုတ်လက်ဝါးတီးပြီး) အရှင်ဘုရား၊ ဒီလိုစကားမပြောပါနဲ့၊ ကျားဆိုတာ ရှစ်တောင့်ကိုးတောင်ကြီးတာမဟုတ်ဘူး၊ လူကြားရင်အသင်ေးအောင် ဒီလိုမပြောပါနဲ့ဘုရား။

ဘုန်းတော်ကြီး။ ။တကာမောင်စံ၊ ငါသေချာပေါက် ပြောသေးတာမဟုတ်ဘူး၊ ဝေးဝေးက လှမ်းမြင်ရတာ (၇) တောင်၊ (၆) တောင်လောက်တော့ရှိလိမ့်မယ်။

တကာငစံ။ ။ရှိမယ်မဟုတ်ဘူးဘုရား။

ဘုန်းတော်ကြီး။ ။ငါးဘောင်လောက်ရှိမယ်။

တကာငစံ။ ။အရှင်ဘုရားစကားက လွန်လှချည်လား။?

ဘုန်းတော်ကြီး။ ။ကဲ–ငါ့ကို မလျှော့စားနဲ့တော့၊ကျားဆိုတာ ဘယ်လောက်ရှိသလဲ။?

တကာငစံ။ ။ဘုန်းကြီး၊ မသေမချင်း မှတ်ထားပေတော့၊ ကျားဆိုတာ ကြီးရင်လက်တဝါး၊ ငယ်ရင် လက်လေးသစ်လောက်ဘဲ ရှိတယ်ဘုရား။

ဒီလိုပြောပြီးတော့ တကာငစံလဲ ပြန်သွားဆိုပါရော။နောက် တနေ့ သိတင်းနေ့ကျတော့ တကာ့တကာမတွေ ဥပုသ်စောင့် လာကြတာပေါ့။ ဘုန်းတော်ကြီးကလဲ သူမြင်ရတဲ့ ကျားကြီးအကြောင်းကိုစပ်မိစပ်ရာပြောတာပေါ့။ ဒီတော့

တကာ–တကာမများ။ ။အရှင်ဘုရားမြင်လိုက်တဲ့ ကျားက ဘယ်လောက်ကြီးပါသလဲဘုရား။

ဘုန်းတော်ကြီး။ ။(မောင်စံရဲ့စကားကိုယုံပြီး) ကြီးရင်လက်တဝါး, ငယ်ရင် လက်လေးသစ်ခန့် ရှိလိမ့်မယ်လို့လဲ ပြောလိုက်ရော....

တကာ့တကာမတွေက တသောသောနဲ့ ရယ်ကြတော့တာပေါ့။ အဲဒီအခါ တကာတယောက်က "ဆရာနဲ့တကာ သင်တယ်လို့တော့ မထင်လိုက်ပါနဲ့ဘုရား၊ အရှင်ဘုရားရဲ့စကားက လူမရှိသေ, ကလေးကလား ဖြစ်နေတယ်ဘုရား၊ ကျားဆိုတာ

ကြီးရင် ကိုးတောင်၊ ရှစ်တောင်၊ ငယ်ရင် ငါးတောင်၊ လေးတောင်ရှိတတ်ပါဘုရား”လို့ လျှောက်တယ်။ ဒီတော့ ဘုန်းတော်ကြီးက (တောက်ခေါက်ပြီး) “တောက်-ငါအစက ပြောသွားတာ ဟန်အကိုက်သား၊ ငစံမိုက်ကြောင့် ငါ့ကျားငယ်ရသကွာ” လို့ ပြောပါသတဲ့။

ဒီစကားပုံမှာ ဘုန်းတော်ကြီးဟာ နဂိုက ကိုယ့်အမြင်မှန်နေရက်သားနဲ့ တကာငစံရဲ့ စကားကို ယုံမိလို့ တကာ၊ တကာမတွေရဲ့ ဟားတိုက်ရယ်မှုကို ခံရတယ်။ တချူးခံအစစ်က တကာငစံဘဲပေါ့။

ထို့အတူဘဲ။ ဓမ္မမိတ်ဆွေတို့ဟာ မိဘ၊ ဘိုးဘွား၊ စဉ်ဆက်ဆရာသမားစဉ်ဆက်ပြုလုပ်လာခဲ့ကြတဲ့ ဒါနမှု၊ သီလမှု၊ သမထမှု၊ ဝိပဿနာမှုတွေဟာ မှန်ကန်နေရက်၊ ဗုဒ္ဓအလိုကျဖြစ်နေရက်နဲ့ သာသနာ နှစ်ထောင်ကျော်မှ ပေါ်ပေါက်လာတဲ့ (လုပ်သမျှဒုက္ခ၊ မရှုမပွား အငြိမ်းထား၊ အဘိုင်းတိုင်းထား)ဆိုတဲ့ဝါဒကို သာလက်ခံမိရင်တော့ “အကျိုးလိုလို့ ညောင်ရေလောင်း၊ ပတ်ထမ်းနဲ့တွေ့” “အေးခစလိုလို့ တချူးနှာ၊ ပူဇာစနဲ့ညား” ဆိုတာလိုဖြစ်နေမယ်။

တောကျောင်းဘုန်းကြီးဟာ ပရိသတ်ရဲ့ပြောင်လှောင်မှုကို ခံရသလို၊ အမှန်တိုင်းမြင်နေကြတဲ့ ဗုဒ္ဓဘာသာ ပရိသတ်အလယ်မှာ ရှက်စဘွယ် မျက်နှာငယ်ဖြစ်ကြမဲ့ အခရေးကြောင့် “ငစံမိုက်ကြောင့် ငါ့ကျားမငယ်ကြပါနဲ့” လို့ သတိပေးရင်း အပိုင်း(၁) ကိုရပ်နားကြပါစို့။ ။

မှာကြားချက်။ ။အပိုင်း(၁)ကိုဖတ်ပြီးပြီ။ ဘယ်လိုသဘောရသလဲ?၊ ဒီစာတွေဟာ သူတပါးကို ပုတ်ခတ်ထားတဲ့ (ဆဲစာ)တွေဘဲလို့ ယူဆမိပါသလား?။ အကယ်၍များ ယူဆခဲ့ရင် ရှေ့ကို ဆက်လက်စဉ်းစားပါအုံး။ ဓမ္မမိတ်ဆွေရဲ့ အတွေးအခေါ်၊ အယူအဆဟာ ရုတ်တရက်ဆိုရင် သူတော်ကောင်း သံလို့ ထင်ရပေမဲ့ တကယ်တန်းကျတော့ ဘုရားဟော မဟုတ်တာတွေကို ဘုရားဟောပါလို့ တင်ပြနေတဲ့ ဝါဒရှင်တွေကို ထောက်ခံရာ မကျပေဘူးလား?။

စစ်မှန်တဲ့ သူတော်ကောင်းဖြစ်လိုရင် ဘုရားဟော မဟုတ်တာကို ဘုရားဟောပါလို့ တင်ပြနေတဲ့ ဝါဒရှင်တွေကို တောင်းပန်ပေးပါလား ဓမ္မမိတ်ဆွေ။ သူတို့ဝါဒဟာ ဘုရားဟောနဲ့ ကိုက်ညီပါတယ်ဆိုရင်၊ ရင်ဆိုင်တွေ့ဆုံရှင်းလင်းဘို့ လျှောက်ထားပေးပါ၊ ချောင်းဦးမြို့ ဓမ္မမဏ္ဍိုင် သာသနာပြု ပုဂ္ဂိုလ်များကတော့ ပင့်တဲ့အချိန်မှာ လာရောက်ရှင်းလင်းရန် အသင့်ပါဘဲ။

စာရေးသူများရဲ့ သဘောထားကလဲ သာသနာ့စည်းကမ်းအရ အမှားကိုအမှားလို့ တင်ပြနေခြင်းသာဖြစ်ပါတယ်။

“မိစ္ဆာရောင် အမှောင်ခွင်း၍၊ သမ္မာရောင် အလင်းဆောင်နိုင်ပါစေ”။

အပိုင်း(၁)ဝေဖန်ခန်းပြီးပြီ။ ။

# အပိုင်း ၂

## ဘုရားရှင်၏သာသနာ

ဘုရားရှင်သည် သတ္တဝါတွေ ချမ်းသာဘို့ ပွင့်တော်မူခဲ့ပါ၏။ ချမ်းသာမှုအမှန်ကိုလည်း ဟောပြတော်မူခဲ့ပါပေ၏။ ထို ချမ်းသာမှုအမှန်သို့ သွားရာလမ်းကြောင်းကြီးကိုလဲ ဟောဖော် ညွှန်ပြဆုံးမတော်မူခဲ့ပြီးဖြစ်ပေတော့၏။

## အပြစ်ကိုအပြစ်ဟုမြင်ရမည်

ချဲ့ပါဦးအံ့....သတ္တလောကကြီးသည် ကာယကံမှု၊ ဝစီကံမှု တွေ သောင်းကျန်းလှ၏။ ထိုပြစ်မှုတွေကို အဘယ်သို့ ဆုံးမမည် နည်း....?။ အပြစ်ကိုအပြစ်ဟု မြင်ဘို့ရာသည် အရင်း အကျဆုံး ဖြစ်ချေ၏။ မှန်၏၊ အပြစ်ကိုအပြစ်ဟု မမြင်သမျှ ဆက်လက် သောင်းကျန်းနေမည်သာ။ သောင်းကျန်း နေသမျှ ချမ်းသာ သုခကို ရကြမည်မဟုတ်။ ထို့ကြောင့် ထိုထို ကာယကံမှု ဝစီ ကံမှုများသည်... အပြစ် ရှိ၏၊ အကြည်အညို မဲ့စေတတ်၏၊ ရှိန် စော်မဲ့ကင်း ဂုဏ်သတင်းပုပ်တတ်၏။ နတ်ရွာမဂ်ဖိုလ်ကို ပိတ်ပင် တတ်၏ စသည်ဖြင့် အပြစ်များပြားလှကြောင်း ဖော်ပြလျက် အပြစ်အားလျော်စွာ ဆုံးမမြစ်တား အာဏာထားတော်မူခဲ့ ပေ သည်တကား။ ဤကား ယထာပရာဓ သာသနာခေါ် သီလသာ သနာ၏ ဝိနယပိဋကဟု ခေါ်တွင်ပါသတည်း။

## အလိုလိုက်မှ အကြိုက်ပါမည်

တဖန်....သတ္တလောကကြီးမှာ လူအရပ်ရပ်,နတ် အထွေထွေ ဆိုသလို-လိုအင်ဆန္ဒအမျိုးမျိုး ရှိနေကြ၏။ အချို့က အကြမ်း ကြိုက်၏။ အချို့ကအနုကြိုက်၏။ အချို့က ခက်ခက်ခဲခဲ လုပ်ရမှ ဟုတ်သည်ထင်၏။

အချို့က လွယ်လွယ်ကလေးနဲ့ ပြီးစီးမှသဘောကျ၏ စသည် ဖြင့် ဆန္ဒတွေများပြားလှ၏။ အချို့က ရာဂ ထူပြောသလောက် အချို့မှာ ဒေါသကြီးလျက်, အချို့မှာ မောဟ မာနတွေ ပိတ် ဖုံးကာ, အချို့မှာ အယူအစွဲပြင်းထန်လှ၏။ ဤကဲ့သို့ လိုအင် ဆန္ဒ စရိုက်ဝါသနာ အဖြာဖြာကွဲပြားလျက်, သူတဖုံ ငါတမျိုး နဲ့ စိတ်ဓာတ်တွေဆိုးဝါးလှတဲ့ သတ္တဝါတွေကို ဘယ်လို ဆုံးမရ မည်နည်း....?။ အလိုလိုက်မှအကြိုက်ပါမည်ဖြစ်၏။ မှန်၏....အရှင် သာရိပုတြာသည်ပင်လျှင် သဝဏ္ဏာကာရ၏အလိုကို မသိရ၍ အ သုဘကမ္မဋ္ဌာန်းကို ပေးမိရာ အကြိုက်မပါ ဖြစ်ခဲ့ဘူးပါသည်။ ဘုရားရှင်ကား အလိုစရိုက် လိုက်လျောညီစွာ ဆုံးမတော်မူခဲ့ပေ သည်တကား။ ဤကား-ယထာနုလောမသာသနာခေါ် သမာ မိသာသနာ၏ သတ္တန်ပိဋကခေါ်တွင်ပါသတည်း။

## အစွဲသန်က အမှန်သိရမည်

ထိုမှတပါး....သတ္တဝါအများတို့သည် ရုပ်ဓာတ်-နာမ်ဓာတ် တို့ မပြတ်စပ်ကာ ဖြစ်ပေါ်လာသည့် ဤကိုယ်ခန္ဓာကြီးကို ငါငါ သူသူ နတ်လူဗြဟ္မာ သတ္တဝါဟူသ၍ အထင်မှား အမြင်မှား

ဖြစ်ကာ အစွဲကြီးစွဲလျက် နေကြပေ၏။ ဤမျှထင်မြင်မှောက်မှား အစွဲကြီးသမားတွေကို ဘယ်လိုဆုံးမရမည်နည်း-?။ အစွဲသန်က အမှန်ပြရမည်သာဖြစ်၏။ မှန်၏....မျက်စေ့လည် လမ်းမှားသူကို အမှန်ပြမှ မျက်စေ့လည်လမ်းမှားပျောက်မည်မဟုတ်ပါလား။? ထို့ကြောင့် ရှင်တော်ဘုရားက-ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊အဗျာကတာဓမ္မာ၊စသည်ဖြင့်ကောင်းတယ်ဆိုတာလဲဓမ္မဘဲ။ မကောင်းဘူးဆိုတာလဲ ဓမ္မဘဲ၊ မကောင်း့တကောင်း ဆိုတာလဲ ဓမ္မဘဲ၊ပုဂ္ဂိုလ်သတ္တဝါ ဗြဟ္မာနတ်လူ ငါသူမဟုတ်သည့်သဘော တရားသက်သက်တွေဘဲ စသဖြင့် ထုတ်ဖေါ်မြွက်ဟ ဟောညွှန် ပြခဲ့ပေသည်တကား။ ဤကား ယထာဓမ္မသာသနာခေါ် ပညာ သာသနာ၏ အဘိဓမ္မာပိဋကခေါ်တွင်ပါသတည်း။

## သီလ လုံခြုံ ဝိဇ္ဇာဂုဏ်

အထက်ပါသာသနာသုံးရပ်တွင် သီလသာသနာ ဟူရာဝယ် လူမှာ လူနှင့်ဆိုင်ရာ ဝိနည်းသိက္ခာပုဒ်များ၊ ရဟန်းမှာရဟန်းနှင့် ဆိုင်ရာ ဝိနည်းသိက္ခာပုဒ်များ ရှိကြပါ၏။ ထိုသိက္ခာပုဒ်များကို မကျိုးမပေါက် မပြောက်မကြား ရအောင် လုံခြုံစွာ စောင့် ရှောက်ထိန်းနိုင်ပါက သီလပြည့်စုံမှုကို အကြောင်းခံကာ ဝိဇ္ဇာ သုံးပါးသို့ရောက်၍ တေဝိဇ္ဇာပဉ္စာရဟန္တာဖြစ်နိုင်၏။

ဝိဇ္ဇာဟူသည် အထူးသိခြင်းတည်း၊ ထိုဝိဇ္ဇာသည် သုံးပါး တည်း၊ ၎င်းတို့သည်....ပုဗ္ဗေနိဝါသာနုဿတိဝိဇ္ဇာ-ရှေး၌ နေဘူး သော ခန္ဓာအစဉ်ကို အောက်မေ့နိုင်ခြင်းတည်း။ဒိဗ္ဗစက္ခုဝိဇ္ဇာ- နတ်မျက်စိ ကဲ့သို့ အမြင်သန်ခြင်းတည်း။ အာသဝက္ခယဝိဇ္ဇာ-

လောဘဒိဋ္ဌိ မောဟဟူသော အာသဝေါတရားတို့၏ ကုန်ခမ်းခြင်းတည်း။

မှန်၏....သီလဖြည့်ကျင့်သူသည် ငါ၏ သီလသည် မည်မျှစင်ကြယ်ပြီနည်းဟု စင်ကြယ်သော ရက်, လ, နှစ်တို့ကို ရေတွက်ပိုင်းခြား၍ စောင့်စည်းနေရခြင်းသည် ပုဗ္ဗေနိဝါသာနုဿတိ ဝိဇ္ဇာ၏ အကြောင်းဖြစ်၏။

ထို့အတူ....မိမိ၏ ကာယကံ, ဝစီကံ, အပြစ်များကို မှုံညင်းစေ့မျှ မရှိရအောင် ကြည့်ရှုထိန်းသိမ်းနေရခြင်းဟာလဲ ဒိဗ္ဗစက္ခုဝိဇ္ဇာကို ရဘို့ရာ အကြောင်းပါဘဲ။

ဧင်းနည်းတူပင်....ကာယကံမှု ဝစီကံမှုတွေကို ပြုတိုင်းပြုတိုင်း သီလညှိုးနွမ်း ပျက်စီးစေမည့် ကိလေသာတွေကို မဖြစ်ပေါ်ရအောင် တားဆီးစောင့်ရှောက် နေရခြင်းဟာလဲ အာသဝက္ခယ ဝိဇ္ဇာကိုရဘို့ရာ အကြောင်းပါဘဲ။ ထို့ကြောင့် ဤမျှ အကျိုးကြီးမားမြင့်မြတ်သည့် သီလသာသနာကို ဖြည့်ကျင့်ကြပါလေ။

## သမာဓိခြံရံ ဆဋ္ဌာဘိညာ

သမာဓိသာသနာဟူသော သုတ္တန် ပိဋကလာတိုင်း မိမိ၏ အလိုစရိုက်နှင့်ကိုက်ညီရာ ကမ္မဋ္ဌာန်းတခုခုကို ပွားများအားထုတ်သူသည် သမာဓိရမှုကို အကြောင်းပြုပြီး အဘိညာဏ် (၆)ပါးသို့ရောက်၍ ဆဋ္ဌာဘိညာ ရဟန္တာဖြစ်နိုင်၏။

အဘိညာဏ်ဟူသည် အထူးသိခြင်းဖြစ်၏။ ထိုအဘိညာဏ်သည် (၆)မျိုးဖြစ်၏....ဧင်းတို့မှာ-

၁။ ကုက္ကုစ္စ အဘိဓာန်-တန်ခိုးအမျိုးမျိုး ဖန်ဆင်းခြင်းတည်း။

၂။ ဒိဗ္ဗသောတ အဘိဓာန်-နတ်၏ နားကဲ့သို့အကြားသန်ခြင်းတည်း။

၃။ ပရစိတ္တဝိဇာနန အဘိဓာန်-သူတပါး စိတ်ကို သိခြင်းတည်း။

၄။ ပုဗ္ဗေနိဝါသာနုဿတိ အဘိဓာန်-ရှေး၌ နေဘူးသောခန္ဓာအစဉ်ကို အောက်မေ့နိုင်ခြင်းတည်း။

၅။ ဒိဗ္ဗစက္ခု အဘိဓာန်-နတ်မျက်စိကဲ့သို့ အမြင်သန်ခြင်းတည်း။

၆။ အာသဝက္ခယ အဘိဓာန်-လောဘ ဒေါသ မောဟ ဟူသော အာသဝေါတရားတို့ ကုန်ခမ်းခြင်းတည်း။

မှန်၏....သမာဓိအလုပ်သည် စိတ်ကို နိုင်နင်းအောင်ပြုလုပ်ခြင်းတည်း။လောက၌စိတ်ကိုမနိုင်နင်းသောသူများပင်လျှင်ကိုယ့်ကိုယ်ကို အသင့်အတင့်ပြုပြင်ပြောင်းလဲတတ်ကြသေး၏။ အထိုက်အလျောက် လူကဲ, သူကဲ, ခတ်နိုင်ကြလျက် မျက်စိ ရှင်ကြ၏။ နားပါးကြ၏။ လောဘ ဒေါသ နည်းအောင် နေထိုင်တတ်ကြပါသေး၏။ စိတ်ကိုနိုင်နင်းကြလျှင်ကား ပြောဘွယ်မရှိတော့ပေ။ ဤမျှ အကျိုးကြီးမား မြင့်မြတ်လှသည့် သမာဓိသာသနာကိုလဲ ပွားများအားထုတ်ကြပါလေ။

## ပညာကျိုးမှာ ပဋိသမ္ဘိဒါ

ပညာသာသနာခေါ်သော အဘိဓမ္မာ ပိဋကလာတိုင်းခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်စသည်ကို သိအောင်ကျင့်ကြံပွားများပါက အသိဉာဏ်ကို အခြေခံလျက် ပဋိသမ္ဘိဒါ လေးပါးသို့ရောက်ကာ ပဋိသမ္ဘိဒါ ပတ္တရဟန္တာဖြစ်နိုင်၏။

ပဋိသမ္ဘိဒါဟူသည် စိပ်ဖြာခွဲခြမ်း၍ သိခြင်းပင်တည်း။ ထိုပဋိသမ္ဘိဒါသည် လေးမျိုးရှိ၏။ ၎င်းတို့မှာ....

၁။ အတ္ထပဋိသမ္ဘိဒါ-အကျိုးတရားတို့ကို စိပ်ဖြာခွဲခြမ်း၍သိခြင်းပင်တည်း။

၂။ ဓမ္မပဋိသမ္ဘိဒါ-အကြောင်းတရားတို့ကို စိပ်ဖြာခွဲခြမ်း၍ သိခြင်းပင်တည်း။

၃။ နိရုတ္တိပဋိသမ္ဘိဒါ-အသံအမျိုးမျိုးတို့ကို စိပ်ဖြာခွဲခြမ်း၍ သိခြင်းပင်တည်း။

၄။ ပဋိဘာန ပဋိသံမ္ဘိဒါ-ဝေဘန်ပိုင်းခြား၍ သိအပ်သော ပညာအရာကို စိပ်ဖြာခွဲခြမ်း၍ သိခြင်းပင်တည်း။

မှန်၏၊လောကမှာ လောကီပညာလောက်သာ တတ်မြောက်သူများပင်လျှင် အသင့်အတင့် အကျိုးအကြောင်းနှင့် ဘာသာခြားစကားများကို နားလည်ပြီး လောကီနှင့်သက်ဆိုင်သည့် အဓိပ္ပာယ်ရာများကို စိပ်ဖြာခွဲခြမ်း၍ သိကြကုန်သေး၏။ လောကုတ္တရာပညာနှင့်တွဲ၍ ပေါက်ရောက်သူများမှာကား အံ့သြ၍ မကုန်နိုင်

လောက်အောင် စိပ်ဖြာခဲ့ခြမ်း၍ သိကြရမည်သာတည်း။ ထို့ကြောင့် ဤမျှအကျိုးကြီးမား မြင့်မြတ်လှသည့် ပညာသာသနာကိုလဲ အားထုတ်ပွားများကြပါလေ။

## မှတ်ချက်

အထက်ပါ ဘေဝိဇ္ဇာပတ္တ, ဆဠာဘိည, ပဋိသမ္ဘိဒါပတ္တ, ဟူသော ရဟန္တာခေတ်သည် ယခုအခါမှာ မရှိတော့ပြီ မဟုတ်ပါလော?ဟူ၍ မစောကြောပါလင့်။ အဋ္ဌသာလိနီ အဋ္ဌကထာမှာ လာသည့်အတိုင်း သာသနာသုံးရပ်၏ အကျိုးတရားများကိုသာ ဖေါ်ပြ၍ တိုက်တွန်းလိုက်ခြင်းဖြစ်ပါသည်။ ဘုရားဟောအတိုင်း ကောင်းမွန်စွာကျင့်လျှင် လောက၌ ရဟန္တာ မဆိတ်နိုင်ဟူသော ပါဠိတော်လာကိုလည်း ထောက်ထားပါသည်။

## မျက်မှောက်ခေတ်ကြီး

ယခုမျက်မှောက်ခေတ်၌ တရားစာပေ လိုက်စားသူအချို့တို့သည် သီလဖြည့်ခဲ့ကြ တာလဲ ဘာပေါင်းများလှပြီ၊ ဒါနပြုခဲ့ကြရတာလဲ မရေမတွက်နိုင်ပြီ။ ဈာန်တရားတွေ ရခဲ့ကြတာလဲ ဘယ်လောက်များမှန်းမသိဘူး။ ဒါတောင်မှ အပါယ်က မလွတ်သေး။ အပါယ်နှင့်အိုးစားမကွဲသေးဟူ၍အဖျားဆွတ်ပြောပြီး ဒါန သီလ သမထ ဘာဝနာတို့ကို ပယ်တတ်ကြ၏။ ထိုသူတို့၏ လိုရင်း“သိ” ပြီးရောဟူ၍ပင်ဖြစ်၏။

ဓမ္မမိတ်ဆွေ....ဘယ်လောက်သိမှပြီးမှာလဲ?။ သစ္စာလေးပါးကိုမဂ်ဉာဏ်နဲ့ သိမှပြီးမှာ။ သိအောင် ဘာလုပ်ရမှာလဲ?။ သီလ

သမာဓိ-ပညာ-သိက္ခာသုံးရပ်ကို အားထုတ်ရမှာ လုပ်ရမှာပင် ဖြစ်၏။ ဒီလိုမဟုတ်ဘဲနဲ့ တွေ့ကရ ပယ်နေကြရင်တော့ ပုညန္တ ရာယ်ဖြစ်၍ အပါယ်လားတတ်သည့်ပြင် မိမိကိုယ်တိုင် ဒီအတိုင်း ကျင့်သုံးနေပါက ယခုဘဝမှာပင်...."ဝိနည်းပယ်က ဒုဿီလ" "သုတ္တန်ပယ်ဘိ-မိစ္ဆာဒိဋ္ဌိ" "အဘိဓမ္မာပယ်မှု-စိတ်လှင့်သူ"ဟူ ၍ အဋ္ဌသာလိနီ အဋ္ဌကထာမှာ လာရှိပါသည်။ ဤသည်များ ကိုထောက်ထားသဖြင့် ယခုမျက်မှောက်ခေတ် အချို့သူများ၏ ယူဆချက်များသည် ကြောက်ဘွယ်ကောင်းလှ၏။

## သာသနာ၏ ရည်ညွှန်းချက်

အထက်ပါအတိုင်း သာသနာသုံးရပ်တွင် သီလသာသနာကို ထမ်းဆောင်ရသဖြင့် တေဝိဇ္ဇာပတ္တရဟန္တာထိ ဖြစ်နိုင်ပုံ။ သမာဓိ သာသနာကို ကျင့်သုံးရသဖြင့် ဆဠဘိည ရဟန္တာထိဖြစ်နိုင်ပုံ။ ပညာသာသနာကို ပွားများရသည့်အတွက် ပဋိသမ္ဘိဒါ ပတ္တ ရဟန္တာထိ ဖြစ်နိုင်ပုံတွေကို ကျမ်းဂန်နှင့်အညီ ညွှန်ပြခဲ့ပါပြီ။ ဤညွှန်ပြချက်များကို သတ္တုချပြီးကြည့်လိုက်သည်ရှိသော် သတ္တ ဝါအများတို့ သစ္စာလေးပါး အမှန်တရားကို သိဘို့ချည်း ရည် ညွှန်းထားသည်ကို တွေ့ရပါလိမ့်မည်။

## ကိုယ်သိဒါကို အမှန်ထင်ကြ

"ဣမေ သတ္တာ နာမ ကေဥ္စန ဒုက္ခပဋိကူလာ
ဟောန္တိ ဒုက္ခဘီရုတာ။"

ဟူသည်နှင့်အညီ သတ္တဝါတွေ အားလုံးဟာ ဆင်းရဲမှုကို တကယ်မုန်းတီးကြတယ်။ တကယ်ကြောက်ရွံ့ကြတယ်။ မျက်

ကျိန်း၊ နွားကိုက်၊ သွားနာမှစ၍ ဝမ်းနာ၊ ခါးနာ၊ ဖျားနာမှု တွေကို ဘယ်သူမှ မခံစားချင်ကြဘူး။ နောက်ပိတ်ဆုံးယားယံဒါ ကလေးကိုတောင်မှ မခံချင်ကြဘူးပေါ့၊ တကယ် စက်ဆုတ်ကြ တယ်။ ကြောက်ရွံ့နေကြပါတယ်။ ဒါတွေ မဖြစ်ရအောင်လဲ အမျိုးမျိုးတားဆီးနေကြတယ်။ ပြုပြင်နေကြရတယ်။ ဤကဲ့သို့ ငါတို့ ပြုပြင်နိုင်ကြလွန်းလို့ ကျန်းမာတယ် ချမ်းသာတယ်လို့ အထင်ရောက်ပြီး သုခထင်ကြလျက် ပြုပြင်မရမှ ကမ္မသကာဟု ကံကိုပုံချပြီး ဒုက္ခဘဲလို့ ကိုယ်သိဒါကို အမှန်ထင်ကြ၏။

## အမှန်ကတော့

သတ္တဝါတွေရဲ့ ထင်မြင်ချက်ဟာ ဟုတ်မှန်ပါရဲ့လား....?

"အတီတာနာဂတပစ္စုပ္ပန္နာဘူတာ အတ္တနော အတ္တနော

အတ္တဘာဝပရိယာပန္နာ တေဘူမကဓမ္မာ ဧဝ အတ္တနော

အတ္တနော ဧကန္တဒုက္ခာ နာမ" ဟူသည်နှင့်အညီ....ကာမ, ရူပ,အရူပဟူ၊ သုံးဘုံသူသုံးဘုံသားအများသတ္တဝါတို့မှာ မိမိတို့ရဲ့ သန္တာန်တွင် ရှေးကလဲ ဖြစ်ခဲ့ပြီ။ ယခုလဲဖြစ်ဆဲ၊ နောင်လဲဖြစ်အုံး မှာဘဲလို့ ကာလသုံးပါးနဲ့ ရေတွက်ရတဲ့ လောကီ ရုပ် နာမ် သင်္ခါတ တရားတွေဟာ ပြုပြင်မရ, တားဆီးမရဲ့ အပျက်အတိသာ ကျသဖြင့် ဒုက္ခတွေသာ အမှန်ဖြစ်ပါတကားလို့ ဝိပဿနာ မဂ္ဂ သမ္မာဒိဋ္ဌိတို့ဖြင့် သိကြရမှာ ဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုရင် ဒီလောကီ သင်္ခါတနယ်မှ သမုဒယပယ် ခွာလွတ်မြောက်မှသာ ဒုက္ခက လွတ်မှာ ဖြစ်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

## အကြောင်းမသိရင်

ဒီဟာတွေသာ ဒုက္ခအမှန်ဖြစ်တယ်လို့ ဒုက္ခအမှန်ကို မသိကြတော့ ဒီဒုက္ခကို ပေးတဲ့ အကြောင်းမှန်ကိုလဲ မသိနိုင်ကြတော့ပေ။ ထို့ကြောင့် ငါ့မှာ ဒုက္ခဖြစ်ရဒါ ဘယ်သူကြောင့်, ဘယ်ဝါ့ကြောင့်, အိမ်နီးနားခြင်းမကောင်းလို့, အတွင်းလူကြောင့် စသည်ဖြင့် တဘက်သားကို အပြစ်ယူပြီး ရန်သူ ထင်ကြသည်။ ဒုက္ခ၏အကြောင်းရင်းကို မသိသမျှ ကာလပတ်လုံးလဲ ရန်သူမကုန်နိုင်ဘဲ တိုက်ကြခိုက်ကြ တရားတခေပါင် ဖြစ်ကြရနဲ့ ကမ္ဘာလောကကြီးမှာ ရန်ပွဲကြီးတွေ တဟုန်းဟုန်း ထနေကြရသည် မဟုတ်ပါလား ...? ဒီလို တိုက်ခိုက်သင်းဆဲကြဒါကာလဲ အမှန်တော့ကိုယ် ဒုက္ခ လွတ်မြောက်ဖို့ လုပ်ကြဒါပါဘဲ။ လွတ်ကြပါရဲ့လား....?

မလွတ်ကြပါ၊ ဒီလိုမလွတ်နိုင်ကြတော့ အခြားလွတ်ရာလွတ်ကြောင်း လူမင်း-နတ်မင်း-ဗြဟ္မာမင်းကြီးတွေဖြစ်အောင်ပြုလုပ်အားထုတ်ကြပါသော်လဲ တပျက်ထဲပျက်၍ အေးကွက်မမြင်တော့ သည်သာဖြစ်လျက်, အကြောင်းမသိရင် ဒုက္ခပင် ဖြစ်ပွားရပေတော့သည်။

## အကြောင်းမှန် တွေ့ပါစေ

"အတ္တနော တဏှာဝေ အတ္တနော ဒုက္ခဇနကံ နာမ" ဟူသည်နှင့်အညီ မိမိကို ဒုက္ခပေးဒါ မိမိရဲ့ တဏှာလောဘသာ ဖြစ်ပေ၏။ ဘာ့ကြောင့် တဏှာသည် ဒုက္ခပေးနိုင်ပါသနည်း ဆိုသော်, လောကီဘုံသား သတ္တဝါအများတို့သည် ကောင်းဒ တွေ့ ဟူသမျှကို မြင်လို့, ကြားလို့, နမ်းရှူ လို့, စားသောက်လို့, တွေ့ထိ

လိုကြကုန်၏။ ကာမတဏှာကို မပယ်နိုင်ကြသေး။ ဒီအကောင်းတွေနဲ့ မပြတ်ယှဉ်တွဲနေရဒါကိုဘဲ သဘောကျနေကြ၏။ ကြိုက်နှစ်သက်နေကြ၏။ ဘဝတဏှာစွဲကြီးလှ၏။ ဒီလိုကောင်းတာတွေနဲ့ ပြည့်ပြည့်စုံစုံ ဖြစ်နေရဒါကိုဘဲ စွဲမြဲနှစ်သက်ပြီး ဒါ့ထက်ကောင်းတဲ့ ဘဝတော့ မရှိတော့ဘူးလို့ ယူဆထားလိုက်ပြန်၏။ ဝိဘဝ တဏှာ အစွဲ နည်းလှ၏။ ဤလို ဤပုံ စွဲလန်းနေကြသမျှ "တဏှာ သမုဒယော ဘဝေ" စွဲလန်းချက် တဏှာသုံးပါးက ဒုက္ခတွေကို မပြတ်ပေးနေမှာပါဘဲ၊

ဒါ့ကြောင့် တဏှာကို ပယ်သတ်နိုင်မှ ဒုက္ခငြိမ်းမည်၊ မပယ်သတ်နိုင်က ဒုက္ခမငြိမ်းနိုင်ဟုသိလျှင် ဒုက္ခ၏အကြောင်းရင်းဟာ တဏှာသာပါဘဲလို့ သိမြင်ကြပါစေ။

## ချမ်းသာမှု အမှန်ကား အဘယ်နည်း?

"ဣမေ သတ္တာ ကေန္တေန သုခကာမာ ဟောန္တိ
သုခါဘိနန္ဒိနော" ဟူသည်နှင့်အညီ သတ္တလောကမှာရှိကြတဲ့ သတ္တဝါများသည် တကယ်ချမ်းသာလိုကြ၏။ ချမ်းသာမှုကိုသိပ်ကြိုက်ကြ၏။ သို့သော်-ချမ်းသာစစ် ချမ်းသာမှန်ကား အဘယ်နည်းဟု ထိထိမိမိမသိကြသေးကုန်။ ဤကဲ့သို့ အစစ်အမှန်ကို မသိကြတော့ တဒင်္ဂ-တာခဏချမ်းသာဖြစ်တဲ့ ပေဒယိတ သုခခေါ် ကောင်းသော ခံစားမှုကလေးကို တကယ်ချမ်းသာကြီးထင်ကာ "ပျားရည်ကိုမက်၍ ပျားခွက်၌ သေရသောပရွက်ဆိတ်" "အပုပ်ကိုစွဲ၍ သမုဒ္ဒရာထဲ၌ သေရသော ကျီးမိုက်ပမာ" ချမ်းသာအစစ်

အမှန်နှင့်လွဲ၍ သေပွဲသို့ ဝင်ခဲ့ကြရခြင်းသည် အထက်ပါတဏှာ သုံးပါးက မလွတ်ဘဲ တဝဲလယ်လယ် ဒုက္ခနယ်ကျယ်ခဲ့ကြရသည် မဟုတ်ပါလား....?။

တဏှာကိုပယ်မှသာ ဒုက္ခမှ လွတ်ကြရမည်။ အဘယ့်ကြောင့် ပါနည်းဟူမူ-တဏှာသည် ဒုက္ခ၏ မူလအကြောင်းဖြစ်၍သစ်ပင်၏ ရေသောက်မြစ်သဖွယ် ဖြစ်ပေသည်။ ရေသောက်မြစ် မပြတ်သ ရွေ့ သစ်ပင်ကို ဘယ်လိုညှဉ်းဆဲပါသော်လဲ သစ်ပင် မသေနိုင် သလို တဏှာလောဘဆိုတဲ့ အနုသယ ကိလေသာကို မဂ်ဉာဏ် နှင့်မဖြတ်နိုင်သမျှ သုခ အစစ်မှန်မရနိုင်။

"တဿာဝယေဝ တဏှာယ အသေသဝိရာဂနိရောဓော" ဘုရားဟောအရ၊ ဝိရာဂ မည်သော မဂ်ဉာဏ်ဖြင့် တဏှာလောဘ ဆိုတဲ့အနုသယကိလေသာကိုအကြွင်းမဲ့ပယ်ခြင်းသည်သာနိရောဓ သစ္စာ,ချုပ်ငြိမ်းမှုအမှန် ဖြစ်ပေသည်။ထိုချုပ်ငြိမ်းမှုသည်ပင်လျှင် ချမ်းသာမှု အမှန်ဖြစ်ပေသည်။

## မေးမြန်းဘွယ်ရာကား

အနုသယကိလေသာ ချုပ်သည်ငြိမ်းသည်ဟူရာမှာ ချုပ်ငြိမ်း တတ်သော ကိလေသာသည် ကောန်ရှိ၍ ချုပ်ငြိမ်းပါသလော?။ ခန္ဓာမှာတော့ ဥပါဒ်ဌီဘင် အနေအားဖြင့် ကောန်ရှိသည်ဟု မဆို ရာ။ သို့မဆိုရာသော်လဲ အနုသယ သတ္တိကို မဂ်ဖြင့် မပယ်ခဲ့သော် ပရိယုဋ္ဌာန် အနေအားဖြင့် စိတ်၌ ကောန် ဖြစ်ပေါ်လတံ့ ဖြစ် သောကြောင့်ရှိသည်ဟူ၍သာ ဆိုရာသည်။

(လောက ဥပမာ) မောင်ဖြူသည် အိမ်၏ ပြင်ဘက်မှာ နေ၏။ အိမ်ထဲမှာမရှိ။ သို့မရှိခိုက် လူတယောက်က ဒီအိမ်မှာ မောင်ဖြူ ရှိပါသလားလို့-လာမေး ပြောအံ့၊ ရှိပါတယ်ဆိုတဲ့ မြန်မာ စကားကဲ့သို့...ထိုကောန်ဖြစ်မည့် အနေဖြင့် ရှိနေသော သဘောတရား တခုသည် မဂ်ဖြင့်အကြွင်းမဲ့ ပယ်လိုက်သောအခါ တခါတည်း ချုပ်ငြိမ်းသွား၏။ ဤကဲ့သို့ ချုပ်ငြိမ်း မှုကိုပင် "အနုပ္ပါဒနိရောဓ အသေသဝိရာဂနိရောဓ" ဟု ခေါ်သည်။

## မဖြစ်ဘဲဘယ်လိုချုပ်ပါသလဲ

အစေးထွက်သော သစ်ပင်ဥပမာ၊ အဆိပ်ပင် ဥပမာတို့ဖြင့် ပြကြကုန်၏။ ထိုသစ်ပင်များ၌ အစေးနှင့် အဆိပ်သီး တို့သည် ကောန္တဖြစ်ကုန်လတံ့၊ ဖြစ်လျှင် သတ္တဝါအများ ဒုက္ခဖြစ်ကုန် လတံ့...ဟုသိသဖြင့် နိုင်ရာ အဆိပ်ဆူး တခုနှင့် ရိုက်နှက်ခဲ့သော် ထိုအစေးနှင့် အသီးများ မဖြစ်ပေါ်တော့ဘဲ လုံးဝ ကုန်ဆုံး သွားသကဲ့သို့။

ဤနည်း အတူ သာလျှင် ထိုကိလေသာ ချုပ်ငြိမ်း မှုကို နိရောဓ-ချုပ်တယ်လို့ ဆိုရမှာလဲ တဖန် မဖြစ်ပေါ် ခြင်းကို ချုပ်သည်ဟု ဆိုရပါသည်။

ဤစကားမျိုးကို 'သဒိသူပစာ" ဟု ခေါ်သည်။ "သီဟော ဂါယတိ" ဟု ဆိုသကဲ့သို့-သီဟော၊ ခြင်္သေ့သည်။ ဂါယတိ၊ သီချင်းဆို၏ဟူရာ၌ ခြင်္သေ့သည် သီချင်း မဆိုတတ် ပြောလဲ ခြင်္သေ့ကဲ့သို့ ရဲရင့်ခြင်းဂုဏ်နှင့် ပြည့်စုံသူသည် ခြင်္သေ့နှင့်တူ၏။

ထိုသူ သီချင်း ဆိုသောကြောင့် (သီဟော ဂါယတိ) ခြင်္သေ့ သီချင်းဆိုသည်ဟု ခေါ်ဆိုရပေသည်။

## တပန်မေးဘွယ်ရှိ၏

ထိုချုပ်ငြိမ်းခြင်းသည် နိဗ္ဗာန် လော? ဟူမူ၊ ထိုချုပ်ငြိမ်းမှု၏ အကြောင်း ဥပနိဿယသည်သာ နိဗ္ဗာန်ဖြစ်ပါ၏။ မှန်၏၊ ထိုအကြောင်းနိဗ္ဗာန်ကိုအာရုံပြုလျက်သာ မဂ်ဉာဏ်သည် ကိလေသာကိုပယ်ရ၏။ ထို့ကြောင့် (အဿာသ ကရဏရသံ)ဟုအဋ္ဌကထာဆရာ မိန့်ဆိုတော်မူ၏။ အဿာသကရဏရသံ၊ သက်သာချမ်းအေးအောင် ပြုခြင်းကိစ္စရှိ၏။

အဘယ်သို့သက်သာချမ်းအေးအောင်ပြုရပါသနည်းဟူမူ....?၊ လူသတ်သမားရန်သူတွေ ပတ်လည်ဝိုင်းထားရာမှ လွတ်ရာလွတ်ကြောင်း မောပန်းတုန်ဟိုက် ဆက်တိုက်ပြေး၍ လာသောသူကို ဆီးကြိုပိုက်ထွေး သေမည့်ဘေးမှ ငြိမ်းအေးသက်သာရာကို ပေးလိုက်သည့် အသွင် တောဘုမ္မက ဝင္ဆဒ္ဒကွဝယ် တကယ် ငြိမ်းငွေ့ မပျော်မွေ့သော ယောဂီ ပုဂ္ဂိုလ်ကို သက်သာ အေးချမ်းအောင် ပြုလိုက်သော အာရုံ တမျိုးပါပေ။ အာရုံ တမျိုးဆိုဒါ အာရုံခြောက်မျိုးထဲက ဓမ္မာရုံလို့ခေါ်ပါတယ်။

## နိဗ္ဗာန်၏တည်ငြိမ်ပုံ

လောကီ သင်္ခါရတရားများကို အာရုံ ပြုလိုက်သော အခါ၊ ငြိမ်သက် တည်ကြည်မှု, တည်ငြိမ်မှုကို မတွေ့ရသည့်ပြင် ကိလေသာတွေကိုသာ ထပ်ဆင့်ပွား၍ အားပေးနေ ပေသေးသည်။

လောကုတ္တရာဓမ္မာရုံ တည်းဟူသောနိဗ္ဗာန်ကိုအာရုံပြုလိုက်ရခြင်း သည် ထိုသို့မဟုတ်၊ ငြိမ်သက်တည်ကြည်လှပေ၏။ ဥပမာ....လေ ငြိမ်ရာ၌ ထွန်းညှိ၍ထားအပ်သော ဆီမီးတောက် ကလေးသည် ငြိမ်သက် တည်ကြည်နေသလို တည်ငြိမ်လှပေ၏။ ထိုမျှ တည် ငြိမ်လှသည့် အာရုံသည် ကိလေသာကို ငြိမ်းစေ တတ်ပေ၏။ ထို့ကြောင့် (သန္တိလက္ခဏ) ဟူ၍ မှီနိုင်ဆိုအပ်ပါပေ၏။ တံ၊ ထိုနိဗ္ဗာန်သည်။ သန္တိလက္ခဏ၊ တည်ငြိမ်ခြင်း လက္ခဏာရှိ၏။

## နိဗ္ဗာန်၏ရွေ့လျောပျက်စီးခြင်းကင်းပုံ

လောကီသင်္ခတ တရား ့းကို အာရုံပြု လိုက်သော အခါ၊ ပြောင်းရွေ့ ပျက်စီးလျက် မမြဲသည်ကိုသာ တွေ့ရ၍၊ သောက, ဒေါမနဿစသည့် စိုးရိမ်ပူဆွေး ငိုကြွေး မြည်တမ်း ကိုယ်စိတ် မချမ်းသာမှုကိုသာ တွေ့ရ၏။ လောကုတ္တရာ နိဗ္ဗာန်အာရုံသည် ကား ထိုသို့မဟုတ်၊ ကောင်းကင် ပညတ်, ဟာလာ ဟင်းလင်း အရပ်ကြီးသည် ပြောင်းရွေ့ပျက်စီးခြင်း ကင်းလျက်အမြဲ တည် နေသလို ပြောင်းရွေ့ ပျက်စီးခြင်းမရှိ၊ သဘောအားဖြင့် တည် မြဲလျက်သာ ရှိသောကြောင့် သောက, ဒေါမနဿ စသည့် စိုးရိမ်ပူဆွေး ငိုကြွေး မြည်တမ်း ကိုယ်စိတ် မချမ်းသာမှုကို ကင်း ပျောက် စေတတ်ပါပေ၏။ ထို့ကြောင့် (အစ္စုတိရသံ) ဟူ၍ မိန့်ဆိုအပ်ပါပေ၏။ တံ၊ ထို နိဗ္ဗာန်သည်။ အစ္စုတိရသံ၊ မရွေ့ လျောမပျက်စီးသော သမ္ပတ္တိကိစ္စရှိ၏။ (အဿာသ ကရဏရသံ) ဟူ၍မိန့်ဆိုချက်အရ ဝဋ္ဋဒုက္ခမှ သက်သာ ချမ်းအေးမှုကို ပြုခြင်း ကိစ္စလည်းရှိပါပေ၏။

## နိဗ္ဗာန်၏သင်္ခါရနိမိတ်ကင်းပုံ

**အနုပ္ပုထုဇဉ်တို့** လောကီ သင်္ခတ တရားများကို မြင်ကြရာ ဝယ်၊ ရာဂစသည်ဖြစ်ကြောင်း ယော ကျားမိန်းမ စသည့်ပုံပန် သင်္ခါရ နိမိတ်ကိုသာ မြင်ကြရ၏။ အရိယာ ပုဂ္ဂိုလ်များ လောကုတ္တရာနိဗ္ဗာန်ကို အာရုံပြုရာ၌ ဤသို့ မဟုတ်၊ သင်္ခါရ နိမိတ်လွတ်ပြီး သိမြင်ကြရသဖြင့် ရာဂစသည်မဖြစ်ဘဲ လွတ်ကင်း ရပေတော့၏။ ထိုကြောင့် (အနိမိတ္တပစ္စုပဋ္ဌာနံ)ဟူ၍ မိန့်ဆိုအပ် ပါပေ၏။ တံ ထိုနိဗ္ဗာန်သည်။ အနိမိတ္တပစ္စုပဋ္ဌာနံ၊ သင်္ခါရ နိမိတ်မရှိဟူ၍ အရိယာတို့၏ဉာဏ်၌ရှေးရှုထင်၏။ ထိုသို့သင်္ခါရ နိမိတ်မရှိသဖြင့်တဏှာ မာန ဒိဋ္ဌိဟူသော ပပဉ္စတရားတို့ မဝင် နိုင်ဘဲ ကင်းပျောက် သွားရသည်ကို (နိပ္ပပဉ္စ ပစ္စုပဋ္ဌာနံ) ဟူ၍ မိန့်ဆို အပ်ပါပေ၏။ တံ၊ ထိုနိဗ္ဗာန်သည်။ နိပ္ပပဉ္စပစ္စုပဋ္ဌာနံ၊ ပပဉ္စတရားတို့ မရှိခြင်းလျှင် အရိယာတို့ဉာဏ်၌ ရှေးရှုထင်၏။

ဤကဲ့သို့ လက္ခဏာ ကိစ္စနှင့်တကွ အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ် ၌ ရှေးရှုထင်လာသော ထိုလောကုတ္တရာ ဓမ္မာရုံကြီးသည် ပင် လျှင် ချမ်းသာစစ် ချမ်းသာမှန် ဖြစ်ပါသတည်း။

## နိဗ္ဗာန်ရောက်ကြောင်း လမ်းကြောင်းကြီး

နိဗ္ဗာန်ရောက်ကြောင်း လမ်းကြောင်းကြီးကို ဘယ်သူစတွေ့ ပါသလဲ...?။(တထာဂတေန အဘိသမ္ဗုဒ္ဓါ) ဓမ္မစကြာဒေသနာ အရ ကဿပ ဘုရားရှင်၏ သာသနာ ကွယ်ခဲ့ရာမှ ပျောက် ဆုံးနေသော လမ်းကြောင်း ကြီးကို ဂေါတမ ဘုရားရှင်သည် ကိုယ်တော်တိုင်တွေ့၍ ဟောတော်မူခဲ့ပေသည်။

## လမ်းကြောင်းကြီး၏ဂုဏ်

ထိုလမ်းကြောင်းကြီးကိုမဟောမိ (စက္ခုကရဏီ,ဉာဏကရဏီ) စသည်ဖြင့် လမ်းကြောင်းကြီး၏ ဂုဏ်ကို ရှေးဦးစွာချီးမွမ်းတော်မူပါသည်။ အဓိပ္ပါယ်အကျဉ်းမှာ ဤလမ်းကြောင်း ကြီးသည် ရှေးကမသိမမြင်ဘူးတဲ့ အမှန်တရားတွေကို သိမြင်ရတဲ့ ဉာဏ်မျက်စိကို ဖြစ်စေလျက် နိဗ္ဗာန်ကို မျက်မှောက် ပြုရမည် ဟူ၍ ဖြစ်၏။

## လမ်းကြောင်းကြီး၏ အစိတ်အပိုင်းများ

လမ်းကြောင်းကြီး၏ ဂုဏ်ကို ဟောကြား ပြီးသည့်နောက်မှ ထိုလမ်းကြောင်းကြီး၏အင်္ဂါ အစိတ်အပိုင်းများကို ဖော်ပြတော်မူ၏။ (သေယျထိဒံ သမ္မာဒိဋ္ဌိ) စသည်ဖြင့် ဖော်ပြ တော်မူ၏။ လမ်းကြောင်းကြီး၏အင်္ဂါအစိတ်အပိုင်း ဟူရာမှာ လမ်းကြောင်း ကြီးပေါ် ရောက်ဘို့ အကြောင်း တရား များဟု သိရမည်။ အဘယ့်ကြောင့်ဆိုသော် ဤအကြောင်းတရားများနှင့် ပြည့်စုံသူသည် လမ်းကြောင်းကြီးပေါ် ရောက်သည်နှင့် တပြိုင်နက် လမ်းဆုံးနိဗ္ဗာန်ကိုမြင်မည်သာဖြစ်၏။

## ပထမတပ်ဆင်ရမည့်အစိတ်အပိုင်းများ

ထိုအကြောင်း တရားများတွင် သမ္မာဝါစာ,သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူ၍သီလမဂ္ဂင်သုံးပါး, အစိတ်အပိုင်း သုံးမျိုးရှိ၏။ အဓိပ္ပါယ်အကျဉ်းမှာ ကောင်းသော ကာယကံမှု ဝစီကံမှုဖြင့် အသက်မွေးရသည် ဟူ၍ဖြစ်လေရာ (တာနိ ပုဗ္ဗေပရိသုဒ္ဓါနေဝ ဝဋ္ဋန္တိ) တာနိ၊ ထိုကာယကံမှု, ဝစီကံမှု, အသက်မွေးမှုဟူသော

သီလမဂ္ဂင်သုံးမျိုးတို့သည်။ ပုဗ္ဗေ၊ သမာဓိပညာစခမ်း၏ရှေးဦးစွာ။ ပရိသုဒ္ဓါနေဝ၊ စင်ကြယ်ကြမှသာ။ ဝဋ္ဋန္တိ၊ သင့်လျော်ကောင်းမြတ်ကုန်၏။ ဟူသည်နှင့်အညီ ထိုကာယကံ ဝစီကံနှင့် အသက်မွေးမှုတို့ကို တရားအားမထုတ်မီ ရှေးအဖို့က စင်ကြယ်စေရမည် ဟုဆိုလို၏။

## ဒုတိယတပ်ဆင်ရမည့်အစိတ်အပိုင်းများ

သီလမဂ္ဂင်အစိတ်အပိုင်း တပ်ဆင်ပြီးသည့်နောက်....သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဟူ၍ သမာဓိမဂ္ဂင်သုံးပါးအစိတ်အပိုင်း သုံးမျိုးရှိ၏။ ၎င်းတို့၏ အဓိပ္ပါယ် အကျဉ်းမှာ....စိတ်ကောင်းစွာ တည်ကြည်ခြင်းဟူသော သမာဓိဖြစ်အောင် ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ၊ ဟူသော သတိပဋ္ဌာန် လေးပါးတွင် တပါးပါးကို သတိကပ်၍ ရှုမှတ်အားထုတ်ရမည်ဟုလို၏။

## တတိယတပ်ဆင်ရမည့် အစိတ်အပိုင်းများ

အထက်ပါ သမာဓိမဂ္ဂင် အစိတ်အပိုင်းကိုကောင်းစွာ တပ်ဆင်ပြီးပါက သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ဟူ၍ ပညာ မဂ္ဂင် နှစ်ပါး အစိတ်အပိုင်းနှစ် မျိုးရှိ၏။ ၎င်းတို့၏ အဓိပ္ပါယ် အကျဉ်းမှာ.... ရှုမှတ်သော အာရုံအပေါ်မှာ အမြင်မှန်ဖြင့် ကောင်းစွာ ကြံခြင်း ပင်ဖြစ်၏။

## ရှစ်စိတ်ပြည့်လျှင်နိဗ္ဗာန်မြင်

အထက်ပါ အစိတ်အပိုင်းများကိုစနစ်တကျ တပ်ဆင်သဖြင့် ကြံအား ကောင်းသလောက်၊ အမြင်မှန် တိုးပွါးလျက် လမ်း

ကြောင်းကြီးပေါ် ရောက်ကာ မဂ္ဂင်ရှစ်ပါးလုံး အစိတ် အပိုင်း ရှစ်မျိုးလုံးက တပေါင်းတည်းပြည့်စုံပြီး လမ်းဆုံး နိဗ္ဗာန်ကိုမြင် နေကြပေတော့သည်သာဖြစ်၏။

## မဇ္ဈိမပဋိပတ်

လမ်းကြောင်းကြီးဟူသော ရေးသားချက်သည် မဇ္ဈိမပဋိပတ် ကိုရည်ရွယ် ရေးသား ခြင်းဖြစ်၏။ မဇ္ဈိမပဋိပတ် ဟူသည် ဝိပဿနာယောဂီသည် မိမိ၏ဉာဏ်ဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု လက္ခဏာယာဉ်တင်၍ သုံးသပ်အပ်သော ရုပ်နာမ် ဓမ္မသခါရ အပေါ်ဝယ် တွယ်တာနှစ်သက်မှု မဖြစ်ခြင်းသည် "ကာမသု ခလ္လိကာနုယောဂ" ဟူသောအစွန်း တဘက်မှ လွတ်လျက်၊ ထိုဝိပဿနာရှုခိုက်မှာ ကိုယ်စိတ်ချမ်းသာမှု ဖြစ်ပေါ်နေခြင်း သည် "အတ္တကိလမထာနုယောဂ" ဟူသော အစွန်း တဘက်မှ လွတ်ကာနေသည်ကို မဇ္ဈိမပဋိပတ်ဟူ၍သိရပါမည်။

## ခွဲခြမ်းစိတ်ဖြာ၍ပြရခြင်း

စာရှုသူဓမ္မမိတ်ဆွေ....အထက်က ရေးသားချက်တွေဟာဖြင့် ဓမ္မမိတ်ဆွေအတွက် ဘုရားရှင်၏ သာသနာသုံးရပ်ကို လိုက်နာ ကျင့်ကြံလျှင် မည်သို့ မည်ပုံ ပေါက်ရောက် နိုင်ကြောင်းနှင့် သာသနာသုံးရပ်၏ရည်ညွှန်းချက်၊ သစ္စာလေးပါး အမှန်တရား တွေကိုပါ ရှင်းလင်းပြသလိုက်ခြင်း ဖြစ်ပါတယ်။ ဤမျှနှင့်အား ရ ကျေနပ်လောက်အောင် ရှင်းသင်းမည် မဟုတ်သဖြင့် အစိတ် စိတ်ခွဲခြမ်းစိတ်ဖြာ၍ ရေးသားပေါ်ပြပါဦးမည်။

## အင်္ဂုတ္တိုရ်ကျမ်း လာတယောဓမ္မသုတ္တန်

ထိုသုတ္တန်ပါဠိ၏ အဓိပ္ပါယ်မှာ၊ "ရဟန်းတို့ ...လောက၌ တရားသုံးပါးမရှိငြားအံ့၊ လောက၌ ငါဘုရား ပွင့်တော်မမူရာ။ ငါဘုရား ဟောကြား အပ်သော သုတ်, ဝိနည်း, အဘိဓမ္မာဟူသော ပိဋကတ်သုံးပုံသည်လည်း လောက၌ မထွန်းပ လေရာ။ လောက၌ တရားသုံးပါး ဟူသည် အဘယ်တို့ ပါနည်း....ဟူမူ ဇာတိ,ဇရာ,မရဏတို့သာတည်း"။

"ရဟန်းတို့၊ တရားသုံးပါးကိုမပယ်ဘဲ ဇာတိ,ဇရာ,မရဏ, သုံးမျိုးကို မပယ်နိုင်။ ပယ်ရမည့် တရားသုံးပါးတို့ ဟူသည် အဘယ်တို့ပါနည်း....ဟူမူ ရာဂ, ဒေါသ,မောဟ တို့သာတည်း"

"ရဟန်းတို့....တရားသုံးပါးကို မပယ်ဘဲ ရာဂ,ဒေါသ,မောဟ,ကိုမပယ်နိုင်။ ပယ်ရမည့် တရားသုံးပါးတို့ဟူသည် အဘယ်တို့ ပါနည်း....ဟူမူ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, တို့သာတည်း။"

"ရဟန်းတို့၊တရားသုံးပါးကိုမပယ်ဘဲသက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသ,ကို မပယ်နိုင်။ ပယ်ရမည့် တရားသုံးပါးဟူသည် အဘယ်တို့ပါနည်း....ဟူမူ အယောနိသော မနသိကာရ, ကုမ္မဂ္ဂသေဝန, စေတသော လီနတ္တ,တို့သာတည်း။"

## ရှင်းလင်းချက်

ဤသုတ္တန်၌ လိုအပ်သော ဇာတိ ဟူသည်မှာ ဘဝအသစ် အသစ်ဖြစ်ရခြင်းကို ဆိုလို၏။ ထိုဇာတိသည် အပါယ်ဇာတိ, ကာမသုဂတိဇာတိ, ရူပ အရူပဇာတိ,ဟူ၍ သုံးမျိုးခွဲခြားလျက်

ရှိ၏။ ထိုသုံးမျိုးတွင် အပါယ်ဓာတ်ဟူသည် အပါယ်လေးဘုံ၌ အသစ်ဖြစ်ရခြင်းပင်။ ကာမသုဂတိဓာတ် ဟူသည် လူ့ပြည်နှင့် နတ်ပြည်ခြောက်ထပ်ဟူသော ကာမသုဂတိ (၇)ဘုံ၌ အသစ် ဖြစ်ရခြင်းပင်။ ရူပ-အရူပဓာတ်ဟူသည် ရူပ တဆဲ့ခြောက်ဘုံ, အရူပလေးဘုံ၌ အသစ်ဖြစ်ရခြင်းပင်ဖြစ်၏။

ထိုဓာတ် သုံးမျိုးတွင် အပါယ်ဓာတ်ကို ကုန်စေလိုသော်-သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတ ပရာမာသ,ကို ပယ်ရမည်။ ၎င်းသုံးပါးကို ပယ်လိုသော်-အယောနိသော မနသိကာရ,ကုမ္မဂ္ဂ သေဝန, စေတသော လိနတ္တ, မဖြစ်စေရ။ ၎င်းသုံးပါးကို ပယ်ရမည်ဟူလို။

ဒီတော့....ဓမ္မမိတ်ဆွေဟာ ရှေးဦးစွာ အပါယ်တံခါး ပိတ်အောင် အပါယ်ဓာတ်ကို ကုန်အောင် လုပ်ရမှာဖြစ်တော့၊ အယောနိသော မနသိကာရဆိုတဲ့ နှလုံးသွင်းမှားမှု၊ ကုမ္မဂ္ဂသေဝန ဆိုတဲ့ လမ်းလွဲလိုက်မှု၊ စေတသော လိနတ္တဆိုတဲ့ ဘာဝနာတရား မှစိတ်ဆုတ်နစ်မှု၊ ဒါတွေကို ပယ်ရပါလိမ့်မယ်။ ဒီလိုပယ်နိုင်မှ ဓမ္မမိတ်ဆွေမှာ ယောနိသောမနသိကာရဆိုတဲ့နှလုံးသွင်းကောင်းမှု၊ သုမဂ္ဂသေဝနဆိုတဲ့ လမ်းမှန်လိုက်မှု၊ ဝိရိယာရမ္ဘဆိုတဲ့ ဘာဝနာ ပွားများ အားထုတ်မှုတွေ ဖြစ်မှာပါဘဲ။ဒါမှ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ, သီလဗ္ဗတ ပရာမာသ,ကို ပယ်လို့မို့ သောတာပန် ဖြစ်ပြီး အပါယ်ဓာတ်ကုန်ရမှာ, အပါယ်တံခါးပိတ်ရမှာ ဖြစ်ပါတယ်။

သောတာပန် ဖြစ်ပြီးသော ပုဂ္ဂိုလ်သည် လမ်းလွဲလိုက်ဖွယ် မရှိတော့ပြီ။ ဆက်အားထုတ်၍ သကဒါဂါမ်ဖြစ်လျှင် ကာမ

သုဂတိ ခုနစ်ဘုံသို့ ရောက်ကြောင်း ဩဠာရိကခေါ်တဲ့ ကာမရာဂ, လောဘနဲ့ ဒေါသကို ပယ်နိုင်ပြီ။ တတိယ အနာဂါမိမဂ်ရောက်မှ သုခုမဖြစ်တဲ့ ကာမရာဂ လောဘနဲ့ ဒေါသအကြွင်းမဲ့ပြတ်၍ ကာမသုဂတိဇာတိကုန်သည်။ စတုတ္ထ အရဟတ္တ မဂ်အရောက် အလုံးစုံသော ကိလေသာကုန်၍ ရူပ-အရူပ ဇာတိကုန်သည်။ ဤကဲ့သို့ ဆိုင်ရာဆိုင်ရာ ကိလေသာကိုပယ်နိုင်မှ ဆိုင်ရာဆိုင်ရာဇာတိကို ပယ်နိုင်သည်။ ဇာတိပယ်လျှင် ဇရာမရဏာလဲကုန်ပြီ။ "အဇာတိ မဇရာ ဗျာဓိံ အမတံ နိဗ္ဘယံ ဂတာ" ပဋိသန္ဓေ အို, နာ, သေလွတ်ပြီ။ ။

## ရည်ရွယ်ချက်

ဤတယောဓမ္မ သုတ္တန်ကို ရှင်းလင်းရေးသား ရခြင်းသည် (ဇာတိပိဒုက္ခာ)စသည့် ဒုက္ခသစ္စာအရာဝယ် ဇာတိသည် ဒုက္ခ၏ တည်ရာအကြောင်းဖြစ်သဖြင့်၊ဇာတိဒုက္ခမှ လွတ်လိုလျှင်ဘာလုပ်ရမှာလဲလို့ သိလိုပါမူ အဖြေမှန်က ဒါပါဘဲလို့ ဖြေကြားလိုရင်းပါဘဲ။

ဓမ္မမိတ်ဆွေ....အပါယ်ဇာတိ တကြိမ် ဖြစ်လိုက်သျှင် ဘယ်လောက် ဒုက္ခများသလဲ (ဥပမာပိ နသုကရာ) ဒေသနာ အရ ဥပမာပြရန်ပင် မလွယ်လှတဲ့ ဒုက္ခပင်လယ်ကြီးပါပေ။ အနီးကပ်ဆုံး ဥပမာပြရလျှင် ရာဇဝတ်သား တယောက်အတွက် အပြစ်ဒဏ်စီရင်ချက်သည် ထက်လှစွာသော လှံသွားဖြင့် နံနက်အချက်သုံးရာ, နေ့အချက်သုံးရာ, ညအချက်သုံးရာ ထိုးသတ်စေဟု အမိန့်

ချမှတ်၍ နှိပ်စက်အပ်၏။ ထိုနှိပ်စက်ခံ ရာဇဝတ်သားကား သက်သာရာ ရပါသေး၏။ အပါယ်ဘုံသား၏ ဒုက္ခဒဏ်ချက်ကား သက်သာရာကို မရှိတော့ပေ။

ထိုမျှ မသက်သာသော ဒုက္ခ၏တည်ရာ အပါယ်ဇာတိကား ကြောက်မက်ဖွယ် အတိဖြစ်ချေသည်ဟု ဆင်ခြင်ကာ၊ နှလုံးသွင်းမှားမှု၊ လမ်းလွဲလိုက်မှု၊ စိတ်ဆုတ်နစ်မှုတွေကို ပယ်ခါမဖွဲ့မ ပဋိပတ်လမ်းကြောင်းပေါ်သို့ အရောက်သွားရပေမည်။

## ဘာအရေးကြီးဆုံးလဲ

"သကလ-မိဒံ အာနန္ဒ ဗြဟ္မစရိယံ ယဒိဒံ ကလျာဏ မိတ္တတာ" အစဖြာသည့် ဒေသနာအရ မဂ်ဖိုလ်ရရေးအတွက် အစ,အလယ်,အဆုံးသုံးပါးလုံးမှာ ကလျာဏမိတ္တဆိုတဲ့ အဆွေခင်ပွန်းကောင်း ဆရာကောင်းသည် အလွန်အရေးကြီးလှပါ၏။ အရေးကြီးသည့်အလျောက် ဓမ္မမိတ်ဆွေ လက်တွေ့ ဝေဘန်နိုင်ဘို့ တင်ပြလိုသည်မှာ။

## မဂ်ပေါက်ဖိုလ်ဝင်မှု

(ဇာတိဆိုတာ အကျဉ်းချုပ်မှတ်စေလိုတာကတော့ မိမိ,မိမိတို့ရဲ့ မနောစိတ်မှာ ကောင်းကောင်း,ဆိုးဆိုး,အမျိုးမျိုးပေါ်ပေါက်မှု,ဖြစ်ပေါ်မှု ဟူသမျှတွေကို ဇာတိလို့မြင်ပါ။

ဇာတိချုပ်ကြောင်း တရားကတော့ မိမိ,မိမိတို့ရဲ့ (မနောစိတ်မှာ) ကောင်းကောင်း,ဆိုးဆိုး, အမျိုးမျိုးသောပေါ်ပေါက်

မှုဟူသမျှတွေ မပေါ်ပေါက်မီက "မပေါ်ပေါက်ဘဲ"နေတာကို မြင်ပါ။

ဤလို မြင်ခြင်းဟာ "မဂ္ဂင်"အကျင့်ပါဘဲ၊ ပါဠိလို ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါခေါ်တယ်။)

## ဝေဘန်ပါ

ဤကဲ့သို့ ရေးသားချက်တခုကို တွေ့ရပါသည်။ဤရေးသားမှုသည် အထက်ပါ ဘုရားဟော တယောခမ္မ သုတ္တန် အလားနှင့် ညီ,မညီ၊ ကိုက်,မကိုက် ခမ္မမိတ်ဆွေ ဆုံးဖြတ်ပါလေ။ ၎င်းစာသွားရဲ့ ဆိုလိုရင်းမှာ... စိတ်ထဲမှာ ဘာမှမဖြစ်ပေါ်မီက ဇာတိမဏ္ဍိ၊ ပကတိ ငြိမ်းလျက်ရှိ၏။ ထိုပကတိငြိမ်းတာကို ငြိမ်းတဲ့ အတိုင်းတိုင်းမြင်ရမည်။ မြင်လျှင် နိဗ္ဗာန် မျက်မှောက်ပြုပြီး ဖြစ်သည်ဟု ဆိုးလိုရင်ဖြစ်၏။

ခမ္မမိတ်ဆွေ....သင်္ဂြိုဟ်ကျမ်း ဆိုတဲ့ လက်သန်း အဋ္ဌကထာလောက်ကို ပြန်ကြည့်စမ်းပါ၊ ဒီကျမ်းဟာ တသာသနာလုံးက လက်ခံသားတဲ့ ကျမ်းတကျမ်း ဖြစ်ပါတယ်။ ၎င်းကျမ်းမှာ "ပဋိသန္ဓိ ဘဝင်္ဂ ဝီထိယော စုတိ စေဟ"စသည်ဖြင့် ယခုဘဝ သတ္တဝါတို့ရဲ့ သန္တာန်မှာ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, ဝီထိစိတ်, စုတိစိတ်, ခေါ်တဲ့ စိတ်တွေဟာ အကြားအပြတ်, ကွက်လပ်မရှိ "ဒိပဇာလာ ဝိယ နဒီသောတော ဝိယ ယာဝတာယုက-မဗ္ဗောစ္ဆိန္နံ ပဝတ္တတိ"ဆိမီးအလျှံ, မြစ်ရေအလျင်ပမာ အသက်ရှည်သမျှမပြတ် ဖြစ်နေကြကြောင်း တွေ့ရပါလိမ့်မည်။

ဒီတော့...မဂ်ပေါက်ဖိုလ်ဝင် ဆရာသည် ကောင်းကောင်း၊ ဆိုးဆိုး၊ အမျိုးမျိုးတွေ ပေါ်ပေါက်ရာ "စိတ်" ကိုတော့ ဇာတိ ဟူ၍ မသိရှာလေ။ ထိုအမျိုးမျိုးတွေ မပေါ်ပေါက်မီက "စိတ်" ကိုလဲ နိဗ္ဗာန်လိုလို ထင်နေရှာ၏။ ဘုရားဟော တယောဓမ္မ သုတ္တန်က ဆိုင်ရာကိလေသာကို ပယ်ရ၏။ မဂ်ပေါက် ဖိုလ်ဝင် ဆရာက အတိုင်းဘိုင်း မြင်ရမည်၊ ပယ်ရန်မလို။ လက်သန်း အဌကထာက စိတ်တွေ အကြားအပြတ်၊ ကွက်လပ်မရှိဟုဆို၏၊ မဂ်ပေါက်ဖိုလ်ဝင်ဆရာက မပေါ်ပေါက်မီက မပေါ်ပေါက်ဘဲ နေတာ(ဝါ)ကွက်လပ်ရှိသည်ဟုဆို၏။

ဤမျှ ပါဠိတော် အဌကထာတွေနဲ့ မကိုက်ညီဘဲရေးသား ဟောပြောသမျှတွေကို ရှောင်ရှားနိုင်မှသာ လမ်းမှန်ရောက်ကာ စိတ်တက်ကြွပြီးနှလုံးသွင်းမှန်ကန်သဖြင့် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ ပရာမာသတို့ကို ပယ်လျက် အပါယ် သံသရာမှလွတ် မည့်အကြောင်း သတိပေးရေးသားရပေ၏။

## မဂ်ပေါက်ဖိုလ်ဝင်ကို ဆက်ဝေဘန်ပါ

(မပေါ်ပေါက်မီက မပေါ်ပေါက်ဘဲ နေတာကို မြင်ပါ။ ဤလိုမြင်ခြင်းဟာ မဂ္ဂင်အကျင့်ပါဘဲ။ ပါဠိလို ဒုက္ခနိရောဓဂါ မိနီ ပဋိပဒါခေါ်တယ်)။

မဂ်ပေါက်ဖိုလ်ဝင်ဆရာရဲ့ ဒီရေးသားချက်ကိုလဲ ဆက်လက် ဝေဘန်စေချင်ပါတယ်။ သူရေးသားတဲ့ မပေါ်ပေါက်မီက မပေါ်ပေါက်ဘဲနေတာက ဘာလဲ....?။ ဘုရားဟော ရှာကြည့် ပါ။

ခန္ဓဝဂ္ဂသံယုတ်၊ ဒုတိယအာနန္ဒသုတ်မှာ ဘုရားဟောတော်မူခဲ့တာက "အာနန္ဒာ၊ အကြောင်းရှုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ဟူသော ခန္ဓာငါးပါးသည် မဖြစ်သေး၊ ထင်ရှားမပေါ်သေး၊ ထိုတရားတို့အား ဥပါဒ် ထင်ရှားဖြစ်လိမ့်မည်၊ ဘင်ခဏအားဖြင့် ထင်ရှားပျက်လိမ့်မည်၊ ဌီဟူသော ပေါ်ခိုက်မှ ဘင်သို့ရောက်၍ ပျက်လိမ့်မည်" ဟူ၍ မဖြစ်မပေါ်သေးသော ခန္ဓာငါးပါးတရားတို့ကို ဖြစ်ပေါ်၊ ပျက်လတံ့သော အနာဂတ် ခန္ဓာတို့ဟူ၍ ဘုရားရှင် အလိုတော်ကျ သိမှတ်ရပါသည်။

ဤကဲ့သို့ ဘုရားရှင်၏ အလိုတော်ကျ သိမှတ်ရပြီးတဲ့နောက်- ဤလိုမြင်ခြင်းဟာ မဂ္ဂင်အကျင့်ပါဘဲဆိုတဲ့ မဂ်ပေါက် ဖိုလ်ဝင် ရေးသားချက်ကို ဆက်သက်ဝေဘန်ပါဦး။ အနာဂတ် ခန္ဓာငါးပါးကို မြင်အောင် ကြည့်နေခြင်းသည် ဝိပဿနာ ဟုတ်ပါရဲ့လား....? ဝိပဿနာဟုတ်မှ မဂ္ဂင်အကျင့်ဖြစ်မည်။ မဂ္ဂင်အကျင့်ဖြစ်မှ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါဖြစ်မည်။ ဒီတော့ဝိပဿနာဟုတ်၊ မဟုတ်၊ ဘုရားဟောရှာကြည့်ပါ။

ဥပရိပဏ္ဏာသ ပါဠိတော်၊ ဘဒ္ဒေကရတ္တသုတ်မှာဘုရားဟောတော်မူခဲ့တာက....

၁။ အတီတံ န-န္ဝာဂမေယျ၊ နပ္ပဋိကင်္ခေ အနာဂတံ။
ယ-ဒတီတံ ပဟီနံ တံ၊ အပ္ပတ္တဉ္စ အနာဂတံ။

၂။ ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။
အသံဟီရံ အသံကုပ္ပံ၊ တံ ဝိဒွါ မနုဗြူဟယေ။

## ဂါထာအနက်

၁။ အတီတံ၊ အတိတ်ဖြစ်သော။ ယံခန္ဓပဉ္စကံ၊ အကြင်ခန္ဓာငါးပါးအပေါင်းသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုအတိတ်ခန္ဓာငါးပါးသည်။ ယသ္မာ၊ အကြင်ကြောင့်။ ပဟီနံ၊ ပျောက်ခဲ့, ချုပ်ခဲ့လေပြီ။ တသ္မာ၊ ထိုသို့ ပျောက်ခဲ့ပြီး ဖြစ်လေသောကြောင့်။ အတီတံ၊ အတိတ်ခန္ဓာ ငါးပါးကို။ န-အနွာဂမေယျ၊ တဏှာ, ဒိဋ္ဌိ တို့ဖြင့် အစဉ်မလိုက်ရာ။ အနာဂတံ၊ အနာဂတ် ဖြစ်သော။ ယံ၊ အကြင်ခန္ဓာငါးပါးသည်။ အတ္ထိ၊ ရှိ၏။ တဉ္စ၊ ထိုအနာဂတ် ဖြစ်သော ခန္ဓာငါးပါးသည်လည်း။ ယသ္မာ၊ အကြင်ကြောင့်။ အပ္ပတ္တံ၊ မရောက်လာသေး, မဖြစ်ပေါ်လာသေး။ တသ္မာ၊ ထိုသို့ မဖြစ်ပေါ်လာသေးသောကြောင့်။ အနာဂတံ၊ အနာဂတ်ဖြစ်သော ခန္ဓာငါးပါးကိုလည်း။ နပ္ပဋိကင်္ခေ၊ တဏှာ, ဒိဋ္ဌိတို့ဖြင့် မမျှော်လင့် မတောင့်တ,ရာ။

၂။ ယော၀ိဒွါ၊ အကြင်ပညာရှိသည်။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်ဖြစ်သော။ ဓမ္မဉ္စ၊ ခန္ဓာငါးပါးတရားကိုသာလျှင်။ တတ္ထ-တတ္ထ၊ ထိုထိုခဏ, ထိုထိုတရားအစဉ်၌သာလျှင်, ထိုထိုဖြစ်ဆဲ ခဏ၌ သာလျှင် ဝိပဿတိ၊ ခုနစ်ပါးသော ဝိပဿနာတို့ဖြင့် ရှုမှတ်၏။ အသံဟီရံ၊ တဏှာဒိဋ္ဌိတို့သည် မဆွဲငင်အပ်သော။ ဝါ၊ တဏှာဒိဋ္ဌိတို့မဆွဲငင်နိုင်အောင်။ အသံကုပ္ပံ၊ တဏှာဒိဋ္ဌိကြောင့်မပျက်စီးသော။ ဝါ၊ တဏှာဒိဋ္ဌိကြောင့် မပျက်စီးအောင်။ တံ-ဝိပဿနံ၊ ပစ္စုပ္ပန်ခန္ဓာတို့ကို ဖြစ်ခိုက်ဖြစ်ခိုက်၌ ရှုမှတ်သော ထိုဝိပဿနာဉာဏ်ကို။ သော

ဝိဒွါ၊ ထိုပညာရှိသည်။ အနုမြူဟာယော၊ ပွားများ အားထုတ်စေ ရာ၏။

ဟူ၍ဖြစ်ရာ, ဘုရားအလိုတော်ကျ ယူရမည်မှာပစ္စုပ္ပန်ခန္ဓာကို ဖြစ်ဆဲအခိုက်မှာ ဝိပဿနာရှုရမည်သာဖြစ်၍ အနာဂတ်ခန္ဓာတွေကို ကြိုတင်သိမြင်နေခြင်းသည်။ ဝိပဿနာ မဂ္ဂင်အကျင့် ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါမဟုတ်ဟု သိရပေမည်။

## တနည်းလှည့်ကြည့်ပါဦး

ဓမ္မမိတ်ဆွေ… ဤလိုနေရာမျိုးမှာ တနည်းလှည့်စရာ မြင်နေလို့ တနည်းလှည့်ကြည့်ပါအုံးလို့ တိုက်တွန်းရပါတယ်။ ဘယ်လို လှည့်ကြည့်မလဲ? "မပေါ်ပေါက်ဘဲ" နေတာ ဆိုဒါက "အနုပ္ပါဒေါ ခေမံ" ဟူသော ပါဠိအရ မဖြစ်ပေါ်ခြင်းဟာ နိဗ္ဗာန်ပါဘဲလို့ ဥပ္ပါဒချုပ် (ဖြစ်ပြီးချုပ်) အနုပ္ပါဒါချုပ်(မဖြစ်ဘဲချုပ်)ဆိုတဲ့ "ချုပ်"နှစ်မျိုးထဲက အနုပ္ပါဒချုပ်ဆိုတဲ့နိဗ္ဗာန်ကို ပြောဒါပါလို့များ ဝါဒရှင်များက ဆင်ခြေ,မြင်းခြေ ကန်လာ ငြားအံ့။

ဝါဒရှင်များကို ပြန်မေးလိုပါသည်၊ အဘယ် မဂ်ဉာဏ်ဖြင့် အဘယ်ကိလေသာတွေကို ပယ်၍ အနုပ္ပါဒ ဖြစ်ပါသနည်း....?။

လောဘ, ဒေါသ, စသော တရားတို့သည် သတ္တဝါတွေကို ညစ်နွမ်းစေတတ်၏။ ပူပန်စေတတ်, နှိပ်စက်တတ်၏။ ထိုတရားတွေကြောင့် ညစ်နွမ်းရ၏။ ပူပန်နေရ၏။ နှိပ်စက်ခံနေရ၏။ဘု ဉာဏ်မျက်စိဖြင့် မျက်စောင်းမျှမထိုးရမိ ကိလေသာတွေကဘယ်

လိုများအကြောင်းမဲ့ချုပ်ငြိမ်းလို့, ဘယ်ခန္ဓာတွေ ဇာတ်သိမ်းသွား ကြပါသနည်း..?။

နိဗ္ဗာန်မြင်ရေး မဂ်ဖိုလ်ရရေးမှာ ဘုရားဟော ဘယ်လိုများ ရှိပါသလဲလို့ ဘုရားဟောကိုသာရှာပါ။ နိဒါနဝဂ္ဂသံယုတ်သုသိမသုတ်မှာ ဘုရားဟောတော်မူခဲ့ဒါက....

"ပုဗ္ဗေ ခေါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ၊ ပစ္ဆာ နိဗ္ဗာနေ ဉာဏံ"တဲ့ သုသိမ၊ သုသိမ ရဟန်း။ ပုဗ္ဗေခေါ၊ ရှေးမဆွကသာလျှင်။ ဓမ္မဋ္ဌိဉာဏံ၊ ဓမ္မဋ္ဌိတိ ဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ပစ္ဆာ၊ နောက်မှ။ နိဗ္ဗာနေဉာဏံ၊ နိဗ္ဗာနဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏တဲ့။ သုသိမရဟန်း ဓမ္မဋ္ဌိတိ ဉာဏ်သည် ရှေးဦးစွာ ဖြစ်၏။ နောက်မှ, နိဗ္ဗာနဉာဏ်ဖြစ်၏ လို့ ဟောတော်မူတယ်။

ဓမ္မဋ္ဌိတိဉာဏန္တိ ဝိပဿနာဉာဏံ၊ တံ ပဌမတရံ ဥပ္ပဇ္ဇတိ။
နိဗ္ဗာနေဉာဏန္တိ ဝိပဿနာယစိဏ္ဏန္တေ ပဝတ္တမဂ္ဂဉာဏံ၊
တံ ပစ္ဆာ ဥပ္ပဇ္ဇတိ။(ရင်းသုတ် အဋ္ဌကထာ)

ဓမ္မဋ္ဌိတိဉာဏန္တိ၊ ဓမ္မဋ္ဌိတိ ဉာဏ်ဟူသည်ကား၊ ဝိပဿနာဉာဏံ၊ ဝိပဿနာ ဉာဏ်တည်း။ တံ၊ ထိုဝိပဿနာ ဉာဏ်သည်။ ပဌမတရံ၊ အစဆုံး။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ နိဗ္ဗာနေ ဉာဏန္တိ၊ နိဗ္ဗာနဉာဏ် ဟူသည်ကား။ ဝိပဿနာယ စိဏ္ဏန္တေ၊ ဝိပဿနာ၏အဆုံး၌။ ပဝတ္တမဂ္ဂဉာဏံ၊ ဖြစ်သော မဂ်ဉာဏ်တည်း။ တံ၊ ထိုမဂ်ဉာဏ်သည်၊ ပစ္ဆာ၊ ဝိပဿနာဉာဏ်၏ နောက်မှ။ ဥပ္ပဇ္ဇတိ ဖြစ်၏။

အဓိပ္ပါယ်မှာ....ဓမ္မဋ္ဌိတိ ဉာဏ်ဆိုဒါ ဝိပဿနာ ဉာဏ်ဘဲ။ ထိုဝိပဿနာ ဉာဏ်သည် ရှေးဦးစွာဖြစ်၏။ နိဗ္ဗာန ဉာဏ်ဆိုဒါ ဝိပဿနာ ဉာဏ် အဆုံးမှာရှိတဲ့ မဂ်ဉာဏ်ပါဘဲ။ ထိုမဂ်ဉာဏ်သည် ဝိပဿနာ ဉာဏ်နောက်မှ ဖြစ်တယ်လို့ ဆိုလိုပါတယ်။ ဤပါဠိတော် အဋ္ဌကထာများကို ထောက်ထားပြီး၊ မဂ်ဖိုလ်ရရေး နိဗ္ဗာန်မြင်ရေးမှာ ပစ္စုပ္ပန် ရှုမှတ်တဲ့ဝိပဿနာဉာဏ်ရှေ့သွားမှ နိဗ္ဗာန်မြင်တဲ့ မဂ်ဉာဏ် နောက်လိုက် ဖြစ်တယ်လို့ မှတ်သားကြပါ။ ပါဠိတော်အဋ္ဌကထာများနဲ့ဆန့်ကျင်နေသော မဖြစ်ပေါ်မိက မဖြစ်ပေါ်ဘဲနေဒါကိုမြင်ပါဆိုတဲ့ ဇာတိကိုမရ မက ကုတ်နဲ့ကော်ထုတ်လို့ ရသလို တွေးတော ကြံဆထားကြတဲ့ ကွက်လပ်နိဗ္ဗာန်မျိုးကိုတော့ အတိုင်းတိုင်း မြင်လိမ့်မယ်လို့ ဘယ်တော့မှ မယုံကြည်သင့်ကြောင်း သတိပေးပါတယ် ဓမ္မမိတ်ဆွေ။

## မဂ္ဂင်အကျင့်ဒုက္ခနိရောဓဂါမိနီပဋိပဒါ

မဂ်ပေါက် ဖိုလ်ဝင်ဆရာကား ... ကွက်လပ်နိဗ္ဗာန်ကို ညွှန်ပြလျက် ဤလို မြင်ခြင်းဟာ မဂ္ဂင်အကျင့်ပါဘဲ။ ပါဠိလို ဒုက္ခနိရောဓဂါမိနီပဋိပဒါ ခေါ်တယ်လို့၊ ဟုတ်လှပြီအထင်နဲ့ ရမ်းတုတ်လိုက်သည်။ ဟုတ် မဟုတ်အဖြေရှာကြည့်ပါ။

"ယော သဟလောကိယေန မဂ္ဂေန ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ သင်္ချံ ဂတော" (သမ္မောဟဝိနောဒနီအဋ္ဌကထာ)

ယော၊ အကြင်လောကုတ္တရာ မဂ္ဂင်သည်။ လောကိယေန မဂ္ဂေန၊ လောကီမဂ္ဂင်နှင့်။ သဟ၊ တကွ။ ဒုက္ခနိရောဓ ဂါမိနီ

ပဋိပဒါတိသဉ္ဇံ၊ ဒုက္ခ၏ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်စေတတ်သောအကျင့်ဟူသော ရေတွက်ခြင်းသို့။ ဂတော၊ ရောက်၏။

အဓိပ္ပါယ်မှာ....ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဟူသည် လောကီ မဂ္ဂင်နှင့် တကွ လောကုတ္တရာ မဂ္ဂင်ကိုခေါ်ပါသည်။ လောကုတ္တရာမဂ္ဂင် ချည်းသန့်သန့်ဆိုငေ် အကျင့်ဟူ၍ ခေါ်ရန်မလိုပါ၊ အဘယ့်ကြောင့်နည်း?။ လောကီ မဂ္ဂင်ကတော့ သီလမဂ္ဂင်သည် ၎င်းဆိုင်ရာ ဝိတက္ကမိတဗ္ဗဝတ္ထု၊ သိက္ခာပုဒ် လွန်ကျူးမည့်ဝတ္ထုကို အာရုံပြုလျက်၊ သမာဓိမဂ္ဂင်ကလဲ သတိပဋ္ဌာန်ကို အာရုံပြုကာ၊ ပညာမဂ္ဂင်က ရုပ်နာမ်ဓမ္မသင်္ခါရကို အာရုံပြုပြီး။ အာရုံ (၆)မျိုးတွင် တမျိုးမျိုးကို အာရုံပြု၏။ ကျင့်၏။ လောကုတ္တရာသည် ရှစ်ပါးလုံး နိဗ္ဗာန်ကို အာရုံပြုပြီးဖြစ်နေကြ၏။ အကျင့်စခန်း လမ်းဆုံးပြီ။ လိုရာပန်းတိုင်သို့ ရောက်ပြီးဖြစ်၏။ ထို့ကြောင့် ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါလို့ တိုက်ရိုက် မခေါ်မတော့ပေ။

## အယူမမှား အပြုမမှားတဲ့

စာရှုသူဓမ္မမိတ်ဆွေ...ဓမ္မမိတ်ဆွေဟာ အထက် ဖော်ပြပါ သုသိမသုတ္တန်မှာ ဘုရားဟောတော်မူတဲ့အတွင်း ဝိပဿနာဉာဏ် ရှေ့သွားမှ မဂ်ဉာဏ်နောက်လိုက်၍ နိဗ္ဗာန်မြင်သည်ကို မှတ်ခဲ့ပြီး ဖြစ်သည်။ ၎င်းနောက် မိလိန္ဒပဉှာဝယ် (သမ္မာပဋိပန္နော ယောနိသော မနသိကာရေန သင်္ခါရာနံ ဥဒယဗ္ဗယံ သမ္မသမာနော နိဗ္ဗာနံ သစ္ဆိကရောတိ) လို့ ရှင်နာဂသိန်မိန့်ခဲ့ပါသည်။

သမ္မာပဋိပန္နော၊ ကောင်းစွာကျင့်သောသူသည်။ ယောနိ

သောမနဿိကာရေန၊ အသင့် နှလုံးသွင်းခြင်းဖြင့်။ သင်္ခါရာနံ ဥဒယဗ္ဗယံ၊ ရုပ်နာမ် ခန္ဓ, သင်္ခါရတို့၏ အဖြစ် အပျက်ကို။ သမ္မသမာနော၊ ကောင်းစွာ မြင်သည်ရှိသော်။ နိဗ္ဗာနံ၊သစ္ဆိ ကရောတိ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရ၏။

အဓိပ္ပါယ်မှာ....သိက္ခာသုံးပါးကို ကောင်းစွာကျင့်သောသူ သည် ပညာနှင့်ချင့်,သင့်တင့်စွာ နှလုံးသွင်းခြင်းဖြင့် ရုပ်နာမ် ဓမ္မသင်္ခါရတို့၏ အဖြစ်အပျက်ကိုကောင်းစွာ မြင်သောကြောင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုရသည်လို့ ဆိုလိုတယ်။ ဤမိန္ဒပဉှာ ပါဠိ အရလဲ သင်္ခါရတွေကိုဘဲ ရှုမှတ်ဆင်ခြင် ရမယ်။ သို့မှ နိဗ္ဗာန် မျက်မှောက်ပြုရမည်ဟု မှတ်သားထားပါ။ ဤကဲ့သို့သော လမ်း မှန်ကိုမျက်ကွယ်ပြုသူ အချို့က ဤသို့ ရေးသား ထားသည်ကို လဲဓမ္မမိတ်ဆွေဝေဘန်ဆုံးဖြတ်ပါဦး။

## မဂ်ပေါက်ဖိုလ်ဝင်မှ

၁။ မပြုမပြင် မစီရင်ဘဲတည်မြဲနေသော အသင်္ခတဓာတ်ကို ဒီအတိုင်းမမြင်လို့ ဒုက္ခသစ္စာတွေဖြစ်နေကြတယ်။

၂။ ဤလိုမမြင်လို့ ဒုက္ခသစ္စာဖြစ် နေကြတယ်။

၃။ သင်္ခါရဓာတ် ပရမတ်တွေ စင်စင်ကြယ်ကြယ်မြင်မှု, မြင် သဘော,သိမှု,သိသဘောဖြစ်ပေါ်လာခြင်းကိုပင် ဇာတိ ဒုက္ခပါကလားလို့မြင်နိုင်မှ အယူမမှား အပြုမမှားဖြစ် နိုင်ပါတယ်။

ဓမ္မမိတ်ဆွေ....အဲဒီရေးသားချက်အရ သိရမှာက နဂိုငြိမ်းဆို တဲ့အသင်္ခတဓာတ်မြတ်နိဗ္ဗာန်ကြီးကိုဒီတိုင်းတိုင်း မမြင်ဘဲသင်္ခါရ ဓာတ် ပရမတ် တည်းဟူသော ရုပ်နာမ်နှစ်ဖြာ ဒုက္ခသစ္စာကို ပိုင်းပိုင်းခြားခြား သိအောင်အားထုတ်ရမည်။ ဒုက္ခသစ္စာ ပိုင်း ပိုင်းခြားသိ၍ သမုဒယပယ်၊ နိရောဓမျက်မှောက်ပြု၊ မဂ္ဂဘာဝနာ ကိစ္စပြီးသည်ဟုယူဆထားကြသည် အယူမှားဖြစ်၍၊ ထိုအယူမှား အတိုင်းကျင့်လို့ ဒုက္ခသစ္စာပိုင်းခြားသိနေဒါဟာ ဒုက္ခဖြစ်တာဘဲ လို့ သိမှအယူမှန်'အပြုမှန်ဘဲဟုဆိုလိုရင်းဖြစ်ပေသည်။'

## ဓမ္မစကြာမှားသလား

အထက်ပါအတိုင်းရုပ်နာမ်နှစ်ဖြာ ဒုက္ခသစ္စာကို ပိုင်းခြားသိ အောင် ဝိပဿနာအားထုတ်လို့ ပိုင်းခြားသိနေတာကို အယူ မှား အပြုမှားလို့ ယူဆထားပါက ဓမ္မစကြာ ဒေသနာသည် မှားလေရာ၏။ အဘယ့်ကြောင့်ဟူမူ ၎င်းဓမ္မစကြာ၌

သစ္စာ လေပါးဝယ်-ပရိညေယျံ, ပဟာတဗ္ဗံ' သစ္ဆိကာတဗ္ဗံ, ဘာဝေတဗ္ဗံ,ဟူ၍ ဘုရားရှင်ဟောတော်မူပါသည်။ ဤသို့ဟော တော်မူသောအဲလိုအားဖြင့် ဒုက္ခသစ္စာကို ပိုင်းပိုင်း ခြားခြား သိ အပ်၊ သမုဒယကိုပယ်အပ်၊ နိရောဓကို မျက်မှောက်ပြုအပ်၊ မဂ္ဂ ကိုပွားအပ်၊ဟူ၍ သစ္စာလေးဝ, ကိစ္စလေးတန်, ကိစ္စဉာဏ်သည် အမှန်ပြုလုပ်ရမည့်အချက်ပင် မဟုတ်ပါလား ...?။ ဒီကိစ္စဉာဏ်ကို ပင် မျက်ကွယ်ပြုလျက် အယူမှား အပြုမှားလို့ ရေးသား လိုက် ခြင်းကတော့ ဘုရားဟောဓမ္မစကြာကပင် မှားနေပါသလားလို့ တွေးစရာ ဖြစ်နေပါတော့သည်။

## သစ္စာဉာဏ် နှစ်မျိုး

မပြုမပြင် မစီရင်ဘဲ တည်မြဲနေသော အသခ်တခုတ်ကို ဒီအတိုင်းတိုင်း မြင်နေရမယ်။ ဟူသော မဂ်ပေါက် ဖိုလ်ဝင် ဆရာ၏ ရေးသားချက်ကို သစ္စာဉာဏ်နှစ်မျိုးထဲ သွင်းကြည့်ကြပါစို့။ သစ္စာကိုသိသော သစ္စာဉာဏ်ကို နှစ်မျိုးနှစ်စားခွဲခြား မှတ်သားထားစေလိုပါသည်။ ၎င်းနှစ်မျိုးမှာ "အနုဗောဓဉာဏ်" "ပဋိဝေဓဉာဏ်" တို့ဖြစ်၏။

ထိုနှစ်မျိုးတွင်အနုဗောဓဉာဏ်သည် လောကီဖြစ်၍၊ ပဋိဝေဓ ဉာဏ်သည် လောကုတ္တရာဖြစ်၏။ လောကီဖြစ်၏။ လောကီဖြစ် သော အနုဗောဓဉာဏ်သည် နိရောဓ၊ မဂ္ဂဟူသော သစ္စာနှစ်ပါး ကိုသိ၏။ ဘယ်လိုသိသလဲဆိုတော့ ပါဠိလို- "အနုဿဝ", "အာ ကာရပရိဝိတက္က", "ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ" လို့ ခေါ်ပါတယ်။ မြန် မာလိုကတော့-တဆင့်ကြား၍သိခြင်း၊ အခြင်းအရာကို ကြံဆ၍ သိခြင်း၊ အယူကိုနှစ်သက်၍သိခြင်း၊ လို့ ဆိုလိုပါတယ်။

သိနေတတ်ပုံမှာ....နောက်က ရေးပြခဲ့တဲ့အတိုင်း-စိတ်ထဲမှာ ဘာမှမပေါ်ပေါက်မိက မပေါ်ပေါက်ဘဲ နေတာကို မြင်ပါလို့ ဆိုတဲ့ အချို့ပုဂ္ဂိုလ်တို့ရဲ့ ရေးသားချက်မျိုးကိုကြည့်ပြီး၊ "နိဗ္ဗာန် ဆိုဒါ ဘာမှမပေါ်ပေါက်သေးတဲ့ကွက်လပ်ကြီးဘဲလို့" တဆင့် ကြားရုံနဲ့ သိနေတတ်ခြင်း။ "နိဗ္ဗာန်ကို အဇာတ လို့ ဆိုတယ်။ အဇာတ အဖြစ်ငြိမ်းနေတယ်လို့ ဆိုဒါ ဒီလိုကွက်လပ်ကြီး နေရ မှာဘဲလို့" အခြင်းအရာကို ကြံဆပြီး သိနေတတ်ခြင်း။ "ငါ စောစောက နိဗ္ဗာန်ကို မသိဘူး။ အခုဒီဇာအုပ်ကလေး ဖတ်ရမှ

သိတယ်။ ဒါကို ငါနှစ်သက်တယ်"ဆိုပြီး ဒီကွက်လပ်၊ နိဗ္ဗာန်ဝါဒကို နှစ်သက်နေတတ်ခြင်း။ အဲသလိုတဆင့်ကြားနဲ့ ကြံဆနှစ်သက်ပြီး သိနေတဲ့ အသိမျိုးကိုတော့ "အနုဗောဓဉာဏ်"၊ လောကီဉာဏ်လို့မှတ်ပါ။

ယခုကဲ့သို့…ကွက်လပ်ကို သိတာက မဂ်ဉာဏ်၊ ကွက်လပ်က နိဗ္ဗာန်လို့ဆိုတော့ အဲဒီပုဂ္ဂိုလ်မှာ နိရောဓနဲ့ မဂ္ဂသစ္စာနှစ်ပါးကို သိနေဒါပါဘဲ။ အဲသလိုအသိမျိုးကတော့ မှန်ချင်မှမှန်မည်။ မမှန်တဲ့ဘက်က အလေးသာနေလေတော့ အဲဒီအသိမျိုးကို "အနုဗောဓဉာဏ်"၊ လောကီလောက်ဘဲလို့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာက ဆုံးဖြတ်ပါသည်။

## ပဋိဝေဓသိ ဟူသည်

နောက်က နိဗ္ဗာန်ရောက်ကြောင်း လမ်းကြောင်းကြီး ဆိုတဲ့ ခေါင်းစဉ်နဲ့ အကျဉ်းချုပ်ရေးသားခဲ့တဲ့အတိုင်း ပွားများ အားထုတ်လို့ လမ်းကြောင်းကြီးပေါ် အရောက်မှာ….ဒုက္ခ သစ္စာ ပိုင်းခြားသိ၊ သမုဒယပယ်၊ နိဗ္ဗာန်မျက်မှောက်ပြု၊ မဂ္ဂင်ပွားများ၊ ဟူသော-သိ၊ ပယ်၊ ဆိုက်၊ ပွား၊ ကိစ္စလေးတန်၊ အမှန်ပြည့်စုံနေခြင်းသည် ပဋိဝေဓဉာဏ်ဟုခေါ်ပါသည်။

"ရူပံ ဘိက္ခဝေ အနဘိဇာနံ အပရိဇာနံ အဝိရာဇယံ အပ္ပဇဟံ အဘဗ္ဗော ဒုက္ခက္ခယာယ"။ (ခန္ဓဝဂ္ဂသယုတ် အဘိဇာနသုတ်)

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရုပ်တရားကို။ အနဘိဇာနံ၊ အမှန်အကန်မသိဘဲ။ အပရိဇာနံ၊ ပိုင်းခြား၍မသိဘဲ။ အဝိရာဇယံ၊

မချွတ်ယွင်းစေဘဲ။ အပ္ပဇဟံ၊ မစွန့်လွှတ်ဘဲ။ ဒုက္ခက္ခယာယ၊ ဒုက္ခ၏ ကုန်ဆုံးချုပ်ငြိမ်းခြင်းငှာ။ အဘဗ္ဗော၊ မထိုက်။

ထိုအဘိဇာနသုတ်၏ ဆိုလိုချက်မှာ....ခန္ဓာငါးပါး ရုပ်နာမ် တရားတို့ကို ဉာတပရိညာ, တီရဏပရိညာ, ပဟာနပရိညာ, ဟူသော ပရိညာသုံးဆင့်ဖြင့် ပိုင်းခြား၍မသိမူ, ဒုက္ခ၏ ကုန်ဆုံး ချုပ်ငြိမ်းခြင်းမထိုက်ဟု ဟောတော်မူသဖြင့်၊ ထိုပရိညာမပါဘဲ အတိုင်းတိုင်းထားခြင်းသည်, လောကီသာဖြစ်၍ ပရိညာပါမှ လောကုတ္တရာဉာဏ် "ပဝေဒ္ဓိဝေဉာဏ်" အမှန် ဖြစ်နိုင်သည်။

ရင်းပြင်....(မဂ္ဂေါ ဒုက္ခသစ္စံ ပရိဇာနန္တော)စသောသဂ်ဟာ ပါဠိလာ မဂ်ကိစ္စလေးချက်အရ သစ္စာလေးပါးလုံးကို တပြိုင်နက်,တချက်တည်းသိမှ လောကုတ္တရာ မဂ်ဉာဏ်ဟုဆိုနိုင်ကြောင်း ထင်ရှားလှပေသည်။ ဝိသုဒ္ဓိမဂ်ကျမ်းဆရာကလဲ ပဋိဝေဓဉာဏ် သစ္စာလေးပါးမှာဖြစ်သည်ဟု ဆုံးဖြတ်တော်မူသည်။ ဤသည် များကိုထောက်ထား၍ အသင်္ခတဓာတ်ကို ဒီအတိုင်းတိုင်း မြင် နေရမယ်ဆိုတဲ့ အချို့ဆရာတို့၏ ဝါဒသည်"ဝါဒဆန်း"တမျိုး လောက်သာ ဖြစ်ပါတော့သည်။

## စတုသစ္စ ကမ္မဋ္ဌာန်း

စတုသစ္စ ကမ္မဋ္ဌာန်းဟူသည်....(ဒုက္ခေဉာဏန္တိအာဒိနာ စတုသစ္စကမ္မဋ္ဌာနံ ဒဿိတံ)ဟူသော သမ္မောအဋ္ဌကထာအရ-ဒုက္ခေဉာဏံ, ဒုက္ခသစ္စာ၌ သိသောဉာဏ်စသဖြင့် သစ္စာလေးပါးလုံး မှာ သိသောဉာဏ်နှင့်ယှဉ်တွဲ၍ ဘုရား ဟောတော်မူခဲ့ခြင်းသည် စတုသစ္စကမ္မဋ္ဌာန်းပင် ဖြစ်ပါသည်။

ထိုစတုသစ္စကမ္မဋ္ဌာန်းကိုဘယ်လိုစတင်အားထုတ်ရပါမလဲ....? အသင်္ခတမဟာနိဗ္ဗာန်ကြီးကိုဒီအတိုင်းတိုင်းမြင်နေရမှာလား....? လို့ လျှောက်ထားဘွယ် ရှိသည့် အတွက် (ဝဋ္ဋေ အဘိနိဝေသော ဟောတိ) ဟူ၍ သုတ်ပါဠိထယ်၌ အဋ္ဌကထာဆရာ မိန့်မှာခဲ့ပေသည်။ အစိပ္ပါယ်မှာ မိမိတို့ရရှိထားတဲ့ ဒုက္ခသမုဒယဆိုတဲ့ ဝဋ်သစ္စာနှစ်ပါးကို, ကမ္မဋ္ဌာန်းအလုပ်ခွင်ပြု၍, ဆင်ခြင်ပွားများ နှလုံးထားရမည်တဲ့။

အဋ္ဌကထာ ဆရာသည် ဤမျှဆိုလိုရင်းတွင် ရပ်မထားဘဲ (နော ဝိဝဋ္ဋေ)လို့ဆက်လက်မိန့်မှာချက်ဟာဖြင့် ကိုယ်မရသေး၊ မသိသေးတဲ့ နိရောဓမဂ္ဂဆိုတဲ့ ဝိဝဋ္ဋသစ္စာနှစ်ပါးကိုများ သွားပြီး နှလုံးမသွင်းကြလေနဲ့၊ ကိုယ့်အရာမဟုတ်ဘူးတဲ့။

အထက်ပါ ပါဠိတော် အဋ္ဌကထာ စကားတွေကို သေသေချာချာမှတ်သားပြီးလျှင်, စတုသစ္စကမ္မဋ္ဌာန်းကို စီးဖြန်းလိုကြတဲ့ ပုဂ္ဂိုလ်တို့သည်....(မဂ်ပေါက်ဖိုလ်ဝင်မှ)

(သင်္ခါရဓာတ် ပရမတ်တွေကို စင်စင်ကြယ်ကြယ် မြင်မှု သဘော သိမှုသိသဘော ဖြစ်ပေါ်လာခြင်းကို ဇာတိဒုက္ခ ပါကလားလို့ မြင်နိုင်ပါမှ အယူမမှား၊ အပြုမမှားဖြစ်နိုင်တယ်) ဆိုတဲ့ ဝါဒဆန်းတွေကိုပယ်ရှားကြရမည်။

ဝါဒဆန်းတွေကို ပယ်ရှားကြလျက်,....“ငါတို့သည် သံသရာအဆက်ဆက်က ထိုသင်္ခါရဓါတ် ပရမတ်တွေကို ဒုက္ခသစ္စာ အနေနဲ့ ပိုင်ပိုင်နိုင်နိုင် မသိခဲ့ကြလို့ ဇာတိဒုက္ခမှ မလွတ်ကြရပါကလား” ဟူ၍ ဆင်ခြင်စဉ်းစား သတိထားကာ၊ သင်္ခါရဓါတ်, ပရ

မတ်တော့ကို (သဗ္ဗေ သင်္ခါရာ ဒုက္ခာ) အစဖြာတဲ့ ဒေသနာနည်း အရ-"ရုပ်နာမ်ဓမ္မ၊ သင်္ခါရ၊ ဒုက္ခသစ္စာသာ"ဟု ပညာမျက်စိ ဖြင့် မြင်အောင်ကြည့်ကြရမည်။

ဤသို့ကြည့်ကြရမည့်အကြောင်းကိုလဲ ဗျတိရေက နည်းအားဖြင့်...."ယေသံ ပန ခန္ဓဒုက္ခေ အဝိဇ္ဇာ အပ္ပဟီနာ ဟောတိ" ဟူ၍, ယေသံပန၊ အကြင်သူတို့အား။ ခန္ဓဒုက္ခေ၊ ခန္ဓဒုက္ခ၌=ဒုက္ခသစ္စာ၌။ အဝိဇ္ဇာ၊ မသိမှုအဝိဇ္ဇာကို။ အပ္ပဟီနာ၊ မပယ်အပ်သေးသည်။ ဟောတိ၊ ဖြစ်၏။ ၎င်း၏ အဓိပ္ပါယ်မှာ....အကြင်ပုဂ္ဂိုလ်တို့သည် ခန္ဓာဒုက္ခဆိုတဲ့ သင်္ခါရဓာတ်, ပရမတ်တွေရဲ့ ဒုက္ခ အစစ်အမှန်ဖြစ်ပုံကို မသိတဲ့ အဝိဇ္ဇာကို ဝိပဿနာ ရှေ့သွား၍ မဂ္ဂသမ္မာဒိဋ္ဌိတရားဖြင့် မပယ်နိုင်။ (ဝါ) ပယ်ဘို့ရာ အားမထုတ်ဘဲ အသင်္ခတ မဟာနိဗ္ဗာန်ကြီးကို ဒီအတိုင်းတိုင်းမြင်နေတယ် လို့ ဘဝင်မြင့်နေကြွားအံ့။

အဲဒီဘဝင်မြင့်နေတဲ့ ပုဂ္ဂိုလ်မှာ ဘယ်လိုဖြစ်သလဲလို့ မေး လျှောက်ရန်ရှိနေသဖြင့်....

"တေသံ ဉာတရသစ္စေသုပိ သာ အပ္ပဟီနာဝ ဟောတိ" တေသံ၊ ထိုခန္ဓဒုက္ခကို တကယ်မသိသူတို့အား။ ဉာတရသစ္စေသုပိ၊ ဒုက္ခသစ္စာမှ တပါးသော သစ္စာသုံးပါးတို့၌လည်း။ သာ၊ ထိုမသိ မှု အဝိဇ္ဇာကို။ အပ္ပဟီနာဝ၊ မပယ်အပ်သေးသည် သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဤမိန့်ပြချက်၏ အသိုမှာ ထိုဘဝင် မြင့်တဲ့ ပုဂ္ဂိုလ်တွေဟာ, သမုဒယပယ်ခြင်း, နိရောဓမျက်မှောက်ပြုခြင်း,

မဂ္ဂပွားများခြင်း,ဆိုတဲ့ ဤသစ္စာသုံးပါးရဲ့ ကိစ္စကိုလဲ မသိမမြင်တော့သည်သာဟူ၍ ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ "ပရမတ္ထဒီပနီဋီကာ"မှာ ထင်ရှားစွာ မိန့်တော်မူခဲ့ချေပြီ။

ဒုက္ခသစ္စာသိဘို့ အရေးကြီး၏

စာရှုသူ ဓမ္မမိတ်ဆွေ၊ ဓမ္မမိတ်ဆွေဟာ အထက်ပါရေးသားချက်အရ ဒုက္ခသစ္စာသိဘို့ အရေးကြီးတဲ့အကြောင်း သိခဲ့ရပြီမဟုတ်လား?။ ဒီဒုက္ခသစ္စာမှာလဲ "ဇာတိပိ ဒုက္ခာ" ခန္ဓာအသစ်,အသစ် တဖြစ်လဲနေရတဲ့ ဇာတိသည် ဆင်းရဲခြင်း၏ အကြောင်းဘဲလို့ ဘုရားဟောတော်မူခဲ့တာကို ဓမ္မမိတ်ဆွေ နားလည်ခဲ့ပါပြီ။

ယခု....ဓမ္မမိတ်ဆွေဟာ လူ့ဘဝ, လူ့ခန္ဓာဆိုတဲ့ ဇာတိတရားကြီးကိုရခဲ့ပါပြီ။ ဒီဇာတိကို ပြန်လှန်ပြီးစဉ်းစားလိုက်ရင် ဟိုဘဝက ခန္ဓာတွေက ငုတ်လျှိုးပြီး, ဒီဘဝမှာ အသစ်ပေါ်လာရသလိုထင်ရှားပေါ်လာပါလိမ့်မည်။ ဒီလိုထင်ရှားပေါ်လာရင် ဇာတိရဲ့သဘောကို ဓမ္မမိတ်ဆွေ နားလည်ပြီပေါ့။

ဒီလို....ဘဝသစ် ပေါ်လာတဲ့ အချိန်ကစပြီး ဓမ္မမိတ်ဆွေဟာ ဒီပေါ်လာတဲ့ ဘဝခန္ဓာပေါ်မှာ တွယ်တာမြတ်နိုးခဲ့တဲ့အဘွက်၊ မအိုချင်, မနာချင်, မသေချင်တော့ဘူး ဆိုတာလဲ ဓမ္မမိတ်ဆွေ အသိပင် မဟုတ်ပါလား။?

ဒါလောက်....မရက်မစက်မြတ်နိုးတွယ်တာလှတဲ့ ဓမ္မမိတ်ဆွေရဲ့ ဘဝခန္ဓာဟာ တစ,တစ အိုမင်းရင့်ရော်ရပြီ၊ နာခဲ့ရပြီ၊ သေ

မှာကလဲ မလွဲပြီ၊ သို့ဖြစ်တဲ့အတွက် ဓမ္မမိတ်ဆွေရဲ့ အလိုကျ အတိုင်း မဟုတ်တော့ဘူး၊ မဖြစ်တော့ဘူး။

ဤမျှ အလိုမကျ ကမောက်ကမ ဖြစ်ရဒါကို ဇာတိအာ ကြောင်းခံလို့ ပြောင်းပြန် ပြစ်ရပေတယ်လို့ "ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ" ဆိုတဲ့ ဘုရားဟော ဓမ္မကွန်ကို အမှန် သိရပြီမဟုတ်လား?၊ ဒီလို အမှန်တွေ့ရတော့ ဇာတိဒုက္ခရဲ့ သဘော သဘာဝကို ရိပ်စားမိလောက်ပေပြီ။

ဒီလို....သာမန်ရိပ်စားမိရုံလောက်နဲ့ တင်းတိမ် အားရမနေ လိုက်ပါနဲ့အုံး။ သမာဓိနဲ့ရပ်ပြီး ဒီခန္ဓာပေါ်မှာ ဉာဏ်နဲ့ကပ် လိုက်ပါအုံးလို့ သိစေလိုသော, မဟာကရုဏာရှင်ဘုရားကိုယ် တော်မြတ်ကြီးက (သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ) လို့ ဟောတော်မူပါသေးတယ်။

သိစေတော် မူလိုရင်းမှာ....ဒုက္ခမျိုးစုံတွေကို ခြုံပြီးကြည့် လိုက်မယ်ဆိုရင် ဥပါဒါနက္ခန္ဓာ ငါးပါးသာဖြစ်ကြောင်း, ကိုယ် တော်တိုင် သိခဲ့ပြီး ဖြစ်သဖြင့် ရဲရဲ,ဝံ့ဝံ့ မိန့်တော်မူလိုက်သော အခါ တရားနာ ပရိသတ်ဖြစ်တဲ့ ပဉ္စဝဂ္ဂီနှင့် နတ်ဗြဟ္မာ (၁၈) ကုဋေတို့ဟာ ဥပါဒါနက္ခန္ဓာအပေါ် ဒုက္ခဉာဏ် အမြင်ပေါက်၍ သောတာပတ္တိဖိုလ်သို့ ရောက်ကြလေသည်။

## ဥပါဒါနက္ခန္ဓာနှင့် အနုပါဒါနက္ခန္ဓာအခွဲ

အထက်ပါ ရေးသားချက်အရ ဥပါဒါနက္ခန္ဓာကို ဒုက္ခဟု မြင်အောင် ရှုရမည့်အကြောင်း သိမှတ်ခဲ့ရပေပြီ။

## ဥပါဒါနက္ခန္ဓာဟူသည် အဘယ်နည်း

“တေဘူမကာ ပဉ္စေတ္ထ သာသဝဓမ္မာ ဥပါဒါနက္ခန္ဓာ ပဝိဋ္ဌာ။”(ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာ)

ပဉ္စ၊ အထူးကိုဆိုဦးအံ့။ ဧတ္ထ၊ ဤခန္ဓာငါးပါးတို့တွင်။တေဘူမကာ၊ ဘုံသုံးပါး၌ဖြစ်သော တရားတို့သည်။ သာသဝဓမ္မာ၊ အာသဝေါတရားတို့နှင့်တကွ ဖြစ်သောကြောင့်။ဥပါဒါနက္ခန္ဓေသု၊ ဥပါဒါနက္ခန္ဓာတို့၌။ ပဝိဋ္ဌာ၊ ဝင်ကုန်၏။ ၎င်းအဋ္ဌကထာအရ အာသဝေါတရားတို့၏ အာရုံဖြစ်သော လောကီစိတ်, စေတသိက်, ရုပ်တရားများကို ဥပါဒါနက္ခန္ဓာဟူ၍ မှတ်သားရမည်။

ပုဂ္ဂိုလ်အနေနှင့်ကြည့်လျှင် ပုထုဇဉ်ပုဂ္ဂိုလ်မှာဥပါဒါနက္ခန္ဓာသာရ၍ အနုပါဒါနက္ခန္ဓာ မရရှိပေ။

### အနုပါဒါနက္ခန္ဓာအရ

လောကုတ္တရာ စိတ်ဖြစ်ခိုက်, လောကုတ္တရာ စိတ်က ဝိညာဏက္ခန္ဓာ၊ အတူယှဉ်သော ဝေဒနာက ဝေဒနက္ခန္ဓာ၊ သညာက သညက္ခန္ဓာ၊ ကြွင်းစေတသိက်များက သင်္ခါရက္ခန္ဓာဟုလောကုတ္တရာစိတ်ဖြစ်ခိုက်ပါရှိသော နာမ်ခန္ဓာလေးပါးကိုသာ အနုပါဒါနက္ခန္ဓာခေါ်ဆိုနိုင်ကြောင်းကို ဓမ္မမိတ်ဆွေ နားလည်ထားပါ။

ဝိပဿနာရှုမှုနဲ့ ပတ်သက်ပြီး သိကောင်းစရာကတော့ အနုပါဒါနက္ခန္ဓာခေါ်တဲ့ လောကုတ္တရာစိတ်ကို ရှုမှတ်စရာ မလိုပါ။ ရှုမှတ်လို့လဲမဖြစ်ပါ။ ဥပါဒါနက္ခန္ဓာလဲမဖြစ်ပါ။ ဥပါဒါနက္ခန္ဓာခေါ်တဲ့ လောကီခန္ဓာများကိုသာ ဝိပဿနာ ရှုရမည် ဖြစ်ပေ၏။

အကယ်၍ မရှုမှတ်ခဲ့သော်လောကီခန္ဓာများအပေါ်မှာ စွဲလမ်းမှု ဥပါဒါန်တရားတွေ ဖြစ်လာမည်မဟုတ်ပါလား?။

## ဥပါဒါနက္ခန္ဓာသာ ရှုမှတ်ရပုံ

ဝိပဿနာ ရှုမှတ်သောအခါ ဥပါဒါနက္ခန္ဓာကိုသာ ရှုမှတ်ရမယ်၊ အနုပါဒါနက္ခန္ဓာမှာ ဝိပဿနာ ရှုမှတ်စရာ နယ်မြေမဟုတ်ပေ။

သူတို့၏ အယူအဆများကို တင်ပြရလျှင် ဥပါဒါနက္ခန္ဓာ တောင့်ကုန်စင်အောင် သိပုံမပေါ်ပေ။

သူတို့၏....အထင်မှာ အကုသိုလ်စေတသိက် တချို့လောက်သာ ဥပါဒါနက္ခန္ဓာဖြစ်တဲ့အကြောင်း ရေးသားနေကြပါသည်။ ရှုပုံများကလဲ ဘုရားဟော အပြင်ဘက်က ရှုနည်းဖြင့် ရှုမြင်နေကြပေသည်။ ဟုတ်တယ် ဓမ္မမိတ်ဆွေ၊ သူတို့ရှုပုံများက လောဘ ဒေါသစသော အကုသိုလ် ဥပါဒါနက္ခန္ဓာများ မဖြစ်ခင်က မရှိနိုင်ဘူး၊ မရှိနိုင်တဲ့အတိုင်း မြင်အောင် ကြည့်ပါတဲ့။

ဒီလိုလုပ်တမ်းဆိုရင်ဖြင့် လောဘ, ဒေါသ စတဲ့ အကုသိုလ် လောက်သာ မဖြစ်ခင်က မရှိနိုင်တာမျိုးမဟုတ်။ ကုသိုလ်ဝိပါက် ကြိယာ, စိတ်တွေလဲ မဖြစ်ခင်က ရှိနိုင်ကြသော တရားများ မဟုတ်ပေ။ ဒီတရားများကိုတော့ ဘာပြုလို့ မဖြစ်ခင်က မရှိနိုင်ဘူးဟု သူတို့မရေးကြသလဲ?။

အဖြေမှန်ပေးရရင်....“လောဘ, ဒေါသစသော အကုသိုလ် များဟာ မဖြစ်ခင်က မရှိနိုင်ဘူး၊ အဖြစ်တို့မှ အေးမနေဘူး

လား....အေးရာကြီးက နိဗ္ဗာန်၊သိတာကမဂ်ဉာဏ်’’ ဒီလမ်းစဉ်မှ ချလို၍ လောဘ, ဒေါသဟူသော ဥပါဒါနက္ခန္ဓာတွေ မဖြစ်ခင်က မရှိဘူးလို့ သိတာ ဝိပဿနာ ဉာဏ်ဟု သူတို့ရှုံ့အတိုင်း ဘုရားဟော ရှိ,မရှိ (သို့မဟုတ်) ဘုရားဟောနှင့် တူ,မတူ ရှေ့ဆက်လက်ကြည့်စေလိုသည်။

## တရားဆွေးနွေးခန်း

ဥပဒါနက္ခန္ဓာငါးပါးကို ရှုမှတ်ရေးနှင့် ပတ်သက်၍ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာ ကောဋ္ဌိကတို့ တရားဆွေးနွေးခန်းကို ဘုရားရှင် ဟောကြားတော်မူခဲ့၏။ ခန္ဓဝဂ္ဂသံယုတ်မှာ သီလဝန္တသုတ်ဟုခေါ်၏။ ဆွေးနွေးတော်မူကြပုံမှာ....

“သီလဝတာ ဝုသော သာရိပုတ္တ ကတမေ ဓမ္မာ

ယောနိသော မနသိကာတဗ္ဗာ”ဟူ၍ အရှင်မဟာကောဋ္ဌိက မေးလျှောက်၏။

အဓိပ္ပါယ်မှာ....“ငါ့ရှင်သာရိပုတ္တရာ၊ သီလနှင့် ပြည့်စုံသော ရဟန်းသည် အဘယ်တရားတို့ကို အသင့်အားဖြင့် နှလုံးသွင်းအပ်ပါသနည်း....?ဟူ၍ဖြစ်၏။

ထိုအခါ....အရှင်သာရိပုတ္တရာက ငါ့ရှင်ကောဋ္ဌိက သီလနှင့် ပြည့်စုံသော ရဟန်းသည် ဤဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို မမြဲသောအားဖြင့်, ဆင်းရဲသောအားဖြင့်, အတ္တမဟုတ်သော အားဖြင့်,စသည် အသင့်နှလုံး သွင်းအပ်ပေ၏။

ဥပါဒါနက္ခန္ဓာငါးပါးဟူသည်.. ဥပါဒါန်၏ အာရုံဖြစ်သော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်,ခေါ်တဲ့ လောကီခန္ဓာငါး ပါးပင်တည်းဟုဖြေပြီး။ "ဤဥပါဒါနက္ခန္ဓာငါးပါးကို ဤကဲ့သို့ အသင့်နှလုံးသွင်းခြင်းဖြင့် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြု လေရာ၏။ (လ)အရဟတ္တဖိုလ်ကို မျက်မှောက်ပြုလေရာ၏။"

အရဟတ္တဖိုလ်ရောက်ပြီးသော ရဟန္တာအရှင်မြတ်ကြီးမှာ ပြု ဘွယ်ကိစ္စပြီးဆုံးငြားသော်လဲ, ဥပါဒါန်အကြောင်းခံ၍ဖြစ်ပေါ် လာသော ဝဋ္ဋခန္ဓာတော်ကြီး ရှိနေသေးသဖြင့်, မျက်မှောက် ချမ်းသာအလို့ငှါ ဤခန္ဓာတော်ကြီးကိုအနိစ္စစသဖြင့်နှလုံးသွင်း နေရကြောင်း ဖြေကြားတော်မူပါသည်။

ဘုရားဟော ကျောမခိုင်းသင့်

ဤကဲ့သို့....ဘုရားဟောတော်မူသည်ကို မထောက်ထားသူ ခန္ဓာသရုပ် သဘောလောက်မှ ပိုင်နိုင်စွာ မသိသူ အချို့တို့က ပဉ္စက္ခန္ဓာဆိုဒါ "နဂိုခန္ဓာ" ပဉ္စုပါဒါနက္ခန္ဓာ ဆိုဒါက "အပို ခန္ဓာ"ဟူ၍၊ ခန္ဓာနှစ်လွှာခွဲခြားလျက် "နဂိုခန္ဓာ"က ငြိမ်းနေဒါ ပါ၊ အိမ်တအိမ်မှာ ဧည့်သည်တွေမရောက်ခင်က ငြိမ်းနေဒါပါ၊ ဧည့်သည်တွေရောက်လာမှ ဆူပူသွားဒါပါဆိုတဲ့ ဥပမာကပ်၍၊ ဥပမေယျ ဟပ်လိုက်ပြန်ပါသည်။

ပဉ္စက္ခန္ဓာက ငြိမ်းနေဒါပါ။ မိမိက ငြိမ်းသလိုမနေတတ်လို့ ရှုပိုက်,မှားလိုက်လုပ်။ လုပ်သမျှ, ဒုက္ခဖြစ်ပြီး ဥပါဒါနက္ခန္ဓာ "အပိုခန္ဓာ"တွေ ဝင်လာသည်။ ထို့ကြောင့် "နဂိုခန္ဓာ" ဆိုတဲ့ ပဉ္စက္ခန္ဓာကို ဒီအတိုင်းတိုင်း ငြိမ်းသလို, အေးသလိုမြင်ပါလို့....

မဟာကြံ ပြောကြံ ရှိတင်မက အောက်ပါအတိုင်းလဲ ရေးသား ထားကြသည်။

## မဂ်ပေါက်ဖိုလ်ဝင်မှု

(အမြဲမရှိဘူးဆိုတာ တချို့က ဖြစ်ရင်ပျက်တဲ့ သဘောမျှ လောက်သာ သိနေကြတယ်။ ဖြစ်ရင်ပျက်တယ် ဆိုတာကတော့ လူတိုင်းလောက် သိကြပါတယ်။ ဒီလိုဖြစ်တာပျက်တာ သိရုံမျှနှင့်တော့ နိဗ္ဗာန် မမြင်နိုင်ဘူး။ မျက်မှောက်မပြုနိုင်ဘူး။ ဖြစ်တဲ့, ပျက်တဲ့ တရားတွေက အမြဲမရှိပါကလားလို့ မြင်နိုင်ပါမှ နိဗ္ဗာန် တွေ့ရမယ်။)တဲ့။

အထက်ပါ....၎င်းတို့ရေးသားချက်၏ သိစေလိုရင်းမှာ၊ ဖြစ်ပျက်အနိစ္စ,မရှုရ၊ ကိလေသာတွေ အမြဲမရှိတာမြင်ရင်၊ နိဗ္ဗာန် တွေ့မယ်ဟု သိစေလိုရင်းဖြစ်တော့ အထက်ပါ ဘုရားဟော သီလဝန္တသုတ်ကို ကျော်ခိုင်းရာ ရောက်နေပါသည်။

ဘုရားရှင်သည်...ခန္ဓဝဂ္ဂသံယုတ်, အနိစ္စသညာသုတ်မှာ "ချစ်သားတို့, လမင်း၏အရောင်သည် နက္ခတ်တာရာ တို့၏ အရောင် ထက် သာလွန်မြင့်မြတ်သလို, အမြဲမရှိဟုသိသော အနိစ္စသညာ သည် ပွားများအပ်, အကြိမ်များစွာ ပြုအပ်သည်ရှိသော် ကာမ ရာဂ, ဘဝရာဂ, ရူပရာဂ, အဝိဇ္ဇာ, အသ္မိမာန, တည်းဟူသော ကိလေသာ အမှောင်ထုကြီးကို ဖြိုခွင်းဖျက်ဆီးနိုင်ကြောင်း"ကို လဲ ဟောတော်မူခဲ့ပါသေးသည်။

## ကျောခိုင်းရုံတင်အားမရ

ဓမ္မမိတ်ဆွေ....ရှင်းရှင်းရေးရမည်ဆိုရင် ပုထုဇဉ် မှန်သမျှရဲ့ သန္တာန်မှာ သူတို့ဆိုထားသလို ပဉ္စက္ခန္ဓာ ဆိုတဲ့ လောကုတ္တရာ ခန္ဓငါးပါးဟာ မဖြစ်ဘူးရှိး အမှန်ဘဲ။ ပဉ္စုပါဒါနက္ခန္ဓာဆိုတဲ့ လောကီခန္ဓာသာ လက်ရှိဖြစ်နေတော့ ဘယ်မှာငြိမ်းသလိုနေလို့ ရမှာလဲ။? ဒီလိုမရမှန်းသိလျှင်ဖြင့် ရှေ့တဆင့်တက်ပြီး သူတို့မှား ကွက်ကို ကြည့်စမ်းပါအုံး။

## မဂ်ပေါက်ဖိုလ်ဝင်မှု

(မိုးကုတ်ကုဘ်ခရီးသွား မဆုံးသလိုပမာ၊ တရားအားထုတ်တဲ့ နေရာမှာလဲ ဒုက္ခတွေဆုံးအောင် ဆက်အားထုတ်လျှင် ဆုံးလိမ့် မယ်လို့မျှား မထင်ကြဘူးလား၊? ဒုက္ခဆိုဒါ ဆက်အားထုတ် လျှင် မဆုံးလေဘဲ, ဖြစ်လျှင်ဒုက္ခ၊ ချုပ်မှနိဗ္ဗာန်)တဲ့။

ဤ....ရေးသားချက်ဟာဖြင့် ဘုရားဟောကို ကျောခိုင်းရုံတင် အားမရ၍, ဘုရားရှင်ကို ပုတ်ခတ်တော်လှန်လိုက်သလို၊ စာရေး သူများရဲ့ စိတ်မှာ နင့်ကနဲ ခံစားလိုက်ရရုံတင်မက "ငါတို့ရဲ့ ဗုဒ္ဓသာသနာကြီးကိုဖြင့် ပြောင်ကျကျ ဖျက်ဆီးမဲ့သူတွေ ပေါ် ပေါက်လာပြီ"ဟု စွဲမှတ်မိပါတော့သည်။

ဓမ္မမိတ်ဆွေ၊ ကျုပ်တို့ရဲ့ ရှင်တော်ဘုရားသည် ဓမ္မစကြာ ဒေသနာမှာ ပဉ္စဝဂ္ဂီငါးဦးတွင် အရှင်ကောဏ္ဍညကို "ဧဟိ ဘိက္ခု" ခေါ်တော်မူလျက် "သွာက္ခာတော ဓမ္မော"ဟူသော ပါဠိဖြင့် စ,လယ်,အဆုံး, သုံးပါးလုံးစုံ ကောင်းခြင်းဂုဏ်နှင့်ပြည့် စုံသော တရားကို ဟောကြားအပ်ပြီဟု မိန့်တော်မူပြီး....

“စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ” ဘိက္ခု၊ အိုကောဏ္ဍညရဟန်း။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အန္တကိရိယာယ၊ အဆုံးကိုပြုခြင်းငှါ။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ သမ္မာ၊ ကောင်းမွန်စွာ။ စရ၊ ကျင့်ပါဦးလော့။

ဤသို့....ဘုရားရှင်သည် သောတာပန်ဖြစ်ပြီး ရှင်ကောဏ္ဍည မထေရ်ကြီးကိုသော်မှ ရပြီးသား နိဗ္ဗာန်ကို ဒီအတိုင်းတိုင်း မြင်နေရမယ်လို့ မိန့်တော်မမူဘဲ၊ “အိုကောဏ္ဍညရဟန်း၊ ဒုက္ခ၏အဆုံးကိုပြုခြင်းငှါ သာသနဗြဟ္မစရိယ ဆိုတဲ့ သီလ၊ သမာဓိ၊ ပညာကို အားထုတ်ရမယ်၊ သို့မှသာ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံကာ မဂ္ဂဗြဟ္မစရိယဆိုတဲ့ မဂ္ဂင်လမ်းကြောင်းကြီးပေါ် ရောက်ပြီး၊ ဒုက္ခဆုံးမည်”ဟု ဒုက္ခဆုံးဘို့အရေး ဆက်လက်အားထုတ်ပေးဘို့ အထူး တိုက်တွန်းတော်မူခဲ့ပါပေသည်။

## လုပ်သမျှ ဒုက္ခမဟုတ်ပုံ

“နိယျာနိက၊သာသနသ္မိံ ဟိ ဝိရိယံ သမ္မာဝါယမော နာမ ဟောတိ။” (ဥပရိပဏ္ဏာသ အဋ္ဌကထာ)

“သရီရံ ခေဒန္တမ္ပိ သမ္မာဝါယမော နာမ ဟောတိ၊ ဥာယာ-ရဒ္ဓဘာဝတော။” (ၡင်းဋီကာ)

ဟိ၊ ထိုစကားမှန်၏။ နိယျာနိက သာသနသ္မိံ၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော ဗုဒ္ဓမြတ်စွာသာသနာ၌။ ဝိရိယံ၊ သိက္ခာသုံးရပ်ကို ကျင့်ကြံကြိုးကုတ်၊ အားထုတ်မှု ဝီရိယသည်။ သမ္မာဝါယာမော နာမ-ဟောတိ၊ သမ္မာဝါယာမ၊ ကောင်းသော အားထုတ်ခြင်းမည်၏။

နိယျာနိကာ သာသနာသို့ ၊ဠ္ဌ။ ဝိရိယံ၊သည်။သရီရံ ခေဒန္တမ္ပိ၊ ကိုယ်ပင်ပန်းငြားသော်လဲ။ဉာယာရဒ္ဓဘာဝတော၊နိဗ္ဗာန်အတွက် အားထုတ်တာဖြစ်ခြင်းကြောင့်။ သမ္မာဝါယာမောနာမ ဟော တိ၊ သမ္မာဝါယာမ,ကောင်းသော အားထုတ်ခြင်းမည်၏။

ဤလို...မိန့်ဆိုတော်မူကြသော အဋ္ဌကထာ ဋီကာရှင် တို့၏ အလိုအားဖြင့်လဲ သာသနာတော်၏ နိယျာနိကဖြစ်ခြင်း၊ နိဗ္ဗာန် အတွက် အားထုတ်ခြင်းဆိုတဲ့ အကြောင်းနှစ်ပါးကို ထောက်ထား ကာ အားထုတ်ပြုလုပ်သမျှသည် နိဗ္ဗာန်ချမ်းသာ အတွက် ချည်း ဖြစ်၍ ထိုချမ်းသာနှင့်စာသော် ကိုယ်ပင်ပန်းခံမှု ကလေးသည်။ သမ္မာဝါယာမအစစ်ဖြစ်ကြောင်း၊လုပ်သမျှ ဒုက္ခမဟုတ်ကြောင်း ဖေါ်ပြထားသောကြောင့်။ ဘုရားရှင်အဆုံးအမအတိုင်း အမှန် ပင် အားထုတ်သင့်ကြောင်း စိတ်ကောင်းထား၍ ညွှန်ကြားရပေ တော့သည်။

## ဒုက္ခရှိလျှင် ဒုက္ခဖြစ်မြဲ

စာရှုသူ...ဓမ္မမိတ်ဆွေ၊ သတ္တဝါတို့၏ သန္တာန်၌ ဖြစ်ပေါ် နေကြတဲ့ တရားတွေကို ဘုရားရှင်က ဘယ်လို **ဟော**တော်မူခဲ့ပါ သလဲ....? ခန္ဓဝဂ္ဂ ဉပ္ပါဒသံယုတ်နှင့် သဠာယတနဝဂ္ဂသံယုတ်, ဒုက္ခုပ္ပါဒသုတ်မှာ “စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, မန ဆိုတဲ့ အတွင်း အာယတန ခြောက်ပါး၊ ထိုခြောက် ပါး ကို အကြောင်းပြု၍ ဖြစ်ပေါ်လာကြသည့် ဝိညာဏ် ခြောက် ပါး၊ ဖဿခြောက်ပါး၊ ဝေဒနာခြောက်ပါး၊ သညာ ခြောက် ပါး၊ စေတနာခြောက်ပါး၊ တဏှာခြောက်ပါး၊ ထိုအတွင်းအာယတန

ခြောက်ပါး၊ တို့၏ အာရုံဖြစ်သော ရူပါရုံစသည့် အာရုံခြောက်ပါး၊ ပထဝီစသည့် ဓာတ်ခြောက်ပါး။

ဤ....တရားအားလုံးတို့ဖြစ်ပေါ်လာခြင်းသည် ဒုက္ခဖြစ်ပေါ်လာခြင်း။ ထိုတရားတို့၏ ဠီအနေဖြင့် တည်နေခြင်းသည်ရောဂါ၏တည်နေခြင်း။ ထိုတရားတို့၏ သန္တတိအနေဖြင့် ပေါ်လာခြင်းသည် အိုခြင်း, နာခြင်းတို့၏ ပေါ်လာခြင်းဘဲဟု ဟောတော်မူပါသည်။ ထိုဒုက္ခတွေ၏ သရုပ်တွေကို သိရှိလိုက ထိုထိုကျမ်းဂန်များမှာ ဖွေရှာကြည့်ရှုကြပါလေ။ ကျမ်းလေးမည်စိုး၍ လျစ်လျူရှုရပါတော့သည်။

## ဘုရားမဟော အတ္တနောမတိ

အထက်ပါ....သုတ္တန်များကို ထောက်ထား၍, ဤခန္ဓာကိုယ်မှာ ဒုက္ခတွေ အပ်သွားချစရာ မရှိအောင် ထပ်တလဲလဲ ဖြစ်နေပါသည်။ ၎င်းပြင်လဲ "ဝေဒနာ ကောဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" ဟူသော ပဋိစ္စသမုပ္ပါဒ် နိဂုံးများကို ထောက်ထားကာ အဝိဇ္ဇာ တဏှာ၊ မသိမှု စွဲလန်းမှုအကြောင်းခံလျက်ဖြစ်ပေါ်လာကြတဲ့ ဝိညာဏ်,နာမ်ရုပ်,သဠာယတန, ဖဿ, ဝေဒနာစတဲ့တရားတွေကို ချမ်းသာမဖက်, သက်သက်ဒုက္ခ အစုအဝေးဘဲလို့ သိမှတ်ရပါမည်။

ထိုထိုဒေသနာများကို မထောက်မထား, ဘုရားဟောမဟုတ်သည့် အတ္တနောမတိ, ကိုယ်အလိုရှိရာဆွဲရေးတတ်ကြသည့် ပုဂ္ဂိုလ်အချို့ရဲ့ ရေးသားထားပုံကိုလဲ ကြည့်ရှု ဆုံးဖြတ်ပါဦး ဓမ္မမိတ်ဆွေ။

## မဂ်ပေါက်ဖိုလ်ဝင်မှ

(ထွေထွေလာလာ ဘာဘာညာညာ အရာရာကိုကြံစည်မှု
စိတ်ကူးမှ စိတ်တွေဖြစ်လာတာမမှန်ဘူးလား။?
စိတ်မကူးမိက စိတ်ကူးမဲ့စိတ်တွေ ရှိမနေနိုင်တာ၊ အမြဲ မရှိ
တာ မမှန်ဘူးလား။?
အမြဲမရှိတော့ မှန်ပါတယ်၊ ငြင်းကွယ်လို့ မရပါဘူး။ မရှိ
တော့ မရှိတဲ့အတိုင်းထားတော့ မအေးပေဘူးလား။?
အေးငြိမ်းရာ မှန်ပါတယ်၊ အေးငြိမ်းရာအဖြင့်မှတပါး
နိဗ္ဗာန်ရယ်လို့ တခြားမရှိပါဘူး။) တဲ့။

ဘယ့်နှယ့်လဲ....ဓမ္မမိတ်ဆွေ၊ သူတို့ဟာ မှန်ရင်ဖြင့် ဘုရားဟော
လဲ့ရချည်ရဲ့။

"မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ"
မနဉ္စ၊ ဘဝင်မနော အကြည်ကိုင်း။ ဓမ္မေစ၊ ဓမ္မာရုံတို့ကို
ငင်း။ ပဋိစ္စ၊ စွဲ၍။မနောဝိညာဏံ ။မနောဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊
ဖြစ်၏။

ဤဒေသနာတော်၏အလိုမှာ.... မနဉ္စဆိုတဲ့ အောက်ခံဘဝင်
စိတ်က အကြောင်းတမျိုး။ ဓမ္မေစဆိုတဲ့ ဓမ္မာရုံက အကြောင်း
တမျိုး။ ဒီနှစ်မျိုးရှိမှ မနောဝိညာဏ်ဆိုတဲ့ ကြံသိစိတ်တွေ ဘာ
ဘာညာညာတွေ ဖြစ်ရပါတယ်။ ဒီတော့ ဒီဘဝင်မနောလေးကို
ဘယ်သွားထားမှာလဲ....?။ စိတ်မကူးမိက ရှိနိုင်နေတဲ့ ဘဝင်
မနောကို စိတ်ကူးမဲ့စိတ်ကလေးရှိနိုင်နေတယ်လို့ ဆိုရမယ်။ ဒီစိတ်
မှမရှိရင် "လူသေ"ဘဲလို့ မှတ်ပါ။

ဒီ....ဘဝင်စိတ်ကလေးဖြစ်နေဒါကိုဘဲ ဘာမှမရှိတော့မရှိတဲ့ အတိုင်းတိုင်းထား၊ ငြိမ်းရာကြီးနဲ့တွေ့ရောတဲ့။ ဘဝင်စိတ်သည် ငြိမ်းရာလော....?။

"ယော ဘိက္ခဝေ မနသာ ဥပ္ပါဒေါ၊ ဒုက္ခ-ဿေသော ဥပ္ပါဒေါ"

ဘိက္ခဝေ၊ရဟန်းတို့။ မနသာ၊ဘဝင်မနော၏။ ယောဥပ္ပါဒေါ၊ အကြောင်းဖြစ်ပေါ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဧသော့ဥပ္ပါဒေါ၊ ထို ဘဝင်စိတ်ဖြစ်ခြင်းသည်။ ဒုက္ခဿ၊ ဆင်းရဲ၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းတည်း။

ဤကဲ့သို့ ဘုရားဟောတော်မူသဖြင့် ....စိတ်မကူးမိက ရှိနှင့်နေတဲ့ ဘဝင်စိတ်သည် ဒုက္ခအစစ်ဖြစ်၏။ သူတို့အတိုင်းတိုင်းထား လိုက်ရင်တော့ ဒုက္ခအတိုင်းတိုင်းကလွဲလို့ ငြိမ်းရာကြီးကို မတွေ့ နိုင်တာကတော့ သေချာပါတယ်။

တခါ....ထိုဘဝင်စိတ်မှာ ဘာဘာညာညာ ကိလေသာတွေမရှိ လို့ငြိမ်းဒါပါ....လို့ပြောချင်ပြောအုံးမယ်။ ဘာဘဲပြောပြော၊ ဒီဘဝင်စိတ်ဟာ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်၊ မှဘပါး နိဗ္ဗာန်ကို တော့ အာရုံမပြုနိုင်ဘူးလို့ တထစ်ချမှတ်ထားပါ။

ယခုလို....ဒေသနာနည်းအရ လမ်းမှန်သိထားတော့ သူတို့ရဲ့ ငြိမ်းအေးရာ ကွက်သပ်ကြီးသည် ဘုရားဟောမဟုတ်တဲ့ "အတ္တနောမတိ၊ စိတ်ကူးယဉ်နိဗ္ဗာန်ကြီး"ဘဲလို့သာ ဆုံးဖြတ်လိုက်ရပေတော့မည်။

## အမှန်မြင်က ကြံချင်ရာကြံ

လောကဥ်.... ကမ္မဋ္ဌာန်းမှ လွတ်သော တရား မရှိသည်ကို

ထောက်ထား၍ရင်း။ သဋ္ဌာယတနဝဂ္ဂသံယုတ်, ဟတ္ထပါဒေါပမသုတ်မှာ ဘုရားရှင်ဟောတော်မူသည်ကို ထောက်ထား၍ရင်း အမြင်မှန်က ကြံချင်ရာကြံလို့ ဆိုလိုပါသည်။

ရင်း.... ဟတ္ထပါဒေါပမသုတ်မှာ ဘုရားရှင်ဟောတော်မူ၏။ "အို ရဟန်း၊ လက်ရှိသော်–အရာဝတ္ထုတွေကို ကိုင်လိုကိုင်၏၊ ချလိုချ၏။ ခြေတွေရှိလျှင်–ရှေ့လှမ်း၏၊နောက်ဆုတ်၏။ ခြေဆစ်, လက်ဆစ်စသည့်အဆစ်တွေရှိသော်–ကွေး၏၊ ဆန့်၏။ ဝမ်းဗိုက်ရှိလျှင်–ထမင်းဆာ၏၊ ရေသိပ်၏။ဤကား လောကဥပမာတည်း"

"ဤ....လောကဥပမာအတူသာလျှင် မျက်စိရှိလျှင်- မြင်၏။ နားရှိလျှင်-ကြား၏။ နှာခေါင်းရှိလျှင်–နံ၏။ လျှာရှိရင် ရသာသိ၏။ စား၏။ ကိုယ်ရှိရင်–တွေ့ထိ၏။ ဘဝင်မနောရှိရင် ကြံစည်၏။ စိတ်ကူး၏။ ချမ်းသာဆင်းရဲဖြစ်၏။"

"ချစ်သား.... ဘဝင်မနောသည် ဓမ္မာရုံတို့၏ သံယောဇဉ်မဟုတ်။ ဓမ္မာရုံသည် ဘဝင်မနော၏ သံယောဇဉ်မဟုတ်(စိတ်နှင့်အာရုံတို့သည် သူ့သဘောသူဆောင်ကာ တိုက်ပြီးပျက်တယ်) အကယ်၍ ဟုတ်ငြားအံ့။ ဒုက္ခကုန်ကြောင်း ဗြဟ္မစရိယဝါသ-တရားကျင့်မှု မဖြစ်လေရာ။" (ကြံစည် စိတ်ကူးမိတိုင်း ဒုက္ခတွေချည်းဖြစ်ရင် တရားအားထုတ်မဖြစ်လေရာ)

"ဥပမာ....နွားဖြူ၊ နွားမဲနှစ်ကောင်ကို ကြိုးတချောင်းတည်းနှင့်တွဲချည်ထားသဖြင့် တကောင့်တကောင်လွန်၍ လိုရာမသွားနိုင်ကြခြင်းသည် အချင်းချင်းတွယ်တာမှု သံယောဇဉ် ဖြစ်၍မဟုတ်၊ ကြိုးချည်ထားသောကြောင့်ပင်ဖြစ်၏။"

“ထို....ဥပမာအတိုင်းပင်လျှင် သင်ချစ်သားမှာလဲ ထွေထွေလာလာ ဘာဘာညာညာ ကြံစည်စိတ်ကူးမှုသည် သံယောဇဉ်မဟုတ်။ ထိုစိတ်ကူးမှုကိုအကြောင်းပြု၍ နှလုံးသွင်းမကောင်းမှုကြောင့် စွဲလန်းမှု မုန်းတီးမှု အမြင်မမှန်မှု စသည်တို့သည်သာ သံယောဇဉ်ဖြစ်ကြသည်။ ထိုစိတ်ကူးမှုအပေါ်မှာ ဆန္ဒရာဂ လောဘကိုသာပယ်ရမည်”။

“ချစ်သား...ငါဘုရားမှာလဲ ဘဝင်မနေဘူး၏။ လောကီဘုံသား သတ္တဝါအများအတွက် အမျိုးမျိုးစိတ်ကူးရ၏။ (လောကီအာရုံတွေနဲ့ စိတ်နဲ့ထိရ၏။) သို့စိတ်ကူးရသော်လဲ ငါဘုရားမှာ တွယ်တာနှစ်သက်ခြင်းဆန္ဒရာဂ ကင်းဝေးတော်မူ၏။ ငါဘုရား၏ စိတ်တော်သည် သံယောဇဉ်အနှောင်အဖွဲ့မှ လွတ်တော်မူပြီ။”

ထိုထို.... သဠာယတန ဝဂ္ဂသံယုတ်၊ ဟတ္ထပါဒေါပမသုတ်၊ ကောဋ္ဌိကသုတ်တို့မှာ ဟောတော်မူခဲ့သည့် ဤသည့်ဒေသနာ သဘာဝများကိုထောက်သော်-မတွေးမကြံဘဲ အတိုင်းတိုင်းထား လိုက်ရုံမျှဖြင့် ငြိမ်းအေးရာမတွေ့နိုင်။ တွေးတောကြံစည်မှု သိမှုတွေကို ဒုက္ခအစစ်ဟု အမှန်မြင်ရန်သာ အရေးကြီးကြောင်း ရေးသားရပေသည်။

## နိဗ္ဗာန်ဟူသည်

ဗုဒ္ဓဘာသာဝင်....သူတော်စင်တို့၏ ပန်းတိုင်ကား နိဗ္ဗာန်ပင်တည်း။ ထိုစကားမှန်၏....သတ္တဝါမှန်သမျှ သံသရာတခွင်တွင် မရပ်မနား၊ ရဟတ်ချားကဲ့သို့ လှည့်ပတ်ပြေးသွား နေကြရ၏။ သို့ပြေးသွားရသူတို့ရဲ့ အပန်းဖြေရာ၊ အ[illegible]း လွှား ရပ်နား

စရာကား ဗုဒ္ဓဘာသာအလိုအားဖြင့် နိဗ္ဗာန်ဆိုတဲ့ ပန်းတိုင်ကြီး တခုသာရှိပေ၏ဟု ဘုရားရှင်တိုင်း ဟောတော်မူခဲ့ပေသည်။

ထို....နိဗ္ဗာန်ဟူသည် "တေသံ ဝူပသမော သုခေါ" ဘုရားဟောဒေသနာအရ-ကိလေသာ,ကံ,သင်္ခါရ,ဘဝခန္ဓာတွေ ချုပ်ငြိမ်းရာဖြစ်တဲ့ သဘောတရားပင်တည်း။

ချဲ့ပါဦးမည်။ သောတာပန်ဖြစ်ခိုက် ထိုပုဂ္ဂိုလ်သည်အပါယ်လားကြောင်း ကိလေသာဖြစ်တဲ့ သက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာ,သီလဗ္ဗတပရာမာသ, ဤတရားသုံးပါးကို အကြွင်းမဲ့ ပယ်လိုက်နိုင်၏။ ထိုသို့ပယ်လိုက်သည်နှင့် တပြိုင်နက် အပါယ်လားကြောင်း ကံဟောင်း,ကံသစ်တွေမှ အရှင်းလွတ်၏။ အပါယ်ခန္ဓာ ဟူသမျှ တစမကျန် ကုန်ဆုံးချုပ်ငြိမ်းရ၏။

ထို့အတူ ...ကျန်တဲ့မဂ်သုံးပါးအဆိုက်မှာလဲဆိုင်ရာကိလေသာ, ကံ, သင်္ခါရ, ဘဝခန္ဓာတွေ အသီးသီး ချုပ်ငြိမ်းရ၏။ဤချုပ်ငြိမ်းမှု၏ အာရုံအကြောင်းဖြစ်တဲ့ နိဗ္ဗာန်နယ်ပယ်ကြီးသည်-ချုပ်ငြိမ်းမှုနှင့် တစပ်ထဲစပ်လျက်ရှိ၏။

ဓမ္မမိတ်ဆွေ၊ "သတိ"....ချုပ်ငြိမ်းရာနယ်ပယ်မရှိဘဲ ချုပ်ငြိမ်းမှုမဖြစ်နိုင်။ ချုပ်ငြိမ်းမှု မရှိဘဲလဲ့, ဒီချုပ်ငြိမ်းရာ နယ်ပယ်ထဲမရောက်နိုင်။

ဥပမာ....တဘက်က ရန်သူရှိလျှင် ထိုရန်သူမှလွတ်မြောက်ရာနယ်ပယ်ရှိရ၏။ နယ်ပယ်ရှိမှ လွတ်မြောက်မှုရှိ၏။ လွတ်မြောက်မှုနှင့်လွတ်မြောက်ရာ နယ်ပယ်သည် တစပ်တည်းစပ်လျက်ရှိ၏။

## ထိုနိဗ္ဗာန်သည် ဘယ်မှာလဲ?

ဓမ္မမိတ်ဆွေ....“အထူးသတိ”ရန်သူလက်မှလွတ်ရန် ပြေးလွှား လာသူတယောက်ကို လွတ်မြောက်ရာ နယ်ပယ်ထဲ ဝင်လာတာ မြင်တော့, လွတ်မြောက်သူနဲ့, လွတ်မြောက်ရာ နယ်ပယ်ကြီး တစပ်ထဲဖြစ်နေတယ်လို့ မျက်မြင်အနေနဲ့ ပြောရမှာပါဘဲ။

ဥာဏ်မြင်နဲ့ကြည့်လျှင်တော့-ရန်သူလက်မှ လွတ်မြောက်ရန် ပြေးလာသူသည် လွတ်မြောက်ရာ လုံခြုံလှတဲ့ နယ်ပယ်တခုကို မြင်လိုက်ရသည်နှင့်တပြိုင်နက် သူ့စိတ်ထဲမှာ “ငါလွတ်ပြီ”လို့ သိပြီး, လွတ်ငြိမ်းဖြစ်နေ၏။ ထိုသူ၏ စိတ်မှာ အေးသွားပေပြီ။ ထိုအေးသွားမှုသည်သာလျှင် လွတ်ရာ နယ်ပယ်နှင့်စပ်၏။

ဆိုလိုရင်း....ရန်သူကို ကြောက်စိတ်သည် ပုဂ္ဂိုလ်နှင့်စပ်၏။ ကြောက်စိတ်ပြေသွားမှုသည် လွတ်မြောက်ရာ နယ်ပယ်နှင့်သာ စပ်၏။ ပုဂ္ဂိုလ်နှင့်မစပ်ဟူလို။

စပ်ဟပ်ချက်။ ရန်သူလက်မှ လွတ်ရန်ပြေးသူနှင့် ကိလေသာ, ကံ, သင်္ခါရ,ဘဝဒုက္ခာမှလွတ်အောင် တရားအားထုတ်သူ ယောဂီတူ၏။ ရန်သူမှ လွတ်ရာနယ်ပယ်ကြီးကို မြင်လိုက်ရဒါနဲ့-ယောဂီပုဂ္ဂိုလ် နိဗ္ဗာန်ကို မြင်ရဒါတူ၏။ လွတ်ရာနယ်ပယ်ကိုမြင်မှ စိတ်အေးသွားဒါနဲ့-နိဗ္ဗာန်ကိုမြင်ရမှ ကိလေသာ, ကံ, သင်္ခါရ, ဘဝဒုက္ခာတွေ ချုပ်ငြိမ်းသွားဒါတူ၏။ ရန်သူကြောက်စိတ်သည် လွတ်လိုသူနှင့်စပ်သလို-ကိလေသာ, ကံ,သင်္ခါရ ဘဝဒုက္ခာတွေကြောက်စိတ်သည် ယောဂီပုဂ္ဂိုလ်သန္တာန်နှင့်စပ်၏။ ရန်သူမှ လွတ်မှုသည်

လွတ်မြောက်ရာနယ်ပယ်နှင့်သာစပ်သလို ကိလေသာ,ကံ,သင်္ခါရ, ဘဝခန္ဓာတို့မှ လွတ်မှုသည် နိဗ္ဗာန်နှင့်သာစပ်၏။ ယောဂီပုဂ္ဂိုလ် သန္တာန်နှင့်မစပ်ဟူလို။

ဤမျှဖြင့်....နိဗ္ဗာန်သည်ဘယ်မှာလဲ၊ ?ပုဂ္ဂိုလ်သတ္တဝါသန္တာန်မှာ ရှိသလားဆိုတဲ့ မေးခွန်းကို သဘောသဘာဝအားဖြင့် ဖြေနိုင်လောက်ပေပြီ။ ရှေ့ဆက်လက်ပြီး ဝါဒရှင်အချို့တို့၏နိဗ္ဗာန်ကိုဝေဘန်ဆန်းစစ်ကြည့်ကြပါစို့။

## ဝါဒရှင်အချို့တို့၏နိဗ္ဗာန်

စာရှုသူ ဓမ္မမိတ်ဆွေ....ဓမ္မမိတ်ဆွေ**ဟာ** ဝါဒရှင်အချို့တို့ရဲ့ နိဗ္ဗာန်ယူဆထားပုံကိုတွေ့ခဲ့ရပါပြီ။ သူတို့ရဲ့ ယူဆထားကြပုံက။

## မဂ်ပေါက်ဖိုလ်ဝင်တွင်

(မဖြစ်ပေါ်မှု မပေါ်ပေါက်မှုက“မပေါ်ပေါက်ဘဲနေတာ” မြင်ပါ) ဟူ၍၊ စိတ်ထဲမှာ ဘာဘာညာညာတွေ ဖြစ်တာ,ဇာတိ၊ ထိုဇာတိမဖြစ်ခင်က မဖြစ်ပေါ်ဘဲနေတာကို နိဗ္ဗာန်ဟူ၍ ဓာတ်တရားကြီးကို ကုတ်နဲ့မရ,မက, ကော်ပြခဲ့ပြီးကြပြီ။

ဟိုဟာဒီဟာ အရောရောတွေ မတွေးတော မကြံစည်ခင်က, တွေးတောကြံစည်မဲ့ စိတ်ကလေးတွေ “မရှိနှင့်ဘဲ” အဖြစ်ငြိမ်း ဓာတ်သိမ်းနေပါသည်ဟူ၍ “ငြိမ်း”ပြလိုက်ကြပြီး၊ ဤခန္ဓာကိုယ်ထဲမှာ (ကွက်လပ်) နိဗ္ဗာန်ကို မရ,အရရှာကြံ၍ ပြကြပြန်သည်။

ဒါတွေကို....နောက်မှာ ဝေဘန်ပြခဲ့ပါပြီ။ ထိုဝါဒရှင်များသည် ဤလိုစိတ်ကူးယဉ်နိဗ္ဗာန်မျိုးကို“ဒါကျုပ်တို့ရဲ့အယူအဆ

ကျုပ်တို့ရဲ့ဝါဒပါ”ဆိုရင် ဘာမှပြောစရာမလိုပေ။ ယခုတော့ ဘုရားဟောနှင့် ရောလှိမ့်ကြပါသည်။

## ဘုရားဟောနှင့် ရောလှိမ့်ခြင်း

လောကကြီးမှာ....ပညာရှိနှင့်ပညာမဲ့သည် ပညာမဲ့ကများ၍၊ ပညာမဲ့သူတို့အတွက် သူတို့လှိမ့်သလိုခံရမည်သာတည်း။

## မဂ်ပေါက်ဖိုလ်ဝင်မှု

“အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အသခ်တံ”

နေတ္တိပါဠိတော်အရ၊ သတ္တဝါတိုင်း သတ္တဝါတိုင်းမှာ မူလပကတိ နဂိုသဘောအားဖြင့် ချုပ်ပြီးသား၊ ငြိမ်းပြီးသား၊ အေးပြီးသား ဆိုတဲ့ (နဂိုမူလ နိဗ္ဗာန်) တရားကြီး မပြုမပြင်, မစီရင်ရဘဲ ထင်ရှားကေန်, အမှန်အားဖြင့် ရှိပါတယ်၊ ငြင်းကွယ်လို့ မရပါဘူးတဲ့။

ကဲ-ဓမ္မမိတ်ဆွေ၊ အဲဒီရေးသားချက်ကို သေသေချာချာဖတ်ကြည့်ပါတော့၊ အဲဒီအထဲမှာ အမှားဘယ်နှစ်ချက်လောက် တွေ့နေသလဲ။?

တစ်နံပါတ် အမှားက....နေတ္တိပါဠိတော်အရဟု ဆို၏။ ၎င်း နေတ္တိပါဠိတော်သည် ဘုရားဟောမဟုတ်၊ ရှင်မဟာ ကစ္စည်းထေရ်ဟောသော ပါဠိတော်ဖြစ်၏။ “အတ္ထိ ဘိက္ခဝေ” စတဲ့ ပါဠိတော်ကတော့ ဥဒါန်း ပါဠိတော်ပင်ဖြစ်၏။ ဘုရားဟောလဲ ဟုတ်ပါ၏။ ရှိစေတော့, ဘုရားဟောကျမ်းနဲ့ သာဝကဟော ကျမ်းကို ခွဲခြားမသိဒါ သူတို့အပြစ်ဘဲ။

နှစ်နံပါတ်အမှားက....သတ္တဝါတိုင်း သတ္တဝါတိုင်းမှာဟု ဆိုထားပြန်၏။ ထိုစကားမျိုးသည် တခုစီ ကွဲပြား နေဒါတွေကို အကုန်နှံ့အောင်ပြောတဲ့ စကားမျိုးဖြစ်၍ စာပေသုံး "ဝိစ္ဆာ" စကားဟုခေါ်၏။

"ဂါမေ ဂါမေ ရမဏီယော" ရွာတိုင်းရွာတိုင်း ပျော်စရာကောင်း၏ လို့ရွာတကာနှံ့အောင်သုံးသော စကားမျိုးမှာပင်ဖြစ်၏။ ယခုလဲ သတ္တဝါတိုင်း သတ္တဝါတိုင်းမှာ နိဗ္ဗာန်ရှိတယ်လို့ သုံးလိုက်ခြင်းသည်လည်း၊ သတ္တဝါမှန်သမျှနှံ့အောင် သုံးထားလျှင်ဖြင့် ခွေး၊ ဝက်၊ ကြက်တို့မှာပင်လျှင် နိဗ္ဗာန်ရှိတယ်ဟုယူဆထားသလောဟု မေးမြန်းရန်ပင် ဖြစ်တော့၏။

သုံးနံပါတ်အမှားက....မူလပကတိ နဂိုသဘောအားဖြင့်ချုပ်ပြီးသား၊ ငြိမ်းပြီးသား၊ အေးပြီးသား ဆိုတဲ့ (နဂိုမူလနိရောဓ) တရားကြီးဟု နိဗ္ဗာန်ကို ချီးကျူးထားလျက် ထိုနဂိုငြိမ်း နိဗ္ဗာန်ကြီး သတ္တဝါတိုင်းမှာ အမှန်ရှိတယ်လို့ဆိုထားခြင်းဖြစ်၏။

## စိစစ်ကြပါစို့

ပါဠိတော်တွေ အဋ္ဌကထာတွေမှာ သေသေချာချာ ဖွေရှာခဲ့သော် နောက်က ပြခဲ့ပြီးဖြစ်သော ဥပ္ပါဒသံယုတ် တခုလုံးနှင့် ဒုက္ခုပ္ပါဒသုတ်တွေမှာ သတ္တဝါတွေလို့ ခေါ်တဲ့ ရုပ်နာမ်ခန္ဓာတွေဖြစ်ပေါ်သမျှ၊ ဒုက္ခတွေ ဖြစ်ပေါ်နေဒါဘဲလို့ တွေ့ရပါတယ်။

"ဥပါဒါနက္ခန္ဓာနံ အာဒိဒုက္ခံ ဇာတိ၊ မဇ္ဈေဒုက္ခံ ဇရာ၊ ပရိယောသာနဒုက္ခံ မရဏံ။" (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ဥပါဒါနက္ခန္ဓာနံ၊ ဥပါဒါနက္ခန္ဓာတို့၏။ အာဒိဒုက္ခံ၊ အစဖြစ်သော ဆင်းရဲကား။ ဇာတိ၊ ဇာတိပင်တည်း။ မဇ္ဈေဒုက္ခံ၊ အလယ်ဖြစ်သော ဆင်းရဲကား။ ဇရာ၊ ဇရာပင်တည်း။ ပရိယောသာနဒုက္ခံ၊ အဆုံးဖြစ်သော ဆင်းရဲကား။ မရဏံ၊ မရဏပင်တည်း။

ဤအဋ္ဌကထာဆရာအလိုအားဖြင့် ဥပါဒါနက္ခန္ဓာသာဖြစ်တဲ့ လောကီခန္ဓာငါးပါးသည် အစ၊ အလယ်၊ အဆုံး သုံးပါးလုံးမှာ ဖြစ်၊ တည်၊ ပျက်၊ ဇာတိ၊ ဇရာ၊ မရဏ ဒုက္ခသုံးမျိုးသာ ရှိသည်ဟု သိမှတ်ရပါသည်။

ဤကဲ့သို့ ပါဠိတော် အဋ္ဌကထာတွေအလို ဤခန္ဓာမှာ (သတ္တဝါတိုင်းမှာ) နဂိုငြိမ်းတရားကြီး ဘယ်လိုရှာလို့မှမရပါကလား။

## ပါဠိတော်အရ သဘာဝချင်းခြားနားပုံ

"အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ"

ဘိက္ခဝေ၊ ရဟန်းတို့။ အဇာတံ၊ မဖြစ်ခြင်းသည်လည်း။ ဝါ၊ ဇာတိ၏ချုပ်ငြိမ်းခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ အဘူတံ၊ မဖြစ်ပေါ်ခြင်းသည်လည်း၊ ဝါ၊ ဖြစ်ပေါ်မှုချုပ်ငြိမ်းခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ အကတံ၊ မပြုရခြင်းသည်လည်း။ ဝါ၊ ပြုမှုလုပ်မှု၏ ကင်းငြိမ်းခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ အသင်္ခတံ၊ အဖန်ဖန်မပြုရခြင်းသည်လည်း။ ဝါ၊ အဖန်ဖန်ပြုပြင်မှုဟူသော သင်္ခါရဒုက္ခမှ ကင်းခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏၊

ဤပါဠိတော်၏သိစေတော်မူလိုရင်းမှာ… မဖြစ်,မပေါ်,မပြု, မပြင်ဟူသော ဂုဏ်နှင့်ပြည့်စုံသော နိဗ္ဗာန်တရားသည် ပရမတ္ထအားဖြင့် ထင်ရှားရှိ၏ ဟူ၍ ဖြစ်ပါသည်။ သတ္တဝါတိုင်းမှာရှိသည်ဟု သိစေတော်မူလိုသည်မဟုတ်ပါ။

နှိုင်းယှဉ်ရန်မှာ, အထက်ပါ ပါဠိတော်အရ အသင်္ခတနိဗ္ဗာန်သည် ဖြစ်ခြင်း, ပေါ်ခြင်း, ပြုလုပ်ရခြင်း, ပြုပြင်ရခြင်းမရှိဟုမှတ်ပါ။သင်္ခတ တရားသည် ဖြစ်ခြင်း,ပေါ်ခြင်း,ပြုလုပ်ရခြင်း,ပြုပြင်ရခြင်းရှိသည်ဟုအကျဉ်းချုပ်အားဖြင့် ခွဲခြားမှတ်သားထားပါ။

## ဖြစ်–နှင့်–မဖြစ်

"အတ္ထိ ဘိက္ခဝေ အဇာတံ" စသော ပါဠိတော်အရ နိဗ္ဗာန်သည် အဇာတ၊ မြန်မာလိုအဖြစ်ကင်းနေ၏။ "မဖြစ်"ဟု မှတ်ပါ။ သူရဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ သင်္ခတ တရားများကို ဇာတ၊ မြန်မာလို "ဖြစ်တယ်"၊ "ဖြစ်"ဟုမှတ်ပါ။ ဤဖြစ်ဆိုတဲ့ သင်္ခတ တရား၏ နောက်က "ပျက်" ဆိုဒါကလဲ အမြဲပါနေလေတော့- ဖြစ်သမျှ ပျက်ကြရ၏။ ဤကား သင်္ခတ တရား၏ ဓမ္မတာ လမ်းစဉ်တည်း။

ဤသို့…အကြောင်း တရားတို့ကြောင့် ဖြစ်နေရခြင်းကိုပင်၊ သင်္ခတဟူ၍ ခေါ်ရ၏၊ လောကဟူ၍လည်း ခေါ်ရ၏။ ဇာတိ ဇာတ-ဟူ၍လည်းခေါ်ရ၏။

အကြောင်းတရားတို့ ချုပ်ငြိမ်း၍ သင်္ခတ တရားမဖြစ်ခြင်းကို အဇာတဟူ၍ခေါ်၏။ အဖြစ်မရှိသော် အပျက်သည်း မရှိသေ

ကြောင့်, "အမတ"လို့လဲ ခေါ်၏။ အဖြစ်အပျက် မရှိသော်ကြောင့် လောကုတ္တရာ, လောကကို လွန်နေတယ်, လောကမှ ထွက်မြောက် နေတယ်လို့လဲ ခေါ်ရပါ၏။ အကြောင်းတရား ချုပ်ငြိမ်းပြီး၍ အကျိုးတရားတွေ မဖြစ်လာသောကြောင့် အသင်္ခတ, အပြုအပြင် ကင်းနေတယ်လို့လဲ ခေါ်ရပါ၏။

## ပေါ်-နှင့်-မပေါ်

"အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ" စသော ပါဠိတော်ဝယ် အဘူတံပုဒ်အရ၊ နိဗ္ဗာန်သည် အစဉ်ဖြစ်နေခြင်း,ပေါ်ခြင်း မရှိ၍, "မပေါ်"ဟုမှတ်ပါ။ သူရဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ သင်္ခတ တရားများကိုတော့ အကြောင်းမကင်းသရွေ့ အစဉ်မပြတ် ဖြစ်နေကြသောကြောင့် ပေါ်နေတဲ့သဘော "ပေါ်"ဟု မှတ်ပါ။

သင်္ခတ တရားများသည်ဖြစ်ပြီးသည့်နောက် ဌီအနေဖြင့်၎င်း၊ သန္တတိအနေဖြင့်၎င်း, ထင်ရှားနေခြင်းကို "ပေါ်သည်" ဟူ၍ ခေါ်၏။ ပါဠိလို "ဘူတ" ဟူ၍ ခေါ်ရ၏။

အသင်္ခတ တရားသည် ဖြစ်သည်ဟူ၍၎င်း၊ ပေါ်သည် ဟူ၍၎င်း မရှိရကား "အဘူတ"ဟူ၍ ဟောတော်မူ၏။

## ပြုလုပ်ရ-နှင့်-မပြုလုပ်ရ

"အတ္ထိ ဘိက္ခဝေ" စသည့် ပါဠိတော်ဝယ် "အကတံ" ဟူသော ပုဒ်အရ နိဗ္ဗာန်သည် မည်သူတဦးတယောက်ကမျှပြုလုပ်ထားသော တရားမဟုတ်၊ ပရမတ္ထ သဘာဝအနေဖြင့် ထင်ရှားရှိနေသော တရားဖြစ်ခြင်းကြောင့်၊ "အကတ" ဟု ဟောတော်

မှုလေရကား မပြုလုပ်ရ၊ ပြုလုပ်ထားသော တရားမဟုတ်ဟု မှတ်ပါ။

သူရဲ့ဆန္ဒကျင်ဘက်ဖြစ်တဲ့ သင်္ခတ တရားကတော့ အမျိုးမျိုးသော ကံ၊ သင်္ခါရတွေကို ပြုပေးလုပ်ပေးမှ ဖြစ်ပေါ်ရသော တရားမျိုးဖြစ်ခြင်းကြောင့် ပါဠိလို "ကတ" မြန်မာလို ပြုလုပ်ရသော တရားဟူ၍ မှတ်ပါ။

သင်္ခတ တရားတခုဖြစ်ပေါ်လာစေရန် ကံအမျိုးမျိုးကိုပြုလုပ်ရ၏။ ပြုလုပ်၍ ဖြစ်ပေါ်လာပြန်ပါသော်လဲ အပြုခံ သဘော၊ မမြဲတဲ့သဘော ဖြစ်လေသောကြောင့်၊ နောင်အဖြစ်ကောင်းတို့ ကံအမျိုးမျိုးတွေကို ပြုလုပ်နေကြရ၏။ ထို့ကြောင့် သင်္ခတတရားဖြစ်ဘို့ ပြုလုပ်ရ၏။ သို့ပြုလုပ်နေရခြင်းကိုပင် ပါဠိလို "ကတ" ဟုခေါ်၏။

အသင်္ခတ မဟာနိဗ္ဗာန်ဟူသည် သောတာပတ္တိမဂ်နှင့်တကြိမ်တခါ မျက်မှောက်ပြုပြီးသည်ရှိသော်၊ ထိုမျက်မှောက်ပြုထားတဲ့ နိဗ္ဗာန်ကြီး ပျက်စီးသွားသည်ဟူ၍ မရှိတော့သဖြင့် ထိုသောတာပန်ပုဂ္ဂိုလ်သည် ဘဝပြောင်းသော်လဲ နောက်ဘဝအတွက်နိဗ္ဗာန်ကြီးတခု မပြုလုပ်ရတော့ပါ။

ဆိုလိုရင်းမှာ....တကြိမ် မျက်မှောက်ပြုပြီးသော နိဗ္ဗာန်သည် အမတဓာတ်၊ မပျက်စီးသော သဘောဖြစ်၍၊ အကြိမ်ကြိမ်မျက်မှောက်ပြုရန်၊ အကြိမ်ကြိမ် မပြုလုပ်ရခြင်းကို ပါဠိလို "အကတ" ဟုဘုရားရှင် ဟောတော်မူခဲ့ပါသည်။

တကြိမ် မျက်မှောက်ပြုပြီးနောက်....နောက်ထပ် မျက်မှောက်ပြုရန် နိဗ္ဗာန်ကြီးတခု မပြုလုပ်ရသည်ကို "အကတ"ဟုသေသေချာချာမှတ်ပါ။ နိဗ္ဗာန် မျက်မှောက်ပြုရန် မဂ်ဉာဏ်အတွက်ကတော့ ပြုလုပ်အားထုတ်မှ ရသည်ဟူ၍ ခွဲခြားမှတ်သားပါလေ။

## ပြုပြင်ရ-နှင့်-မပြုပြင်ရ

ပါဠိတော်လာ"အသင်္ခတ"ပုဒ်အရ နိဗ္ဗာန်တရားသည် မပျက်စီးတတ်သော နိစ္စတရားမျိုးဖြစ်၍၊ ပြုပြင်ရသည်မရှိသောကြောင့် "အသင်္ခတ"ဟုဘုရားရှင် ဟောတော်မူပေသည်။

သင်္ခတ တရားများသည် မမြဲသော အနိစ္စမျိုးဖြစ်၍ အကြိမ်ကြိမ်ပျက်တတ်သောကြောင့် မပြတ်ပြုပြင်ပေးရ၏။ ဤသို့ပြုပြင်ရသောကြောင့် "သင်္ခတ"ဟူ၍ မှတ်သားရမည်။

**သတ္တာဝါတိုင်း သတ္တာဝါတိုင်းမှာ နိဗ္ဗာန်မရှိ။**

အထက်ပါ....ပါဠိတော် အဓိပ္ပါယ်အရနှင့် သဘာဝချင်းခြားနားပုံကို ထောက်သောအားဖြင့် သင်္ခတ ဖြစ်သော သတ္တာဝါသဏ္ဍာန်နှင့် အသင်္ခတဖြစ်သော နိဗ္ဗာန်သည် ဘယ်နည်းနဲ့မှယှဉ်တွဲ ပေါင်းစပ်၍ မရနိုင်ကြောင်း၊ (ဝါ) သတ္တာဝါတိုင်း သတ္တာဝါတိုင်းမှာနိဗ္ဗာန်မရှိကြောင်း နားလည်လောက်ပေပြီ။

သို့ပါသော်လဲ....ဘုရားဟော ထောက်ပြနိုင်မှ ခိုင်လုံမည်ဖြစ်သောကြောင့်၊ဘုရားဟော ပါဠိတော်ကို ထောက်ပြရပါဦးမည်။

ထောက်ပြရန် ပါဠိတော်တွေ အများအပြားရှိကြပေမဲ့၊သူတို့

ရေးသားထားသည့် ပါဠိတော်ကိုပင် ရှေးဦးထား၍ ထောက်ပြရပေမည်။

သူတို့ရေးသားထားသောပါဠိတော်မှာ မဆုံးသေးပါ။ ၎င်း၏အောက်နားမှာ....

၁။ "ယသ္မာစခေါ ဘိက္ခဝေ အတ္ထိ အဇာတံ အဘူတံ အကတံ အသင်္ခတံ"

၂။ "တသ္မာ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယတိ"။

ဟူသော ပါဠိတော် နှစ်ဝါကျကို တွေ့နိုင်ပါသည်။

ထို....ပါဠိတော် နှစ်ဝါကျ၏ လိုရင်းအဓိပ္ပါယ်မှာ...."ရဟန်းတို့၊ အကြင်ကြောင့် မဖြစ်, မပေါ်, မပွ, မပြင်ရခြင်း ဟူသော နိဗ္ဗာန်သည် ရှိ၏။ ထို့ကြောင့် ဖြစ်,ပေါ်,ပွ,ပြင်ဟူသော သင်္ခတနယ်မှ ကျွတ်လွတ်ထွက်မြောက်လျက် အသင်္ခတဓာတ် ပရမတ်အနေဖြင့်သာ ထင်ရှားရှိကြောင်း"(သတ္တဝါသန္တာန်မှာ နိဗ္ဗာန်မရှိကြောင်း) ဟောတော်မူပါသည်။

ဤသို့လျှင်....သူတို့ ကိုးကားသော ပါဠိတော်အရ၊ ထိုသို့ဆုံးဖြတ်ရကြောင်း တင်ပြရပေသည်။ ဤနေရာမျိုးကိုထောက်၍ ဝါဒရှင်အချို့တို့သည် ဘုရားဟောပါဠိတော်ကိုလိုရာကွက်ယူပြီး မတရားဝေဘန်ရေးသား ဟောကြားသူတွေဟူ၍ သတ်မှတ်ရပေမည်။

ဒုက်ဥ္မဝင် အပြစ်ထင်

"အဟာပေတွာ ဝိဘဇိတဗ္ဗ ဝိဘဇနဉ္ဇ အဘိဓမ္မပရိယာယော"

အဟာပေတွာ၊ မယုတ်လျော့စေမူ၍။ ဝိဘဇိတဗ္ဗ-ဝိဘဇနံ၊ ဝေဘန်အပ်သော တရားကို ဝေဘန်ခြင်းသည်။ ဟိ၊အကယ်မလွဲ သဖြင့်။ အဘိဓမ္မပရိယာယော၊ အဘိဓမ္မာ၏ပရိယာယ်ပေတည်း။

ဤ...မူလဋီကာ၏အဓိပ္ပါယ်မှာဘုရားရှင်သည်အဘိဓမ္မာတရားကို ဟောတော်မူရာဝယ် ခွဲခြမ်း ဝေဘန်အပ်သော တရားမှန်သမျှကို အကြွင်းအကျန်မထားဘဲ တိတိကျကျခွဲခြမ်း ဝေဘန်၍ ဟောတော်မူခဲ့ပါပေသည်။ ဤသို့ဟောတော်မူခြင်းသည် အဘိဓမ္မာဒေသနာ၏ သဘောပင်တည်း။

ထို....အဘိဓမ္မာဒေသနာဝယ် ဓမ္မသင်္ဂဏီကျမ်း ဒုကမာတိကာ၌

၁။ သပစ္စယာဓမ္မာ။ အပစ္စယာဓမ္မာ။

၂။ သင်္ခတာဓမ္မာ။ အသင်္ခတာဓမ္မာ။

ဟူ၍၊ အားလုံးသောစိတ် (၈၉)၊ စေတသိတ်(၅၂) ဟူသော နာမ်တရာများ။ ရုပ်(၂၈)ဟူသော အားလုံးသော ရုပ်တရားများ။ ဤနာမ်ရုပ်တရားများကို ကံ,စိတ်,ဥတု,အာဟာရ, ဆိုဘဲ့ အကြောင်းတရား လေးပါးတို့နှင့်တကွ ဖြစ်တဲ့"သပစ္စယဓမ္မ"။ အကြောင်းတရား လေးပါးကို ပြုပြင်စီရင်အပ်တဲ့ "သင်္ခတဓမ္မ" ဟူ၍ တပိုင်းခွဲခြား၍ ဟောတော်မူခဲ့ပါသည်။

ဂုင်းနောက်....နိဗ္ဗာန်တရားကိုတော့၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရ၊ ဆိုတဲ့အကြောင်းတရားတို့နှင့် အတူတကွမဖြစ်သော "အပစ္စယ ဓမ္မ"။ အကြောင်းတရား လေးပါးတို့ မပြုပြင် မစီရင်ရသော "အသင်္ခတဓမ္မ" ဟူ၍ တပိုင်းခွဲခြား၍ ဟောတော်မူခဲ့ပါသည်။

ဤကဲ့သို့....တပိုင်းစီ တခြားစီ ဖြစ်လို့ တပိုင်းစီ၊ တခြားစီ သာဟောတော်မူခဲ့ပါလျက်၊ အပိုင်းချင်းရောယှက်ကာ သတ္တဝါ တိုင်းမှာ နိဗ္ဗာန်ရှိသည်ဟုဆိုခြင်းသည် အဘိဓမ္မာ၊ ဒုက မာတိကာ ပါဠိတော်၌ မပါဝင်သည့်၊ မရှိသည်ကို အရှိလုပ်၍ ဆိုရာရောက် နေပါသည်။

ဤလို....အဘိဓမ္မာဒေသနာ၌ မရှိသည်ကို အရှိလုပ်လိုက်ခြင်း သည်....

"အဘိဓမ္မေ ဒုပ္ပဋိပန္နော စိတ္တက္ခောပံ ပါပုဏာတိ။"

အဘိဓမ္မေ၊ အဘိဓမ္မာ၌။ ဒုပ္ပဋိပန္နော၊ မကောင်းသဖြင့် လွန်၍ ကျင့်သောသူသည်။ စိတ္တက္ခောပံ၊ စိတ်ပျံ့လွင့်ခြင်းသို့။ ပါပုဏာ တိ၊ ရောက်၏။ ဟူသောအဋ္ဌသာလိနီ အဋ္ဌကထာအရ၊ အဘိဓမ္မာ ကို ကျော်လွန်ရာ ရောက်သဖြင့် စိတ်များ ပျံ့လွင့် နေရှာကြ သလား? ဟုတွေးမိပါသည်။

ထိုသို့ ...အဘိမ္မာ၌ မရှိသည်ကို အရှိလုပ်လာလျှင်....

"အဘိဓမ္မေ အဘာဝေ ပိ၊ နိသေဓောယေဝ သဗ္ဗထာ"။

အဘိဓမ္မေ၊ အဘိဓမ္မာ၌။ အဘာဝေ ပိ၊ မရှိသည် ကိုလဲ၊ သဗ္ဗထာ၊ အခါခပ်သိမ်း။ နိသေဓောယေဝ၊ မရှိဘူး၊ မဟုတ်ဘူး။

လို့ တားမြစ်ရာသည်သာတည်း။ ဟူသောဋီကာကျော် မှာတမ်း အရလဲ့ မရှိဒါကို အရှိလုပ်လျှင်၊ ဘယ်အခါမှ မဟုတ်တော့ပြီ ဟူ၍ပင်ဖြစ်၏။

ဘုရားဟောနှင့် တနည်းရှောလှိမ့်ကြသည်။

"အပိစ ခွ ါဟံ အာဝုသော ဣမသ္မိံယေဝ ဗျာမမတ္တေ ကဠေဝရေ(လ) လောကနိရောဓဉ္စ၊" အစရှိသဖြင့် ရောဟိတဿ နတ်သားအား ဘုရား ဟောတော်မူသည်ကို ထောက်ထား၍၊ ခန္ဓာမှာ နိဗ္ဗာန်ရှိကြောင်း ရေးသားကြပြန်သည်။ (ထေရုပ္ပတ္တိ)

ဤကဲ့သို့.... ယူဆရေးသားကြမည်ကို မြင်တော်မူ ကြသော အဋ္ဌကထာဆရာကြီးများသည်။

"အဒေသမ္ပိဟိ တံ ယေသံ နိရောဓော၊တေသံ ဝသေန ဥပစာရတော ပိ နိဒ္ဒိသိယတိ။"

တံ၊ထိုနိဗ္ဗာန်သည်။ အဒေသမ္ပိ၊ တည်ရာဌာန မရှိငြားသော် လည်း။ ယေသံ၊ အကြင်ဒုက္ခသမုဒယသစ္စာ နှစ်ပါးတို့၏။ နိရောဓော၊ ချုပ်ငြိမ်းခြင်းသည်။ အတ္ထိ၊ရှိ၏။ တေသံ၊ ထိုချုပ်ငြိမ်းကြသော ဒုက္ခသမုဒယတို့၏။ ဝသေန၊ စပ်ခြင်းဖြင့်။ဥပစာရတော ပိ၊ ချုပ်ငြိမ်းမှုကို ချုပ်ငြိမ်းရာ၌ တင်စားသော အားဖြင့် လည်း။ နိဒ္ဒိသိယတိ၊ "ဣမသ္မိံ, ဗျာမမတ္တေ, ကဠေဝရေ" ဟူ၍ ညွှန်ပြ အပ်၏။ ဤတလံမျှသော ခန္ဓာကိုယ်၌ နိရောဓသစ္စာကို ငါဘုရား ပညတ်ပေသည်ဟုညွှန်ပြအပ်၏။

ဤ...ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာအလိုမှာ...ဒုက္ခ သမုဒယ နှစ်ပါးတို့သည် ခန္ဓာမှာရှိကြ၏။ ထိုသို့ ရှိကြရာတွင် သမုဒယကို မဂ်နှင့်ပယ်လိုက်သောအခါ သမုဒယ အကြွင်းမဲ့ချုပ်ရ၏။ ထို သမုဒယကို အကြောင်းခံဖြစ်မည့် ဒုက္ခသစ္စာလည်း သမုဒယနှင့် အတူ ချုပ်ငြိမ်းသွား၏။ ထိုချုပ်ငြိမ်းသွားကြသော ဒုက္ခ သမု ဒယ နှစ်ပါးတို့သည် ခန္ဓာမှာမရှိကြလေပြီ။ သူတို့၏ ချုပ်ငြိမ်းမှု သည် အနုပါဒိသေသ နိဗ္ဗာန် အာရုံကြီးနှင့် စပ်မိကြ လေပြီ။

ထိုသို့...မရှိကြသော်လဲ ချုပ်ငြိမ်းမှုနှင့်ခန္ဓာသည် "ဤတရား တို့သည် ဤခန္ဓာမှာ ချုပ်ငြိမ်းသည်"ဟူ၍ တင်စား၍ပြောကြရ ပေသည်။

ဥပမာ...အခြေလေးချောင်း သတ္တဝါ၌ အများ အားဖြင့် ဦးချို(ဂျို) ရှိသည်ကိုအစွဲပြု၍ ယုန်၌ ချိုမရှိငြားလည်း ယုန်ချို ဟုခေါ်ဝေါ် ပြောဆိုကြ သကဲ့သို့သာ မှတ်ယူကြ ရသည်ဟု အဋ္ဌကထာဆရာမိန့်မှာခဲ့ပေသည်။

ထို့ကြောင့်...အဋ္ဌကထာ ဆရာ၏ အလိုကို ထောက်သော် တလံမျှလောက်သော ခန္ဓာကိုယ်၌၊ နိဗ္ဗာန်ကို ငါဘုရားပညတ်၏ ဟူသော ဒေသနာသည် "မုချ" "ဥပစာ" ဒေသနာနှစ်မျိုးတို့တွင် တိုက်ရိုက်ယူအပ်သော မုချဒေသနာမဟုတ်။ တင်စား၍ ခေါ် ဝေါ်ရသော ဥပစာဒေသနာမျိုးဟူ၍ မှတ်ယူရသည်။

## တိုက်ရိုက်ယူလျှင်မိစ္ဆာဒိဋ္ဌိ

အထက်ပါ...ဒေသနာမျိုးကို တိုက်ရိုက်ယူထားပြီး သတ္တဝါ တိုင်းမှာ နိဗ္ဗာန်ရှိသည်ဟူငြားအံ့။ သဿတ-ဥစ္ဆေဒ ဒိဋ္ဌိ နှစ်မျိုး

တို့တွင် တမျိုးမျိုး ဖြစ်ရာ၏။ မဇ္ဈိမ ပဋိပဒါသို့ မဝင်နိုင်ပြီ၊ မဂ်ဖိုလ်မရနိုင်ပြီ။

## ကထာဝတ္ထုပါဠိတော်

၁။ ပရိနိဗ္ဗုတော ပုဂ္ဂလော အတ္ထတ္ထမှီတိ၊ အာမန္တာ။
၂။ ပရိနိဗ္ဗုတော ပုဂ္ဂလော နတ္ထတ္ထမှီတိ၊ အာမန္တာ။

(၁) ပရိနိဗ္ဗုတော- ပုဂ္ဂလော၊ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်သည်။ အတ္ထမှိ၊ နိဗ္ဗာန်၌။ အတ္ထိ ရှိပါသလော။ ဣတိ၊ ဤသို့မေး သည်ရှိသော်။ အာမန္တာ၊ အိမ်း၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်နိဗ္ဗာန်မှာရှိတယ်။

(၂) ပရိနိဗ္ဗုတောပုဂ္ဂလော၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်သည်။ အတ္ထမှိ၊ နိဗ္ဗာန်၌။ နတ္ထိ၊ မရှိဘူးလော။ ဣတိ၊ ဤသို့ မေးသည်ရှိသော်။ အာမန္တာ၊ အိမ်း၊ ပရိနိဗ္ဗုတပုဂ္ဂိုလ် နိဗ္ဗာန်မှာမရှိဘူး။

အဓိပ္ပါယ်အကျဉ်းမှာ ....ကိလေသာ ခန္ဓာတို့ ချုပ်ရာနိဗ္ဗာန်၌ ပရိနိဗ္ဗုတပုဂ္ဂိုလ်ရှိသလား....?။မရှိဘူးလား....? ဟူသော ပရဝါဒီ၏အမေးနှစ်မျိုးကို အာမန္တာ, ဟုတ်တယ်, ရှိတယ်,မရှိဘူးလို့ ဖြေတယ်။ ဘာ့ကြောင့်လဲ? ပုဂ္ဂိုလ်ဟူသည် ပရမတ္ထအားဖြင့်မရှိ လေတော့ ဒီလိုဘဲ ဖြေလိုက်ပါသည်။ဒီလိုနိဗ္ဗာန်မှာပုဂ္ဂိုလ်ရှိတယ် မရှိဘူးဆိုရင်, ဘယ်လိုလဲဆိုတဲ့ အနေနဲ့ ဆက်မေးပြန်တယ်။

၁။ ပရိနိဗ္ဗုတောပုဂ္ဂလောသဿတောတိ၊ နဟေဝံဝတ္တဗ္ဗေ။
၂။ ပရိနိဗ္ဗုတော ပုဂ္ဂလော ဥစ္ဆိန္နောတိ၊ နဟေဝံဝတ္တဗ္ဗေ။

(၁) ပရိနိဗ္ဗုတော- ပုဂ္ဂလော၊ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်သည်။

သဿတော၊ မြဲသလော။? ဣတိ၊ ဤသို့မေးသည်ရှိသော်။ ဝေ၊ ဤလိုမြဲတယ်လို့။ န-ဟိ၀တ္တဗ္ဗေ၊ မဆိုရာ။

(၂) ပရိနိဗ္ဗုတော-ပုဂ္ဂလော၊ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်သည်။ ဥစ္ဆိန္နော၊ ပြတ်သလော။? ဣတိ၊ ဤသို့မေးသည်ရှိသော်။ဝေ၊ ဤလိုပြတ်တယ်လို့။ န-ဟိ၀တ္တဗ္ဗေ၊ မဆိုရာ။

အဓိပ္ပါယ်အကျဉ်းမှာ....ပရိနိဗ္ဗုတ ပုဂ္ဂိုလ်ဟာ မြဲသလား? ပြတ်သလား?လို့ ဆိုတဲ့ပရဝါဒီအမေးနှစ်ခုကို "နဟေဝံ၀တ္တဗ္ဗေ" မြဲတယ်လဲမဆိုရ၊ ပြတ်တယ်လဲမဆိုရ ဟု သကဝါဒီက ပြန်ဖြေသည်။

ထိုနေရာ၌ ပရဝါဒီ ပုဂ္ဂိုလ်သည် အယူလွဲယူသောပုဂ္ဂိုလ်ကို ဆိုလို၏။ သူက ခန္ဓာငါးပါးကို ပုဂ္ဂလ,သတ္တ,အတ္တ,ဇီဝဟူသော အတ္တဒိဋ္ဌိအယူနှင့် ရဟန္တာများသည် စုတိစိတ်၏အခြားမဲ့၌နိဗ္ဗာန်မှာ မြဲနေသည်ဟူ၍၎င်း။ မမြဲမူ၍, ဤဘ၀တွင်သာ ပြတ်ကျန်ရစ်ခဲ့သည်ဟူ၍၎င်း။ သဿတ,ဥစ္ဆေဒ အယူတို့နှင့်မေး၏။ ထို့ကြောင့် သကဝါဒီဆိုတဲ့ အယူမှန် ပုဂ္ဂိုလ်က ဒီလိုမဆိုရဟု ပြန်ဖြေသည်။

ဤသို့....ပုဂ္ဂိုလ် သတ္တဝါ အယူ အတ္တဒိဋ္ဌိမှ မပျောက်လျှင် နိဗ္ဗာန်နှင့်စပ်၍ သတ္တဝါတိုင်းမှာ ရှိသည်ဟု ယူဆသူများသည်၊ သဿတ, ဥစ္ဆေဒဒိဋ္ဌိ တမျိုးမျိုးဖြစ်နေ၍၊ မဇ္ဈိမ ပဋိပတ် အစစ်ဖြစ်တဲ့ မဂ်ကို မရနိုင်ဟု မှတ်သားရာသည်။

## ခန္ဓာနှင့်နိဗ္ဗာန် ပုဂ္ဂိုလ်တို့တခြားစီ

ခန္ဓာနှင့် နိဗ္ဗာန်သည် တခြားစီ ဖြစ်မှန်းမသိသည့် ပရဝါဒီ ပုဂ္ဂိုလ်သည် ဤသို့မေး၏။

၁။ အညေ ခန္ဓာ အညံ နိဗ္ဗာနန္တိ၊ အာမန္တာ။
၂။ အညော ပုဂ္ဂလောတိ၊ နဟေဝံ ဝတ္တဗ္ဗေ။

(၁) ခန္ဓာ၊ ခန္ဓာတို့သည်။ အညေ၊ နိဗ္ဗာန်မှတပါးတို့လော? နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အညံ၊ ခန္ဓာမှဘပါးလော။? ဣတိ၊ ဤသို့မေးသည်ရှိသော်။ အာမန္တာ၊ အိမ်း,ခန္ဓာ နှင့်နိဗ္ဗာန်၊ နိဗ္ဗာန်နှင့်ခန္ဓာ တခြားတပါးစီ။

(၂) ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ အညော၊ ခန္ဓာ, နိဗ္ဗာန်မှ တခြားလော။? ဣတိ၊ ဤသို့မေးသည်ရှိသော်။ ဧဝံ၊ ဤပုဂ္ဂိုလ်ဆိုတာကို။ န-ဟိ-ဝတ္တဗ္ဗေ၊ မဆိုရာ။

အဓိပ္ပါယ်မှာ....ရဟန္တာများ စုတိသည်မှနောက်၊ နိဗ္ဗာန်မှာ မြဲသည်၊ သို့မဟုတ် ပြတ်သွားသည်ဟု မဆိုရသော် ရဟန္တာခန္ဓာ နှင့်နိဗ္ဗာန်ဟာ တခြားစီလားလို့ ပရဝါဒီရဲ့အမေးကို,သကဝါ ဒီက "အေးဟုတ်တယ်, ခန္ဓာနဲ့နိဗ္ဗာန်ဟာ တခြားစီ"လို့ ဖြေ တယ်။ ဒီလိုဖြေဒါတောင်မှ မကျေနပ်လို့ ဒီလိုဆိုရင် ရဟန္တာ ပုဂ္ဂိုလ်ကြီးကလဲ၊ ခန္ဓာ နိဗ္ဗာန်တွေနဲ့ လွတ်နေသလားလို့ဆက် မေးပြန်တယ်။ ပုဂ္ဂိုလ်ဆိုဒါပညတ်ပါ၊ သူ့ထည့်မမေးပါနဲ့လို့ ရှင်းရှင်းလေးဖြေပါတယ်။

ဤသည့်....အဘိဓမ္မာ ဒေသနာများကို ထောက်ထားလျက် သတ္တဝါတိုင်း, သတ္တဝါတိုင်းမှာ နိဗ္ဗာန်ရှိသည်ဟူသော ပုဂ္ဂိုလ်များသည် အဘိဓမ္မာ၌ မရှိသည်ကိုအရှိဟုယူဆကာ, အဘိဓမ္မာကို ကျော်လွန်သော "စိတ္တကေ္ခပ" ပုဂ္ဂိုလ်များသာဖြစ်လေရာသည်။

## အကောင်တွေ ပေါ်သလို

ဓမ္မမိတ်ဆွေ၊ ဝါဒရှင်တို့ရဲ့ နိဗ္ဗာန်ယူဆပုံတွေဟာဖြင့် ဘုရားဟော ပါဠိတော်တွေကို ဘယ်လိုဘဲ လိုရာကွက်ယူပြီး ညာဝါးနေပေမဲ့, ကိုယ့်အကောင်တွေ ကိုယ်ပေါ်ပြနေသလို၊ သူတို့ရဲ့အမူအကျင့်ဖြစ်တဲ့ ပါဠိတော်တွေကို လိုသလို ကွက်ယူတတ်ပုံ၊ မချ-ဥပစာ ဒေသနာနှစ်မျိုးလောက်မှ ခွဲခြားမယူတတ်ပုံတွေကို ဆိုင်ရာဆိုင်ရာ ကိုးကားပြီး ဝေဘန်ရေးသားခဲ့ပါပြီ။

## အဘိဓမ္မာမှ သုတ္တန်သို့

အထက်ပါ နိဗ္ဗာန်နဲ့ ပတ်သက်တဲ့ ဝေဘန်ချက်တွေမှာဖြင့် အဘိဓမ္မာပါဠိတော်တွေကို ခပ်များများ ကိုးကားပြခဲ့ပါတယ်။ နောက်ထပ် ဆက်လက်ပြီး သုတ္တန်ပါဠိတော်လာ နိဗ္ဗာန် အကြောင်း သိကောင်းစရာများကို ဆက်လက်ရေးသားလိုပါသေးတယ်။ ဒါတွေကိုလဲ "မြဲရာသံပတ်" ဆိုတဲ့ သဘောနဲ့ ကြည့်ရှုမှတ်သားပြီး, ဝေဘန်စေချင်ပါတယ် ဓမ္မမိတ်ဆွေ။

## ဘုရားဟောနိဗ္ဗာန်

သီလက္ခန္ဓဝဂ္ဂ ပါဠိတော် ကေဝဋ္ဋသုတ်ဝယ်, ကေဝဋ္ဋရဟန်းက မေးလျှောက်သဖြင့် ဘုရားရှင်ဟောတော်မူသော နိဗ္ဗာန်မှာ....

၁။ ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတောပဘံ။

ဧတ္ထ အာပေါစ ပထဝီ၊တေဇော ဝါယော နဂါဓတိ။

၂။ ဧတ္ထ ဒီဃဉ္စ ရဿဉ္စ၊ အဏုံ ထူလံ သုဘာ-သုဘံ။
ဧတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ။

၃။ ဝိညာဏဿ နိရောဓေန၊ ဧတ္ထေတံ ဥပရုဇ္ဈတိ။

(၁)ယံဓမ္မဇာတံ၊ အကြောင်းတရားသဘောသည်။ ဝိညာဏံ၊ အရိယာတို့၏ ဉာဏ်ဖြင့်သာ အထူးသိအပ်၏။ အနိဒဿနံ၊ ဤကဲ့သို့ဟု ညွှန်ပြစရာ, ဥပမာလည်းမရှိ။ အနန္တံ၊ ဖြစ်ခြင်း ပျက်ခြင်းမရှိသည်ဖြစ်၍၊ ရှေ့အစွန်း နောက်အစွန်းလည်းမရှိ။သဗ္ဗတောပဘံ၊ ခပ်သိမ်းသော အရပ်တို့၌ ထွန်းတောက်ပလျက် ရှိ၏။ ဧတ္ထ၊ ဤတရားသဘော၌။ အာပေါစ၊ ရေဓာတ်သည်၎င်း။ ပထဝီစ၊ မြေဓာတ်သည်၎င်း။ တေဇောစ၊ မီးဓာတ်သည်၎င်း။ ဝါယောစ၊ လေဓာတ်သည်၎င်း။ န ဂါဓတိ၊ ထောက်ရာတည်ရာမရနိုင်။

(၂) ဧတ္ထ၊ ဤတရားသဘော၌။ ဒီဃဉ္စ၊ အရှည်သည်၎င်း။ ရဿဉ္စ၊ အတိုသည်၎င်း။ အဏုံစ၊ အသေးသည်၎င်း။ ထူလဉ္စ၊ အကြီးသည်၎င်း။ သုဘဉ္စ၊ တင့်တယ်သော ဝတ္ထုသည်၎င်း။ အသုဘဉ္စ၊ မတင့်တယ်သော ဝတ္ထုသည်၎င်း။ နဂါဓတိ၊ထောက်တည်ရာမရနိုင်။ ဧတ္ထ၊ ဤတရား၌။ နာမဉ္စ၊ နာမ်သည်၎င်း။ ရူပဉ္စ၊ ရုပ်သည်၎င်း။အသေသံ၊ အကြွင်းမရှိ။ ဥပရုဇ္ဈတိ၊ချုပ်၏။

(၃) ဝိညာဏဿ၊ ပဋိသန္ဓေဝိညာဏ်၏။ နိရောဓေန၊ ဖြစ်ပေါ်ခြင်းမရှိသောအားဖြင့်,ချုပ်ခြင်းကြောင့်။ ဧတ္ထ၊ဤဝိညာဏ်၏ ဖြစ်ပေါ်ခြင်းမရှိ,ချုပ်ခြင်းဟူသော နိဗ္ဗာန်၌။ ဧတံ၊ ဤရေ

ခေတ်၊ မြေခေတ်စသော အလုံးစုံသည်။ ဥပရုဇ္ဈတိ၊ ချုပ်ငြိမ်း လေ၏။

## နိဗ္ဗာန်မှာ ရုပ်မရှိ

ဤ....ပါဠိတော်၏အလိုမှာ-နိဗ္ဗာန်၌ ရေခေတ်၊ မြေခေတ်၊ မီးခေတ်၊ လေခေတ်၊ များသည် ထောက်ရာတည်ရာ မရနိုင်ဆိုသောကြောင့်၊ အလုံးစုံသော ရုပ်ဟူသမျှသည် နိဗ္ဗာန်မှာ မရှိဟုသိအပ်၏။ နိဗ္ဗာန်မှာ ရုပ်မရှိသလို-သတ္တဝါတို့၏ ရုပ်သန္တာန်မှာ နိဗ္ဗာန်မရှိလို့ ပြန်လှန်သိမှတ်ပါလေ။

## နိဗ္ဗာန်မှာပညတ်များမရှိ

နိဗ္ဗာန်မှာ... အရှည်၊ အတို၊ အကြီး၊ အငယ်၊ တင့်တယ်သော ဝတ္ထု၊ မတင့်တယ်သောဝတ္ထုများသည် ထောက်ရာ တည်ရာမရနိုင် ဆိုသောကြောင့်၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အတ္တ၊ ဇီဝ စသော ပညတ်များသည်လည်းနိဗ္ဗာန်မှာမရှိပေ။နိဗ္ဗာန်မှာပညတ်များမရှိသလို၊ သတ္တဝါတိုင်း သတ္တဝါတိုင်း ဟူသော ပညတ်မှာလဲ နိဗ္ဗာန်မရှိဟုမှတ်ရမည်။

## နိဗ္ဗာန်မှာခန္ဓာမရှိ

နိဗ္ဗာန်မှာ....နာမ်ခန္ဓာ ရုပ်ခန္ဓာများသည် အကြွင်းမရှိ ချုပ်ငြိမ်းသည်ဟူ၍ဆိုခြင်းကြောင့်၊ နာမ်ကြမ်း ရုပ်ကြမ်းမဟုတ်သော်လည်း နာမ်ရုပ် အလားရှိသော အလွန်သိမ်မွေ့သော တရားအကြွင်းအကျန်ဟူ၍လည်းနိဗ္ဗာန်မှာမရှိ။ ခန္ဓာဟု မခေါ်ဆိုအပ်သော်လည်း၊ ခန္ဓာအလားရှိသော အလွန်သိမ်မွေ့သော တရား

အကြောင်းအကျန်ဟူ၍လည်း နိဗ္ဗာန်မှာမရှိဟုဆိုအပ်၏။ နိဗ္ဗာန်မှာ ခန္ဓာမရှိသလို ခန္ဓာမှလဲ နိဗ္ဗာန်မရှိဟုမှတ်ရမည်။

## နိရောဓနှစ်မျိုး

"ဝိညာဏဿ နိရောဓေန" ဟူသောပုဒ်၌ ချုပ်ငြိမ်းခြင်းဟူသော နိရောဓသည် နှစ်မျိုးရှိ၏။ နှစ်မျိုးမှာ အကြောင်းတို့၏ ညီညွတ်ခြင်းကိုစွဲ၍ ဖြစ်ပေါ်ပြီးသော တရား၏ပျက်ဆုံးခြင်းဟူသော "ဘင်္ဂနိရောဓ" တမျိုး။ အကြောင်းတို့၏ ချုပ်ငြိမ်းခြင်းကြောင့် ဖြစ်ပေါ်ခြင်းဟူ၍ပင်မရှိခြင်းတည်းဟူသော "အနုပ္ပါဒနိရောဓ" တမျိုး။ ဤနှစ်မျိုးရှိရာ "အနုပ္ပါဒနိရောဓ" ကိုသာလိုအပ်၏။ ဘင်္ဂနိရောဓကိုမလိုအပ်။ အတိုင်းတိုင်း ချုပ်ငြိမ်းနေသည်ဆိုတဲ့ ဝါဒ မဖြစ်ပေါ်မို့ မပေါ်ပေါက်မှိုက မပေါ်ပေါက်ဘဲနေတာဆိုတဲ့ဝါဒတွေကို အနုပ္ပါဒနိရောဓ ဆိုတဲ့ဤနေရာမှာ ထည့်သွင်းစဉ်းစားမနေပါနဲ့၊ ကွက်ဆန်းထွင်ထားတဲ့ စကားအသုံးအနှုန်းဟူ၍သာမှတ်ပါ။

## ဝိညာဏံသည်စိတ်မဟုတ်

ပါဠိတော်ပါ "ဝိညာဏ" သဒ္ဒါနှစ်ခုတွင် "ရှေ့ဝိညာဏ" သဒ္ဒါ၌ အာရုံကိုသိခြင်းဟူးသာအနက်၊ (ဝါ)စိတ်ဆိုတဲ့ အနက်ကိုမယူရပါ။ အရိယာတို့ဉာဏ်ဖြင့် အထူးသိအပ်၏ ဟူသောအနက်။ (ဝါ)အရိယာအစစ်တို့ အထူးသိတဲ့ နိဗ္ဗာန်ဆိုတဲ့အနက်ကိုသာယူရပါသည်။ ဝါဒရှင် ရှမ်းဗူးဆရာတို့က ထို "ဝိညာဏ အနိဒဿနံ" စတဲ့ပါဠိတော်ကို စိတ်အတိုင်းတိုင်းနဲ့ ဆိုင်သလိုလို ယူဆပြောဟောတတ်ကြသည်။ အထူးသတိရှိပါလေ ဓမ္မမိတ်ဆွေ။

## ဘုရားဟောတနည်း

ဥဒါန်းပါဠိတော်တဒါယတနသုတ်မှာလည်း (အတ္ထိဘိက္ခဝေ တဒါယတနံ) စသည်ဖြင့် ဟောတော်မူပါသည်။ အဓိပ္ပါယ် အကျဉ်းမှာ....ထိုနိဗ္ဗာန်၌ ခတ်ကြီးလေးပါး, ရုပ်တရားလဲ မရှိ။ အာကာသာနဉ္စာယတနစသည် နာမ်ခန္ဓာလေးပါးလဲမရှိ။ပစ္စုပ္ပန် လောက တမလွန်လောကလဲမဟုတ်။ စုတိခြင်း, မပြတ်ဖြစ်နေခြင်းလဲမရှိ။ နာမ်ဟုခေါ်ရသော်လဲအမည်နာမ်မျှဖြစ်၍အာရုံကိုသိခြင်းမရှိဟုဟောတော်မူပါသည်။

## နိဗ္ဗာန်သည်ပစ္စုပ္ပန်လော?

ငင်းတဒါယတနသုတ်ဝယ် (နာယံလောကော) ဟူ၍ နိဗ္ဗာန်သည် ယခုပစ္စုပ္ပန်လဲ မဟုတ်ဟု ဟောတော်မူသည်။ အကယ်၍ နိဗ္ဗာန်သည် ပစ္စုပ္ပန်လောကမှာရှိအံ့၊ ပစ္စုပ္ပန်ဖြစ်အံ့၊ အတိတ် အနာဂါတ်တို့မှလာရမည်သာဖြစ်သဖြင့်(နေဝ အာဂတိံ ဝဒါမိ) အခြားတပါးမှ လာရောက်ခြင်းကိုလဲငါမဟောဟု မိန့်တော်မူ၏။

ဤလို....ပါဠိတော်အရှိကို မရိပ်စားမိသူ ဝါဒရှင်တို့ကတော့ ပစ္စုပ္ပန်အေးပြီ, ငြိမ်းပြီး,စင်ကြယ်ပြီး စိတ်ကလေးကို အတိုင်းတိုင်းထားလျက်၊နိဗ္ဗာန်ကိုအပ္ပွားခိုင်းကြခြင်းသည်(ဝါ)သတ္တဝါတိုင်းမှာရှိသည်ဟု လက်ရှိသတ္တလောကကို လက်ညှိုး ထိုးထားခြင်းသည် နိဗ္ဗာန်ကို ပစ္စုပ္ပန်လောကဟု ထင်မှတ်ရှာကြ ၍သာ ဖြစ်၏။

## နိဗ္ဗာန်သည်အတိတ်လော,အနာဂါတ်လော?

ငင်း....တဒါယတန သုတ်ဝယ်(န ပရော လောကော) ဟူ၍

နိဗ္ဗာန်သည် တမလွန်လောကမှာလဲ မရှိဟု ဟောတော်မူခဲ့ပါသည်။ အကယ်၍နိဗ္ဗာန်သည် တမလွန်လောကမှာရှိအံ့၊ ဒီဘဝက နေပြီးသွားရမှာဖြစ်တဲ့အတွက် (နေဝ ဂတိံ ဝဒါမိ) ဤဘဝက နေပြီး သွားရမှာဆိုတဲ့သဘောကိုလဲ၊ ငါဘုရားဟောတော်မမူဟု မိန့်တော်မူ၏။

ဤကဲ့သို့....ဘုရားရှင်၏ အလိုတော်ကို မသိကြသူဝါဒ ရှင်တို့ကတော့၊ သတ္တဝါတိုင်း, သတ္တဝါတိုင်း, မှာဟူ၍၊ အတိတ်က လာခဲ့သောသတ္တဝါ၊ အနာဂါတ် သွားရမဲ့သတ္တဝါတွေ အားလုံး အနှံ့အပြား သူတို့ရဲ့သန္တာန်မှာ နိဗ္ဗာန်ရှိတယ်လို့ တထစ်ချ ဆိုထားပြန်၏။ မသိချက် နာလွန်းလှပေတော့သည်။

## ဘုရားဟောတနည်း

သဂါထာ ဝဂ္ဂ သံယုတ်,နိမောက္ခ သုတ်ဝယ် နတ်သားတယောက် လျှောက်ထားသော နိဗ္ဗာန်ပြဿနာကို ဘုရားရှင်ဤသို့ ဟောကြားတော်မူပေ၏။

နန္ဒီဘဝပရိက္ခယာ၊ သညာဝိညာဏ သင်္ခယာ။
ဝေဒနာနံ နိရောဓာ ဥပသမာ။

ဘောဒေဝပုတ္တ၊ အိုနတ်သား။ နန္ဒီဘဝ ပရိက္ခယာ၊ တဏှာ အရင်းခံသော ကမ္မဘဝ၏ ကုန်ခမ်းခြင်းကြောင့်ၡင်း။(တနည်း) နန္ဒီဘဝ ပရိက္ခယာ၊ တဏှာ၏ၡင်း,ဥပပတ္တိဘဝ၏ၡင်း ကုန်ခမ်းခြင်းကြောင့်ၡင်း။ သညာဝိညာဏသင်္ခယာ၊ သညက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့၏ ကုန်ခမ်း ခြင်း ကြောင့် ၡင်း။ ဝေ ဒန ာ နံ၊ ဝေဒနာက္ခန္ဓာ တို့၏။ နိရောဓာစ၊ ချုပ်ခြင်း ကြောင့်ၡင်း။

ဥပသမာစ၊ ငြိမ်းခြင်းကြောင့်ရှင်း။ သတ္တာနံ၊ သတ္တဝါတို့အား။ နိမေက္ခံ ပမောက္ခံ ဝိဝေကံ၊ လွတ် မြောက်ခြင်း,ငြိမ်းအေး ခြင်း သည်။ ဟောတိ၊ဖြစ်၏။

လိုရင်း....မှတ်သားရန်မှာ ကိလေသာဝဋ္ဋ,ကမ္မဝဋ္ဋ, ဝိပါက ဝဋ္ဋဟူသော ဝဋ္ဋသုံးပါးပြတ်ခြင်းကိုနိဗ္ဗာန်ဟူ၍ ဟောတော်မူခြင်း ဖြစ်၏။

## အစိတ်စိတ်အဓိပ္ပါယ်

နန္ဒိခေါ်သော တဏှာ,လောဘ,သမုဒယ၏ ချုပ်ငြိမ်းခြင်း ကြောင့်၊ ကမ္မဘဝ ဟူသော ကုသိုလ်,အကုသိုလ် စေတနာ ချုပ်ငြိမ်းရသည်ဟူ၍ဖြစ်၏။

ထို....စကားရပ်ဖြင့် တဏှာ,လောဘနှင့် စေတနာ ဟူသော သင်္ခါရက္ခန္ဓာ၏ ချုပ်ငြိမ်းပုံကိုပြတော်မူ၏။

ဤစကားမှန်၏...(ကိလေသဝဋ္ဋမူလကံ ကမ္မဝဋ္ဋံ) ကမ္မ ဝဋ္ဋံ၊ ကုသိုလ် အကုသိုလ် စေတနာဟူသော ကမ္မဝဋ္ဋသည်။ ကိလေသဝဋ္ဋမူလကံ၊ လောဘစသော ကိလေသဝဋ္ဋလျှင် အရင်း ခံဖြစ်၏။ ဟူသော အဋ္ဌကထာအရ –နန္ဒိခေါ်သော တဏှာ လောဘ, သမုဒယသည် ကိလေသာဝဋ္ဋမည်၏။ ထို ကိလေသ ဝဋ္ဋရှိသမျှ၊ ထိုထိုဘဝကိုတောင့်တလျက် ကံအမျိုးမျိုးကိုပြုလုပ် ကြမည်သာတည်း။ထိုပြုလုပ်မှုသည် ကမ္မဝဋ္ဋဖြစ်ခဲ့၏။

ကမ္မဝဋ္ဋရှိသမျှဝိပါကဝဋ္ဋကလည်းရှိရမည်သာဖြစ်၍၊

“ကမ္မဝဋ္ဋမူလကဉ္စ ဝိပါကဝဋ္ဋံ”။

ဝိပါကဝဋ္ဋံ၊ဝိပါကဝဋ်သည်။ကမ္မဝဋ္ဋမူလကာဥ္စ၊ ကမ္မဝဋ်လျှင် အရင်းခံ ဖြစ်သည်သာတည်း။ ဤသို့ အဋ္ဌကထာဆရာ မိန့်တော်မူ၏။

ထို့ကြောင့်....“နန္ဒိဘဝ ပရိက္ခယာ” ဖြင့် ကိလေသဝဋ်, ကမ္မဝဋ်ကုန်ခြင်းကိုပြတော်မူ၏။ ထိုဝဋ်နှစ်ပါး ကုန်ခြင်းကြောင့် ဝိပါကဝဋ်ဆိုတဲ့ သညာ,ဝိညာဏ်,ဝေဒနာ, နာမ်ခန္ဓာသုံးပါးနှင့် တကွ၊ ထိုနာမ်ခန္ဓာတို့၏ မှီရာရုပ်တရားရူပက္ခန္ဓာ၏ ကုန်ခြင်းကို (သညာ ဝိညာဏသင်္ခယာ၊ ဝေဒနာနံ နိရောဓာ ဥပသမာ)ဟူ၍ ဟောတော်မူပါသည်။

နန္ဒိအရ-တဏှာ, ဘဝအရ-စေတနာ, ကုန်ခြင်းသည်၊ သင်္ခါရက္ခန္ဓာ၏ ကုန်ခြင်းတည်း၊ အကြောင်းတရား ကုန်ခြင်း ကြောင့် အကျိုးဖြစ်သောကျန်ခန္ဓာ လေးပါးကုန်၍ခန္ဓာငါးပါး ပါးချုပ်ငြိမ်းသည်ဟုလိုသည်။

သစ္စာနည်းအားဖြင့်နန္ဒိခေါ်တဲ့ သမုဒယသစ္စာ,တဏှာ,လော ဘချုပ်ငြိမ်းခြင်းကြောင့်၊ ဥပပတ္တိဘဝဟူသော ရုပ်နာမ် ခန္ဓာ, ဒုက္ခသစ္စာ၏ချုပ်ငြိမ်းပုံကိုပြတော်မူ၏။

အကျဉ်းချုပ် မှတ်လွယ်တဲ့နည်းကတော့- အကြောင်းတရား တို့ချုပ်ငြိမ်းမှုကြောင့် အကျိုးဖြစ်တဲ့ ခန္ဓာငါးပါး ချုပ်ငြိမ်းမှု နှင့် တစပ်တည်းနေသော ခန္ဓာမှလွတ်၍ သိအပ်သော ဓမ္မာရုံ တရားကြီးသည် နိဗ္ဗာန်ဟူ၍ ဟောတော်မူလိုရင်း ဖြစ်ပေသည်။

“ဧဝံ ဣမေသံ ပဉ္စန္နံ ခန္ဓာနံ အပ္ပဝတ္တိဝသေန နိဗ္ဗာနံ ကထိတံ ဟောတိ တိ ဝေဒိတဗ္ဗံ”

ဝေ၊ဤသို့။ ဣမေသံ ပဉ္စန္နံ ခန္ဓာနံ၊ ဤခန္ဓာငါးပါးတို့၏။ အပ္ပဝတ္တံ ဝသေန၊ မဖြစ်ခြင်းနှင့်စပ်သဖြင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ကထိတံ၊ ဘုရားရှင် ဟောတော်မူအပ်သည်။ ဟောအပ်၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သန္နိဋ္ဌာန်ကျသိအပ်၏။ ဤလို အဋ္ဌကထာဆရာမှတ်ချတော်မူ၏။

ဘုရားအလိုတော်ကတော့ ခန္ဓာငါးပါးချုပ်ငြိမ်းမှုနှင့် စပ်၍ သိအပ်သော နိဗ္ဗာန်တဲ့၊ဝါဒရှင်များကချုပ်ပြီး ငြိမ်းပြီး ခန္ဓာမှာ ရှိသည့်နိဗ္ဗာန်တဲ့။

## နိဗ္ဗာန်၏တည်ရာဌာန

ဤသာသနာမှာ .. "အဘိဓမ္မာခက်ဆစ်" ဟု ဆိုရမည့် မိလိန္ဒပဉှာပါငြိ်၌-

၁။ နတ္ထိ မဟာရာဇ နိဗ္ဗာနဿ နိဿိတောကာသော၊ အတ္ထိစ တံ နိဗ္ဗာနံ။

၂။ သမ္မာပဋိပန္နော ယောနိသော မနသိကာရေန သင်္ခါရာနံ ဥဒယဗ္ဗယံ သမ္မသမာနော နိဗ္ဗာနံ သစ္ဆိ ကရောတိ။

၃။ ယထာ မဟာရာဇအတ္ထိ သော၊ ဒွေ ကဋ္ဌာနိ သံဃဋ္ဋေန္တော အဂ္ဂိံ အဓိဂစ္ဆတိ။

၄။ ဧဝ မေဝ အဂ္ဂိနာမ၊ နတ္ထိစ တဿ အဂ္ဂိဿ နိက္ခိတ္တော ကာသော။

(၁)မဟာရာဇ၊ မိလိန္ဒမင်းကြီး။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ နိဿိတောကာသော၊ တည်ရာအရပ်သည်။ နတ္ထိ၊မရှိ။ စ၊ထိုသို့

ပင်တည်ရာအရပ် မရှိပြေားသောလဲ။ တံနိဗ္ဗာန်၊ ထိုနိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။

(၂) သမ္မာပဋိပန္နော၊ သိက္ခာသုံးပါးကို ကောင်းစွာကျင့်သောသူသည်။ ယောနိသော မနသိ ကာရေန၊ အသင့်နှလုံး သွင်းခြင်းဖြင့်။ သင်္ခါရာနံ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏။ ဥဒယဗ္ဗယံ၊ဖြစ်ခြင်းပျက်ခြင်းကို။ သမ္မသမာနော၊ ကောင်းစွာ မြင်သည်ဖြစ်၍။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို၊ သစ္ဆိကရောတိ၊ မျက်မှောက်ပြု၏။

(၃) မဟာရာဇ၊ မိလိန္ဒမင်းကြီး။ သော၊ ထိုမီးသည်။ အတ္ထိ၊ ရှိ၏။ ဒွေကဋ္ဌာနိ၊ သစ်သား နှစ်ချောင်း တို့ကို။ ဃဋ္ဋေန္တော၊ ပွတ်တိုက်သည်ရှိသော်။ အဂ္ဂိ၊ မီးကို။ အဘိဂစ္ဆတိ ယထာ၊ ရနိုင်သကဲ့သို့။

(၄) ဧဝမေဝ၊ ဤအတူ သာလျှင်။ အဂ္ဂိနာမ၊ မီးမည်သည်၊ အတ္ထိ၊ ရှိ၏။ ဧ၊ ထိုသို့ပင် မီးရှိပြေားသော်လည်း။တဿ အဂ္ဂိဿ၊ ထိုမီး၏။ နိက္ခိတ္တောကာသော၊ သိမ်းထားရာ အရပ်သည်။နတ္ထိ၊ မရှိပေ။

## မိလိန္ဒမင်းကြီးလျှောက်ထားပုံ

အရှင်နာဂသိန်အား မိလိန္ဒမင်းကြီးက လျှောက်ထားသည်မှာ "အရှင်ဘုရား၊ နိဗ္ဗာန်ဟူသော အကြောင်းတရားသည် အကယ်၍ ရှိပါအံ့၊ ထိုနိဗ္ဗာန်၏ အရပ်ဌာနကိုလည်း အလိုရှိအပ်ပါ၏ တကား။ အရှင်ဘုရား၊ နိဗ္ဗာန်၏ တည်ရာအရပ်သည် အကယ်၍ မရှိအံ့။ ထိုကြောင့်တကာတော်သည် နိဗ္ဗာန်မရှိဟူ၍ ဆိုပေ၏။

အကြင်သူတို့သည် နိဗ္ဗာန်ကိုမျက်မှောက်ပြုအပ်၏။ ထိုသူတို့အားလည်း မျက်မှောက် ပြုအပ်၏ဟူသော စကားသည် မှားရာ၏” ဟုမေးလျှောက်၏။

## အရှင်နာဂသိန်၏အဖြေ

“အရှင်မင်းကြီး၊ နိဗ္ဗာန်၏စုဝေး တည်ရာအရပ်သည် မရှိ၊ ထို နိဗ္ဗာန်မည်သောတရားသည် ထင်ရှားရှိသည် သာတည်း။ ကောင်းစွာ ကျင့်သောသူသည်, ယောနိသော မနသိကာရဖြင့် သင်္ခါရတို့၏ အဖြစ်အပျက်ကို မြင်သည်ရှိသော်, နိဗ္ဗာန်ကို မျက်မှောက်ပြု၏”

“မင်းကြီး၊ဥပမာ သော်ကား,....လောက၌ မီးမည်သည် ထင်ရှားရှိ၏။ ထိုမီး၏ စုဝေး၍ အမြဲတည်ရာ အရပ်မည်သည်မရှိ။ ထင်းနှစ်ခု တို့ကိုစုဝေး၍ ထိစေသော် မီးသည် ထင်ရှားဖြစ်၍ သွား၏။ မင်းကြီး၊ထို့အတူ....နိဗ္ဗာန်သည် ထင်ရှားရှိ၏။ နိဗ္ဗာန်၏ စုဝေး၍ တည်သောအရပ်သည်မရှိ။ ယောနိသော မနသိကာရဖြင့် ကောင်းစွာကျင့်သောသူသည် နိဗ္ဗာန်ကိုမျက်မှောက်ပြု၏။”

ဤရဟန္တာရှင်နာဂသိန် အလိုအားဖြင့်....လောကမှာ မီးရှိ၏၊ ရှိကြောင်းကို ထင်းနှစ်ချောင်းပွတ်သော် မီးရ၍သိရ၏။ ဤအတူ နိဗ္ဗာန်ရှိ၏။ရှိကြောင်းကို ကောင်းစွာကျင့်သူ မျက်မှောက်ပြုရ၍ သိ၏ဟုဆိုလို၏။

ဝေတ်သစ် ဝါဒရှင်တို့ အလို....မီးရှိ၏။ ရှိကြောင်းကို ထင်းချောင်းထဲ မီးရှိ၍သိရ၏။ ဤအတူ သတ္တဝါတိုင်းမှာ နိဗ္ဗာန်ရှိ၏၊

ရှိကြောင်းကို အတိုင်းတိုင်းထားလို့သိရ၏ ဟူလို၊ ဓမ္မ မိတ်ဆွေ ဝေဘန်ပေတော့။

## ဝိတ်သာရှင်စေဘုရားဟော

၁။ **စိတ္တေ** သံကိလိဋ္ဌေ ဒုဂ္ဂတိ ပါဋိကင်္ခါ။

၂။ စိတ္တေ အသံကိလိဋ္ဌေ သုဂတိ ပါဋိကင်္ခါ။

(၁)စိတ္တေ၊ စိတ်သည်။ သံကိလိဋ္ဌေ၊ လောဘ စသောကိလေသာတို့ဖြင့်ညစ်နွမ်းသည် ရှိသော်။ ဒုဂ္ဂတိ၊ မကောင်းသောအလားကို။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။

(၂)စိတ္တေ၊ စိတ်သည်။ အသံကိလိဋ္ဌေ၊ လောဘစသောကိလေသာတို့ဖြင့် မညစ်နွမ်းသည်ရှိသော်။ သုဂတိ၊ ကောင်းသောအလားကို။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။

## အာဘတ်ဥပမာ မြတ်ဒေသနာ

ဤကဲ့သို့...မူလပဏ္ဏာသ ပါဠိတော်၊ ဝတ္ထသုတ္တန်ဝယ် "ချစ်သားရဟန်းတို့၊ အဝတ်အထည်များ ညစ်နွမ်းနေခဲ့လျှင်၊ မည်သည့် အသွေးအရောင်မှဆိုး၍ အရောင်မထွက်နိုင်သလို၊စိတ်ညစ်နွမ်းတဲ့ပုဂ္ဂိုလ်မှာလဲ စိတ်မစင်ကြယ်မှုကြောင့်၊ အသွေးအရောင်ကောင်းနှင့်တူသော ကုသိုလ်တရားများ မကပ်ရောက်နိုင်သဖြင့် မကောင်းသော အလားသာဖြစ်ရမည်။"

"အဝတ် အထည်များသည် ဖြူစင်သန့်ရှင်း နေပါက၊ မည်သည့် အသွေးအရောင်ကိုဘဲ ဆိုးဆိုး၊ ဆိုးသမျှ အသွေးအရောင်ပေါ်လွင်ထင်ရှားနိုင်သလို၊ စိတ်စင်ကြယ်တဲ့ ပုဂ္ဂိုလ်များမှာလဲ၊

စိတ်စင်ကြယ်မှုကြောင့် အသေးအရောင် ကောင်းနှင့် ဘူသော ကုသိုလ်တရားများ ကပ်ရောက်နိုင်သဖြင့် ကောင်းသော အလား ဖြစ်ရပေမည်။"

## စိတ်ညစ်ညူးကြောင်း ဘာတွေလဲ?

အဝတ်အထည်များမှာ အနီစွန်းလျှင်အနီ၊ အနက်စွန်းလျှင် အနက် စသည်ဖြင့် သိရသလို စိတ်မှာလဲ အလိုကြီးမှု ပြစ်မှားမှု အမှန်မမြင်မှု စတဲ့ သဘောတွေ ဖြစ်ပေါ်လာပါက "ငါ့စိတ်မှာ လောဘတွေ ဖြစ်နေပါလား" "ဒေါသတွေ မောဟတွေ ဖြစ် နေပါလား" စသည်ဖြင့် သိနိုင်သောကြောင့်၊ ဒီလောဘ စတဲ့ တရားတွေကို စိတ်ညစ်ညူးကြောင်း တရားတွေလို့ ဘုရားရှင် ဟောတော်မူသည်။

## အဝတ်ကိုခဝါချသလို

အညစ်အကြေးပေရေနေသော အဝတ်အထည်ကိုဖွတ်လျှော် ခဝါချမှ စင်ကြယ်သန့်ရှင်းသွားသလို၊ လောဘစသည့်ညစ်ညူး ကြောင်းတရားတွေနဲ့ ညစ်နွမ်းနေတဲ့စိတ်ကိုလဲ၊ ဗုဒ္ဓါနုဿတိစတဲ့ ကမ္မဋ္ဌာန်းအာရုံတခုခုနဲ့ ဖွတ်လျှော်ခဝါချပေးရမည်။ သို့မှ စိတ် ကြည်လင်သန့်ရှင်းသည်။

## စိတ်စင်ကြယ်မှုသမာဓိရ

စိတ်ကြည်လင်လာသူမှာ ရတနာသုံးပါးကို အထူး ကြည်ညို လာ၏။ ဘယ်လိုမှ တုန်လှုပ်မှုမရှိ၊ ထိုအခါ ငါ့မှာရှေးကရတနာ သုံးပါးရဲ့ ဂုဏ်ကျေးဇူးတွေကို သက်ဝင်ကြည်ညိုမှု နည်းခဲ့၏။

ယခုတမူ အထူးသက်ဝင် ကြည်ညိုနေပါကလားလို့ နှစ်သက်ဝမ်းမြောက်မှုနှင့်တကွ စိတ်တည်ကြည်ငြိမ်သက်မှုသမာဓိစခမ်းရောက်လေ၏။

## သမာဓိရမှ အမှန်မြင်

ဤသို့သမာဓိစခမ်းရောက်၍ စိတ်တည်ကြည် ငြိမ်သက်နေသော ပုဂ္ဂိုလ်သည်၊ မိမိသန္တာန်၌ ဖြစ်ပေါ်လာသော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေကို (အတ္ထိ ဣဒံ) ဣဒံ၊ဤဆင်းရဲမှု အမှန်တရားသည်။ အတ္ထိ၊ရှိပေသည်။ဒုက္ခသစ္စပါတကား။ ဆင်းရဲသော အမှန်ရှိပါတကားဟုသိ၏။

ဘိုဒုက္ခသစ္စာတရားကို ဖွေရှာပေးခဲ့တဲ့လက်သယ်ကား (အတ္ထိ ဟိနံ)ဟိနံ၊ ယုတ်ညံ့လှတဲ့ တရားမျိုးကလဲ။ အတ္ထိ၊ ရှိပေသေးသည် ဟူ၍ သမုဒယသစ္စာ တဏှာ လောဘကိုသိ၏။

ဒီအယုတ်တရားကြီးကိုဖြင့် သမ္မာဒိဋ္ဌိ အသိမှန်ခေါင်းဆောင်တဲ့ မဂ္ဂင်ရှစ်ပါးကသာ ပယ်နိုင်သဖြင့်၊ ဒီမဂ္ဂင်ရှစ်ပါး တရားဟာဖြင့် "အတ္ထိ ပဏီတံ" ပဏီတံ၊ တရားဆိုး တရားညံ့ကို ပယ်နိုင်တဲ့ မွန်မြတ်သော တရားမျိုးကလဲ။ အတ္ထိ၊ရှိပါပေသည်ဟူ၍ မဂ္ဂသစ္စာကို သိ၏။

တရားဆိုးကြီး ပယ်နိုင်တော့ အမြတ်ဆုံးတရားကို မြင်ရပြီ။ ဒါကြောင့် "အတ္ထိ နိဿရဏံ" နိဿရဏံ၊ဒုက္ခမှလွတ်မြောက်မှုကလဲ။ အတ္ထိ၊ အမှန်ရှိပေ၏ ဟူ၍ နိဗ္ဗာန်တရားကို သိရပေ၏။

## သိမှတ်ပါလေ

ဤသို့လျှင် စိတ်စင်ကြယ်အောင် စိတ်အညစ်အကြေးတွေကို ခွာနိုင်လျှင်၊ အာသဝက္ခယဉာဏ် တိုင်အောင် ပေါက်ရောက်နိုင်သည်။ စိတ်အညစ်အကြေးတွေကို ခဝါမချဘဲ, အတိုင်းတိုင်းနေပါက "ဒုဂ္ဂတိ ပါဋိကင်္ခါ"အရ အပါယ်လေးပါးစာ ဖြစ်ရမည် ဟုသိမှတ်ပါလေ။

## စိတ်စင်ကြယ်အောင်ကျင့်ပါ

ခန္ဓဝဂ္ဂသံယုတ်, နကုလပိတု သုတ္တန်ဝယ် လိုရင်းအဓိပ္ပါယ်မှာ....ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မိမိထံမှောက် ရောက်၍နေသောဘုရားရှင်နှင့် အကျွမ်းဝင်ဆုံးသူဟူ၍တေဒဂ်ထားအပ်သော (နကုလပိတာ) အမည်ရှိ ပုဏ္ဏားကြီးကို တရားဟောပြ ဆုံးမတော်မူသည်ကား။

၁။ အာတုရောဟာ-ယံ ဂဟပတိ ကာယော
အဏ္ဍဘူတော ပရိယောနဒ္ဓေါ။

၂။ ယော ဟိ ဂဟပတိ ဣမံ ကာယံ ပရိဟရန္တော
မုဟုတ္တမ္ပိ အာရောဂျံ ပဋိဇာနေယျ၊ ကိမညတြ
ဗာလျာ။

၃။ တသ္မာတိ-ဟ တေ ဂဟပတိ ဧဝံ သိက္ခိတဗ္ဗံ။

၄။ အာတုရကာယဿ မေ သတော စိတ္တံ အနာတုရံ
ဘဝိဿတီတိ၊

(၁) ဂဟပတိ၊ ဒါယကာကြီး။ အယံကာယော၊ ဤရူပကာယသည်။ အာတုရောဟိ၊ ကျင်နာ၍ နေသည်သာတည်း။ အဏ္ဍဘူတော၊ ကြက်ဘဲစသော ဥကဲ့သို့ဖြစ်၍။ ပရိယောနဒ္ဓေါ၊ အရေပါးကလေးဖြင့် ဖုံးအုပ်ထားအပ်၏။

(၂) ဂဟပတိ၊ ဒါယကာကြီး။ ယော၊ အကြင်သူသည်။ ဣမံကာယံ၊ ဤရူပကာယကို။ ပရိဟရန္တော၊ ရွက်ဆောင်ရသည်ရှိသော်။ မုဟုတ္တမ္ပိ၊ တမုဟုတ်မျှလည်း။ အာရောဂျံ၊ကျင်နာမှုကင်းရှင်းသည်၏အဖြစ်ကို။ ပဋိဇာနေယျ၊ ဝန်ခံငြားအံ့။ သော၊ ထိုသူသည်။ဗာလျာ၊မသိမလိမ္မာမိုက်စွာသောအဖြစ်ကို။အညတြ၊ ကြဉ်ထား၍။ပဋိဇာနေယျကိံ၊ဝန်ခံရှာလေသလော။? (ပဋိဇာနေယျ ကိမတြ ဗာလျာ၊ မိုက်လို့ဝန်ခံသလား)

(၃) ဂဟပတိ၊ ဒါယကာကြီး။ တသ္မာ၊ ထိုသို့ ရူပကာယသည် အမြဲမပြတ်ကျင်နာနေသောကြောင့်။ တေ၊သင်ဒါယကာကြီးသည်။ ဣဓ၊ ဤငါဘုရား အဆုံးအမ၌။ အာတုရကာယဿ မေသတော စိတ္တံ အနာတုရံ ဘဝိဿတီတိ၊ ငါ့အား 'ကိုယ်'ကျင်နာငြားသော်လဲ"စိတ်"မကျင်နာပါစေနဲ့လို့။ ဧဝံ၊ ဤသို့ နှလုံးထားကာ။ သိက္ခိတဗ္ဗံ၊ သိက္ခာသုံးရပ်အကျင့်မြတ်ကို ကျင့်အပ်လှပေ၏။ ကျင့်ပါလေ။

(၄) အာတုရကာယဿ၊ ကျင်နာသော ကိုယ် ရှိသည်။ သတော၊ ဖြစ်လျက်။မေ၊ ငါ့အား၊ စိတ္တံ၊စိတ်သည်။ အနာတုရံ၊ မကျင်နာသည်။ ဘဝိဿတိ၊ ဖြစ်ရအံ့။ ဣတိဧဝံ၊ ဤသို့ သဘောထားကာ။ သိက္ခိတဗ္ဗံ၊ ကျင့်ပါလေ။

## အဝိပ္ပါယ်မှာ

"ဒါယကာကြီး... ဒီရုပ်ခန္ဓာကြီးဟာ အမြဲတမ်းကျင်နာနေတယ်။ ကြက်ဘဲစသည့်ဥများဟာ ထိခိုက်မခံ ပျက်စီးတတ်သလို ဒီခန္ဓာကိုယ် ရုပ်တရားကြီးဟာလဲ ဥတုဘေးဒဏ်ကိုမခံနိုင်၊ ကျင်နာလျက်သာရှိ၏။ အရေပါးကလေးနဲ့ ဖုံးအုပ်ထားတော့ လှယ်လှယ်လေးနဲ့ ဖျက်ဆီးနိုင်ဒါဖြစ်လို့ အမြဲတမ်းအဖျက်ဆီး ခံနေရတယ်။

ဒီလို....အမြဲတမ်းကျင်နာနေတဲ့ ဒီရုပ်ခန္ဓာကို ရွက်ဆောင်နေရတဲ့သတ္တဝါဟာ- ငါနေကောင်းတယ်၊ ကျန်းမာတယ်လို့ ကိုယ့်ကိုကိုယ်ထင်နေရင် ဒီပုဂ္ဂိုလ်မိုက်လို့ ထင်နေဒါဘဲ။

ဒီတော့....ဒကာကြီး၊ ရုပ်တရားကြီး ဘယ်လိုဘဲ ကျင်နာနေနေ စိတ်မကျင်နာရအောင် သိက္ခာသုံးရပ် အကျင့်မြတ်ကို ကျင့်ကြံကြိုးကုတ်အားထုတ်ပါလေ"ဟု၍ဆုံးမတော်မူခဲ့ပါသည်။

ဓမ္မမိတ်ဆွေ ...ဒီဘုရားရှင် အဆုံးအမအတိုင်း စိတ်မကျင်နာအောင် သိက္ခာသုံးပါး ကျင့်ကြရမှာပါဘဲ။ ရုပ်ခန္ဓာကြီးကတော့ မအိုတဲ့အချိန်၊ မနာတဲ့အချိန်၊ မသေတဲ့ အချိန်ရယ်လို့ မရှိပါဘူး။ ဒီအို နာ သေတွေနဲ့ မပြတ်ကျင်နာ နေရမှာပါဘဲ။

## ကျင်နာရုပ်

"ကာယော နာမ ဗုဒ္ဓါနမ္ပိ အာတုရောယေဝ"

ကာယောနာမ၊ ရူပကာယမည်သည်။ ဗုဒ္ဓါနမ္ပိ၊ ဘုရားရှင်တို့အားသော်လဲ။ အာတုရောယေဝ၊ ကျင်နာသည်သာတည်း။ ဟူ

သော အဌကထာဖွင့်ပြချက်အရ-ရှေးကိုယ်တော်ဟူ၍ ခေါ်ဝေါ် သမုတ်နေကြတဲ့ ဘုရားရှင်တို့၏ ရူပကာယသည်ပင်လျှင်, အိုနာ သေဟူသော ကျင်နာမှုတို့ဖြင့် ကျင်နာလျက် ရှိသောကြောင့် ဘုရားမှတပါးသော သတ္တဝါတွေ၏ ကိုယ်မှာ ပြောဘွယ်ရာမရှိ၊ ကျင်နာမှုအတိသာတည်း။

## ကျင်နာသောစိတ်

"စိတ္တံ ပန ရာဂဒေါသမောဟာနုဂတံ အာတုရံ နာမ" ပန၊ အဘို့တပါးကို ဆိုဦးအံ့။ ရာဂဒေါသမောဟာနုဂတံ၊ ရာဂဒေါသမောဟသို့ အစဉ်လိုက်သော။ စိတ္တံ၊ စိတ်သည်။အာတုရံ နာမ၊ ကျင်နာသည်မည်၏။

၎င်းအဌကထာဖွင့်ပြချက်အရ လောဘ, ဒေါသ, မောဟသို့ အစဉ်လိုက်လျက် လောဘ ဒေါသမောဟတွေနဲ့ ရောထွေးနေ ရတဲ့စိတ်ဟာ, ကျင်နာနေတယ်၊မစင်ကြယ်ဘူးလို့ သိရမယ်။

ဒီလောဘ, ဒေါသ, မောဟတွေက အပြီးအပြတ် လွတ်မှ (ဝါ)အနုသယ သတ္တိပါကုန်မှ စိတ်ဟာ ကျင်နာမှု ကင်းတယ်၊ စိတ်စင်ကြယ်တယ်လို့ ဆိုရမယ် ဆိုဒါလဲ မှတ်သားထားပါ။

## ဘယ်ပုဂ္ဂိုလ်မှ စိတ်စင်ကြယ်ပါသလဲ?

၁။ လောကိယမဟာဇနော အာတုရကာယောစေဝ အာတုရစိတ္တောစ။

၂။ ခီဏာသဝါ အာတုရကာယာ အနာတုရစိတ္တာ၊

၃။ သတ္တပန သေခါ နေ၀-အာတုရစိတ္တာ န အနာတုရစိတ္တာတိ ၀ေဒိတဗ္ဗာ။

၄။ ဘဇမာနာ ပန အနာတုရစိတ္တတံယေ၀ ဘဇန္တိ။

(၁) လောကီယမဟာဇနော၊ လောကီဘုံသား ပုထုဇဉ် ပုဂ္ဂိုလ်များသည်။ အာတုရကာယောစေ၀၊ ကျင်နာသော ကိုယ်လဲရှိ၏။ အာတုရစိတ္တောစ၊ ကျင်နာသောစိတ်လဲရှိ၏။

(၂) ခီဏာသ၀ါ၊ ရဟန္တာပုဂ္ဂိုလ်တို့သည်။ အာတုရကာယာ၊ ကိုယ်ကျင်နာကုန်၏။ အနာတုရစိတ္တာ၊ စိတ်မကျင်နာကုန်။

(၃) ပန၊ အဘို့တပါးကိုဆိုဦးအံ့။ သတ္တသေခါ၊ သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့သည်။ နေ၀ အာတုရစိတ္တာ၊ စိတ်ကျင်နာသည်လည်း မဟုတ်ကုန်။ န-အနာတုရစိတ္တာ၊ စိတ်မကျင်နာသည်လည်းမဟုတ်ကုန်။ ဣတိ၊ ဤသို့။ ၀ေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

(၄) ပန၊ အထူးကိုဆိုဦးအံ့။ သတ္တသေခါ၊ သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့သည်။ ဘဇမာနာ၊ချဉ်းကပ်ကုန်သည်ရှိသော်။ အနာတုရ စိတ္တတံယေ၀၊ မကျင်နာသော စိတ်ရှိသော အဖြစ်သို့သာလျှင်။ ဘဇန္တိ၊ ချဉ်းကပ်ကုန်၏။

## အစိပ္ပါယ်မှာ

(၁) လောကီလူများဆိုတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်များသည်-ကိုယ်ကျင်နာ၊ စိတ်ကျင်နာ နှစ်မျိုးရ၏။

(၂) ရဟန္တာပုဂ္ဂိုလ်များသည် ကိုယ်သာကျင်နာ၍၊ စိတ်မကျင်နာ၊ တမျိုးသာရ၏။

(၃) သောတာပတ္တိမဂ်ဖိုလ်၊ သကဒါဂါမိမဂ်ဖိုလ်၊ အနာဂါမိမဂ်ဖိုလ်၊ အရဟတ္တမဂ်၊ ဤပုဂ္ဂိုလ်ခုနစ်ယောက်တို့သည် ကိုယ်ကာယသာ ကျင်နာ၏။ စိတ်ကတော့ ကျင်နာသည်မဟုတ်၊ မကျင်နာသည်မဟုတ်။

(၄) သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့ကို စိတ်မကျင်နာဘက်၌ ထည့်၍ ရေတွက်ရ၏။

## အကျဉ်းချုပ်မှတ်ရန်

ရဟန္တာပုဂ္ဂိုလ်သည် စိတ်လုံးစေင်ကြယ်၏။ ပုထုဇဉ် ပုဂ္ဂိုလ်သည် စိတ်လုံးဝမစင်ကြယ်သေး။ သေက္ခပုဂ္ဂိုလ်များသည် မစင်တစင်ကိလေသာအချို့နှင့် ပဋိပဿဒ္ဓိဟူသော ပဟာန်တချက်ကျန်သေးသည်ဟူ၍မှတ်ရာသည်။ ထိုသေက္ခပုဂ္ဂိုလ်များကိုကား တချိန်မှာ မုချစင်ကြယ်ကြမည် ဖြစ်သောကြောင့် စိတ်စင်ကြယ်သည်ဟူ၍ ဆိုနိုင်ပါသေး၏။

## ဗုဟုသုတရှိဘို့လိုသည်

စာရှုသူဓမ္မမိတ်ဆွေ...ဓမ္မမိတ်ဆွေဟာ အထက်ပါအဋ္ဌကထာဆုံးဖြတ်ချက်နှင့် ပါဠိတော်အဓိပ္ပါယ်တွေကို နားမလည် ခဲ့ရင်

အောက်ပါအချို့ပုဂ္ဂိုလ်တို့ရဲ့ ရေးသားချက်ကို လက်ခံကောင်း ခံမိပါလိမ့်မည်။

## မဂ်ပေါက်ဖိုလ်ဝင်မှု

"ပဘဿရ-မိဒံ ဘိက္ခဝေ စိတ္တံ၊
တဉ္စ ခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ"။

(စိတ်ဟာ ပကတိ ပင်ကိုယ် သူ့အတိုင်းကတော့ ကြည်လင်တယ်။ အာဂန္တု ဧည့်သည် တချို့ သူစိမ်းခေါ်တဲ့ ညစ်နွမ်း စေတတ်တဲ့အကြောင်းကြောင့် ညစ်နွမ်းတယ်။ ညစ်နွမ်းစေတတ်တဲ့ အာဂန္တု ဥပက္ကိလေသတွေကလဲ အကြောင်းတိုက်ဆိုင်မှပေါ်တယ်။ ပေါ်ပြီးပျက်တယ်လို့ ပါဠိတော်တွေထဲမှာ အများအပြားဟောထားတော်မူခဲ့ပါတယ်။(လ)ဖြစ်မဲ့ပျက်မဲ့စိတ်ကိုက အမြဲမရှိ၊ အစကမရှိ၊ ပကတိက"ကွက်လပ်" "ကွက်လပ်"လို့ ဟောခဲ့တယ်။ တွေးစရာ ကြံစရာ အောက်မေ့စရာထည့်မပေးဘဲ, စိတ်ကိုလုံးဝအသုံးမချဘဲ စိတ်ကို စိတ်အတိုင်း ဘိုင်းထား။) တဲ့·

## နဂိုစိတ်

အဲသလို အချို့ပုဂ္ဂိုလ်တွေက ရေးကြ,သားကြ,ဟောပြောကြသည်။ သူတို့ရဲ့အလိုက စိတ်ဟာ စင်ကြယ်တယ်လို့ ဘုရားဟောတယ်၊ ဒီစင်ကြယ်တယ်ဆိုတဲ့ စိတ်ဟာ (အာဂန္တုကေဟိ

ဥပက္ကိလေသေဟိ၊ ကို ထောက်၍-အိမ်သည်စိတ်(၀၁) နဂိုစိတ်လို့ခေါ်တယ်။

## ကွက်လပ်နိဗ္ဗာန်

အဲဒီ .. နဂို-အိမ်သည် စိတ်ဟာ ဧည့်သည်တွေ မသာခင်မှာ စင်ကြယ်တဲ့ အတိုင်းတိုင်းနေတယ်။ ဘာမှဖြစ်ပေါ်မှု မရှိဘူး။ "ကွက်လပ်"တဲ့။ ဖြစ်ပေါ်မှုတွေငြိမ်းအေးနေလို့ (အနုပ္ပါဒေါ ခေမံ) မဖြစ်ပေါ်တာနိဗ္ဗာန်တဲ့.

## အတိုင်းတိုင်းထားတဲ့

အဲဒါကြောင့် ဘာမှတွေးတောကြံစည်မနေနဲ့တော့၊ ဒီနဂိုစိတ်ကို စိတ်အဘိုင်းတိုင်းထားလိုက်ဘဲ့။

## အလွယ်ဆုံး

အလွယ်ဆုံးနိဗ္ဗာန်ရောက်ကြောင်းပင် မဟုတ်ပါလား?။

## ဒါလောက်လွယ်မှဖြင့်

ဒီလိုလေးနဲ့သာ နိဗ္ဗာန်ရောက်တမ်း ဆိုရင်ဖြင့်၊ သဗ္ဗညုတဉာဏ်နဲ့ သိပြီးဟောခဲ့တဲ့ (ပဘဿရ-မိဒံ ဘိက္ခဝေ စိတ္တံ)မှတပါး၊ ကြွင်းကျန်တဲ့ဒေသနာတွေကို ရေထဲ မျှောပစ်ဘို့သာ ရှိတော့တယ်။ "လွန်လွန်းသနော်-မန်းရွှေငက်တော်" ဆိုတဲ့ စကားပုံလို လွယ်လွန်းနေပါတယ်။

## နောင်အရေးစိတ်မအေးဘွယ်

ဘုရားရှင်သည် သဗ္ဗညုတ္တဉာဏ်ခံ့ အလုံးစုံသော ဒေသနာမ်ကို၊ ကေန်သိတော်မူသည်လည်း အမှန်ပင်။သတ္တဝါတွေကို အလွန်သ

နှားတဲ့ မဟာကရုဏာရှင်အစစ်လည်း ဖြစ်ပါပေသည်။ သို့ဖြစ်ပါလျက် "ဘုရားရှင်သည် ဝေနေယျတွေကို မသက်မညှာ ခက်စွာသောတရားတွေကို ပိဋကသုံးပုံပြည့်အောင် ဟောမှ ဟောခဲ့ပါပေသည်"ဟူ၍ နောင်လာနောက်သားတို့ ဘုရားကိုပင် အပြစ်တင်ကြဦးမည်လော?ဟု နောင်လာမည့်အရေး စိတ်မအေး ဖြစ်မိပါတော့သည်။

## အားထားစရာ မြတ်ဆရာ

ဓမ္မမိတ်ဆွေ... ဘုရားသခင်ကတော့ ပရိနိဗ္ဗာန် ဝင်စံခဲ့ပါပြီ။ သို့ ပရိနိဗ္ဗာန်ဝင်စံရခြင်းဟာလဲ ဘုရားရဲ့ တပည့်တွေဟာ ပေါ်လာမဲ့သာသနာရဲ့ အနာဂါတ်ဘေးရန်တွေကို တရားသဖြင့် နှိမ်နင်းနိုင်စွမ်းရှိကြပြီ။ နှိမ်နင်းဘို့ရာ အပြည့်အစုံဟောကြားပြီးခဲ့ပြီလို့ သိတော်မူသဖြင့် ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့ခြင်းပါဘဲ။ ယခုအခါပိဋကတ်သုံးပုံဘုရားစကားတော်တွေဟာအားထားစရာ ဆရာအစစ်တွေဖြစ်ပါတယ်။

## ပိဋကတ်မှတ်ကျောက်ပေါ်တင်ကြည့်

ဒီတော့ အထက်ပါအချို့ပုဂ္ဂိုလ်တို့၏ ရေးသားဟောကြားချက်ကို ပိဋကတ်မှတ်ကျောက်ပေါ်တင်ပြီး စစ်တမ်းထုတ်ရမှာပါဘဲ။ သူတို့ကိုးကားတဲ့ "ပဘဿရ-မိဒံ ဘိက္ခဝေ စိတ္တံ"ဟူသော ဘုရားဟော ဒေသနာအရ....ဘယ်စိတ်ကိုယူရမှာလဲ?၊ စိတ်က ဘယ်နှစ်မျိုးရှိသလဲ? ဘယ်စိတ်ကို ဘယ်လိုလုပ်ရမှာလဲ၊? အတိုင်းတိုင်းထား ရမှာလား၊? စသဖြင့် မေးခွန်းတွေ ဆက်ထုတ်လိုက်ပါ။

## စင်ကြယ်ဒါဘာယ်စိတ်လဲ

စိတ်လုံးဝစင်ကြယ်ဒါက ရဟန္တာ၊ လုံးဝ မစင်ကြယ်ဒါက ပုထုဇဥ်လို့ စိတ်အကြောင်း နောက်ကလဲ ခွဲခြားပြခဲ့ပါပြီ၊ ယခုတဖန်(ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ)အရ ပဘဿရ စင်ကြယ်တဲ့ စိတ်ဆိုဒါ ဘယ်ဟာလဲလို့ သိရန် လိုအပ်သာပြန်ပါသည်။ ထို့ကြောင့် တနည်းတဖုံ အသိဥာဏ် ပွားရအောင် ရေးသားပြရပါဦးမည်။

၁။ ပဘဿရန္တိ-ပဏ္ဍရံ ပရိသုဒ္ဓံ။

၂။ စိတ္တန္တိ-ဘဝင်္ဂစိတ္တံ။

(၁) ပဘဿရန္တိ၊ ပဘဿရံဟူသည်ကား။ ပဏ္ဍရံ၊ ဖွေးဖွေးဖွေးဖြူ၏။ ပရိသုဒ္ဓံ ၊ထက်ဝန်း ကျင်မှ စင်ကြယ်၏။

(၂) စိတ္တန္တိ၊ စိတ္တံဟူသည်ကား။ ဘဝင်္ဂစိတ္တံ၊ ဘဝင်စိတ်တည်း။

ငင်း.... အဋ္ဌကထာအရ ပဘဿရဟူသည် ထက်ဝန်းကျင်မှ စင်ကြယ်ခြင်း, စိတ္တအရ-ဘဝင်စိတ် ဟူရကား, စင်ကြယ်သော စိတ်ဟူသည် ဘဝင်စိတ်ဟုသိပါ။

## ဘယ်လိုစင်ကြယ်သလဲ?

ထိုဘဝင်စိတ်ဖြစ်ခိုက် မပြောပလောက်တဲ့ အချိန်ကလေးမှာ လောဘ, ဒေါသ, မောဟကင်းနေလို့စင်ကြယ်တယ်ဆိုရပါတယ်။

## စောဒကဝင်ရန်ရှိ၍

ဒီလိုဆိုရင်....ဘဝင်စိတ်ဖြစ်ခိုက်လောဘ,ဒေါသ,မောဟတွေ ကင်းနေတယ် ဆိုမှုဖြင့် "ရာဂက္ခယော ဒေါသက္ခယော, မောဟက္ခယော နိဗ္ဗာနံ" ပါဠိအရ ရာဂဒေါသ မောဟတွေ ကုန်နေလို့ နိဗ္ဗာန်ဆိုဒါနဲ့ မကိုက်ဘူးလားလို့ စောဒကဆရာက အမြီး ထောင်ပြီး ပြေးလာမှာ စိုးရိမ်ရတဲ့အတွက်-

"တဥ္စ ခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ
ဥပက္ကိလိဋ္ဌံ"

တဥ္စခေါ၊ ထိုဘဝင်စိတ်သည်လည်း။ အာဂန္တုကေဟိ၊ ဧည့်သည်သဖွယ်ဖြစ်ကုန်သော။ဥပက္ကိလေသေဟိ၊ညစ်ညူးကြောင်း ကိလေသာတို့ဖြင့်။ ဥပက္ကိလိဋ္ဌံ၊ ညစ်နွမ်း၏။

ဤသို့ ဘုရားရှင်ဆက်လက်ဟောတော်မူရခြင်းသည်၊ အထက်ပါအတိုင်း စောဒကဝင်ရန်ရှိ၍၊ ဒါလောက်လေး စင်ကြယ်ရုံနဲ့ ညစ်ညူးကြောင်း ကိလေသာတွေက အပြတ်အသတ် ကုန်ခမ်းသွားဒါ မဟုတ်ဘူးဟေ့ ။ကိလေသာတွေဝင်လာပြီး မင့်ဘဝင်စိတ်ကလေး ညစ်နွမ်းသွားပြီလို့ သိစေလိုသဖြင့် ဆက်လက်ဟောတော်မူပါသည်။

## စိတ်ညစ်နွမ်းသွားပုံ ဥပမာ

ဤ....စိတ်ဖြူစင်ပုံ, ညစ်နွမ်းသွားပုံကို အဋ္ဌကထာဆရာက ဤသို့ ဥပမာပြတော်မူ၏။ လောကမှာ အကျင့်သီလနှင့် ပြည့်စုံကြတဲ့ မိဘ,ဆရာသမားတို့သည် ရှိကြ၏။ သူတို့သည် ပကတိ

အားဖြင့် စင်ကြယ်ပါ၏။ သို့ပါသော် "သားသမီးမကောင်း,မိဘခေါင်း၊" "တပည့်မကောင်း, ဆရာခေါင်း''ဆိုသလို သားသမီး, တပည့်တပန်းမကောင်းသဖြင့် မိဘဆရာများမကောင်း ဖြစ်ကြရ၏။

ထို....လောကဥပမာ အတူသာလျှင်၊ ဘဝင်စိတ်သည် မိဘဆရာသမားကောင်းနှင့်တူ၏။ ၎င်းမှ ဖြစ်ပေါ်လာသည့် ဥပက္ကိလေသခေါ် ညစ်ညူးကြောင်း တရားတို့သည် သားသမီး,တပည့်တပန်းဆိုးများနှင့်တူကြ၏။

## ဆုံးမပေးရမည်

ထို ...သားသမီးတပည့်တပန်းဆိုးများကို ကောင်းအောင်ဆုံးမနိုင်မှ မိဘဆရာကောင်းဖြစ်သလို ဥပက္ကိလေသ စိတ်ညစ်ညူးကြောင်း ကိလေသာတွေကို ဝိပဿနာ ဉာဏ်ရှေ့သွားသော မဂ်ဉာဏ်ဖြင့် ဆုံးမနိုင်မှ, စိတ်လုံးဝစင်ကြယ်မည့်အကြောင်း ဥပမာပြတော်မူသည်။

"သီလဓမ္မပညာသင်္ဂဟေန မဂ္ဂေန ဝိသုဒ္ဓစိတ္တတ္တာ"

သီလဓမ္မပညာသင်္ဂဟေန၊ သီလ,သမာဓိ,ပညာသိက္ခာသုံးရပ်ဖြင့် သင်္ဂြိုဟ်အပ်သော။ မဂ္ဂေန၊ မဂ်ဉာဏ်ဖြင့်။ ဝိသုဒ္ဓစိတ္တတ္တာ၊ စိတ်အထူးစင်ကြယ်သောကြောင့်။ ဟူသော အဋ္ဌကထာစကားဖြင့်၊ သိက္ခာသုံးရပ်ကို ကောင်းမွန်စွာကျင့်၍ စိတ်စင်ကြယ်နိုင်ကြောင်းသိမှတ်ရပေမည်။

## စိတ်နှစ်မျိုး

သတ္တဝါတို့ သန္တာန်ဝယ်, အများအားဖြင့် မပြတ်ဖြစ်နေသော စိတ်သည်၊ အကျဉ်းချုပ်နှစ်မျိုးပင် ဖြစ်ပါသည်၊ ၎င်းနှစ်မျိုးမှာ "ဘဝင်စိတ်၊" "ဝီထိစိတ်"ဟူ၍ဖြစ်ပါသည်။၎င်းနှစ်မျိုးကတော့တလှည့်စီဖြစ်နေကြတာပါဘဲ။ ဤသို့တလှည့်စီဖြစ်နေကြရာဝယ်, ဘဝင်စိတ်သည် စင်ကြယ်၏။ ထိုဘဝင်စိတ်သည်ပင်လျှင် ဝီထိစိတ်ကြောင့် ညစ်နွမ်းရပြန်၏။ ဟူသော ဘုရားဟော ပါဠိတော်သည် မဆုံးသေးပါ၊ ဘယ်လိုဆက်လက် ဟောပါသေးသနည်း။?

"တံ အသုတဝါ ပုထုဇ္ဇနော ယထာဘူတံ န ပဇာနာတိ၊
တသ္မာ အသုတဝတော ပုထုဇ္ဇနဿ စိတ္တဘာဝနာ
နတ္ထီတိ ဝဒါမိ"

တံ၊ ထိုစိတ်စင်ကြယ်ပုံ, ညစ်နွမ်းပုံကို။ အသုတဝါ၊ သုတမရှိသော။ ပုထုဇ္ဇနော၊ ပုထုဇဉ်သည်။ ယထာဘူတံ၊ အမှန်အကန်။ နပဇာနာတိ၊ မသိ။ တသ္မာ၊ ထိုသို့အမှန်အကန်မသိသောကြောင့်။ အသုတဝတော၊ သုတမရှိသော။ ပုထုဇ္ဇနဿ၊ပုထုဇဉ်အား။ စိတ္တဘာဝနာ၊ စိတ္တဘာဝနာသည်။ နတ္ထီတိ၊မရှိဟူ၍။ ဝဒါမိ၊ ငါဘုရားဟောတော်မူ၏။

## အဓိပ္ပါယ်မှာ

ထိုဘဝင်စိတ်ကလေး စင်ကြယ်ပုံ၊ညစ်နွမ်းပုံကိုဒီစိတ်ကလေးသည်မူလကစင်ကြယ်၏ယခုညစ်နွမ်းသွားပြီဟူ၍"အာဂမသုတ" ပရိယတ်အကြားအမြင်၊ "အဓိဂမသုတ" ပဋိပတ်ဖြင့် ရအပ်

သော သူတမရှိသူသည် စင်ကြယ်သည် ထင်နေသောကြောင့် ပုထုဇဉ်မိုက်ဖြစ်၏။ ပုထုဇဉ်မိုက်ဖြစ်သောကြောင့်၊ အဟုတ်အမှန်မသိ။ ထို့ကြောင့် ပုထုဇဉ်မိုက်အား စိတ္တဘာဝနာမရှိဟု ဘုရားဟောတော်မူသည်ဟူလို။

## ဒေသနာလိုရာမဆွဲရ

ဝါဒရှင်များသည် စိတ်စင်ကြယ်ပုံ ပါဠိလောက်သာပြ၏။ စိတ်ကို ပွားရမည့်ပါဠိကိုမပြဘဲ၊ ဒေသနာကိုလိုရာဆွဲယူ၏။ ဤလိုမယူဘဲ ရှေ့နောက်ဆက်ကြည့်ပါက၊ စိတ္တဘာဝနာ စိတ်ကို ပွားမှု အရေးကြီးကြောင်း၊ ဘာဝနာပွားသော စိတ်ရှိမှ စိတ်စင်ကြယ်ပုံ၊ ညစ်နွမ်းပုံကိုအမှန်သိပြီး၊ စိတ်တကယ်စင်ကြယ်နိုင်ကြောင်း၊ အတိုင်းတိုင်းမထားရကြောင်း သိပါလိမ့်မည်။ သို့အတွက်ဒေသနာကို လိုရာဆွဲမယူဘဲ၊ နှံ့နှံ့စပ်စပ်ကြည့်ပါ။ ဒေသနာနောက်၊ ဉာဏ်လိုက်ပါစေလို့ အထူးသတိပေးပါသည်။

## ဘဲ-နွစ်ကောင်

အတိုင်းတိုင်းထားဆိုတဲ့နေရာမှာ "တွေးစရာကြံစရာအောက်မေ့စရာ ထည့်မပေးဘဲ၊ စိတ်ကို လုံးဝအသုံးမချဘဲ၊ စိတ်ကိုစိတ်အတိုင်းတိုင်းထား" ဟူ၍ အချို့ရေးသားချက်တွင် ဘဲနွစ်ကောင်ပါသေး၏။ ဤဘဲနွစ်ကောင် အဓိပ္ပါယ်ကို ဤသို့ ရေးသားထားပြန်၏။

## မဂ်ပေါက်ဖိုလ်ဝင်မှု

(ထင်ရှားအောင်ကတော့ မိမိတို့စိတ်က အာရုံပြုမှ အာရုံဆို

ဒါရှိတယ်။ မိမိတို့စိတ်က အာရုံမပြုလျှင် အာရုံဆိုတာမရှိဘူး။ လုံးဝမရှိ၊ဘိတ်မရှိ၊စင်းစင်းကြီး ကင်းနေ၏။ သို့အတွက် လောကီအာရုံတွေနှင့်-စိတ်နှင့်-မထိစေနှင့်၊ စိတ်စိတ် အတိုင်းထား။) တဲ့။

သူတို့ အလိုမှာ... စိတ်ကြောင့်သာ အာရုံ ဖြစ်တယ်၊ အာရုံကြောင့် စိတ်က ဖြစ်တာမဟုတ်ဟုဆို၏။ ဘုရားရှင်ကတော့....

"စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။"

စက္ခုံစ၊ စက္ခုအကြည်ရုပ်ကိုရင်း။ ရူပေစ၊ အဆင်းရုပ်ရူပါရုံတို့ကိုရင်း။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊စက္ခုဝိညာဏ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤသို့စသည်ဖြင့် ဝတ္ထုရုပ်နှင့် အာရုံကြောင့်သာ, စက္ခုဝိညာဏ်စတဲ့ စိတ်ခြောက်မျိုးတို့ ဖြစ်တယ်လို့ ဟောတော်မူခဲ့ပါတယ်။ ဘယ်နှယ့်လဲ။? မဂ်ပေါက်ဖိုလ်ဝင် ဆရာကတော့ ဘုရားဟောနဲ့ ပြောင်းပြန်ကြီး ရေးလိုက်ပါကလား။?

## ဘဝင်စိတ်သည် နိဗ္ဗာန်လော?

လောကီအာရုံတွေနဲ့ စိတ်နဲ့ မထိစေနဲ့လို့ ရေးသားပြန်သည်မှာ နဂိုစိတ်, ကွက်လပ်, ဘဝင်စိတ်ကို အတိုင်းတိုင်းထားဒါများ သောကုတ္တရာ နိဗ္ဗာန်ထင်လို့ ရေးလိုက်လေသလား....? ဘဝင်စိတ်သည် နိဗ္ဗာန်ကို အာရုံမပြုနိုင်ကြောင်း ရေးသားခဲ့ပြီ။ စိတ်တကယ် စင်ကြယ်လျှင် ဘာကိုဘဲ အာရုံပြုပြု, ဘာမှမဖြစ်ကြောင်းကိုလဲ နောက်က ရေးခဲ့ပြီ။

## ဘုရားဟော အပြင်ဘက်ကဝါဒ

တွေးစရာ ကြံစရာ အောက်မေ့စရာတွေ ထည့်မပေးရရင်ဖြင့် တအိပ်ထဲအိပ်ပြီး သေလိုက်ရုံသာရှိတော့၏။ နိဗ္ဗာန်ကတော့ အစော်တောင်မှ နံရမှာ မဟုတ်ပါဘူး။ သို့အတွက် ဘုရားဟော မဟုတ်တဲ့ အတိုင်းတိုင်းထားဝါဒကြီးဟာ ဘုရားဟောပြင်ဘက် ကဝါဒဘဲလို့ သတ်မှတ်ရပေတော့မည်။

## စိတ်နဲ့ ပတ်သက်လို့ ဘုရားဟော

"စိတ္တံ ဘိက္ခဝေ ဘာဝိတံ ဗဟုလီကတံ သုခါဝိဟံ ဟောတိ။"

ဘိက္ခဝေ၊ ရဟန်းတို့။ စိတ္တံ၊ စိတ်ကို။ ဘာဝိတံ၊ ပွားများအပ်သည်ရှိသော်။ ဗဟုလီကတံ၊ အကြိမ်များစွာပြုအပ်သည်ရှိသော်။ သုခါဝိဟံ၊ ချမ်းသာကို ဆောင်နိုင်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့....အင်္ဂုတ္တရ ပါဠိတော်မှာ ဟောကြားတော်မူလေရာ၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ နိဗ္ဗာန်ကိုမှီသော (နိဗ္ဗာန်လိုလားသော)စိတ်ကို ပွားများပေး အကြိမ်များစွာ ပြုလုပ်ပေးသည်ရှိသော်၊ (ဝါ) အဘိုင်းတိုင်းမထားသည်ရှိသော်၊ နိဗ္ဗာန်တိုင်အောင်သော ချမ်းသာကို ရွက်ဆောင်နိုင်တယ်လို့ သိမှတ်ရပေမည်။

## သတိပဋ္ဌာန် ပါဠိတော်မှာလဲ

"အဇ္ဈတ္တံ ဝါ စိတ္တေ စိတ္တာနုပဿီ ဝိဟာရတိ။"

အဇ္ဈတ္တံ၊ မိမိသန္တာန်၌ဖြစ်သော။ စိတ္တေဝါ၊ စိတ်၌မူလည်း။

စိတ္တာနုပဿီ၊ စိတ်ဟူ၍ အဖန်တလဲလဲ ရှုလေ့ရှိသည် ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ဤသို့စသည်ဖြင့် သတိပဋ္ဌာန်ပါဠိတော်မှာလဲ ဟောတော်မူသေးရာ, မိမိစိတ်ကို စိတ်ဟူ၍ အဖန်တလဲလဲ ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သူတပါး၏စိတ်ကို, မိမိသူတပါး နှစ်ပါးစုံစိတ်ကို, စိတ်ဟူ၍ အဖန်တလဲလဲ ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ စိတ်ဖြစ်ခြင်းသဘော, ချုပ်ခြင်းသဘောကို အဖန်တလဲလဲ ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

## ရှုရ, မှတ်ရ, ပွားရကျိုး

စိတ်ကို....ဤသို့ ရှုမှတ်ပွားများရသဖြင့်-အသက်, လိပ်ပြာ, သူ့ငါမဟုတ်။ သိမှုသဘောတရားလေးသာရှိ၏ဟု သတိအရာ ပညာနှင့်တွဲ၍ ထင်ရှားသိနေ၏။ ထိုသို့ ရှုမှတ်တိုင်း ထင်ရှားနေသည်ရှိသော်, တဏှာဒိဋ္ဌိတို့ဖြင့် ပုဂ္ဂိုလ်, သတ္တဝါ, သူ့ငါစသည် မစွဲခယူဘဲ၊ အစွဲအလန်း ပြတ်တော့သည်ဟူ၍ ဟောကြားတော်မူလိုရင်းဖြစ်ရကား... ဘုရားရှင်၏ အလိုတော်သည် စိတ်ကို ရှုရ, မှတ်ရ,ပွားများရ,ကြိမ်ဖန်များစွာ ပြုလုပ်ရမည်။ (စိတ်ကို လုံးဝ အသုံးချရမည်၊ အတိုင်းဘိုင်းမထားရ)ဟု သိမှတ်ရပေမည်။

## အငြိမ်းစားနေလျှင်

“စိတ္တံ ဘိက္ခဝေ အဘာဝိတံ အဗဟုလီကတံ ဒုက္ခာဓိဝဟံ ဟောတိ။”

ဘိက္ခဝေ၊ ရဟန်းတို့။ စိတ္တံ၊ စိတ်ကို။ အဘာဝိတံ၊မပွားအပ်

သည်ရှိသော်။ အဗဟုလီကတံ၊ အကြိမ်များစွာ မပြုအပ်သည်ရှိသော်။ ဒုက္ခာဓိဝဟာ ၊ ဆင်းရဲကိုဆောင်နိုင်သည်။ဟောတိ၊ဖြစ်၏။

ဤသို့ အင်္ဂုတ္တရပါဠိတော်မှာ ဘုရားဟောတော်မူလေရကား စိတ်ကို လုံးဝအသုံးမချ၊ မရှု၊ မပွား၊ အငြိမ်းစား နေလိုက်ရင် အပါယ်စသည့် ဝဋ်ဒုက္ခသို့ ဆောင်နိုင်ကြောင်းကိုလဲ မှတ်သားရပေမည်။

## စိတ်မငြိမ်လို့ ကျင့်ရ

အထက်ပါအတိုင်း....စိတ္တာနုပဿနာ သတိပဋ္ဌာန်ဖြင့် စိတ်ကို ရှုမှတ် ပွားများနေရခြင်းသည် "ဝိညာဏံ ဘိက္ခဝေ အနိစ္စံ ဒုက္ခံ အနတ္တာ" စသည့် ဒေသနာအရ စိတ်သည် မမြဲ၊ဆင်းရဲ၍ အတ္တမဟုတ်လေသောကြောင့် ကွက်လပ်ထဲ ထည့်ထား၍ မဖြစ်လေရကား ထိုစိတ်ကို ညစ်ညူးကြောင်း ကိလေသာမှ လွတ်အောင် ရှုန်းကန်ရခြင်းသာ ဖြစ်ပါသည်။

## နခသိခါသုတ်

ထိုသို့....ရုန်းကန်ရခြင်း သဘောကို ရည်ရွယ်တော်မူလျက် ခန္ဓဝဂ္ဂသံယုတ် နခသိခါသုတ်မှာ-ဘုရားဟောတော်မူသည်ကား "ရဟန်းတို့၊ စိတ်ကလေးဟာ ဤလက်သည်းပေါ်မှာရှိတဲ့မြေမှုံ့လောက်မျှ မြဲမြံခိုင်ခံ့ တည်တံ့နေခဲ့ပါလျှင်၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းတရားတွေ မထင်ရှားလေရာ"ဟုဟောတော်မူခဲ့ပါသည်။

## စိတ်မြဲရင်

စိတ်မမြဲလို့ ကျင့်ကြံအားထုတ်နေကြရပါသည်၊ စိတ်ဟာ မြဲတယ်၊ အစိုးတရ၊ အတ္တဟုတ်ပါတယ်ဆိုရင် ကွက်လပ်ထဲ ထည့်ပြီး အသာနေလိုက်ကြရမှာပါဘဲ။

## ကျင့်မှ စင်ကြယ်ပုံ

သတိပဋ္ဌာန်ကို ပွားများ အား ထုတ် မှ စိတ် စင် ကြယ် နိုင် ကြောင်းကို ဤသို့ ဟောတော်မူပါသည်။

## ဝါသိဇဋ္ဌသုတ်

'ရဟန်းတို့....သတိပဋ္ဌာန ဘာဝနာမှုကို မပြု့ မလုပ်၊ အားမထုတ်ဘဲနေသော ရဟန်းအား ဤသို့သော အလိုဆန္ဒသည် အကယ်၍ ဖြစ်ငြားအံ့၊ ငါ့အား တစုံတခုသောသင်္ခါရကိုမစွဲလန်းမူ၍၊ အာသဝေါတရားတို့မှ စိတ်လွတ်သွားပါမူ၊ ကောင်းလေစွဟု—အလိုဆန္ဒရှိကာမျှဖြင့် အာသဝေါကုန်ခမ်းရဟန္တာမဖြစ်နိုင်၊ အဘယ့်ကြောင့်ပါနည်းဆိုသော် သတိပဋ္ဌာန ဘာဝနာကိုမပွားများ၊ မကျင့်ကြံသောကြောင့် ဖြစ်ပေသည်။'

## ပွါးများအားထုတ်ပါ

ဤဝါသိဇဋ္ဌသုတ်ဝယ် ဘုရားဟောတော် မူသည်ကို မှတ်သားကာ သတိပဋ္ဌာန်ပွားမှ စိတ်စင်ကြယ် နိုင်ကြောင်း နှလုံးထားလျက်ပွါးများ အားထုတ်ကြကုန်ရာသည်။

## စိတ်ကို စိတ်အတိုင်းတိုင်း ထားလျှင် မိစ္ဆာဒိဋ္ဌိ

စိတ္တာနုပဿနာ သတိပဋ္ဌာန်ကို ပွားများပါမူ (ဝိဇ္ဇာနန

လက္ခဏာ ‌စိတ္တ‌)ဆိုတဲ့ စိတ်ဆိုဒါ သိခြင်းလက္ခဏာဘဲ၊ (ဝိညာဏံ အနိစ္စံ) စသည့် ဒေသနာတိုင်း သိခြင်းလက္ခဏာ ရှိသောစိတ် မှန်သမျှ မမြဲပါဘကားဟူ၍ စိတ်၏သဘောလက္ခဏာကို သိနိုင် ပါသည်။ ဤသို့သိမှ စိတ်သည် ထားသလိုနေသည်။ မြဲသည်။ အေးရာငြိမ်းရာ ကြီးနှင့်နေသည် စသည့်အယူမှားကင်းပျောက်နိုင် သည်။ ဤအယူမှားကိုမှ ကင်းပျောက်အောင် အားမထုတ်နိုင် လျှင်၊ အတိုင်းတိုင်းထားလျှင် ဘယ်သို့ဖြစ်နိုင်သနည်း။?

## ဝိညာဏအညာဏသုတ်

ရှင်းသုတ်ဝယ်....ဝစ္ဆပရိဗိုဇ်က “အိုအရှင်ဂေါတမ၊ လောက ၌ အမျိုးမျိုးသော မိစ္ဆာဒိဋ္ဌိ တွေဟာ အဘယ်သို့သော အ ကြောင်း၊ အထောက်အပံ့ကြောင့် ဖြစ်ကြပါသလဲ”ဟု မေး လျှောက်ရာ .... ဘုရားရှင်က... “အို ဝစ္ဆ၊ စိတ်ကို သဘာဝ လက္ခဏာအားဖြင့် အမှန်မသိခြင်း၊ စိတ်ဖြစ်ကြောင်းကို အမှန် မသိခြင်း၊ စိတ်ချုပ်ငြိမ်းရာကို အမှန်မသိခြင်း၊ စိတ်ချုပ်ငြိမ်း ကြောင်း အကျင့်ကို အမှန်သိခြင်း၊ ဤသို့အမှန်လေးပါး သစ္စာ တရားတို့ကို မဂ်ဉာဏ်ဖြင့် အမှန် မသိခြင်းကြောင့်၊ လောက၌ မိစ္ဆာဒိဋ္ဌိ အမျိုးမျိုးတွေ ဖြစ်နေကြရ ပေသည်”ဟု ဖြေကြား တော်မူပါသည်။ ထို့ကြောင့် စာရှုသူ ဓမ္မမိတ်ဆွေဟာလဲ မိမိ တို့၏စိတ်ကို ဒုက္ခသစ္စာအနေနဲ့ အမှန်မြင်နိုင်ပါစေသတည်း။

## စိတ်ကို စိတ်အတိုင်းတိုင်းမထား၊ နိဗ္ဗာန်သွား

စိတ်ကိုအငြိမ်းခါးထားလျှင် ထာဝစဉ်ငြိမ်းသည့် နိဗ္ဗာန်သို့

သွားရမည့်ပမာ အပြောကောင်းကောင်းနှင့် ဘုရားဟောလေ ဟန်, ပါဠိအတိုအစတွေကို ကြားညှပ်ပြီးဟောပြောနေကြသည် များကို ဟုတ်မှန်သည် အထင်နှင့် နားယောင် နေကြပါမူ— "နိဗ္ဗာန်နှင့်ဝေး ဉာယန္တေ"ဆိုဒါလို၊ နိဗ္ဗာန်နှင့် ကြာလေ့ဝေး လေဖြစ်ပြီး၊မိစ္ဆာဒိဋ္ဌိ အယူမှားသာ အဖတ်တင် မနေကြရလေ အောင်, နိဗ္ဗာန်ရောက်ကြောင်း, နည်းလမ်းကောင်းမှန်, ဘုရား ဟော သုတ္တန်ကို မြန်မာပြန်၍ ရေးသားရ ပါတော့မည်။

## ဥပါဒါနုပရိဝတ္တသုတ်

ဂင်းသုတ္တန်ဝယ်ဘုရားရှင် ဟောတော်မူသည်ကား...."ရဟန်း တို့၊ ဝိညာဏ်(စိတ်)ခြောက်မျိုးရှိ၏။ ခြောက်မျိုးမှာ မြင်စိတ်, ကြားစိတ်,နံစိတ်, စားစိတ်, ထိသိစိတ်, ကြံစည်စိတ်တို့ဖြစ်ကြ၏။ ရုပ်နာမ် အကြောင်းကြောင့် ဂင်းစိတ်ခြောက်မျိုးတို့ မပြတ် ဖြစ်နေရ၏။ ရုပ်နာမ် အကြောင်း ချုပ်လျှင် ချုပ်ကြရ၏။ ချုပ်ကြောင်းကတော့ မဂ္ဂင်ရှစ်ပါး အကျင့်တရားပင်တည်း"

"ခပ်သိမ်းသော ရဟန်းရှင်လူတို့သည်ဤသို့စိတ်ကိုအမှန်သိ၍၊ စိတ်ဖြစ်ကြောင်းကို အမှန်သိ၍၊ စိတ်ချုပ်ငြိမ်းမှုကို အမှန်သိ၍၊ စိတ်ချုပ်ငြိမ်းမှုသို့ ရောက်ကြောင်းအကျင့်ကို အမှန်သိ၍၊ ထို စိတ်အပေါ်ဝယ် ငြီးငွေ့လာအောင်, ပျင်းမုန်း လာအောင်, ချုပ်ငြိမ်းမှုရအောင် ကျင့်ကြံအားထုတ်ကြကုန်၏။"

"ထိုသူတို့သည် (သုပ္ပဋိပန္န)ကောင်းစွာ ကျင့်ကြံအားထုတ် သော ပုဂ္ဂိုလ်များဖြစ်၍ ငါဘုရားသာသနာမှာထောက်ရာတည်ရာ

ရပြီးသော အရိယာပုဂ္ဂိုလ်တို့ပေတည်း”ဟု- ဘုရားရှင် ဟော တော်မူသည့်အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်ကြ ကုန်ရာ သည်။

သို့မှသာ သမ္မာဒိဋ္ဌိ အစစ်အမှန်ဖြစ်၍ နိဗ္ဗာန်ကျွန်းခိုအရိယာ ပုဂ္ဂိုလ်များဖြစ်နိုင်ကြ ပေလိမ့်မည်။

၁။ ဖြစ်ပျက်မရှု၊ ငြိမ်းမှုမမြင်၊ နှစ်ပါးလျှင် မဂ္ဂင်မထိုက်ရာ။
၂။ ဖြစ်ပျက်ကိုရှု၊ လွတ်ငြိမ်းမှု၊ နှစ်ခုမဂ္ဂင် ထိုက်ကြောင်း တည်း။
၃။ အဘိုင်းတိုင်းထား၊ သာနေငြား၊ မှတ်သားယူမိစွာ။
၄။ အတိုင်းမထား၊ ရှုမှတ်ပွါး၊ ဘုရား အကြိုက်သာ။
၅။ ဘုရားအကြိုက်၊ အမှန်လိုက်၊ အမြိုက် နိဗ္ဗူတာ။
၆။ ဘုရားမကြိုက်၊ လမ်းမှားလိုက်၊ အမိုက် နရက်ချွာ။

## ရုပ်နာမ်ဒုက္ခ

ဓမ္မမိတ်ဆွေ ...အထက်ပါဝေဘန်ချက်များ၏ အဓိကလိုရင်း အချက်မှာ စိတ်ကို စိတ်အတိုင်းတိုင်းထား ဆိုတဲ့ဝါဒ ဆန်း၏ ဆောင် ပုဒ်တခုပင် ဖြစ်ပါတယ်။

ထို... ဝါဒရှင်များရဲ့ အလိုက သတ္တဝါတွေရဲ့ သန္တာန်မှာ ရုပ်ရယ်, နာမ်ရယ်, ဒီ တရား နှစ်ပါးဘဲ ရှိတယ်။ ဒီနှစ်ပါးထဲက ရုပ်ဆိုတာကတော့ ဒုက္ခဘဲတဲ့။ ရှုလဲဒုက္ခ၊မရှုလဲဒုက္ခ။ ဒီရုပ်ရဲ့ ဒုက္ခကလဲ သုသာန်သင်္ချိုင်းရောက်ရင်အေးဒါပါဘဲတဲ့။

နာမ်ရဲ့ ဒုက္ခကတော့ နိဗ္ဗာန်ရောက်ရင် အေးဒါပါဘဲတဲ့၊

အဲဒီတော့ နာမ်ဒုက္ခ အေးအောင် ဆိုပြီး၊ နိဗ္ဗာန်ကိုအလွယ်ဆုံး နည်းနဲ့ အရောက်ပို့ကြတယ်။

ဒီလို....ပို့တဲ့နေရာမှာလဲနာမ်တရားရဲ့ ဒုက္ခ ဖြစ်ပုံ့ဆင်းရဲပုံတွေကိုတော့ ထူးပြီး ရှုမှတ်နေစရာမလိုပါဘူးတဲ့။ ဒီ နာမ် တရားမမြဲတာလဲ လူတိုင်းသိကြပါတယ်၊ ဆင်းရဲဒါကိုလဲ ထို့အတူ သိကြပါတယ်–တဲ့။

ဒီ....သိပြီးသားတွေကို ထပ်ကာထပ်ကာရှုနေ မှတ်နေ လို့လဲ ဘာမှ မထူးပါဘူးတဲ့။ သိပြီးသား ထပ်သိ၊ ဒီထပ်သိတာကလဲ ဒုက္ခ၊ သိပြီးသားကလဲ ဒုက္ခဆိုတော့၊ ဒုက္ခတွေ ထပ်ကာ ထပ်ကာလည်နေရုံသာ ရှိပါတယ်....တဲ့။

## ဇာတိပိဒုက္ခ

အဲသလို....ဒုက္ခတွေအထပ်ထပ် မလည်ကြ စေဘို့ ပထမဆုံး ဇာတိနဲ့ ဇာတိချုပ်ရာ ချုပ်ကြောင်းကို ပြတဲ့ နေရာ မှာလဲ.... ဇာတိ ဆိုဒါ စိတ်ထဲမှာ အမျိုးမျိုး ပေါ်လာဒါကို ဇာတိလို့ပြပါတယ်။

ထိုသို့....ပြရာမှာ၊ ထိုအမျိုးမျိုးတွေပေါ်လာဘို့ရာ ပထမဆုံး ပေါ်နေနှင့်တဲ့ စိတ်ကတော့ ဇာတိမဟုတ်ဘူးလားလို့ မေးလို ပါ၏။ နောက်ပြီး....ဒီအမျိုးမျိုးအထွေထွေ စိတ်ထဲမှာပေါ်လာဒါကို ဇာတိလို့ခေါ်ရင်–ဒီဇာတိတွေဟာ ရဟန္တာဖြစ်တောင်မှ မ ဆုံးနိုင်တော့သည် မဟုတ်ပါလား....

ရဟန္တာ အရှင်မြတ်ကြီးများရဲ့ စိတ်ထဲမှာလဲ အမျိုးမျိုးတွေ

ပေါ်နေဦးမှာပါဘဲ၊ ဒီလိုပေါ်နေသေးရင် "ခိဏာ ဇာတိ"လို့ ဘုရားရှင်က ရဟန္တာမှာ ဇာတိ ကုန်ပြီလို့ ဟောတော်မူခဲ့တာ ဘယ်လိုဖြစ်သွားမလဲ။?

ဒီတော့....ဘုရားရှင်အလိုတော်ကျ ယူရမည့် ဇာတိနှင့်၊ ကုန်အောင်လုပ်ရမည့် ဇာတိကို နောက်က ပြခဲ့ပြီ။ ဝိပဿနာ ရှုလိုသူများ ရှုဘို့ရာ အတွက်ကလဲ "ခန္ဓာနံ ပါတုဘာဝေါ" ဟူ၍ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာဆိုတဲ့ ဥပါဒါနက္ခန္ဓာငါးပါး ထင်ရှား ဖြစ်ပေါ်လာတာကို ဇာတိလို့ယူပြီး ဝိပဿနာရှုဘို့ရာ ဘုရားဟောတော်မူခဲ့ပါပြီကော။

ဘုရားဟောအတိုင်း....ဒီဥပါဒါနက္ခန္ဓာကို ရှုလို့၊ ဒီဥပါဒါနက္ခန္ဓာအပေါ် တွယ်တာနှစ်သက်မှု ကင်းကွာ ပြတ်သွားရင်၊ ဇာတိပြတ်သွားဒါပါဘဲ။ ဒီလိုမဟုတ်ဘဲနဲ့....စိတ်ထဲ အမျိုးမျိုး ဖြစ်တာဇာတိ၊ ထိုအမျိုးမျိုးတွေ စိတ်ထဲမဖြစ်မိက ဇာတိမရှိ။ ချုပ်နေတယ်၊ ငြိမ်းနေတယ်။ အဲဒါ....မြင်အောင်ကြည့်၊ မြင်ရင်နိဗ္ဗာန်၊ သိတာကမဂ်ဉာဏ်လို့-ယူဆထားကြခြင်းကား....စိတ်ကိုစိတ်အတိုင်းတိုင်းထား ဆောင်ပုဒ်နဲ့ညီ၏။နိဗ္ဗာန်ရောက်ကြောင်း အကျင့်မဟုတ်၊ ဘုရားဟောနှင့်မညီလို့မှတ်ပါ။

**ကိုလေသာ**

ဓမ္မမိတ်ဆွေ....ဇာတိချုပ်နေတဲ့စိတ်၊ (ဝါ) ဇာတိချုပ်ရာကြီးနဲ့ နေတဲ့စိတ်၊ အဲဒီစိတ်ကို-စိတ်အတိုင်းတိုင်းထား ဆိုတာကို တော့ နားလည်ခဲ့ပြီမဟုတ်လား။?

နောက်တနည်း....စိတ်အတိုင်းတိုင်းထားပုံကတော့ (ပဘဿရ

မိဒံ ဘိက္ခဝေ စိတ္တံ) ဤစိတ်သည် စင်ကြယ်၏။ (တဥ္စ ခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပလိက္ကိဋ္ဌံ) ထိုစင်ကြယ်သောစိတ်သည် ဧည့်သည် သူစိမ်း တရံစာဖြစ်တဲ့ ကိလေသာတွေကြောင့် ညစ်နွမ်းရတယ်။

ဤဘုရားဟော ဒေသနာကို ထောက်ထား၍–ဥာဏ်ကြီးရှင်များက ဒီစိတ်ကလေးကို အတိုင်းတိုင်းထားဘို့ ကြံကြတယ်။

ကြံကြပုံက... စိတ်သည် နဂိုက စင်ကြယ်တယ်လို့ ဘုရားဟောတယ်။ ညစ်ညူးကြောင်း ကိလေသာတွေကြောင့်, ညစ်ညူးတယ်လို့လဲ ဟောတယ်။ အဲဒီတော့ ဒီကိလေသာဆိုဒါက နဂိုက မရှိ။ မူလကမရှိ။ မိမိကပြုလုပ်ပေး, ထူထောင်ပေးမှရှိတာ၊ ရှိလာတော့လဲ အမြဲမနေပါဘူး။

(သဗ္ဗေ သင်္ခါရာ အနိစ္စာ)ဖြစ်ပြီး ပျက်ရတာမျိုးပါတဲ့၊ ဒီလို နဂိုကလဲမရှိ၊ ရှိလာပြန်တော့လဲ မမြဲတဲ့ဟာတွေကို၊ ကြောင့်ကြစိုက်ပြီး ပယ်မနေပါနဲ့၊ သူတို့မရှိခင်က စင်ကြယ်တဲ့ စိတ်ကို၊ စိတ်အတိုင်းတိုင်းထားလိုက်ရင် ပြီးတာပါဘဲ....တဲ့။

ဓမ္မမိတ်ဆွေ....အနုသယ ကိလေသာကြောင့် ပရိယုဋ္ဌာန ကိလေသာဖြစ်ပြီး စိတ်မစင်ကြယ်တော့တဲ့အဖြစ်ကို၊ မိမိကပြုလုပ်ပေးလို့ဖြစ်တာဟု–အနုသယကို "မိမိ"ပြုလုပ်လိုက်ခြင်းဖြင့် စိတ်အတိုင်းတိုင်းထားထဲသို့ ဆွဲသွင်းလိုက်ကြလေပြီ။

လောဘ, ဒေါသ စသည့်တို့ဖြင့် သောင်းကျန်းနေကြ စိတ်သည် သောင်းကျန်းနေချင်၏။ ဤသောင်းကျန်းမှုကို ပရိယုဋ္ဌာန အခိုက်ဟုခေါ်၏။ သောင်းကျန်းစရာ အာရုံနဲ့ မတွေ့သေးလို့

ငြိမ်နေတဲ့ အခိုက်ကို, အနုသယ အခိုက်ဟုခေါ်၏။ ထိုအနုသယ အခိုက်ရှိ ကိလေသာမျိုးကို မဂ်ကသာ ပယ်နိုင်၏။

ဓမ္မမိတ်ဆွေ ...ဘုရားသခင်ကတော့ ကိလေသာတွေဟာ မဂ်ဉာဏ်နဲ့ မပယ်သမျှ၊မပြတ်ရှိနေပုံကို ဥပမာ-အချိုးမျိုးနဲ့ ဟောတော်မူခဲ့ပါတယ်။

ဒီ....ကိလေသာတွေပယ်နိုင်ဘို့ရာကလဲ "သီလေ ပတိဋ္ဌာယ" ကစပြီး၊ သီလမှာတည်၊ သမာဓိ, ပညာပွားများပေးနိုင်မှ, ဒီကိလေသာ အရှုတ်အထွေးကြီးပယ်နိုင်၊ ပယ်နိုင်မှ, နိဗ္ဗာန် မျက်မှောက်ပြုရတယ်လို့ ဟောတော်မူခဲ့ပါတယ်။

ဒါတွေကို....အလေးမမူ ဂရုမစိုက်သူတို့အဘို့၊ သီလ,သမာဓိ, ပညာ သိက္ခာ သုံးပါးကို ကလေးကစားဒါလောက် ထားပြီး၊ ကိလေသာမရှိခင်က စိတ်အဘိုင်းတိုင်း စင်ကြယ်နေဒါ သိရင် သီလ, သမာဓိ, ပညာ ပြည့်စုံပြီးသားဟူ၏။

သူတို့သည်....အနုသယ ကိလေသာကို ဝက္ကက် ထားခဲ့ပြီး၊ ဝီတိက္ကမ, ပရိယုဋ္ဌာန, ကိလေသာတို့၏ အခိုက်အတံ့ မရှိပုံကို လူပြိန်းနားလည်အောင် ဟောပြောပြီး ခဏငြိမ်း နိဗ္ဗာန်ကိုညွှန်ပြလျက် စိတ်စိတ်အဘိုင်းတိုင်း ထားရမည်ဟု ရေးသားကြ၏။ ဟောပြောကြ၏။

ဒီနေရာမှာလဲ... ဘုရားဟောနဲ့မညီပုံ၊ စိတ်စင်ကြယ်ပုံ၊ ညစ်နွမ်းပုံကို တကယ်သိဘို့ရာ အရေးကြီးကြောင်း စိတ္တဘာဝနာ စိတ်ကို ပွားများပေးမှ သိနိုင်ကြောင်း နောက်ကရေးသားပြီးခဲ့ပါပြီ။

## နဂိုငြိမ်း

(တနည်း) စိတ်, စိတ်အဘိုင်းတိုင်းထား ဟူရာမှာ, စိတ်ထဲမှာ ထိုထိုဤဤ မဖြစ်ခင်က အဖြစ်ငြိမ်းပြီးသားပါ။ ပြုလုပ်ထူထောင် ကြံစည်တွေးတော မပေးခင်က ကိလေသာလဲ ငြိမ်းပြီးသားပါ။ ဒီငြိမ်းပြီးသား အေးပြီးသားကို အတိုင်းတိုင်းမသိတော့၊ ဟိုဟာ ဒီဟာတွေ ပြုလုပ်၊ ပြုလုပ်တော့ "သဗ္ဗေ သင်္ခါရာ ဒုက္ခာ" သင်္ခါရ ဒုက္ခတွေဖြစ်ရော... တဲ့။

အဲသလို... လုပ်သမျှ ဒုက္ခတွေကို ခံနေကြမဲ့အစား၊ ဒီဒုက္ခတွေကို စွန့်လွှတ်ပြီး အငြိမ်းစားထား အသာနေလိုက်ရင်၊ နဂိုငြိမ်း ငြိမ်းသလို ဖြစ်တာပါဘဲ၊ ငြိမ်းရာကြီးနဲ့ နေတာပါဘဲ၊ အဲဒီငြိမ်း ရာကြီးနဲ့ နေတဲ့ စိတ်ကို စိတ်အတိုင်းတိုင်းထား....တဲ့။

ဒါကလဲ ...သူတို့အရေး, သူတို့အတွေးမျှသာ၊ "သဗ္ဗေ သင်္ခါရာ ဒုက္ခာ" ဘုရားဟောတော်မူဒါကလဲ....ရုပ်, နာမ်, ဓမ္မ သင်္ခါရအားလုံးကို လုပ်လဲဒုက္ခ၊ မလုပ်လဲဒုက္ခလို့ ဟောတော်မူဒါပါ။

အဲဒီတော့ ...ဒီဒုက္ခတွေကို စွန့်လွှတ်ပစ်(မလုပ်နဲ့)အငြိမ်းစား ထား၊ အသာနေလို့လဲ ဘုရားဟောတော်မမူပါဘူး။

"သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ ယဒါ ပညာယ ပဿတိ" လို့ ရုပ်နာမ်ဓမ္မ, သင်္ခါရ ဒုက္ခမှန်သမျှကို ဝိပဿနာ ပညာနဲ့ မြင် အောင်ကြည့်။

"အထ နိဗ္ဗိန္ဒတိ ဒုက္ခေ" မြင်မှ, ဒုက္ခတွေငြီးငွေ့။ "ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ" အဲဒါမှ စိတ်စင်ကြယ်ဘို့ လမ်းမှန်ဘဲလို့-

နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း လမ်းမှန်ကို ဘုရားဟော တော်မူခဲ့ခြင်းဖြစ်ပါတယ်။

## ဆုံးအောင်ကြည့်

အထက်ပါအတိုင်း....ဘုရားဟော ဒေသနာကို ဆုံးအောင် ကြည့်ဘို့ရာကလဲဟောပြောသူ့ ရေးသားသူများအဘို့အများကြီး တာဝန်ရှိပါတယ်။

ဒီလို...ဒေသနာကို အစအဆုံးမကြည့်၊ ကိုယ်လိုရာ ကွက်ယူ ထားပြီး၊ ကိုယ်ကွက်ယူထားတဲ့ ဒေသနာက ဘာကို ဆိုလိုဒါလဲ လို့ ဘုရားအလိုတော်ကို မစူးစမ်းဘဲနဲ့ ဟောနေကြပုံက....

"ပြုလုပ်တာက သင်္ခါရ၊ ထိုသင်္ခါရကို ဒုက္ခလို့ ဘုရားဟော တယ်" ဆိုပြီး ဖြီးဖြန်းချကြ၏။ ဤသို့....ဖြီးဖြန်းချလိုက်ခြင်း သည် လူ့ဗာလကို လှည့်စားနိုင်သော်လဲ၊ ဘုရားကို စော်ကား ရာရောက်၏။ ထို့ပြင်လဲ....မိမိကိုယ်တိုင် ပရိယတ္တိ ဗဟုသုတမရှိ ကြောင်း ထုတ်ဖော်ပြရာရောက်၏။

ပရိယတ္တိ ဗဟုသုတမရှိလို့၊ ဘုရားဟော ပိဋကကို မသင် မကြားဘူးလို့၊ "သဗ္ဗေ သင်္ခါရာ ဒုက္ခာ"လောက်မှ မှန်အောင် မယူတတ်ရင် ပဋိပတ်လဲ လမ်းမှန်မရောက်နိုင်။

ပဋိပတ် လမ်းမမှန်ရင် ပဋိဝေဓဆိုတာကတော့ ထည့်မတွက် ပါနှင့်တော့။ ဘယ်လောက်ဘဲ "နဂိုမူလ နိရောဓ"ဆိုတဲ့ နိဗ္ဗာန် ကွက်ဆန်းကြီးကို တအားကုန်းအော်နေငြားသော်လဲ၊ အသံပြာ ရုံမှတပါး ဘာမှအကျိုးမရှိချေ။

## သဗ္ဗသင်္ခါရာ ဒုက္ခာအဖွင့်

ထို့ကြောင့်...“သဗ္ဗေ သင်္ခါရာ ဒုက္ခာ” အရ ဘာကို ယူရမှာလဲ....။?

“သဗ္ဗေ သင်္ခါရာတိ ကာမဘဝါဒိသု ဉပ္ပန္နာ ခန္ဓာ”

သဗ္ဗေသင်္ခါရာတိ၊ သဗ္ဗေသင်္ခါရာ ဟူသည်ကား။ ကာမဘဝါဒိသု၊ ကာမဘဝ စသည်တို့၌။ ဉပ္ပန္နာ၊ ဖြစ်ကုန်သော။ခန္ဓာ၊ခန္ဓာတို့တည်း။ (တနည်း) ကာမဘဝါဒိသု၊ ကာမဘဝ စသည်တို့၌။ ဉပ္ပန္နာ၊ ဖြစ်ကုန်သော။ ခန္ဓာ၊ ခန္ဓာတို့သည်။ သဗ္ဗေသင်္ခါရာတိ- သဗ္ဗေသင်္ခါရာနာမ၊ အလုံးစုံသော သင်္ခါရတို့ မည်ကုန်၏။

ဓမ္မပဒအဋ္ဌကထာမှာဤကဲ့သို့ဖွင့်ပြရာဝယ်, “သဗ္ဗေသင်္ခါရာ” အရ ကာမဘဝ, ရူပဘဝ, အရူပ ဘဝတို့၌ ဖြစ်သော ရုပ်နာမ် ခန္ဓာကို အရယူပါလို့ ဆိုလိုပါတယ်။

ဒီလို....အမှန်သိပြီးတဲ့နောက် ရှေ့ဆက်ကြည့်ပါအုံး၊ရှေ့ဆက်ကြည့်တော့ “ယဒါ ပညာယ ပဿတိ” ကို တွေ့ပါလိမ့်မယ်။

ဒီနေရာမှာလဲ....မရှုလဲဒုက္ခ၊ ရှုလဲဒုက္ခဆိုပြီး ငြိမ်းရာ ကြီးကို သွားမတွေးပါနဲ့အုံး။ အမှန်ယူရမှာက....

“ယဒါ ဝိပဿနာပညာယ ပဿတိ”

ယဒါ၊ အကြင်အခါ၌။ ဝိပဿနာပညာယ၊ ဝိပဿနာပညာဖြင့်။ ပဿတိ၊ ရှု၏။

ဓမ္မပဒ အဋ္ဌကထာ ဖွင့်ပြပုံက ထိုဘုံသုံးပါးမှာ ဖြစ်တဲ့ ရုပ်

နာမ်ခန္ဓာတွေကို၊ ဝိပဿနာဉာဏ်နဲ့ ဒုက္ခဖြစ်ပုံ သေသေချာချာမြင်အောင် ရှုလိုက်ပါအုံးတဲ့။

အဲဒီလို....ဒုက္ခတွေမြင်အောင် ရှုနေရသဖြင့် ဘာများအကျိုးရမှာလဲ....? (၀၁)ကိုယ်လိုချင်တာက အနိမိတ္တနိဗ္ဗာန်၊ ရှုမှတ်ပွားများနေဒါက နိမိတ္တရုပ်နာမ်လို့များအတွေးမချော်ပါနဲ့ အုံးတဲ့၊ ထိုဒုက္ခကိုရှုမှတ်၊ ပွားများရတဲ့အကျိုးက (အထ နိဗ္ဗိန္ဒတိ ဒုက္ခေ) လို့ ဟောတော်မူပါတယ်။

၁။ အထ ဣမသ္မိံ ခန္ဓပရိဟရဏဒုက္ခေ နိဗ္ဗိန္ဒတိ။

၂။ နိဗ္ဗိန္ဒန္တော ဒုက္ခပရိဇာနနာဒိဝသေန သစ္စာနိ ပဋိဝိဇ္ဈတိ။

(၁)အထ၊ ထိုဝိပဿနာ ရှုမှတ်သောအခါ၌။ ဣမသ္မိံ ခန္ဓပရိဟရဏ ဒုက္ခေ၊ ဤခန္ဓာကိုရွက်ဆောင်ရတဲ့ ဒုက္ခ၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့လေ၏။

(၂)နိဗ္ဗိန္ဒန္တော၊ ငြီးငွေ့ လေသော ကြောင့်။ ဒုက္ခပရိဇာနနာ ဒိဝသေန၊ ဆင်းရဲမှုကို ပိုင်းပိုင်းခြားခြား သိခြင်းစသည်တို့၏ အပြားအားဖြင့်။ သစ္စာနိ၊ အမှန်တရား သစ္စာလေးပါးတို့ကို။ပဋိဝိဇ္ဈတိ၊ မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍သိရ၏။

ဤဓမ္မပဒ အဋ္ဌကထာ ဖွင့်ဟချက်ဟာဖြင့်, ထိုရုပ်နာမ်ခန္ဓာတွေရဲ့ဒုက္ခဖြစ်ပုံ အခြင်းအရာ, ဒုက္ခလက္ခဏာကို အဖန်တလဲလဲ ညှဉ်းဆဲနှိပ်စက်နေတဲ့အသွင်, ဉာဏ်၌ ထင်မြင် လာခဲ့သော်-ရှေ့ထုပ်မှတ်၍ ထမ်းလာခဲ့သော အထုပ် အပိုးကြီးတခုကို၊ ရှေ့

ထုပ်မဟုတ်မှန်းလဲသိလာ, လေးမှန်းလဲသိလာ သူကဲ့သို့၊ ဝိပဿနာ ဉာဏ်နဲ့ မရှုမိက, သုခထင်၍၊ခန္ဓာဝန်မလေးခဲ့သော်လဲ, ဝိပဿနာ ဉာဏ်နဲ့ ရှုကြည့်မှ, ဒုက္ခမှန်း တကယ်သိ၍ ခန္ဓာဝန် လေးခဲ့လေ ပြီ။ ထိုခန္ဓာဝန်ကြီးဖြင့် ငြီးငွေ့ခဲ့လေပြီ။

ဓမ္မမိတ်ဆွေ့....ဓမ္မမိတ်ဆွေ ကိုယ်တိုင် ဉာဏ်သက်ဝင်ကြည့် ပါ။ ယောဂီပုဂ္ဂိုလ်မှာဖြင့် ဒုက္ခတွေ့နေဒါ အမှန်ပါဘဲ။ ဒီဒုက္ခ ကြီးကိုလဲ ငြီးငွေ့နေဒါ, မုန်းတီးနေဒါ,အမှန်ပါဘဲ။

ဒီတော့ ...သူသိပြီ၊ဒီအထုပ်ကြီးဟာယခုမှလေးလာဒါမဟုတ် ဘူး၊ နဂိုကလဲလေးတယ်။ရှေ့ရှောက်လဲလေးမှာဘဲ-တဲ့၊ သိပြီးဆုံး ဖြတ်လိုက်သလို။

ဒီဒုက္ခခန္ဓာကြီးဟာယခုမှ ဆင်းရဲဒါလား?၊ နောက်ကလဲဆင်း ရဲခဲ့ပြီ၊ ရှေ့လဲ, ဆင်းရဲရအုံးမယ်။ ဒီလိုအမှန်ကိုလဲ, သိလိုက် ပါပြီ။

ဤကဲ့သို့ ဒုက္ခတွေကို အမှန်အတိုင်းပိုင်းပိုင်း, ခြားခြားသိ လိုက်တယ်ဆိုရင်ဘဲ၊ ဒီဒုက္ခကိုပေးတဲ့လက်သယ်ကိုလဲ ရှာရမှာဘဲ။ ရှာတဲ့အခါ– ရွှေထုပ်ကြီးကို ကိုယ်က လိုချင်လို့ တိတ်တခိုး ထမ်းလာရသလို၊ ထိုရုပ်နာမ် ခန္ဓာ ဒုက္ခသစ္စာ တရားကို ဒုက္ခ မှန်းမသိ၊ သုခ အထင်နဲ့ လိုချင်ခဲ့လို့, အဲဒီ လိုချင်တဲ့ တဏှာ လောဘကြောင့်ဘဲလို့ အကြောင်းမှန်သိလို့, တဏှာ,လောဘ ပယ်ခွါ။ ဒီနေရာမှာ အငြိမ်းဓာတ် ဆိုက်လို့။ လောကုတ္တရာ မဂ္ဂသစ္စာဆိုတဲ့ သီလ,သမာဓိ,ပညာ သိက္ခာသုံးရပ်, အင်္ဂါရှစ်

တန်သည်၊ နိဗ္ဗာန ဓမ္မသို့ မျက်မှောက်ပြု၍ သိနေကြလေပြီ။ ပွါးများ ပြည့်စုံလေပြီ။

အဲသလို....အကျိုးရှိလို့မို့ (ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ) ဒေသ နာတဝယ်

“ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာတိ- ဝိသုဒ္ဓတ္ထာယ ဝေါဒါနတ္ထာယ ဧသမဂ္ဂေါ။”

ဧသမဂ္ဂေါ ဝိသုဒ္ဓိယာတိ၊ ဧသ မဂ္ဂေါဝိသုဒ္ဓိယာ ဟူသည်ကား။ ဧသ ဧသော၊ ဤရုပ်နာမ်ခန္ဓာတို့၏ဒုက္ခကို ငြီးငွေ့အောင့်ဝိပဿ နာရှုမှတ် ပွားများရခြင်းသည်။ ဝိသုဒ္ဓတ္ထာယ့ ဝေါဒါနတ္ထာယ၊ ကိလေသာအညစ်အကြေးတို့မှ စိတ်စင်ကြယ်ခြင်း အကျိုးငှါ။ မဂ္ဂေါ၊လမ်းကြောင်းပေတည်း။

ဤဓမ္မပဒအဋ္ဌကထာအရ.... ဝိပဿနာရှုမှတ် ပွားများရခြင်း သည် စိတ်အညစ်အကြေး ကင်းကွာ၊ သစ္စာလေးပါးသိရသည် အကျိုးရှိသော လမ်းကောင်း လမ်းမှန်၊ လမ်းကြောင်း မှန်ပေ တည်း။

ဤသို့....သိရသဖြင့် ဒေသနာ တခုကိုဆုံးအောင်ကြည့်၊ မှန် အောင်ယူ၊ သို့မှသာ လိုရာနိဗ္ဗူ စခမ်း ဖြောင့်တန်း ပေါက် ရောက်အောင်မြင်နိုင်မည်ဟု အထူးသတိပေးပါသည်။

အပိုင်း (၂) ပြီး၏။

# အပိုင်း ၃

## မာတိကာ အမှတ် (၁)

### မဟာပဒေသလေးပါး

### မြန်မာပြန်ရခြင်းအကြောင်းရင်း

............X............

"တတ္ထ အယံ ဓမ္မော အယံ ဝိနယောတိ ဓမ္မဝိနိစ္ဆယေ ပတ္တေ ဣမေ စတ္တာရော မဟာပဒေသာ ပမာဏံ၊ ယံ တတ္ထ သမေတိ၊ တဒေဝ ဂဟေတဗ္ဗံ၊ ဣတရံ ဝိရဝန္တဿာပိ န ဂဟေတဗ္ဗံ" (ဒီဃနိကာယ မဟာဝဂ္ဂ အဋ္ဌကထာ။)

အနက်ကား။ ။တတ္ထ၊ ထိုစတ္တာရောမဟာပဒေသာစသော ပကိဏ္ဏကကထာ၌။ အယံ၊ ဤသည်ကား။ ဓမ္မော၊ သုတ်တရား, အဘိဓမ္မာတရားတည်း။ အယံ၊ ဤသည်ကား။ ဝိနယော၊ဝိနည်း တရားတည်း။ဣတိ၊ ဤသို့။ ဓမ္မဝိနိစ္ဆယေ၊ တရားကို ဆုံးဖြတ် ခြင်းသည်။ (ဝါ)ဆုံးဖြတ်အပ်သောတရားသည်။ ပတ္တေ၊ ရောက် လတ်သည်ရှိသော်။ စတ္တာရော၊ လေးပါး ကုန် သော။ ဣမေ မဟာပဒေသာ၊ ဤမဟာပဒေသာတို့သည်။ (ဝါ)ကြီးမြတ်သော တရား၏ဘည်ရာတို့သည်။ (ဝါ)ကြီးမြတ်သော, ညွှန်ပြအပ်သော ပုဂ္ဂိုလ်ရှိသော အကြောင်းတို့သည်။ (ဝါ) ကြီးမြတ်ကုန်, ကြီး မြတ်ကုန်သော ဘုရားအစရှိသော ပုဂ္ဂိုလ်တို့ကို ညွှန်းပြ၍။ပြော

ဆိုရေးသား, ဟောကြားအပ်ကုန်သော အကြောင်းတို့သည်။ ပမာဏ ၊ နိုင်းယှဉ်ကြောင်း,ဆုံးဖြတ်ကြောင်းတည်း။ယံ၊ အကြင် စကားသည်။ထွေ၊ဤလေးပါးသောမဟာပဒေသတို့၌။သမေတိ၊ ညီညွတ် နှီးနှော သက်ဝင်အံ့။ တဒေဝ၊ ထိုညီညွတ်နှီးနှောသက် ဝင်သော စကားကိုသာလျှင်။ ဂဟေတဗ္ဗံ၊ယူအပ်၏။ ဣတရံ၊ မညီညွတ် မနှီးနှော မသက်ဝင်သောစကားကို။ ဝိရဝန္တဿာပိ၊ မြည်တမ်းသော်လည်း။(ဝါ)ပြောဆိုရေးသား, ဟောကြားသော စကားပင်ဖြစ်သော်လည်း။ န ဂဟေတဗ္ဗံ၊ မယူအပ်။

ဤဒီဃနိကာယ, မဟာဝဂ္ဂ အဋ္ဌကထာနှင့်အညီ ဤသို့ဟော ပြောရေးသားခြင်းကား။ သုတ်, ဝိနည်း, အဘိဓမ္မာ,တရား ဖြစ် ပါသည်ဟုအဆိုရှိရာ၊ ယင်းသည့်အဆိုကို ဘုရားရှင်အလိုတော်ကျ မှန်ကန်သော တရားနည်းလမ်း ဥပဒေသဖြင့် စီစစ်ဆုံးဖြတ်သည် ရှိသော်၊မဟာပဒေသ လေးပါးသည်သာ အတိုင်းအရှည် ပမာဏ ဖြစ်ရချေမည်။

အကြင်ပုဂ္ဂိုလ် ဟောပြောရေးသားသော ဟောပြောရေး သားကွက်သည်၊ မဟာပဒေသလေးပါး၌ ထည့်သွင်း၍ရပါက၊ (ဝါ) မဟာပဒေသလေးပါးနှင့်ညီညွတ် နှီးနှောမိပါကထိုပုဂ္ဂိုလ် ဟောပြောရေးသားခြင်းကို ကေန်, အမှန်စင်စစ်, ဗုဒ္ဓဟော တရား စစ်,တရားမှန်, သုတ်, အဘိဓမ္မာ, ဝိနည်းဖြစ်သည်ဟု ဆိုဆုံးဖြတ် ရပေမည်။ (ဝါ) ပညာရှိကဝိခေါ်တွင်, သူတော်စင်, သူတော် ကောင်းတို့က ဝန်ခံ၍, အသိအမှတ်ပြု, မြှင့်တင်ရပေမည်။

အကယ်၍ ထိုသည့် ပုဂ္ဂိုလ်ဟောပြော ရေးသားခြင်းသည်၊

မဟာပဒေသလေးပါး၌ ထည့်သွင်း၍ မရပါက (ဝါ) မဟာပဒေသလေးပါးနှင့် မညီညွတ် မနှီးနှော မတိုက်ဆိုင်မိပါက၊ ယင်းသည့် ဟောပြောရေးသားကွက်ကို၊ ဗုဒ္ဓဟော တရားစစ်, တရားမှန်မဟုတ်၊ ချွတ်ယွင်းဘောက်ပြန်, မမှန်မကန်,ဟောပြောရေးသားကွက်ဖြစ်သည်။(ဝါ)ပညာရှိ, ကဝိခေါ်တွင်, သူတော်စင်, သူတော်ကောင်းတို့က၊ ရှုတ်ချပြစ်တင်၍, အချိန်မီဟန့်တား ပယ်ပစ်ရမည်။ပယ်ပစ်ကြလေဟုဗုဒ္ဓ၏ အလိုတော်ကျ အဋ္ဌကထာ ဆရာမြတ်, မိန့်မှာတော်မူအပ်လေသည်။

သို့ဖြစ်သောကြောင့်....

(က) သတ္တဝါဗိုလ်လု, ဟိန္ဒူဂူတို့, တရားစစ် တရားမှန်ကို ဧကန်ဧက, သိရှိနားလည်ကြ၍၊ ဝေဘန်စီစစ် ဆုံးဖြတ်နိုင်ရန်ရင်း။

(ခ) ယင်းသို့ ဝေဘန်စီစစ်ဆုံးဖြတ်နိုင်ကြ၍၊ မဂ်ပေါက်, ဖိုလ်ပေါက်, နိဗ္ဗာန်,အရောက် ကျင့်ကြံ ကြိုးကုတ်, အားထုတ်ရှုပွားနိုင်ကြရန်ရင်း။

(ဂ) အဓမ္မဝါဒီ, အဘူတဝါဒီ, ဝိပရိတဂါဟီ, ဝိတဏ္ဍဝါဒီ, ပုဂ္ဂိုလ်,များ ထိုထိုတို့၏ မဟုတ်မမှန်, ဘောက်ဘောက်ပြန်ပြန်, ဟောပြောရေးသား, တရားမှားများကို၊စွန့်ပစ်ပယ်ခွာ၍ ဓမ္မဝါဒီ, ဘူတဝါဒီ,အစစ်ဖြစ်ကြီးဖြစ်တော်မူသည့် သဗ္ဗညုဗုဒ္ဓ၏ဟောပြဧကန် တရားစစ်တရားမှန်များကို ယထာဘူတ နှလုံးနှစ်ခွ

မဖြစ်ကြဘဲ သိရှိနားလည်၍၊ သမ္မာဒိဋ္ဌိ အစစ်ဖြစ်ကြစေရန်ငှါ။ ။

သို့ရည်သန်ရှိရင်း၊ နှလုံးသွင်း၍၊ သာမညဉ်သိက ဗုဒ္ဓနှုတ်တော်ထွက်၊ ဓမ္မစကားအားကာ၊ ဒေသနာတော်ထွက် ဖြစ်သော၊ ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိ၊ မဟာပရိနိဗ္ဗာနသုတ်မှ ထုတ်ယူ၍ မြတ်သော ညွှန်ပြချက်ဖြစ်သော၊ မဟာပဒေသလေးပါးမြန်မာပြန်ကို နေရာယူ၍ ရေးသားတင်ပြအပ်ပါသတည်း။

## ဇယော ဟောတု ဇယမင်္ဂလေ

## မာတိကာအမှတ် (၂)

သမ္ဗုဒ္ဓဗုဒ္ဓ ဘွဲ့ထူးဂုဏ်ထူးတော်ရသည့်သုံးလောကထွဋ်တင်ဘုရားရှင်သည် ဘောဂမြို့၊ အာနန္ဒစေတီကျောင်း၌ သီတင်းသုံးတော်မူသည့်အချိန်။ "ချစ်သားရဟန်းများတို့၊ငါဘုရား မဟာပဒေသ လေးပါးတို့ကို ခွဲခြားစိတ်ဖြာ၍၊ သင်ချစ်သားတို့အားဟောကြားမည်။ ထိုမဟာပဒေသ လေးပါးတို့ကို ကောင်းစွာရှိသေလေးစား နာခံမှတ်သား ဆောင်ထားကြ"ဟု သမ္ဗုဒ္ဓဗုဒ္ဓရှင်တော်က တပည့်သားရဟန်းတို့ကို အမိန့်ရှိတော်မူလေသျှင်။ "ဘုန်းတော်ကြီးမား၊ မြတ်စွာဘုရား။ အရှင်ဘုရား ဟောကြားတော်မူအပ်သော မဟာပဒေသ လေးပါးတို့ကို၊ တပည့်တော်များ ကောင်းစွာ ရှိသေလေးစား နာခံမှတ်သား ဆောင်ထားကြပါကုန်အံ့ဘုရား"ဟု တပည့်သားရဟန်းများက တုံ့ပြန်စကားလျှောက်ထားကြသောအခါ ဤသို့ဟောကြားတော်မူသည်။

## ပဋ္ဌမ ဗုဒ္ဓမဟာပဒေသ

"ချစ်သားရဟန်းများတို့... ဤငါဘုရား သာသနာတော်၌ ရဟန်းတပါးက....ငါရှင်တို့ ဤငါဟောပြော ရေးသားခြင်း သည် သုတ်,အဘိဓမ္မာ, ဝိနည်း,ဖြစ်ပါသည်။ ဗုဒ္ဓ၏ အဆုံးအမ, ဩဝါဒစကားတော်, တရားတော်ဖြစ်ပါသည်။ ဤတရားများ ကို ဗုဒ္ဓသက်တော်ထင်ရှား ရှိတော်မူစဉ်က ပင်, ဗုဒ္ဓအထံတော်မှ အကျွန်ုပ် လက်ဆုပ်လ က်ကိုင်, နာခံမှတ်သားထားလိုက်ပါသည်။ ကျွန်ုပ်ကိုယ်တိုင် ယူဆောင်သင်ကြားလိုက်ရပါသည်...." ဟုပြော ဆိုရေးသား ဟောကြားတင်ပြခဲ့ပါလျှင်။

"အိုရဟန်းတို့....ထိုရဟန်း ပြောဆိုရေးသား ဟောကြားတင် ပြတဲ့ ဟောပြော,ရေးသားကွက်ကို မဆင်ခြင် မစူးစမ်း, မလေ့ လာ, မစစ်ဆေး, မဆေးနွေးသေးပါဘဲလျက်၊ မကြိုက်နှစ်သက် ကြလင့်ဦး။ အားပေးချီးမြှောက်ခြင်း မပြုကြလင့်ဦး။မတားမြစ်, မကန့်ကွက် မပိတ်ပင်သေးဘဲ....ထိုရဟန်း ဟောပြော, ရေးသား သုံးနှုံးအပ်သော အဟော,အပြော, အရေးအသား, အသုံးအ နှုံးဝေါဟာရ, အက္ခရာ, ပုဒ်, ဗျည်း, ဝါကျ, စကားရပ် ဟူဟူ သမျှတွေကို ကောင်းမွန်သေချာ, လေ့လာ စူးစမ်း, စစ်ဆေး ဆွေးနွေးပြီးလျှင်....ငါဘုရားဟောကြားအပ်သော သုတ်, အဘိ ဓမ္မာ,ဝိနည်း၌ ချထားသွင်းကြည့်လို့ မဝင်ခဲ့လျှင်၊ မညီမညွတ် ရှိနေခဲ့လျှင်....

ဤရဟန်းဟောပြော ရေးသားကွက် ဟူသမျှသည်၊ ဘုရား စကားတော် တရားတော်မဟုတ်။ဤရဟန်းသည်မကောင်းသဖြင့်

သင်ယူဆောင်ထား၊ မှတ်သားထားခြင်းဖြစ်သည်....ဟူ၍အရာ၌ ဆုံးဖြတ်ရမည်။" "အိုရဟန်းတို့ ...ဤသို့ဆုံးဖြတ်၍၊ ထိုရဟန်း၏ ဟောပြောရေးသား ဆိုစကားများကို ပယ်ရှားစွန့်ပစ်ကြရမည်။ အချိန်မီ ပယ်မြစ်ဟန့်တားကြရမည် ချစ်သားတို့.."

ထိုရဟန်း၏ဟောပြောရေးသားချက်တို့ကို သုတ်၊ အဘိဓမ္မာ၊ ဝိနည်း၌ ချထားသွင်းကြည့်လို့ ဝင်ခဲ့လျှင်၊ ညီညွတ်နီးနှောမိလျှင်၊ ဤရဟန်းဟောပြော ရေးသားချက်သည်၊ ဘုရားစကားတော်၊ တရားတော် အစစ်အမှန်၊ ကေန်ပင်ဖြစ်ပေသည်ဟု ဤအရာ၌ဆုံးဖြတ်ရပေမည်၊ ""အိုရဟန်းတို့....ဤသို့ဆုံးဖြတ်၍ ဤရှေးဦးစွာသော ပဌမ ဗုဒ္ဓမဟာပဒေသကို သင်ယူဆောင်ထား မှတ်သားထားကြ" ဟု မိန့်တော်မူသည်။

(မှတ်ချက်) သက်တော်ထင်ရှား ဗုဒ္ဓအထံတော်မှ ကြားနာခဲ့ရပါသည်ဟု ဗုဒ္ဓကို ညွှန်းပြ၍ ဆိုစေကာမူ၊ သုတ်၊ အဘိဓမ္မာ၊ ဝိနည်း၌ ထည့်သွင်းဆုံးဖြတ်ကြလေဟု ဆိုလိုသည်။

............x............

## ဒုတိယ သံဃမဟာပဒေသ

"အိုချစ်သားရဟန်းတို့ ....ငါဘုရား သာသနာတော်၌ ရဟန်းတပါးက....ငါ့ရှင်တို့၊ ဤသို့ ငါဟောပြောရေးသားခြင်းသည်၊ သုတ်၊ အဘိဓမ္မာ၊ ဝိနည်း၊ ဖြစ်ပါသည်။ ဗုဒ္ဓ၏အဆုံးအမ၊ သြဝါဒဖြစ်ပါသည်။ ဤတရားများကို အကြီးအကဲ မဟာထေရ်ကြီးနှင့်တကွ သံဃာတော်များ အထံတော်မှ ကျွန်ုပ် လက်ဆုပ်

လက်ကိုင် နာခံမှတ်သားလိုက်ရပါသည်။ ကျွန်ုပ်ကိုယ်တိုင် ယူဆောင်သင်ကြားလိုက်ရပါသည်....”ဟု ပြောဆိုရေးသားဟောကြားတင်ပြခဲ့ပါလျှင်....။

“အိုရဟန်းတို့... ထိုရဟန်း ပြောဆို၊ ရေးသား၊ ဟောကြား၊ တင်ပြတဲ့ ဟောပြော ရေးသားကွက်ကို၊ မဆင်ခြင်၊ မစူးစမ်း၊ မလေ့လာ၊ မစစ်ဆေး၊မဆွေးနွေးကြသေးပါဘဲလျက်၊ အရမ်းမဲ့ မကြိုက်နှစ်သက်ကြလင့်ဦး။ အားပေးချီးမြှောက်ခြင်း မပြုကြလင့်ဦး။ မတားမြစ်၊ မကန့်ကွက်၊ မပိတ်ပင်သေးဘဲ၊ ထိုရဟန်း ဟောပြော၊ ရေးသားသုံးနှုံးအပသော အဟော၊ အပြော၊ အရေးအသား၊ အသုံးအနှုံး၊ ဝေါဟာရ၊ အက္ခရာ၊ ပုဒ်၊ ဗျည်း၊ ဝါကျ၊ စကားရပ်ဟူဟူသမျှကို၊ ကောင်းမွန်သေချာ၊ လေ့လာစူးစမ်း၊ စစ်ဆေးဆွေးနွေးပြီးလျှင်၊ ငါဘုရား ဟောကြားအပ်သော သုတ်၊ အဘိဓမ္မာ၊ ဝိနည်း၌၊ ချထားသွင်းကြည့်လို့မဝင်ခဲ့လျှင်၊ မညီမညွတ်ရှိနေခဲ့လျှင်....

ဤရဟန်းဟောပြောရေးကွက် ဟူသမျှသည်၊ ဘုရားစကားတော် တရားမဟုတ်၊ ဤရဟန်းသည် မကောင်းသဖြင့် မှားမှားယွင်းယွင်း၊ ဘောက်ဘောက်ပြန်ပြန်၊မေ့မေ့လျော့လျော့၊ သင်ယူဆောင်ထား၊ မှတ်သားထားခြင်းသာဖြစ်ရမည်ဟု ဤအရာ၌ ဆုံးဖြတ်ရမည်။ “အိုရဟန်းတို့....ဤသို့ ဆုံးဖြတ်၍၊ ထိုရဟန်း၏ ဟောပြောရေးသား၊ ဆိုစကားများကို၊ ပယ်ရှား စွန့်ပစ်ကြရမည်။ အချိန်မှီ ပယ်မြစ်ဟန့်တားကြရမည် ချစ်သားတို့....။

ထိုရဟန်း၏ ဟောပြောရေးသားကွက်တို့ကို သုတ်၊ အဘိ

ဓမ္မ၊ ဝိနည်း၌ ချထားသွင်းကြည့်လို့ ဝင်ခဲ့လျှင်၊ ညီညွတ်နိုး နေခဲ့မိလျှင်၊ ဤရဟန်း ဟောပြော ရေးသားကုက်သည် ဘုရား စကားတော် တရားတော် ကေန်အမှန် စင်စစ်ဖြစ်ပေသည်...ဟု ဤအရာ၌ ဆုံးဖြတ်ရပေမည်။ "အိုရဟန်းတို့၊ ဤသို့ ဆုံးဖြတ်၍ ဤဒုတိယ သံဃမဟာပဒေသကို သင်ယူဆောင်ထား မှတ်သား ထားကြ" ဟု မိန့်တော်မူသည်။

(မှတ်ချက်) မဟာထေရ်ကြီးနှင့် သံဃာတော်များထံမှ ကြားနာ ခဲ့ရပါသည်ဟု သံဃာကို ညွှန်းပြ၍ ဆိုစေကာမူ သုတ်၊ အဘိဓမ္မာ၊ ဝိနည်း၌ ထည့်သွင်းဆုံးဖြတ်ကြ လေဦးဟုဆိုလိုသည်။

............×............

## တတိယ သမ္ဗဟုလတ္ထေရ မဟာပဒေသ

အိုချစ်သားရဟန်းတို့ ငါဘုရား သာသနာတော်၌ ရဟန်း တပါးက "ငါ့ရှင်တို့....ငါဟောပြောရေးသားခြင်းသည် သုတ်၊ အဘိဓမ္မာ၊ ဝိနည်းဖြစ်ပါသည်။ ဗုဒ္ဓ၏အဆုံးအမ၊ ဩဝါဒစကား တော်၊ တရားတော်ဖြစ်ပါသည်။ ဤတရားများကိုကျောင်းတိုက် တာတခုမှ လောကုတ္တရာဘုရားဟောကျမ်းဂန် ဂန္ထန္တရဗဟုသုတ ကြွယ်ဝသော ပုဂ္ဂိုလ်၊ ပါဠိအဋ္ဌကထာဆောင်၊ ဋီကာဆောင်၊ မာတိကာဆောင်၊ တရားဆောင်၊ ဝိနည်းဆောင် ဖြစ်တော်မူကြ သော၊ များစွာသော မထေရ်ကြီး ရဟန်းတို့အထံမှ အကျွန်ုပ် လက်ဆုပ်လက်ကိုင် နာခံမှတ်သား လိုက်ရပါသည်...."အကျွန်ုပ်

ကိုယ်တိုင် ယူဆောင် သင်ကြား လိုက်ရပါသည် ”ဟု ပြောဆို ရေးသားဟောကြားတင်ပြခဲ့ပါလျှင်....။

အိုရဟန်းတို့....ထိုရဟန်းပြောဆိုရေးသား ဟောကြားတင်ပြတဲ့ ဟောပြောရေးသားကွက်ကို မဆင်ခြင်၊ မစူးစမ်း၊ မလေ့လာ၊ မစစ်ဆေး၊ မဆွေးနွေးသေးပါဘဲလျက်၊ မကြိုက်နှစ်သက်ကြလင့်ဦး။ ထိုရဟန်း ဟောပြော ရေးသားကွက်ကို အားပေး ချီးမြှောက်ခြင်း မပြုလုပ်ကြလင့်ဦး။ မတားမြစ်၊ မကန့်ကွက်၊ မပိတ်ပင်ကြလင့်ဦး။ ထိုသို့မတားမြစ်၊ မကန့်ကွက်၊ မပိတ်ပင်လိုက်ကြသေးဘဲ၊ ထိုရဟန်း ဟောပြောရေးသား သုံးနှုန်းအပ်သော အဟောအပြော၊ အရေးအသား၊ အသုံးအနှုန်း၊ ဝေါဟာရ၊ အက္ခရာပုဒ်၊ ဗျည်း၊ ဝါကျ၊ စကားရပ် ဟူဟူသမျှတွေကို ကောင်းမွန်သေချာ၊ လေ့လာစူးစမ်း၊ စစ်ဆေး ဆွေးနွေးပြီးလျှင်၊ ငါဘုရားဟောကြားအပ်သော သုတ်၊ အဘိဓမ္မာ၊ ဝိနည်း၌ ချထားသွင်းကြည့်လို့မဝင်ခဲ့လျှင်၊ မညီမညွတ်ရှိနေခဲ့လျှင်။

ဤရဟန်း ဟောပြောရေးသားသော ဟောပြောရေးသားကွက်၊ တရားကွက်များသည်၊ ကေန်ဧင်စစ် ဘုရားဟော စကားတော် တရားတော်မဟုတ်။ ဤရဟန်းသည် မကောင်းသဖြင့် မှားမှားယွင်းယွင်း၊ ဘောက်ဘောက်ပြန်ပြန်၊ မမှန်မကန်၊ မေ့မေ့လျော့လျော့၊ ပေါ့ပေါ့တန်တန်၊ သင်ယူဆောင်ထား၊ မှတ်သားထားခြင်း ဖြစ်သည်ဟု(သင်တန်းကလေးဖြင့်သာ ဟောပြောနေသည်ဟုဆိုလိုသည်) ဤအရာ၌ ဆုံးဖြတ်ရမည်”။

“အိုရဟန်းတို့၊ ဤသို့ဆုံးဖြတ်၍ ထိုရဟန်း၏ ဟောပြောရေး

သား, ဆိုစကားများကို ပယ်ရှားစွန့်ပစ်ကြရမည်။ အချိန်မီ ပယ်မြစ်ဟန့်တားကြရမည် ချစ်သားတို့။

ထိုရဟန်း၏ ဟောပြော ရေးသားကုက်, တရားကုက်ကို၊ သုတ်, အဘိဓမ္မာ, ဝိနည်း၌ ချထားသွင်းကြည့်လို့ ဝင်ခဲ့လျှင်၊ ညီညွတ်နိုးနှောမိလျှင်၊ ထိုရဟန်း၏ ဟောပြောရေးသားကုက်, တရားကုက်သည် ဘုရားစကားတော်, တရားတော်, ကျေနပ်စင်စစ် အမှန်ပင်ဖြစ်ပေသည်။ ဤရဟန်း ကောင်းမွန်သေချာ, သင်ယူဆောင်ထား, မှတ်သားထားခြင်းဖြစ်သည်... ဟု ဤအရာ၌ ဆုံးဖြတ်ရမည်"။ "အိုရဟန်းတို့၊ ဤသို့ဆုံးဖြတ်ပြီးလျှင်၊ ဤတတိယ သမ္ဗဟုလတ္ထေရ မဟာပဒေသကို ကောင်းမွန်စွာ သင်ယူဆောင်ထား မှတ်သားကြရမည် ချစ်သားတို့"ဟု မိန့်တော်မူသည်....။

(**မှတ်ချက်**) ပိဋကတ်သုံးပုံဆောင် မဟာထေရ်ကြီးများစွာတို့ထံမှ သင်ယူကြားနာခဲ့ပါသည်ဟု, များစွာသော မထေရ်ကြီးတို့ကို, ညွှန်ပြ၍ ဆိုစေကာမူလည်း၊ သုတ်, အဘိဓမ္မာ, ဝိနည်း၌ ထည့်သွင်း၍ ဆုံးဖြတ်ကြလေဦး.... ဟု ဆိုလိုသည်။

.... .. ....x............

## စတုတ္ထဧကထေရ မဟာပဒေသ

"အိုချစ်သားရဟန်းတို့၊ ငါဘုရားသာသနာတော်၌ ရဟန်းတပါးက "ငါ့ရှင်တို့....ငါဟောပြောရေးသားခြင်းသည် သုတ်, အဘိဓမ္မာ, ဝိနည်း, ဖြစ်ပါသည်။ ဗုဒ္ဓ၏စကားတော်, တရားတော်, အဆုံးအမ သြဝါဒဖြစ်ပါသည်။ (ဝ၁) ဗုဒ္ဓ၏စကား

တော်၊ တရားတော်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်၊ ရုပ်၊ နာမ်၊ ဝိပဿနာ၊ မဂ်ပေါက်၊ ဖိုလ်ဝင်၊ နိဗ္ဗာန်မြင် စသည့် တရားများကို ဟောပါသည်၊ ရေးသားပါသည်။ ဤတရားများကိုကျောင်း တိုက်တာ တခုမှလောကုတ္တရာဘုရားဟောကျမ်းဂန် ဗဟုသုတကြွယ်ဝသော ပါဠိ အဋ္ဌကထာ ဋီကာဆောင် တရားဆောင် ဝိနည်းဆောင် ပိဋကတ်သုံးပုံဆောင် မထေရ်ရဟန်းကြီးတပါးထံမှ (ဝါ)မည်သည့်ကျေးဇူးရှင် ဆရာတော်ကြီး မည်သည့်ရိပ်သာ ဆရာတော်ကြီးထံမှ အကျွန်ုပ် လက်ဆုပ်လက်ကိုင် နာခံမှတ်သား ထားလိုက်ပါသည်။ ကျွန်ုပ်ကိုယ်တိုင်သင်ယူဆောင်ထားလိုက်ပါသည်”ဟု ပြောဆိုဟောကြား ရေးသားတင်ပြခဲ့ပါလျှင်။

“အို ရဟန်းတို့၊ ထိုရဟန်း ပြောဆိုရေးသား ဟောကြား တင်ပြတဲ့ ဟောပြောရေးသား ဆိုစကားကို မဆင်ခြင် မစူးစမ်းဘဲ မကြိုက်နှစ်သက်ကြနှင့်ဦး။ မယုံကြည်လိုက်ကြလင့်ဦး။ အားပေးခြီးမြှောက် ထောက်ခံခြင်း မပြုလုပ်ကြလင့်ဦး။ ထိုရဟန်းဟောပြောရေးသားတဲ့တရားကို မကန့်ကွက် မပိတ်ပင် မတားမြစ်လိုက်ကြသေးပါဘဲ၊ ထိုရဟန်း ဟောပြော ရေးသားအပ်သော အဟောအပြော အရေးအသား အသုံးအနှုန်း အက္ခရာ ပုဒ် ဗျည်း ဝါကျ စကားအရပ်ရင်တို့ကို ကောင်းမွန်သေချာလေ့လာစူးစမ်း ဝေဘန်သုံးသပ်သည့်အပြင် မြတ်မွန်သောစိတ်၊ ယှိဖိုက်သောမေတ္တာ ကရုဏာ အဒေါသစေတနာ ပရဝမ္ဘနပယ်ခွာပြီးလျှင်၊ ငါဘုရား ဟောကြားတော်မူအပ်သော သုတ်၊

အဘိဓမ္မာ,ဝိနည်း၌ ချထားသွင်းကြည့်လို့ မဝင်ခဲ့လျှင်၊ မညီမညွတ် အသားလွတ်ဖြစ်နေခဲ့လျှင်။

ဤရဟန်း ဟောပြောရေးသားအပ်သော အဟောအပြော အရေးအသား တရားစကားများသည်၊ ဧကန်စင်စစ် ဘုရားစကားတော်, တရားတော်မဟုတ်။ ဖောက်ဖောက် ပြန်ပြန်, မှားမှားယွင်းယွင်း, အိုးနင်းခွက်နင်း, အဖျင်းဖျင်း ကြံစည်စဉ်းစား သင်ယူမှတ်သားထားခြင်းသည်သာ ဖြစ်သည်။ (ဝါ)သင်တန်းတက်ထားခြင်းမျှသာ ဖြစ်သည်ဟု ဤအရာ၌ ဆုံးဖြတ်ရမည်”။

“အို ရဟန်းတို့၊ ဤသို့ဆုံးဖြတ်၍ ထိုရဟန်း၏ ဟောပြောရေးသား ဆိုစကားများကို (ဝါ)ပါဠိအဋ္ဌကထာမထင် စိတ်ကူးယဉ် (သစ်ဆန်းဝါဒ) ကိုပယ်ရှားစွန့်ပစ်ကြရမည်။ အချိန်မီ ပယ်မြစ်ဟန့်တားကြရမည် ချစ်သားတို့”။

“အိုရဟန်းတို့၊ ထိုရဟန်း ဟောပြောရေးသား ကျက်ကို သုတ် အဘိဓမ္မာ ဝိနည်း၌ ချထားသွင်းကြည့်လို့, သက်ဝင်နှီးနွှော ညီညွတ်တိုက်ဆိုင်မိလျှင်၊ ဤရဟန်းသည် ကောင်းမွန်သေချာစွာ သင်ယူဆောင်ထား မှတ်သားထားခြင်းသာ ဖြစ်သည် (ဝါ) အရမ်းမဲ့ သုတ် အဘိဓမ္မာ ဝိနည်းတို့နှင့် မညီမညွတ် အလွတ်ပြောဟော ရေးသားဒါမဟုတ်ဟု ဆုံးဖြတ်ရမည်”။

“အိုရဟန်းတို့၊ ဤသို့ဆုံးဖြတ်၍ ဤစတုတ္ထ ကေတ္တေရမဟာပဒေသကို ကောင်းစွာ သင်ယူဆောင်ထား မှတ်သားထားကြရမည် ချစ်သားတို့” ဟုမိန့်တော်မူသည်။

(မှတ်ချက်) ပိဋကတ်သုံးပုံဆောင် မဟာထေရ်ကြီး တပါးထံမှ (ဝါ) ဆရာတော်ကြီးတပါးထံမှ ကြားနာ မှတ်သား နည်းယူခဲ့ပါသည်ဟု မဟာထေရ်ကြီးတပါးကို ညွှန်ပြ၍ ဆိုစေကာမူလည်း သုတ် အဘိဓမ္မာ ဝိနည်း၌ ထည့်သွင်းဆုံးဖြတ်ကြစေဟုဆိုလိုသည်။

ဤသို့လျှင် ဗုဒ္ဓရှင်တော်သည် မဟာပဒေသလေးပါးကို ဒီဃနိကာယ် မဟာဝါပါဠိ၌ဟောကြားတော်မူသည်။

ဒီဃနိကာယ မဟာဝဂ္ဂပါဠိ စတုမဟာပဒေသကထာ (ထို့အတူ) အင်္ဂုတ္တရနိကာယ စတုက္ကနိပါတ။

............×...........

(မှတ်သားဘွယ်)

မဟာပဒေသ,....ဟူသည်....

"မဟာပဒေသေတိ မဟာဩကာသေ" (အဋ္ဌကထာ)
"မဟာဩကာသေတိ မဟန္တေ ဩကာသေ၊ မဟန္တာနိ ဓမ္မဿ ပတိဋ္ဌာပနာနိ" (ဋီကာ)
ယင်းအဋ္ဌကထာ ဋီကာတို့အရ ကြီးမြတ်သောတရား၏တည်ရာဟုဆိုလိုသည်။

"မဟာအပဒေသေဝါ ဗုဒ္ဓါဒယော မဟန္တေ မဟန္တေ အပဒိသိတွာ ဝုတ္တာနိ မဟာကာရဏာနီတိ အတ္ထော" (အဋ္ဌကထာ)

ယင်းသည့် အဌကထာ ဒုတိယဝိကပ်နယ်နည်းရပြီ ဝါကျအရ၊ ဘုရားအစရှိကုန်သော, ကြီးမြတ်ကုန်,ကြီးမြတ်ကုန်သော,ညွှန်ပြအပ်သော ပုဂ္ဂိုလ်ရှိသော အကြောင်းဟုဆိုလိုသည်။

"ကထံ စတ္တာရောတိ ယသ္မာ ဓမ္မဿ ဒွေ သမ္ပရာယာ
သတ္တာ သာဝကာစ၊ တေသုစ သာဝကာ
သံဃဂဏပုဂ္ဂလဝသေန တိဝိဓာ" (ဋီကာ)

ယင်းဋီကာအရ မဟာပဒေသ အပြားသည်၊ သတ္တု မဟာပဒေသ သာဝကမဟာဒေသဟု နှစ်ပါးပြားသည်တွင်,သာဝက မဟာပဒေသသည် သံဃမဟာပဒေသ, ဂဏမဟာပဒေသ,ပုဂ္ဂလ မဟာပဒေသ-အပြားအားဖြင့် ဋီကာဆရာသုံးပါးပြသည်။ ပဌမ မဟာပဒေသာကို သတ္တုမဟာပဒေသ။ နောက်,ဒုတိယ,တတိယ စတုတ္ထ မဟာပဒေသများကို သာဝက မဟာပဒေသဟု မှတ်ယူရမည်။ သာဝက မဟာပဒေသသုံးပါးတွင် ဒုတိယကို သံဃမဟာပဒေသ၊ တတိယကို ဂဏမဟာပဒေသ၊ စတုတ္ထကို ပုဂ္ဂလမဟာပဒေသဟုမှတ်ယူရမည်....။ပဌမကို သတ္တုမဟာပဒေသဟု မှတ်ယူရမည်။

နေတ္တိပါဠိတော်၌လည်း

"စတ္တာရော မဟာပဒေသာ ဗုဒ္ဓါပဒေသော သံဃာပဒေသော
သမ္ဗဟုလတ္ထေရာပဒေသော ဧကတ္ထေရာပဒေသော
ဣမေ စတ္တာရော မဟာပဒေသာ"ဟုလာသောကြောင့်၊

(၁) ဗုဒ္ဓါပဒေသ။ (၂) သံဃာပဒေသ။ (၃) သမ္ဗဟု

လတ္တေရာပဒေသ။ (၄) ကေတ္တေရာပဒေသ....ဟူ၍ လေးပါးပြသည်။

ယင်းသည့်အရ....ပဌမကို ဗုဒ္ဓါပဒေသ။

ဒုတိယကို သံဃာပဒေသ။
တတိယကို သမ္မဟူလတ္တေရာပဒေသ။
စတုတ္ထကို ကေတ္တေရာပဒေသ ဟူ၍ မှတ်ယူအပ်သေသည်။

(စာရေးသူ၏စေတနာ) ဤစကားရပ်ကို ဤအရာ၌ မလိုအပ်လှသော်လည်း၊ သုတေသီတို့အတွက် အပိုစကားချပ် ညှပ်အပ်ပေသည်။

.... .......X............

## မာတိကာ အမှတ် (၃)
## ချောင်းဦးမြို့နှင့် သစ်,ဆန်း,ဝါဒ အသို့ပေးနည်း?

ယခုမျက်မှောက်ခေတ်တချိန်ဝယ် "ချမ်းသာ လွယ်ကူသော အကျင့်လမ်းစဉ်ဖြင့်" မဂ်, ဖိုလ်, နိဗ္ဗာန်,ကို အမြန် မျက်မှောက်ပြုနိုင်သည့်၊

(က) စိတ်အတိုင်းတိုင်းထား....။
(ခ) အသာနေ ...။
(ဂ) မရှုမပွား အငြိမ်းထား....။

ဟူသည့် ဝိပဿနာလုပ်ငန်း၊ သစ်,ဆန်း,မှုဝါဒတရပ်ကို ဝါဒရှင်

အချို့တို့ ဂိုဏ်း၊ ဂဏ၊ ပါတီ ထူထောင်၍ ပြောင်မြောက်စွာစတင် တည်ထွင်ရေးသားဟောကြားဖြန့်ချီခဲ့ကြလေသည်။ (ဝါ)ဝိပဿ နာရိပ်သာလုပ်ငန်းများ ခေတ်စားလာချိန်၊ အရှိန်ကောင်း အ ခွင့်ကောင်း အကွက်ကောင်း နေရာကောင်း ယူပြီး "သူများ တကာခုန်၍ထ ခုန်လိုက်လေသည်" သို့ပင်တစေခုန်ပါလေလည်း ခုန်လေသည်သာ....အသို့ပါနည်း? ဤသည့် ဝါဒလမ်းစဉ်ဖြင့် ဘဝင်မြင့်မြင့်ရောဂါ စွဲကပ်ချက် နာနေကြသော ဝါဒရှင်တစု တို့နှင့် သာဝက လက်ဘဆုတ်စွာမျှတို့ကား၊ တောက်ပြောင် ထွန်းသစ်နေသော ပရိယတ္တိ လောကအတွင်း ချဉ်းနင်း ကျူး ကျော်၍၊ စော်ကားမော်ကား ဖြန့်ခင်းချီတက်သာကြခြင်းသာ ဖြစ်သည်ဟု ဆိုရပေမည်။

ယင်းသို့ ဖြန့်ခင်းချီတက်လာရာ အမြို့မြို့အရွာရွာ ခရိုင်တကာ များမှလိုလိုပင် ပယ်မြစ် ဟန့်တားကြငြားသော်လည်း၊ နောက် မဆုတ်တမ်း ခပ်ရမ်းရမ်း တိုးဝှေ့လာပြီး၊ မသင့်သောအကြံမမှန် ကန်သော လမ်းစဉ် ပရိယတ် ဘောင်မဝင်သော မူဝါဒကြီးကို အမြို့မြို့ အရပ်ရပ်သော နယ်မြေဒေသများ၌၊ ဝါဒပြန့်ပွားရေး စည်းရုံးရေး စသည်စသည်များကို ဦးစားပေး အလေးသာစေ လျက် ဖြန့်ချီချမှတ်ကြလေသည်။

ဩော်....အံ့ချီးဘွယ်ကောင်းလေစွ ။
သာသနာတော် ထက်ဝက်အကျော်တွင် မဖြစ်ပေါ်ဘူးမြဲ
ထူးထူးကဲကဲ ဖြစ်ပေါ်လေစွတကား....။

ဤသည့်အချိန် ချောင်းဦးမြို့၏ ဂုဏ်သိရ်ကို၊ အရှိန်အစော်

မဲ့စေသော ဝါဒရှင် သူတစုတို့၏ သစ်,ဆန်း, မူဝါဒကြီးကိုကြည့် ရှုသုံးသပ် စစ်ဆေးဝေဘန်သောအခါ၊ စက်ဆုတ်ရွံရှာ မသတီ ဘွယ်ရာသော အဟောအပြော အရေးအသား ဝေါဟာရအသုံး အနှုံးစကားလုံးတွေ သောင်းခြောက်ထောင် တွေ့ရှိကြရာ.... "ဩော်....ဖဦးထုပ်ရမရစ်ဘဲ ဖစ်မှဖစ်ရလေ...."ဟု စာရေးသူများ အဖွဲ့ကြီးသည် ရင်ပတ်စည်တီး, ငြီးတွားရမည့် အခြေအနေတွင်။

★ ဗုဒ္ဓရှင်တော်၏ ပိဋကတ်တော် ဒေသနာ၌ သက်ဝင် ဆည်းကပ် ညီညွတ်သည့်တရားစစ် တရားမှန် ဟုတ်မှ ဟုတ်ပါလေ၏လော....?

★ သဒ္ဓမ္မပဋိရူပက,ခေါ်သော တရားတု, တရားယောင်, တရားမှားတွေများ ဖြစ်နေလေမည်လော....?

အစလ သုပ္ပတိဋ္ဌိတ, မတုန်လှုပ်,မချောက်ချားနိုင်တည် တံ့မြဲခိုင်သော ဝါဒ,ဖြစ်မှ,ဖြစ်ပါလေ၏လော ...?

ဟူသော သံသယတွေ တပုံတခေါင်းနှင့် သူဟုတ်, ငါဟုတ်, သူကမှန်တယ် ငါကမှန်တယ် ဟုတ်မဟုတ်၊ မှန်မမှန်အတန်တန် သော ဝိဝါဒဘေးဆိုးကြီးသည် ဗုဒ္ဓဘာသာဝင် သူတော်စင် လောက၌ ချဉ်းနင်းဝင်ရောက် ဆိုက်ကပ်လေရကား ထိုသည့် ဝိဝါဒဘေးဆိုးကြီးကို....

"ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။
သမဂ္ဂါ သခိလာ ဟောထ၊ သော ဗုဒ္ဓါနုသာသနီ။"

အနက်ကား။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ဝေါ၊ သင်တို့သည်။ ဝိဝါဒံ၊ ဓမ္မ-အဓမ္မ-ဟု ငြင်းခုံခြင်းများ, ခိုက်ရန်ပွားခြင်းကို။ ဘယတော၊ ကြောက်မက်ဘွယ်ရေး, ဘေးရန်များ၏ဟူ၍ အဝိဝါဒဥ္စ၊ အချင်းမများ အငြင်းမပွားခြင်းလည်း။ ခေမတော၊ ဘေးရန်မကိန်း, ငြိမ်းအေးခြင်းဟူ၍၊ ဒိသွာ၊ မံသ, ပညာ, နှစ်ဖြာစက္ခုဖြင့် ကြည့်ရှုသိမြင်ကြကုန်၍။ သမဂ္ဂါ၊ စိတ်တူကိုယ်မျှ ညီညွတ်ကြကုန်သည်။ သခိလာ၊ နူးညံ့ပြေပြစ် ဖု, ထစ်, မဲ့ငြား, ပြောဆိုသော စကား ရှိကြကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော။ သော၊ ဤသို့ ဟောပြဆုံးမခြင်းသည်။ ဗုဒ္ဓါနုသာသနီ၊ ပွင့်ကြသီးသီး, ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့၏ သွန်သင် ရှေပြေး, အဆုံးအမ ပေးခြင်းပေတည်း။

ဤသို့ စရိယာပိဋကပါဠိ၌ ဟောတော်မူအပ်သော ဒေသနာတော်ကို ယုံကြည်လေးစားကြကုန်သော သဒ္ဓမ္မမာမက, သဒ္ဓမ္မကာမီ ယောဂီသူမွန် သီလဝန်တို့က၊ ငြိမ်းအေးရာသို့ ရှေးရှု, မျက်မှောက်ပြုနိုင်ရေးကို အကြောင်းခံ၍ တောင်းပန်လျှောက်ထားကြသောအခါ၊ စီစစ်ဝေဘန် လမ်းမှန်သို့ ပို့ဆောင်ကယ်တင်ရန် ချောင်းဦးမြို့, မြို့ပေါ်ရှိ ဆရာတော် သံဃာတော်တို့ မျက်မှောက်သို့၊ ထိုသို့သော တာဝန်သည် ဝေဘန်သုံးသပ်, အစီစစ်ခံရောက်ရှိလာတော့သည်။ သို့ရောက်ရှိသော တာဝန်ကို "အာဂတော ဘာရော အဝဿံ ဝဟိတဗ္ဗော" ဟူသော ဆောင်ပုဒ်အရ၊ မချွတ်ကေန် အမှန်ပင် ထမ်းဆောင်ကြရမည်ဖြစ်လေသည်။

တဖန်တို့လည်း....။

"အနာဂတံ ဘယံ ဒိသွာ၊ ဒူရတော ပရိဝဇ္ဇယေ။

အာဂတဉ္စ ဘယံ ဒိသွာ၊ အဘီတော ဟောတိ ပဏ္ဍိတော"
ဟူသော ဒေသနာအရ ပိဋကတ္တ အဓိပ္ပါယ်ကား၊ မဖြစ်ပေါ်
မရောက်လာသေးသော ဘေးရန်ကို၊ မံသ, ပညာ, နှစ်ဖြာသော
စက္ခုဖြင့် ကြည့်ရှု တွေ့မြင်ပေမူ၊ အဝေးမှ ရှောင်ကြဉ်ရမည်။
ဖြစ်ပေါ်ရောက်လာသော သာသနာ့ အန္တရာယ်စသည့် အသွယ်
သွယ်, အဝဝ,ဘေးရန် ဟူသမျှကို၊ မရှောင်သာ၍ တွေ့ကြုံရင်
ဆိုင်နေရမူ၊ ပညာရှိလူ ထိုသူသည် မကြောက်မရွံ့ နောက်
တွန့်မနေရာ (ဝါ)လက်နှေးမနေရာ ဟူသည်အရ....

ရှေ့တန်း စစ်မြေပြင်သို့ သက်ဆင်းချီတက်သော စစ်ဗိုလ်မှူး
အလား၊ ထိုသည့်သာသနာ့ ရန်သူပုန်ကို အစုံစုံသော ပရိယတ္တိ
ပညာ, အဖြာဖြာသော ပဋိပတ္တိလုပ်ငန်း အကျင့်စခမ်းဟူသော
လက်နက်ကရိယာ,ပြည့်စုံလုံလောက်စွာဖြင့် ရဲဝံ့စွန့်စား, ဦးစား
မပေး, လက်နှေးအားလျော့ ပြေ့ကွက်,ဟာကွက်တွေ, နေရာ
ပေးနေရန် မလိုလားအပ်ပေ။

သို့ဖြစ်လေရကား....ကျွန်ုပ်တို့၏ "ဓမ္မဝါဒီ" "ဝိဘဇ္ဇဝါဒီ"
"ယထာဝါဒီ-တထာကာရီ" "ယထာကာရီ=တထာ ဝါဒီ"
အစစ် ဖြစ်ကြီးဖြစ်တော်မူသည့် သဗ္ဗညုဗုဒ္ဓသည် ဘောဂမြို့
အာနန္ဒ စေတီကျောင်း၌ တပည့်သား သာဝကတို့အား ဟော
ကြားတော်မူအပ်သော....

★ သုတ္တ....။

★ သုတ္တာနုလောမ....။

★ အာစရိယဝါဒ....။

★ အတ္တနောမတိ....။

(တနည်း) ★ အာဟစ္စပဒ....။

★ ရသ....။

★ အာစရိယဝံသ....။

★ အဓိပ္ပါယ....။

ဟူသည့်သုတ္တန္တပိဋကတ်အလို မဟာပဒေသလေးပါး....ဝိနယပိဋကတ်အလို ဝိနယလေးမျိုးတို့ဖြင့်၊ ရှေးရှေးသောဓမ္မသင်္ဂါဟက မဟာထေရ်မြတ်တို့ ဝေဘန်သုံးသပ် စီစစ်ဆုံးဖြတ်ရိုး ပြုကြကုန်သကဲ့သို့ မဟာပဒေသလေးပါး, ဝိနယလေးမျိုးတို့ဖြင့် ချိန်ထား၍၊ မှန်မြတ်သော စေတနာ, ရိုးသားကြည်လင်သော စိတ်အစဉ်ဖြင့်၊ ယင်းသည့် ဝါဒရှင်၏ သစ်, ဆန်း, မှုဝါဒကို ရှုထောင့်ရှုကွက်အမျိုးမျိုးမှ ကြည့်ရှုသုံးသပ် စီစစ်ကြရာ၊ ပိဋကတ်တော်သုံးဖြာ ပါဠိအဋ္ဌကထာတို့နှင့် မကိုက်ညီ၊ မဟာပဒေသလေးပါးဝိနယလေးမျိုးတို့၌လည်း မသက်ဝင်၊ မချဉ်းနင်း၊ ချွတ်ယွင်းဘောက်ပြန်, မမှန်ကန်သော အချက်ပေါင်း မြောက်များစွာတို့တွေ့ရှိသော်ငြားလည်း၊ လိုရင်းပဓာန, အပါယအမြှ, ဖြစ်စေနိုင်မည့်အချက်အလက်လောက်မျှကိုသာ ထုတ်နှုတ်၍၊ ထိုထိုသုတ္တ, သုတ္တာနုလောမ, စသော ပါဠိတော် အဋ္ဌကထာ, ဋီကာ, ဂန္ထန္တရအဖြာဖြာတို့ဖြင့် သတိတရား မြဲစွာ ထား၍ ချိန်ထားစီစစ်တော်မူကြကုန်ဘိသည်။

သို့ချိန်ထားစီစစ်သောအခါကာလ၊ မည်သို့မျှ သက်သာခွင့်ပေးမရ၊ အမှားဝါဒကိုသာ ရှောင်မရ, တိမ်းမရ, အတ္တနောမတိ

မျှကိုသာ တွေ့ထိ, သိမြင်ကြရပေသည်။ သို့လင့်ကစား,ဗုဒ္ဓတရားနှင့်မတွေ့လေငြားလည်း၊ အမှားဘက်သို့ မယိုင်လဲပေမူ့, ခိုင်မြဲနိုင်ဘွယ်, နည်းယူသုံးဆောင်နိုင်ဘွယ်, ရှိလေသေးသည့်။

ဤသို့စင်လည်းခိုင်မြဲဘွယ်ရာမရှိ။ အတ္တနောမတိ,မှအတ္တနောမတိဖြစ်လေသောကြောင့်၊သာသနိကဖြစ်သောဓမ္မမာမက,သပ္ပုရိသ,တို့ သုံးဆောင်မှီဝဲ,ဆည်းကပ်ကျင့်သုံးနိုင်မည့် ဝါဒလမ်းစဉ်ကား မဟုတ်ပါပေ။ အကြောင်းမူကား အောက်အပိုင်း ၁-၂ တို့၌ ပြဆို စီစစ်အပ်ပြီးသော အချက်ပေါင်း မြောက်များစွာတို့သည်၊ သုတ္တစသော ပါဠိ အဋ္ဌကထာ လမ်းကြောင်းပေါ်သို့ မရောက်သောကြောင့်ပေတည်း။

............X............

## မာတိကာ အမှတ် (၄)

ဤသို့သော အတ္တနောမတိ, ဒုစိန္တိတ, ဒုဂ္ဂဟိတ, "စိတ်ကူးယဉ်" ဝါဒလမ်းစဉ်ကြီးကိုမူလည်း၊ "သုခပဋိပဒါလမ်းစဉ်, မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်မြင်" ဟုကင်ပွန်းတပ်၍၊ နာမည်နာမတွေ့ထည့်ပေးလုပ်ပေးလိုက်ပြန်ရာ၊ သာလွန်၍ပင် လက်မခံသာတော့ပေ။ သို့တစေလည်း အပ္ပဿုတ ဒုမ္မေဓတို့မှာကား အလွန်သုတိမင်္ဂလာ ရှိကောင်းရှိကြပေမည်။ နားဝင်ချိုကြပေမည်။ အယူသီးအစွဲကြီးကြပေမည်။ ဩော်....သနားဘွယ်ပေတကား။သို့ကြောင့်လည်း မာန်လည်ဆရာတော်ကြီးက....

“သတ္တာတယောက်၊ ယူမှားမှောက်ကို၊ သိန်းလောက်ဘုရား လှန်သောအားဖြင့်၊ ဟောကြားချေချွတ်။ ဖြေမလွှတ်ဘူး၊ အကျွတ်မရ၊ နိယတဖြင့်၊ ဝါဒအလို၊ မြေကြီးမျိုလည်း၊ ယူကိုစွန့်ဘဲ၊ အကျင့်လွဲ၍၊ ငရဲခံရလိမ့်မည်ကြောင့်....” ဟု မဟာသုတကာရီ မဃ္ဃဒေဝ လင်္ကာသစ်၌ စပ်ဆိုတော်မူခဲ့ လေသည်။

မည်သို့ပင်ဖြစ်စေ ပရိယတ္တိ ဗဟုသုတ ပဋိပတ္တိမာမက ပညိန္ဒြိယပရိပက္က ဖြစ်တော်မူကြသည့် သူတော်စင် သူတော်ကောင်း ယောဂီသူမွန်အပေါင်းတို့နားမှာကား သံတံကျင်ထိုးလျှိုသကဲ့သို့ သာ ဖြစ်ကြရပေမည်။

ယင်းသည့် “သုခပဋိပဒါ” ဟူသော အသုံးအနှုန်း ဝေါဟာရ စကားလုံးကို၊ ထင်ရှားစေပါဦးမည်။ ကမ္မဋ္ဌာနိက ယောဂီသူ တယောက်၏ သမုစ္ဆေဒပဟာန်, ပဋိပ္ပဿဒ္ဓိပဟာန်, နိဿရဏ ပဟာန်ဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို မျက်မှောက်ပြုရေး အတွက် ဝါဒရှင်အချို့တို့၏ “သစ်ဆန်း” ဝါဒကဲ့သို့သော “သုခပဋိပဒါလမ်းစဉ်” သုခ “ပဋိပဒါနည်း” “သုခ ပဋိပဒါအ လုပ်စခန်း” ဟူ၍ကား အကျင့်စခန်း အလုပ်လမ်းစဉ်အနေအား ဖြင့် သဗ္ဗညုဗုဒ္ဓက မဟောခဲ့, မထားခဲ့ပေ။

သို့ရာတွင်....သုခပဋိပဒါ။

ဒုက္ခပဋိပဒါ။

ခိပ္ပါဘိညာ။

ဒန္တာဘိညာ, ဟူသည်မှာလည်း၊ မဂ်,ဖိုလ်,ကိုသိမြင်သည့်အရာ "ပုဂ္ဂလဝေမတ္တ"ခေါ် ပုဂ္ဂိုလ်၏ တိက္ခိန္ဒြေ, မုဒိန္ဒြေ, ဒွပ္ပဉ္စာသယ, မဟာဉ္စာသယ, အာသယာခိမုတ္တိ ကတာဓိကာရ ပုဗ္ဗကမ္မဟူသော ပုဂ္ဂလပမာဏ။ ဓမ္မဝေမတ္တခေါ် အပ္ပရဇက္ခ,မဟာရဇက္ခ,ကာမစ္ဆန္ဒနီဝရဏတရားတို့၏ ဗလဝ, ဒုဗ္ဗလစသည့် ဓမ္မပမာဏ။ ၎င်းပြင် သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ဝိပဿနာပညာဟူသော ပညိန္ဒြေတို့၏ အနု,အရင့်, ဟူသည့် ဓမ္မပမာဏ....တို့အလိုက် ထိုက်သင့်သလို မဂ်,ဖိုလ်,သိမြင်ကြပုံကို ဝေဘန်၍၊ ဒေသနာညာဏ် ကုန့်မြူးကျက်စားဟောကြားတော်မူသည်ကို အင်္ဂုတ္တရနိကာယ ဝိတ္ထာရသုတ္တန် အသုဘသုတ္တန်ပါဠိ အဋ္ဌကထာတို့အရ သိရှိနိုင်ပေသည်။ အကျယ်ကို သိလိုမူ ၎င်း၌ ကြည့်ပါလေ။

## ဗုဒ္ဓဟောလမ်းစဉ်

အမှန်တရားကို ဟောကြားတော်မူသည့် တထာဂတသည်၊ အို,နာ,သေ,ခြင်း ဝဋ်ကင်းရာ နိဗ္ဗာန်ကို (၀၇) သစ္စာလေးပါး တရားကိုသိမြင်၍၊ သဉပါဒိသေသနိဗ္ဗာန် (ကိလေသနိဗ္ဗာန်ဟူ) အနုပါဒိသေသနိဗ္ဗာန်(ခန္ဓနိဗ္ဗာန်ဟူ)ကို အမြန်မျက်မှောက်ပြုနိုင်ရေးအတွက် ချထားပေးအပ်တော်မူခဲ့သော လမ်းစဉ်ကား "မဇ္ဈိမပဋိပဒါလမ်းစဉ်"ဟူ၍သာ။

"ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ၊ စက္ခုကရဏီ

ဉာဏကရဏီ”စသော ပါဠိရုပ်ဖြင့် မဟာဝဂ္ဂသံယုတ် ဓမ္မစက္က ပဝတ္တနသုတ္တန်၌၊ ချထားပေးအပ်တော်မူခဲ့သည်ဟုသိပါ။

ယင်းသို့ဖြစ်လျှင် သူတို့လမ်းစဉ်ကား သူ တို့ လမ်း စဉ် သာ။ ဗုဒ္ဓလမ်းစဉ် မဟုတ်တော့ပေ။ သို့ဗုဒ္ဓလမ်းစဉ်မဟုတ်လျှင်၊ယင်း သည့် ဗုဒ္ဓလမ်းစဉ်ခေါ် မဇ္ဈိမပဋိပဒါ လမ်းစဉ်ဖြင့် ရရှိခံစံရမည့်

“ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ....”ဟု

ဓမ္မစက္ကပဝတ္တနသုတ္တန်၌ ဟောတော်မူအပ်သော အကျိုးပြု ဒေသနာတော်အရ၊ သစ္စာလေးပါးတရားကို သစ္စပဋိဝေဓ ဉာဏ်ဖြင့် သိမြင်၍၊ ကိလေသာငြိမ်းအေးခြင်း သဉပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန် ဝင်စံရမှု, အကျိုးပြုပါဦးမည်လော?။ အကျိုးမပြုနိုင်သော် ဝါဒရှင် အချို့ အချို့တို့၏ လမ်းစဉ်အသီး အခြားသာဖြစ်သည်ကို၊ အို....ဓမ္မအဆွေ တွေ့ပြီမဟုတ်လော?။ ဤသို့စဉ်လောက် ဗုဒ္ဓဟောလမ်းစဉ်နှင့် ဖြောင့်ဖြောင့်တဲ့တဲ့ကြီး ဆန့်ကျင်သွေဖီနေသော ၎င်းတို့လမ်းစဉ်ကို ဓမ္မမိတ်ဆွေ လက်ခံ နိုင်သေးသလော?။ လက်ခံချင်သေးသလောလို့သာ စာရေးသူ တို့က မေးလိုက်ချင်တော့သည်။ သို့မေးခဲ့လျှင် “လက်မခံ” နိုင် ပါဟူသော အဖြေကို သာသနိကခေါ် သာသနာဝင်တို့က ရဲဝံ့ စွာ အဖြေပေးကြမည်ကား မြေကြီးလက်ခတ်မလွဲပေ။

သို့ပင်ဖြစ်စေ။

သူတို့ရဲ့....“စိတ်-စိတ်အတိုင်းတိုင်းထား၊ မရှုမပွား, အငြိမ်းထား။

ရှူ, ရှူဒုက္ခ၊ ပွား, ပွားဒုက္ခတွေသာဖြစ်မယ်။
ရှူပွားအားထုတ် အလုပ်လုပ်ရန်မလို။
နဂိုငြိမ်း ငြိမ်းနေပြီဘဲ။
နဂိုအေး, အေးနေပြီဘဲ....”

ဟူသော “သုခပဋိပဒါလမ်းစဉ်”ခေါ် မူဝါဒကို၊ မြန်မာပြည် ရိပ်သာတိုင်းက လက်ခံနေပါတယ်ဟု အလုပ်လက်ရှိရိပ်သာတွေ ကိုပင် သူခိုးသေဖေါ်ညှိသလို အလွဲသုံးစားလုပ်၍၊ အချောက် ကြွား,ကြွားတာတွေ၊ မုသားစကား ရေလိုသုံးသွားတာတွေ, စာရေးသူများကိုယ်တိုင် တွေ့သိလိုက်ရတော့၊ ခံရတာမခါလှပေ။ ဤကြွားလုံးကို ရိပ်သာတွေကများ ကြားသွားလျှင် ဘယ်လို များသဘောထားကြမလဲဆိုတာ စဉ်းစားစရာတကွက်ပေါ့။

အိုဓမ္မမိတ်ဆွေ၊ ဓမ္မမိတ်ဆွေရဲ့ ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဘန်, စဉ်းစား သတိထား,မိရန် သူတို့ရဲ့ “သုခပဋိပဒါလမ်းစဉ်”ပါ ဆိုပြီး အသားယူ၍၊ လက်တလုံးခြား လှည့်ဖြားနေကြပုံကလေး ကို ဓမ္မမိတ်ဆွေ ဆက်လက်ဘတ်ကြည့်ပါ၊ အနည်းငယ်တင်ပြပါ ဦးမည်။

★ နဂိုစိတ် အတိုင်းတိုင်းထားရမယ်၊
အပိုစိတ်တွေ မဖြစ်စေနဲ့၊

★ စိတ်နှင့်လောကီအာရုံတွေနဲ့ မထိစေနဲ့၊

★ နဂိုခန္ဓာ အတိုင်းတိုင်းထားရမယ်၊
အပိုခန္ဓာတွေ မဖြစ်စေနဲ့၊

★ မရှူမပွား, အငြိမ်းထားရမယ်၊

★ အသာနေ၊ ငြိမ်ငြိမ်နေရမယ်၊

★ လုပ်သမျှ၊ ဒုက္ခတွေချည်းဘဲ။

အကုသိုလ်လုပ်လျှင် အကုသိုလ်ဒုက္ခတွေ တိုးပွားနေမယ်၊
ကုသိုလ်လုပ်လျှင် ကုသိုလ်ဒုက္ခတွေ တိုးပွားနေမယ်၊
ဒုက္ခတွေ ဘယ်တော့မှ ဆုံးမယ်မဟုတ်ဘူး၊
မလုပ်ဘဲနေတော့ ဒုက္ခတွေ ငြိမ်းနေတယ်၊ အေးနေတယ်၊
အဲဒီတော့ ငြိမ်းရာအေးရာ နိဗ္ဗာန်ကြီးကို မျက်မှောက်ပြုနေဒါဘဲ၊ အဲဒါနိဗ္ဗာန်နဲ့ နေဒါပါဘဲ... တဲ့။

အိုဓမ္မမိတ်ဆွေ.... အဲဒါ သူတို့ရဲ့ ဝါဒလမ်းစဉ်နဲ့ သူတို့ရဲ့ နိဗ္ဗာန်လို့ ဆိုရမှာပေါ့။

ဓမ္မမိတ်ဆွေ တွေ့ပြီမဟုတ်ပါလော၊? လွယ်လိုက်ထာ၊ကြိုက်စရာ့သဘောကျစရာ စွဲလဲစွဲစရာလိုလိုဘဲ၊ သို့စေကာ ဒိဗုဒ္ဓရဲ့ ဝါဒလမ်းစဉ်နှင့်တော့ အရှေ့နှင့်အနောက် ဘဝဂ်နှင့် အဝီစိ၊ အထီးနှင့်အမ မိုဃ်းနှင့်မြေကြီး၊ အကွာကြီးကွာနေသည် မဟုတ်လော၊? ဓမ္မမိတ်ဆွေ သတိထားလို့ စဉ်းစားကြည့်ပါ။

ဤသို့ "ဗုဒ္ဓလမ်းစဉ်"နှင့် ကွာခြားလှသော သစ္စာ့ဆန့်၊ မူဝါဒ ခေတ်သစ်ဝါဒရှင်တို့၏ "သုခပဋိပဒါလမ်းစဉ် မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်"ဟု ကြွေးကြော်ညာဝါး မဟာအမှားတော်ပုံကြီးသည်ကား၊ "နိရတ္ထက" ဘာမျှအကျိုးမရ။ "တုစ္ဆ"အချီးနှီး။ အလဟဿ ဘာမျှ အသုံးချမရ ဖြစ်လေတော့သည်သာဟု ဓမ္မဇလ္လိုင်က ရဲရဲဝံ့ဝံ့ တင်ပြနေပါသည်။ ဤသည့် လမ်းစဉ်ဖြင့် သူတို့ဟောကြား ရေးသားအပ်သော တရားဓမ္မလည်း ဘုရား

ဟောမှန် တကဲ့သန္တိသုခ နိဗ္ဗာန်ရောက်မည့် ဗုဒ္ဓဟော ဓမ္မအစစ် မဟုတ်တော့ဘဲ၊ မိမိတို့ရဲ့ အယူအဆ၊စိတ်ကူးတွေးတောကြံစည် ခြင်းဟူသော "တိတ္ထိယပရိကပ္ပိတ"ခေါ် "တက္ကိ" ဉာဏ်ဖြင့် ဟောပြောရေးသားသော "စိတ်ကူးယဉ်" တရားသာဖြစ်သော ကြောင့်၊ဗုဒ္ဓဟောဓမ္မအစစ်မှဆန့်ကျင်သွေဖီ မ,သမီ ဘွယ်သော အဓမ္မဝါဒ မိစ္ဆာဓမ္မ သဒ္ဓမ္မပဋိရူပက တရားတု, တရားယောင်, တရားမှားသာ, ကေန်စင်စစ်, ဖြစ်လေတော့သည်သာတည်း။

ယင်းသည့် အတ္တနောမတိ အဓမ္မဝါဒ မိစ္ဆာဓမ္မ သဒ္ဓမ္မပဋိ ရူပက တိတ္ထိယပရိကပ္ပိတဓမ္မကို ဟောပြောရေးသား ဝါဒတင် သမားသည်ရင်း၊ နာခံမှတ်သား လက်ခံကျင့်သုံးသူသည်ရင်း၊ အဓမ္မဝါဒီ မိစ္ဆာဝါဒီ အဘူဝါဒီ အစစ်ဖြစ်၍၊ အပါယ်စီးပွား ရှာမျိုးစုဆောင်းရေးအတွက် ဟောပြောရေးသား မှတ်သားနာ ခံလက်ခံကျင့်သုံးနေကြသော သူတစုတို့သာဖြစ်ကြောင်း ယုံမှား မဲ့မှတ်ယူအပ်တော့သည်သာတည်း။

............X............

## မာတိကာ အမှတ် (၅)

အတ္တနောမတိ,အဓမ္မဝါဒ,မိစ္ဆာဓမ္မ,သဒ္ဓမ္မပဋိရူပကဟူရာတွင် "အတ္တနောမတိ နာမ နယဂ္ဂါဟေန အနုဗုဒ္ဓိယာ အတ္တနော ပဋိဘာနံ၊ တတ္ထ သုတ္တံ အပ္ပဋိဗာဟိယံ၊ တံ ပဋိဗာဟန္တေန ဗုဒ္ဓေါဝ ပဋိဗာဟိတော ဟောတိ။ အတ္တနောမတိ ပန သဗ္ဗဒုဗ္ဗလာ၊ သာပိ သုတ္တေန သမေန္တာယေဝ ဂဟေတဗ္ဗာ

န ဣတရာ (မဟာပရိနိဗ္ဗာနသုတ္တဝဏ္ဏနာ ဒီဃနိကာယ
အဋ္ဌကထာ”)

အနက်ကား....။အတ္တနော မတိနာမ၊ အတ္တနော မတိမည်သည်ကား၊နယဂ္ဂါဟေန၊ ဘုရားဟောပါဠိစသည်မှ နည်းကိုယူသဖြင့်။ အနုဗုဒ္ဓိယာ၊ သုတ္တန်စသည်ကို အစဉ်လျှောက်၍ သိသဖြင့်။အတ္တနော၊ မိမိအား။ (ဝါ) မိမိ၏။ ပဋိဘာနံ၊ ဉာဏ်၏ ထင်မြင်ခြင်းတည်း။(ဝါ) မိမိဉာဏ်အား ထင်မြင်ယူဆ တွေးခေါ်မှုသည်။ အတ္တနော မတိနာမ၊ အတ္တနော မတိမည်၏။ တတ္ထ၊ ထိုသုတ္တစသော လေးပါးတို့တွင်။ သုတ္တံ၊ ဘုရားဟော ပါဠိစသည်ကို။ အပ္ပဋိဗာဟိယံ၊ မတားမြစ်အပ်။ တံ၊ ထိုဘုရားဟော ပါဠိစသည်ကို။ ပဋိဗာဟန္တေန၊ တားမြစ်သောသူသည်။ ဗုဒ္ဓေါဝ၊သဗ္ဗညုဗုဒ္ဓကိုပင်လျှင်။ ပဋိဗာဟိတော၊ တားမြစ်အပ်သည်မည်သည်။ ဟောတိ၊ ဖြစ်၏။

အတ္တနော မတိပန၊ အတ္တနော မတိသည်ကား။ယသ္မာ၊အကြင်ကြောင့်။ သဗ္ဗဒုဗ္ဗလာ၊ အလုံးစုံသော သုတ္တ-သုတ္တာနုလောမ အာစရိယဝါဒတို့အောက်, အားနည်းသေးငယ်၏။ တသ္မာ၊ ထိုကြောင့်။ သုတ္တေန၊ ပါဠိတော်စသည်နှင့်။သမေန္တာယေဝ၊ ညီညွတ်နိုးနှောသက်ဝင်သော်သာလျှင်။ ဂဟေတဗ္ဗာ၊ ယူအပ်၏။ ဣတရာ ဘုရားဟောပါဠိတော်စသည်နှင့် မညီညွတ်, မနိုးနှော, မသက်ဝင်သော အတ္တနော မတိကို။ နဂဟေတဗ္ဗာ၊ မယူအပ်, မယူကောင်း။

ဤအဋ္ဌကထာစကားအရ အတ္တနော မတိဟူသည်မှာ၊ ဘုရားဟောပါဠိစသည်မှ နည်းယူကြံဆခြင်းဖြင့် မိမိ၏အတွေးအခေါ်

အထင်အမြင်, အယူအဆဟုဆိုလိုရင်း အဓိပ္ပါယ်ရသည်။ မိမိ၏ အတွေးအခေါ်, အထင်အမြင် အယူအဆဖြင့်၊ ဘုရားဟော ဒေသနာကို မတားမြစ်အပ်, မပယ်အပ်။ ဘုရားဟောဒေသနာစသည်နှင့်မဆန့်ကျင်စေရ၊ မလွဲမချော်စေရ။ သို့မတားမြစ်, မပယ်ရှား မလွဲချော်စေရပါဘဲလျက်၊ တားမြစ်မိ, လွဲချော်ပယ်ရှားမိသော (ဝါ)ပြောဆိုရေးသား ဟောကြားမိသော အဆိုရှင်, အဟောရှင်,ဝါဒရှင်များသည်၊ ဘုရားကို တားမြစ်ဟန့်တား ပယ်မြစ်သည်သာမည်တော့၏။ ၎င်းတို့သည်ပင် သာသနိကဓမ္မခုံရုံးတော်၌ နံပါတ်(၁) တရားခံဖြစ်တော့သည်။

၎င်းအဋ္ဌကထာဝါကျစကားရပ်တွင် "ဗုဒ္ဓေါဝ ပဋိဗာဟိတော ဟောတိ"ဟူသော ပါဠိအရ သဗ္ဗညုဗုဒ္ဓကိုတားမြစ်သည်ဟူရာ၌၊ ဝါဒရှင်တို့သည် ဘုရားဟောဒေသနာ ပါဠိကို တားမြစ်ပိတ်ပင် ဆန့်ကျင်လွဲချော်၍ ကြံစည်တွေးတောခြင်းကြောင့် ဘုရားကို စွန့်ပယ်သည်ဟု ဆိုလိုသည်။ ဘုရားကို စွန့်ပယ်လျှင်၊ ဒေသကဖြစ်သော ဘုရားကို စွန့်ပယ်သဖြင့်၊ "ဒေသေတဗ္ဗ ဓမ္မ" ဖြစ်သော တရားကိုလည်း စွန့်ပယ်ရာရောက်၏။ ဒေသက ဒေသေတဗ္ဗ နှစ်ပါးကို စွန့်ပယ်သဖြင့်၊ ၎င်းဒေသေတဗ္ဗဓမ္မကို လိုက်နာကျင့်သုံး သင်အံပို့ချ ဟောပြော ဆောင်ရွက် နေတော်မူကြသည့် ဘုရားရှင်၏သားတော် တပည့်သား သာဝက သံဃာကိုလည်း၊ စွန့်ပယ်ပြီး ဖြစ်တော့သည်။

ဪ....ကြောက်မက်ဘွယ်ပါတကား....။

ရတနာသုံးပါးကို စွန့်သူ, ပယ်သူတွေ ဖြစ်ကုန်ကြလေပြီ

**တကား....။**

အတ္တနောမတိ,ဟူသည့် မိမိ၏တွေးခေါ် ကြံစည်မှု, ထင်မြင်ယူဆမှုသည်၊ သုတ္တ သုတ္တာနုလောမ အာစရိယဝါဒတို့အောက် အလွန်အားသေးသည်၊ သေးသိမ်သည်၊ မခိုင်မာ၊ သို့ကြောင့် ယင်းသည့် အတ္တနောမတိကို သုတ္တစသည်တို့နှင့် ညီညွတ်မှု, ယူအပ်၏။ မညီညွတ်သော် မယူအပ်၊ (ဝါ) မဟောပြောအပ်၊ မကျင့်သုံးအပ်၊ မနာယူအပ်၊ မနာယူကောင်းသည်၏ အဖြစ်ကို ပြဆိုအပ်ပြီးသော အဋ္ဌကထာစကားရပ်ဖြင့် သိအပ်မှတ်အပ်လေတော့သည်။

..............X............

## မာတိကာ အမှတ် (၆)

ဤအတ္တနောမတိဟူသည်ကို၊ ဝါဒရှင်တို့ ကိုယ်တိုင်ကလည်း ဝန်ခံလျှက်ရှိသည်ကို တွေ့မြင်သိရှိရပေသည်။ အသို့လျှင် တွေ့မြင်သိရှိသနည်းဟူမူ၊ ၎င်းတို့ရေး "နိဗ္ဗာန်ကိုမြင် ဉာဏ်လေယာဉ် **စာတမ်း**" နိဒါန်း၌....

(မိမိတို့သည် သုတခေါ် အကြားအမြင်မဟုတ်ဘဲ၊ဒိဋ္ဌ-မုတ

ခေါ် ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်လေ့လာ စမ်းသပ်ပြီးခါမှ ရရှိနားလည်လာသော၊ ယထာဘူတ သဘာဝတို့ကို၊ အာဂမ မဖက်၊ မာဂမေ့တွက်ဘဲ အချက်ထိထိ အတ္တနောမတိဖြင့် ရေးသားဟောပြောပါသည်) စသည်ဖြင့် ဝန်ခံချက်များ တွေ့မြင်သိရှိရပေသည်။

၎င်းတို့စာအုပ်မှ မူရင်းအတိုင်း ၎င်းဝန်ခံချက်ကိုအနည်းငယ် ဝေဘန်သုံးသပ် စစ်ဆေးကြည့်ကြပါဦးစို့။

"မိမိတို့သည် သုတခေါ် အကြားအမြင်မဟုတ်ဘဲ" ဟူသည့် ၎င်းတို့စကားမှာ ဘုရားဟော ပရိယတ္တိ ဗဟုသုတမဟုတ်၊ သူတို့ သဘောအတိုင်းတိုင်းပါဟု ဆိုလိုသည်။

"ဒိဋ္ဌ-မုတခေါ် ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်လေ့လာ, စမ်းသပ်ပြီးခါမှ သိရှိနားလည်လာသော ယထာဘူတ သဘာဝတို့ကို" ဟူသည့် သူတို့အရေးအသား စကားရပ်ဖြင့်၊ ၎င်းဝါဒရှင် တစုတို့သည် တရားကိုစွ ရဟန်းကိုစွ ပြီးစီးပြီလောက်, မဂ်ပေါက် ဖိုလ်ပေါက်အနေ ဥတ္တရိမနုဿဓမ္မတွေဖြင့် ဝါကြွားပလွှားလိုက် လေသည်။

ဤမျှသာမကသေး၊ ဤသို့, ဤသို့သော ဝန်ခံချက်များသည် ဓမ္မအရေး, ပုဂ္ဂလအရေး, ရောထွေးပွေလိမ်လျက်၊ သူတို့စာအုပ် စာတမ်း ဟောစဉ်အခန်းများမှာ များစွာ တွေ့ရှိရပေသည်။

ဘဖန်တို့ ...ထိုအတ္တနော မတိဟူသည်ကို တနည်းတဖုံဝေဘန်တုံဦးမည်ဆိုလျှင်....

"အပတ္တေယျံ န ပတ္တေယျ၊ အစိန္တေယျံ န စိန္တယေ။

ဓမ္မမေဝ သုစိန္တေယျ၊ ကာလံ မောဃံ န အစ္စယေ"

ဟူသော ဂါထာဝါကျ၏ ပိဏ္ဍတ္ထအဓိပ္ပါယ်ကား .. ။မတောင့်တအပ်သင့်သော အရာကို မတောင့်တရာ။မကြံစည်အပ်သင့်သော အရာကိုမကြံစည်ရာ။မှန်ကန်တည့်မတ်, ဖြောင့်မတ်သော တရားသဘောကိုသာ မှန်မှန်မြတ်မြတ်, ကြံစည်ရာသည်။ မသင့်သော အရာ မမှန်ကန်သော ကြံစည်ခြင်းဖြင့် အချိန်ကာလတွေ ဖြုံးတီး၍၊ အချီးနှီးမဖြစ်စေလင့်။ (ဝါ) အချိန်ကုန်မခံကြလင့်။

ဤသို့အသိအလိမ္မာ ပညာပေးထားသည်ဖြစ်ပါလျက်၊ အဘိဓမ္မာဒေသနာ၌၊ (ဝါ) လွန်ကဲထူးမြတ် သိမ်မွေ့နက်နဲ ခက်ခဲသော ဘုရားဟော တရားဒေသနာတော်၌၊ မကောင်းသဖြင့် ကျင့်သသူသည်၊ ပရမတ်အရာ မလိမ္မာဘဲ မိမိအတွေးအခေါ် နက်ရှိုင်း၍၊ ထွေထွေထူးထူး သူရူးပမာ ကြံမိကြံရာ ကြံစည်မိတတ်လေသည်။ သို့ကြံစည်သူကို "အတိဓာဝန္တ" အလွန်လျှင်အကြံဥာဏ်ပြေးဝင်သသူ (ဝါ) ဘုရားရှင်အလိုတော်ကို ကျော်လွန်၍ကြံစည်သသူဟူ၍ အဋ္ဌကထာဆရာမြတ်တို့ ဝေဘန်သုံးသပ် အဆုံးအဖြတ် ချမှတ်တော်မူကြလေသည်။ ၎င်းကိုပင် "အဘိဓမ္မေ ဒုပ္ပဋိပန္နံ" ဟူ၍၎င်း။ "အတ္တနာ ဒုဂ္ဂဟိတံ" ဟူ၍၎င်း ဆိုအပ်လေသည်။

ထို့ကြောင့်....သိလက္ခန် အဋ္ဌကထာ၌။

“အဓိပ္ပါယံ အဇာနန္တော အဘိဓမ္မေ ဒုပ္ပဋိပ္ပန္နော
ဓမ္မစိန္တံ အတိဓာဝန္တော အစိန္တေယျာနိပိ စိန္တေတိ၊
တတော စိတ္တက္ခေပံ ပါပုဏာတိ”ဟု မိန့်အပ်၏။

အနက်ကား....။အဓိပ္ပါယံ၊ ဘုရားရှင် အလိုတော်ကို။ အဇာနန္တော၊ မသိ နားမလည်သည်ဖြစ်၍။ အဘိဓမ္မေ၊ အဘိဓမ္မာ၌။ ဒုပ္ပဋိပ္ပန္နော၊ မကောင်းသဖြင့် ကျင့်သောသူသည်။ ဓမ္မစိန္တံ၊ ပရမတ်အရာ လွန်စွာကြံစည်ခြင်းကို။ အတိဓာဝန္တော၊ အလွန်ပြေးဝင်သော စိတ်ကူးဉာဏ်ရှိသည်ဖြစ်၍။ (ဝါ) ဘုရားအလိုတော်ကိုကျော်လွန်သည်ဖြစ်၍။ (ဝါ)ရပ်သင့်သော အပိုင်းအခြားကို မရပ်ဘဲ။ အစိန္တေယျာနိပိ၊ မကြံစည်အပ်သင့်သော အရာတို့ကိုလည်း။ စိန္တေတိ၊ ထွေထွေထူးထူး, သူရူးပမာ, ကြံမိကြံရာ, ကြံစည်၏။ တတော၊ ထိုသို့ကြံစည်ခြင်းကြောင့်။စိတ္တက္ခေပံ၊ စိတ်ပျံ့လွင့်ရူးသွပ်ခြင်းသို့။ ပါပုဏာတိ၊ရောက်၏။

ဤသို့ အဋ္ဌကထာမိန့်မှာ အပ်သည့်အတိုင်း, အတွေးအခေါ် နယ်ကျယ်၍၊ စိတ်ဆန်းကြွယ်သလောက်, ဉာဏ် ပြေး သွားသလောက်,ဘုရားအလိုတော်ကိုကျော်၍၊ ဘောက်ဘောက်ပြန်ပြန်, မမှန်မကန် ကြံစည်မိခဲ့လျှင်၊ အကြံလွန် ဉာဏ်လွန်သည်ဟု ဆိုရသည်။ သို့အကြံဉာဏ် လွန်သည်ဆိုသည်မှာလည်း၊ ယင်းအကြံသမား ဉာဏ်သမားတို့၏ ပါပိစ္ဆ,ဂုစ္ဆာပကတ,အဘိဇ္ဈာ,တဏှာ

အာသာဝေတ်ကြောင့်, အကြံဥာဏ်လွန်တတ်, အကြံဥာဏ်ကွန့်တတ်သည်ကို စာရေးသူများ သတိပြုမိကြသည်ကား။

၁။ သူတပါးတို့ ဂုဏ်း,ဂဏ,ပါတီထက် ထူးထူးဆန်းဆန်း ဟောပြောရေးသားလို၍ရင်း....

၂။ သက်သက် ပရိယတ်ကျမ်းဂန်၌ မကျွမ်းကျင်မလိမ္မာ၍ရင်း....

၃။ ကျမ်းဂန်ဓမ္မသတ် အရပ်ရပ်လိမ္မာငြားလည်း၊ "လာဘ, သိလောက" လာဘ်ကိုလို၍ ထင်ရှားကျော်ကြားလို, နာမည်ကြီးလို၍ရင်း....

၄။ သူတပါးတို့ ဂုဏ်း,ဂဏ,ပါတီကို လွှမ်းမိုးလို၍ရင်း....

၅။ မိမိကိုယ်ကျင့်တရားနှင့် အတွေ့အကြုံ သဘာဝတို့မတိုက်ဆိုင်မိ၍ရင်း....

အကြံဥာဏ်လွန်တတ်, ကွန့်တတ်သည်ကို အများအားဖြင့် တွေ့ကြုံရသည်ဟု သတိပြုမိကြပေသည်။

ဤသို့ ရသင့်သော အပိုင်းအခြားကို မတံ့ရပ်ဘဲ ကျော်လွန်၍ အကြံဥာဏ်လွန်သည်ဟူသော "အတိဓာဝန္တ" အရ ဋီကာဆရာ ဘွင့်ပြသည်မှာကား။

၁။ စိတ်ထဲက ပေးကမ်းလှူဒါန်းလိုကာမျှဖြင့် ဒါနဖြစ်သည်၊ စိတ်ထဲကပေးလဲ အပေးမြောက်,ဒါနမြောက်သည် ဟူ၍ရင်း....

၂။ သမထကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်းများ ကြိုးစား
အားထုတ်,အလုပ်လုပ်ဘို့မလို၊ လုပ်သမျှ,အပိုအလုပ်သာ
စိတ်အတိုင်းတိုင်းထား,ပြီးနေတာဘဲဟူ၍ရင်း....

၃။ သိလျှင် ပြီးတာဘဲဟူ၍ရင်း ...

၄။ သီလဆောက်တည်နေဘို့ မလိုဟူ၍ရင်း....

၅။ စိတ်ကလုပ်လို့ အာရုံဖြစ်ဘာ၊ စိတ်ကြောင့်အာရုံဆိုတာ
ဖြစ်ပေါ်တာ၊ ရှိနှင့်တဲ့တရားမဟုတ်၊ မရှိတဲ့ တရားဘဲ၊
အရှိလုပ်နေကြတာဟူ၍ရင်း ...

၆။ ဘာဘာ,ညာညာမဆို, ထိုထို,ဤဤ, အလီလီ ကြံစည်
တွေးတောတတ်သော စိတ်ဟူသမျှ၊ အသဘာဝဓမ္မာရုံ
မျိုးကြီးထဲဘဲဟူ၍ရင်း....

ဤသို့ ဤသို့သော ကြံစည်စိတ်ကူးမှု အစုစုသည်၊ ဥာဏ်လွန်
မှု,အကြံလွန်မှု, "အတိဓာဝန္တ" တို့ချည်းသာတည်း။

သို့ကြောင့်....သီလက္ခန်ဋီကာ သာရတ္ထဒီပနီဋီကာတို့၌
(အတိဓာဝန္တောတိ ဌာတဗ္ဗ-မရိယာဒါယံ အဋ္ဌတွာ
စတ္တုပ္ပါဒမတ္တေန ဒါနံ ဟောတိ၊ သယမေဝ စိတ္တံ
အတ္တနော အာရမ္မဏံ ဟောတိ၊ သဉ္စ စိတ္တံ
အသဘာဝဓမ္မာရမ္မဏန္တိ-ဧဝ-မာဒိနာ အတိဓာဝန္တော
အတိက္ကမိတွာ ပဝတ္တမာနော)ဟု မိန့်ဆိုအပ်၏။

ရင်းနှင့်အလားတူ မဂ္ဂဒေဝလင်္ကာသစ်၌လည်း(ပရမတ်အရာ၊
မလိမ္မာဘဲ၊ သဒ္ဒါနံ့နှဲ၊ ပညာကဲလည်း၊ အလွဲပြေးဝင်၊ အမြင်

ယှင်းခွ၊ တိမ်းပါးကြွလျှက်၊ မီးပြယောကျ်ား၊ တွင်းကျွံမှားသို့၊ ဆယ်ပါးကောင်းမှု၊ လှူဝတ္ထုကို၊ စွန့်ပြုမလွှတ်၊ စိတ္တုပ္ပါဒ်မျှ၊ ဒါနအလှူ၊ မြှောက်သောဟူ၍၊ အယူဘောက်လွဲ၊ မိစ္ဆာစွဲ၏၊ လိပ်ခဲပမာ၊ မြဲမြံစွာတည့်။)ဟု မာန်လည်ဆရာတော်ကြီး ရေးသားစပ်ဆိုတော်မူ၏။ယင်းသို့အကြံလွန်, ဉာဏ်လွန် ဖြစ်ခဲ့လျှင်၊ အမှားမှား အမှောက်မှောက်, မိမိ၏ဘောက်ပြန်သော အယူဖြစ်သည့်အပြင် ဘုရားအဲစရှိသောသူတော်ကောင်းတို့ကိုလည်း စွပ်စွဲပြစ်မှား မိတတ်သည်။ မိမိ၏မဂ်, ဖိုလ်, နိဗ္ဗာန်, ရောက်ရန် အကျင့်, ကုသိုလ် ဖြစ်ခွင့်၏ အကြောင်းမူလ, ပင်ရင်းမြစ်မကိုလည်း တူးဖြိုခုတ်လှဲ ဖြတ်တောက်သည့်,မည်တော့လေသည်။ သို့ကုသိုလ်ဖြစ်ခွင့်၏အကြောင်း အမြစ်အရင်း ပြတ်သွားခြင်းကြောင့်, အသက်ဝိညာဏ်ရှင်လျက် နေရသရွေ့ ကာလပတ်လုံး, အကုသိုလ်စိတ်တွေသာ နေ့စဉ် တိုးပွား၍အကုသိုလ်တုံး, အကုသိုလ်ကျောက်ခဲ, အကုသိုလ်ကျောက်တုံးကြီးတို့သာ ကေန်စင်စစ်ဖြစ်လေတော့သည်။

ထို့ကြောင့်....

"အတ္တနာ ဒုဂ္ဂဟိတေန အမှေဝေ၀ အဗ္ဘာစိက္ခတိ၊
အတ္တာနဉ္စ ခနတိ၊ ဗဟုံဥ္စ အပုညံ ပသဝတိ" ဟူ၍သီလက္ခန်အဋ္ဌကထာ၌ မိန့်ဆိုအပ်၏။

အနက်ကား ...အတ္တနာ-ဒုဂ္ဂဟိတေန၊မိမိ၏ပရိယတ္တိဗဟုသုတာ မပြည့်ဝသဖြင့်, ကြံစည်စဉ်းစား ယူမှားမိသောကြောင့်။ အမှေဝေ၀၊ ငါဘုရားတို့ကိုလည်း။ အဗ္ဘာစိက္ခတိ၊ မယုံမကြည်စွပ်စွဲပြစ်

များ၏။ အတ္တာနုဉ္စ၊ မိမိကိုယ်ကိုလည်း။ ခနတိ၊ ကုသိုလ်ဖြစ်ရာ အကြောင်းကို တူးဖြိုဖြတ်ပစ်သည်မည်၏။ဗဟုံဥ္စ၊များစွာလည်း။ အပုညံ၊ မကောင်းမှု အကုသိုလ်သည်။ ပသဝတိ၊ နှေ့စဥ်တိုးပွား လေတော့၏။

ဤသို့ သဘောရှိသော ခေတ်သစ်ဝါဒရှင်တို့သည်၊ အဘိဓမ္မ ဒုပ္ပဋိပန္န, အတိဓာဝန္တ, ဒုစိန္တိတ, ဒုဂ္ဂဟိတ, တို့ဖြစ်သောကြောင့် အကုသိုလ်တုံး, အကုသိုလ်ကျောက်ခဲ, အကုသိုလ်ကျောက်တုံး ကြီးတို့သာဟု ခေါ်ဆိုထိုက်ကုန်တော့သည်တည်း။

............X............

## မာတိကာ အမှတ် (၇)

### အဓမ္မဝါဒဟူသည်

၁။ နတ်ရွာသုဂတိ, မဂ်,ဖိုလ်, နိဗ္ဗာန်,ကို တားမြစ် ပိတ်ပင် သည်။

၂။ သဗ္ဗညုဗုဒ္ဓ၏ ဓမ္မမှ တပါးသော တိတ္ထိယဓမ္မဟု ဆိုလို သည်။

၃။ သဗ္ဗညုဗုဒ္ဓ၏ ဆင်တူရိုးမှား တရား အတုအယောင် တည်း။

၄။ သဗ္ဗညုဗုဒ္ဓ၏ အလိုတော်မှ ကင်းကွာသည်။

၅။ ဗုဒ္ဓအဆူဆူတို့မဟောသောကြောင့်, ဗုဒ္ဓအဆူဆူတို့ကဲ့ရဲ့ ရှုတ်ချအပ်သော အယူဝါဒတည်း။

၆။ သဗ္ဗညုဗုဒ္ဓ၏ အလိုတော်မှ ဆိတ်သုဉ်းသည်။

၇။ သဗ္ဗညုဗုဒ္ဓဟော တရားအောက်, သေးသိမ် ယုတ်ညံ့ သည်။

(မှတ်ချက်) ကြီးကြယ်မြင့်မြတ်သော မဂ်, ဖိုလ်, နိဗ္ဗာန်နှင့် မတန် မရာသော အယုဝါဒဟုလိုသည်။

၈။ ဗုဒ္ဓဟောဓမ္မနှင့် ဆန့်ကျင်သွေဖီသော ဓမ္မတည်း။

(မှတ်ချက်) ဗုဒ္ဓဟောတရားမှ တသီးတခြား တပါး သာသနာ့ ပြင်ဘက်ထွက်နေသော တရားတည်း။

ဤသို့သဘောရှိသော အဓမ္မကို (ဝါ) တရားမဟုတ်သည်ကို ဤသည်ကား ဓမ္မပါ၊ (ဝါ)တရားပါဟု ဟောပြောပြသကြကုန် ၏။ အမှန်တရားကို ဟောကြားတော်မူသော မြတ်စွာဘုရားသည် မဟောအပ်ပါဘဲ၊ ဤကားမြတ်စွာဘုရား ဟောပါသည်ဟုဟော ပြောပြသကြကုန်၏။ ထိုသည့် သူတို့သည် သတ္တဝါအားလုံးကိုအ ကျိုးစီးပွားမဲ့ဖြစ်အောင် ကျင့်သော သူတို့ဖြစ်လေတော့သည်။ထို သည့်အပြင်,ဗုဒ္ဓ၏အတုမဲ့ဖြစ်သော မဟာဂ္ဃရတနာသာသနာတော် ကြီးကို ဆုတ်ယုတ်အောင်ကွယ်ပျောက်ပျက်စီးအောင် ပြုစေကြ ကုန်သော သူတို့သာဖြစ်သည်ဟု....

အင်္ဂုတ္တရနိကာယ, ကေကနိပါတ,ဒုတိယပမာဒါဒိဝဂ်၌ "အိုချစ်သားရဟန်းတို့၊ အကြင်ရဟန်း တို့သည် အဓမ္မကို ဤသည်ကား ဓမ္မဟူ၍ ဟောပြောပြသကြကုန်၏။

ဓမ္မကို ဤသည်ကား အဓမ္မဟု၊

ဝိနည်းမဟုတ်သည်ကို ဤသည်ကား ဝိနည်းဟု၊
ဝိနည်းဟုတ်သည်ကို ဤသည်ကား ဝိနည်းမဟုတ်ပါ၊
မြတ်စွာဘုရား မဟောမပြောသည်ကို မြတ်စွာဘုရား ဟော
ပြောပါသည်၊
မြတ်စွာဘုရား ဟောပြောသည်ကို မြတ်စွာဘုရား မဟော
ပြောပါ၊
မြတ်စွာဘုရား မလေ့ကျက်သည်ကို မြတ်စွာဘုရားလေ့ကျက်
ပါသည်။
မြတ်စွာဘုရား လေ့ကျက်တော်မူသည်ကို မြတ်စွာဘုရား
မလေ့ကျက်ပါ၊
မြတ်စွာဘုရား မပညတ်အပ်သည်ကို မြတ်စွာဘုရား ပညတ်
တော်မူပါသည်၊
မြတ်စွာဘုရားပညတ်တော်မူသည်ကိုမြတ်စွာဘုရား မပညတ်
ပါဟု ဟောပြောပြသကြကုန်၏"

"အို.. ချစ်သားရဟန်းတို့၊ ထိုသို့ ဘောက်ဘောက်ပြန်ပြန်, မမှန်မကန်, ဟောပြောပြသကြကုန်သော ရဟန်းတို့သည်၊ လူသားအများ၏ အစီးပွားမဲ့ခြင်းငှါ, လူသားအများ၏ ချမ်းသာမဲ့ခြင်းငှါ, လူသားအများ၏ အကျိုးမဲ့ခြင်းငှါ, ကိုယ့်စိတ်, ဆင်းရဲခြင်းငှါ ကျင့်သည်မည်ကုန်၏။""အို....ချစ်သားရဟန်းတို့၊ထိုသို့သော ရဟန်းတို့သည်၊ များစွာသော အကုသိုလ် တရားကိုလည်း ပွားစေသည်မည်ကုန်၏။ ထိုသို့သော ရဟန်းတို့သည်၊ငါဘုရား၏ နိယျာနိကဖြစ်သော သာသနာတော်ကြီးကို၊ဆုတ်ယုတ်ပျက်ပြား ကွယ်သွားစေသည်မည်ကုန်၏။" ဤသို့ ဟောတော်မူသည်။

## မာတိကာ အမှတ် (၈)

ဤမျှသာမဟုတ်သေး၊

အဓမ္မဝါဒဟူသည် အတုမဲ့ မဟာဂ္ဂရတနာ, ဗုဒ္ဓသာသနာ တော်ကြီး၏ အကြီးမားဆုံးသော ဘေးရန် အန္တရာယ် ဖြစ်သည်။ (ဝါ)သာသနာ့ ဆုတ်ခြောင့်ခလုတ် သာသနာ့ရန်သူပုန်ဖြစ်သည်။ ယင်းသည့် သာသနာ့အန္တရာယ် ဆူးငြောင့်ခလုတ် သာသနာ့ရန် သူပုန်ကို ဖြိုဖျက်ကန့်ကွက် တားမြစ်ပိတ်ပင်ကြရမည်။ ပိတ်ပင် တားမြစ်ရန် ချစ်သားရဟန်းတို့တာဝန်ဖြစ်သည်ဟုသဗ္ဗညု ဗုဒ္ဓက ဟောတော်မူခဲ့လေသည်။

ထို့ကြောင့်.... အင်္ဂုတ္တရနိကာယ, တတိယအနာဂတဘယ သုတ်၌

"အို....ရဟန်းတို့၊ တတိယမြောက် သာသနာတော်၏ ဘေး ရန်ကား၊ နောင်အနာဂါတ်ကာလ၌ ရဟန်းတို့သည်၊ ကိုယ်ကို မပွားများသူ, သီလကိုမပွားများသူ,စိတ်(သမာဓိ)ကိုမပွားများ သူ (စိတ်အတိုင်းတိုင်းထားသူ) အသိအလိမ္မာ ဉာဏ်ပညာနှင့် ပုဗ္ဗဘာဂဝိပဿနာပညာကို မပွားများသူ (မရှုမပွား အငြိမ်း ထားသူ, အသာနေသူ)တို့ ဖြစ်ပေါ်ကြကုန်လတံ့။"

"ထိုရဟန်းတို့သည် မိမိတို့ကိုယ်တိုင်က ကိုယ်ကိုမပွားများသူ သီလကိုမပွားများသူ,စိတ် (သမာဓိ)ကို မပွားများသူ (စိတ်အ တိုင်းတိုင်းထားသူ) အသိအလိမ္မာ ဉာဏ်ပညာနှင့် ပုဗ္ဗဘာဂ ဝိပဿနာပညာများကိုမပွားများသူ၊(မရှုမပွား အငြိမ်းထားသူ, အသာနေသူ)တို့ ဖြစ်ကြကုန်လျက်၊ မည်းညစ်သော အကုသိုလ်

သဘောသို့ သက်ရောက်ကြကုန်သည် ဖြစ်၍၊ အဟုတ် ဒဲဟုတ်၊ အမှန်အတိုင်း သိမြင်နိုင်ကြမည်မဟုတ်ကုန်။"

"အို… ရဟန်းတို့… ဤသို့လျှင် သုတ်၊ အဘိဓမ္မာ၊ တရားပျက်စီးခြင်းကြောင့်၊ ဝိနည်းပျက်စီး၏။ ဝိနည်းပျက်စီးခြင်းကြောင့်၊ သုတ်၊ အဘိဓမ္မာ၊ တရားပျက်စီး၏" "အို….ရဟန်းတို့၊ဤတတိယ အနာဂါတ်ဘေးရန် အန္တရာယ်၊ သာသနာ့ရန်သူပုန်သည် ယခု မျက်မှောက်ခေတ်အခါ၌ မဖြစ်ပေါ်သေး၊ နောင်အခါ နောက်သားတို့မျက်မှောက်၊ ရောက်သော ခေတ်ကာလ၌ ဖြစ်ပေါ်ကုန်လိမ့်မည်။ ထိုသာသနာတော်၏ ဘေးရန်အန္တရာယ် သာသနာ့ရန်သူပုန်ကို သိနားလည်အောင် လေ့လာကြရမည်၊ သိနားလည်အောင်လေ့လာကြပြီး၍၊ထိုသာသနာတော် အနာဂါတ်ဘေးရန် အန္တရာယ် ရန်စွယ်ရန်ငြောင့်တွေကို ပယ်မြစ်ဟန့်တားနိုင်အောင် အားထုတ်ကြရမည်၊ပယ်မြစ်ဟန့်တားရစ်ကြ ချစ်သားရဟန်းတို့" ဟုဟောတော်မူသည်။

…………x…………

## မာတိကာ အမှတ် (၉)

မိစ္ဆာဓမ္မဟူသည်….

မှားသောအမြင်၊ ဖောက်ပြန်သောအသိပင်ဖြစ်သည်။ ယင်းသည့်အသိအမြင် ဖောက်ပြန်ခြင်းဖြင့်(၀၁) အမြင်မှန်၊ အသိမှန်မဟုတ်သော မိစ္ဆာဓမ္မ(မိစ္ဆာ၀ါဒ)ဖြင့်၊ အယူမှား၊ အရေးမှား၊ အပြောမှား၊ အဟောမှား ဖြစ်တတ်သည်ကို သတိကြီးစွာ

ထားသင့်ကြလေသည်။ သို့, သတိဘရား လွတ်သွားပေမူ, မှားသောအမြင် ဘောက်ပြန်သောအသိသည်, အမှားသို့သာ အစဉ်သဖြင့် ရှေးရှု အကျိုးပြုသွားမည်ဖြစ်သည်။ သို့ကြောင့်လည်း ဝါဒရှင်၏ အပြောအပြော, အရေးအသားတို့သည် မိစ္ဆာဓမ္မ, မိစ္ဆာဝါဒတို့သာဖြစ်ရကား အကုသိုလ် ဒုစရိုက်တရား ဖြစ်ပွားကြောင်း၊ ဖြစ်ပြီးသော အကုသိုလ်ဒုစရိုက်တရား များပြားစွာ တိုးပွါးကြောင်းဖြစ်လေတော့သည်၊

....သို့ကြောင့်... သဗ္ဗညုဗုဒ္ဓက အင်္ဂုတ္တရနိကာယ.... ဧကဓမ္မ ပါဠိ ဒုတိယဝဂ်၌

"အို...ချစ်သားရဟန်းတို့၊ ဤမှားသောအမြင် ဘောက်ပြန်သောအသိဟူသည့် မိစ္ဆာဒိဋ္ဌိတရားသည်၊ မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏ ဖြစ်ပေါ်ကြောင်း၊ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း အဖန်ဖန် ပြန့်ပြောများစွာဖြစ်ကြောင်း ဖြစ်ကုန်ဘိသကဲ့သို့။ ဤအဘူ, မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်လာနိုင်ကြောင်း၊ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ပြန့်ပြောများပြားစွာ ဖြစ်ပေါ်လာနိုင်ကြောင်းဖြစ်သော, မှားသောမြင်ခြင်း "မိစ္ဆာဒိဋ္ဌိ" တရားမှတပါး, အခြားတစုံတခုသော တရားကိုမျှလည်း, ငါဘုရားမြင်တော်မမူချေ"

"အို.... ချစ်သား ရဟန်းတို့၊ မှားသော မြင်ခြင်းရှိသော (မိစ္ဆာဒိဋ္ဌိ) အယူရှိသော သူအား မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏။ ဖြစ်ပေါ်ပြီးသော

အကုသိုလ်တရားတို့သည်လည်း အဖန်ဖန်ပြန့်ပြောများပြားစွာဖြစ်ပေါ်ဘို့ရန်ဖြစ်ကုန်၏''ဟု ဟောတော်မူသည်။

အို....ဓမ္မမိတ်ဆွေ...., ဤဒေသနာတော်တို့ ထောက်ထားကိုးကား၍ ဝါဒရှင်တို့၏ဝါဒကို "မိစ္ဆာဓမ္မ, မိစ္ဆာဝါဒ, အမှားတော်ပုံတရပ်ဟု" ဓမ္မမဏ္ဍိုင်က ရဲဝံ့စွာဆိုထားသည်။

............×............

## မာတိကာ အမှတ် (၁၀)

သဒ္ဓမ္မပဋိရူပကဟူသည်....

ဘုရားအစရှိသော သူတော်ကောင်းတို့၏ တရားအစစ်အမှန်နှင့်တူသယောင်, တရားတု, တရားယောင်, တရားမှားတည်း။ ဤသို့သော "သဒ္ဓမ္မပဋိရူပက" တရားတု, တရားယောင်, တရားမှားများကား ဗုဒ္ဓသာသနာတော်ကြီး အားသေးမှေးမှိန်, သေးသိမ်ကွယ်ပျောက်ဘို့ရန် ဖြစ်ထွန်းပေါ်ပေါက် လာခြင်းဖြစ်သည်။ (ဝါ)ဟောပြောရေးသားကြခြင်းဖြစ်သည်ဟု သဗ္ဗညုဗုဒ္ဓက....

နိဒါနဝဂ္ဂ, ကဿပသံယုတ် သဒ္ဓမ္မပဋိရူပကသုတ်၌

"အို–ချစ်သားကဿပ၊ လောကဥပမာအားဖြင့် အကြင်မျှလောက်ကာလပတ်လုံး ရွှေအတု (သတ္တုရွှေ-ရွှေရေစိမ်) သည်၊ လူတို့လောက၌ မဖြစ်ပေါ်သေး။ ထိုမျှလောက် ကာလပတ်လုံး ရွှေစစ်,ရွှေမှန်,ရွှေကောင်းတွေ ကွယ်ပျောက်ခြင်းမဖြစ်နိုင်"

"အို-ချစ်သားကဿပ၊ ဤဥပမာအတူသာလျှင် အကြင်အခါ၌ ရွှေအတု(သတ္တုရွှေ-ရွှေရေစိမ်-ရွှေလိမ်)သည် လူတို့လော

ကဌ်ဖြစ်ပေါ်လာ၏။ ထိုသည့်အခါ၌ ရွှေစစ်,ရွှေမှန်, ရွှေကောင်း, အရေမှိ, အရေကောင်းများကွယ်ပျောက်ချင်းဖြစ်နိုင်သည်”

“အို ချစ်သားကဿပ၊ ဤဥပမာအတူသာလျှင် အကြင်မျှ လောက်ကာလပတ်လုံး သူတို့လောက သာသနာ လောကဌ်၊ သူတော်ကောင်းတရား၏ အတု,အယောင်, အမှား, တရားများ မဖြစ်ထွန်းမပေါ်ပေါက်သေး။ မဟောကြ, မပြောကြ, မရေး သားကြသေး။ တရားမပေးကြသေး။ တရားမပြုကြသေး။ ထိုမျှ လောက်ကာလပတ်လုံး, သူတော်ကောင်းတို့၏ တရားစစ် တရား မှန်များ၏ ကွယ်ပျောက်ခြင်းမဖြစ်နိုင်”

“အို ချစ်သားကဿပ၊ အကြင်အခါ၌ သူတော်ကောင်းတ ရား၏ အတုအယောင် အမှား အရေခြုံတရားများ လူတို့လောက သာသနာလောကဌ် ဖြစ်ထွန်းပေါ်ပေါက်လာတော့၏။ ဟော ကြ,ပြောကြ,ရေးသားကြ, တရားပေးကြ,တရားပြုကြ၏။ ဆွေး နွေးကြ၏။ ထိုသည့်အချိန်အခါ၌ သူတော်ကောင်းတို့၏ တရား စစ်,တရားမှန်များ ကွယ်ပျောက်တိမ်မြုပ်ခြင်း ဖြစ်လေတော့ သည် ချစ်သားကဿပ”ဟု ဟောတော်မူသည်။

ဤသုတ်ဒေသနာကို ထောက်ထားကိုးကား၍ ဝါဒရှင်တို့၏ အဟောအပြော,အရေးအသား ဝါဒလမ်းစဉ်ကို တရားတု, တ ရားယောင်,တရားမှား,တရားအရေခြုံ အမှားတော်ပုံတကွက်ဟု မမ္မမဏ္ဍိုင်က အချက်ကျကျ ဘော်ပြထားသည်။

ဤသို့ ဤသို့သော ဘုရားဟောဒေသနာပါဠိတော်, အဋ္ဌက ထာ,ဋီကာ,ဂန္ထန္တရ, အရပ်ရပ်တို့နှင့် မညီမညွတ်,မသက်ဝင်, မ

နှိုးနှော့မိသောကြောင့်၊ ခေတ်သစ်ဝါဒရှင်တို့၏ အယူဝါဒ၊ အပြောအပြော၊ အရေးအသား၊ ဟူဟူသမျှတို့ကို၊ အတ္တနော့မတိ၊ ဒုစိန္တိတ၊ ဒုဂ္ဂဟိတ၊ တို့ဟူ၍ရင်း။ အဓမ္မဝါဒ၊ မိစ္ဆာဓမ္မ၊ သဒ္ဓမ္မပဋိရူပက၊ တို့ဟူ၍ရင်း။ (ဝါ)ခေတ်သစ်ဝါဒရှင်တို့၏ "အမှားတော်ပုံ"ဟူ၍ရင်း။ ရဲရဲဝံ့ဝံ့ တည်ီတည့်တ် ဆုံးဖြတ်တော်မူကြသည်။ သို့ဆုံးဖြတ်တော်မူကြ၍ ဝါဒရှင်တို့၏ အပြောအပြော၊ အရေးအသား၊ အယူဝါဒများကို မပြောပြော၊ မရေးသား မလိုက်နာမကျင့်သုံးအပ်၊ မနာကြားအပ်၊ မနာကြားထိုက်ဟု ပိတ်ပင်တားမြစ်ကန့်ကွက်လျက် ပြောပြောရေးသားအပ်ကုန်ဘိသတည်း။

……… ….x…………

## မာတိကာ အမှတ် (၁၁)

အို....ဓမ္မဝါဒီအရှင်တို့....ကျွန်ုပ်အဓမ္မဝါဒီ ခေတ်သစ်ဝါဒရှင်၏"စိတ်အတိုင်းတိုင်းထားရမည်"ဆိုတာ မသင့် မတော် မလျော်ဟု အရှင်ဓမ္မဝါဒီတို့က ပယ်မြစ်ဟန့်တား မှားသည်ဆိုပါလျှင်၊ ယင်းသည့်စိတ်၌ မည်သို့လျှင် အသုံးပြု၍၊ ကျင့်သုံး အားထုတ် အလုပ်လုပ်သဖြင့်၊ မည်သို့သော အကျိုးကျေးဇူးတရား၊ ဖွံ့ဖြိုးတိုးပွားနိုင်ပါမည်နည်းဟု၊ အဓမ္မဝါဒီ၊ ခေတ်သစ် ဝါဒရှင်တို့ ခယည့်တ်ညောင်း၊ တောင်းပန်ပေမူ၊ မဟာဝဂ္ဂသံယုတ်"ဥတ္တိယသုတ္တန်"ကို ညွှန်ပြရပေမည်။

အို....အဓမ္မဝါဒီ... ကျွန်ုပ်တို့ ဗုဒ္ဓက မဟာဝဂ္ဂသံယုတ်၌ စိတ်ကိုအသုံးပြု၍ ကျင့်သုံးအားထုတ် အလုပ်လုပ်ရမည့် (ဝါ)အသာမနေ အငြိမ်းမထားဘဲ ရှုပွားဆင်ခြင်သုံးသပ်ရမည့် "စိတ္တဘာဝ

နာ, စိတ္တာနုပဿနာ”ကို “ဥတ္တိယသုတ္တန်”ဖြင့် သိပါဟု ညွှန်ပြတော်မူအပ်၏ဟူလိုပေသည်။ အဘယ်သို့ပါနည်းဟူမူ....။

ဘနေ့သဥ္ဈ အရှင်ဥတ္တိယ မထေရ်သည် “ဘုန်းတော်ကြီးမားမြတ်စွာဘုရား....တပည့်တော်သည် ကိလေသာတို့မှဝေးကွာသည်ဖြစ်၍၊ မမေ့မလျော့ဘဲ “အာတပ”အကျင့်ရှိသူ နိဗ္ဗာန်သို့ စေလွှတ်အပ်သော ကိုယ် စိတ် ရှိသူ, ကိုယ်အတိုင်းတိုင်း, စိတ်အတိုင်းတိုင်း, မထားသူဖြစ်လျက်၊ အဖေါ်မလော့ကက်တယောက် အထီးထီးနေလိုပါသည်ဘုရား။ ရှုပွားအားထုတ် အလုပ်လုပ်ရမည့်တရားကို တပည့်တော်အား အကျဉ်းအားဖြင့် ဟောကြားတော်မူပါဘုရား”ဟု လျှောက်ထားရာ သဗ္ဗညုဗုဒ္ဓက....

“အို....ချစ်သားဥတ္တိယ၊ ရှုပွားအားထုတ် အလုပ်လုပ်ပြီး “သပ္ပုရိသာဝါသ” (သူတော်ကောင်းတို့၏နေခြင်းဖြင့်) ကိုယ် စိတ် ချမ်းသာကို မွေးမြူနေလိုလျှင်။

(တသ္မာတိ-ဟ တွံ ဥတ္တိယ အာဒိမေဝ ဝိသောဓေဟိ

ကုသလေသု ဓမ္မေသု) “ချစ်သား ဥတ္တိယ၊ ကုသိုလ်တရားတို့၌ အဦးအစ သုတ်သင်ပါ....”

(ကောစာ-ဒိ ကုသလာနံ ဓမ္မာနံ) “ကုသိုလ် တရားတို့၏ အဦးအစကား....”

(သီလဉ္စ သုဝိသုဒ္ဓံ၊ ဒိဋ္ဌိစ ဥဇုကာ)

၁။ သီလစင်ကြယ်ခြင်း၊

၂။ အယူဝါဒဖြောင့်မှန်ခြင်း....ပင်ဖြစ်သည်။

(ယတော စ ခေါ တေ ဥတ္တိယ သီလဉ္စ သုဝိသုဒ္ဓံ ဘဝိဿတိ၊ ဒိဋ္ဌိစ ဥဇုကာ) "ချစ်သားဥတ္တိယ၊သင်၏သီလ စင်ကြယ်၍, အယူဖြောင့်မှန်ခြင်းဖြစ်ခဲ့လျှင်...."

(တတော တွံ ဥတ္တိယ သီလံ နိဿာယ, သီလေ ပတိဋ္ဌာယ

စတ္တာရော သတိပဋ္ဌာနေ ဘာဝေယျာသိ) "ချစ်သားဥတ္တိယ ထိုသည့် အခါ, သီလကို အမှီပြု၍ သီလ၌တည်၍, လေးပါးကုန်သော သတိပဋ္ဌာန် ဘာဝနာတို့ကို၊ ပွားများလေ, ရှုပွားအားထုတ်, အလုပ်လုပ်လေ ချစ်သားဥတ္တိယ" ဟု ညွှန်ပြတော်မူလေသည်။

(စာရေးသူ၏အမှာ) ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ,ဟု သတိပဋ္ဌာန် လေးပါးကို ညွှန်ပြတော်မူရာတွင်၊ ဤအရာ၌ စိတ္တာနုပဿနာ,စိတ္တဘာဝနာ,ကိုသာ အကြောင်းအားလျော်စွာ ဘော်ပြရေးသားပါမည်။ ဓမ္မမိတ်ဆွေ, သတိချပ်ပါ။

ညွှန်ပြတော်မူပုံမှာကား....

"ဣဓ တွံ ဥတ္တိယ စိတ္တေ စိတ္တာနုပဿီ ဝိဟရာဟိ

အာတာပီ သမ္ပဇာနော သတိမာ, ဝိနေယျ လောကေ

အဘိဇ္ဈာ ဒေါမနဿံ။"

"အို....ချစ်သားဥတ္တိယ၊ ဤငါဘုရားသာသနာတော်၌သင်ချစ်သားသည်၊ စိတ်,ကို အာရုံပြု၍ ဖြစ်သော ကိလေသာတို့ကို၊ ပူပန်စေတတ်နှိပ်စက်တတ်သော။ လွန်စွာ အားထုတ် ကျင့်သုံးမှု, သမ္ပဇာန်, လုလ္လဝီရိယရှိသူ။ "စိတ်"ကို ကောင်းစွာ အပြား

အားဖြင့် သိတတ်သော ပညာအဆင်ခြင်နှင့် ပြည့်စုံသူ။ "စိတ်" ကိုအောက်မေ့စေတတ်သော သတိနှင့်ပြည့်စုံသူဖြစ်လျက် ဝိညာဏုပါဒါနက္ခန္ဓာ (စိတ်ခန္ဓာ) တည်းဟူသော သင်္ခါရလောက၌ စိတ်,ကို တပ်သောအားဖြင့် ရှေးရှုတွေးတော ကြံစည်ခြင်း ဟူသော လောဘ, ရှေးရှုတွေးတော ကြံစည်တိုင်း မရခြင်းကြောင့် နှလုံးမသာယာခြင်းဟူသော ဒေါမနဿကို တဒင်္ဂ, ဝိက္ခမ္ဘန, အားဖြင့် ပယ်ခွာ၍၊ ရာဂ, ဒေါသ,နှင့်တကွ ဖြစ်သော စိတ်၌၊ သရာဂစိတ်,သဒေါသစိတ်,စသော တဆယ့်ခြောက်ပါး အပြားရှိသော စိတ်ကို။(၁၆ ပါးသင်္ချာကို မဟာသတိ ပဋ္ဌာနသုတ် ပါဠိတော်, စိတ္တာနုပဿနာအခန်းမှ ယူပါလေ) အနိစ္စစသည်ဖြင့် အဖန်ဖန် အထပ်ထပ်, သတိဖြင့် ရှုမှတ်ပွားများလေ၊ ချစ်သားဥတ္တိယ" ဟု မိန့်တော်မူပြီးလျှင်....

"ယတော ခေါ တွံ ဥတ္တိယ သီလံ နိဿာယ သီလေ
ပတိဋ္ဌာယ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ
ဘာဝေဿသိ၊ တတော တွံ ဥတ္တိယ ဂမိဿတိ
မစ္စုဓေယျဿ ပါရံ"

"အို....ချစ်သားဥတ္တိယ၊ သင်သည် အကြင်အခါ၌ သီလကို မှီ၍၊ သီလ၌တည်၍၊ ဤလေးပါးကုန်သော သတိပဋ္ဌာန်ဘာဝနာတို့ကို၊ ဤသို့ပွားများရှုမှတ်, ဆင်ခြင်သုံးသပ်ခဲ့လျှင်။ အို.... ချစ်သားဥတ္တိယ၊ သင်သည် ထိုသို့သော ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ,ဟုဆိုအပ်သော ပုဗ္ဗဘာဂမဂ်, ပုဗ္ဗဘာဂ ပဋိပဒါ,ဘာဝနာကို ပွားများသောကာလ၌၊ (ဝါ) ပွားများခြင်းကြောင့်၊ မစ္စုမာရ်၏တည်ရာ, ခန္ဓာငါးတန် ရုပ်နာမ်ဓမ္မ သင်္ခါရတည်းဟူသော

ဤမှာ ဘက်ကမ်း၏ အပြင်ပဗဟိဒ္ဓဦဖြစ်သော၊ နိဗ္ဗာန်စံနန်း ဟို မှာဘက်ကမ်းသို့ ကူးသွားတုံမြောက် ရောက်ရလိမ့်မည် ချစ်သား ဥတ္တိယ''ဟု ဟောတော်မူသည်။

မရှုမပွား အငြိမ်းထားမည့်အစား "စိတ်"ကို အတိုင်းတိုင်း ထားမည့်အစား သတိ, ပညာ,ဖြင့် ရှုပွားအားထုတ် အလုပ်လုပ် လေအဓမ္မဝါဒီတို့ဟူလို....

ဤသို့လျှင် "စိတ်"ကို ကျင့်သုံးအားထုတ် အလုပ်လုပ်ရမည့် "စိတ္တာနုပဿနာ" "စိတ္တဘာဝနာ"ဖြင့် အသုံးပြု၍ ရှုမှတ်ပွား များမှန်ကန်သော အကျင့်တရားဖြင့်၊ ငြိမ်းအေးရာအမှန် မြတ် နိဗ္ဗာန်ကို အမြန်ထုတ်ချောက် "အရှင်ဥတ္တိယ" မထေရ်မြတ်ကဲ့သို့ မျက်မှောက်ပြုနိုင်ကြဘို့ မျက်မှောက်ပြုနိုင်ကြရန်။

၁။ မိစ္ဆာဝါဒ, မသင့်မြတ်သော အယူဝါဒ၊
၂။ အဓမ္မ, မမှန်ကန်သောတရား၊
၃။ ဒုစိန္တိတ, မကောင်းသဖြင့် ကြံစည်းထားသောတရား၊
၄။ ဒုဂ္ဂဟိတ,မကောင်းသဖြင့်ဘောက်ပြန် ယူမှားသော,တ ရားများကိုဝေးစွာရှောင်ရှားစွန့်ပစ်နိုင်ကြပါစေကုန်။

.... .......×............

## မာတိကာ အမှတ် (၁၂)

ဓမ္မမိတ်ဆွေအပေါင်းအား.... "ဓမ္မမဏ္ဍိုင်မှ တိုက်တွန်းခြင်း" ပရိနိဗ္ဗာန် ဝင်စံယူသိမ်း ငြိမ်းအေးတော် မူကြကုန်ပြီးသော၊ အဆူဆူသော ဗုဒ္ဓ, ဗုဒ္ဓသာဝက, ဟူဟူသမျှတို့သည်၊ ပေါ့ပေါ့

တန်တန်မျှဖြင့်၊ အို့,နာ,သေ,လွတ်,ဝဋ်ကျွတ်ရာ မှန်,မြတ်နိဗ္ဗာန်ကို ရယူတော်မူကြသည် မဟုတ်ကြကုန်။ စိတ်ပန်း, ကိုယ်ပန်း, ခံတော်မူကြကုန်ပြီး,တကယ်တန်း,ကြိုးပန်းအားထုတ်, အလုပ်လုပ်တော်မူနိုင်ကြကုန်၍သာ, ရယူခံစံတော်မူကြရသည့်အငြိမ်းဓာတ်, အအေးဓာတ် နိဗ္ဗာန်တရားတော်ကြီးဖြစ်လေသည်။ သို့ကြောင့်ယင်းသည့် အငြိမ်းဓာတ်, အအေးဓာတ်,နိဗ္ဗာန်တရားတော်မြတ်ကြီးကို၊ ကျွန်ုပ်တို့ဗုဒ္ဓရှင်တော်က မိမိနှင့်အလားတူ ရယူခံစံနိုင်ကြရန် ...ဝီရိယဇွဲမာန်, အင်လေးတန်မယုတ်,ဖြည့်ကျင့်အားထုတ်တကယ်တန်းကြိုးစားအားထုတ်, အလုပ်လုပ်ကြလေကုန်ဟုကိုယ်တော်ဘိုင် တပည့်သား သာဝက ရဟန်းတို့အား တိုက်တွန်းမူခဲ့သည်ကား....။

တုမှေ စေ ဘိက္ခဝေ အပ္ပဋိဝါနံ ပဒဟေယျာထ။ ကာမံ တစော စ နှာရု စ အဋ္ဌိ စ အဝသိဿတု သရီရေ ဥပသုဿတု မံသလောဟိတံ။ ယန္တံ ပုရိသထာမေန ပုရိသဝီရိယေန ပုရိသပရက္ကမေန ပတ္တဗ္ဗံ။ န တံ အပါပုဏိတွာ ဝီရိယဿ သဏ္ဌာနံ ဘဝိဿတီတိ။

တုမှေပိ ဘိက္ခဝေ န စိရဿေဝ ယဿတ္ထာယ ကုလပုတ္တာ သမ္မာ-ဒေဝ အာဂါရသ္မာ အနာဂါရိယံ ပဗ္ဗဇန္တိ။ တ-ဒနုတ္တရံ ဗြဟ္မစရိယ ပရိယောသာနံ၊ ဒိဋ္ဌေဝဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရိဿထ။

တသ္မာ-တိဟ ဘိက္ခဝေ ဧဝံ သိက္ခိတဗ္ဗံ၊ "အပ္ပဋိဝါနံ ပဒဟိဿာမ ကာမံ တစော စ နှာရု စ အဋ္ဌိ စ အဝသိဿတု

သရိရေ၊ ဥပသုဿတု မသလောဟိတံ၊ ယံတံ ပုရိသထာ-
မေန ပုရိသဝီရိယေန ပုရိသပရက္ကမေန ပတ္တဗ္ဗံ၊ န တံ
အပါပုဏိတွာ ဝီရိယဿ သဏ္ဌာနံ ဘဝိဿတီ”တိ။ ဧဝဉ္စ
ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗံ။

(ဒုက္ခငုတ္တရပါဠိ အပဋိဝါနသုတ်)

ဘိက္ခဝေ၊ရဟန်းတို့။ တုမှေ၊ သင်တို့သည်။ ဧဝံ၊ အကယ်၍။ သရီရေ၊ကိုယ်၌။ ကာမံ၊ စင်စစ်။ တစော စ၊ အရေသည်၎င်း။ နှာရု စ၊ အကြောသည်၎င်း။ အဋ္ဌိ စ၊ အရိုးသည်၎င်း။ အဝသိဿတု ကြွင်းကျန်လေစေတော့။ မံသလောဟိတံ၊ အသားအသွေးသည်၊ ဥပသုဿတု၊ ခမ်းခြောက်လေစေတော့။ ယံ တံ၊အကြင် မဂ်ဉာဏ်, ဖိုလ်ဉာဏ် နိဗ္ဗာန်,တရားတော်မြတ်ကြီးကို။ ပုရိသထာမေန၊ ယောကျ်ားတို့၏စွမ်းအားဖြင့် ပုရိသဝီရိယေန၊ယောကျ်ားတို့၏ဝီရိယဖြင့်။ ပုရိသပရက္ကမေန၊ ယောကျ်ားတို့၏ လုံ့လဖြင့်။ ပတ္တဗ္ဗံ၊ ရအပ်ရောက်အပ်၏။ တံ၊ ထိုယောကျ်ားတို့၏လုံ့လဝီရိယ စွမ်းအားဖြင့် ရအပ်ရောက်အပ်သော မဂ်ဉာဏ်,ဖိုလ်ဉာဏ်,နိဗ္ဗာန် တရားတော်မြတ်ကြီးသို့။ အပါပုဏိတွာ၊ မရဘဲ, မရောက်ဘဲ လျက်။ ဝီရိယဿ၊ လုံ့လဝီရိယ၏။ သဏ္ဌာနံ၊ဆုတ်နစ်တံ့ရပ်ခြင်း သည်။ နဘဝိဿတိ၊ ဖြစ်လိမ့်မည်မဟုတ်။ ဣတိ၊ ဤသို့,စဉ်းစား စိတ်၌ထား၍။ အပဋိဝါနံ၊ မဆုတ်မနစ်။ ပဒဟေယျာထ၊အား ထုတ်ကြကုန်ငြားအံ့။ ဘိက္ခဝေ၊ ရဟန်းတို့၊ ကုလပုတ္တာ၊ အမျိုး ကောင်းသား ဖြစ်ကြကုန်သော။ တုမှေပိ၊ သင်တို့သည်လည်း။ ယဿတ္တာယ၊ အကြင်မဂ်, ဖိုလ်, နိဗ္ဗာန်, အကျိုးငှါ။ အာဂါရ

သွာ၊ဃရာဝါသကိစ္စများ မြောင်လူ့ဘောင်မှ။ အနာဂါရိယံ၊
ရဟန်းဘောင်၌။ သမ္မဒေဝ၊ ကောင်းစွာသာလျှင်။ ပဗ္ဗဇန္တိ၊
ရဟန်းပြုကြကုန်၏။ ဗြဟ္မစရိယပရိယောသာနံ၊ မဂ်အကျင့်လျှင်
အဆုံးရှိသော။ အနုတ္တရံ၊ အတုမရှိမြတ်သော။ တံ၊ ထိုမဂ်ဖိုလ်
နိဗ္ဗာန်ကို။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်ဖြစ်သော ယခုအခါ၌ပင်
လျှင်။ နံစိရဿေဝ၊ မကြာမြင့်မီသာလျှင်။ သယံ-အဘိညာ၊
ကိုယ်တိုင်ကိုယ်ကျသိ၍။သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ဥပသမ္ပဇ္ဇ၊
ကပ်ရောက်၍။ ဝိဟရိဿထ၊ နေရကုန်လတံ့။

ဘိက္ခဝေ၊ ရဟန်းတို့။ တသ္မာ၊ ထို့ကြောင့်။ ဣဟ၊ ဤငါ
ဘုရားသာသနာတော်၌။ တုမှေပိ၊ သင်တို့သည်လည်း။ သရိရေ၊
မိမိ၏ခန္ဓာကိုယ်ကောင်ကြီး၌။ ကာမံ၊ စင်စစ်။ တစောစ၊ အရေ
သည်ငှင်း။ နှာရုစ၊ အကြောသည်ငှင်း။ အဋ္ဌိစ၊ အရိုးသည်ငှင်း။
အဝသိဿတု၊ ကြွင်းကျန်သေစေတော့။မံသ-လောဟိတံ။အသား
အသွေးသည်။ ဥပသုဿတု၊ ခမ်းခြောက်လေစေတော့။ ယန္တံ၊
အကြင်မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တရားတော်မြတ်ကြီးကို။ ပုရိ
သထာမေန၊ ယောကျ်ားတို့၏ အားအစွမ်းဖြင့်။ ပုရိသဝီရိယေန၊
ယောကျ်ားတို့၏ ဝီရိယဖြင့်။ ပုရိသပရက္ကမေန၊ ယောကျ်ားတို့၏
လုံ့လဖြင့်။ ပတ္တဗ္ဗံ၊ ရအပ်ရောက်အပ်၏။ တံ၊ ထိုရအပ်ရောက်အပ်
သော တရားသို့။ အပါပုဏိတွာ၊ မရဘဲ မရောက်ဘဲလျက်။ ဝီရိ
ယဿ၊ ရှုပွားအားထုတ်, အလုပ်လုပ်မှု လုံ့လဝီရိယ၏။ သဏ္ဌာနံ။
ဆုတ်နစ်တံ့ ရပ်ခြင်းသည်။ နဘဝိဿတိ၊ ဖြစ်လိမ့်မည်မဟုတ်။
ဣတိ၊ ဤသို့စိတ်ထား၍။ အပၸမာဒေန၊ မဆုတ်မနစ်(ဝါ)နောက်
မဆုတ်တမ်း။ မယံ၊ ငါတို့သည်။ ပဒဟိဿာမ၊ အားထုတ်ကြ

ကုန်တော့အံ့။(၀၁)ရှုပွားအားထုတ် အလုပ်လုပ်ကြကုန်တော့အံ့။ ဣတိ၊ ဤသို့။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝဉ္စိ၊ ဤသည်သို့လျှင်။ သိက္ခိတဗ္ဗံ၊ ကျင့်ကြံကြိုးကုတ်, အား ထုတ်အပ်၏။ အားထုတ်ရမည်၊ အားထုတ်ကြလေ။

ဤသို့ ဘုရားရှင်ဟောကြား တိုက်တွန်းတော်မူသည့်အတိုင်း တပည့်သာဝက ရဟန်းတို့ ကျင့်ကြံအားထုတ်ကြသဖြင့်၊ မိမိတို့ အလိုရှိအပ်, ရည်မှန်းအပ်သော မဂ်ဖိုလ်နိဗ္ဗာန်ဟူသော အကျိုး ထူးရကြ၍၊ အေးငြိမ်းချမ်းသာရာ အမတာရွှေဘုံ,မွှာရုံသို့, ခိုလှုံ ရောက်ကြလေကုန်သည်။

ထိုမထေရ် အရှင်မြတ်တို့ကဲ့သို့ မိမိတို့လိုလား တောင့်တအပ် သော ပရမသုခံ မြတ်နိဗ္ဗာန်သို့ ရောက်ကြရလေအောင်၊ ဤအပဒ္ဒိ ဝါနုပဓာန သုတ်တော်မြတ် ဘုရားရှင် မိန့်တော်မူအပ်သည့်အ တိုင်း၊ မိမိတို့၏ ကိုယ်ခန္ဓာ အသက် မငဲ့မကွက် ကြိုးစား အား ထုတ်ကြရန်ဖြစ်ကြောင်း။

ထို့ပြင်တပါး... ဘုရားမြတ်သခင် ရွှေပြည်နိဗ္ဗာန်, ဝင်စံတော် မူပြီးသည့်နောက်၊ မုဆိုးအဖြစ်မှ အကျွတ်တရား ရလာသော မလ္လိယ, မထေရ်သည် မိမိ၏ ဆရာမထေရ်ကို မေးလျှောက်၍ ဆရာမထေရ်က ပြသ သဖြင့် အဝီစိငရဲမီးပူပြင်းပုံကိုသိမြင်ရသော အခါ၊ အလွန်ကြောက်လန့်သဖြင့် ထိုသည့် ငရဲဘေးမှ လွတ် မြောက်ခြင်းငှါ၊ ဝိပဿနာကို မလျှော့သော လုလ္လဝီရိယဇွဲမာန် ဖြင့် အပြင်းအထန် အားထုတ်လေသော်၊ ညဥ့်နံက်၌ အိပ်ချင်ငိုက် မျဉ်းခြင်း,ထိနမိဒ္ဓ နှိပ်စက်လာသောအခါ၊ ရေစိမ်၍ ကားသော

ကောက်ရိုးကရွတ်ခွေကို ခေါင်းမှာစွပ်လျက်၊ မအိပ်ချင်အောင် ပြူး၍ စကြံသွားလျက်, အားထုတ်နေစဉ်....။

အာရဗ္ဘထ နိက္ကမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။
ဓုနာထ မစ္စုနော သေနံ၊ နဠာဂါရံဝ ကုဉ္ဇရော။ ။
ယော ဣမသ္မိံ ဓမ္မ-ဝိနယေ၊ အပ္ပမတ္တော ဝိဟဿတိ။
ပဟာယ ဇာတိ သံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ။ ။

ဘိက္ခဝေ၊ ရဟန်းတို့။ တုမှေ၊ သင်တို့သည်။ ဗုဒ္ဓသာသနေ၊ ငါဘုရားဆုံးမရာ သာသနာ၌။ အာရဗ္ဘထ၊ မဖင့်မနွှေး, မလေးမကန် လျှင်အမြန် အားထုတ်ခြင်းဟူသော အာရဗ္ဘဓာတ်,ဝီရိယဖြင့် အားထုတ်ကြကုန်လော့။ နိက္ကမထ၊ မေ့လျော့ခြင်းမရှိ, ပျင်းရိခြင်းမှ လွတ်မြောက်သော နိက္ကမဓာတ် ဝီရိယဖြင့် အားထုတ်ကြကုန်လော့။ ယုဉ္ဇထ၊ စွဲစွဲမြဲမြဲ,အသဲအသန်, ပြင်းထန်သော ပရက္ကမဓာတ် ဝီရိယနှင့်ယှဉ်ကြကုန်လော့။ ကုဉ္ဇရော၊ ဆင်ပြောင်သည်။ နဠာဂါရံ၊ ကျူရွက်ကိုမိုး၍, ကျူရိုးကိုကာသော ဝါးတဲအိမ်ကို။ ဓုနာတိဣဝ၊ ချေနင်းဖျက်ဆီးသကဲ့သို့။ မစ္စုနော၊ သေမင်း၏။ သေနံ၊ ကိုယ်တွင်း၌ဖြစ်,ကိလေသာရန်စစ်သည်ကို၊ ဓုနာထ၊ နှိပ်နင်းဖျက်ဆီးကြကုန်လော့။ ။

ယော၊ အကြင်သူသည်။ ဣမသ္မိံ-ဓမ္မဝိနယေ၊ ဓမ္မဝိနယဟု ဆိုအပ်သော သာသနာတော်၌။ အပ္ပမတ္တော၊ မမေ့ မလျော့ဘဲ။ ဝိဟဿတိ၊ ကျင့်ကြံကျိုးကုတ်, အားထုတ်၍နေလတံ့။ သော၊ ထိုသူသည်။ ဇာတိသံသာရံ၊ ပဋိသန္ဓေယူနေမှုဟူသော ဇာတိသံသရာကြီးကို။ ပဟာယ၊ ပယ်စွန့်၍။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အန္တံ၊ အဆုံးကို။ ကရိဿတိ၊ ပြုရလတံ့။ ပြုကြရပေမည်။ ။

ဤသို့ သဂါထာဝတ္ထုသံယုတ်, အရဟတ္တဝတီသုတ်လာ ဂါထာကို မောင်ရှင်သာမဏေငယ် ကလေးတပါး ရွတ်အံသရဇ္ဈာယ်သံကိုကြားရလေလျှင် ဩော်.... ဤသုတ်ဟာ ရှင်တော်ဗုဒ္ဓသည် ငါ့ကိုရည်၍ ဟောထားခဲ့သည်သာဖြစ်တန်ရာသည်ဟု အောက်မေ့နှလုံးသွင်းလျက်၊ အလွန်အမင်း အားရဝမ်းသာခြင်းရှိလှ၍ မဆုတ်မနစ်သောဇွဲမာန်ဖြင့် သန်သန်ကြီး အားထုတ်လေသော်၊ ခဏခြင်းပင် သုံးဆင့်မြောက် အနာဂါမိဖိုလ်သို့ ဆိုက်ရောက်၍ သွားလေ၏၊ ထိုသည့်အခါ အပါယ်မှလွတ်စေ၍ ချမ်းသာကိုဆောင်နိုင်သော တရားတော်၏အစွမ်းတော်ကိုရင်း။ မိမိအားထုတ်ပုံကိုရင်း။ ဆင်ခြင်အောက်မေ့၍ အလွန်ဝမ်းသာအားရရှိလှသဖြင့်....။

အလ္လံ ပလာလပုဉ္ဇံ၊ ဟံ။ သီသေ နာဒါယ စက္ကမိံ ။
ပတ္တောသ္မိ တတိယံ ဌာနံ၊ အဟော နုဘာဝေါ မာရိသာ။
(အင်္ဂုတ္တရ အဋ္ဌကထာ)

မာရိသာ၊ အချင်းတို့၊ အဟံ၊ ငါမလ္လိယမထေရ်သည်။ အလ္လံ၊ စိုစွတ်သော။ ပလာလပုဉ္ဇံ၊ ကောက်ရိုးကရွတ်ခွေကို။ သီသေန၊ ဦးခေါင်းဖြင့်။ အာဒါယ၊ ယူဆောင်၍ စွပ်ရွက်၍။ စက္ကမိံ၊ စင်္ကြံသွား၏။ (ဝါ)စင်္ကြံသွားရင်း နှလုံးသွင်း အားထုတ်ခဲ့လေ၏။ အထ၊ ထိုသို့စင်္ကြံသွားရင်း နှလုံးသွင်း အားထုတ်သောအခါ၌။ တတိယံဌာနံ၊ သုံးဆင့်မြောက်ဌာနဖြစ်သော အနာဂါမိဖိုလ်သို့။ ပတ္တော၊ ရောက်သည်။ အသ္မိ၊ ဖြစ်၏။ မာရိသာ၊ အချင်းတို့။ ဓမ္မဿ၊ တရားတော်မြတ်၏။ အာနုဘာဝေါ၊ အစွမ်းအာနုဘော်

သည်။ အဟော၊ ဪ....ပြောအံ့မပြီး, အံ့ချီးမကုန်နိုင်ဘွယ်ရှိပေစွတကား။ ။

အို....ဓမ္မမိတ်ဆွေတို့၊ ဤမလ္လိယမထေရ်မြတ်ကဲ့သို့ လောကကို ကျော်လွှား၍ မဂ်ရထားစီးရလေအောင် ကြိုးစား အားထုတ်ကြပါ။ ရေစိုကရွတ်ခွေကိုပင်စွပ်တန်လျှင်စွပ်၍၊ မအိပ်,မနေ၊ မရလျှင်ငါမနေ၊ သေခြင်လဲသေပေစေဟူသော ဇွဲမာန်ဖြင့် အသဲအသန်ကြိုးစားအားထုတ်ကြရန်ပင်ဖြစ်ကြောင်း။

ထိုမှတကြောင်းလည်း....

ဒိပင်္ကရာဘုရားရှင် လက်ထက်တော်အခါကာလပင်လျှင်,ပဓာနအမှုကိုပြုလုပ်အားထုတ်နေသော ရဟန်းပျိုကလေး တပါးသည်၊ တဝါတွင်းလုံး အားထုတ်ပါလျက်, တရားအထူးကိုမရ၊ အရိပ်နိမိတ်ကိုမျှ မတွေ့မမြင်,မထင်လာသဖြင့်၊ "ဪ....ငါသည် တမူကား တရားအထူးရထိုက်သော တိဟိတ်ဉာဏ်နှင့်ပြည့်စုံဟန်မရှိချေ။ ရဟန်းတို့ သီလ,အကျင့် အာစာရကို အတတ်စွမ်းနိုင်ဆုံး စောင့်စည်းပြီးလျှင်၊ ကုသိုလ်ကောင်းမှု,ပါရမီတရားစုတို့ကိုသာ ဖြည့်ကျင့်ဆည်းပူး၍နေတော့အံ့" ဟု အားလျှော့၍ ပဓာနအမှုကို လက်လွှတ်တော့မည့်အကြံအစည်ဖြစ်နေစဉ်၊ ဘုရားသခင်သိမြင်တော်မူလေလျှင် ထိုရဟန်းကလေးကို ခေါ်တော်မူ၍....

(အို ...ချစ်သား၊ ရှေးအခါကာလ, တခုသောဘဝတုံးက၊ လှည်းကုန်သည်ငါးရာတို့သည် ရေမရှိသော သဲဖုတ်ကန္တာရ ခရီးခဲ့ကို,ကူးသွားကြလေသော်၊ ထိုကန္တာရအတွင်း, လမ်းခရီး၌၊ ရေကုန်ပြတ်၍ နွားရေ,လူရေ ရေမသောက်ကြရသဖြင့်၊ ထိုအ

ရပ်၌ ပေါက်တူး, တူရွင်းကိုင်၍၊ ရေရရှိရေးအတွက် တူးဖော်ကြလေလျှင်၊ အတောင်ခြောက်ဆယ်မျှနက်သော်လည်း, ရေမရကြဘဲ ကျောက်ဖျာကြီးခံ၍နေလေသော်၊ မောပန်းကြကုန်ပြီးသော်လူအပေါင်းတို့သည်၊ "ဩော်....ငါတို့ကား, မချွတ်ကေန်, အမှန်ပင်သေကြေပျက်စီးရတော့မှာဘဲ"ဟု....တခါတည်း အားလျှော့ကြလျက် လက်မှိုင်ချနေကြလေလျှင်....။

ကုန်သည်မှူး ပညာရှိတယောက်သည် ရေတွင်းသို့ဆင်း၍ ကျောက်ဖျာ၌ နားကိုကပ်၍ နားထောင်လေသော်၊ သွင်သွင် သွင်သွင် ရေစီးသံကိုကြားရလေလျှင်၊ ခွန်အားဗလ လုံ့လဝီရိယနှင့်ပြည့်စုံလောက်သော လှည်းသားယောကျ်ား တယောက်ကိုခေါ်၍ "အမောင်ယောကျ်ား၊ အမောင်ယောကျ်ား၌ ဖြစ်ပေါ်နေသော အားလျှော့စိတ်သည်သဒ္ဓါ,ပညာ,ဝီရိယ,စသည့်တရားတို့၏ ချီးပင့်ထောက်ပံ့ခြင်းကင်းမဲ့နေသည်တကား၊ အဲဒီအားလျှော့စိတ်ကို အဲဒီစိတ်အတိုင်းတိုင်းမထားဘဲ,အသာမနေ အငြိမ်းမထားဘဲ,သဒ္ဓါ, ပညာ,ဝီရိယ, စသည်တို့ဖြင့် ချီးပင့်ထောက်ပံ့အားပေးစမ်းပါအမောင်၊ ဤကျောက်ဖျာအောက်မှာ ရေရှိသည်ကား အမှန်ပင်ဖြစ်သည်၊ ကျောက်ဖျာကိုဖေါက်ခွဲနိုင်လျှင်, ကေန်အမှန်ပင် ရေရရှိပေမည်။

အမောင် ယောကျ်ား၊ ဖေါက်ခွဲနိုင်အောင် ဖေါက်ခွဲပါအမောင်၊အားလျှော့စိတ်ကို"အတိုင်းတိုင်းမထားဘဲ"ငါတို့ကားသေကြေပျက်စီး ရတော့မည်ဟူသော စိတ်ကို "အတိုင်းတိုင်းမထားဘဲ" အသာမနေ မပျင်းရိကြဘဲ၊ ဖေါက်ခွဲစမ်းပါအမောင်" ဟု အတန်တန် ပြောကြားတိုက်တွန်းလေလျှင်.... ထိုလှည်းသား

ယောကျ်ားသည် ထိုကုန်သည်မှူး ပညာရှိစကားကို ယုံကြည်သက်ဝင်၍၊ အားလျော့စိတ်ကို "အတိုင်းတိုင်းမထား, အသာမနေမပျင်းရိသဲ" ခါးတောင်းကျိုက်လျက်၊ ပေါက်တူး, တူးရှင်း, ကိုကိုင်၍ ကျောက်ဖျာကြီးကိုဖေါက်ခဲ့လေသော်, မကြာမြင့်မီပင် ကျောက်ဖျာကြီးပေါက်၍ ပေါက်သည်နှင့်တပြိုင်နက် ထန်းလုံးခန့်မျှ ပမာဏရှိသော ရေဆိုင်,ရေလုံး,ရေကြောင်းကြီးပေါ် ထွက်လာသဖြင့်၊ များစွာသော သောက်သုံးရေကို ရကြ၍၊ နွားရော, လူရော အများပင်,ကိုယ်,စိတ်,နှစ်ဖြာ အသက်ပါ ချမ်းသာဘူးကြသည် ချစ်သားရဟန်း)ဟု,မိန့်တော်မူလေသည်။

သို့...မိန့်တော်မူပြီးသော် ဆက်လက်၍တဖန် (အို...ချစ်သားရဟန်း၊ ထိုစဉ်အခါက ရေကိုရအောင် ကျောက်ဖျာကိုဖေါက်ခဲ့နိုင်သောသူကား အခြားသူမဟုတ်၊သင်ချစ်သားပင်တည်း။)

ထိုစဉ်အခါ စင်စစ်ကေနိ ရေရှိသည်ဟု ပြောကြားတိုက်တွန်းသော ကုန်သည်မှူး ပညာရှိယောကျ်ားသည်ကား အခြားသူမဟုတ်၊ ငါဘုရားပင်ဖြစ်သည်။ အို....ချစ်သားရဟန်း၊ သင်သည် ဤကဲ့သို့ ရှေး၌ပညာရှိစကားကို ယုံယုံကြည်ကြည် လက်ခံလိုက်နာ၍ ဝီရိယမလျော့ဘဲ, လုံ့လဝီရိယကောင်းခဲ့ခြင်းကြောင့် များစွာသောရေကိုရစေ၍၊ သတ္တဝါ အများကို ချမ်းသာစေခဲ့ဘူးလေပြီ။ ဤကဲ့သို့ ပညာရှိစကားကို ယုံကြည်လိုက်နာ၍, လုံ့လဝီရိယကောင်းသည့်အတွက် ချမ်းသာကိုရဘူးပါလျက်နှင့် ယခု အတုမရှိ ပညာရှိဖြစ်တော်မူသော ငါဘုရားသည်၊ တိဟိတ်မှန်၍ ကြိုးစားအားထုတ် အလုပ်လုပ်က မျက်မှောက်ဖြစ်သော ဤယခုဘဝ၌

ပင်လျှင် ဈာန်,မဂ်,ဖိုလ်,တရားထူးကိုရနိုင်သည်၊ တိဟိတ်မဟုတ်က ဤယခုဘဝတွင် ဈာန်,မဂ်,ဖိုလ်,တရားထူးကို မရငြားသော်လည်း၊ အားမလျှော့ဘဲ မဆုတ်မနစ်အားထုတ်က, သေလွန်သည့်နောက် ဒုတိယဘဝ၌ ရထိုက်၍, ရနိုင်သည်။ သို့ဖြစ်၍ မဆုတ်မနစ်အားထုတ်ကြဟု ဟောကြားတိုက်တွန်းအပ်သော အရိယဖြစ်သော ငါဘုရားအဆုံးအမ သာသနာ၌ အဘယ်ကြောင့်လျှင် မယုံကြည်ဘဲရှိသင့်မည်နည်း?။

အဘယ်ကြောင့်လျှင် လုလ္လဝီရိယကို လျှော့သင့်မည်နည်း?။ အဘယ်ကြောင့်လျှင် မရှုမပွား အငြိမ်းထားသင့်မည်နည်း?။ အဘယ်ကြောင့်လျှင် ပဓာနအလုပ်ကို လက်လွှတ်ချင်တဲ့စိတ်ကို "အတိုင်းတိုင်း"ထားချင်ရဘိသနည်း?။ ချစ်သား "ရှုပွားအားထုတ် အလုပ်လုပ်ပါ"။ ပဓာနအလုပ်ကိုအားမထုတ်ချင်ဘဲ,အားလျှော့နေတဲ့စိတ်ကို "အတိုင်းတိုင်း"မထားဘဲ၊ သတိ,ပညာ,သဒ္ဓါ ဝီရိယ, တို့ဖြင့်ချီးပင့်အားပေး၍။ "အသာမနေအငြိမ်းမထားဘဲ" ရှုပွါးအားထုတ်ပါ။ အို....ချစ်သား၊ မလျှော့နှင့်၊ အားထုတ် အားထုတ်ဟု တိုက်တွန်းဟောကြား ဆုံးမတော်မူပြီးလျှင်....

အကိလာသုနော ဝဏ္ဏပထေ ခဏန္တာ၊
ဥဒင်္ဂဏေ တတ္ထ ပပံ အဝိန္ဒုံ။
ဧဝံ မုနိ ဝီရိယဗလူပပန္နော၊
အကိလာသု ဝိန္ဒေ ဟဒယဿ သန္တိံ။ ။

ဘိက္ခု၊ ချစ်သားရဟန်း။ အကိလာသုနော၊ မပျင်းမရိကြကုန်သော ရှေးသူဟောင်းတို့သည်။ ဥဒင်္ဂဏေ၊ မိုဃ်းရေမနီး,

မြေမြာအတိပြီးသော။ ဂဏ္ဍပထေ၊သဲဖုတ်ကန္တာရခရီး၌။ခဏန္တာ၊ ရေအလို့ငှါ တူးကြကုန်၍။ တတ္ထ၊ ထိုသို့တူးရာ ကျောက်ဖျာကို ဖေါက်ခွဲနိုင်သောအခါ၌။ ပပံ။ ပြင်းစွာသော ရေပြွန့်ရေဆိုင် ရေကြောင်းကို။ အဝိန္ဒိုံ၊ရရှိသောက်သုံးကြရဘူးကုန်ပြီ။ဝေံ၊ ဤ ရှေးသူဟောင်းတို့အတူ။ ဝီရိယဗလူပပန္နော၊ ပညာ့သတိ့ဝီရိယ အား စွမ်းပကားနှင့်ပြည့်စုံသော။ အကိလာသု၊ မပျင်းမရိသော (ဝါ) အသာမနေ့အငြိမ်းမထားသော။ မုနိ၊ ရှုပ္ပါးဆင်ခြင်၊ ပဓာနိက ရဟန်းပျိုအရှင်သည်။ ဟာဒယဿ၊စိတ်နှလုံး၏။ သန္တိံ၊ ငြိမ်းအေးချမ်းသာခြင်းကို (ဝါ)ဟာဒယဿ သန္တိံ၊စိတ်နှလုံး၏ ရှင်ပြုံးငြိမ်းအေးရာမှန့် ပဋမသောတာပတ္တိမဂ်ဉာဏ်ကို။ ဝိန္ဒေ၊ အမှန်မသွေ့ရှုပွားအားထုတ့်အလုပ်လုပ်သည့်အခြေကြောင့် ရရှိ တော်မူရပေသတည်း။ ။(ပါဠိဇာတ်ပါဠိ ဝဏ္ဏုပထဇာတက)

ဤဒေသနာဂါထာကို ဟောကြားတော်မူလေလျှင် ထိုပဓာနိ ကရဟန်းပျိုသည် ရှေးကမိမိ လုလ္လဝီရိယကောင်းခဲ့ဘူး၍၊ အကျိုး တရားခံစားရဘူးသောအဖြစ်ကို ဆင်ခြင်အောက်မေ့ သိရှိရလေ လျှင်၊ အလွန်ဝမ်းသာအားရ ဝီရိယတက်ကြွ၍၊ တရားနာရင်းပင် ရှုပွါးအားထုတ်၊ အလုပ်လုပ်လေသော်၊ တမဟုတ်ခြင်းပင်တရား ဒေသနာဂါထာ၏အဆုံး၌၊ အပါယ်သို့လားစေတတ်သော့ရာဂ အစရှိသောမြူကင်းသော့ဒိဋ္ဌိဝိစိကိစ္ဆာကို အကြွင်းမဲ့ပယ်သဖြင့် အသစ်အကြေးကင်းသော သစ္စာလေးပါးကို မြင်တတ်သော သောတာပတ္တိမဂ်ဉာဏ်တည်းဟူသော ဓမ္မစက္ခု ထင်ရှားဖြစ်လေ သော်....

"အော်....အလုံးစုံသော တေဘူမကရုပ်နာမ်ခန္ဓာ သင်္ခတ

တရားမှန်သမျှ ဖြစ်ခြင်းသဘောရှိချေ၏တကား၊ ယင်းသို့ဖြစ်ခြင်းသဘောရှိသော တောဟူမက ရုပ်နာမ်ခန္ဓာ သင်္ခတတရားဟူဟူသမျှတွေသည်၊ ချုပ်ခြင်း, ပျက်ခြင်းသဘောရှိချေ၏တကား" ဟု (ယံကိဉ္စိ သမုဒယဓမ္မံ၊သဗ္ဗန္တံ နိရောဓဓမ္မံ) ဟူသော ဓမ္မစက္ကဝတ္တနသုတ်အရပေတည်း၊ ဖြစ်,ပျက်,နှစ်တန်သည့်, ဥာဏ်အားထင်ရှားစွာဖြစ်ပေါ်လျက်၊ သောတာပတ္တိမဂ်,ဖိုလ်,သို့ ဆိုက်ရောက်,မျက်မှောက်ပြုရလေသည်။

အို....ဓမ္မမိတ်ဆွေ၊ ဤဝဏ္ဏပထဇာတ်တော်လာ ပဓာနိကရဟန်းပျိုအရှင်ကဲ့သို့, ဩော်....ငါတို့ကား လုလ္လဝီရိယမလျှော့ဘဲ....။

"မရှုမပွါး အငြိမ်းသား"
"ဖြစ်,ပျက်,မရှု၊ ငြိမ်းမှုဆင်ခြင်နေ"

"အတိုင်းတိုင်းထား" ဟူသော အကြိုယ အယူဝါဒသည်၊ လူအပျင်း,ရဟန်းအပျင်းတို့၏ မိစ္ဆာဒိဋ္ဌိအယူဝါဒတွေပါတကား ဟု၊ အသိမှန် အမြင်မှန်ရကြပြီးလျှင်.... ရှုပွားအားထုတ်တကယ်တမ်းအလုပ်လုပ်နိုင်မှသာလျှင်၊ မဂ်,ဖိုလ်,နိဗ္ဗာန်, အမှန်ရနိုင်မှာပါတကားဟူသော သဒ္ဓါ,ဆန္ဒ,သမ္မပ္ပဓာန် လုလ္လဝီရိယဖြင့် "လုပ်အားတန်ဘိုး ချစ်မြတ်နိုးသူတိုင်း" ရှုပွားအားထုတ်, အလုပ်လုပ်ရန်ပင်ဖြစ်ကြောင်း "ဓမ္မမဏ္ဍိုင်" က တိုက်တွန်းအပ်သည်။

အိုဓမ္မမိတ်ဆွေ၊ တဆက်တည်း သတိပေးချင်ပါသေးသည်၊ ဤပြဆိုပြီးသော ဥယျောဇဉ်အခဏ်း၌ ဓမ္မမဏ္ဍိုင်က တိုက်တွန်းခဲ့သည့်အလျောက် "လုပ်အားတန်ဘိုးချစ်မြတ်နိုး၍" ရှုပွားအား

ထုတ်အလုပ်လုပ်ပြန်ကမူလည်း ဓမ္မဝိနယတည်းဟူသော ဘုရားရှင်ဆုံးမတော်မူရာ သာသနာတော်မှတပါးသော....

"မရှုမပ္ပါး အငြိမ်းထား"

"ဖြစ်ပျက်မရှု၊ ငြိမ်းမှုဆင်ခြင်နေ"

"အတိုင်းတိုင်းထား" ဟူသည့် အကြံယ မိစ္ဆာဒိဋ္ဌိ တို့၏ အဆုံးအမသာသနာဟူသော တရားထူး တရားဆန်း ဝါဒထူး ဝါဒဆန်းများ၌ ကျင့်ကြံအားထုတ် အလုပ်လုပ်မိပြန်ကမူလည်း (ဝါ)ခေတ်သစ်ဝါဒရှင်တို့၏ ဝိပဿနာကဲ့သို့သော ဝိပဿနာတရား လိုက်စားမိပြန်ကမူလည်း "ကျားကြောက်လို့ အရှင်ကြီးကိုး အရှင်ကြီးက ကျားထက်ဆိုး" "အေးစေလိုလို့ တရားနာ ပူဆာဆာအကျိုး" ဟူသောရှေးသူဟောင်းတို့ စကားကဲ့သို့ကျင့်ကြံအားထုတ်ရကျိုး၊ ဝိပဿနာလိုက်စားရကျိုးမရ၊ ပင်ပန်းဆင်းရဲရုံမျှသာ ဖြစ်ရပေမည်၊ ချမ်းသာရာ အေးရာ ငြိမ်းရာကို မရနိုင်ပေ၊ မရှုမပ္ပားအငြိမ်းထား၍နေရခြင်းကပင် ချမ်းသာပါသေး၏၊ အိပ်နေရခြင်းကပင် ကောင်းပါသေး၏။ ထန်းရေ အရက်သောက် ဘိန်းရှူနေခြင်းကပင် တော်ပါသေး၏၊ အဘယ့်ကြောင့်နည်းမူ မိစ္ဆာဒိဋ္ဌိ သာသနာ၌အလွဲအမှား မကောင်းသဖြင့် ဟောကြားအပ်သော တရားကို ကျင့်ကြံအားထုတ်လိုက်စားဆွေးနွေးသောကြောင့်တည်း။

အို....ဓမ္မမိတ်ဆွေ၊ ကိုယ်ကျင့်သောတရား လိုက်စားသောတရား ဆွေးနွေး ဟောပြောသောတရားသည် မကောင်းသဖြင့် ဟောကြားအပ်သော တရားမှား ဝါဒမှားများဖြစ်နေတတ်သည်

ကိုလည်း အသင်ဓမ္မမိတ်ဆွေ သတိရှိထားသင့်သည်ဟု သတိပေး အပ်သည်။

သို့ကြောင့်လည်း....

ကျွန်ုပ်တို့ရှင်ပင်ဗုဒ္ဓသည် သာဝတ္ထိပြည်မှန်ဇေတဝန်ကျောင်း တော်၌ သီတင်းသုံးတော်မူသည့်တချိန်တွင် တပည့်သား ရဟန်း တော်များကို ခေါ်တော်မူပြီးလျှင်

“ဒုရက္ခာတေ ဘိက္ခဝေ ဓမ္မဝိနယေ ယော အာရဒ္ဓဝီရိယော သော ဒုက္ခံ ဝိဟရတိ။ ယော ကုသီတော၊ သော သုခံ ဝိဟရတိ။ တံ ကိဿ ဟေတု? ဒုရက္ခာတတ္တာ ဘိက္ခဝေ ဓမ္မဿ။”

ရဟန်းတို့၊ ငါဘုရား သာသနာမှတပါးသော မိစ္ဆာဒိဋ္ဌိတို့၏ အဆုံးအမဖြစ်သော သာသနာ၌၊ အကြင်သူသည် မဆုတ်မနစ် အပြင်းအထန် အားထုတ်သော ဝီရိယရှိ၏။ ထိုသို့သော သူသည် ပင်ပန်းဆင်းရဲစွာ နေရ၏။ ...အကြင်သူမူကား အားမထုတ်ဘဲ ခိုကပ်ပျင်းရိ၍နေ၏။ ထိုသို့သော ခိုကပ်ပျင်းရိသူသည်မပင်မပန်း ချမ်းချမ်းသာသာနေရ၏။ ထိုသို့ ကြိုးစားအားထုတ်က ပင်ပန်း ဆင်းရဲမှု အားမထုတ်ဘဲ ခိုကပ်ပျင်းရိ၍နေက ချမ်းသာမှုအေးနေ မှု ငြိမ်းနေမှုသည် (ဝါ) မရှုမပွား အငြိမ်းထားမှုသည် အဘယ် ကြောင့်ဆိုသော် “ရဟန်းတို့၊ သူတို့ဟောတဲ့တရား၏၊ သူတို့ဟော တဲ့တရားက ကျင့်ကြံအားထုတ်သော်လည်း အကျိုးမရှိ၊ အလွဲအ မှား၊ မကောင်းသဖြင့် ဟောကြားအပ်သော “ဒုရက္ခာတ” သာ သနာ့ပြင်ဘက် တရားဖြစ်သောကြောင့်တည်း” ဟု....ဇောဂုတ္တရ

ပါဠိ၊ ဒုက္ခသုခ ဝိဟာရသုတ်၌ ဟောတော်မူခဲ့သည်မဟုတ်ပါလား ဓမ္မမိတ်ဆွေ။ သတိရှိပါ....။

အို....ဓမ္မမိတ်ဆွေ။ ရှင်ပင်ဗုဒ္ဓ၏ ဓမ္မဝိနယ သာသနာတော်၌ ကောင်းစွာ ဟောကြားအပ်တဲ့ တရားမှန်ကို အားထုတ်လျှင်တော့ အားထုတ်နိုင်သလောက် ခရီးရောက်ပါတယ်။ တကယ်တန်းချမ်းသာလဲ ချမ်းသာပါတယ်။ အဘယ်ကြောင့်ဆိုသော် ရှင်ပင်ဗုဒ္ဓ ဟောကြားတဲ့ တရားက တရားစစ်၊ တရားမှန်၊ အဘိုးတန်တွေ ဖြစ်တော့၊ စဆုံးအလယ်၊ ကောင်းခြင်းသုံးသွယ်နှင့်ပြည့်စုံတဲ့ "သွာက္ခာတဂုဏ်" အားထုတ်လျှင် အားထုတ်မှန်းသိသိသာသာမျက်မှောက်ထင်ထင်၊ ရှုမြင်ခံစားအပ်တဲ့ "သန္ဒိဋ္ဌိကဂုဏ်" အခါမလင့်၊ အကျိုးပေးခွင့်ရှိတဲ့ "အကာလိကဂုဏ်" လာခဲ့၊ ကြည့်ရှုလှဲ့၊ ဆွေးနွေးလှဲ့၊ မေးမြန်းလှဲ့၊ စမ်းသပ်လှဲ့ဟု ဘိတ်ခေါ်၍၊ ကြည့်ရှုဆွေးနွေးမေးမြန်း စမ်းသပ်ခံနိုင်တဲ့ "ဧဟိပဿိက" စတဲ့ ဂုဏ်တွေ ဖွံ့ဖြိုးဝေအောင်၊ လုံလုံလောက်လောက် ရှိသောကြောင့်ဖြစ်ပါတယ်။ သို့ကြောင့် ကျွန်ုပ်တို့ဗုဒ္ဓက ၎င်းဒုက္ခသုခ ဝိဟာသုတ်၌ပင်။

"သွာက္ခာတေ ဘိက္ခဝေ ဓမ္မဝိနယေ ယော ကုသီတော၊ သော ဒုက္ခံ ဝိဟာရတိ။ ယော အာရဒ္ဓ-ဝီရိယော၊ သော သုခံ ဝိဟာရတိ။ တံ ကိဿ ဟေတု၊? သွာက္ခာတတ္တာ ဘိက္ခဝေ ဓမ္မဿ"လို့ ဟောတော်မူပါတယ်။

၎င်းဗုဒ္ဓပါဝစနရဲ့ မြန်မာ့ပြန် အဓိပ္ပါယ်ကတော့ "ရဟန်းတို့ မလွဲမမှား၊ ကောင်းစွာ ဟောကြားသော ငါဘုရား၏အဆုံးအမ တရားတော် သာသနာတော်၌၊ အကြင်သူသည် အားမထုတ်ဘဲ

ခိုကပ်ပျင်းရှိ၍နေ၏။ ထိုခိုကပ်ပျင်းရှိပြီး, စားကာ, အိပ်ကာ, သက်သက်သာသာ နေသောသူသည်၊ ပင်ပန်းဆင်းရဲစွာနေရ၏။ အကြင်သူသည်တမူကား မဆုတ်မနစ် ပြင်းထန်စွာ အားထုတ်သော လုလ္လဝီရိယရှိ၏။ ထိုမရှုမပွား အငြိမ်းမထားပါဘဲ၊ မဆုတ်မနစ် အားထုတ်သသူသည် မပင်မပန်း ချမ်းချမ်းသာသာနေရ၏။ ထိုသို့ အားမထုတ်ဘဲ ခိုကပ်ပျင်းရှိ၍၊ စားကာအိပ်ကာ ပျော်ရွှင်စွာနှင့်သက်သက်သာသာနေခဲ့လျှင် (သို့မဟုတ်)မရှုမပွား အငြိမ်းထားခဲ့လျှင်,နောင်တ တဖန်,ပူပန်ဆင်းရဲရမှု၊ သံသရာမှာ ဖန်ခါခါ ဖြစ်ရတဲ့ဇာတိမကုန်မှု၊ကြိုးစားအားထုတ်လျှင်၊ မရှုမပွားအငြိမ်း မထားဘဲ သက်သက်သာသာ မနေခဲ့လျှင်၊ မပင်မပန်း ချမ်းချမ်း သာသာနေရမှု၊ သံသရာမှာ မြန်မကြာ ဇာတိချုပ်ငြိမ်းမှု အစုစု သည်။ အဘယ်ကြောင့်နည်းဆိုသော်...ငါဘုရားဟောကြားအပ် တဲ့ တရားတော်၏ တရားတွေကတော့ မလွဲမမှား, ကောင်းစွာ ဟောကြားအပ်သော တရားစစ် တရားမှန် ဖြစ်သည်၏ အဖြစ် ကြောင့်ဘဲလို့ ဆိုတဲ့ အဓိပ္ပါယ်ကိုရပါတယ်။

အို .. ဓမ္မမိတ်ဆွေ၊ တရားကို အားထုတ် ပြန့်လျှင်လဲ (ဝါ) လိုက်စားတယ်ဆိုလျှင် မမှားမစောင်းတဲ့ တရားကောင်း, တရား မှန်၊ ဝါဒကောင်းဝါဒမှန်၊ ဆရာကောင်းဆရာမှန် ဖြစ်ဘို့, ရဘို့, အရေးကြီးတယ်ဆိုတာ သတိရှိသင့်သပေါ့....။

ကိုင်းဓမ္မမိတ်ဆွေ၊ဥယျောဇဉ်ခဏ်းနှင့်ဆက်စပ်လို့ သတိပေး ခဏ်းရောပါဆိုတော့, စုံလင်ဝေဆာလို့ သွားပေပြီ။ အပြီးသတ်

ဓမ္မမိတ်ဆွေတို့အား နောက်ဆုံး နှုတ်ခွန်းဆက်ရင်း တိုက်တွန်းလို ဒါကတော့ သဥ္ဇိနိပါတ် မဟာမောဂ္ဂလာနထေရဂါထာ ဒေသနာတော်ဖြင့် "နှုတ်ခွန်းဆက်"တိုက်တွန်းလိုက်ပါတယ်။

"နှ-ယိဒံ သိထိလ-မာရဗ္ဘ၊ နယိဒံ အပ္ပေန ထာမသာ။
နိဗ္ဗာန--မဓိဂန္တဗ္ဗံ၊ သဗ္ဗဂန္ထပမောစနံ။"

ဘောနေ္တာ၊ အို—ဓမ္မမိတ်ဆွေ အပေါင်းတို့။ ဝေါ၊ သင်တို့သည်။ သဗ္ဗဂန္ထပမောစနံ၊ အလုံးစုံသောဘေးရန်, အနှောင်အဖွဲ့တကယ့်ဆင်းရဲ ဒုက္ခဟူဟူသမျှတို့မှ အလွတ်ကြီးလွတ်, အကျွတ်ကြီးကျွတ်ရာဖြစ်သော။ ဣဒံနိဗ္ဗာနံ၊ တဆယ့်တသီး,မီးအပေါင်းတို့မှ ငြိမ်းရာအေးရာ အစစ်အမှန်ဖြစ်သော ဤနိဗ္ဗာန်ကို။သိထိလံ ဒါနကလဲမပါ, သီလကလဲမရှိ, သမာဓိကလဲဗလာအရှင်း, ဝိပဿနာဘာဝနာဆိုတာကလဲ လွတ်ကင်း, အလွန့်အလွန်ညံ့ဖျင်း ပေါ့ပေါ့လျော့လျော့နေထိုင်ခြင်းကို (ဝါ)စားကာအိပ်ကာ ပျော်ရွှင်ကာဖြင့်သက်သက်သာသာ နေထိုင်ခြင်းကို။ အာရဗ္ဘ၊အကြောင်းပြု၍။ နှ-အဓိဂန္တဗ္ဗံ၊ မရအပ်, မရနိုင်, ရနိုင်လိမ့်မည်မဟုတ်ပေ။ ဣဒံနိဗ္ဗာနံ၊ သန္တိသုခအစစ်အမှန်ဖြစ်သော ဤနိဗ္ဗာန်ကို၊အပ္ပေန၊ မကြီးကျယ်လှ မပြောပဘွယ် အနည်းငယ်ကလေးမျှသာ ဖြစ်သော။ ထာမသာ၊ သဒ္ဓါ, ပညာ၊ ဝီရိယအား, စွမ်းပကားဖြင့်။ ယသ္မာ၊အကြင်ကြောင့်၊နှ-အဓိဂန္တဗ္ဗံ၊မရအပ်,မရနိုင်၊ မရောက်အပ်,မရောက်နိုင်။တသ္မာ၊ ထို့ကြောင့်။တုမှေ၊ သင်ဓမ္မမိတ်ဆွေအပေါင်းတို့သည်။ မဟန္တေန၊ ကြီးကျယ်များပြားလှစွာသော။ ထာမသာ၊သဒ္ဓါ, ပညာ, ဝီရိယ-အား,စွမ်းပကားဖြင့်။ ဒဠှံ၊မြဲမြံ

တင်းကြပ်စွာ။ ဒဋ္ဌံ၊ ဒါနကတွေလဲ ကြွယ်ဝကုံလုံ, သီလကလဲ မွှေးမွှေးထုံထုံ, သမာဓိကလဲ ပြည့်ပြည့်စုံစုံ, ဝိပဿနာဘာဝနာတွေ လွှမ်းခြုံလျက်။ လောကန္တံ၊ ရုပ်, နာမ်, ခန္ဓာ, သင်္ခါရလောကာ၏ အဆုံးစွန် ဟိုဘက်၌ တည်နေသော။ အမတံ-ပုရံ၊နိဗ္ဗာန် တည်းဟူသော, သေခြင်းကင်းပ အမယရွှေဘုံမြို့ဇေယျုံသို့။ အဝိဂန္တုံ၊ လျှင်မြန်ထုတ်ချောက်,ပေါက်ရောက်နိုင်ခြင်းအကျိုးငှါ။(ဝါ)ပေါက်ရောက်နိုင်ကြရလေအောင်။ ပဒဟေထ-ပဒဟေယျာထ၊ အရိုးတွေကျေပြောက်, အသားနှင့်အရေ ခြောက်စေတော့၊ ရဲရဲတောက်ဇွဲမာန်ဖြင့် အသဲအထန် ကျင့်ကြံကြိုးကုတ်, အားထုတ်လိုက်ကြပါကုန်လော။

အို...ဓမ္မဝါဒီတို့။ ဓမ္မဝါဒီတို့၏ စိတ်နှလုံးကိုရွှင်ပြုံးအေးမြစေ၍ ဤမျှဖြင့် နှစ်သိမ့်ရောင့်ရဲ နိုင်လောက်ပါပြီ။ အမြင်မှန်, ဘဝသို့ ရောက်နိုင်လောက်ကြပါပြီ။ ဤတွင်ပင်ပြီးဆုံး၍ နိဂုံးချုပ်ကြပါစို့။

............X............

## မာတိကာ အမှတ် (၁၃)

အို....ဓမ္မဝါဒီတို့....

သင်တို့ ဓမ္မဝါဒီတွေဟာဖြင့်အဘိုးတန် ကျောက်မျက်ရတနာကို ဘာမဟုတ်သည့် အလင်္ကာ အိုးခြမ်းစုတ်နှင့် လဲထုတ်သည့် ပမာ၊ အတိုင်းမသိ ကျောက်မျက်ရတနာ အဘိုးတန်သာသနာကို အဘိုးမထိုက် သစ်မှိုက်မြွက်သဘွယ်,ဘာမဟုတ်သည့်အိုးခြမ်းစုတ်

အိုးခြမ်းကွဲနှင့် မလွဲတူစွာ "အဓမ္မဝါဒ မိစ္ဆာဓမ္မတရားတု တရားယောင် တရားမှားဖြစ်တဲ့" အတိုင်းတိုင်းထား စတဲ့အကြွယ်အယူဝါဒမှားကြီးများကို မလိုက်စား မလဲလှယ်မိကြရအောင် အချက်ပေါင်းမြောက်များစွာတို့ကို စိစစ်ဝေဘန်ဆုံးဖြတ်အပ်သော "ဤသည့်ကျမ်းစာစောင်" မီးရှူးတန်ဆောင်ကြီးကို ညှိထွန်းပြောင်ပြောင်စိုက်ထောင်၍ ပြလိုက်ကြပါကုန်သတည်း။

"....အဖွဲ့ကြီး၏ စေတနာမှန်...."

စိရံ တိဋ္ဌတု သဒ္ဓမ္မော၊
ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊
စိတ္တံ ဘာဝေန္တု သဇ္ဇနာ။ ။

သူတော်ကောင်းတို့၏ တရားလမ်းမှန်တွေ့ အခါလေးမြင့် တည်တံ့ခိုင်မြဲပါစေ၊ သတ္တဝါအားလုံး ရှင်ပင်ဗုဒ္ဓ၏ တရားလမ်းမှန်၌ အမြဲတန်းရိုသေလေးစား လိုက်နာကျင့်သုံးနိုင်ကြပါစေ၊ မဟာဂ္ဃရတနာ သာသနာ ခေတ်ကောင်းအခါ၌ သူတော်စင် သူတော်ကောင်းတို့သည်၊ မိမိ မိမိတို့၏ "စိတ်"ကို သတိ, ပညာဖြင့် အစဉ်စောင့်ရှောက် ထိန်းသိမ်းပွားများနိုင်ကြပါစေကုန်။

အဖွဲ့ကြီး၏ဤစေတနာသည် အမှောင်ကိုပယ်ခွင်း၍ အလင်းရောင်ကိုဆောင်နိုင်ပါစေသား။

............X............

## မာတိကာ အမှတ်(၁၄)

နိဂုမ်းမှာတမ်း အလွန်ဆန်း၏
(မဂ်ပေါက်ဖိုလ်ဝင် နိဂုမ်းမှာ)
တပည့်များတို့၊ သိထားဘို့ရာ။
ဘုရားဟောနှင့်၊ သဘော ထပ်တူလာ။
သဘောထပ်မှ၊ အမှန်ယူပါ။
မထပ်ဘဲ၊ အလွဲဖြစ်မည်သာ။(မူရင်း)

ဤကဲ့သို့ ရေးသားမှာကြားခဲ့ရှာ၏၊ သူ့ရဲ့အာဘော်မှာ သူရေးသော ကျမ်းစာပါ သူဟောပြောချက်များသည်၊ ဘုရားဟော တိုက်ရိုက်မဟုတ်သော်လဲသဘောကတော့ ထပ်တူကျပါသည်တဲ့။ သို့စေကာ ဘုရားဟောနှင့် သဘောထပ်မှ အမှန်ယူပါ၊ မထပ်ဘဲ ယူထားလျှင် အလွဲအမှားဖြစ်လိမ့်မည်ဟု အမှန်ယူသင့် မယူသင့် မှာတမ်း ထားခဲ့ရှာ၏။ သဘောချင်း ထပ်,မထပ်၊ စပ်မစပ်၊ ဓမ္မမိတ်ဆွေ ဆုံးဖြတ်နိုင်းယှဉ် ခုံတင်နိုင်လောက်ပေပြီ။

…………X…………

## ချောင်းဦးမြို့၊ မဟာဓမ္မကထိကအဖွဲ့ကြီး၏ သဘောထား

ဤဓမ္မမဏ္ဍိုင် စာအုပ်နှင့်ပတ်သက်၍၊ မည်သူမဆို မေတ္တာရှေ့ထား၍ ပူပြင်နိုင်ပါသည်၊ ဝေဖန်နိုင်ပါသည်၊ ဖြည့်စွက်နိုင်ပါသည်၊ အကြံ့ဉာဏ်ပေးနိုင်ပါသည်၊ ထောက်ခံအားပေးနိုင်ပါသည်။

ဗုဒ္ဓလမ်းစဉ်နှင့် ကိုက်ညီခဲ့လျှင် ဝမ်းမြောက်ဝမ်းသာ, ကျေးဇူးတင်စွာဖြင့် ကြိုဆိုလက်ခံရန် အသင့်ဖြစ်ကြောင်း ပန်ကြားဘိတ်ခေါ်အပ်ပါသည်။

**သာသနာပြု, မဟာဓမ္မကထိကအဖွဲ့ကြီး၏ တည်ရာဌာန**

ဦးကောသလ္လာဘိဝံသ(အကျိုးတော်ဆောင်ချုပ်)

ကံကြီးကျောင်းတိုက်

ချောင်းဦးမြို့၊

မုံရွာခရိုင်။

| စာမျက်နှာ။ | ကြောင်းရေ။ | မှား။ | မှန် |
|---|---|---|---|
| ၁၇ | ၈ | ထိုဘုရားရှင် | တို့ဘုရားရှင် |
| ၁၈ | ၁ | သုဓမ္မက္ခန် | သုတ်ဓမ္မက္ခန် |
| ၂၀ | ၁၀ | ကြောက်ရွှံး | ကြောက်ရွံ့ |
| ၂၀ | ၁၆ | သာဝကာ | သာဝိကာမ |
| ၂၂ | ၁၃ | တည်တန့် | တည်တံ့ |
| ၂၈ | ၁၀ | သာသနပ | သာသနာပ |
| ၃၀ | ၁၂ | မုံး | မုန်း |
| ၃၃ | ၁၆ | ပဋ္ဌာန်း | ပဋ္ဌာန်း |
| ၃၆၊၄၄ | ၃။၈ | ပါဠိ | ပါဠိ |
| ၃၆ | ၁၁ | ဇုတေန | ဇဘေန |
| ၃၈ | ၁၇ | နေပြီးသွား | နေပြီးသွား |
| ၄၀ | ၁၅ | သင်္ဂြို | သင်္ဂြိုဟ် |
| ၄၁ | ၁၇ | ပညတ္တိဆူတံဝါ | ပညတ္တိဘူတံဝါ |
| ၄၄ | ၈ | ပါဠိ | ပါဠိ |
| ၄၉ | ၄ | အံယံ | အယံ |
| ၅၂ | ၁၀ | ပဉ္စုပါဒါနက္ခန္ဓာခန္ဓာ | ပဉ္စုပါဒါနက္ခန္ဓာ |
| ၅၅၊၅၇ | ၁၅၊၁ | အဋ္ဌင်္ဂိကော | အဋ္ဌင်္ဂိကော |
| ၅၇ | ၁၉ | ပဋ္ဌမဂ္ဂညာဏံ | ပဋ္ဌမမဂ္ဂညာဏံ |
| ၅၈ | ၁ | မဋ္ဌမမဂ်ညာဏ် | ပဋ္ဌမမဂ်ညာဏ် |
| ၆၁ | ၁၃ | လွှင့်ပြစ် | လွှင့်ပစ် |
| ၆၅ | ၂၊၃၊၁၀ | မုံး | မုန်း |
| ၇၇ | ၁၅ | ဥပ္ပါဒဝယဓနော | ဥပ္ပါဒဝယဓမ္မိနော |
| ၇၈ | ၇ | ဇေတဝန်း | ဇေတဝန် |
| ၈၃ | ၁၊၁၂ | တီထွင်ခါ | တည်ထွင်ခါ |
| ၁၁၀ | ၈ | အရတ္တမဂ် | အရဟတ္တမဂ် |
| ၁၁၆ | ၂၁ | ဝိပဉ္စီတညူ | ဝိပဉ္စိတညူ |
| ၁၁၇ | ၄၊၇၊၁၃ | ဝိပဉ္စီတညူ | ဝိပဉ္စိတညူ |

| စာမျက်နှာ။ | ကြောင်းရေ။ | မှား။ | မှန် |
|---|---|---|---|
| ၁၁၉ | ၃၊၇ | ကိဋ္ဌီ | ကိဋ္ဌံ |
| ၁၁၉ | ၃ | ယဦ | ယဦ |
| ၁၂၃ | ၁၆ | ဖောဋ္ဌဗ္ဗရုံ | ဖောဋ္ဌဗ္ဗာရုံ |
| ၁၂၅ | ၁၁ | ဖောဋ္ဌဗ္ဗရုံ | ဖောဋ္ဌဗ္ဗာရုံ |
| ၁၄၁ | ၁၉ | သတ္တဝါဟူသ၍ | သတ္တဝါဟူ၍ |
| ၁၄၅၊၆ | ၅၊၁ | စိပ်ဖြာ | စိတ်ဖြာ |
| ၁၆၁ | ၈ | နိမ္ဘာယံ | နိဗ္ဘာယံ |
| ၁၆၁ | ၂၀ | အချတ် | အချက် |
| ၁၆၂ | ၈ | ဗြဟ္မာစရိယံ | ဗြဟ္မစရိယံ |
| ၁၇၀ | ၁၉ | မသိကာရေန | မနသိကာရေန |
| ၁၇၅ | ၈ | ပဝေဋိဝေဓဉာဏ် | ပဋိဝေဓဉာဏ် |
| ၁၇၉ | ၄ | ပြစ်ရလေတယ် | ဖြစ်ရလေတယ် |
| ၁၈၂ | ၆ | ဥပဒါနက္ခန္ဓာ | ဥပါဒါနက္ခန္ဓာ |
| ၂၀၇ | ၁၇ | ဟူသေ | ဟူသော |
| ၂၁၁ | ၁၉ | သမ္မတောပ့ဘံ | သဗ္ဗတောပဘံ |
| ၂၁၅ | ၁၄ | ပစ္စုပ္ပန်အေးပြီ | ပစ္စုပ္ပန်အေးပြီး |
| ၂၁၆ | ၈ | အနဂါတ် | အနာဂါတ် |
| ၂၁၇ | ၂ | နိမေက္ခံ | နိမောက္ခံ |
| ၂၄၆ | ၁၂ | နူရက်ရှာ | နရက်ရှာ |
| ၂၆၃ | ၉ | အပသော | အပ်သော |
| ၂၆၉ | ၉ | နိတာယ | နိကာယ |
| ၂၇၄ | ၇ | မဲပြား | မဲ့ပြား |
| ၂၉၄ | ၆ | ဆန့်ကျင်သွေသော | ဆန့်ကျင်သွေဖီသော |
| ၂၉၆ | ၂၁ | မည်ညစ် | မည်းညစ် |
| ၃၀၅ | ၁၄ | ကြံစည်း | ကြံစည် |
| ၃၀၈ | ၆ | နံစိရသော | နစိရသော |

လိုစွက် ပိုဖျက် ဆိုထုံးအရ ဗုဒ္ဓဘာသာဝင်တို့
လိုအပ်သော ဒါန, သီလ, ဘာဝနာတရားများကို
ဖြည့်စွက်ညွှန်ပြ၍ အတိုင်းတိုင်းထား
စသောအပိုဝါဒများကို ပယ်ဖျက်သောအားဖြင့်
ဒေသနာနှင့်အညီ တိကျပြတ်သားစွာ ဖြေရှင်းလိုက်တဲ့

# "ဗုဒ္ဓ၏လမ်းသုံးသွယ်"

## ကျမ်း

ထွက်ပေါ်လာပါပြီ

---

## ချောင်းဦး-ဆရာတော်များ၏

ဒုတိယကျမ်းစာဖြစ်သည့်

# "ဓမ္မမဏ္ဍိုင် ဒုတိယတွဲ"

## မကြာမီ ထွက်လာမည်